# နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့ . . .

## သင်တန်းပံ့ပိုးသူလက်စွဲ






# မာတိကာ

**သင်တန်းလက်စွဲ**


မိတ်ဆက် - သင်တန်းစာအုပ်အသုံးပြုနည်းလမ်းညွှန် ........ ၅
သင်တန်းအစီအစဉ် ........ ၇


**သင်တန်းပံ့ပိုးသူများအတွက် သိကောင်းစရာများ**


သက်တောင့်သက်သာ ရှိသောပတ်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်း ........ ၁၁
အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းခြင်းနည်းလမ်းများ ........ ၁၃
သင်တန်းစည်းမျဉ်း စည်းကမ်းများအား ဖော်ထုတ်သတ်မှတ်ခြင်း ........ ၁၅
အပြုသဘောဆောင်သောအကြံပြုချက်များအားပေးခြင်း ........ ၁၇
သင်တန်းအတွက် ဂိမ်းကစားနည်းများကို မည်ကဲ့သို့ဦးဆောင်ကစားကြမည်နည်း ........ ၁၉
ပြန်လည်လန်းဆန်းစေရန်နှင့် ဂိမ်းကစားနည်းများအတွက် ဥပမာများ ........ ၂၁


## သင်ရိုး(၂)


သင်ခန်းစာ (၁) - ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့်
နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်းများ ........ ၂၄
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၂၄
- CRPD မှတ်ချက်များနှင့် အကြံပြုချက်များ ........ ၃၅
- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း ........ ၄၂
- အတွဲများရှိတ်ဆက်ရှာဖွေခြင်းကစားနည်း ........ ၅၁

သင်ခန်းစာ (၂) - တစ်ဦးချင်းစီ၏ ရှုထောင့်မှ နှိုင်းယှဉ်မြင်သော မသန်စွမ်းသူများ၏ အခွင့်အရေးများ ........ ၅၃
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၅၃
- ဥရောပသမဂ္ဂ၏ ဖြစ်စဉ်အားလေ့လာခြင်း ........ ၆၂
- လစ်ဗျားဖြစ်စဉ်အား လေ့လာခြင်း ........ ၇၅
- တောင်အာရှ ဖြစ်စဉ်အား လေ့လာခြင်း ........ ၇၇

သင်ခန်းစာ (၃) - မသန်စွမ်းရှုထောင့်မှတစ်ဆင့် မြန်မာနိုင်ငံ၏ အခွင့်အရေးနှင့် တာဝန်များ ........ ၈၂
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၈၂
- အမျိုးသားလွှတ်တော် ဥပဒေကောက်နုတ်ချက်များ ........ ၉၈
- သဘောတူပါသည် နှင့် သဘောမတူပါ သင်္ကေတများ ........ ၁၁၁
- သဘောတူပါသည်နှင့် သဘောမတူပါအတွက် ဖော်ပြချက်များ ........ ၁၁၂
- အတွဲများရှိတ်ဆက်ရှာဖွေခြင်းကစားနည်းအတွက် အကွက်များနှင့် အဖြေများ ........ ၁၁၉
- မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ အဖွဲ့ဝင်များစာရင်း ........ ၁၂၃

## သင်ရိုး(၃)


သင်ခန်းစာ (၁) - နိုင်ငံရေးနယ်ပယ်တွင် ထိရောက်သောခေါင်းဆောင်မှု ...... ၁၂၈
- သင်တန်းပုံပိုးသူမှတ်စု ...... ၁၂၈
- ထိရောက်သော ခေါင်းဆောင်များ ...... ၁၃၇
- ထိရောက်သော ခေါင်းဆောင်များအတွက် ဖြစ်စဉ်များ ...... ၁၄၃
- ထိရောက်သော ခေါင်းဆောင်မှု လုပ်ငန်းမှတ်စုစာရွက် ...... ၁၄၄

သင်ခန်းစာ (၂) - မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ခြင်း ...... ၁၄၅
- သင်တန်းပုံပိုးသူမှတ်စု ...... ၁၄၅
- ပန်းတိုင်တစ်ခုချမှတ်ခြင်း ...... ၁၅၉

သင်ခန်းစာ (၃) - အများပြည်သူရှေ့တွင် စကားပြောခြင်း ...... ၁၆၂
- သင်တန်းပုံပိုးသူမှတ်စု ...... ၁၆၂
- အများပြည်သူရှေ့တွင် စကားပြောခြင်းအတွက် အကြံပြုချက် ကတ်များ ...... ၁၇၀
- အများပြည်သူရှေ့တွင် စကားပြောခြင်းအတွက် ရမှတ်ကတ်များ ...... ၁၇၁
- အများပြည်သူရှေ့တွင် စကားပြောခြင်းဆိုင်ရာ အကြံပြုချက်များ ...... ၁၇၅

သင်ခန်းစာ (၄) - အစည်းအဝေးများစီစဉ်ခြင်းနှင့် ကြီးမှူးဆောင်ရွက်ခြင်း ...... ၁၇၇
- သင်တန်းပုံပိုးသူမှတ်စု ...... ၁၇၇
- အစည်းအဝေးများစီစဉ် ဆောင်ရွက်ခြင်းအတွက် သရုပ်ပြတင်ဆက်ခြင်း ...... ၁၈၃
- အစည်းအဝေးများ စီစဉ်ဆောင်ရွက်ခြင်းအတွက် အကြံပြုချက်များ ...... ၁၈၅

သင်ခန်းစာ (၅) - အစိုးရအဖွဲ့အစည်းများအားစာဖြင့် ရေးသားဆက်သွယ်ခြင်း ...... ၁၈၆
- သင်တန်းပုံပိုးသူမှတ်စု ...... ၁၈၆
- စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်ခြင်းအတွက် စာမူကြမ်းပုံစံ ...... ၁၉၄
- စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်ခြင်းအတွက် လုပ်ငန်းမှတ်တမ်းစာရွက် ...... ၁၉၆

သင်ခန်းစာ (၆) - ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်း ...... ၁၉၈
- သင်တန်းပုံပိုးသူမှတ်စု ...... ၁၉၈
- ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်း သရုပ်ပြတင်ဆက်ခြင်း ...... ၂၀၆
- ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်ရပ်များ ...... ၂၁၀

သင်ခန်းစာ (၇) - ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံခြင်း သိမ်မွေ့သော သံခင်းတမန်ခင်းနှင့် အများပြည်သူဆိုင်ရာအရေးဆို လှုပ်ရှားမှု ...... ၂၁၂
- သင်တန်းပုံပိုးသူမှတ်စု ...... ၂၁၂
- သိမ်မွေ့သော သံခင်းတမန်ခင်းနှင့် ထိရောက်သော အရေးဆိုလှုပ်ရှားမှု ဖြစ်စဉ်များ ...... ၂၂၃
- သိမ်မွေ့သော သံခင်းတမန်ခင်းနှင့် ထိရောက်သော အရေးဆိုလှုပ်ရှားမှု - အရေးဆိုခြင်းနည်းလမ်းများ ...... ၂၂၄

- အရေးဆိုခြင်းအတွက် ဥပမာများ ........ ၂၂၅

သင်ခန်းစာ (၈) - စည်းရုံးလှုံ့ဆော်ပံ့ပိုးခြင်း ........ ၂၂၆
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၂၂၆
- စည်းရုံးလှုံ့ဆော်ပံ့ပိုးခြင်း - လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း ........ ၂၃၂
- စည်းရုံးလှုံ့ဆော်ပံ့ပိုးခြင်း - ဖြစ်စဉ်များ ........ ၂၃၄


## သင်ရိုး (၄)


သင်ခန်းစာ (၁) - အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေများ ........ ၂၃၈
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၂၃၈
- ကမ္ဘောဒီးယား - ဖွဲ့စည်းပုံအခြေခံဥပဒေကောက်နုတ်ချက် ........ ၂၄၅
- အိန္ဒိယ - ဖွဲ့စည်းပုံအခြေခံဥပဒေကောက်နုတ်ချက် ........ ၂၅၄
- တောင်အာဖရိက - ဖွဲ့စည်းပုံအခြေခံဥပဒေကောက်နုတ်ချက် ........ ၂၆၂

သင်ခန်းစာ (၂) - အားလုံးပါဝင်သော အစိုးရစနစ်များ ........ ၂၇၃
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၂၇၃
- အစိုးရစနစ်များ - ဖြစ်စဉ်များ ........ ၂၈၂
- အစိုးရစနစ်များ - ဖော်ပြချက်များ ........ ၂၈၄

သင်ခန်းစာ (၃) - ရွေးကောက်ပွဲ ........ ၂၈၈
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၂၈၈
- ရွေးကောက်ပွဲဆိုင်ရာ ခင်းကျင်းပြသမှုအတွက် အညွှန်းများ ........ ၂၉၈
- ကမ္ဘောဒီးယားဖြစ်စဉ်အား လေ့လာခြင်း ........ ၃၀၃
- ကင်မရွန်းဖြစ်စဉ်အား လေ့လာခြင်း ........ ၃၁၅
- အိန္ဒိယဖြစ်စဉ်အား လေ့လာခြင်း ........ ၃၁၇

သင်ခန်းစာ (၄) - ဒီမိုကရေစီတွင် ပါဝင်ခြင်း ........ ၃၃၂
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၃၃၂
- ဖြစ်ရပ်များအား လေ့လာခြင်း - အိန္ဒိယ၊ ဂျပန် ........ ၃၄၀

သင်ခန်းစာ (၅) - မသန်စွမ်းသူအခွင့်အရေးများ လှုပ်ရှားပြောင်းလဲရေး ပါဝင်စေခြင်း ........ ၃၄၆
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၃၄၆

သင်ခန်းစာ (၆) - ကိုယ်ရေးကိုယ်တာ လုပ်ငန်းအစီအစဉ် ........ ၃၅၀
- သင်တန်းပံ့ပိုးသူမှတ်စု ........ ၃၅၀
- အစီအစဉ်အကြမ်းရေးဆွဲခြင်း ........ ၃၅၆

## "အားလုံးပါဝင်သော နိုင်ငံရေးသိပ္ပံမှသည် လက်တွေ့ဘဝဆီသို့" သင်တန်းပံ့ပိုးသူ လက်စွဲလမ်းညွှန်

ဤသင်တန်းလက်စွဲစာအုပ်ကို အကယ်၍ သင်သည်ဖတ်ရှုနေသည်ဆိုပါက "အားလုံးပါဝင်သော နိုင်ငံရေးသိပ္ပံမှသည် လက်တွေ့ဘဝဆီသို့"သင်တန်းအစီစဉ်မှတစ်ဆင့် မသန်စွမ်းသူများအားမြှင့်တင်နိုင်ရန် ဆုံးဖြတ်ပြီးသားဖြစ်ပါလိမ့်မည်။ သင်၏စိတ်အား ထက်သန်မှုနှင့် ကြိုးပမ်းအားထုတ်မှုများအတွက် ကျေးဇူးအထူးတင်ရှိပါသည်။ လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အကြားအာရုံမသန်စွမ်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်မသန်စွမ်း၊ အမြင်အာရုံမသန်စွမ်းသူများသည် မဲဆန္ဒရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲအရာရှိများ၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် အခြားသောနေရာများတွင် ပါဝင်ကြလိမ့်မည်ဖြစ်သည်။ မသန်စွမ်းသူများ ၎င်းတို့၏ လူမှုအသိုက်အဝန်းနှင့် ချိတ်ဆက်ပေါင်းစည်းနိုင်ရန် မြှင့်တင်ခြင်းသည် အရေးကြီးပါသည်။ ထို့ကြောင့်သင့်အနေဖြင့်ဤဖြစ်စဉ်အား အောင်မြင်စေရန်အတွက် အရေးပါသည့် အခန်းကဏ္ဍမှာ ပါဝင်နိုင်သည်။

ဤသင်တန်းလက်စွဲစာအုပ်သည် မြန်မာနိုင်ငံမှ မသန်စွမ်းသူများအတွက် အသိပညာဗဟုသုတနှင့် ခေါင်းဆောင်မှုစွမ်းရည်များ တည်ဆောက်ပေးသည့် သင်တန်းများလုပ်ဆောင်ရာ၌ သင့်အတွက်အထောက်အကူဖြစ်စေရန် ရေးဆွဲထားသော စာအုပ်ဖြစ်ပါသည်။ ဤသင်တန်းလက်စွဲစာအုပ်တွင် သင်တန်းအစီအစဉ်၊ သင်ခန်းစာများ၊ အသုံးပြုမည့်သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းမှတ်စုများ သင်တန်းပံ့ပိုးသူအတွက် ဂိမ်းကစားနည်းများနှင့် သင်ခန်းစာများပြန်လည်အမှတ်ရစေရန် ပြုလုပ်သော အစီအစဉ်များအား ပြုလုပ်ဆောင်ရွက်ပုံ နည်းလမ်းအဆင့်ဆင့် ညွှန်ကြားချက်များကို ထည့်သွင်းထားပါသည်။

သင့်အနေနှင့် ပထမဆုံးအကြိမ် သင်တန်းပေးသည့် အခါများတွင် ဤသင်ရိုးညွှန်းတမ်းတွင် ပါဝင်သောသင်ခန်းစာ အသေးစိတ်ဖော်ပြပါအတိုင်းလုပ်ဆောင်ရန် အကြံပြုလိုပါသည်။ နောက်ပိုင်းတွင်ဤသင်ခန်းစာများ၏ ဆိုလိုရင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းစွာ နားလည်သဘောပေါက်ပြီး သင်ခန်းစာပို့ချမှုအပေါ် ကိုယ်ကိုယ်ကို ယုံကြည်စိတ်ချမှုမျိုးရရှိလာပါက သင်၏ကိုယ်ပိုင်ဗဟုသုတများကို အခြေခံပြီး သင်ခန်းစာနှင့်ဆက်စပ်သည့် ဥပမာများကို လိုအပ်သလို ထည့်သွင်းပံ့ပိုးလိုပါက ပြုလုပ်နိုင်ပါ သည်။ သင်ခန်းစာတစ်ခုစီတိုင်းတွင် လိုအပ်သောအချိန်အပိုင်းအခြားတို့ကို ထည့်သွင်းဖော်ပြထားပါသည်။ သင်ခန်းစာတွင် သတ်မှတ်ဖော်ပြထားသော အချိန်အတိုင်းအတာအတွင်း၌သာ ကျေးဇူးပြု၍ သင်ကြားပို့ချပေးစေလိုပါသည်။ သင်ခန်းစာဖော်ပြချက်ပါ အချိန်အတိုင်းအတာအတွင်း၌သာ သင်ကြားပို့ချခြင်းအားဖြင့် သင့်အားသင်တန်းနောက်ဆုံးအချိန်တွင် အလျင်စလို မဖြစ်စေရန် ကူညီပါလိမ့်မည်။ သင်တန်းသူ / သားများသည် တစ်နေ့တာလုံး အချိန်ကြာမြင့်စွာ တက်ရောက်ကြရသည့်အတွက် သင်ခန်းစာများ သင်ယူရာတွင် အခက်အခက်ရှိနိုင်သည်ကို အမှတ်ရပေးပါ။ သင်ခန်းစာများကိုအောင်မြင်စွာပံ့ပိုးသင်ကြားနိုင် ရန်အတွက် ဤသင်ခန်းစာလက်စွဲစာအုပ်တွင် သင်ခန်းစာတစ်ခုချင်းစီအတွက် လိုအပ်သော သင်တန်းမှတ်စုများနှင့် သင်ထောက်ကူပြုပစ္စည်းများကို အတိအကျဖော်ပြထားပါသည်။ သင်တန်းပံ့ပိုးသူတစ်ဦးအနေနှင့်သင်တန်းအား အဆင်ပြေလွယ် ကူစွာ ပို့ချနိုင်ရန်အတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။

သင်တန်းပံ့ပိုးသူတစ်ဦးအနေနှင့် သင်တန်းအတွင်းသင်ယူဆွေးနွေးမှုများ ပြုလုပ်ရာတွင် အားလုံးပါဝင်နိုင်ရန်နှင့် ကောင်းမွန်သော သင်ယူလေ့လာနိုင်သည့် ပတ်ဝန်းကျင်တစ်ခုအဖြစ် ကြိုးပမ်းအားထုတ်ရန် အရေးကြီးပါသည်။ အမျိုးသမီးများသည် ဆွေးနွေးမှုများတွင် အများဆုံးပါဝင်ကြပြီး သူတို့ကိုယ်တိုင် အဖွဲ့အားပြန်လည်ဝေမျှရန်အတွက် သင်တန်းပံ့ပိုးသူက သေချာအောင် ပြုလုပ်ပေးပါ။ သင်တန်းခန်းမကို အားလုံးလက်လှမ်းမီနိုင်သောပုံစံဖြစ်စေရန် စီစဉ်ထားပါ။ ဥပမာ - စားပွဲများအကြား တွင် ဝှီးချဲ အသုံးပြုသူများအဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန်အတွက် နေရာလွတ်များထားရှိရမည်ဖြစ်သည်။သင်တန်း တက်ရောက်သူများလိုအပ်မည့် စာရွက်စာတမ်းနှင့် စာအုပ်များကို အချိန်မီစောလျင်စွာ ဖြန့်ဝေထားရန် သေချာပါစေ။ ဖြစ်နိုင်  လျှင် သင်တန်းမစမီကတည်းက သင်တန်းသားများအနေဖြင့် ပြန်လည်သုံးသပ်နိုင်ရန်အတွက် ဖြန့်ဝေထားနိုင်ပါသည်။ လက်သင်္ကေတပြဘာသာစကား အသုံးပြုသည့် သင်တန်းသားများပါရှိလျှင် ဘာသာပြန်သူအနေဖြင့်လည်း သင်တန်းတွင်လိုအပ် မည့် စာရွက်စာ

တမ်း နှင့် သင်ရိုးမိတ္တူများကိုလည်းရရှိမှု သေချာစေရမည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် သင်တန်းပို့ချသူ(သင်) နှင့် သင်တန်းတက်ရောက်သူများ ဆွေးနွေးသည့် အကြောင်းအရာများကို မှန်ကန်သေချာစွာ ပြန်ဆိုနိုင်မည်ဖြစ်ပါသည်။

အကယ်၍ သင်၏သင်တန်းသူ/သားများအား လုပ်ဆောင်မှုများတွင် အားစိုက်ထုတ်မှုများ၊ အပြုသဘောဆောင်မှုများ၊ အပြန်အလှန်လေးစားမှုရှိခြင်း နှင့် သင်တန်းချိန်တစ်လျောက်လုံးတွင် တက်ကြွစွာ ပါဝင်သည့် သူများအဖြစ်လိုလားပါက သင်သည် ထိုအမူအကျင့်များကို ထင်ဟပ်စေမည့် ၎င်းတို့၏စံပြတစ်ဦးဖြစ်ရမည်ကို အမြဲသတိရပေးပါ။ ဤသင်တန်းသည် ဒီမိုကရေစီတွင် အရေးကြီးသည့် အကြောင်းအရာများဖြစ်သည့် ရွေးကောက်ပွဲများနှင့် ခေါင်းဆောင်မှုဆိုင်ရာ တို့ကို မြှင့်မိစေရန်ထည့် သွင်း ဖော်ပြထားပါသည်။ သင်တန်းပံ့ပိုးသူတစ်ဦးသည် ဘက်လိုက်မှုကင်းပြီး အပြန်အလှန်လေးစားခြင်း နှင့် အားလုံးပါဝင်စေခြင်းစသည့် အချက်များနှင့်ကိုက်ညီမှုရှိမှသာ သင်တန်းသူ/သားများ အားလုံး၏မတူကွဲပြားသည့် အတွေးအမြင်များအားလုံးကို ဤသင်တန်းတွင် ပါဝင်ထည့်သွင်းဆွေးနွေးနိုင်မည်ဖြစ်ပါသောကြောင်း အရေးကြီးလှပါသည်။ အခြားသူတစ်ဦးနှင့် တွဲဖက်၍ သင်တန်းပံ့ပိုးသူအကူတစ်ယောက်အဖြစ်ဆောင်ရွက်လျှင် သင်၏ဆောင်ရွက်မှုအစီအစဉ် ကူးပြောင်းမှုတွင် ချောမွေ့စေရန် အလို့ငှာ ကြိုတင်လေ့ကျင့်ထားရန်မှာ အရေးကြီးပါသည်။

သင့်အနေနှင့် ဤသင်တန်းလက်စွဲစာအုပ်ကို ကျေညက်အောင်ဖတ်ရှုရန်နှင့် သင်၏လမ်းညွှန်စာအုပ်အဖြစ်အသုံးပြုနိုင်ပါ သည်။ သင်တန်းပံ့ပိုးသူတစ်ဦးအနေနှင့် သင်တန်းပြုလုပ်မည့်နေရာ ကိုကြိုတင်သိရှိထားရန်နှင့် သင်တန်းမစတင်မီကတည်း က လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်မှသာသင်၏ သင်တန်းသည် ကောင်းမွန်စွာသင်ယူလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်လာနိုင်မည်ဖြစ်ပါသည်။ သင်တန်းပံ့ပိုးသူတစ်ဦးသည် သင်တန်းပို့ချသည့် နေ့တိုင်းတွင် သင်တန်းနေရာသို့ ပထမဦးဆုံးရောက်ရှိသည့်သူဖြစ်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည့်အခါ သင်တန်းသူ/သားများပြန်ပြီးမှ နောက်ဆုံးပြန်ရပါမည်။ သင်တန်းပံ့ပိုးသူအနေနှင့် သင်တန်းပြုလုပ်မည့်နေရာသို့ သင်တန်းမစတင်မီအချိန်ထိ အနည်းဆုံး မိနစ်(၃၀) ခန့်ကြိုတင် ရောက်ရှိနေသင့်သည်ဟု ကျွန်ုပ်တို့အနေနှင့် အကြံပြုလိုပါသည်။

ဤသို့ပြုလုပ်ခြင်းအားဖြင့် သင်တန်းမစတင်မီတွင် သင်တန်းခန်းမတွင် မမျှော်လင့်ပဲကြုံတွေ့နိုင်သည့် အခက်အခဲများကို ဖြေရှင်းခြင်းဖြင့် သင့်အားစိတ်သက်တောင့်သက်သာဖြစ်စေခြင်းနှင့် သင်တန်းမစတင်မီ စိတ်ချမ်းသာမှုမျိုးကို ဖြစ်စေနိုင်ပါသည်။ သင်တန်းတက်ရောက်သူ မသန်စွမ်းမှုအမျိုးအစားမျိုးစုံအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်မှု တူညီစေရန်အလို့ငှာ သင်တန်းပံ့ပိုးသူများအနေဖြင့် သတင်းအချက်အလက်များကို ပုံစံမျိုးစုံဖြင့် ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ပါဝါပွိုင့်တွင် ပြသထားသည့် ဓာတ်ပုံများပါရှိလျှင် ဓာတ်ပုံ၏ပုံပန်းသဏ္ဌာန်နှင့် ပတ်သက်၍ ဖော်ပြချက်ကို အရင်ဆုံး လေ့ကျင့်ထားရန် လိုအပ်ပါသည်။ သင်တန်းခန်းမအတွင်း သင်တန်းသားများ လက်မြှောက်ခြင်းနှင့် အခန်းတွင် လှည့်လည်သွားလာခြင်း ကဲ့သို့ အခန်းတွင်း လှုပ်ရှားဆောင်မှုတစ်ခုပြုလုပ်ရန် လိုအပ်မည်ဆိုလျှင် သင်တန်းပံ့ပိုးသူအနေဖြင့် လှုပ်ရှားမှုတွင်ပါဝင်သူ မည်မျှရှိမည်စသဖြင့် ကြိုတင်စီစဉ်ထားခြင်းဖြင့် အမြင်အာရုံ မသန်စွမ်းသူများအတွက် အဖြစ်အပျက်ကို သိရှိစေရန် အထောက် အကူဖြစ်စေပါသည်။ ဤသင်တန်းလက်စွဲစာအုပ်သည်သင့်အားလိုအပ်သော အကြံဉာဏ်များပေးစွမ်းနိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။ သင်တန်းပြုလုပ်သည့် အချိန်ကာလတစ်လျောက်လုံးတွင် ကံကောင်းခြင်းများနှင့် ရပ်ရွာလူမှုအသိုက်အဝန်းအား အောင်မြင်အောင် သက်ဝင်လှုပ်ရှားစေသူတစ်ဦး ဖြစ်ပါစေကြောင်း ကျွန်ုပ်တို့က ဆုမွန်ကောင်းတောင်းအပ်ပါသည်

# နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့.....သင်တန်း

*၁၆ ရက် မှ ၂၁ ရက်နေ့ထိ ဇူလိုင်လ ၂၀၁၈ ခုနှစ်*

| သင်တန်း ပထမနေ့ - ၁၆ ရက် ဇူလိုင်လ (တနင်္လာနေ့) | | |
|---|---|---|
| ၉း၀၀ – ၉း၂၀ | ၂၀ မိနစ် | မိတ်ဆက် - သင်တန်းပို့ချသူလက်စွဲစာအုပ်လမ်းညွှန် |
| ၉း၂၀ – ၁၀း၀၀ | ၄၀ မိနစ် | သင်တန်းဖွင့်ပွဲ မိန့်ခွန်း<br>ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်းနှင့် သင်တန်း၏ ရည်ရွယ်ချက် |
| ၁၀း၀၀ – ၁၀း၁၅ | ၁၅ မိနစ် | လွှက်ရည်သောက်နားချိန် |
| ၁၀း၁၅ – ၁၀း၃၀ | ၁၅ မိနစ် | သင်တန်း အကြို ဆန်းစစ်လွှာ |
| ၁၀း၃၀ – ၁၂း၀၀ | ၉၀ မိနစ် | မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်များသမိုင်း |
| ၁၂း၀၀ – ၁၂း၄၅ | ၄၅ မိနစ် | နေ့လည်စာ သုံးဆောင်ချိန် |
| ၁၂း၄၅– ၁၃း၀၀ | ၁၅ မိနစ် | ပြန်လည် လန်းဆန်းစေရန် ဂိမ်းကစားခြင်း |
| ၁၃း၀၀ – ၁၄း၁၅ | ၇၅ မိနစ် | မြန်မာနိုင်ငံ၏ အစိုးရ - ဖွဲ့စည်းတည်ဆောက်ပုံအခြေခံဥပဒေ - လူမှုရေး သဘောတူစာချုပ်လွှာ |
| ၁၄း၁၅ – ၁၄း၃၀ | ၁၅ မိနစ် | အမေး/ အဖြေ ကဏ္ဍ နှင့် အကြံပြုချက်များပေးခြင်း |
| ၁၄း၃၀ – ၁၅း၃၀ | ၆၀ မိနစ် | မြန်မာနိုင်ငံ အစိုးရ - အုပ်ချုပ်ရေးမဏ္ဍိုင် |
| ၁၅း၃၀ – ၁၅း၄၅ | ၁၅ မိနစ် | လွှက်ရည်သောက်နားချိန် |
| ၁၅း၄၅ – ၁၆း၄၅ | ၆၀ မိနစ် | မြန်မာနိုင်ငံ၏ အစိုးရ - ဥပဒေပြုရေးမဏ္ဍိုင် |
| ၁၆း၄၅ – ၁၇း၀၀ | ၁၅ မိနစ် | သင်တန်း ပထမနေ့အား ပြန်လည်အမှတ်ရစေရန် လုပ်ဆောင်ခြင်း |

| သင်တန်း ဒုတိယနေ့ - ၁၇ ရက် ဇူလိုင်လ (အင်္ဂါနေ့) | | |
|---|---|---|
| ၉း၀၀ – ၉း၁၅ | ၁၅ မိနစ် | ဂိမ်းကစားစေခြင်းဖြင့် သင်တန်း ပထမနေ့အား ပြန်လည်အမှတ်ရစေခြင်း |
| ၉း၁၅ – ၁၀း၁၅ | ၆၀ မိနစ် | မြန်မာနိုင်ငံ၏ အစိုးရ - ရွေးကောက်ခံကိုယ်စားလှယ်လောင်းများနှင့် မူဝါဒရေးရာ တိုးတက်မှု |
| ၁၀း၁၅ – ၁၀း၃၀ | ၁၅ မိနစ် | အမေး/ အဖြေ ကဏ္ဍ |
| ၁၀း၃၀ – ၁၀း၄၅ | ၁၅ မိနစ် | လွှက်ရည်သောက်နားချိန် |
| ၁၀း၄၅ – ၁၁း၄၅ | ၆၀ မိနစ် | မြန်မာနိုင်ငံ အစိုးရ - ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသအစိုးရ |
| ၁၁း၄၅ – ၁၂း၀၀ | ၁၅ မိနစ် | အမေး/ အဖြေ ကဏ္ဍ |
| ၁၂း၀၀ – ၁၂း၄၅ | ၄၅ မိနစ် | နေ့လည်စာ သုံးဆောင်ချိန် |
| ၁၂း၄၅ – ၁၃း၀၀ | ၁၅ မိနစ် | ပြန်လည် လန်းဆန်းစေရန် ဂိမ်းကစားခြင်း |
| ၁၃း၀၀ – ၁၄း၀၀ | ၆၀ မိနစ် | မြန်မာနိုင်ငံ အစိုးရ ၊ အဓိက ပါဝင်ပတ်သက်သူများ - နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာ ၏ အခန်းကဏ္ဍ |
| ၁၄း၀၀ – ၁၄း၁၅ | ၁၅ မိနစ် | အမေး/ အဖြေ ကဏ္ဍ |
| ၁၄း၁၅ – ၁၄း၃၀ | ၁၅ မိနစ် | လွှက်ရည်သောက်နားချိန် |
| ၁၄း၃၀ – ၁၆း၀၀ | ၉၀ မိနစ် | တန်းတူညီမျှအခွင့်အရေးများနှင့် အားလုံးပါဝင်မှု ၊ ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် နှင့် အခြား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကွန်ဗင်းရှင်းများ |

| | | |
|---|---|---|
| ၁၆း၀၀ – ၁၆း၁၅ | ၁၅ မိနစ် | အကြံပြုချက်များပေးခြင်း |
| ၁၆း၁၅ – ၁၆း၃၀ | ၁၅ မိနစ် | သင်တန်း ဒုတိယနေ့အား ပြန်လည်အမှတ်ရစေရန် လုပ်ဆောင်ခြင်း |

| သင်တန်း တတိယနေ့ - ၁၈ ရက် ဇူလိုင်လ (ဗုဒ္ဓဟူးနေ့) | | |
|---|---|---|
| ၉း၀၀ – ၉း၁၅ | ၁၅ မိနစ် | ဂိမ်းကစားစေခြင်းဖြင့် သင်တန်း တတိယနေ့အား ပြန်လည်အမှတ်ရစေခြင်း |
| ၉း၁၅ – ၁၀း၄၅ | ၉၀ မိနစ် | တန်းတူညီမျှအခွင့်အရေးများနှင့် အားလုံးပါဝင်မှု ፡ တစ်ဦးချင်းစီ၏ ရှုထောင့်မှ နိုင်းယှဉ်မြင်သော မသန်စွမ်းသူများ အခွင့်အရေးများ |
| ၁၀း၄၅ – ၁၁း၀၀ | ၁၅ မိနစ် | အကြံပြုချက်များပေးခြင်း |
| ၁၁၀၀ – ၁၂း၃၀ | ၉၀ မိနစ် | တန်းတူညီမျှအခွင့်အရေးများနှင့် အားလုံးပါဝင်မှု ፡ မသန်စွမ်းမှုရှုထောင့်မှတစ်ဆင့် မြန်မာနိုင်ငံ၏ အခွင့်အရေးနှင့် တာဝန်များ |
| ၁၂း၃၀ – ၁၃း၁၅ | ၄၅ မိနစ် | နေ့လည်စာ သုံးဆောင်ချိန် |
| ၁၃း၁၅ – ၁၃း၃၀ | ၁၅ မိနစ် | ပြန်လည် လန်းဆန်းစေရန် ဂိမ်းကစားခြင်း |
| ၁၃း၃၀ – ၁၅း၀၀ | ၉၀ မိနစ် | ခေါင်းဆောင်မှု ፡ နိုင်ငံရေးနယ်ပယ်မှ ထိရောက်သော ခေါင်းဆောင်မှု |
| ၁၅း၀၀ – ၁၅း၁၅ | ၁၅ မိနစ် | လွှက်ရည်သောက်နားချိန် |
| ၁၅း၁၅– ၁၆း၄၅ | ၉၀ မိနစ် | ခေါင်းဆောင်မှု ፡ မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ခြင်း |
| ၁၆း၄၅– ၁၇း၀၀ | ၁၅ မိနစ် | သင်တန်း တတိယနေ့အား ပြန်လည်အမှတ်ရစေရန် လုပ်ဆောင်ခြင်း |

| သင်တန်း စတုတ္ထနေ့ - ၁၉ ရက် ဇူလိုင်လ (ကြာသပတေးနေ့) | | |
|---|---|---|
| ၉း၀၀ – ၉း၁၅ | ၁၅ မိနစ် | ဂိမ်းကစားစေခြင်းဖြင့် သင်တန်း စတုတ္ထနေ့အား ပြန်လည်အမှတ်ရစေခြင်း |
| ၉း၁၅ – ၁၀း၄၅ | ၉၀ မိနစ် | ခေါင်းဆောင်မှု ፡ လူအများရှေ့စကားပြောခြင်း |
| ၁၀း၄၅ – ၁၁း၀၀ | ၁၅ မိနစ် | အကြံပြုချက်များပေးခြင်း |
| ၁၁း၀၀ – ၁၂း၃၀ | ၉၀ မိနစ် | ခေါင်းဆောင်မှု ፡ အစည်းအဝေးများ စီစဉ် ဆောင်ရွက်ခြင်း |
| ၁၂း၃၀ – ၁၃း၁၅ | ၄၅ မိနစ် | နေ့လည်စာ သုံးဆောင်ချိန် |
| ၁၃း၁၅ – ၁၃း၃၀ | ၁၅ မိနစ် | ပြန်လည် လန်းဆန်းစေရန် ဂိမ်းကစားခြင်း |
| ၁၃း၃၀ – ၁၅း၀၀ | ၉၀ မိနစ် | ခေါင်းဆောင်မှု ፡ အစိုးရအဖွဲ့အစည်းများအား စာရေးသားဆက်သွယ်ခြင်း |
| ၁၅း၀၀– ၁၅း၁၅ | ၁၅ မိနစ် | ပြန်လည် လန်းဆန်းစေရန် ဂိမ်းကစားခြင်း |
| ၁၅း၁၅– ၁၆း၄၅ | ၉၀ မိနစ် | ခေါင်းဆောင်မှု ፡ ကွန်ယက် ချိတ်ဆက် ဆောင်ရွက်ခြင်း |
| ၁၆း၄၅– ၁၇း၀၀ | ၁၅ မိနစ် | သင်တန်း တတိယနေ့အား ပြန်လည်အမှတ်ရစေရန် လုပ်ဆောင်ခြင်း |

| သင်တန်း ပဥ္စမနေ့ - ၂၀ ရက် ဇူလိုင်လ (သောကြာနေ့) | | |
|---|---|---|
| ၉:၀၀ – ၉:၁၅ | ၁၅ မိနစ် | ဂိမ်းကစားစေခြင်းဖြင့် သင်တန်း စတုတ္ထနေ့အား ပြန်လည်အမှတ်ရစေခြင်း |
| ၉:၁၅ – ၁၀:၄၅ | ၉၀ မိနစ် | ကဏ္ဍစုံမှ ပါဝင်ပါတ်သက်သူများနှင့် ထိတွေ့ဆက်ဆံခြင်း - ဆိမ့်မွှေးသော သံခင်းတမန်ခင်းနှင့် အများပြည်သူဆိုင်ရာ အရေးဆို လှုပ်ရှားမှု |
| ၁၀:၄၅ – ၁၁:၀၀ | ၁၅ မိနစ် | အကြံပြုချက်များပေးခြင်း |
| ၁၁:၀၀ – ၁၂:၃၀ | ၉၀ မိနစ် | ခေါင်းဆောင်မှု ၊ စည်းရုံးလှုံ့ဆော် ပံ့ပိုးခြင်း |
| ၁၂:၃၀– ၁၃:၁၅ | ၄၅ မိနစ် | နေ့လည်စာ သုံးဆောင်ချိန် |
| ၁၃:၁၅– ၁၃:၃၀ | ၁၅ မိနစ် | ပြန်လည် လန်းဆန်းစေရန် ဂိမ်းကစားခြင်း |
| ၁၃:၃၀– ၁၅:၀၀ | ၉၀ မိနစ် | နှိုင်းယှဉ်လေ့လာ ဆန်းစစ်မှု ၊ အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ |
| ၁၅:၀၀– ၁၅:၁၅ | ၁၅ မိနစ် | လ္ဘက်ရည်သောက်နားချိန် |
| ၁၅:၁၅– ၁၆:၄၅ | ၉၀ မိနစ် | နှိုင်းယှဉ်လေ့လာ ဆန်းစစ်မှု ၊ အားလုံးပါဝင်သော အစိုးရစနစ်များ |
| ၁၆:၄၅– ၁၇:၀၀ | ၁၅ မိနစ် | အကြံပြုချက်များပေးခြင်းနှင့် သင်တန်း ပဥ္စမနေ့အား ပြန်လည်အမှတ်ရစေရန် လုပ်ဆောင်ခြင်း |

| သင်တန်း ဆဋ္ဌမနေ့ - ၂၁ ရက် ဇူလိုင်လ (စနေနေ့) | | |
|---|---|---|
| ၉:၀၀ – ၉:၁၅ | ၁၅ မိနစ် | ဂိမ်းကစားစေခြင်းဖြင့် သင်တန်း ပဥ္စမနေ့အား ပြန်လည်အမှတ်ရစေခြင်း |
| ၉:၁၅ – ၁၀:၄၅ | ၉၀ မိနစ် | နှိုင်းယှဉ်လေ့လာ ဆန်းစစ်မှု ၊ ရွေးကောက်ပွဲများ |
| ၁၀:၄၅ – ၁၁:၀၀ | ၁၅ မိနစ် | လ္ဘက်ရည်သောက်နားချိန် |
| ၁၁:၀၀ – ၁၂:၃၀ | ၉၀ မိနစ် | နှိုင်းယှဉ်လေ့လာ ဆန်းစစ်မှု ၊ ဒီမိုကရေစီတွင် ပါဝင်ခြင်း |
| ၁၂:၃၀– ၁၃:၁၅ | ၄၅ မိနစ် | နေ့လည်စာ သုံးဆောင်ချိန် |
| ၁၃:၁၅– ၁၃:၃၀ | ၁၅ မိနစ် | ပြန်လည် လန်းဆန်းစေရန် ဂိမ်းကစားခြင်း |
| ၁၃:၃၀– ၁၅:၀၀ | ၉၀ မိနစ် | နှိုင်းယှဉ်လေ့လာ ဆန်းစစ်မှု ၊ မသန်စွမ်းသူအခွင့်အရေးများ လှုပ်ရှားပြောင်းလဲရေး - ပါဝင်စေခြင်း |
| ၁၅:၀၀– ၁၅:၁၅ | ၁၅ မိနစ် | ပြန်လည် လန်းဆန်းစေရန် ဂိမ်းကစားခြင်း |
| ၁၅:၁၅– ၁၆:၄၅ | ၉၀ မိနစ် | ကိုယ်ပိုင် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း |
| ၁၆:၄၅– ၁၇:၀၀ | ၁၅ မိနစ် | အကြံပြုချက်များပေးခြင်းနှင့် သင်တန်း ဆဋ္ဌမနေ့အား ပြန်လည်အမှတ်ရစေရန် လုပ်ဆောင်ခြင်း |
| ၁၇:၀၀ – ၁၇:၁၅ | | သင်တန်းအပြီး ဆန်းစစ်လွှာ၊ ဂုဏ်ပြုအမှာစကားပြောကြားခြင်းနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်း။ |

## သက်တောင့်သက်သာရှိသော သင်တန်းပတ်ဝန်းကျင်တစ်ရပ်ဖန်တီးခြင်း

သင်ပေးဝေလိုက်သည့် ဗဟုသုတသည် အရေးကြီးကြောင်းကို သင်မည်သို့မှပေးဝေပါမည်နည်း။ သင်၏ သင်တန်းသူ/သားများ အတွက် သင်က သက်တောင့်သက်သာရှိသော သင်တန်းပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးခြင်းသည် အရေးကြီးသည့် အချက်ဖြစ်သည်။ ဆိုလိုသည်မှာ မသန်စွမ်းမှု ပုံစံအမျိုးမျိုးအတွက် မသန်စွမ်းသူများနှင့် သင်တန်းပါတ်ဝန်းကျင်သည် အပြန်အလှန်ချိတ်ဆက်မိစေရန် စဉ်းစားသည့် နည်းလမ်းဖြစ်ပါသည်။ သက်တောင့်သက်သာရှိသော သင်တန်းပတ်ဝန်းကျင်ဆိုသည်မှာ အပြုသဘော ဆောင်ခြင်း၊ အားပေးခြင်း၊ နီးနီးကြားကြားရှိခြင်း နှင့် ဆွဲဆောင်မှုရှိခြင်း တို့ဖြစ်ပါသည်။ မှတ်သားထားရမည့် အချို့သောချက်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

**ရုပ်ပိုင်းဆိုင်ရာ သက်တောင့်သက်သာရှိမှု**

သင်တန်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ သက်တောင့်သက်သာရှိမှုနှင့် သင်တန်းပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ သက်တောင့်သက်သာရှိမှုတို့ နှင့်ပတ်သတ်၍ စဉ်းစားရန် အရေးကြီးပါသည်။

အောက်ဖော်ပြပါ အချက်များကို စဉ်းစားနိုင်ပါသည်။

- သင်တန်းသားများအချင်းချင်းကြား ဆက်ဆံရေးကို အထောက်အကူဖြစ်စေသော ထိုင်ခုံနေရာချထားမှုရှိရန်လိုသည်။ ဖြစ်နိုင်ပါ က၊ သင်တန်းသားများအား စက်ဝိုင်းပုံစံထိုင်စေခြင်း၊ ထိုင်ခုံများကို အဝိုင်းသေးများဝိုင်းဖွဲ့၍ ထိုင်စေခြင်းတို့ ပြုလုပ်ပါ။ သို့မှသာ နံရံတွင်ကပ်ထားသောစာရွက်များ၊ ပိုစတာများ၊ သင်ထောက်ကူပစ္စည်းများကို ကောင်းမွန်စွာတွေ့ရှိနိုင်မည်ဖြစ်သည်။ စက်ဝိုင်း တစ်ခုအတွင်းဖြစ်စေ စားပွဲဝိုင်းတွင်းဖြစ်စေ ဘီးချဲအသုံးပြုသူများအတွက် အခြားသင်တန်းသားများနှင့်အတူ အဆင်ပြေစွာထိုင်နိုင်ရန်လုံလောက်သော နေရာအခင်းအကျင်း ထားရှိရန်သေချာပါစေ။ အခန်းအတွင်းတွင်လည်း လွယ်ကူစွာလှည့်လည်သွားလာနိုင်ရန် စားပွဲများအကြားတွင် လုံလောက်သောအကျယ်အဝန်းတစ်ခုကို ထားရှိရန်မှာလည်းအရေးကြီးပါသည်။
- သင့်အနေဖြင့် အခန်းတွင်းတွင်လှည့်လည်သွားလာနိုင်ရန်လိုအပ်သောဆောင်ရွက်မှုတစ်ခုအား ဆောင်ရွက်မည်ဆိုလျှင် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ပိုမိုလက်လှမ်းမီနိုင်သည့် အခြားသောနည်းလမ်းများကိုလည်း စဉ်းစားထားရမည်ဖြစ်သည်။ ထို့ ကြောင့် လှုပ်ရှားသွားလာရမည့် ဆောင်ရွက်မှုမျိုးကို မဆောင်ရွက်ရဟုလည်းမဆိုလိုပါ။ သင်တန်းတက်ရောက်သူများ ထိုင်လို လျှင်လည်း ထိုင်နိုင်ရန်အတွက်ခုံများ အဆင်သင့်ချထားရန်သာဖြစ်ပါသည်။ မသန်စွမ်းသူများအားလုံး အနေဖြင့် ခုံတစ်လုံး အဆင်သင့်ရှိနေလျှင် ထိုင်လိုသည်ဟု လည်း မယူဆပါနှင့်။
- လေဝင်လေထွက်ကောင်းမွန်စေရန် လုပ်ဆောင်ပါ။ သင်တန်းခန်းမသည် ပူအိုက်ခြင်း၊ လေဝင်လေထွက်မကောင်းခြင်းတို့ ဖြစ်ပါ က၊ တက်ကြွသော သင်တန်းသားများပင်လျှင် စိတ်ကျဉ်းကြပ်နိုင်ပါသည်။
- ခြေလက်ဆြောင်းညာမှုများအား ဖြေလျှော့ရန်အနားယူချိန်များများပေးပါ။ လွှက်ရှည်သောက်နားချိန်သည် သင်တန်းတက်ရောက်သူများအတွက် သန့်စင်ခန်းသုံးနိုင်ရန်အတွက် လုံလောက်သောအချိန်တစ်ခုဖြစ်ရမည်ဖြစ်သည်။ အချိန် (၁၅) မိနစ်သည် လုံလောက်သော စံနှုန်းတစ်ခုဖြစ်ပါသည်။
- သင်၏သင်တန်းခန်းမသည် လှေကားအထစ်များမပါရှိသော ဝင်ပေါက်များနှင့် လက်လှမ်းမီအသုံးပြုနိုင်သော သန့်စင်ခန်းများဖြစ်စေရန်သေချာရမည်ဖြစ်သည်။ ဘီးချဲအသုံးပြုသူများ ဝင်ရောက်သွားလာနိုင်သော လုံလောက်သည့်အကျယ်အဝန်းရှိသည့် တခါးပေါက်ပါရှိပြီး လက်ဆေးကန်အနိမ့်နှင့် နံဘေးတွင်အလွယ်တကူထိုင်နိုင်စေရန်အတွက် တန်းတခုပါရှိသောသန့်စင်ခန်း ဖြစ်ရမည်ဖြစ်သည်။
- သင်တန်းခန်းမအခြေနေအား စမ်းစစ်ပါ။ အကယ်၍ သင်တန်းသူ/သားများသည် လုပ်ဆောင်ချက်တစ်ခုခုတွင် မောပန်းနွမ်းလျနေသည်ကိုတွေ့ရပါက၊ လုပ်ဆောင်ရမည့် တာဝန်များပြောင်းလဲရန်စဉ်းစားပါ။ - လက်ရှိလုပ်ဆောင်မှုများမှ ၁ွယ်ကိုက်သောနည်း ဖြင့်ပါဝင်လုပ်ဆောင်စေရန် (ဗွီဒီယိုကြည့်ခြင်း) (ဝါ) ပြောင်းလဲလုပ်ဆောင်စေခြင်း။

  ပိုစတာ သို့မဟုတ် ပါဝါပွိုင့်ပေါ်တွင် ပြသထားသည့်သတင်းအချက်အလက်များနှင့်ပါတ်သက်၍ သင့်အနေဖြင့် ကျယ်ကျယ်

ဖတ်ပြ ရမည်ဖြစ်သည်။

- လက်သင်္ကေတပြဘာသာပြန်ရှိနေလျှင် သင်၏တင်ပြဆွေးနွေးချက်များသည် ဖြေးဖြေးမှန်မှန်ဖြစ်ပါစေ။ သင်၏ဆွေးနွေးချက်များကို အချိန်နှင့်တပြေးညီ ပြန်ဆိုနိုင်ရန် ဘာသာပြန်သူအတွက် မိနစ်အနည်းငယ်ကြာပါသည်။
  အကယ်၍ ဆွေးနွေးသည်များကြာမြင့်ပါက၊ ရှေ့ဆက်မဆွေးနွေးခင် ဖြေလက်ညောင်းညာမှုဖြေလျှော့ရန် (ဝါ) စိတ်လက်ပေါ့ပါးစေရန် ဂိမ်းကစားဖို့ရန် ပြောဆိုပါ။

## စိတ်ပိုင်းဆိုင်ရာ သက်တောင့်သက်သာရှိမှု

လေ့လာသင်ယူမှုဆိုသည်မှာ သဘာဝအရ စွန့်စားရမှုများ ပါဝင်သည်။ အကြောင်းမှာ လေ့လာသင်ယူမှု၏ အခြေခံသဘောတွင် အပြောင်းအလဲဟူသော အချက်ပါဝင်ခြင်းပင်ဖြစ်သည်။ အပြောင်းအလဲသည်လူများအား စိတ်လှုပ်ရှားစေနိုင်သကဲ့သို့ စိုးရိမ်ထိတ်လန့်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ အပြောင်းအလဲဖြစ်စေသော ပတ်ဝန်းကျင်တစ်ခုဖန်တီးရန် အောက်ပါအချက်များကို စဉ်းစားနိုင်သည်။

- အဖွဲ့လိုက် လိုက်နာရမည့်စည်းများချမှတ်ခြင်း။ သင်တန်းမစမီတွင် သင်တန်းသားများအားစုရုံးစေလျက် "အဖွဲ့လိုက်စုပေါင်းဆောင်ရွက်သည့်အခါ သဟဇာတဖြစ်စေရန် မည်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်လိုပါသနည်း" ဟု မေးမြန်း၍ ဖြေကြားစေပါ။
- သင်တန်းနှင့် ပတ်သက်၍ သင်တန်းသူ/သားများ၏ ထင်မြင်ယူဆချက်များကို ပုံမှန်မေးမြန်းပါ။
- ဆွေးနွေးသည့်အကြောင်းအရာနှင့်စပ်လျဉ်းသည့် အထောက်အကူပြုပစ္စည်းများကို သင်တန်းခန်းသို့ယူဆောင်လာပါ။ ဥပမာ။ ။ သင်တန်းမှာ ပြဿနာဖြေရှင်းခြင်းနှင့်ပတ်သက်နေပါက၊ ဆက်စပ်သည့် မတူညီသောဂိမ်းများယူဆောင်လာပါ။ ပြန်လည်လန်းဆန်းစေရန်အတွက် ဂိမ်းကစားနည်းများအသုံးပြုသည့်အခါ သင့်အနေဖြင့်မသန်စွမ်းမှုမျိုးစုံအတွက် လက်လှမ်းမီပါဝင်နိုင်မှုရှိစေရန် အရေးကြီးပါသည်။ ဥပမာ - သင်တန်းတက်ရောက်သူများအတွင်းတွင် နားမကြားသူများပါဝင်နေလျှင် သင့်အနေဖြင့်အသံကိုပဲနားထောင်၍ ဆောင်ရွက်ရသည့်ကစားနည်းမျိုးမဟုတ်သည့် အခြားသောကစားနည်းများကို ဆောင်ရွက်သင့်သည်။ အမြင်အာရုံမသန်စွမ်းသူများ ပါဝင်နေလျှင် မြင်ကွင်း(အမြင်)အပေါ်ကို အခြေမခံသော ကစားနည်းမျိုးကိုဆောင်ရွက်နိုင်ရန် စဉ်းစားရမည်ဖြစ်သည်။
- ဖြေကြားသောအဖြေများကို လေးစားစွာနားထောင်ပါ။ သင်တန်းသားများ ဖြေကြားသည့်အခါအမှားများ ပါဝင်ကောင်းပါဝင်နိုင်သည်။ သို့သော် ၎င်းတို့၏တုန့်ပြန်မှုကို အသိအမှတ်ပြုနားထောင်ပေးရန် ဂရုစိုက်၍အရေးကြီးပါသည်။
- အဖွဲ့ သားများအားလုံးကို ဆွေးနွေးပွဲတွင် ပါဝင်နိုင်ရန်ကြိုးစားပါ။ သင်တန်းသား တစ်ယောက်၊ နှစ်ယောက်ခန့်က လွှမ်းမိုး၍ ပြောဆိုနေလျှင် သင်တန်းကိုထိခိုက်နိုင်သည်။ မည်သည့် သင်တန်းသူ/သားကဆွေးနွေးဖြေကြားသည်ကို မှတ်သား၍ မည်သူက ဆွေးနွေးခွင့်မရသေးကြောင်း သတိပြုပါ။
- ဟာသနှော၍ ပြောဆိုခြင်း၊ ပျော်ရွှင်စေမည့် နည်းလမ်းများသုံးခြင်းတို့ ပြုလုပ်၍ အတူတကွ လေ့လာပါ။

## အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းခြင်းနည်းလမ်းများ

**ရန်လိုဆန့်ကျင်သော အပြုအမူများကို ကိုင်တွယ်ဖြေရှင်းခြင်း**

ကျွမ်းကျင်သောသင်တန်းဆရာတို့သည်ရန်လိုဆန့်ကျင်သောအပြုအမူများနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အားပေးတိုက်တွန်းခြင်းနှင့် ချိုသာသောစကားများပြောဆိုခြင်းကို ပထမအဆင့်အနေဖြင့်အသုံးပြုကာဖြေရှင်းလေ့ရှိသည်။

မည်သို့ပင်ဆိုစေ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်းပါသည်။ ရန်လိုဆန့်ကျင်သော အပြုအမူများကို အတတ်နိုင်ဆုံးလျှော့ချနိုင်မည့်လွယ်လွယ်ကူကူနည်းလမ်းများ အမြောက်အများရှိပြီး အချို့ကိုအောက်တွင် ဖော်ပြပေးထားပါ သည်။

- သင်တန်းသားများဆီမှ သင်မျှော်မှန်းထားသော အပြုအမူများကို သင်ကိုယ်တိုင်နှင့် နှိုင်းယှဉ်၍ ဆန်းစစ်သတ်မှတ်ပါ။ ။
- သင့်ခံစားမှု များကို သင်တန်းသားများအားစာနာနားလည်စေချင်သကဲ့သို့ သင်ကိုယ်တိုင်လည်း သင်တန်းသား များ၏ခံစားမှုများကိုစာနာနားလည်မှုရှိပါသလား၊ သင်တန်းသားများကို စနစ်တကျတာဝန်ကျေစွာ လုပ်ဆောင်စေချင်သကဲ့သို့ သင်ကိုယ်တိုင်လည်း သက်ဆိုင်ရာတာဝန်တို့ကို စနစ်တကျနှင့်ကျေပွန်စွာလုပ်ဆောင်လေ့ရှိပါသလား၊ စည်းမျဉ်းစည်းကမ်းများသည် ရှင်းရှင်းလင်းလင်းရှိပြီး သင်တန်းသားများအတွက် အလွယ်တကူနားလိုက်နာစေနိုင်စရာ ဖြစ်ပါသလား။ သင့်အနေဖြင့် လက်သင်္ကေတပြ ဘာသာစကား၊ အကူအထောက်အပံ့များနှင့် မသန်စွမ်းမှုအား နားလည်သိရှိနိုင်မှုမှတစ်ဆင့် သင်တန်းတက်ရောက်သူအားလုံးပါဝင်နိုင်မှု သေချာစေရန်အတွက် ကြိုးစားဆောင်ရွက်နေပါသလား။
- ကျင့်ဝတ်ကဲ့သို့အရာများမှတဆင့် ရှင်းလင်းသောမျှော်မှန်းချက်များကို ချမှတ်ထားပါ။
- သင်တန်းသူ/သားအားလုံးကိုလေးစားသမှုနှင့်ယဉ်ကျေးစွာပြောဆိုဆက်ဆံပါ။ ။ သင်တန်းသားများကို သင်ပြောဆိုခိုင်း၊ လုပ်ဆောင်ခိုင်းသောအရာများသည် ရှေ့နောက်ကိုက်ညီမှုရှိနေဖို့လိုသည်၊ သင်တန်းသားတစ်ဦးဦးအပေါ် မျက်နှာသာပေးခြင်းမျိုး မပြုမိအောင်သတိပြုပါ။ အမြင်အာရုံမသန်စွမ်းသူများ သင့်အနေဖြင့် ဖယ်ထားသည့်ပုံစံမဖြစ်အောင် သေချာစေရန် သတိထားပါ (ဥပမာ – ရုပ်ပုံသည် မည်သို့ပုံပေါက်သည်ကိုရှင်းပြပါ သို့မဟုတ် ၎င်းတို့အားအခြားသူများနှင့် စုံတွဲများဖြင့်ဖြစ်စေ တွဲခိုင်း၍လည်းဆောင်ရွက်နိုင်ပါသည်)။ ထို့အတူနားမကြားသူများအတွက်လည်း အခြားသူများနှင့် တွဲ၍နေရာချထားခြင်းဖြင့် သို့မဟုတ် လက်သင်္ကေတပြဘာသာပြန်ထားရှိခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။
- အာရုံစူးစိုက်နားထောင်ပေးတတ်သူဖြစ်ပါစေ။ ။ သင်တန်းသားများကို ခံစားချက်များ၊ စိုးရိမ်ပူပန်ချက်များကို ပြောဆိုဆွေးနွေးအောင်တိုက်တွန်းအားပေးပြီး အဆိုပါဆွေးနွေးပြောဆိုချက်များကို ပြန်လည်ဖော်ပြပေးခြင်းအားဖြင့် ၎င်းတို့၏
- မှတ်ချက်ပေးမှုများကို ပိုမိုရှင်းရှင်းလင်းလင်းရှိလာစေအောင် ပံ့ပိုးကူညီပေးပါ။
- လက်ခံနိုင်ဖွယ်အပြုအမူများကို အသိအမှတ်ပြုချီးကျူးဂုဏ်ပြုရန် အာရုံစိုက်ပါ။
- ယဉ်ကျေးမှုဓလေ့ကွာခြားမှုများကိုသတိပြုပါ။ ။ ဥပမာ သင်ကသင်တန်းသူ သို့မဟုတ် သင်တန်းသားတစ်ဦးကို စကားပြောနေချိန်တွင် ၎င်း သင်တန်းသား/သူက ကြမ်းပြင်သို့သာ ငေးစိုက်ကြည့်နေသည် ဆိုပါစို့၊ ထိုအပြုအမူကို အချို့သော အခြေအနေများတွင် အာခံဆန့်ကျင်မှုဟု ရှုမြင်တတ်ကြပြီး အချို့ယဉ်ကျေးမှုများတွင်တော့ လေးစားမှုရှိခြင်းဟူ၍လည်း ရှုမြင်နိုင်ပါသည်။
- အသေးအဖွဲပြဿနာများကို သင်တန်းအပျက်မခံစေပဲ အတတ်နိုင်ဆုံးထိန်းထိန်းသိမ်းသိမ်းကိုင်တွယ်ပြီး လစ်လျူရှုလိုက်ပါ။ ။ စိုက်ကြည့်ပေးလိုက်ခြင်း၊ မေးခွန်းတိုက်ရိုက်မေးခြင်း သို့မဟုတ် အနီးကပ်သွားရပ် နေခြင်းအားဖြင့် မဖွယ်မရာအပြုအမူများကို လုံလုံလောက်လောက်တားဆီးနိုင်ပါသည်။
- မည်သို့ပင်ဆိုစေကာမူ ရန်လိုဆန့်ကျင်သောအပြုအမူများက မလွဲမသွေပေါ်ပေါက်တတ်ပါသည်၊ ထိုသို့ပေါ်ပေါက်လာသည့်အခါ အောက်ပါတို့ကို စဉ်းစားပါ။
- အသက်ဝဝရှူပြီး တည်တည်ငြိမ်ငြိမ်ဖြစ်အောင်ကြိုးစားပါ။ ။ မကျေနပ်မှု၊ ခံပြင်းမှု၊ ဒေါသဖြစ်မှုများ ကြုံလာသည့်အခါ စိတ်ခံစားမှုပြင်းထန်ပြီးမတည်မငြိမ်ဖြစ်လာတတ်သည်မှာ သဘာဝဖြစ်သည်။ သို့သော်ထိုသို့ဖြစ်လာသည့်အခါ ဆင်ခြင်ပိုင်းခြားနိုင်မှုအားနည်းလာတတ်ပြီး စိတ်လိုက်မာန်ပါ ပြုမူလာတတ်ပါသည်။

  သင်တန်းသားတစ်ယောက်ယောက်အား ၎င်း၏အပြုအမူနှင့်ပတ်သက်၍ ပြောဆိုစရာရှိပါက ၎င်းနှင့် နှစ်ကိုယ်ကြားသော

သီးသန့်ဆွေးနွေးပြောဆိုပါ။ ။ ထိုသို့လုပ်ဆောင်ခြင်းက နှစ်ယောက်စလုံးအတွက် စိတ်ပြန်လည်တည်ငြိမ်လာစေရန် အချိန်ရစေသလို အများရှေ့တွင် အရှက်တကွဲဖြစ်စေမည့် အခြေအနေမျိုးမှလည်း လွတ်မြောက်စေပါသည်။

- မသင့်လျော်သောအပြုအမူဆိုသည်ကို တိတိကျကျဖွင့်ဆိုသတ်မှတ်ထားပါ။ ။ မည်သို့သော အပြုအမူမျိုးများသည် သင့်အတွက် လက်ခံနိုင်ဖွယ်မဟုတ်သော အပြုအမူများဖြစ်ကြောင်းကို သင်တန်းသား များရှင်းရှင်းလင်းလင်း သိရှိထားအောင် စီမံဆောင်ရွက်ထားပါ။
- သင်မနှစ်မြို့သည်မှာ လူပုဂ္ဂိုလ်ကိုမဟုတ်ပဲ ထိုလူ၏မဖွယ်ရာသောအပြုအမူကိုသာဖြစ်ကြောင်း သက်ဆိုင်ရာသင်တန်းသား နားလည်အောင်ဆောင်ရွက်ပါ။
- သင့်အနေဖြင့် မဖွယ်မရာပြုမူသောသင်တန်းသားအား ၎င်းပြုမူလုပ်ဆောင်နေပုံများကို ရှင်းပြပေးရုံသာမက ထိုအပြုအမူများကို မည်သို့ပြုပြင်နိုင်ကြောင်းကိုလည်း အကြံပြုရှင်းပြပေးခြင်းအားဖြင့် ၎င်းဘက်မှအပြုသဘော ပြန်လည်တုန့်ပြန်လာအောင် အခွင့်အရေးပေးပါ။
- အပြစ်တင်ခြင်း၊ ပျက်ရယ်ပြုခြင်းများကို လုံးဝမလုပ်မိအောင်သတိထားပါ။
- တစ်ဘက်နိုင် - တစ်ဘက်ရှုံး ပဋိပက္ခမျိုးကိုရှောင်ရှားပါ။ ။ ပြစ်ဒဏ်ပေးဖို့ထက် ပြဿနာဖြေရှင်းဖို့ကိုသာ ပိုမိုအလေးထားပါ။ ရန်လိုဒေါသဖြစ်နေမှုနှင့်ရင်ဆိုင်နေရချိန်တွင်ပင် တတ်နိုင်သမျှအယဉ်ကျေးဆုံးပြုမူပြောဆိုပါ။ ။ သင်တန်းသားများကိုရော၊ ၎င်းတို့၏ပြဿနာများကိုပါ သင်အလေးထားဂရုစိုက်သည်ဆိုသည်ကို သင်တန်းသားများ သိရှိအောင် ပြသပေးခြင်းအားဖြင့် ၎င်းတို့ ၏လေးစားမှုကို ရရှိနိုင်မည်ဖြစ်သလို သင်နှင့်၎င်းတို့ကြားချစ်ကြည်ရင်းနှီးမှုကိုလည်းရရှိစေနိုင်ပါသည်။

**ပုဂ္ဂိုလ်ရေးအမြင်မကြည်မှုများဖြစ်လာသည့်အခါ**

- ကျွန်ုပ်တို့ ရည်ရွယ်ချက်ကောင်းများ မည်မျှပင်ရှိနေစေကာမူ သင်တန်းသား တစ်ဦးဦးကို လုံးဝကြည့်မရသည့် အခြေအနေမျိုးလည်း ကျွန်ုပ်တို့ကြုံရတတ်ပါသည်။ ဤသည်မှာ လူ့သဘာဝဖြစ်သည်၊ ပုဂ္ဂိုလ်ရေး အမြင် မကြည်မှု (အကြောမတည့်မှု) ဟုဆိုနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် ထိုစိတ်နှင့်မလုံမလဲဖြစ်နေမည့် အစား အပြုသဘောဆောင်သော ခြေလှမ်းများလှမ်းကြည့်ခြင်းအားဖြင့်ထိုအခြေအနေကို တိုးတက်လာအောင် လုပ်ဆောင် နိုင်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်အကြံပြုချက်အချို့ကို အောက်တွင်ဖော်ပြလိုက်ပါသည်။
- အဆိုပါအပြုအမူဖြစ်ပေါ်လာခြင်း၏မူလဇစ်မြစ်ကို နားလည်အောင်ကြိုးစားပါ။ ။ ၎င်း သင်တန်းသား သည် သူငယ်ချင်းများ၊ မိသားစုဝင်များနှင့် သင်ယူလေ့လာနိုင်မှုဆိုင်ရာ အားနည်းချွတ်ယွင်းမှုတစ်ခုခု ကြောင့် စိတ်သောကရောက်နေသူလား၊
- သင်တန်းသားများကိုကိုင်တွယ်သည့်အခါ အပြုသဘောဆောင်သောနည်းဗျူဟာတို့ကိုသာသုံးပါ။ ။ သင်တန်းသားအား မိမိတန်ဖိုးကိုမိမိကိုယ်တိုင် မြှင့်တင်ဖို့ နှင့် မိမိစိတ်ခံစားမှုကိုထိန်းချုပ်ဖို့ အခွင့်အရေး ပေးပေးပါ။ သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အလျှော့မပေးပဲ ပြတ်သားခိုင်မာစွာ ရပ်တည်ပြီး ရှေ့နောက်ညီညွတ်မှုရှိအောင်ဆောင်ရွက်ပါ။
- မမေ့ရမည့်အချက်။ ။ သင်သည် သင်တန်းသားအားလုံးနှင့် အကောင်းဆုံးမိတ်ဆွေသူငယ်ချင်းဖြစ်စရာ မလိုပေ ( ထိုသို့ဖြစ်နိုင်လျှင်အကောင်းဆုံးဟုဆိုနိုင်သော်လည်း မည်သို့မျှမဖြစ်နိုင်သောအရာဖြစ်သည်။) သင်ရည်ရွယ် ချမှတ်ထားသော သင်ယူလေ့လာမှုရလာဒ်များကို သင်တန်းသားရရှိသွားစေရန်နှင့် သင်၏ပံ့ပိုး သင်ကြား ပေးမှု ကြောင့်၎င်းတို့တွင် အကျိုးရှိ၍ကောင်းမွန်သောအတွေ့အကြုံများ ရရှိသွားစေရန် ကြိုးစားလုပ်ဆောင်ပေးရေး သည်သာ သင့်တာဝန်ဖြစ်သည်။

## စည်းမျဉ်းစည်းကမ်းရေးဆွဲခြင်း

သင်တန်းအစတွင် စည်းမျဉ်းစည်းကမ်းများအား ရေးဆွဲထားခြင်းသည် သင်တန်းသူ/သင်တန်းသားများအတွက် သင် တန်းအပေါ် မျှော်လင့်ထားသည်များ ရေးသည့်အခါတွင်အထောက်အကူဖြစ်သည်။ တန်ဖိုးများနှင့် စည်းမျဉ်းများအား ဖော်ပြထားခြင်းသည် အားလုံးပါဝင်စေခြင်း၊ လုံခြုံစိတ်ချရခြင်း နှင့် အကျိုးရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ရပ်တို့အားဖြစ်ပေါ်စေပါသည်။

အစီစဉ်အစမှာပင် သင်တန်းသူ/သားများနှင့် စည်းမျဉ်းစည်းကမ်းများရေးဆွဲပြီး၊ သင်တန်းသူ/သားများအားလုံးမှလည်း စည်းမျဉ်းစည်းကမ်းတွင်ဖော်ပြထားသည့်အချက်များအား သဘောတူထားသင့်ပါသည်။ သင်တန်းသူ/သားများမှ ကတိကဝတ်ပြုထားသည့်ထိုစည်းမျဉ်းများအား သတိပေးသည့်အနေဖြင့် နံရံတွင် သင်တန်းကာလတလျှောက်လုံးချိတ်ဆွဲထားရပါမည်။ အမြင်အာရုံမသန်စွမ်းသူများပါဝင်နိုင်ရန်အတွက် ကျယ်ကျယ်ဖတ်ပြခြင်း နှင့် စာလုံးဆိုဒ်ကိုကြီးထား ခြင်းမျိုးတို့ သေချာစေရန် အရေးကြီးပါသည်။
သင်တန်းသူ/သားများနှင့် စည်းမျဉ်းများရေးဆွဲရာတွင် နည်းနာအမျိုးမျိုးရှိပါသည်။ အချို့သော ဥပမာများမှာ –

### ဆောင်ရန် နှင့် ရှောင်ရန်

အဆင့် ၁ = သင်တန်းသူ/သားများအား ၂ဖွဲ့ဖွဲ့ပါ။ စာရွက်ထိပ်တွင် ဆောင်ရန်ရေးထားသည့် ဖလစ်ချပ်စာရွက်အား အဖွဲ့တစ်ဖွဲ့သို့ပေးပါ။ အခြားအဖွဲ့အား ရှောင်ရန်ရေးထားသည့် ဖလစ်ချပ်စာရွက်အားပေးပါ။
အဆင့် ၂ = သင်တန်းကာလတလျှောက်လုံး သင်တန်းသူ/သားများမှ လိုက်နာရန် သဘောတူထားသည့် ကတိက ဝတ်များအား ဆောင်ရန်အဖွဲ့မှ ချရေးရန်ပြောပါ။ ရှောင်ရန်အဖွဲ့အား သင်တန်းတလျှောက်လုံးတွင် မပြုလုပ်ရန် အ ချက်အလက်များအား စဉ်းစားတိုင်ပင်၍ချရေးရန်ပြောပါ။ အဖွဲ့၂ဖွဲ့စလုံး ၅မိနစ်အချိန်ယူ၍ စဉ်းစားတိုင်ပင်ပါ။
အဆင့် ၃ = ၅မိနစ် ပြီးဆုံးသွားသည့်အခါတွင် တစ်ဖွဲ့ခြင်းစီ၏ ကိုယ်စားပြုသူတစ်ဦးမှ စဉ်းစားတိုင်ပင်ထားသည်များ အားမျှဝေပေးရန် ပြောကြားပါ။
အဆင့် ၄ = ရေးသားပြုစုထားသည်ကို အားလုံးသဘောတူ မတူမေးမြန်းပါ။ ဆွေးနွေးချက်အပေါ်တွင်အခြေခံ၍ ရေးသားထားသည်များအား တည်းဖြတ်ပါ။ အယောက်စီတိုင်း၏ သဘောတူညီမှုရရှိသည့်အခါတွင် – သတိပြုမိစေရန် နံရံ တွင်ကပ်ထားပါ။

### ပုံရေးဆွဲခြင်း

အဆင့် ၁ = သင်တန်းသူ/သားများအား ၄ဖွဲ့ခွဲပါ။
အဆင့် ၂ = စာရွက်ထိပ်တွင် ရေးသားထားသည့် အောက်ပါ ခေါင်းစဉ် ၄မျိုးအနက်မှ တစ်မျိုးစီအား တစ်ဖွဲ့ချင်းစီသို့ ဝေငှပေးပါ။ ခေါင်းစဉ်ပါအတိုင်း ၃မိနစ်အချိန်ယူ၍ မိမိအဖွဲ့အလိုက် ပုံရေးဆွဲရန် တစ်ဖွဲ့ချင်းစီကိုပြောကြားပါ။ ၄င်းပုံ များသည် သင်တန်းတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအား မြင်သာအောင်ကိုယ်စားပြုသည့် ပုံများဖြစ်ပါ သည်။
ခေါင်းစဉ် ၁ = သင်တန်းကာလအတွင်း သင်တန်းသူ/သားများလိုက်နာရန်လိုအပ်သည့် အရာများ
ခေါင်းစဉ် ၂ = သင်တန်းကာလအတွင်း သင်တန်းသူ/သားများ မပြုလုပ်သင့်သည့်အရာများ
ခေါင်းစဉ် ၃ = သင်တန်းကာလအတွင်း သင်တန်းဆရာမှ လုပ်သင့်သည့်အရာများ
ခေါင်းစဉ် ၄ = သင်တန်းမှ သင်တန်းသူ/သားများ ရရှိရန်မျှော်လင့်ထားသည့်အရာများ
အဆင့် ၃ = ၃မိနစ် ပြည့်သည့်အခါတွင် တစ်ဖွဲ့ခြင်းစီမှ ကိုယ်စားလှယ်တစ်ဦးအား ကျန်သောအဖွဲ့များသို့ မိမိတို့ရေး ဆွဲထားသည့်ပုံအား ရှင်းပြပေးရန်ပြောပါ။ ရှင်းပြခြင်းစီစဉ်ပြီးဆုံးသည့်အခါတွင် ထိုပုံများအား သင်တန်းသူ/သားများမှ ထပ်ပေါင်းထည့်ချင်သည့်အရာ/ထုတ်နုတ်ချင်သည့်အရာများ ရှိမရှိမေးမြန်းပါ။
အဆင့် ၄ = ခေါင်းစဉ်တိုင်းအား အပြီးသတ်ပါ။ သတိပြုမိစေရန် နံရံတွင်ကပ်ထားပါ။

**ဒရမ်ရိုက်တံ**

အဆင့် ၁ = သင်တန်းသူ/သားများအာ ၄ဖွဲ့ခွဲပါ။ စာရွက်ထိပ်တွင် ဆောင်ရန် ရေးထားသည့် ဖလစ်ချပ်စာရွက် တစ်ရွက်စီအား အဖွဲ့၂ဖွဲ့သို့ပေးပါ။ အခြားသော ၂ဖွဲ့အား ရှောင်ရန်ရေးထားသည့် ဖလစ်ချပ်စာရွက် တစ်ရွက်စီ ပေးပါ။

အဆင့် ၂ = သင်တန်းကာလတလျောက်လုံး သင်တန်းသူ/သားများမှ လိုက်နာရန် သဘောတူထားသည့် ကတိက ဝတ်များအား ဆောင်ရန်အဖွဲ့မှ ချရေးရန်ပြောပါ။ ရှောင်ရန်အဖွဲ့အား သင်တန်းတလျောက်လုံးတွင် မပြုလုပ်ရန် အ ချက်အလက်များအား စဉ်းစား တိုင်ပင်၍ချရေးရန်ပြောပါ။ အဖွဲ့၂ဖွဲ့စလုံး ၅မိနစ်အချိန်ယူ၍ စဉ်းစားတိုင်ပင်ပါ။

အဆင့် ၃ = ၅မိနစ်ပြည့်သည့်အခါတွင် ဆောင်ရန်အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးအား ဆွေးနွေးတိုင်ပင် အကျဉ်းချုံး တင်ပြရန်ပြော ပါ။ အကယ်၍ အခြားသော ဆောင်ရန်အဖွဲ့မှ မိမိတို့ဆွေးနွေးရေးသားထားသည်နှင့် တူခဲ့ပါက အဖွဲ့ဝင် များမှ စားပွဲအား တုတ် (ဝါ) မာကာများဖြင့် ခေါက်ပါ။ (အကယ်၍ ဒရမ်ရိုက်တံ မရှိပါက၊ သင်တန်းသူ/သားများအား လက်ခုပ်တီးပေးရန် ပြောပါ) အခြားသော ဆောင်ရန်အဖွဲ့မှ ထပ်ပေါင်းထဲ့ခြင်းဖြစ် သင်တန်းသူ/သားများ၏ ဆောင်ရန် ရေးသားခြင်းအစီအစဉ်ကို အဆုံးသတ်ပါ။

အဆင့် ၄ = အဆင့် ၃ ၏လုပ်ဆောင်ချက်အတိုင်း ရှောင်ရန်အဖွဲ့များအား လုပ်ရန်ပြောပါ။

အဆင့် ၅ = သင်တန်းသူ/သားများမှ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များအား သဘောတူအဆုံးသတ်ပြီးသည့် အခါတွင် ဖလစ်ချပ်စာရွက်များအား အားလုံးမြင်သာစေရန် နံရံတွင်ကပ်ထားပါ။

# အပြုသဘောဆောင်သည့် သုံးသပ်ချက်ပေးခြင်း

သင်ယူသည့်ဖြစ်စဉ်တွင် အပြုသဘောဆောင်သည့် သုံးသပ်ချက်ပေးခြင်းသည် အရေးပါသည့်ကဏ္ဍဖြစ်သည်။ ၎င်းသည်မိမိ၏ လုပ်ဆောင်ချက်အား ထင်ဟပ်ပေါ်လွင်စေခြင်း၊ အပြုအမူကောင်းရရှိစေရန် တွန်းအားသဖွယ်ဖြစ်နေခြင်း နှင့် မည်သို့တိုးတက်အောင်လုပ်ဆောင်ရမည်ကို မီးမောင်းထိုးပြလျက်ရှိပါသည်။ သင်တန်းပို့ချသူအနေဖြင့်၊ သုံးသပ် ၃ မျိုးအား သိထားရပါမည်။ အကောင်းမြင်သည့် သုံးသပ်ချက်ဖြင့် သင်တန်းသူ/သားများအား ပြောကြားခြင်း၊ ငြင်းဆို ချက်ပါဝင်သည့် သုံးသပ်ချက်ဖြင့် သင်တန်းသူ/သားများအား ပြောကြားရန်လိုအပ်ခြင်း နှင့် သင်တန်းသူ/သားများထံမှ ရရှိသည့် သုံးသပ်ချက်စသည်တို့ဖြစ်သည်။ သင်၏ ပြောဆိုတင်ဆက်မှုများသည် ဖြေးဖြေးနှင့် ရှင်းလင်းပြီး နားမကြား သူများအတွက် ဘာသာပြန်ထားရှိစေရေးကို သေချာစေရမည်ဖြစ်သည်။

အကောင်းမြင်သည့် သုံးသပ်ချက်ပေးခြင်း

ယေဘုယျအားဖြင့် အကောင်းမြင်သည့် သုံးသပ်ချက်သည် ငြင်းဆိုချက်ပါဝင်သည့် သုံးသပ်ချက်ထက် ၃ဆသာလွန်၍ ထိရောက်မှုရှိပါသည်။ အကောင်းမြင်သည့် သုံးသပ်ချက်ပြောကြားရာတွင် အဓိကပြဿနာ ၃ရပ်မှာ – လျှော့ပေါ့ လုပ် ဆောင်သည့်အခါတွင် သော်၎င်း၊ တိုး၍ လုပ်ဆောင်သည့်အခါတွင်သော်လည်းကောင်းနှင့် မရိုးသားသည့်အခါတွင်သော်လည်းကောင်းတို့ဖြစ်သည်။ အထောက်အကူပြုသည့် အောက်ပါလမ်းညွှန်များမှာ –

- အခြားသောသူအား နားလည်အောင်ဆောင်ရွက်ပါ။ ထိုသူသည် မိမိနှင့် မည်မျှလောက်ကွာခြားသွားသလဲ၊ မကြာခဏဖြစ်တာလား၊ ချီးမွမ်းပြောဆိုခြင်းကို ဘယ်ပုံစံမျိုးနဲ့လက်ခံလေ့ရှိသလဲ။
- ချီးမွမ်းပြောဆိုခြင်းအား မကြာခဏ နှင့် မှမမှန် သည့်ပုံစံ ဖြင့်မပြောရပါ။ အလွန်အကျူးမလုပ်ရပါ။
- မှန်မှန်ကန်ကန် နှင့် ရိုးရိုးသားသား ဖြစ်ရပါမည်။
- လူသိရှင်ကြားပြောဆိုပြီးသည်လည်း ဖြစ်နိုင်ပါသည်၊
- ဖြစ်နိုင်မည်ဆိုပါက ချီးမွမ်းထိုက်သည့် အပြုအမူဆောင်ရွက်သည့်အခါနှင့် အနီးစပ်ဆုံးဖြစ်အောင်ပြောဆိုပါ။
- အထူးသဖြင့်ငြင်းဆိုချက်ပါဝင်သည့် အကောင်းမြင်သုံးသပ်ချက်များအား အထင်မသေးရန်လိုအပ်ပါသည်၊
- စကားရွေးချယ်ရာတွင် သတိပြုရန်နှင့် အပြုသဘောဆောင်ရပါမည်။ (ကောင်း) သည်ဟုပြောရန်ကြိုးစားသည့် အခါတွင် (မဆိုးပါဘူး) ဟု မပြောရန်လိုပါသည်။

**ငြင်းဆိုချက်ပါသည့် သုံးသပ်ချက်ပေးခြင်း**

သုံးသပ်ချက်ပေးသည့်အခါတွင် အဓိကပြဿနာမှာ အစီစဉ်တကျဖြစ်ခြင်းပင်ဖြစ်သည်၊ အာရုံခံစားမှုအပြည့်အဝဖြင့် ပြီးဆုံးရပါမည်၊ အဆိုးမြင်သည့် တုန့်ပြန်ချက်ဖြင့် အခြားသူအား လွှမ်းမိုးမိမည့်အပြုအမူအားရှောင်ရှားရန်လိုအပ်ပါ သည်။ ကြိုတင်ပြင်ဆင်ခြင်းမှာ အရေးကြီးပါသည်။ အထောက်အကူပြုသည့် အောက်ပါလမ်းညွှန်များမှာ –

- သုံးသပ်ချက်မှာ အပြုသဘောဆောင်ရပါမည်။ ဖျက်လိုဖျက်ဆီးမမြင်ရပါ။ သင်တန်းသူ/သားအား ပြောင်းလဲလုပ်ကိုင်ချင်လာအောင်နှိုးဆော်ပေးရပါမည်။ ပြောင်းလဲလုပ်ကိုင်နိုင်ကြောင်း အသိပေးရပါမည်၊
- ငြင်းဆိုချက်ပါဝင်သည့် သုံးသပ်ချက်အားပေးမည့်အခါတွင် ပုဂ္ဂလိကဆန်ခြင်း နှင့် အခြားသူမှ အဆင်သင့်ဖြစ်နေကြောင်း သေချာရန်လိုအပ်ပါသည်၊ သုံးသပ်ချက်အားလက်ခံမည့်သူ၏ စိတ်ခံစားမှုအား သင် သတိပြုရန်လိုအပ်ပါသည်၊
- အဘယ့်ကြောင့် ငြင်းဆိုချက်ပါသည့်သုံးသပ်ချက်ပေးရသည် ဆိုသည်ကိုရှင်းရှင်းလင်းလင်းသိထားရပါမည်။ အကယ်၍ သင်ကနေမှအမှန်ကိုပင် ကူညီဆောင်ရွက်ပေးနေကြောင်းသေချာပါက၊ ရှေ့ဆက်လုပ်ဆောင်ပါ။ အကယ်၍များထောက်ပြသည်ဆိုပါက သုံးသပ်ချက်မှာ အထောက်အကူပြုမည် မဟုတ်ပါ။ ၎င်းမှာ သုံးသပ်ခံရသူ၏ အ ကျိုးအမြတ်အတွက်သာ ဖြစ်ပြီး သင့်အတွက်ဖြစ်လာမည် မဟုတ်ပါ။
- သုံးသပ်ချက်ပေးသည့်အခါတွင် အပြုအမူကိုပေါ်လွင်အောင်ပြောခြင်းနှင့်အတူ ထိုအပြုအမူပေါ်၌ တုန့်ပြန်ပြောဆိုပါ။

တိကျမှန်ကန်မှုရှိပြီး ပုဂ္ဂိုလ်ရေး ဝေဖန်ပြောကြားခြင်းအားရှောင်ရှားပါ။ ဥပမာ။ ။ (သင်သည်ကျွန်ုပ်အား အမြဲတစေစောင့်ယှက်လို့ တကယ်ကိုတုန်လှုပ်စေတယ်) စသည်ဖြင့်မပြောပါနှင့်။ သင်သည်ကျွန်ုပ်အား နှောင့်ယှက်ပြီးတဲ့အခါမှာ ကျွန်ုပ်ကိုသင်က မလေးစားဘူးလို့ခံစားရတယ်၊ အဲဒါက ကျွန်ုပ်ကိုစိတ်ဆိုးစေပါတယ်) စသည်ဖြင့် ပြောဆိုပါကကောင်းလိမ့်မည်။

- သင် ပင်ကိုစရိုက်အားမပြောင်းလဲနိုင်ပါ။ အမူအကျင့်အား သင်ပြောင်းလဲနိုင်ပါ သည်။
- သုံးသပ်ချက်အား အနည်းငယ်သာပေးပါ။ စိတ်ထဲတွင် သိမ်းမထားပါနှင့်၊ အခြားသူအား ဝန်ထုပ်ဝန်ပိုးမဖြစ်ပါစေနှင့်။ ပုံမှန်အားဖြင့် တကြိမ်လျှင် ပြင်းဆိုချက်ပါသည့် သုံးသပ်ချက် ၂ (ဝါ) ၃ မျိုးပေးလျှင်လုံလောက်ပါသည်။
- အပျက်သဘောဆောင်သည့် မှတ်တမ်းနှင့် အစပြုခြင်းကိုရှောင်ရှားပါ။ အကောင်းမြင်သည့် အပြုသဘောဆောင်သော မှတ်တမ်းဖြစ်သာ အမြဲအဆုံးသတ်ပါ။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သင်၏ မိမိကိုယ်မိမိ ယုံကြည်မှုတည် ဆောက်ရာလည်းရောက်ပါသည်။
- ရိုးသားစွာ ချီးမွမ်းပြောဆိုခြင်းဖြင့် အပြုသဘောတွန်းအားပေး၍ ဆန္ဒပြုသည့်အမူအကျင့်အားရရှိအောင်လုပ် ဆောင်ပါ။

**သုံးသပ်ချက် ရယူခြင်း**

သုံးသပ်ချက်ရယူခြင်းသည် ပေးဝေခြင်းကဲ့သို့ ရံဖန်ရံခါတွင်ခက်ခဲပါသည်။ သို့ပေမယ့်လည်း သင်တန်းဆရာအဖြစ် ဘယ်လောက်ကောင်းမွန်အောင် လုပ်ခဲ့ပါသည်ဆိုသည့်သုံးသပ်ချက်ကျွန်ုပ်တို့သိရှိရန်အရေးကြီးပါသည်။

- သင်တန်းသူ / သားများ၏ခံစားချက်နှင့် အပြုအမူတို့အား စိတ်အားထက်သန်စွာနားလည်အောင် နားထောင်ပါ။
- ခုခံပြောဆိုခြင်း နှင့် စိတ်ဆတ်ခြင်းတို့ကိုရှောင်ရှားပါ။ ချက်ခြင်းလက်ငင်း ရှင်းလင်းခြင်း နှင့် မှုတခြောင်းပြောဆို ခြင်းအားမပြုလုပ်ပါနှင့်။
- အခြားသူမှပြောဆိုသည်ကို စဉ်းစားပါ။ အခြားသူဘက်မှရပ်တည်၍ အခြေအနေကိုမြင်အောင်ကြည့်ပါ။
- အကယ်၍သင့်လျော်သောဝေဖန်ပိုင်းခြားခြင်းဖြစ်လျှင် ရှင်းလင်းတိကျမှုဖြစ်စေရန်မေးမြန်းပါ။
- သင့်လျော်ပါက သုံးသပ်ချက်အားလက်ခံပါ။ မိမိကိုယ်မိမိပြောင်းလဲရန် မိမိကိုယ်တိုင်အကြံပြုခြင်းဖြင့် စတင်ပါ။
- သင့်လျော်ပါက ရွေးချယ်စရာအနေနှင့် မဟုတ်ဘဲ မိမိ၏အချက်အလက်ဖြင့်ဝေဖန်ပိုင်းခြားထားသည်ကိုစမ်းစစ်ပါ။ ဖြေးဖြေးညင်သာရှိပါစေ။
- အကယ်၍ သုံးသပ်ချက်မှာ အကောင်းမြင်ခြင်းဖြစ်ပါက ပျော်ရွှင်လိုက်ပါ။ သင်သည် ထိုသုံးသပ်ချက်နှင့် ထိုက်တန် လို့ဖြစ်ပါတယ်။
- မည်သို့ပင်ဖြစ်စေ အခြားသူအား ကျေးဇူးတင်ပါ။ ထိုသို့ပြုမှုခြင်းမှာ သင့်အား အခြားသောသူမှ သုံးသပ်ချက်ပေးရန် လွယ်ကူရာရောက်ပါသည်။

## ဂိမ်းကစားရာတွင် ပံ့ပိုးပေးခြင်း

မည်သည့်သင်တန်းတွင်မဆို ဂိမ်းကစားခြင်းသည် အရေးပါသည့်အစိတ်အပိုင်းဖြစ်သည်။

- နေ့ရက်တိုင်းရှိ လူသားများ၏အလေးထားမှုအား အာရုံစူးစိုက်ရာရောက်ခြင်း
- တစ်ဦးနှင့် တစ်ဦးရင်းနှီးမိစေခြင်း နှင့် အစီအစဉ်အစမှာပင် သက်တောင့်သက်သာရှိခြင်း
- အစီအစဉ်ရှိအကြောင်းအရာများနှင့် ချိတ်ဆက်မိသွားခြင်း
- အဖွဲ့အတွင်း အားအင်ပြည့်ဝမြင့်မားလာခြင်း၊ အထူးသဖြင့် အဖွဲ့သားများပင်ပန်းလာသည့်အခါ နှင့် ပြန်လည်နိုးကြားလာစေရန် လုပ်ဆောင်အတိုအတွာများလိုအပ်လာသည့်အခါ
- သင်တန်းသူ/သားများအကြား အပေးအယူရှိစေရန်နှင့် ယုံကြည်မှုရှိစေရန် အားပေးရာခြင်း
- ထိရောက်သော အဖွဲ့လိုက်လုပ်ဆောင်မှုအား အားပေးရာရောက်ခြင်း
- သင်တန်းသို့ဒီမောစရာနှင့် ပျော်ရွှင်ဖွယ်ရာများ သယ်ဆောင်လာခြင်း စသည်တို့ကိုအထောက်အကူပြုပါသည်။

**သင်အနေနဲ့ ဂိမ်းကစားခြင်းကိုပြုလုပ်သင့်ပါတယ်။**

- နေ့ရက်တိုင်း၏ အစတွင်
- နေ့ခင်းထမင်းစားပြီးချိန်နှင့် လွှက်ရည်သောက်ပြီးချိန်တို့တွင် အစာခြေနေသောကြောင့် အားအင်လျော့နည်းတတ်သဖြင့် ချက်ချင်းကစားရန်
- သင်တန်းအစတွင် တစ်ဦးနှင့် တစ်ဦး ရင်းနှီးမှုရရှိစေသည့်အခါတွင်
- ဆွေးနွေးမှု မစမီ (ဝါ) ပြီးသည့်အခါမျိုး၌ သင့်အနေနဲ့သံနေသံထားပြင်ဆင်လိုသည့်အခါတွင်
- နေရာထိုင်ခင်းပြင်ဆင်ရန်အတွက် သင်တန်းသူ/သားများ၏အာရုံအား နောက်ပြန်ဆွဲလိုသည့်အခါတွင်
- သင်ခန်းစာ၏ရည်ရွယ်ချက်အား ပြောကြားလိုသည့်အခါတွင် - လူထုနှင့် ချိတ်ဆက်ခြင်းသင်ခန်းစာ မတိုင်မီ လူထုအစုအဝေးလေ့ကျင့်ခန်းလုပ်ဆောင်ခြင်း

**ဂိမ်းကစားသည့်အခါတွင် စိတ်တွင်မှတ်သားထားရမည့်အရာများ**

- အစီအစဉ်နှင့် ဆက်စပ်သည့် ဂိမ်းကစားပါ။
- မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်ရန် သတိထားပါ။ အသံကို နားထောင်၍ ဆောင်ရွက်ရသောကြောင့် နားမကြားသူများ မပါဝင်နိုင်သည့် ဂိမ်းကစားနည်းမျိုး သို့မဟုတ် ရုပ်ပုံကားချပ်ပေါ်တွင် လုံးလုံးလျားလျား အခြေခံထားသောကြောင့် မျက်မမြင်များ မပါဝင်နိုင်သည့် ကစားနည်းများကို အသုံးမပြုပါနှင့်။ ထို့အပြင် ရွေ့လျား သွားလာနိုင်မှုအတွက်ကိုလည်း သတိထားရမည်ဖြစ်ပါသည်။
- အစီအစဉ်အားသက်ဝင်လှုပ်ရှားမှုတိုးမြင့်လာစေရန်အတွက် ဆန်းသစ်တီထွင်ရသည့် ဂိမ်းအား ဖြည်းဖြည်း မှန်မှန် ကစားပါ။ သင်တန်းသူ/သားများ၏အမြင်အာရုံ၊ အကြားအာရုံ (ဝါ) ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများအတွက် အမြဲစဉ်းစားပါ။ ထိုသူများ ပါဝင်နိုင်ရန်အတွက် သင့်အနေနဲ့ ကစားနည်းတွေကို ပြင်လိုက်ရတာမျိုးရှိနိုင်ပါတယ်။
- ရိုးရှင်း၍ မြန်ဆန်သော ကစားနည်းဖြစ်ရပါမည်။ - အားလုံးသွက်သွက်လက်လက်ရှိလာစေရန် သင့်အနေနဲ့ ၁ (ဝါ) ၂ မိနစ်လောက်လိုနိုင်ပါသည်။
- အဖွဲ့တွင်းတွင် အခြားသူထံမှ သင်ယူရရှိသည်ကို မျှဝေပေးရန် အားပေးပါ။ ၎င်းမှာ တစ်ဦးကို တစ်ဦး ရင်းနှီးမှုရရှိ စေပါသည်။ အခြားသောသူများရှေ့တွင် ပြောကြားခြင်းကို လေ့ကျင့်ပါ၊ အခြားသောသူများကြားရသည်ကိုသေချာ ပါစေ။ အကယ်၍ သင်တန်းသူ/သားများမှ မလိုလားပါက သင်တန်းသူ/သားများအား မိမိ၏ကိုယ်ရေးကိုယ်တာအား မမျှ ဝေခိုင်းပါနှင့်။
- သင့်လုပ်ဖော်ကိုင်ဖက် သင်တန်းနည်းပြနှင့်လေ့ကျင့်ခြင်းပါ။ ထို့ဖြင့် ကစားနည်းများကစားရာတွင် သင့်အနေနဲ့သက်တောင့်

သက်တာရှိပါလိမ့်မည်။

- ကစားရန်မလိုအပ်ဘူးလို့ သင်ထင်ပါက၊ ကစားရမှာဘဲ ဆိုပြီး မတွေးလိုက်ပါနဲ့။
- ပျော်ပျော်ရွှင်ရွှင်ရှိရမယ် ဆိုတာကို သတိတရရှိပါ။

## ပြန်လည်လန်းဆန်းစေရန်အတွက် ဂိမ်းကစားခြင်းအစီအစဉ်များ

**မှတ်ဉာဏ်ဂိမ်းကစားနည်း**

စက်ဝိုင်းပုံသဏ္ဍာန်အတွင်းရှိသောသူများသည် (အသံ သို့မဟုတ် လက်သင်္ကေတ ကို အသုံးပြု၍) ငယ်စဉ်ကြီးလိုက် အမှတ်စဉ်ရေတွက်ပါ။ ထိုသို့ရေတွက်ရာတွင် အမှတ်စဉ် ၅ နှင့် ၇ တွင်ရှိသော သူများမှာ အသံထွက်ရေတွက်ခြင်း/လက်သင်္ကေတပြသခြင်း မပြုဘဲ လက်ခုပ်တီး၍ အသံပေးခြင်းဖြင့် သာပါဝင်ရပါမည်။ ထိုသို့ စက်ဝိုင်းပတ်ရေတွက်ရာမှ မှားယွင်းပါက ထိုမှားယွင်း ရေတွက်မိသူမှာ စက်ဝိုင်းမှာ ထွက်ခြင်းဖြင့် ကစားသော ကစားနည်းဖြစ်သည်။

**စာနာစိတ်ကိုအဖွဲ့ဝင်များအကြားဖော်ပြခြင်း ကစားနည်း**

ဝိုင်း၍ ရပ်နေသော လူစုထဲတွင် တစ်ဦးချင်းစီမှ စရည်းသံများ စုတ်ထိုးသံများကို မိမိတို့ လက်ရှိစိတ်ထဲမှာရှိနေသည့် အတိုင်း တစ်ချိန်တည်းပြုလုပ်ပါ။ လူဝိုင်းထဲတွင် ၎င်းအမူအယာများကို အချင်းချင်း ရောင်ပြန်ဟပ်နိုင်သည်။ ထိုသို့ပြုလုပ်နည်းအတိုင်း အခြားသောလေ့ကျင့်ခန်းများဖြင့် ပြုလုပ်နိုင်သည်။

**မှသားဖြူ/ အမှန်သုံးခု အမှားတစ်ခု**

အုပ်စုငယ်များအတွင်းရှိ လူအသီးသီးသည် ၎င်းတို့နဲ့ သက်ဆိုင်တဲ့ အကြောင်းအရာ လေးမျိုးကို ချရေးပါ။ ထိုအထဲတွင် မှားသော အကြောင်းအရာတစ်ခုပါဝင်ပါစေ။ ရေးသားပြီးသောအကြောင်းအရာများကို အခြားသူဖက်သို့ပြသပြီး ဘယ်ဟာကအမှားဖြစ်သလဲဆိုတာ ဆုံးဖြတ်နိုင်းပါ။ ပြီးပါက အချင်းချင်းတွဲဖက်မှုဖျက်သိမ်းပါ။ အဖွဲ့ဝင်အချင်းချင်း ဘယ်အကြောင်းအရာက အမှားဖြစ်သလဲကို ခန့်မှန်းခိုင်းပါ။ ထို့နောက် မိမိနှင့် တွဲဖက်ဖော်အသစ်ကို လိုက်လံရှာဖွေပါ။

**စုံထောက်ရှားလော့ဟုမ်း ကစားနည်း**

အုပ်စုငယ်အတွင်း လူတစ်ဦးစီကို ၎င်းတို့၏ အိတ်ကပ်၊ လက်ဆွဲအိတ် သို့မဟုတ် ပိုက်ဆံအိတ်အတွင်းမှာ အရာဝတ္ထု (၃) ခုအား ယူခိုင်းပါ။ (၅) မိနစ်အတွင်း တစ်ဦးနှင့်တစ်ဦး အချင်းချင်း ယူခဲ့သော ပစ္စည်းများအား ခန့်မှန်းခိုင်းပါ။

**အရွယ်အစားတွဲစပ်ခြင်း ဂိမ်း**

အဖွဲ့နှစ်ခုခွဲပါ။ တစ်ဖွဲ့ကို မှုလီခေါင်းတစ်ခုပေး၍ တစ်ဖွဲ့ကို မှုလီတစ်ခုပေးပါ။ အဖွဲ့ဝင်များမှ မိမိတို့ မှုလီခေါင်း မှုလီတို့နှင့် ဝတ်သော မှုလီ သို့မဟုတ် မှုလီခေါင်းများကို ရှာဖွေရမည်။

**လက်ခုတ်သံဖလှယ်ခြင်း ကစားနည်း**

သင်တန်းသားများကို ဝိုင်း၍ရပ်နိုင်းပါ။ သင့်ညာဘက်မှလူဘက်ကို လှည့်၍လက်ခုပ်တစ်ချက်တီးပါ။ ၎င်းလူမှနေ၍ သူ၏ညာဘက်တွင်ရှိသော လူဘက်ကိုလှည့်၍ လက်ခုပ်တစ်ချက်စီတီးပါစေ။ ထိုနည်းသို့ ညာဘက်လှည့်၍ လက်ခုပ်တီးခြင်းကို အစဉ်တစ်ဆက် မြန်နိုင်သမျှမြန်မြန်လုပ်ခိုင်းပါ။ တစ်ချိန်တည်းတွင် လက်ခုပ်လှည့်တီးခြင်းကို အဝိုင်းထဲတွင် ပုံစံအမျိုးမျိုးသုံး၍ တီးနိုင်းပါ။

**လူသူကင်းမဲ့သောကျွန်းပေါ်တွင်ရောက်ရှိခြင်း ကစားနည်း**

ပါဝင်သူများကို အဖွဲ့ (၅) ဖွဲ့သို့ မဟုတ် (၆) ဖွဲ့ခွဲထုတ်ပါ။ ၎င်းတို့အား လူသူမနီးသော ကျွန်းတစ်ခုတွင် သောင်တင်နေကြောင်း စိတ်ကူးပုံဖော်နိုင်းပြီး ၎င်းတို့နှင့်အတူရှိရမည့် အရာဝတ္ထု (၅) မျိုးအတူ ရွေးချယ်ရန် ပြောပါ။ သတိပြုရန်မှာ အဖွဲ့တိုင်းမှ ရွေးချယ်လိုက်သော အရာဝတ္ထု (၅) မျိုးသည် တစ်ဦးတစ်ယောက်၏ ဆန္ဒမဟုတ်ဘဲ အဖွဲ့သားအားလုံး၏သဘောတူညီချင်ဖြင့် ရွေးချယ်ရမည်။ ထို့နောက် အဖွဲ့တိုင်းသည် ၎င်းတို့ ရွေးချယ်ခဲ့သော ပစ္စည်း (၅) မျိုးနှင့် ရွေးချယ်ရသည့်အကြောင်းရင်းကို အခြားသူများအား ပြောဆိုပါ။

**တိရိစ္ဆာန်စုဝေးခြင်းကစားနည်း**

ပါဝင်သူများအား ၎င်းတို့အနှစ်သက်ဆုံး တိရိစ္ဆာန်ကို စဉ်းစားခိုင်းပါ။ ထို့နောက် ပါဝင်သူများမှ စကားမပြောပဲ အကြီးဆုံး တိရိစ္ဆာန် အုပ်စု နှင့် အသေးဆုံး တိရိစ္ဆာန် အုပ်စုကို ၎င်းတို့ကိုယ်တိုင်အုပ်စု ဖွဲ့ပါ။ ထိုသို့ ပြုလုပ်ရာတွင် ၎င်းတို့ စဉ်းစားထားသည့် တိရိစ္ဆာန်တို့၏ အသံ သို့မဟုတ် လှုပ်ရှားပုံဖြင့်သာ အချင်းချင်း အုပ်စုဖွဲ့ရမည်။ အုပ်စုဖွဲ့ခြင်းပြီးဆုံးပါက အုပ်စုအတွင်းပါဝင်သူများက တန်းစီပြီး ဘယ်တိရိစ္ဆာန်ကို ဖြစ်နိုင်ပါက သွားကြည့်ချင်ကြောင်းပြောဆိုပါ။

**သင့်ခရီးဆောင်အိတ်ကို ထုတ်ပိုးခြင်းကစားနည်း**

သင်တန်းသား တစ်ယောက်စီကို စက္ကူကဒ်နှစ်ခုစီပေးပါ ကဒ်တစ်ခုတွင် ၎င်းတို့ ခရီးသွားသည့်အခါ ထည့်ယူမည့် အရာတစ်ခုနှင့် အခြားကဒ်တစ်ခုတွင် ခရီးသွားသည့်အခါ ထည့်မယူသည့် အရာတစ်ခုကို ရေးခိုင်းပါ။ ထို့နောက် ၎င်းကဒ်အားလုံးကို ခြင်းတောင်း သို့မဟုတ် ခွက်တစ်ခုခုတွင် ထည့်ပြီး ရောမွှေ၍ တစ်ယောက်လျှင် ကဒ်နှစ်ခုစီပြန်နှိုက်ယူရန်ပြောပါ။ ထို့နောက် ၎င်းတို့သည် အခြားလူများထံသွား၍ ၎င်းတို့ကဒ်တွင်ပါသည့်အရာများကို ပြော၍ မိမိထည့်ယူလိုသည့်အရာများကို အချင်းချင်းလဲလှယ်ပြီး ကုန်သွယ်ခိုင်းပါ။ အချိန်ပြည့်ပါက သင်တန်းသားအချို့ကို ၎င်းတို့ရရှိသည့် ကဒ်နှစ်ခုအကြောင်း ပြောဆိုခိုင်းပါ။

**စိတ်တူကိုယ်တူ ရှာကြမယ်**

ပါဝင်သူများအား အဖွဲ့ဝင် (၄) ဦး သို့မဟုတ် (၅) ဦး ပါဝင်သော အဖွဲ့ငယ်များဖွဲ့လိုက်ပါ။ ထို့နောက် အဖွဲ့ငယ်အတွင်း ပါဝင်သူများသည် ၎င်းတို့ကိုယ်တိုင်လည်း သဘောတူညီပြီး အဖွဲ့အားလုံးနှင့် ဝေမျှလိုသော အရာဝတ္ထု (၃) မျိုးအား ရှာဖွေရမည်။

**အစုလိုက်တွဲပါ ကစားနည်း**

ပါဝင်သူများအား အနည်းဆုံး (၂)ပေခန့်ခြား၍ မတ်တပ်ရပ်ပါ။ ပါဝင်သူများအား သင်သည် ဂဏန်းတစ်ခုအား ခေါ်မည်ဆိုပါက သင်ခေါ်လိုက်သည့်ဂဏန်းအရေအတွက်အတိုင်း ပါဝင်သူများ အချင်းချင်းအုပ်စုများဖွဲ့ခိုင်းပါ။ အချို့သောအဖွဲ့များသည် သင်ခေါ်လိုက်သော အရေအတွက် မဟုတ်ပါက အဖွဲ့ဝင်များအား ကစားပွဲမှ ထုတ်ပယ်ပါ။ ဆက်လက်၍ဂဏန်းထပ်မံခေါ်ဆိုခြင်းဖြင့် နောက်ဆုံးတွင် အနိုင်ရသူ (၂)ဦးရှိသော အဖွဲ့တစ်ခုသာ ကျန်ရှိပါလိမ့်မည်။ ဤသို့ဖြင့် အမျိုးသားနှင့် အမျိုးသမီးများ ပြိုင်ပွဲကဲ့သို့ လုပ်ဆောင်နိုင်ပါသည်။ အမျိုးသားများအားလုံး ထွက်သွားသည့်အခါ အမျိုးသမီးများအနိုင်ရနိုင်သလို အပြန်အလှန်အားဖြင့် အမျိုးသမီးများ ထွက်သွားသည့်အခါ အမျိုးသားများ အနိုင်ရနိုင်သည်။

**ဘောလုံးပစ် ကစားနည်း**

ဘောလုံးတစ်လုံး သို့မဟုတ် အရာဝတ္ထုတစ်ခုအား တစ်စုံတစ်ဦးကို ပစ်ပေးပြီး ယခင်ရက်များမှ လေ့လာခဲ့သော အရေးကြီးသည် – အကြောင်းအရာများ သို့မဟုတ် အတောပိုင်းအခန်းများအား ပြောဆိုခိုင်းပါ။ (မျက်မမြင် / အမြင်အာရုံ မသန်စွမ်းသူများအား ပါဝင – မှုရှိစေရန်ကို သတိထားပါ) အဆိုပါလူမှ အခြားသူတစ်ဦးထံ ဘောလုံးပစ်ပေးပြီး ပုံစံတူပြုလုပ်ပါ။ ထိုသို့ကစားခြင်းကို လိုသလို အချိန်အတို / အရှည်ပြုလုပ်ပြီး ကစားနိုင်ပါတယ်။

# သင်ရိုး (၂)

| သင်ရိုး (၂)<br>အခန်း – ၁။ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (UNCRPD) နှင့် နိုင်ငံတကာ လူ့အခွင့်အရေး ကြေငြာစာတမ်း | |
|---|---|
| **သင်ရိုးဖော်ပြချက်**<br><br>စုစုပေါင်းကြာချိန် | ယခုသင်ခန်းစာသည် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(UNCRPD)အား နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းများနှင့်ချိတ်ဆက်လျက် မည်ကဲ့သို့ အသုံးပြုနိုင်ကြောင်းကို သင်တန်းတက်ရောက်သူများအနေဖြင့် ဗဟုသုတတိုးပွားလာစေရန် သင်ကြားသွားမည်ဖြစ်ပါသည်။<br><br>၉၀ မိနစ် |
| လေ့လာမှုရလဒ် | သင်တန်းတက်ရောက်သူများအနေဖြင့် မသန်စွမ်းသူများသည် နိုင်ငံ<br>နိုင်ငံတကာ သဘောတူစာချုပ်များနှင့် ဥပဒေရေးရာ မူဘောင်များတွင် မည်ကဲ့သို့<br>မည်ကဲ့သို့ ပါဝင်နေသည်ကို သိရှိလာမည်။ |
| သင်တန်းတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ နှင့် ရင်းမြစ်များ | အပိုဒ်( ၂၉ ) နှင့် အပိုဒ် ( ၁၂ ) အတွက် CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များ<br>နိုင်ငံတကာ ဥပဒေမူဘောင်များ<br>- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း<br>- CRPD<br>- အတွဲဆက် ကစားနည်း<br>- စာရွက်အကြီးများ<br>- မာကာများ |

| | |
|---|---|
| [ ၆၀ မိနစ် ] | **အဆင့် ၁** = သင်ပုန်းပေါ်တွင် "အခွင့်အရေးများ" နှင့် "တာဝန်များ" ဟုရေးသား၍ **သင်တန်းကို အစပြုပါ။**<br><br>"အခွင့်အရေးများ" နှင့် "တာဝန်များ" ဟူသော စကားရပ်များကို သင်တန်းတက်ရောက်သူများ ကြားဖူးခြင်း ရှိမရှိ မေးမြန်းပါ။ ပြန်လည်ဖြေကြားမှုများကို ညှိနှိုင်းဆွေးနွေးပေး၍ စာရွက်ကြီးပေါ်တွင် ဆွေးဆွေးနွေးမှုမှ ထွက် ပေါ်လာသော အမြင်များ၊ စကားစုများကို ရေးသားပါ။<br><br>**အောက်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို စာရွက်ကြီးပေါ်တွင် ရေးသားပါ။**<br><br>အခွင့်အရေးများ- ကာကွယ်ပေးရမည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်။ မည်သူမည်ဝါဖြစ်ခြင်း သို့ မဟုတ် မည်သည့်နေရာတွင် နေထိုင်ခြင်း စသည့်အချက်တို့ နှင့် သက်ဆိုင်ခြင်းမရှိစေဘဲ လူတိုင်း ခံစားခွင့်ရှိသည့် အခွင့်အရေးဖြစ်သည်။ ထိုမှသာ တရားမျှတသော ကမ္ဘာကြီးတွင် လူတိုင်းနေထိုင်နိုင်မည်ဖြစ်သည်။<br><br>တာဝန်များ- လုပ်ဆောင်ရမည့် အရာများ သို့ မဟုတ် တစ်စုံတစ်ယောက်က လုပ်ဆောင်သင့်သည့် အရာများ<br><br>**အဓိကဆိုလိုရင်းကို ရှင်းပြပါ။** လူ့ အခွင့်အရေးများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ ကာကွယ်ခြင်းတို့ ကို လုပ်ဆောင်လျက်ရှိသော နိုင်ငံတကာ မူဘောင်များစွာရှိပါသည်။ ထိုမူဘောင်တို့ သည် လူ့ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ အစိုးရများ နှင့် လူ့ အဖွဲ့ အစည်းတို့ ၏ တာဝန်များ ကိုလည်း အဓိပ္ပါယ်သတ်မှတ်ပေးကြသည်။<br><br>"ခွဲခြားဆက်ဆံမှု" ဆိုသည်ကို သင်တန်းတက်ရောက်များအား မေးမြန်းပါ။ အဖြေများကို စာရွက်ကြီး ပေါ် တွင် ရေးသားပါ။<br><br>သင်တန်းတက်ရောက်သူများကို ရှင်းပြပါ။ ခွဲခြားဆက်ဆံခြင်း ဆိုသည်မှာ လူများအား အသက်အရွယ် ပေါ်တွင် အခြေခံ၍သော်လည်းကောင်း၊ လိင်စိတ်ခံယူမှုကွဲပြားခြင်းပေါ်တွင် အခြေခံ၍သော်လည်း ကောင်း၊ ကျား၊မဖြစ်မှု အပေါ်တွင် အခြေခံ၍သော်လည်းကောင်း၊ လူမျိုးပေါ်တွင် |

| | |
|---|---|
| | အခြေခံ၍သော်လည်းကောင်း၊ သို့ မဟုတ် အခြားအဆင့်အတန်းပေါ်တွင် အခြေခံ၍သော်လည်းကောင်း တရားမျှတမှု ကင်းမဲ့စွာ ဆက်ဆံခြင်းပင်ဖြစ်သည်။<br><br>သင်တန်းတက်ရောက်သူများကို ရှင်းပြပါ။ "ထပ်ဆင့်" ခွဲခြားဆက်ဆံခံရခြင်း ဟူသည်ကို ဥပမာ ပေးပြဆိုရလျှင် မသန်စွမ်းဖြစ်နေ သော အမျိုးသမီးများ သည် မသန်စွမ်းဖြစ်နေသော အမျိုးသား များထက်ပို၍ ခွဲခြားဆက်ဆံမှုကို ခံကြရ ခြင်းကို ဆိုလိုခြင်းဖြစ်သည်။<br><br>သင်တန်းတက်ရောက်သူများကို ရှင်းပြပါ။ လူ့ အခွင့်အရေးများနှင့် စပ်လျဉ်း၍ စိုးမိုးထားသည့် အဓိက နိုင်ငံတကာ မူဘောင်တစ်ခုမှာ အပြည်ပြည်ဆိုင်ရာ လူ့ အခွင့်အရေး ကြေညာစာတမ်း (UDHR) ပင်ဖြစ် သည်။<br>ကုလသမဂ္ဂအဖွဲ့ ဝင်နိုင်ငံတို့ သည်<br>အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အသိအမှတ်ပြုကြရသည်။<br><br>သင်တန်းတက်ရောက်သူများကိုပြောပါ။ ယခု မိမိတို့ သည်<br>အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေးကြေညာ စာတမ်းပါ အချက်များကို လေ့ လေ့လာကြမည်ဖြစ်သည်။<br><br>သင်တန်းတက်ရောက်သူများကို အဖွဲ့ ၅ ဖွဲ့ ခွဲပါ။<br>သင်တန်းတက်ရောက်သူများထံ ဝေငှထားသည့် လက်စွဲစာ အုပ်မှ<br>အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေးကြေညာစာတမ်း ပါ စာမျက်နှာ( ၁၈ )ကို ကြည့်ရှုစေပါ။<br><br>အဖွဲ့ တစ်ဖွဲ့ ချင်းစီသည် အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၆ ခုစီကို ဖတ်ရှုရမည်။ (အဖွဲ့ ၁ သည် အပိုဒ် ၁ မှ ၆ အထိ၊ အဖွဲ့ ၂ သည် အပိုဒ် ၇ မှ ၁၂ အထိ၊ အဖွဲ့ ၃ သည် အပိုဒ် ၁၃ မှ ၁၈ အထိ၊ အဖွဲ့ ၄ သည် အပိုဒ် ၁၉ မှ ၂၄ အထိ၊ အဖွဲ့ ၅ သည် အပိုဒ် ၂၅ မှ ၃၀ အထိ အသီးသီး ဖတ်ရှုရန် ဖြစ်သည်။)<br><br>အဖွဲ့ များသည် ၎င်းတို့ အတွက် သတ်မှတ်ထားသော အပိုဒ်များကို ဖတ်ရှုရန် နှင့် ထိုအပိုဒ်များ အကြောင်းကို အနှစ်ချုပ်ဖော်ပြနိုင်ရန် ၅ မိနစ်ရရှိမည်။<br>အပြည်ပြည်ဆိုင်ရာ လူ့ အခွင့်အရေးကြေညာ စာတမ်းတွင် ပါဝင်သော |

| | |
|---|---|
| | မသန်စွမ်းအခွင့်အရေးများ သို့ မဟုတ် မသန်စွမ်းသူများ၏ နိုင်ငံရေးပါဝင်မှု ဆိုင်ရာ အခွင့်အရေးများ နှင့် သက်ဆိုင်သည့် အချက်များကို အဓိကထား မီးမောင်းထိုးဖော်ပြရန် သင်တန်း တက်ရောက်သူများအား ပြောပါ။ ထို့ နောက် တစ်ဖွဲ့ စီသည် ၎င်းတို့ ၏ ဆွေးနွေးချက် အနှစ်ချုပ်ကို သင်တန်းသားအားလုံးရှေ့ တွင် တင်ပြရန် ၂ မိနစ်ရရှိမည်။<br><br>အပိုဒ် ၂ သည် ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ထားသည့် လူတစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆင့်အတန်း အမျိုးအစားများကို ဖော်ပြထားသည်။ ထိုအပိုဒ်တွင် မသန်စွမ်းဖြစ်မှုကို စကားလုံး အဖြစ် ဖော်ပြမထားသော်လည်း “အခြားအဆင့်အတန်း” ဟူသော စကားရပ်တွင် အကျုံးဝင် စဉ်းစားနိုင်သည်။<br><br>အပိုဒ် ၂၁ သည် အစိုးရကဏ္ဍတွင် ပါဝင်နိုင်သော အခွင့်အရေးကို ဖော်ပြထားပြီး လွတ်လပ်၍ တရားမျှ တပြီး ပုံမှန်ကျင်းပသော ရွေးကောက်ပွဲများတွင် ပါဝင်နိုင်ခွင့်ကိုလည်း ဖော်ပြထားသည်။ ရွေးကောက်ပွဲများ တွင် အားလုံးပါဝင်စေနိုင်ရန် မည်သည့်အရာများက ဖြစ်စေသည်၊ မသန်စွမ်းသူများ အနေဖြင့် ရွေးကောက် ပွဲများတွင် လွတ်လပ်စွာ လျို့ ဝှက်မဲများပေးနိုင်မည့် နည်းလမ်းအမျိုးမျိုး စသည်တို့ ကို သင်တန်း၏ နောက်ပိုင်း အချိန်များတွင် ဆွေးနွေးသွားပါမည်။ |

အပိုဒ် ၂၉ အရ လူတိုင်း၌ လူ့ အသိုက်အဝန်းနှင့် စပ်လျဉ်းသည့် တာဝန်များရှိသည်။ ထိုတာဝန်များ အနက် တစ်ခုမှာ အများပြည်သူဆိုင်ရာကဏ္ဍများတွင် ပါဝင်ခြင်းဖြင့် ဒီမိုကရေစီ လူ့ အဖွဲ့ အစည်းကို ဝိုင်းဝန်းကူညီ တည်ဆောက်ခြင်းပင်ဖြစ်သည်။

**ထုတ်နှုတ်ပြောဆိုပါ - UNCRPD သည် မသန်စွမ်းသူများ အခွင့်အရေးကို ကာကွယ်သော လူ့အခွင့်အရေး သဘောတူစာချုပ်တစ်ခုဖြစ်ပါသည်။** သင်တန်းသားတစ်ဦးအား UNCRPD သည် ၎င်းတို့၏ လူမှုဘဝနှင့် ဘယ်လို သက်ရောက်မှုရှိသည်ဆိုသည်ကို မျှဝေနိုင်းပါ။ ပုဂ္ဂိုလ်ရေးရာ သို့မဟုတ် အတတ်ပညာဆိုင်ရာမှ ဇာတ်လမ်းတစ်ပုဒ်ဖြစ်နိုင်သည်။ ၎င်းအား မျှဝေနိုင်ရန် ၂ မိနစ် အချိန်ပေးပါ။

**အဆင့် ၂ =** မြန်မာနိုင်ငံသည် မည်သည့်နှစ်တွင် UNCRPD အား လက်မှတ်ရေးထိုးခဲ့သလဲဆိုသည်ကို သင်တန်းသားများအား မေးမြန်းပါ။
***အဖြေ ፡ ၂၀၁၁***

**အဆင့် ၃ = (ထုတ်နှုတ်ပြောဆိုပါ)** UN အဖွဲ့ ဝင်နိုင်ငံများ၏ ၉၀% သည် UNCRPD အား လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း နှင့် ၎င်းသည် အားလုံး သဘောတူညီမှုရရှိရန် အနီးစပ်ဆုံးသော သဘောတူညီချက်များထဲမှ တစ်ခုဖြစ်သည်။

**အဆင့် ၄ =** အဖွဲ့ မှ သင်တန်းသားတစ်ယောက်အား UNCRPD ကော်မတီ၏ ဆောင်ရွက်ချက်ကို မေးမြန်းပါ။

***အဖြေ = UNCRPD*** *ကော်မတီသည် မသန်စွမ်းမှုကျွမ်းကျင်ပုဂ္ဂိုလ်များဖြင့် ရွေးချယ်ခန့်အပ်ထားသည့် ကော်မတီတစ်ခုဖြစ်ပြီး သဘောတူစာချုပ်အား လက်မှတ်ရေးထိုးထားသည့်နိုင်ငံများမှ UNCRPD အကောင်အထည်ဖော် ဆောင်ရွက်ချက် တိုးတက်မှုများကို ပြန်လည်သုံးသပ်ပါသည်။*

**အဆင့် ၅ = ထုတ်နှုတ်ပြောဆိုပါ)** CRPD ကော်မတီသည် လွတ်လပ်သော ကော ကော်မတီတစ်ခုဖြစ်ကြောင်း - UN အဖွဲ့ ဝင်နိုင်ငံများက ကော်မတီအနေဖြင့် လုပ်ဆောင်ရန် လမ်းညွှန်ချက်များ မပေးပါ။ UNCRPD အကောင်အထည်ဖော်ခြင်းများ အတွက် ပြန်လည်သုံးသပ်ရာတွင် ၎င်း၏ တာဝန်တစ်ရပ် အနေဖြင့် ကော်မတီသည် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးထားသော နိုင်ငံများမှ အပိုင်းအခြားအလိုက် အစီရင်ခံစာများအား စုဆောင်း ရယူရန် တာဝန်ရှိပါသည်။

**အဆင့် ၆ =** သင်တန်းတက်ရောက်သူများမှ တစ်ဦး/တစ်ယောက်က အစီရင်ခံစာပို့ခြင်းနှင့်ပါတ်သက်သည့်ဖြစ်စဉ်အား ဖော်ပြနိုင်ရန် မေးမြန်းပါ။ *(သင်တန်းဆရာအတွက် မှတ်စု - အဖွဲ့အတွင်းမှ အစီရင်ခံစာတင်ပို့ခြင်းဖြစ်စဉ်နှင့်ပါတ်သက်၍ ပြောပြနိုင်သည့်သူ တစ်ဦးမျှ မရှိနိုင်သည်လည်း ဖြစ်နိုင်သည်။ ထိုသို့ မရှိလျှင် အောက်ပါ အကြောင်းအရာများကို အသုံးပြုပါ)*

*သဘောတူစာချုပ်အား လက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် UNCRPD ကော်မတီအား (၄)လေးနှစ်လျှင် တစ်ကြိမ် အစီရင်ခံစာတင်ပို့ရန် လိုအပ်ပါသည်။ အစီရင်ခံစာတင်သွင်းသည့်နိုင်ငံသည် UNCRPD ၏ အပိုဒ်တစ်ခုချင်းစီအတွက် မည်ကဲ့သို့ အကောင်ထည် ဖော်ဆောင်ခဲ့ပြီးဖြစ်ကြောင်းကို ထည့်သွင်း ဖော်ပြ ရမည်ဖြစ်သည်။*

**အဆင့် ၇ = ထုတ်နှုတ်ပြောဆိုပါ** - ကော်မတီမှ အစီရင်ခံစာတင်သွင်းသည့် နိုင်ငံအား မှတ်ချက်များပြန်လည်ပေးပို့ခြင်းနှင့် UNCRPD ကို အကောင်ထည်ဖော်ရာတွင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ဆိုသည့် အကြံပြုချက်များကိုလည်း ပေးပါသည်။

**အဆင့် ၈ =** ထုတ်နှုတ်ပြောဆိုပါ - ကော်မတီအနေဖြင့် အရပ်ဖက်လူမှုအဖွဲ့စည်းများမှ အခြားအစီရင်ခံစာများ(shadow or alternative report)ကိုလည်း လက်ခံပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏နိုင်ငံသည် UNCRPD အား မည်ကဲ့သို့ အကောင်ထည်ဖော်ဆောင်ရွက် ခဲ့ပြီးဖြစ်သည်ဆိုသည်ကို ရေးသားရန်ဖြစ်ပြီး CRPD နှင့်ပါတ်သက်၍ ချိုးဖောက်မှု များအား စောင့်ကြည့်လေ့လာ၍ ကော်မတီအား တင်သွင်းပါသည်။ ကော်မတီ အနေဖြင့် ၎င်း၏အကြံပြုချက်များကို ဆောင်ရွက်သည့်အခါ အစိုးရနှင့် အရပ်ဖက်အဖွဲ့စည်းများ၏ ၏အစီရင်ခံစာများကို အသုံးပြုပါသည်။

**အဆင့် ၉** = သင်တန်းတက်ရောက်သူများကို အစိုးရ၏ အစီရင်ခံစာအပြင် အခြားသော(Alternative reports) အစီရင်ခံစာများကို စုဆောင်းရန် ဘာကြောင့်အရေးကြီးသလဲဆိုတာကို မေးမြန်းပါ။ သင်တန်းသား ၂-၃ ယောက် အား ပြောဆိုနိုင်ရန် ခွင့်ပြုပါ။ ၎င်းတို့ပြောဆိုချက်တွင် အောက်ပါအချက်များ ပါဝင် နိုင်သည် -

- အရပ်ဖက်လူမှုအဖွဲ့အစည်းများတွင် မတူကွဲပြားသော အမြင်ရှိသည်။
- မသန်စွမ်းအဖွဲ့စည်းများသည် ၎င်းတို့၏အတွေ့အကြုံများကို မျှဝေခြင်းဖြင့် ဖြစ်စဉ်တွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်သည်။
- အစိုးရအဖွဲ့အစည်းများသည် မသန်စွမ်းသူများ ရင်ဆိုင်နေရသော အဟန့် အတားများကို မသိရှိနိုင်ပါ။

| | |
|---|---|
| | **အဆင့် ၁၀ = ထုတ်နှုတ်ပြောဆိုပါ** - CRPD ကော်မတီသည် ၎င်းတို့၏ အကြံပြုချက်များမပြုလုပ်ခင် အရပ်ဖက်လူမှုအဖွဲ့ အစည်းကို လိုလိုလားလားရှိပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် တွင်လည်း မှီခိုနေပါသည်။ ဆိုလိုသည်မှာ နောက်လိုက် အစီရင်ခံစာများ(Shadow or alternative report) တင်သွင်းခြင်း ဖြစ်စဉ်တွင် ပါဝင်ခြင်းသည် မူဝါဒရေးဆွဲခြင်းနှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက် ခြ ခြင်းတွင် မသန်စွမ်းသူများ ပိုမိုပါဝင်လာနိုင်စေရန်အတွက် စည်းရုံးဆောင်ရွက်သည့် နည်းလမ်းတစ်ခု ဖြစ်နိုင်ပါသည်။ |

| | |
|---|---|
| [ ၂၅ မိနစ် ] | **အဆင့် ၁၁ =** သင်တန်းတက်ရောက်သူများအား အတွဲများ တွဲခိုင်းပါ။ အမြင်အာရုံ ချို့တဲ့သူများနှင့် တွဲသူများမှာ မျက်စိမြင်ရသူများ ဖြစ်ပါစေ( နောက် လုပ်ဆောင်ချက်တွင် ပုံနှိပ်စာများအား တစ်ယောက်မှ ဖတ်ပြရန်လိုအပ်ပါသည်။)<br><br>**အဆင့် ၁၂ = သင်တန်းတက်ရောက်သူများအား ရှင်းပြပါ။** ယခု သင်တန်းသားများ အနေဖြင့် အပိုဒ် ၂၉ (နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်) နှင့် အပိုဒ် ၁၂ (ဥပဒေအရ တန်းတူညီမျှ အသိအမှတ်ပြုခြင်း) အပေါ်တွင် ကော်မတီမှ ပြုလုပ်ခဲ့သော မှတ်ချက်များနှင့် အကြံပြုချက်များကို လေ့လာကြမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး၊ ကြေငြာစာတမ်းသည်လည်း ဤအခွင့်အရေးများကို ကာကွယ်ကြောင်း သင်တန်းတက်ရောက်သူများအား ထပ်လောင်းပြောဆိုပါ။ အပိုဒ် ၂၁ သည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းအတွက် ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေးကို ကာကွယ်ထားပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း၏ အပိုဒ် ၇ တွင်လည်း ဥပဒေရှေ့မှောက်တွင် ခွဲခြားဆက်ဆံမှု မရှိစေရေးကိုလည်း ဆွေးနွေးထား ကြောင်း သင်တန်းတက်ရောက်သူများအား အသိပေး ပြောဆိုပါ။ အတွဲ တစ်ခုချင်းစီကို ကော်မတီမှ ပြန်လည် သုံးသပ်ထားသော အခြားမတူညီသောနိုင်ငံမှ မှတ်ချက်များနှင့် အကြံပြုချက်များကို ရယူရမည်ဖြစ်သည်။<br><br>**အဆင့် ၁၃ =** သင်တန်းတက်ရောက်သူ တစ်ဦးဦးမှ ဖြေဆိုနိုင်ရန်နှင့် အဖွဲ့အား ပြန်လည်အမှတ်ရစေရန် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းသည် အဘယ့်ကြောင့် အပိုဒ် ၁၂ ဥပဒေအရ တန်းတူညီမျှ အသိမှတ်ပြုခြင်းနှင့် ဆက်နွယ်နေသလဲ ဟု မေးမြန်းပါ။<br><br>ဥပဒေအရ တန်းတူညီမျှခြင်းဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးသည် ၎င်းတို့အတွက် ဆုံးဖြတ်ချက်ချနိုင်စွမ်းကို ဆိုလိုပြီး လူပုဂ္ဂိုလ်တစ်ဦး၏ အခွင့်အရေးအတွက် မဲပေးခွင့် အခွင့်အရေးရရှိရန် ရည်ညွှန်းပါသည်။ ဉာဏ်ရည် မသန်စွမ်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းသူများသည် ၎င်းတို့၏ ဥပဒေအရ တန်းတူညီမျှခြင်းကို ကန့်သတ်ချက်များကြောင့် တခါတရံတွင် တရားရုံး၏ ဆုံးဖြတ်ချက်များ သို့မဟုတ် ဥပဒေမူဘောင်များမှ ဖယ်ထုတ်ထားမှုများကြောင့် ဖယ်ကျဉ်ခံ  လူနည်းစုများဖြစ်သွား ကြသည်။<br><br>**အဆင့် ၁၄** - ထုတ်နုတ်ပြောဆိုပါ - CRPD ကော်မတီအနေဖြင့် မသန်စွမ်းသူများ အားလုံး မဲပေးခွင့် အခွင့်အရေးနှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေး ကို ထုတ်ပြန်ချက်တစ်စောင်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ UNCRPD တွင် မသန်စွမ်းမှုကို အခြေခံ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ နိုင်ငံရေးအခွင့်အရေး ကို တားဆီးပိတ်ပင်ခွင့်အား ခွင့်မပြုထားပါ။<br><br>**အဆင့် ၁၅** - CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များအား  ဖြန့်ဝေ ပေးပါ။ |

| | |
|---|---|
| | **အဆင့် ၁၆** - အတွဲ တစ်တွဲစီအား နိုင်ငံ(၄)နိုင်ငံမှ နိုင်ငံတစ်ခုစီ တာဝန်ပေးပါ။ သင်တန်းတက် ရောက်သူများအနေဖြင့် ၄င်းတို့နိုင်ငံအတွက် ပေးထားသော မှတ်ချက်များနှင့် အကြံပြုချက်များကို ကောင်းမွန်စွာ နားလည်ထားရမည်ဖြစ်ကြောင်း ပြောဆိုပါ။ ၄င်းတို့အား တာဝန်ပေးထားသော နိုင်ငံအကြောင်းကို လေ့လာ ဖတ်ရှုနိုင်ရန် အချိန် ၅ မိနစ်ခန့် ပေးပါ။<br><br>**အဆင့် ၁၇** - အဖွဲ့တစ်ခုချင်းစီအား ၄င်းတို့ အဖွဲ့အတွင်းမှ ခရီးသွားမည့်သူနှင့် အဖွဲ့တွင် ကျန်ရှိနေမည့်သူအား ရွေးချယ်ရန် လိုအပ်ကြောင်း ပြောဆိုပါ။<br><br>**အဆင့် ၁၈** - အခန်းတွင်းလှည့်လည်သွားမည့်သူအနေဖြင့် အခြားအဖွဲ့များကို သွားရောက်ရမည် ဖြစ်ကြောင်း သင်တန်းသားများအား ရှင်းပြပါ။ *(သင်တန်းဆရာ မှတ်စု - အခန်းတွင်း တွင် လှည့်လည်သွားမည့်သူ သွားလာရမည့် လမ်းကြောင်းအား လိုက်ပြပါ။)* ၄င်းတို့သည် မိမိတို့၏ မိတ်ဆွေအသစ်များအား ကော်မတီက မှတ်ချက်များနှင့် အကြံပြုချက်များကို အပြန်အလှန်ဖော်ပြရင်း ဗဟုသုတများကို ဖလှယ် ကြမည်ဖြစ်သည်။ တစ်ဦးချင်းစီအား အချိန် ၁ မိနစ်စီပေးပါ။(စုစုပေါင်း ၂မိနစ်)<br><br>**အဆင့် ၁၉** - ခရီးသွားမည့်သူများအား လေ့ကျင့်ခန်းကို စတင် ဆောင်ရွက် နိုင်ပြီ ဖြစ်ကြောင်း ပြောဆိုပါ။ အချိန် ၂ မိနစ် ကြာပြီးနောက် ခရီးသွားများအား နောက်တစ်နေရာ ဆက်လက်ပြောင်းရွှေ့ရန် ပြောဆိုပါ။ နိုင်ငံအားလုံး လေ့လာပြီးသည့်တိုင်အောင် ယခုကဲ့သို့ ဆောင်ရွက်ပါ။ |
| [ ၅ မိနစ် ] | **အဆင့် ၂၀** - သင်တန်းသားများအား ဘာတွေကို လေ့လာသင်ယူခဲ့ရသလဲ၊ အခြားနိုင်ငံများနှင့် ဘုံတူညီမှုများ ရှိခဲ့သလားဆိုတာကို မေးမြန်းပါ။ သင်တန်းသား ၃ - ၄ ယောက်မှ ၄င်းတို့၏ ထင်မြင်ချက်များကို ပြောဆိုနိုင်ရန် ခွင့်ပြုပေးပါ။<br><br>**အဆင့် ၂၁ - ထုတ်နှုတ်ပြောဆိုပါ** - ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် CRPD ကို လက်မှတ်ထိုးထားသော နိုင်ငံများအနေဖြင့် ပြီးပြည့်စုံသည့် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်နေကြောင်း သိမြင်စေရန်။<br>**ထုတ်နှုတ်ပြောဆိုပါ** - CRPD ကော်မတီမှ ထုတ်ပြန်သော အစီရင်ခံစာအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်များတွင် လူတိုင်းပါဝင်ဆောင်ရွက်နေကြောင်း အဆိုပါ အောင်မြင်မှုကိုလည်း ဖော်ပြနိုင်ပေသည်။ |

| | |
|---|---|
| သင်တန်းဆရာ မှတ်ချက် | သင်ခန်းစာတွင် ဆွေးနွေးခဲ့သည့် နိုင်ငံအားလုံးသည် ၎င်းတို့၏ နိုင်ငံရေးဖြစ်စဉ်များတွင် မသန်စွမ်းသူများနှင့် အခြား ဖယ်ကျဉ်ခံအုပ်စုများ ပိုမိုပါဝင်လာနိုင်ရန် ပြီးမြောက်အောင် ဆောင်ရွက်ရမည့် အခြားလုပ်ငန်းများလည်း ရှိသေးကြောင်း သင်တန်းပို့ချသူအနေဖြင့် ထုတ်နှုတ်ပြောဆိုရန် အရေးကြီးပါသည်။ |

**CRPD** မှတ်ချက်များနှင့် အကြံပြုချက်များ

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း

အတွဲများချိတ်ဆက်ရှာဖွေခြင်းကစားနည်း

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော

လက်တွေ့ဘဝဆီသို့

*CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များ*

| နိုင်ငံ | | အပိုဒ် ၂၉ | အပိုဒ် ၁၂ |
|---|---|---|---|
| ကိုရီးယားသမ္မတနိုင်ငံ | မှတ်ချက် | မိရိုအများအပြားသည် မသန်စွမ်းသူများ အပြည့်အဝ အသုံးချနိုင်သည့်အခြေအနေတွင်မရှိသည့် အတွက် ကော်မတီမှ စိုးရိမ်ပါသည်။ ထို့ အပြင် မဲပေးခြင်းဆိုင်ရာ သတင်းအချက်အလက်များသည် မသန်စွမ်းမှုပုံစံအမျိုးမျိုးရှိနေသော မသန်စွမ်းပုဂ္ဂိုလ်များအတွက် ထည့်သွင်း စဉ်းစားကာ ထောက်ပံ့ပေးထားခြင်းမရှိသည့်အတွက် လည်း ကော်မတီမှ စိုးရိမ်ပါသည်။ ရွေးကောက်ပွဲများ တွင် ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်း များအဖြစ်ဖြစ်စေ၊ နိုင်ငံရေးလုပ်ငန်းများတွင် ပါဝင် လုပ်ဆောင်ခြင်းဖြစ်စေ၊ စသည့် ကိစ္စရပ်များတွင် မသန်စွမ်းသူများ ပါဝင်မှုနည်းနေသည့်အတွက်လည်း ကော်မတီမှ စိုးရိမ်ပြီး ထိုကဲ့သို့ ဖြစ်ရခြင်းမှာလည်း မသန်စွမ်းသူများအနေဖြင့် စဉ်ဆက်မပြတ် ခံစားလာ ရသော အတားအဆီးများကြောင့်ဖြစ်သည်ဟု ယုံကြည် ပါသည်။ အရည်အချင်းပြည့်မီခြင်းမရှိဟု သတ်မှတ်ခံ ရသည့် လူပုဂ္ဂိုလ်များ၏ မဲပေးခွင့်နှင့် ရွေးကောက်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်ခွင့်တို့ ပိတ်ပင်ခံရသည့်အပေါ် တွင်လည်း ကော်မတီမှ စိုးရိမ်ပါသည်။ | ကော်မတီအနေဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင် မိတ်ဆက်ခဲ့သော အုပ်ထိန်းသူစနစ်သစ် အတွက်လည်း စိုးရိမ်မိပါသည်။ ထိုစနစ်သည် ရောဂါကြောင့်ဖြစ်စေ၊ မသန်စွမ်းမှုကြောင့်ဖြစ်စေ၊ အသက်အရွယ်ကြီးရင့်သော ကြောင့်ဖြစ်စေ စိတ်ပိုင်းဆိုင်ရာအရ အတားအဆီးများ ရှိနေသော သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စများ ပိုင်ဆိုင်မှုကိစ္စများ အတွက် ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ အုပ်ထိန်းသူများက ကိုယ်စားဆုံးဖြတ် ပေးခြင်းကို ခွင့်ပြု ထားပါသည်။ ထိုစနစ်သည် ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံကို ကျင့်သုံးရမည့်အစား အစားထိုးဆုံးဖြတ်ချက်ချမှတ်ခြင်း ကို အားပေးထားသည်ဟု ကော်မတီက ယူဆပါသည်။ ထိုသို့ ဖြစ်နေခြင်းသည် စာချုပ်ပါ အပိုဒ် ၁၂ ၏ ပြဋ္ဌာန်းချက်များနှင့် ဗီလာဆန့် ကျင်နေပြီးသည်။ ထိုသို့ ဆန့် ကျင်နေမှုနှင့်ပတ်သတ်၍ ဥပဒေ၏ရှေ့ မှောက်တွင် တူညီသော အသိအမှတ်ပြုမှု ရရှိနိုင်သည် ဟူသော ကော်မတီ၏ အထွေထွေမှတ်ချက် ၁/၂၀၁၄ တွင် ထင်ထင်ရှားရှားဖော်ပြပြီးဖြစ်သည်။ |
| | အကြံပြုချက် | တာချုပ်အဖွဲ့ ဝင်နိုင်ငံအနေဖြင့် မသန်စွမ်းမှုအပေါ် အခြေခံ၍ ခွဲခြားခြင်း မရှိစေဘဲ လူတိုင်း မဲပေးခွင့် ရရှိနိုင်ရန် နှင့် မဲပေးခြင်းဆိုင်ရာ သတင်းအချက်အလက်များသည် လူတိုင်းရယူသုံးစွဲ နိုင်သည့် ပုံစံမျိုးဖြင့် စီစဉ်ပေးထားရန် ကြိုးပမ်းအားထုတ်ဖို့ လိုအပ် ကြောင်း ကော်မတီမှ အကြံပြုပါသည်။ ထို့ အပြင် ရွေးကောက်ခံ အငြိမ်းစားများ ရှင်များအတွင်း မသန်စွမ်းသူများ ပိုမိုပါဝင်လာနိုင်ရေး အတွက် ထိရောက်သော လုပ်ဆောင်မှုများကို တာချုပ်အဖွဲ့ ဝင်နိုင်ငံများအနေဖြင့် လုပ်ဆောင်ရန်လိုအပ်ကြောင်း ကော်မတီမှ အကြံပြုလိုပါသည်။ ထို့ အတူ မဲပေးခွင့် နှင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကို ပိတ်ပင်ထား သော တားမြစ်ချက်များကို ဖယ်ရှားပေးပြီး မသန်စွမ်း ဖြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိစေဘဲ မဲပေးနိုင်ခွင့်နှင့် ရွေး ကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်တို့ ကို အာမခံပေးရန် အကြံပြုပါသည်။ | တာချုပ်အဖွဲ့ ဝင် နိုင်ငံအနေဖြင့် ကိုယ်စားဆုံးဖြတ် ချက်ချမှတ်ခြင်းပုံစံမှ လူတစ်ယောက်၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံပေး ထားသည့် ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံသို့ ပြောင်းလဲအသုံးပြုရန် အကြံပြုပါသည်။<br>ထိုသို့ ပြောင်းလဲသည့်အခါ လူသားတစ်ယောက်၏ ကိုယ်ပိုင် အခွင့်အရေး များဖြစ်သော ကျန်းမာရေးကုသမှုဆိုင်ရာ ကိစ္စရပ်များတွင် အပြားသူအား သဘောတူညီမှုပေး၊ အပ်နှံနိုင်ခြင်း၊ ပြန်လည်ရုပ်သိမ်းနိုင်ခြင်း၊ တရားမျှတစွာ စနစ်အား အသုံးချနိုင်ခြင်း၊ မဲပေးခွင့်ရှိခြင်း၊ လက်ထပ် ထိမ်းမြားခွင့်၊ အလုပ်လုပ်နိုင်ခွင့်ရှိခြင်း၊ မည်သည့်နေ ရာတွင် နေထိုင်မည်ကို ရွေးချယ်နိုင်ခြင်း စသည့် အခွင့်အရေးများ အပါအဝင် တာချုပ်၏ |

Australian Aid

UKaid

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော
လက်တွေ့ဘဝဆီသို့
*CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များ*

| | | | |
|---|---|---|---|
| | | | အပိုဒ် ၁၂ နှင့် အထွေထွေမှတ်ချက် ၁ တို့ တွင်ပြဋ္ဌာန်းထားသော အချက်များ၏ လိုလားချက်၊သဘောထားများနှင့် ကိုက်ညီမှုရှိသော ဆောင်ရွက်ချက်များကို တရှုပ်အစိုး ဝင်နိုင်ငံအနေဖြင့် စီစဉ်လုပ် ဆောင်ပေးရန်လည်း ကော်မတီက အကြံပြုပါသည်။<br>တရုတ်အစိုး ဝင်နိုင်ငံအနေဖြင့် မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့ အစည်းများနှင့် ညှိနှိုင်းတိုင် ပင်ကာ အကြံဉာဏ်များရယူခြင်း၊ ပူးပေါင်းဆောင်ရွက် ခြင်းတို့ ပြုလုပ်၍ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့် နှင့် ဒေသဆိုင်ရာ အဆင့်အသီးသီးတို့ တွင် တာဝန် ထမ်းဆောင်နေကြသော အစိုးရဝန်ထမ်းများ၊ တရားသူ ကြီးများ၊ လူမှုကာယဆယ်ရေးလုပ်သားများ အတွက် မသန်စွမ်းသူများ၏ တရားဥပဒေကြောင်းဆိုင်ရာ အစွမ်းအစများအပေါ်တွင် အသိအမှတ်ပြုမှု နှင့် ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက်ချမှတ်ခြင်း ဆိုင်ရာ အထောက်အကူပြုကဏ္ဍများ နှင့်ပတ်သက်ပြီး သင်တန်းများပေးခြင်းကို ပြုလုပ်ရန် ကော်မတီမှ အကြံ ပြုပါသည်။ |
| ထိုင်းနိုင်ငံ | မှတ်ချက် | မသန်စွမ်းဖြစ်မှုအပေါ်အခြေခံ၍ မဲပေးခွင့်နှင့် ရွေး ကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ကို ပိတ်ပင်ထားခြင်း နှင့်၊ လျှို့ ဝှက်မဲပေးခြင်းကို ကာကွယ်ပေးသည့် နည်း လမ်းများ ရှိမနေသည့် အပေါ် ကော်မတီမှ စိုးရိမ် ပါသည်။ အားလုံးပါဝင်နိုင်သည့် မဲပေးခြင်းဖြစ်စဉ် ဆိုင်ရာ သတင်းအချက်အလက်များ ရှိမနေသည့် အပေါ်တွင်လည်း ကော်မတီမှ စိုးရိမ်ပါသည်။ | မသန်စွမ်းသူများအတွက် ကိုယ်စားဆုံးဖြတ်ချက် ချမှတ်ပေးခြင်းနှင့် အုပ်ထိန်းသူစနစ်ရှိနေခြင်းတို့ အပေါ် တွင် ကော်မတီမှ အလွန်စိုးရိမ်ပါသည်။ |
| | အကြံပြုချက် | နိုင်ငံရေးနှင့်အများပြည်သူဆိုင်ရာ ကဏ္ဍများတွင် မသန်စွမ်းသူများ၏ ပါဝင်မှုကို ကန့် သတ်ထားသော ဥပဒေများကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် ကော်မတီ မှ အကြံပြုပါသည်။ သို့ မှသာ ထိုသူများ၏ မဲပေးခွင့်၊ ရွေး ကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်တို့ သည် စာချုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း တရားဥပဒေဆိုင်ရာ အစွမ်းအစ များအဖြစ် အကာအကွယ်ပေးခြင်းခံရမည်ဖြစ်သည်။ ထို့ အတူပင် ရွေးကောက်ပွဲ၏ အဆင့်တိုင်းကို မသန် စွမ်းသူများ အပြည့်အဝ အသုံးချနိုင်ခွင့်ရှိစေရေး အတွက် မဲထည့်စည်းရုံးမှုများ၊ မဲထည့်ခြင်းတွင် | ကော်မတီ၏ အထွေထွေမှတ်ချက် ၁/၂၀၁၄ ပါပြဋ္ဌာန်း ချက်ဖြစ်သည့် ဥပဒေရှေ့ မှောက်တွင် တန်းတူအသိ အမှတ်ပြုခံရမည်ဟူသော အချက်အရ တချုပ်အဖွဲ့ ဝင် နိုင်ငံသည် တရားမဥပဒေအခန်း ၂၈ နှင့် ၁၈၇၀ တွင် ပြဋ္ဌာန်းထားသည့် ကိုယ်စားဆုံးဖြတ်ချက်ချမှတ်ခြင်း စနစ်အား ပြန်လည် ပြင်ဆင်၍ မသန်စွမ်းသူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လေးစားသည့် ထောက်ပံ့အား ပေးသော ဆုံးဖြတ်ချက် |

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော

လက်တွေ့ဘဝဆီသို့

*CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များ*

| | | | |
|---|---|---|---|
| | | အသုံးပြုသော ပစ္စည်းများ မဲပေးခြင်း လို့ ဝှက်မဲ စနစ် စသည့်ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ အပြည့် အဝ အသုံးချနိုင်ရန် ဆောင်ရွက်ပေးရမည်။ | ချမှတ်ခြင်းစနစ်ဖြင့် အစားထိုးပါလှယ်ရန် ကော်မတီမှ တိုက်တွန်းပါသည်။ |
| မွန်ဂိုလီးယားနိုင်ငံ | မှတ်ချက် | နိုင်ငံရေးနှင့်အများပြည်သူဆိုင်ရာ ကဏ္ဍများတွင် မသန်စွမ်းသူများ အပြည့်အဝပါဝင် ဆောင်ရွက်နိုင်ခွင့် ဖော်ရေးအတွက် မပြည့်စုံမှုများရှိနေ သည့် အကြောင်း အရာ နှင့်ပတ်သတ်၍ တာချုပ်အစွဲ ဝင်နိုင်ငံ က အသိအမှတ်ပြုထားခြင်းကို သိရှိထားပါသည်။ တာချုပ် အစွဲ ဝင် နိုင်ငံ၏ ရွေးကောက်ပွဲဥပဒေဖြစ်သည့် "Great Khural's Law" တွင် အမြင်အကြား နှင့် ချွတ်ကိုယ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအတွက် ထောက်ပံ့ကူညီပေးသော ပြဋ္ဌာန်းချက်များ ရှိမနေသည့်အပေါ်တွင် ထုတ်ပြန် ထားသော အစီရင်ခံစာများ နှင့်ပတ်သတ်၍ လည်း ကော်မတီက စိုးရိမ်မှုရှိပါသည်။ | တာချုပ်အစွဲ ဝင်နိုင်ငံရှိ မသန်စွမ်းသူများ၏ အခွင့်အရေး များကို တရားဥပဒေ အရကာကွယ်ပေးသည့် ပြဋ္ဌာန်းချက်များတွင် လိုအပ်ချက်များ မပြည့်စုံမှုများရှိနေသည့်အပေါ်တွင် ကော်မတီမှ စိုးရိမ်ပါသည်။ အထူးသဖြင့် အသိဉာဏ်ဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်သူများသည် ၎င်းတို့ ၏လူမှုဘဝအတွက် ရွေးချယ်မှုများ ပြုလုပ်ရာ တွင် ဥပဒေ၏အကာအကွယ်ကို အခြားသူများနည်းတူ တူညီစွာ မရရှိခြင်းအပေါ်တွင်လည်း ကော်မတီမှ စိုးရိမ်ပါသည်။<br><br>ထို့ အပြင် CRPD/C/MNG/CO/15 တွင် ဖော်ပြထားသော မသန်စွမ်းသူများ၏ ပစ္စည်းဥစ္စာပိုင် ဆိုင်မှု ကိစ္စရပ် နှင့် ပတ်သတ်၍ဖြစ်စေ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာဆုံးဖြတ်ချက်များတွင် ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရ မသန်စွမ်းဖြစ် မှုက တရားဥပဒေဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာ တွင် အဟန့် အတားဖြစ် နေသောကြောင့် အုပ်ထိန်းသူ မှ ဆုံးဖြတ်ချက်များ ကိုယ်စားချမှတ်ပေးနေခြင်းအား တာချုပ်အစွဲ ဝင် နိုင်ငံမှ ခွင့်ပြုထားသည့် အပေါ်တွင်လည်း စိုးရိမ်မိပါသည်။<br><br>ထိုကဲ့သို့ အုပ်ထိန်းသူမှ ဆုံးဖြတ်ချက်များချမှတ်ပေး နေခြင်းသည် ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက်ချ သည့်စနစ်အစား ကိုယ်စားဆုံးဖြတ်ချက်ချသည့် စနစ်ကို မြှင့်တင်ရာရောက်နေပြီး တာချုပ်၏ အပိုဒ် ၁၂ ပါပြဋ္ဌာန်းချက်များနှင့် ကော်မတီ၏ အထွေထွေ မှတ်ချက် ၁/၂၀၁၄ ပါပြဋ္ဌာန်းချက်များဖြစ်သော ဥပဒေ၏ ရှေ့ မှောက်တွင် တန်းတူ အသိအမှတ်ပြုခံရမည် ဟူသော အချက်နှင့် |

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော

လက်တွေ့ဘဝဆီသို့

*CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များ*

| | | | |
|---|---|---|---|
| | | | ဗီလာဆန့် ကျင်နေကြောင်းကို ကော်မတီက နားလည်ထားပါသည်။ |
| | အကြံပြုချက် | မသန်စွမ်းမှုကို အကြောင်းပြု၍ မဲပေးခွင့်ကို တားဆီး ထားသော ဥပဒေပြဋ္ဌာန်းချက်များကို တချိန်အချိ ဝင် နိုင်ငံအနေဖြင့် ပယ်ဖျက်ပြီး၊ မသန်စွမ်းသူများသည် ရွေးကောက်ပွဲနှင့် အများပြည်သူဆိုင်ရာ ကဏ္ဍများတွင် နိုင်သားများ၊ မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများ အဖြစ် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်စေမည့် ဥပဒေ ပြဋ္ဌာန်းချက်များလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေး ရန် အကြံပြုပါသည်။ | မသန်စွမ်းသူများ၏ အခွင့်အရေးများဖြစ်သော မိမိနေလိုသည့်နေရာတွင်၊ မိမိနေလိုသည့်သူနှင့် အတူ နေ ထိုင်နိုင်ခြင်း၊ မိမိတို့ မဲပေးလိုသည့် နိုင်ငံရေးပါတီအား မဲပေးနိုင်ခြင်း၊ မိမိတို့ ၏ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ် ချက်များကို လေးစားခံရခြင်း၊ မိမိတို့ ၏ ငွေကြေး ပစ္စည်းဥစ္စာများ နှင့်ပတ်သတ်၍ မိမိတို့ ကိုယ်တိုင် ထိန်းချုပ်ဆုံးဖြတ်နိုင်ခြင်း၊ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ ဆောင်ရွက်ချက်များ၊ ရုပ်ရှင်ကြည့်ခြင်းအပါအဝင် အခြားသော အပန်းအဖြေအနားယူမှုများကို လုပ်ဆောင်ခြင်း စသည့်အခွင့်အရေးတို့ ကို လေးစားကာကွယ်ပေးမည့် တရားဥပဒေ ဆိုင်ရာ အကာအကွယ်များကို တချိန်အချိ ဝင်နိုင်ငံ အနေဖြင့် ပြဋ္ဌာန်းသတ်မှတ်ပေးသွားရန် ကော်မတီက အကြံပြုပါသည်။<br><br>တချိန်အချိ ဝင် နိုင်ငံအနေဖြင့် ကိုယ်စားဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံမှ လူတစ်ယောက်၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံပေး ထားသည့် ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံသို့ ပြောင်းလဲအသုံးပြုရန်အတွက် တရားမဥပဒေ ကို ပြင်ဆင်ရန် အကြံပြုပါသည်။ ထိုသို့ ပြောင်းလဲခြင်းက တချိန်၏ အပိုဒ် ၁၂ နှင့် အထွေထွေမှတ်ချက် ၁ တို့ တွင်ပြဋ္ဌာန်းထားသော အချက်များ၏ လိုလားချက်သဘောတရားများနှင့် ကိုက်ညီမှုရှိပါသည်။ ထိုပြဋ္ဌာန်းချက်များအရ လူသားတစ်ယောက်၏ ကိုယ်ပိုင် အခွင့်အရေး များဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များတွင် အခြားသူအား သဘောတူညီမှုပေး အပ်နိုင်ခြင်း၊ ပြန်လည်ရုပ်သိမ်းနိုင်ခြင်း၊ တရားမျှတမှု စနစ်အား အသုံးချနိုင်ခြင်း၊ မဲပေးခွင့်ရှိခြင်း၊ လက်ထပ် ထိမ်းမြားခွင့်၊ မိဘများအဖြစ် အုပ်ထိန်းခွင့်ရှိခြင်း၊ အလုပ်လုပ်နိုင်ခွင့်ရှိခြင်း၊ မည်သည့်နေ ရာတွင် နေထိုင်မည်ကို ရွေးချယ်နိုင်ခြင်း စသည့် အခွင့်အရေးများကို ကာကွယ်ပေးရန် |

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော
လက်တွေ့ဘဝဆီသို့
*CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များ*

| | | | |
|---|---|---|---|
| | | | တာဝန်ရှိပါသည်။<br><br>တရျှပ်အဖွဲ့ ဝင်နိုင်ငံအနေဖြင့် မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့ အစည်းများနှင့် ညှိနှိုင်းတိုင် ပင်ကာ အကြံဉာဏ်များရယူခြင်း၊ ပူးပေါင်းဆောင်ရွက် ခြင်းတို့ပြုလုပ်၍ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့် နှင့် ဒေသဆိုင်ရာ အဆင့်အသီးသီးတို့ တွင် တာဝန် ထမ်းဆောင်နေကြသော အစိုးရဝန်ထမ်းများ၊ တရားသူ ကြီးများ၊ လူမှုကာယ်ဆယ်ရေးလုပ်သားများ အတွက် မသန်စွမ်းသူများ၏ တရားဥပဒေကြောင်းဆိုင်ရာ အခွင့်အရေးများအပေါ်တွင် အသိအမှတ်ပြုမှု နှင့် ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက်ချမှတ်ခြင်း ဆိုင်ရာ အထောက်အကူပြုကဏ္ဍများ နှင့်ပတ်သတ်ပြီး သင်တန်းများပေးခြင်းကို ပြုလုပ်ရန် ကော်မတီမှ ထပ်လောင်း အကြံ ပြုပါသည်။ |
| ပြစ်မှုဆိုင်ရာ တရားဥပဒေ | မှတ်ချက် | အသိဉာဏ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်သူများသည် မိမိပေးခွင့်ရှိသူများစာရင်းမှ အလိုအလျောက် ဖယ်ထုတ်ခြင်း ခံရသည်ကို ကော်မတီအနေဖြင့် စိုးရိမ်ပါသည်။ မဲပေးသည့် ဖြစ်စဉ် တွင်လည်း မသန်စွမ်းသူများအတွက် ကြီးမားသော အတားအဆီးများရှိနေသေးသည်ကို လည်း ကော်မတီက စိုးရိမ်ပါသည်။ | မသန်စွမ်းသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ နှင့် ဥပဒေ၏ ရှေ့ မှောက်တွင် တန်းတူ အသိအမှတ်ပြုခံ ရခြင်း တို့ အပေါ် အတားအဆီး ဖြစ်နေသည့် အရာများ အား ပြစ်မှုဆိုင်ရာ ဥပဒေ ပြုပြင်ပြောင်းလဲရေး ကော်မရှင်မှ မကြာသေးမီက စုံစမ်းစစ်ဆေးမှုပြုလုပ် နေသည်ကို ကော်မတီက သိရှိထားပါသည်။ သို့ သော်လည်း ကိုယ်စားဆုံးဖြတ်ချက်ချသည့် စနစ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်သည့် အခြေအနေများ ရှိနေခြင်းနှင့် မသန်စွမ်းသူများအနေဖြင့် တရားဥပဒေဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက် ချမှတ်ခြင်းစနစ်ကို ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် လိုအပ်သော ဥပဒေမူဘောင်အသေးစိတ် ရေးဆွဲထား နိုင်ခြင်းမရှိသေးသည့်အပေါ်တွင်လည်း ကော်မတီမှ စိုးရိမ်ပါသည်။ |

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော

လက်တွေ့ဘဝဆီသို့

*CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များ*

| | | | |
|---|---|---|---|
| | **အကြံပြုချက်** | မသန်စွမ်းသူများ မဲပေးခွင့်နှင့် လွတ်လပ်စွာရွေးချယ် နိုင်မှု တို့ကို အာမခံပေးမည့် ဥပဒေတစ်ရပ်အား တရျှပ်အဖွဲ့ ဝင်နိုင်ငံအနေဖြင့် ပြဌာန်းပေးရန် ကော်မတီက အကြံပြုပါသည်။ ထိုဥပဒေတွင် မဲပေးခြင်းဖြစ်စဉ်တစ်ခုလုံး၌ မသန်စွမ်းနိုင်ငံသားများ အားလုံး တူညီစွာ ပါဝင်အသုံးပြု နိုင်ခွင့်ကိုလည်း ကာကွယ်ပေးရပါမည်။ | တရျှပ်အဖွဲ့ ဝင် နိုင်ငံအနေဖြင့် ကိုယ်စားဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံမှ လူတစ်ယောက်၏ ကိုယ်ပိုင် ပြဌာန်း ခွင့်ကို အာမခံပေး ထားသည့် ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံသို့ ပြောင်းလဲ အသုံးပြုရန် အတွက်လက်ရှိ ပုံစံစစ်ဆေးမှုများကို ထိရောက်စွာ အသုံးပြု၍ လိုအပ်သည့် ဆောင်ရွက်မှုများကို ချက်ချင်း ထိရောက်စွာလုပ်ဆောင်သွားရန် ကော်မတီမှ အကြံပြု ပါသည်။<br><br>ထိုသို့ ပြောင်းလဲသည့်အခါ လူသားတစ်ယောက်၏ ကိုယ်ပိုင် အခွင့်အရေး များဖြစ်သော ကျန်းမာရေးကုသမှုဆိုင်ရာ ကိစ္စရပ်များတွင် အခြားသူအား သဘောတူညီမှုပေး၊ အပ်နှင်ခြင်း၊ ပြန်လည်ရုတ်သိမ်းနိုင်ခြင်း၊ တရားမျှတမှု စနစ်အား အသုံးချနိုင်ခြင်း၊ မဲပေးခွင့်ရှိခြင်း၊ လက်ထပ် ထိမ်းမြားခွင့်၊ အလုပ်လုပ်နိုင်ခွင့်ရှိခြင်း စသည့် အခွင့်အရေးများ အပါအဝင် တရျှပ်၏ အပိုဒ် ၁၂ နှင့် အထွေထွေမှတ်ချက် ၁ တို့ တွင်ပြဌာန်းထားသော အချက်များ၏ လိုလားချက်သဘောထားများနှင့် ကိုက်ညီမှုရှိသော ဆောင်ရွက်ချက်များကို တရျှပ်အဖွဲ့ ဝင်နိုင်ငံအနေဖြင့် စီစဉ်လုပ်ဆောင်ပေးရန်လည်း ကော်မတီက အကြံပြုပါသည်။<br><br>တရျှပ်အဖွဲ့ ဝင်နိုင်ငံအနေဖြင့် မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့ အစည်းများနှင့် ညှိနှိုင်းတိုင် ပင်ကာ အကြံဥာဏ်များရယူခြင်း၊ ပူးပေါင်းဆောင်ရွက် ခြင်းတို့ ပြုလုပ်၍ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့် နှင့် ဒေသဆိုင်ရာ အဆင့်အသီးသီးတို့ တွင် တာဝန် ထမ်းဆောင်နေကြသော အစိုးရဝန်ထမ်းများ၊ တရားသူ ကြီးများ၊ လူမှုကယ်ဆယ်ရေးလုပ်သားများ အတွက် မသန်စွမ်းသူများ၏ တရားဥပဒေကြောင်းဆိုင်ရာ အရွမ်းအစများအပေါ်တွင် အသိအမှတ်ပြုမှု နှင့် ထောက်ပံ့အားပေးသော ဆုံးဖြတ်ချက်ချမှတ်ခြင်း ဆိုင်ရာ အထောက်အကူပြုကဏ္ဍများ |

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော
လက်တွေ့ဘဝဆီသို့
*CRPD ကော်မတီ၏ မှတ်ချက်များနှင့် အကြံပြုချက်များ*

| | | | |
|---|---|---|---|
| | | | နှင့်ပတ်သတ်ပြီး သင်တန်းများပေးခြင်းကို မြှင့်လုပ်ရန် ကော်မတီမှ ထပ်လောင်း အကြံ ပြုပါသည်။ |

## အပြည်ပြည်ဆိုင်ရာ
# လူ့အခွင့်အရေး
## ကြေညာစာတမ်း

၁၉၄၈ ခုနှစ်ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ညီလာခံ အစည်းအဝေးကြီးက လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို အတည်ပြု၍ ကြေညာလိုက်ရာထိုကြေညာစာတမ်းကြီး၏ စာသားသည်နောက်စာမျက်နှာ များတွင် အပြည့်အစုံပါရှိသည်။ ဤကဲ့သို့ရာဇဝင်တင်မည့် ကြေညာချက်ကို ပြုလုပ်ပြီးနောက် ဤညီလာခံအစည်းအဝေးကြီးက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ အားလုံးအား ထိုကြေညာစာတမ်းကြီး၏ စာသားကိုအများပြည်သူတို့ ကြားသိစေရန် ကြေညာပါမည့်အကြောင်းကိုလည်းကောင်း၊ ထိုပြင်နိုင်ငံများ၊ သို့တည်းမဟုတ် နယ်မြေများ၏ နိုင်ငံရေး အဆင့်အတန်းကို လိုက်၍ ခွဲခြားခြင်း မပြုဘဲအဓိကအားဖြင့် စာသင်ကျောင်းများနှင့် အခြားပညာရေး အဖွဲ့အစည်းများတွင် ထိုကြေညာစာတမ်းကြီးကို ဖြန့်ချိ ဝေငှ စေရန်၊ မြင်သာအောင် ပြသထားစေရန်ဖတ်ကြားစေရန်နှင့် အဓိပ္ပါယ်ရှင်းလင်း ဖော်ပြစေရန် ဆောင်ရွက်ပါမည့် အကြောင်းဖြင့် လည်းကောင်း ဆင့်ဆို လိုက်သည်။

စကားချီး . . .

လူခပ်သိမ်း၏မျိုးရိုးဂုဏ်သိက္ခာနှင့်တကွ လူတိုင်းအညီအမျှခံစားခွင့်ရှိသည့် အခွင့်အရေးများကို အသိအမှတ် ပြုခြင်းသည် လူခပ်သိမ်း၏လွတ်လပ်မှု၊ တရားမျှတမှုငြိမ်းချမ်းမှုတို့၏အခြေခံအုတ်မြစ်ဖြစ်သောကြောင့်လည်းကောင်း၊

လူ့အခွင့်အရေးများကို အရေးမထား မထီလေးစား ပြုခြင်းသည် လူခပ်သိမ်း၏ အကျင့်သိက္ခာကို ချိုးဖောက် ဖျက်ဆီးတတ်သည့် ရက်စက် ကြမ်းကြုတ်သော အပြုအမူများကို ဖြစ်ပေါ်စေခဲ့သော ကြောင့်လည်းကောင်း၊ လွတ်လပ်စွာ ဖွင့်ဟပြောဆိုနိုင်မှု လွတ်လပ်စွာ သက်ဝင် ယုံကြည်နိုင်မှု၊ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းတို့မှ ကင်းလွတ်စွာ အသက်မွေးနိုင်မှုတို့ကို ခံစားရယူနိုင်စေမည့် လောကတစ်ခု ပေါ်ပေါက်လာရန်အရေးကို လူခပ်သိမ်းတို့က မိမိတို့၏ အထက်သန်ဆုံးသော လိုလားချက်ဆန္ဒကြီးအဖြစ်ဖြင့် ကြွေးကြော် ကြေညာပြီးဖြစ် သောကြောင့်လည်းကောင်း၊

လူခပ်သိမ်းတို့သည်၊ တရားလက်လွတ် နှိပ်စက်က လူမှု၊ အုပ်စိုးမှုနှင့် ဖိစီး ညှဉ်းပန်းမှု တို့ကို နောက်ဆုံး မလွှဲသာ မရှောင်သာ လက်နက် စွဲကိုင်ကာ တော်လှန်ခြင်း၊ ပုန်ကန်ခြင်းမပြုစေရန်၊ လူ့အခွင့်အရေး များကိုဥပဒေဖြင့် ထိန်းသိမ်းကာကွယ် ပေးရမည်ဖြစ်သောကြောင့် လည်းကောင်း၊

နိုင်ငံ အချင်းချင်း ချစ်ခင် ရင်းနှီးစွာ ဆက်ဆံရေးကို ပိုမိုတိုးတက်စေရန် ကြံဆောင်ရမည် ဖြစ်သောကြောင့် လည်းကောင်း၊
ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်တို့သည် မူလလူ့အခွင့် အရေးများကို လည်းကောင်း၊ လူ၏ ဂုဏ်သိက္ခာကို လည်းကောင်း၊ ယောကျ်ား မိန်းမတို့၏ တူညီသည့် အခွင့်အရေးများကိုလည်းကောင်း၊လေးစားယုံကြည်ပါသည်ဟုကုလသမဂ္ဂတွင် ထပ်မံ၍ အတည်ပြု

1

ပြီးသည့်ပြင်၊ လူမှုကြီးပွား တိုးတက်ရေးနှင့်တကွ ပိုမို လွတ်လပ် ကောင်းမွန်သော လူ့ဘဝ အဆင့်အတန်းတို့ကို မြှင့်တင်ရန် သန္နိဋ္ဌာန်ချပြီး ဖြစ်သောကြောင့် လည်းကောင်း၊

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတို့သည်ကုလသမဂ္ဂအဖွဲ့နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးများကိုလည်းကောင်း၊ အခြေခံလွတ်လပ်ခွင့် အခွင့်အရေးများကိုလည်းကောင်း၊ ကမ္ဘာတဝှမ်းလုံးတွင် ရှိသေလေးစားကျင့်သုံး စောင့်စည်း ကြခြင်းကို အားပေးမည်ဟု ကတိပြုပြီးဖြစ်သောကြောင့် လည်းကောင်း၊

ထို့ကြောင့်

အထွေထွေညီလာခံ က

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို လူတိုင်း အဖွဲ့ အစည်းတိုင်းသည် အစဉ် နှလုံးသွင်းလျက် ကမ္ဘာ တဝှမ်းလုံးတွင် အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ် ခွင့်များကို ရှိသေလေးစားကြစေရန် ဆုံးမ သွန်သင်ခြင်းဖြင့် အားထုတ် ကြရမည်ဟုလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ထိုနိုင်ငံတို့၏အာဏာပိုင်အတွင်းရှိ နယ်ပယ်ဆိုင်ရာ တိုင်းသူပြည်သား များအား အဆိုပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ သိမှတ်ကျင့်သုံး စောင့်စည်းကြစေရန် ပြည်တွင်းပြည်ပဆိုင်ရာ တိုးတက်သော ဆောင်ရွက်ချက်များဖြင့် အားထုတ်ကြရမည်ဟုလည်းကောင်း ရည်ရွယ်ပြီးလျှင် လူ့အခွင့်အရေး များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြေညာစာတမ်းကို နိုင်ငံခပ်သိမ်း၊ လူခပ်သိမ်းတို့ တပြေးညီစွာ ဆောင်ရွက် နိုင်ကြစိမ့်သောငှာ ယခုထုတ်ပြန် ကြေညာလိုက်သည်။

အပိုဒ် ၁

လူတိုင်းသည် တူညီ လွတ်လပ်သော ဂုဏ်သိက္ခာဖြင့် လည်းကောင်း၊ တူညီလွတ်လပ်သော အခွင့်အရေးများဖြင့် လည်းကောင်း၊ မွေးဖွားလာသူများ ဖြစ်သည်။ ထိုသူတို့၌ ပိုင်းခြား ဝေဖန်တတ်သော ဉာဏ်နှင့် ကျင့်ဝတ် သိတတ်သော စိတ်တို့ရှိကြ၍ ထိုသူတို့သည် အချင်းချင်း မေတ္တာထား၍ ဆက်ဆံကျင့်သုံးသင့်၏။

အပိုဒ် ၂

လူတိုင်းသည် လူ့အခွင့် အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေး အားလုံး၊ လွတ်လပ်ခွင့် အားလုံးတို့ကို ပိုင်ဆိုင် ခံစားခွင့်ရှိသည်။ လူမျိုးနွယ်အားဖြင့် ဖြစ်စေ၊ အသားအရောင်အားဖြင့် ဖြစ်စေ၊ ကျား ၊ မ ၊ သဘာဝအားဖြင့် ဖြစ်စေ၊ ဘာသာစကားအားဖြင့် ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအားဖြင့် ဖြစ်စေ၊ နိုင်ငံရေးယူဆချက်၊ သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့် ဖြစ်စေ၊ နိုင်ငံနှင့် ဆိုင်သော၊ သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့် ဆိုင်သော ဇစ်မြစ် အားဖြင့်ဖြစ်စေ၊ ပစ္စည်း ဥစ္စာ ဂုဏ်အားဖြင့် ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့် ဖြစ်စေ၊ အခြား အဆင့်အတန်း အားဖြင့် ဖြစ်စေ ခွဲခြားခြင်းမရှိစေရ။

ထို့ပြင် လူတစ်ဦး တစ်ယောက် နေထိုင်ရာ နိုင်ငံ၏ သို့တည်းမဟုတ် နယ်မြေဒေသ၏ နိုင်ငံရေးဆိုင်ရာ ဖြစ်စေ စီရင်ပိုင်ခွင့်ဆိုင်ရာ ဖြစ်စေ တိုင်းပြည် အချင်းချင်း ဆိုင်ရာဖြစ်စေ၊ အဆင့်အတန်း တစ်ခုခုကို အခြေပြု၍ သော်လည်းကောင်း၊ ဒေသနယ်မြေတစ်ခုသည် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သည့် နယ်မြေ၊ သို့တည်းမဟုတ် ကုလသမဂ္ဂ ထိန်းသိမ်းစောင့်ရှောက် ထားရသည့် နယ်မြေ၊ သို့တည်းမဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့် အာဏာတို့ တစိတ်တဒေသလောက်သာ ရရှိသည့် နယ်မြေ စသဖြင့် ယင်းသို့ သော နယ်မြေများ ဖြစ်သည်ဖြစ်သည် ဟူသော အကြောင်းကို အယောက်အထား ပြု၍ သော်လည်းကောင်း ခွဲခြားခြင်း လုံးဝ မရှိစေရ။

အပိုဒ် ၃

လူတိုင်း၌ အသက်ရှင်ရန်လွတ်လပ်မှုခွင့်နှင့် လုံခြုံစိတ်ချခွင့် ရှိသည်။

အပိုဒ် ၄

မည်သူကိုမျှ ကျေးကျွန်အဖြစ်၊ သို့တည်းမဟုတ် အစေအပါးအဖြစ်၊ နိုင်ထက်စီးနင်း စေခိုင်းခြင်း မပြုရ။ လူကို ကျေးကျွန် သဖွယ် အရောင်းအဝယ် ပြုခြင်းနှင့် ထိုသဘော သက်ရောက်သော လုပ်ငန်းဟူသမျှကို ပိတ်ပင် တားမြစ် ရမည်။

အပိုဒ် ၅

မည်သူကိုမျှ ညှဉ်းပန်း နှိပ်စက်ခြင်း၊ သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ လူမဆန်စွာ ဂုဏ်ငယ်စေသောဆက်ဆံမှု မပြုရ၊ သို့တည်းမဟုတ် အပြစ်ဒဏ် ပေးခြင်းမပြုရ။

အပိုဒ် ၆

လူတိုင်းတွင် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦး အဖြစ်ဖြင့် အရာခပ်သိမ်းတွင် အသိအမှတ် ပြုခြင်းကို ခံယူပိုင်ခွင့်ရှိသည်။

အပိုဒ် ၇

လူအားလုံးတို့သည် ဥပဒေအရာ၌ တူညီကြသည့်အပြင်၊ ဥပဒေ၏ အကာအကွယ်ကို ခြားနားခြင်း မခံရစေဘဲ တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။ ဤကြေညာ စာတမ်းပါ သဘောတရားများကို ဖီဆန်၍ ခွဲခြားခြင်းမှ လည်းကောင်း၊ ထိုသို့ခွဲခြားခြင်းကို လှုံ့ဆော်ခြင်းမှ လည်းကောင်း၊ ကင်းလွတ် စေရန် အကာအကွယ်ကို တူညီစွာ ခံစားပိုင်ခွင့် ရှိသည်။

အပိုဒ် ၈

ဖွဲ့စည်းပုံ အခြေခံဥပဒေက သော်လည်းကောင်း အခြား ဥပဒေက သော်လည်းကောင်း လူတိုင်းအတွက် ပေးထားသည့် အခြေခံအခွင့်အရေး များသည် ချိုးဖောက် ဖျက်ဆီးခြင်းခံခဲ့ရလျှင် ထိုသို့ ချိုးဖောက်ဖျက်ဆီးသော ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော နစ်နာချက် အတွက် ထိုသူသည် နိုင်ငံဆိုင်ရာ အာဏာပိုင်တရားရုံးတွင် ထိရောက်စွာ သက်သာ ခွင့်ရနိုင်စေရမည်။

3

အပိုဒ် ၉

မည်သူမျှ ဥပဒေအရ မဟုတ်သော ဖမ်းဆီးခြင်းကို ဖြစ်စေ၊ ချုပ်နှောင်ခြင်းကို ဖြစ်စေ၊ ပြည်နှင်ခြင်းကိုဖြစ်စေ မခံစေရ။

အပိုဒ် ၁၀

အခွင့်အရေးများနှင့် တာဝန် ဝတ္တရားများကို အဆုံးအဖြတ်ခံရာတွင် လည်းကောင်း၊ ပြစ်မှုကြောင့် တရားစွဲဆိုစီရင် ဆုံးဖြတ်ခံရာတွင် လည်းကောင်း၊ လူတိုင်းသည် လွတ်လပ်၍ ဘက်မလိုက်သော တရားရုံးတော်၏ လူအများ ရှေ့မှောက်တွင် မျှတစွာ ကြားနာစစ်ဆေးခြင်းကို တူညီစွာ ခံစား ပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၁

(၁) လူအများ ရှေ့မှောက်၌ ဥပဒေအတိုင်း စစ်ဆေး၍ ပြစ်မှုကျူးလွန်သည်ဟု ထင်ရှား စီရင်ခြင်းခံရသည့် အချိန်အထိ ပြစ်မှုနှင့် တရားစွဲဆိုခြင်း ခံရသူတိုင်းသည် အပြစ်မဲ့သူဟု၍ ယူဆခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်။ ထိုအမှုကို ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့် ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သော အခွင့်အရေးများကို ထိုသူအား ပေးပြီး ဖြစ်စေရမည်။

(၂)လူတစ်ဦးတစ်ယောက်အား နိုင်ငံ့ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ဖြစ်စေ၊ ပြစ်မှုမမြောက်သော လုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုအရ စွဲဆိုပြစ်ပေးခြင်း မပြုရ။ ထို့အပြင် ပြစ်မှုကျူးလွန်စဉ်အခါက ထိုက်သင့်စေနိုင်သော အပြစ်ဒဏ်ထက်ပို၍ကြီးလေးသော အပြစ်ဒဏ်ကို ထိုက်သင့်ခြင်းမရှိစေရ။

အပိုဒ် ၁၂

မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာ နေထိုင်ခြင်းကို သော်လည်းကောင်း၊ မိမိ၏ မိသားစုကို သော်လည်းကောင်း၊ မိမိ၏ နေအိမ် အသိုက်အဝန်းကို သော်လည်းကောင်း၊ စာပေးစာယူကို သော်လည်းကောင်း၊ ဥပဒေအရ မဟုတ်သော ဝင်ရောက် စွက်ဖက်ခြင်း မခံစေရ။ ထို့ပြင် မိမိ၏ဂုဏ်သိက္ခာ ကိုလည်း အထက်ပါအတိုင်း ပုတ်ခတ်ခြင်း မခံစေရ။ လူတိုင်းတွင် ထိုသို့ ဝင်ရောက်စွက်ဖက်ခြင်းမှ သော်လည်းကောင်း ပုတ်ခတ်ခြင်းမှ သော်လည်းကောင်း ဥပဒေအရ ကာကွယ် ပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၃

(၁)လူတိုင်းတွင် မိမိ၏နိုင်ငံ နယ်နိမိတ် အတွင်း၌ လွတ်လပ်စွာ သွားလာ ရွှေ့ပြောင်း နိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်။

(၂)လူတိုင်းတွင် မိမိနေထိုင်ရာ တိုင်းပြည်မှ လည်းကောင်း၊ အခြားတိုင်းပြည်မှလည်းကောင်း၊ ထွက်စွာ သွားပိုင်ခွင့်ရှိသည့်အပြင်၊ မိမိ၏ တိုင်းပြည်သို့ ပြန်လာ ပိုင်ခွင့်လည်းရှိသည်။

အပိုဒ် ၁၄

(၁)လူတိုင်းသည် ညှဉ်းပန်း နှိပ်စက် ခံနေရခြင်းမှ လွတ်ကင်းရန် အခြားတိုင်းပြည် များ၌ အေးချမ်းစွာ ခိုလှုံနေနိုင်ခွင့်ရှိသည်။

4

(၂)နိုင်ငံရေးနှင့် မပတ်သက်သည့် ဖြစ်မှုများမှ သော်လည်းကောင်း၊ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် သဘောတရား မူများကို ဆန့်ကျင်သော အမှုများမှ သော်လည်းကောင်း၊ အမှန် ပေါ်ပေါက် လာသော ဖြစ်မှုကြောင့် တရားစွဲဆိုခြင်း ခံရသည့် အမှုအခင်းများတွင် အထက်ပါ အခွင့်အရေးကို အသုံးမပြုနိုင်စေရ။

အပိုဒ် ၁၅

(၁)လူတိုင်းသည် နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။

(၂)ဥပဒေအရ မဟုတ်လျှင် မည်သူမျှ မိမိ၏ နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်း မခံစေရ၊ နိုင်ငံသားအဖြစ် ပြောင်းလဲနိုင်သော အခွင့်အရေးကို လည်း ငြင်းပယ်ခြင်း မခံစေရ။

အပိုဒ် ၁၆

(၁)အရွယ်ရောက် ပြီးသော ယောက်ျား နှင့် မိန်းမတို့တွင် လူမျိုးကို သော်လည်းကောင်း၊ နိုင်ငံသားအဖြစ်ကို သော်လည်းကောင်း ကိုးကွယ်သည့် ဘာသာကို သော်လည်းကောင်း အကြောင်းပြု၍ ချုပ်ချယ် ကန့်သတ်ခြင်း မရှိဘဲ၊ ထိမ်းမြားနိုင်ခွင့် နှင့် မိသားစု ထူထောင်နိုင်ခွင့်ရှိသည်။ အဆိုပါ ယောက်ျားနှင့် မိန်းမ တို့သည် လင်မယားအဖြစ် ပေါင်းသင်းနေစဉ် အချိန် အတွင်း၌ သော်လည်းကောင်း၊ အိမ်ထောင်ကို ဖျက်သိမ်း၍ ကွာရှင်းကြသည့် အခါ၌လည်းကောင်း၊ လက်ထပ် ပေါင်းသင်း အိမ်ထောင် ပြုခြင်းနှင့် စပ်လျဉ်းသော တူညီသည့် အခွင့်အရေးများကို ရရှိထိုက်သည်၊

(၂)သတို့သား နှင့် သတို့သမီး နှစ်ဦးနှစ်ဘက်၏ လွတ်လပ်သော သဘောဆန္ဒရှိမှသာလျှင် ထိမ်းမြားခြင်းကို ပြုရမည်၊

(၃)မိသားစု တစ်ခုသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသော အခြေခံအဖွဲ့တစ်ရပ်ဖြစ်သည်၊ ထိုမိသားစုသည် လူ့ အဖွဲ့အစည်းနှင့် အစိုးရတို့၏ ကာကွယ်စောင့်ရှောက်ခြင်းကို ခံယူခွင့်ရှိသည်။

အပိုဒ် ၁၇

လူတိုင်းတွင် မိမိတစ်ဦး ချင်းသော်လည်းကောင်း ၊ အခြားသူများနှင့် ဖက်စပ်၍ သော်လည်းကောင်း၊ ပစ္စည်းဥစ္စာ တို့ကို ပိုင်ဆိုင်ရန် အခွင့်အရေးရှိရမည်။

ဥပဒေအရ မဟုတ်လျှင်၊ မည်သူမျှ မိမိ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်ခြင်း မခံစေရ။

အပိုဒ် ၁၈

လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ် ကြံဆနိုင်ခွင့်၊ လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့် နှင့် လွတ်လပ်စွာ သက်ဝင် ကိုးကွယ်နိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ မိမိကိုးကွယ်သည့် ဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ ပြောင်းလဲနိုင်ခွင့် ပါဝင်သည့် အပြင် မိမိတစ်ယောက် ချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ၊ ပြည်သူအများ ရှေ့မှောက်တွင် သော်လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲ သော်လည်းကောင်း၊ မိမိ ကိုးကွယ်သော

5

ဘာသာကို သို့တည်းမဟုတ် သက်ဝင် ယုံကြည်ချက်ကို လွတ်လပ်စွာ သင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဝတ်ပြုကိုးကွယ်နိုင်ခွင့်နှင့် ဆောက်တည် နိုင်ခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် ၁၉

လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင် ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟ ဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောင့် အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင် သည့်အပြင်၊ နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန် မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှ ဖြန့်ချိခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် ၂၀

(၁)လူတိုင်းတွင် လွတ်လပ် အေးချမ်းစွာ စုဝေးနိုင်ခွင့် နှင့် ဖွဲ့စည်းနိုင်ခွင့် တို့ ရှိသည်။

(၂)မည်သူ့ကိုမျှ အဖွဲ့အစည်းတစ်ခုသို့ ဝင်စေရန် အတင်းအကျပ်မပြုရ။

အပိုဒ် ၂၁

(၁) လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့်ဖြစ်စေ ပါဝင် ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(၂)လူတိုင်းတွင် မိမိ၏နိုင်ငံရှိ ပြည်သူ့ ဝန်ထမ်းအဖွဲ့၌ ဝင်ရောက်နိုင်ရန် တူညီသည့် အခွင့် အရေးရှိသည်။

(၃)ပြည်သူပြည်သားတို့၏ ဆန္ဒသည် အုပ်ချုပ် အာဏာ၏ အခြေခံဖြစ်ရမည်၊ အဆိုပါ ဆန္ဒကို အချိန်ကာလပိုင်းခြားလျက် စစ်မှန်သောရွေးကောက်ပွဲများဖြင့်

ထင်ရှားစေရမည်။ ရွေးကောက် ပွဲများတွင်လည်း လူတိုင်းအညီအမျှ ဆန္ဒမဲ ပေးနိုင်ခွင့် ရှိရမည့်အပြင် ၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက် မဲပေး စနစ်ဖြင့် ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ် ဖြင့်ဖြစ်စေ၊ ကျင်းပရမည်။

အပိုဒ် ၂၂

လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေနှင့် လူမှုရေးလုံခြုံခွင့်ရယူပိုင်ခွင့်ရှိသည့်အပြင်နိုင်ငံရေးကြိုးပမ်းမှုဖြင့်ဖြစ်စေ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ၊ နိုင်ငံအသီးသီး၏ဖွဲ့စည်းပုံနှင့် လည်းကောင်း၊ သယံဇာတအင်အားနှင့်လည်းကောင်း ထိုလူ၏ ဂုဏ်သိက္ခာနှင့် စရိုက်လက္ခဏာ လွတ်လပ်စွာ တိုးတက်ဖြင့်မားရေးအတွက် မရှိမဖြစ်လိုအပ်သော စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို သုံးစွဲပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၃

(၁)လူတိုင်းတွင် အလုပ်လုပ် ရန်လည်းကောင်း၊ မိမိနှစ်သက်ရာ အသက်မွေးမှု အလုပ် အကိုင်ကို လွတ်လပ်စွာရွေးချယ်ရန် လည်းကောင်း၊ တရား မျှတ၍ လုပ်ပျော်သော အလုပ်ခွင်၏ အခြေအနေကို ရရှိရန် လည်းကောင်း၊ အလုပ်လက်မဲ့ ဖြစ်ရခြင်းမှ အကာအကွယ် ရရှိရန် လည်းကောင်း၊ အခွင့်အရေးရှိသည်။

(၂)လူတိုင်းတွင် ခွဲခြားခြင်းမခံရစေဘဲ၊ တူညီသော အလုပ်အတွက် တူညီသော အခကြေးငွေ ရနိုင်ခွင့်ရှိသည်။

(၃)အလုပ်လုပ်ကိုင်သည့် လူတိုင်းတွင်၊ မိမိနှင့် မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာ နှင့် ညီအောင် နေထိုင် စားသောက်နိုင်ရန်၊ စိတ်ချလောက်သည့်ပြင်၊ တရား မျှတ၍ လုပ်ပျော်သည့် လစာကြေးငွေ ရပိုင်ခွင့်ရှိသည်။ လိုအပ်ခဲ့လျှင်အခြား နည်းလမ်းများမှ လူမှုရေး အထောက်အပံ့ကိုလည်း ထပ်မံ၍ ရနိုင်ခွင့် ရှိသည်။

(၄)လူတိုင်းတွင် မိမိအကျိုး ခံစားခွင့်ကို ကာကွယ်ရန် အလုပ်သမား အစည်းအရုံးများ ဖွဲ့စည်းခွင့် ၊ ပါဝင် ဆောင်ရွက်ခွင့် ရှိသည်။

အပိုဒ် ၂၄

လူတိုင်းတွင် သင့်မြတ်လျော်ကန်စွာ ကန့်သတ်ထားသည့် အလုပ်လုပ်ချိန် အပြင်၊ လစာနှင့်တကွ အခါကာလအားလျော်စွာ သတ်မှတ် ထားသည့် အလုပ် အားလပ်ရက်များပါဝင်သည့် အနားယူခွင့်နှင့် အားလပ်ခွင့် ခံစားပိုင်ခွင့် ရှိသည်။

အပိုဒ် ၂၅

(၁)လူတိုင်းတွင် မိမိနှင့်တကွ မိမိ၏ မိသားစု ကျန်းမာရေးနှင့်တကွ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် အစာအဟာရ အဝတ်အထည် နေအိမ် ဆေးဝါး အကူအညီနှင့် လိုအပ်သည့် လူမှု အထောက်အပံ့များ ပါဝင်သော သင့်တော် လျောက်ပတ်သည့် လူမှု အဆင့်အတန်းကို ရယူခံစားခွင့် ရှိသည်။ ထို့ပြင် အလုပ်လက်မဲ့ဖြစ်သော အခါ၌ သော်လည်းကောင်း၊ မကျန်းမမာဖြစ်သော အခါ၌ သော်လည်းကောင်း၊ ကိုယ်အင်္ဂါ မစွမ်း မသန်ဖြစ်သော အခါ၌ သော်လည်းကောင်း၊ မုဆိုးမဖြစ်သော်အခါ၌ သော်လည်းကောင်း၊ အသက်အရွယ်အိုမင်းသော အခါ၌ သော်လည်းကောင်း၊ မိမိကိုယ်တိုင်က မတတ်နိုင်သော အကြောင်းကြောင့် ဝမ်းစာ ရှာမှီးနိုင်သော နည်းလမ်း မရှိသော အခါ၌ သော်လည်းကောင်း၊ နေထိုင်စားသောက်ရေးအတွက် လုံခြုံစိတ်ချရမှု အခွင့်အရေးရှိသည်။

(၂)သားသည် မိခင်များနှင့် ကလေးများသည် အထူးစောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းကို ရခွင့် ရှိသည်။ ဥပဒေအရ ထိမ်းမြားခြင်းဖြင့်ဖြစ်စေ အခြား နည်းဖြင့် ဖြစ်စေ မွေးဖွားသော ကလေးအားလုံးသည် တူညီသော လူမှု ကာကွယ် စောင့်ရှောက်ရေးကို ရယူ ခံစားကြရမည်။

အပိုဒ် ၂၆

(၁)လူတိုင်းသည် ပညာသင် ယူနိုင်ခွင့်ရှိသည်၊ အနည်းဆုံးမူလတန်းနှင့် အခြေခံ အဆင့် အတန်းများတွင် ပညာ သင်ကြားရေးသည် အခမဲ့ဖြစ်ရမည်။

7

မူလတန်းပညာသည် မသင်မနေရ ပညာ ဖြစ်ရမည်၊ စက်မှုလက်မှုပညာနှင့် အသက်မွေးမှု ပညာများကို ယေဘုယျအားဖြင့် သင်ကြားရယူနိုင်စေရမည်၊ ထို့ပြင် အထက်တန်းပညာအတွက် အရည်အချင်းကို အခြေခံပြု၍ တူညီသော အခွင့်အရေး ရရှိစေရမည်။

(၂)ပညာသင်ကြားရေးကို လူသားတို့၏စရိုက်လက္ခဏာအပြည့်အဝတိုးတက်မှု အပြင်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့် ရှိသေ လေးစားမှု တို့ကို ရှင်သန်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ သင်ကြား စေရမည်၊ ပညာသင်ကြားရေးသည် နိုင်ငံ အားလုံး တို့တွင် လည်းကောင်း၊ လူမျိုးစုများ တွင်လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့များတွင် လည်းကောင်း အချင်းချင်းနားလည်မှု၊ သည်းခံ မှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို အားပေးရမည်၊ ထို့ပြင် ငြိမ်းချမ်းရေး တည်တံ့အောင် ဆောင်ရွက်ရန် အလို့ငှါ ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများကိုလည်း ဖြစ်မြောက် အောင် အားပေးရမည်။

(၃)မိဘတို့တွင်၊ မိမိတို့၏ ကလေးများ သင်ယူရမည့် ပညာ အမျိုးအစားကို ရွေးချယ်နိုင်သော လက်ဦး အခွင့်အရေးရှိသည်။

အပိုဒ် ၂၇

(၁)လူတိုင်းတွင် သက်ဆိုင်ရာ ယဉ်ကျေးမှု လောက၌ လွတ်လပ်စွာ ပါဝင်ဆောင် ရွက်နိုင်ခွင့်၊ သုခုမပညာရပ် များကို လွတ်လပ်စွာလိုက်စား မွေ့လျော်နိုင်ခွင့်၊ သိပ္ပံ ပညာထွန်းကားရေး လုပ်ငန်းများတွင် လွတ်လပ်စွာ ဝင်ရောက် လုပ်ကိုင် နိုင်ခွင့်နှင့် ထိုပညာ၏ အကျိုး အာနိသင်များကို လွတ်လပ်စွာ ခံစားသုံးစွဲနိုင်ခွင့် ရှိသည်။

(၂)လူတိုင်းတွင် သိပ္ပံမှ ဖြစ်စေ၊ စာပေမှဖြစ်စေ၊ သုခုမပညာမှ ဖြစ်စေ၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်ကြံစည်ဖန်တီးမှုမှဖြစ်ထွန်းလာသည့် ဂုဏ်နှင့် ငွေကြေး အကျိုးအမြတ်များကို ခံစားရယူနိုင်ရန် အခွင့်အရေးအတွက် ကာကွယ်မှုကို ရရှိရန် အခွင့်အရေး ရှိသည်။

အပိုဒ် ၂၈

လူတိုင်းသည် ဤကြေညာ စာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများ နှင့် လွတ်လပ်ခွင့်များကို အပြည့်အစုံ ရယူနိုင်သော လူမှု ဆက်ဆံရေး အခြေအနေနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး အခြေအနေတို့၏ အကျိုးကျေးဇူးကို ခံစားနိုင်ခွင့် ရှိသည်၊

အပိုဒ် ၂၉

(၁)မိမိ၏စရိုက်လက္ခဏာ လွတ်လပ်စွာ ဖွံ့ဖြိုး တိုးတက်နိုင်သည့် တစ်ခုတည်းသော လူ့အသိုက်အဝန်း အတွက်လူတိုင်း၌ တာဝန် ရှိသည်။

(၂)မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ် ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည်၊ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုအသိအမှတ်ပြု၍ ရှိသေလေးစားစေရန်အလို့ငှာ လည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသောလူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့ အကျိုး စီးပွား ဖြစ်ထွန်းရေးတို့ အတွက်၊ တရားမျှတစွာကျင့် ဆောင်ရန် အလို့ငှာ လည်းကောင်း၊ ဥပဒေက ပြဋ္ဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်၊

(၃)အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ် ခွင့်များကို မည်သည့် အမှုကိစ္စတွင်မျှ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် လည်းကောင်း၊ အခြေခံမူများနှင့် လည်းကောင်း ဆန့်ကျင်၍ မသုံးစွဲရ၊

အပိုဒ် ၃၀

ဤကြေညာစာတမ်းပါ အခွင့်အရေးနှင့်တကွ လွတ်လပ်ခွင့်များ ဖျက်စီးရာဖျက်စီးကြောင်းတို့ကိုရည်ရွယ်၍ နိုင်ငံ တစ်နိုင်ငံ အတွက် ဖြစ်စေ၊ လူတစ်စု အတွက်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက် အတွက် ဖြစ်စေ ပါဝင် ဆောင်ရွက်ရန် အခွင့်ရှိသည်ဟု သော်လည်းကောင်း၊ ကိုယ်တိုင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟုသော်လည်းကောင်း အဓိပ္ပါယ် ပိုင်းခြားကောက်ယူခြင်း မရှိစေရ။

---------------,

၄

## အတွဲများချိတ်ဆက်ရှာဖွေခြင်းကစားနည်း

| | |
|---|---|
| လူမျိုးရေးတွင် နည်းမျိုးစုံဖြင့် ဖိနှိပ်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် | စာချုပ်သည် အဖွဲ့ဝင်နိုင်ငံများအား လူမျိုးရေးအပေါ်တွင်အခြေခံ၍ ဖိနှိပ်ခွဲခြားဆက်ဆံမှုများကို ပပျောက်စေရေး ဆောင်ရွက်ရန် တိုက်တွန်းပြီး၊ လူမျိုးအားလုံးအကြား နားလည်မှု မြှင့်တင့်ရန် လည်း တိုက်တွန်းသည်။ စာချုပ်သည် အဖွဲ့ဝင်နိုင်ငံများအား အမုန်းစကားများကို ဥပဒေဖြင့် တားဆီးစေပြီး လူမျိုးရေးခွဲခြားမှုအဖွဲ့ များဝင် ပါဝင်ခြင်းကိုလည်း ရာဇဝတ်ပြစ်ဒဏ်တပ် စေရန် တိုက်တွန်းသည်။ |
| နိုင်ငံသား နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် | သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသော အဖွဲ့ဝင်နိုင်ငံများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးတို့ကို လေးစားရန် သဘောတူစာချုပ်က အာမခံထားသည်။ ထိုအခွင့်အရေးတို့ တွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ ရွေးကောက်ပွဲတွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်၊ တရားဥပဒေအရ အကာအကွယ်ရပိုင်ခွင့် နှင့် တရားမျှတသော တရားစီရင်ရေးကို ရယူအသုံးပြုနိုင်ခွင်တို့ ပါဝင်သည်။ |
| စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် | စာချုပ်သည် အဖွဲ့ဝင်နိုင်ငံများအား စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် တိုက်တွန်းပါသည်။ ထိုအခွင့်အရေးတို့ တွင် အလုပ်သမားအခွင့်အရေး၊ ကျန်းမာရေးဆိုင်ရာအခွင့်အရေး၊ ပညာရေးဆိုင်ရာ အခွင့်အရေး နှင့် သင့်တော်လျောက်ပတ်သည့် လူမှုအဆင့်အတန်းကို ရယူအသုံးချနိုင်ခွင့်တို့ ပါဝင်သည်။ |
| အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် | အမျိုးသမီးများ၏ အခွင့်အရေးများအား ကာကွယ်ခြင်း နှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့ ကို ဆောင်ရွက်သော နိုင်ငံတကာ စာချုပ်။ |

| | |
|---|---|
| ညှင်းပန်းနှိပ်စက်မှု၊ လူသားမဆန်စွာ သိက္ခာကျဆင်းစေသည့် ပြုကျင့်မှုနှင့် အပြစ်ပေးမှု ဆန့်ကျင်ရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် | ကုလသမဂ္ဂ၏ သုံးသပ်မှုအောက်တွင် ရှိနေသည့် နိုင်ငံတကာလူ့ အခွင့်အရေး စာချုပ်ဖြစ်သည်။ ထိုစာချုပ်သည် ညှင်းပန်းနှိပ်စက်မှု နှင့်အခြားသော လူမဆန်ပြီး သိက္ခာကျဆင်းစေသည့် အပြစ်ပေးမှု တို့ ကို ကမ္ဘာတစ်ဝန်းတွင် တားဆီးရန် ရည်ရွယ်သည်။ |
| ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ် | ကလေးသူငယ်များ၏ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး၊ ကျန်းမာရေး နှင့် ယဉ်ကျေးမှုများ ဆိုင်ရာ အခွင့်အရေးများကို ဖော်ပြထားသည့် လူ့ အခွင့်အရေး စာချုပ်ဖြစ်သည်။ |
| ရွှေ့ ပြောင်းအလုပ်သမားများနှင့် ၎င်းတို့ ၏ မိသားစုများ အားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် | ရွှေ့ ပြောင်းအလုပ်သမားများနှင့် ၎င်းတို့ ၏ မိသားစု များအားလုံး၏ အခွင့်အရေးကို ကာကွယ်ပေးသည့် ကုလသမဂ္ဂ၏ နိုင်ငံပေါင်းစုံပါဝင်သော သဘောတူစာချုပ်ဖြစ်သည်။ |
| လူသားများအား အတင်းအဓမ္မ ပျောက်ဆုံးစေခြင်းမှ ကာကွယ်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် | ကုလသမဂ္ဂ၏ နိုင်ငံတကာလူ့ အခွင့်အရေး ဆိုင်ရာ စာချုပ်ဖြစ်ပြီး၊ နိုင်ငံတကာဥပဒေ နှင့် လူသားမျိုးနွယ် အပေါ် ဆန့် ကျင်ကျူးလွန်သည့် ရာဇဝတ်မှုများ အရ အဓိပ္ပါယ်ဖွင့်ဆိုခြင်းခံရသည့် အတင်းအဓမ္မပျောက် ဆုံးစေခြင်းကို တားဆီးရန် ရည်ရွယ်သည်။ |
| မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် | မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ဂုဏ်သိက္ခာ တို့ ကို ကာကွယ်ပေးရန် ရည်ရွယ်သည့် ကုလသမဂ္ဂ၏ နိုင်ငံတကာ လူ့ အခွင့်အရေး စာချုပ် တစ်ခုဖြစ်သည်။ စာချုပ်အဖွဲ့ ဝင် နိုင်ငံများသည် မသန်စွမ်းသူများအားလုံး၏ လူ့ အခွင့်အရေးများ အပြည့်အဝ ခံစားရရှိနိုင်စေရေးအတွက် မြှင့်တင်ခြင်း၊ ကာကွယ်ခြင်း နှင့် အာမခံခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ပြီး၊ ဥပဒေရှေ့ မှောက်တွင် မသန်စွမ်းသူများ သည် တန်းတူညီမျှမှုကို အပြည့်အဝရရှိစေရန်လည်း အာမခံရမည်။ |

**သင်ခန်း (၂)**

**အခန်း – ၂ ။ တစ်ဦးချင်းစီ၏ ရှုထောင့်မှနှိုင်းယှဉ်မြင်သော မသန်စွမ်းသူများ၏ အခွင့်အရေးများ**

| | |
|---|---|
| **လုပ်ဆောင်ချက်များအား ဖော်ပြခြင်း**<br><br>**လုပ်ဆောင်ချက်ပြုလုပ်ရန် ကြာချိန်စုစုပေါင်း** | ဤလုပ်ဆောင်ချက်မှ ဥရောပယူနီယံ၊ လစ်ဗျား နှင့် တောင်အာရှနိုင်ငံ များတွင် မသန်စွမ်းသူများ အခွင့်အရေးရရှိစေရန် ပြည်သူ့ရေးရာ မူဝါဒ များကို အသုံးပြုကာ အောင်မြင်အောင် မည်ကဲ့သို့ လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကြသည်ကို သင်တန်းတက်ရောက်သူများအနေဖြင့် ဗဟုသုတရရှိကြမည်ဖြစ်သည်။<br><br>၉၀ မိနစ် |
| **လေ့လာသိရှိရမည့် အကြောင်းအရာများ** | သင်တန်းသူ၊သားများသည် အခြားနိုင်ငံများက မသန်စွမ်း အခွင့်အရေး လှုပ်ရှားမှုများထဲမှ ကွဲပြားမှုများ၊ တူညီမှုများကို လေ့လာပိုင်းခြား သတ်မှတ်နိုင်သည်။ |
| **လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ** | ဥရောပသမဂ္ဂဖြစ်စဉ်လေ့လာခြင်း (EU FRA- လွယ်ကူစွာ ဖတ်ရှုနိုင်သော ပုံစံ)နှင့်<br>ဥရောပသမဂ္ဂမသန်စွမ်းဆိုင်ရာမဟာဗျူဟာ တောင်အာရှဖြစ်စဉ်လေ့လာခြင်း နှင့် စည်းရုံးလှုံ့ဆော်မှု စကားဝိုင်း လစ်ဗျားဖြစ်စဉ်လေ့လာခြင်း နှင့် ဗွီဒီယို ဖေါ်ပြချက် ကူးယူမှုမှတ်တမ်း<br>စက်ဝိုင်းပုံကွက်လပ်(၂ ခု) ဆွဲထားပြီး ပြ ပြင်ဆင်ထားသောစာရွက်ကြီး- ၃ ရွက်<br>စက်ဝိုင်းပုံကွက်လပ်(၃ ခု) ဆွဲထားပြီး ပြ ပြင်ဆင်ထားသောစာရွက်ကြီး- ကပ်ခွာမှတ်စုနှင့် ဘောပန်များ |
| [၁၅ မိနစ်] | **အဆင့် ၁** - သင်တန်းသူ၊သားများသည် နိုင်ငံတကာ မူဘောင်ဖြစ်သော CRPD အပြင် မြန်မာနိုင်ငံ၏ တိကျသော အခြေအနေများကိုပါ သင်ယူခဲ့ရပြီး ဖြစ်သလို ဤသင်ခန်းစာတွင်လည်း တော်တော်များများ ဆွေးနွေးခဲ့ ဆွေးနွေးခဲ့ကြပြီး ဖြစ်ကြောင်းကို ထောက်ပြပြောဆိုပါ။<br><br>**အဆင့် ၂** - ဆက်လက်ပြီး အခြားနိုင်ငံများနှင့် ဒေသတွ ဒေသတွင်းနိုင်ငံများတွင် နိုင်ငံရေတွင် မသန်စွမ်းသူများ အကျိုးဝင်ရေး လှုပ်ရှား ဆောင်ရွက်နေမှု အချို့ကို ဆွေးနွေးသွားမည်ကို ရှင်းပြပါ။<br><br>**အဆင့် ၃** - မသန်စွမ်းသူများအကျိုးဝင်ရေး လှုပ်ရှားမှုဆိုတာဘာလဲဟု သင်တန်းသားများအား မေးပါ။ မည်ကဲ့သို့ အဓိပ္ပါယ်ဖွင့်သလဲ၊ ဖြစ်နိုင်သော အဖြေများ ပါဝင်လျှက်-<br>• မသန်စွမ်းသူများ တစ်ဦးချင်းနှင့် မသန်စွမ်းသူများ |

| | |
|---|---|
| | အတူတကွ လုပ်ဆောင်ပြီး အတားအဆီးများကို ဖယ်ရှားရန် စည်းရုံး လှုံ့ဆော်ခြင်း<br>• တန်းတူ အခွင့်အရေးနှင့် လက်လှမ်းမီမှုများ ရရှိရန်အတွက် စည်းရုံးလှုံ့ဆော်ခြင်း<br>• မသန်စွမ်းသူများ၏ သဘောထား အမြင်များကိုပြောင်းလဲခြင်း<br><br>**အဆင့် ၄** - မသန်စွမ်းသူများ အကျိုးဝင်ရေး လှုပ်ရှားမှုများသည် တစ်ကမ္ဘာလုံးတွင် မသန်စွမ်းသူများအတွက် ပုံစံအသစ်တစ်ခုဆီသို့ ရောက်ရှိအောင် လုပ်ဆောင်ကြခြင်းဖြစ်သည်ကို ထောက်ပြဆွေးနွေးပါ။ မသန်စွမ်း သူများ၏ ပုံစံအသစ် ၃ မျိုး အမည်ကို သင်တန်းသား တစ်ယောက်အား မေးပြီး  ပုံစံတစ်ခုစီကို ဖော်ပြနိုင်းပါ။<br><br>*ပုံစံ ၃ မျိုးမှာ ပေးကမ်းစွန့်ကြဲခြင်း၊ ဆေးပညာဆိုင်ရာ နှင့် လူမှုရေး ပုံစံများဖြစ်ကြသည်။ ပေးကမ်းစွန့်ကြဲခြင်းပုံစံသည် မသန်စွမ်းသူများအား သနားစရာယ်အဖြစ်ဖြင့် ဆက်ဆံကြသည်။ ဆေးပညာဆိုင်ရာ ပုံစံသည် မသန်စွမ်းသူများအား သန်စွမ်းသူများ ကဲ့သို့ နေထိုင်ရန် ဘောင်သွင်းကြသည်။ လူမှုရေးပုံစံသည် မသန်စွမ်းသူများအား တန်းတူပါဝင်ခွင့်၊ ပတ်ဝန်းကျင်တွင်ရှိသော နောက်ကွယ်မှ အဟန့်အတားများကို အပြည့်အဝ ဖယ်ရှားခြင်းဖြစ်သည်။ လူထုသည် လူသား အားလုံးအတွက် တန်းတူ အခွင့်အရေး ရရှိရန် ရှိနေသော အတားအဆီးများကို ပပျောက်အောင် လုပ်ဆောင်ပေးရမည်။*<br><br>**အဆင့် ၅** - ယခု အသုံးပြုနေသော ပုံစံက ဘာလဲဟု သင်တန်းသားသူ များအားမေးပါ။<br><br>(အဖြေမှန် - လူမှုရေးပုံစံ)<br><br>**အဆင့် ၆** - မည်သည့် နိုင်ငံတကာစာတမ်းသည် ယခု မသန်စွမ်းသူများ အတွက် လူမှုရေးပုံစံ အခြေခံကျသော စာတမ်းဖြစ်သနည်း ဟု တက်ရောက်သူများအား မေးပါ။<br><br> (အဖြေမှန် - CRPD)<br><br>**အဆင့် ၇ - ထုတ်နှုတ်ပြောဆိုပါ** - မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်သည် မတူကွဲပြားသော |

| | |
|---|---|
| | မသန်စွမ်းမှုများအား ပါဝင်ခွင့်တွင် တွေ့ရှိရသော အတားအဆီးများအား<br>အသိအမှတ်ပြုသည်ကို ထောက်ပြပြောဆိုပါ။<br>၎င်းအတားအဆီးများ အားလုံးကို လျှော့ချရန်နှင့် ပပျောက်အောင် လုပ်ဆောင်ခြင်းသည် လူမှုပုံစံ၏ ပန်းတိုင်ဖြစ်သည်။<br>ဤပန်းတိုင်ကို သင့်တော်သော အစဉ်အကျင်းများ ပံ့ပိုးပေးခြင်းဖြင့် လုပ်ဆောင်ပေးနိုင်သည်။ မဲပေးခြင်း အခြေအနေတွင် ဥပမာအားဖြင့် ဝီးချဲအသုံးပြုသူများအတွက် မဲပေးသည့်ခုံကို နိမ့်၍စီစဉ်ပေးခြင်း သို့မဟုတ် မျက်မမြင် လက်စမ်း ထိတွေ့နိုင်သော မဲပေးခြင်းလမ်းညွှန်ချက်များ ပြုလု ပြုလုပ်ထားခြင်းဖြင့် အမှီအခို ကင်းကင်းနှင့် လျို့ဝှက်စွာ မဲထည့်နိုင်သည်။ |
| [၂၀ မိနစ်] | **အဆင့် ၈ - ထုတ်နုတ်ပြောဆိုပါ** - မတူညီသော နိုင်ငံများတွင် ကွဲပြားသောနည်းလမ်းများဖြင့် အပြောင်းအလဲ ဖော်ဆောင်ရန် မသန်စွမ်းသူများ အခွင့်အရေး လှုပ်ရှားမှုများကို ပြုလုပ်ကြသည်ကို ထောက်ပြပြောဆိုပါ။ မသန်စွမ်းသူ အခွင့်အရေး အမြင်ဖွင့် သင်တန်းများ ပေးခြင်းနှင့် မသန်စွမ်းသူအခွင့်အရေး စာတမ်းပါ အချက်များနှင့်အညီ ဥပဒေ ရေးဆွဲသူများနှင့် မသန်စွမ်းသူများက လက်တွဲ လုပ်ဆောင်ကြသည်။<br><br>**အဆင့် ၉** - သင်တန်းတက်ရောက်သူများအား ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ မသန်စွမ်းလှုပ်ရှားမှု သမိုင်းကြောင်းကိုမည်သို့ ပုံဖော်မလဲဟု စဉ်းစားနိုင်းပါ။ မည်သည့် ချဉ်းကပ်မှုမျိုးနှင့် လုပ်ဆောင်ကြသလဲကို စဉ်းစားစေပါ။<br><br>**အဆင့် ၁၀** - မြန်မာနိုင်ငံ၏ မသန်စွမ်း အခွင့်အရေး လှုပ်ရှားမှုအကြောင်း အသုံးပြုခဲ့သော မဟာဗျူဟာများ၊ အောင်မြင်မှု ပန်းတိုင်စသော စဉ်းစား ထားမှုများကို တစ်ဦးချင်းစီ မျှဝေရန်ပြောပါ။ ဤလုပ်ဆောင်ချက်ကို ပြုလုပ်ရန် အချိန် ၁ မိနစ်ပေးပါ။<br><br>**အဆင့် ၁၁** - သင်တန်းတက်ရောက်သူများအား ၎င်းတို့၏ မျှဝေပေးမှု အတွက် ကျေးဇူးတင်ကြောင်းပြောပါ။<br><br>**အဆင့် ၁၂ - ထုတ်နုတ်ပြောဆိုပါ** - မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ တန်းတူ အခွင့်အရေးရရှိအောင် |

| | |
|---|---|
| | စည်းရုံးတိုက်တွန်း လုပ်ဆောင်ခြင်းသည် အလွန်ပင် ခက်ခဲပြီး ယခုထိလည်း လုပ်ဆောင်ရန် အများကြီး<br>ရှိနေသေးတယ်ဆိုတာကို ပြောပြပါ။ ဤသင်ခန်းစာအတွင်း အခြားနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများရှိ လူများမှ မသန်စွမ်းသူများ အခွင့်အရေး ရရှိအောင် မည်ကဲ့သို့ အကောင်အထည် ဖော်ဆောင်ရွက်ကြသလဲကိုပါ လေ့လာ သင်ယူရမည်ဖြစ်သည်။ |
| [၁၅ မိနစ်] | **အဆင့် ၁၃** - အဖွဲ့ ၃ဖွဲ့ ခွဲပါ ။ (တစ်ဖွဲ့စီတွင် ၈ ဦးမှ ၉ ဦးထိ)<br><br>**အဆင့် ၁၄ - ဖြစ်ရပ်လေ့လာခြင်းစာရွက်-**<br>- ဥရောပ ဖြစ်စဉ်လေ့လာခြင်း - အုပ်စု ၁<br>- လစ်ဗျား ဖြစ်စဉ်လေ့လာခြင်း - အုပ်စု ၂<br>- တောင်အာရှ ဖြစ်စဉ်လေ့လာခြင်း - အုပ်စု ၃<br><br>**အဆင့် ၁၅** - အဖွဲ့တစ်ခုစီတိုင်းမှ မတူညီသော ဖြစ်ရပ်များကို လေ့ လေ့လာကြမည်ကို ရှင်းပြပါ။ ဖြစ်ရပ်ကို လေ့လာရန်နှင့် အဖွဲ့ဝင် အားလုံးကောင်းစွာ နားလည်သဘောပေါက်ရန် အချိန် ၁၅ မိနစ် ရမည်။ သင်တန်းတက်ရောက်သူများအနေဖြင့် အခြားတစ်ယောက်ယောက်အား နားလည်သဘောပေါက်စေရန် ရှင်းပြနိုင်ရမည်ကို သိထားသင့်သည်။<br><br>***သင်တန်းပို့ချသူမှတ်စု** - သင်တန်းသားများအား အုပ်စုတွင်းမှာရှိသော အမြင်အာရုံချို့ယွင်းသူများရှိပါက ကြားနိုင်အောင် အသံကျယ်ကျယ်ဖြင့် ဖတ်ရန် သတိပေးပါ။*<br><br>**အဆင့် ၁၆** - သင်တန်းတက်ရောက်သူများ ဖြစ်စဉ်ကိုဖတ်ပြီး အုပ်စုတွင်း ၁၅ မိနစ်ကြာဆွေးနွေးပါ။ သင်တန်းပို့ချသူမှ သင်တန်းသားများမေးသော မေးခွန်းများကို ဖြေဆိုရ ဖြေဆိုရန်နှင့် ဖြစ်ရပ်လေ့လာမှုများကို သေချာစွာ နားလည်မှုရှိစေရန် လှည့်လည်သွားသင့်သည်။ |
| [၁၅ မိနစ်] | **အဆင့် ၁၇** - သင်တန်းတက်ရောက်သူများအနေဖြင့် အခု ဖြစ်ရပ်များကို<br>သိရှိသွားပြီဖြစ်ကြောင်းပြောပါ။ ဖြစ်ရပ်တစ်ခုချင်းစီအား နှိုင်းယှဉ်ပြီး မတူညီချက်များကို ဆွေးနွေးနိုင်ရန် အခြားဖြစ်စဉ်မှ တစ်ယောက်နှင့် ဆွေးနွေးခိုင်းပါ။ |

| | |
|---|---|
| | **အဆင့် ၁၈** - ရှိပြီးသား တစ်ဖွဲ့ချင်းစီအား တဝက်စီခွဲ၍ အဖွဲ့၂ဖွဲ့ ခွဲလိုက်ပါ။<br><br>**အဆင့် ၁၉** - အုပ်စုတစ်ခုစီမှ လူတစ်ဝက်ကို တစ်ခြားအုပ်စုသို့ အလှည့်ကျ လည်နိုင်းပါ။ မတူညီသော ဖြစ်ရပ်လေ့လာခဲ့သော အုပ်စုမှ လူများအားလုံးရောပြီး အုပ်စု ၃ စုဖြစ်သွားအောင်လုပ်ခြင်းဖြစ်သည်။<br>**အဆင့် ၂၀** - တစ်ဖွဲ့ချင်းစီသို့ စက်ဝိုင်းပုံ( စက်ဝိုင်း ၂ ဝိုင်း)ပါ စာရွက်အလွတ်ကို ပေးပါ။<br><br>**အဆင့် ၂၁** - သင်တန်းသားများအား မိမိတို့ လေ့လာခဲ့ရသော ဖြ ဖြစ်ရပ်များမှ တူညီသော သို့မဟုတ် ကွဲပြားခြားနားသော ချဉ်းကပ်မှုများကို မည်သို့ အသုံးပြုခဲ့ကြသည်ကို စက်ဝိုင်းပုံဖြင့် ပြသရန်ရှင်းပြပါ။ စက်ဝိုင်းပုံအစိတ်အပိုင်းများအား မထပ်စေရန် ထောက်ပြပါ။ စက်ဝိုင်းပုံတစ်ခုစီတွင် ၄င်းဖြစ်ရပ်နှင့် ထပ်တူကျသော ထူးခြားချက်များ ဖော်ပြရမည်ကို ရှင်းပြပါ။ စက်ဝိုင်းအလယ်ပိုင်းတွင် စက်ဝိုင်းနှစ်ခုသည် ထပ်နေမည်။ ၄င်းနေရာတွင် ဖြစ်ရပ်နှစ်ခုစီမှ တူညီသောအရာများကို ချရေးရမည်။<br><br>**အဆင့် ၂၂** - အားလုံးလုပ်ဆောင်မှုပြီးမြောက်ရန် အချိန် ၁၀ မိနစ်ပေးပါ။<br><br>***သင်တန်းပို့ချသူမှတ်စု*** - *သင်တန်းသားများထံမှ မေးခွန်းများ သို့မဟုတ် အကယ်၍အကူအညီများလိုအပ်ပါက ကူညီနိုင်ရန် အုပ်စုများအကြား သွားရောက်ပေးပါ။*<br><br>**အဆင့် ၂၃** - အုပ်စုများမှ သူတို့၏ ပုံများအား ဆွဲပြီးသောအခါ နံရံပေါ်မှာ ကပ်ပါ။ |
| | **အဆင့် ၂၄**- စက်ဝိုင်းပုံ ၃ ခုပါသော ရုပ်ပုံကားချပ်ကား အခန်းရှေ့တွင် ကပ်ပါ။ ဥရောပသမဂ္ဂ၊ လစ်ဗျား၊ တောင်အာဂရ စသည်ဖြင့် စက်ဝိုင်းတစ်ခုချင်းအောနားတွင် ရေးပါ။<br><br>**အဆင့် ၂၅** - သင်တန်းသားများအား ယခု ပုံသည် ပြီးခဲ့သော သင်ခန်းစာအတွင်း ဖန်တီးခဲ့ကြသည့် ပုံများအားလုံးပေါင်း လိမ့်မည်ဖြစ် ကြောင်း ရှင်းပြပါ။<br><br>**အဆင့် ၂၆** - အဖွဲ့တစ်ခုချင်းစီမှ ဖြစ်ရပ်နှင့်ပတ်သက်ပြီး သူတို့ |

| | |
|---|---|
| [၁၀ မိနစ်] | လုပ်ဆောင်ထားသော ကွဲပြားမှု သို့မဟုတ် တူညီမှုများကို ကပ်ခွာစာရွက်ပေါ်တွင် ဖော်ပြချက်ရေးသားရန် ရှင်းပြပါ။ ထို့နောက် ရေးထားသော ကပ်ခွာစာရွက်များကို အခန်းရှေ့ချိတ်ထားသော ပုံတွင် ကပ်ရမည်။<br><br>**အဆင့် ၂၇** - ရုပ်ပုံ၏ အစိတ်အပိုင်းတစ်ခုချင်းစီကို ဖော်ပြပါ။ ဥရောပ သမဂ္ဂနှင့် လစ်ဗျားဆုံနေသော နေရာတွင် ဖြစ်ရပ်နှစ်ခုမှ တွေ့ရှိထားသော တူညီသောအချက်များကို ကပ်ရမည်။ လစ်ဗျားနှင့် တောင်အာရှတို့ ဆုံသောနေရာတွင် ၎င်းဖြစ်ရပ်နှစ်ခုမှ တူညီသောအချက်များကို ကပ်ထားပါ။ ဖြစ်ရပ်တစ်ခုစီမှ ထူးခြားသော အချက်များကို မည်သည့်စက်ဝိုင်းနှင့်မှ မဆုံသော နေရာလွတ်များတွင် ကပ်ပါ။<br><br>**အဆင့် ၂၈** - အုပ်စုများအားလုံး လုပ်ဆောင်မှုပြီးရန် ၅ မိနစ်အချိန်ပေးပါ။<br><br>**အဆင့် ၂၉** - စက်ဝိုင်းပုံကြီး၏ အပိုင်းအားလုံးကို ဖတ်ပြီး ထူးခြားသောနေရာတွင်ရှိနေသော အစိတ်အပိုင်းများအားလုံးနှင့် ပတ်သက်ပြီး သင်တန်းသားများ၏ အမြင်များ သို့မဟုတ် အကယ်၍ တခြားမည်သည့်နေရာကိုမဆို တခြားနေရာသို့ ရွှေ့သင့်သလားဟု မေးပါ။ ထပ်နေသော အစိတ်အပိုင်းတိုင်းအတွက် ၎င်းတို့သည် ဖြစ်ရပ်နှစ်ခုအတွက်သာ အသုံးဝင်သလား သို့မဟုတ် သုံးနေရာလုံးအတွက် အသုံးဝင်နိုင်သလားဟုမေးပါ။ စက်ဝိုင်း ၃ နေရာလုံးအတွက် အသုံးပြုနိုင်သော ဖော်ပြချက်များကို စက်ဝိုင်းသုံးခု ထပ်နေသော အလယ်နေရာသို့ ကပ်ခွါများကို ရွှေ့ပါ။ |
| | **အဆင့် ၃၀** - မသန်စွမ်းအခွင့်အရေးဖြစ်ရပ် ၃ ခုလုံးမှ တွေ့ တွေ့ရှိထားသော တူညီမှုများကို အသံကျယ်ကျယ်ဖတ်ပါ။ အကယ်၍ ထပ်ပြီး တူညီတယ်လို့ ထင်သောအရာများရှိလား မေးပါ၊ ရှိပါက ၎င်းတို့ကိုပါ ထပ်မံပေါင်းထည့်ပါ။<br><br>**အဆင့် ၃၁** - စာရွက်လွတ်ကြီးတစ်ဖက်တစ်ချက်စီတွင် တူညီချက်များနှင့် ကွဲပြားမှုများကို ခေါင်းစဉ် သီးခြားတိုက် ချရေးပါ ။<br><br>**အဆင့် ၃၂** - မြန်မာနိုင်ငံ၏ မသန်စွမ်း အခွင့်အရေး လှုပ်ရှားမှုများကို သင်တန်းသားများအား တဖန်စဉ်းစားခိုင်းပါ။ |

| | |
|---|---|
| [၃ မိနစ်] | ဤသင်ခန်းစာများနှင့် တူညီချက်များ သို့မဟုတ် ကွဲပြားမှုများနှင့် တူညီသော လုပ်ရှားမှုများ မြန်မာနိုင်ငံတွင် အသုံးပြုခဲ့ကြသလားမေးပါ။<br><br>**အဆင့် ၃၃** - သင်တန်းတက်ရောက်သူများ မျှဝေပေးသော တူညီမှုများနှင့် ကွဲပြားမှုများကို စာရွက်ပေါ်တွင် ချရေးပါ။<br><br>***သင်တန်းပံ့ပိုးသူမှတ်စု*** - *အကယ်၍ သင်တန်းအတွင်း စကား မပြောဖြစ်သေးသူများရှိပါက ဤအချိန်သည် ၎င်းတို့၏ အမြင်များကို မေးမြန်းရန် အကောင်းဆုံးအချိန်ဖြစ်သည်။*<br><br>**အဆင့် ၃၄** - ဖြစ်ရပ်များနှင့် ပတ်သက်ပြီး သင်တန်းသားများပြောပြသော တူညီမှုများ၊ ကွဲပြားမှုများနှင့် မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်ပြီး သူတို့ သိထားသည်များကို ပြန်လည်သုံးသပ်ပါ။<br><br>**အဆင့် ၃၅** - ယခုသင်ခန်းစာမှ မြန်မာနိုင်ငံအတွက် အသုံးဝင်မည့် သင်ခန်းစာများကို သင်ကြားနိုင်သည်ကို ပြောပြပါ။ |
| [၇ မိနစ် ]<br><br><br><br><br><br><br><br><br><br><br><br><br>အနှစ်ချုပ်-<br>၅ မိနစ် | **အဆင့် ၃၆** - ဤမသန်စွမ်းအခွင့်အရေး လှုပ်ရှားမှုသင်ယူခြင်းမှ မိမိတို့ သင်ယူခဲ့ရသော အချက် ၃ ချက်ကို အုပ်စုတစ်စုချင်းစီအား ဆွေးနွေးစေပါ။<br><br>**အဆင့် ၃၇** - အုပ်စုတစ်စုချင်းစီအား သူတို့ သင်ယူနိုင်သည်များကို ဆွေးနွေးဆုံးဖြတ်ရန် အချိန် ၃ မိနစ်ပေးပါ။<br><br>**အဆင့် ၃၈** - တူညီမှုများနှင့် ကွဲပြားမှု ခေါင်းစဉ်အောက်တွင် သင်ယူခဲ့ရသည်များကို စာရွက်သေးဖြင့် ချရေးပါ။<br><br>**အဆင့် ၃၉** - အုပ်စုတစ်ခုစီမှ မိမိတို့ သင်ယူခဲ့ရသည်များကို ပြန်လည် ဝေမျှရန် ခွင့်ပြုပါ။<br><br>**အဆင့် ၄၀** - သင်တန်းသားသူများအား နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများအားလုံး ပိုမို အကျုံးဝင် ပါဝင်နိုင်ရန် မူဝါဒများ ချမှတ်ခြင်းများ ပြုလုပ်နိုင်ရန် ဤသင်ခန်းစာမှ လမ်းညွှန် ပေးနိုင်သည်ဆိုတာကို ထောက် ထောက်ပြဆွေးနွေးပြီး သင်ခန်းစာအား အနှစ်ချုပ်ပါ။ |
| **ကူညီပံ့ပိုးခြင်း မှတ်ချက်များ** | သင်တန်းသားများ အနေဖြင့် ယခင်တစ်ခါမှ |

| | |
|---|---|
| | ကားချပ်ပုံမသုံးဖူးသူများအား ကားချပ်ပုံကို နားလည်အောင် ရှင်းပြရန် အချိန် ပိုမို လိုအပ်နိုင်သည်။ |

ဥရောပသမဂ္ဂ၏ဖြစ်စဉ်အားလေ့လာခြင်း

လစ်ဗျားဖြစ်စဉ်အား လေ့လာခြင်း

တောင်အာဖရိက ဖြစ်စဉ်အား လေ့လာခြင်း

# မသန်စွမ်းသူများတွင် တူညီသော အခွင့်အရေးများရှိသည်

## ဥရောပသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၀-၂၀၂၀

### တူညီသော အခွင့်အရေး၊ တူညီသော အခွင့်အလမ်း

*ဥရောပသမဂ္ဂ၏ ထပ်မံဖြည့်စွက်ထားသော တန်ဖိုးများ*

ဥရောပသမဂ္ဂတွင် လူသန်းပေါင်း ၈၀ ခန့် ရှိသည့်အနက်၊ လူဦးရေ၏ ၆ ပုံ ၁ ပုံသည် မသန်စွမ်းသူများ ဖြစ်ကြပါသည်။ ထိုသူများသည် ၎င်းတို့ နေထိုင်ရာ ပတ်ဝန်းကျင်နှင့် လူများ၏ စိတ်နေသဘောထား များထံမှ ဆင်းသက်လာသော အတားအဆီးများကြောင့် လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ တွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ကို မကြာခဏဆိုသလို တားဆီးခံနေရပါသည်။ ထို့အပြင် မသန်စွမ်း သူများ၏ လူမှုအသိုင်းအဝိုင်းတွင် ဖြစ်ပေါ်နေသော ဆင်းရဲမွဲတေမှုသည် သာမန်ပျမ်းမျှထက် ၇၀ ရာခိုင်နှုန်း ပိုမိုမြင့်မားနေသည်ကိုလည်း တွေ့ရပါသည်။

အသက် ၇၅ နှစ်ကျော် မသန်စွမ်းသူများ၏ ၃၀ ရာခိုင်နှုန်းသည် အတိုင်းအတာတစ်ခုအထိ ကန့်သတ် ခံနေရပြီး၊ ၂၀ ရာခိုင်နှုန်းသည် ဆိုးရွားစွာ အကန့်သတ်ခံနေရပါသည်။ ဥပရောပသမဂ္ဂအတွင်းရှိ လူဦးရေသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ မသန်စွမ်းသူဦးရေ ရာခိုင်နှုန်းသည်လည်း တိုးမြင့်လာပါသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် တစ်နိုင်ငံချင်းစီသည် မသန်စွမ်းသူများအတွက် လိုအပ်သော အထောက်အကူ ပြုမှုများ လုပ်ဆောင်ရန် တာဝန်ရှိသော်လည်း၊ ဥရောပသမဂ္ဂအနေဖြင့် တစ်နိုင်ငံချင်းစီ၏ လုပ်ဆောင်မှု များအတွက် အားဖြည့်ပေးမည် ဖြစ်သလို၊ တိုးတက်မှုများ ရရှိလာရန်လည်း အခြေအနေကောင်းများ ဖန်တီးပေးမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဥရောပသမဂ္ဂသည် မသန်စွမ်းသူများ၏ အမြင်ရှု ထောင့်များအပေါ်တွင် အခြေခံ၍ သင့်လျော်သည့် မူဝါဒရေးရာ သုံးသပ်မှုများကို ကနဦး လုပ်ဆောင်

သွားမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းက မသန်စွမ်းသူများအတွက် မူဝါဒများ၊ ဥပဒေများ ရေးဆွဲချမှတ်သည့်အခါ မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ပိုမိုနားလည်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အကျုံးဝင်ပါဝင်နိုင်စေရန်နှင့် ၎င်းတို့၏ အခြေခံ လူ့အခွင့်အရေး များကို အပြည့်အဝ အသုံးချနိုင်လာစေရန် ဥရောပသမဂ္ဂအနေဖြင့် ရည်ရွယ်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

## မသန်စွမ်းသူများအတွက် ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများ

မသန်စွမ်းသူများသည် အခြားသော လူသားများနည်းတူ တူညီသောဂုဏ်သိက္ခာ၊ လွတ်လပ်မှု နှင့် လူမှုအသိုက်အဝန်းတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ ရှိသည်။ ဤပြဋ္ဌာန်းချက်မှတစ်ဆင့် မသန်စွမ်းသူများအား အကျိုးရလဒ်ရှိစေရန် ဆောင်ရွက်ပေးခြင်းမှာ ဥရောပသမဂ္ဂ လက်မှတ်ရေးထိုးထားသည့် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အခွင့်အရေး သဘောတူစာချုပ် နှင့် ဥရောပသမဂ္ဂ၏ ဆောင်ရွက်ချက်လုပ်ငန်းများ၏ အဓိကမဏ္ဍိုင်ပင်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် မေလ ၃ ရက်နေ့တွင် အသက်ဝင်ခဲ့သော သဘောတူစာချုပ် နှင့် ၎င်း၏ နောက်ဆက်တွဲ ပရိုတိုကောများ၏ ရည်ရွယ်ချက်မှာ လူသားအားလုံး၏ လူ့အခွင့်အရေးများ နှင့် မသန်စွမ်းသူများ၏ အခြေခံ လွတ်လပ်မှုများကို ကာကွယ်မြှင့်တင်ပေးရန်နှင့် ထိုအခွင့်အရေးများကို လူသားအားလုံး တူညီစွာ ခံစားခွင့်ရရှိစေရန် ပင်ဖြစ်ပါသည်။ ဤစာချုပ်သည် နိုင်ငံတကာလူ့အခွင့်အရေးနယ်ပယ်တွင် ကြီးမားသော တက်လှမ်းမှုတစ်ရပ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မသန်စွမ်းသူများ၏ အခွင့်အရေးများကို လူမှုကယ်ဆယ်ရေးရှုထောင့်တစ်ခုတည်းသာမကဘဲ၊ လူ့အခွင့်အရေးနှင့် တရားဥပဒေ ရှုထောင့်များအရပါ ကာကွယ်မြှင့်တင်ပေးနိုင်ခဲ့သောကြောင့်ဖြစ်သည်။

လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများကို တက်ကြွစွာပါဝင်လာစေခြင်း၊ တူညီသော အခွင့်အလမ်းများရရှိစေခြင်း နှင့် ခွဲခြားဆက်ဆံမှုများကို ဆန့်ကျင်ခြင်း ဟူသော အချက်များ ပါဝင်သည့် ဥရောပသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာမဟာဗျူဟာ ၂၀၁၀-၂၀၂၀ ၏ အဓိက အခြေခံ သဘောတရားများကို သဘောတူစာချုပ်တွင်လည်း တွေ့ရပါသည်။ သဘောတူစာချုပ်က အသိအ

မှတ်ပြုထားသော အခွင့်အရေးများသည် မူဝါဒကဏ္ဍအသီးသီးတွင် ပါဝင်နေပြီး ဥရောပသမဂ္ဂ၏ မဟာဗျူဟာက သဘောတူစာချုပ်အား အပြည့်အဝ အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။

## လုပ်ဆောင်ရမည့် ကဏ္ဍများ

### အားလုံးတူညီစွာ အသုံးချနိုင်မှုကဏ္ဍ

လူ့အဖွဲ့အစည်းရှိ ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နိုင်ရန်မှာ အဆိုပါ ကဏ္ဍများအား လူသားအားလုံးက တူညီစွာအသုံးချနိုင်မှုအပေါ်တွင် မူတည်နေပါသည်။ ဥရောပသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ မဟာဗျူဟာ၏ ရည်ရွယ်ချက် သည် မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အတားအဆီးများကို ဖယ်ရှားပေးသွားရန်ဖြစ်သည်။ အဓိကလုပ်ဆောင်ရမည့်ကဏ္ဍများမှာ အဆောက်အအုံများ ဆောက်လုပ်ခြင်းကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးကဏ္ဍ နှင့် ဝန်ဆောင်မှုပေးခြင်း ကဏ္ဍတို့ဖြစ်သည်။

ဥရောပသမဂ္ဂသည် သုတေသနများ၊ မူဝါဒ နှင့် ဥပဒေများ၊ စံသတ်မှတ်ချက်များကို နည်းလမ်းများအဖြစ် အသုံးပြု၍ ဥရောပသမဂ္ဂတစ်ဝှမ်းရှိ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အားလုံးတူညီစွာအသုံးပြုနိုင်စေရေး ပြဋ္ဌာန်းချက်များ ချမှတ်ပေးထားသည်။ ထို့အပြင် ဥရောပသမဂ္ဂအနေဖြင့် မသန်စွမ်းသူများအတွက် အထောက်အကူပြုပစ္စည်းဆိုင်ရာ နည်းပညာဈေးကွက်ကို တိုးတက်ကောင်းမွန်စွာ လည်ပတ်နိုင်စေရန် ပြုလုပ်ပေးထားသည့်အတွက် ထိုဈေးကွက်သည် မသန်စွမ်းသူများအတွက် အကျိုးကျေးဇူးဖြစ်နိုင်သည့် ပုံစံဖြင့် လည်ပတ်မည်ဖြစ်သည်။ ဥရောပကော်မရှင်သည် "အားလုံးအသုံးပြုနိုင်သည့် ဒီဇိုင်း" ကိုမြှင့်တင်ပေးခြင်းဖြင့် မသန်စွမ်းသူများအတွက် ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိနိုင်မည်ဖြစ်သည်။ ကော်မရှင်သည် European Accessibility Act ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လုပ်ဆောင်နေပြီး၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အထွေထွေမူဘောင်တစ်ခုအတွင်းသို့ သွတ်သွင်း၍ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ပါဝင်ဆောင်ရွက်နိုင်မှုကဏ္ဍ

မသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုများသည် အခြားသူများနည်းတူ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာဘဝများတွင် တန်းတူညီစွာ ပါဝင်ဆောင်ရွက်နိုင်ရပါမည်။ မသန်စွမ်းသူများသည် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေးများကို အသုံးချနိုင်ရပါမည်။ ထိုအခွင့်အရေးများတွင် လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်မှု၊ မည်သည့်နေရာတွင် မည်ကဲ့သို့ နေထိုင်မည်ကို ရွေးချယ်နိုင်မှု၊ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ လှုပ်ရှားမှုများ၊ အပန်းဖြေအနားယူမှုများ နှင့် အားကစားလုပ်ဆောင်မှုများကို လည်း လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်းတို့ ပါဝင်သည်။

ကော်မရှင်သည် မသန်စွမ်းသူများ၏ စားသုံးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လူမှုစီးပွားကဏ္ဍ အသီးသီးတို့တွင် နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲများ၊အတားအဆီးများကို ဖယ်ရှားရန် လုပ်ဆောင်လျက်ရှိသည်။ ထိုလုပ်ဆောင်မှုများတွင် ဥရောပသမဂ္ဂအတွင်း ကားပါကင်ထိုးသည့်အခါ မသန်စွမ်းသူများအသုံးပြုနိုင်သော ကဒ်များထုတ်ပေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများတွင် အင်စတီကျူးရှင်းအဆင့် စောင့်ရှောက်မှုပေးရာမှ ရပ်ရွာဒေသအဆင့်ထိ စောင့်ရှောက်မှုပေးနိုင်စေရန် ထောက်ပံ့ပေးခြင်း၊ မသန်စွမ်းသူများအတွက် သီးသန့်အားကစားပွဲများကျင်းပခြင်းဖြင့် မသန်စွမ်းသူများ အားကစားကဏ္ဍ တွင် ပိုမိုပါဝင်လာနိုင်စေရန် အားပေးဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

## တန်းတူညီမျှမှု ကဏ္ဍ

ဥရောပသမဂ္ဂအတွင်း အသက်အရွယ် သို့မဟုတ် မသန်စွမ်းဖြစ်မှုအပေါ်တွင် အခြေခံ၍ ခွဲခြားဆက်ဆံမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသည်ဟု ဥရောပသမဂ္ဂ နိုင်ငံများမှ ၅၃ ရာခိုင်နှုန်းသော နိုင်ငံသားများက လက်ခံထား ကြပါသည်။ မသန်စွမ်းသူများအား တူညီသောဆက်ဆံမှုများ ရှိလာစေရန်အတွက် ဥရောပသမဂ္ဂအနေ ဖြင့် နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပထမနည်းလမ်းမှာ ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်သော ဥပဒေများ၊ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။ ဒုတိယတစ်ခုမှာ အခြားသော မူဝါဒရေးရာကိစ္စရပ်များတွင် တူညီသောအခွင့်အလမ်းများကို မြှင့်တင်ပေးခြင်းဖြစ်သည်။

အသက်အရွယ်ပေါ်တွင်အခြေခံ၍သော်လည်းကောင်း၊ ကျားမဖြစ်မှုနှင့် လိင်စိတ်တိမ်းညွတ်မှုအပေါ်တွင်ခြေခံ၍သော်လည်းကောင်း ဖြစ်ပေါ်လာသော ခွဲခြားဆက်ဆံမှုများ၏ မသန်စွမ်းသူများအပေါ် သက်ရောက်မှုကို ဥရောပသမဂ္ဂအနေဖြင့် အနီးကပ်စောင့်ကြည့်လျက်ရှိသည်။

ကော်မရှင်သည် မသန်စွမ်းဖြစ်မှုအပေါ်တွင်အခြေခံ၍ အလုပ်အကိုင်ဈေးကွက်အတွင်း ခွဲခြားဆက်ဆံမှုများ ရှိနေခြင်းကို ပိတ်ပင်သည့် ဥရောပသမဂ္ဂ၏ လမ်းညွှန်ချက်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကော်မရှင်အနေဖြင့် မတူကွဲပြားမှုများကို မြှင့်တင်ခြင်း၊ ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ခြင်း စသည့်လုပ်ငန်းများကို အသိပညာပေးလုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်အဆင့် သတ်မှတ်၍ မြှင့်တင်လျက်ရှိပြီး၊ သမဂ္ဂအတွင်း အဆိုပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သည့်အဖွဲ့ အစည်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။

ကော်မရှင်သည် တန်းတူညီမျှစွာဆက်ဆံခြင်း ဆိုင်ရာ ညွှန်ကြားချက်တစ်ခုထပ်မံဖြစ်ပေါ်လာစေရန် အဆိုပြုဆောင်ရွက်လျက်ရှိသည်။ ထိုညွှန်ကြားချက်သည် အလုပ်အကိုင်ဈေးကွက်၏ ပြင်ပတွင်ရှိနေသော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်သည့် ကဏ္ဍကိုရည်ရွယ်ထားခြင်းဖြစ်သည်။

## *အလုပ်အကိုင်ကဏ္ဍ*

အရည်အသွေးပြည့်မီသော အလုပ်အကိုင်များရှိနေခြင်းက စီးပွားရေးအရ လွတ်လပ်စွာ ရပ်တည်နိုင်ခြင်း၊ ပုဂ္ဂလိကဖွံ့ ့ဖြိုးမှုကို အားပေးခြင်း နှင့် ဆင်းရဲမွဲတေမှုကို အကောင်းဆုံးကာကွယ်ပေးခြင်းတို့ ဖြစ်ပေါ် လာစေနိုင်သည်။

မသန်စွမ်းသူများ၏ အလုပ်အကိုင်အခြေအနေများတိုးတက်လာစေရန်အတွက် ကော်မရှင်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အသက်အရွယ်ငယ်ရွယ်သည့် မသန်စွမ်းသူများကို အလေးပေး ကူညီလျက်ရှိပါသည်။ လုပ်ငန်းခွင်အခြေအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်မှုရှိစေရေးအတွက် လူမှုရေးမိတ်ဖက်အဖွဲ့ များနှင့် ညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အခြား

သော လုပ်ဆောင်မှုများတွင် လုပ်ငန်းခွင်အား ပိုမို၍ အသုံးပြုလာနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်အတွင်း သင်တန်းများစီစဉ်ပေးခြင်း၊ အမိုးအကာအောက်တွင် အလုပ်လုပ်ကိုင်နိုင်သည့် အလုပ်သမားဈေးကွက်ကို မသန်စွမ်းသူများ ပိုမိုဝင်ရောက်အသုံးပြုလာနိုင်စေရန် လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

မသန်စွမ်းသူအများအပြားသည် ၎င်းတို့အား အထောက်အကူပြုမည့် အရာများ လိုအပ်လာသည့်နှင့် အမျှ စောင့်ရှောက်ပေးမည့်သူများနှင့် ဝန်ဆောင်မှုပေးမည့်သူများလည်း လိုအပ်လာပါသည်။

ဥရောပသမဂ္ဂ၏ လမ်းညွှန်ချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ အလုပ်အကိုင် မူဝါဒများကို ချမှတ်ကြပါသည်။ ဥရောပသမဂ္ဂ၏ "2020 Strategy for Smart, Sustainable, and Inclusive Growth" အရ၊ ဥရောပသမဂ္ဂအတွင်း အလုပ်အကိုင် ၇၅ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ပါသည်။ ထိုရည်မှန်းချက်ကို ရောက်ရှိစေရန်မှာ အလုပ်အကိုင်ဈေးကွက်တွင် မသန်စွမ်းသူများ ပိုမိုပါဝင်လာရန်လိုအပ်ပြီး၊ ထိုသို့ပါဝင်လာခြင်းက ၂၀၂၀ အရောက်တွင် ဥရောပနေသူ သန်း ၂၀ ခန့်ကို ဆင်းရဲမွဲတေမှုမှ လွတ်မြောက်စေရန် ရည်ရွယ်ချက်အား အထောက်အကူဖြစ်စေပါသည်။

## ပညာရေးကဏ္ဍ

ဥရောပသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၀-၂၀၂၀ သည် အရည်အသွေးပြည့်မီသော ပညာရေးအား တူညီစွာသင်ကြားနိုင်ခွင့်နှင့် ဘဝတသက်တာ ပညာရေးကို အလေးပေးထားသည်။ ထိုအချက်များသည် မသန်စွမ်းသူများအား လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေး နှင့် ၎င်းတို့၏ ဘဝများ တိုးတက်မြင့်မားရေးတို့အတွက် အဓိကကျသော အချက်များပင်ဖြစ်သည်။ သို့သော်လည်း ထိုအချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ၊ ဥရောပပညာရေးတွင် ခွဲခြားမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

ဥရောပသမဂ္ဂသည် ပညာရေးဆိုင်ရာကဏ္ဍတွင် ထည့်သွင်းမှုအကြောင်းအရာများ၊ ပညာရေးကဏ္ဍကို ဖွဲ့စည်းတည်ဆောက်ပုံများ နှင့် ပတ်သတ်၍ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ယူမှုကို လေးစားပါသည်။ ထို့အတူ မသန်စွမ်းကျောင်းသားကျောင်းသူများအတွက် နိုင်ငံအလိုက် အားလုံးအကျုံးဝင်

ပညာရေး နှင့် ဘဝတသက်တာ ပညာရေးတို့ ဖြစ်ပါလာစေရန် မြှင့်တင်ဆောင်ရွက်မှုများကိုလည်း ဥရောပသမဂ္ဂ အနေဖြင့် ထောက်ပံ့ပေးမည်ဖြစ်သည်။ ဥရောပသမဂ္ဂအဖွဲ့ အတွင်း လှည့်လည်သင်ကြားနိုင်သော ဘဝတသက်တာ ပညာရေးအစီအစဉ်များကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။

## *လူမှုရေးဆိုင်ရာ အကာအကွယ်ပေးခြင်းနှင့် အားလုံးအကျုံးဝင်စေခြင်း ကဏ္ဍ*

မသန်စွမ်းသူများသည် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သော လူမှုအကာအကွယ်ပေးရေး အစီအစဉ်များ၊ ဆင်းရဲမွဲတေမှုလျှော့ချရေးအစီအစဉ်များ၊ မသန်စွမ်းသူများဆိုင်ရာ အထောက်အကူပြု အစီအစဉ်များ၊ အများပြည်သူဆိုင်ရာ နေအိမ်အစီအစဉ်များ ကို ရယူအသုံးပြုနိုင်ပြီး၊ ထိုအစီအစဉ်များမှရရှိလာစေ အကျိုးများကို ခံစားနိုင်ရပါမည်။ ထိုအစီအစဉ်များကို လုပ်ဆောင်ရန်မှာ အဖွဲ့ဝင်နိုင်ငံတစ်ခုချင်းစီ၏ အဓိက တာဝန်ဖြစ်ပြီး၊ ဘုံရည်ရွယ်ချက်များ၊ တိုင်းတာရေးညွှန်ကိန်းများအတွက်မှ "Open Method of Coordination" မှတောင်မှုတစ်ဆင့် လုပ်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်ခုချင်းစီတွင် စတင်လုပ်ဆောင်သော ဥရောပသမဂ္ဂအဆင့် ဆောင်ရွက်ချက်များနှင့်ပတ်သတ်သည့် အောင်မြင်မှုများကို ဖော်ပြထားသော ပူးတွဲအစီရင်ခံစာတစ်ခု ထုတ်ပြန်၍ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကြိုးပမ်းမှုများကို ကော်မရှင်နှင့် ကောင်စီမှ အကဲဖြတ်သွားမည်ဖြစ်သည်။ ကော်မရှင်သည် ဥရောပသမဂ္ဂ အဖွဲ့ ဝင် ဖြစ်ပြီးသော နိုင်ငံများ၊ လျှောက်ထားဆဲနိုင်ငံများ၏ လူမှုဖူလုံရေးစနစ်များကို ပြုပြင်ပြောင်းလဲနိုင်ရန် အကူအညီပေးသွားမည်ဖြစ်သည်။ ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းများကို အားလုံးအကျုံးဝင်ခြင်းဆိုင်ရာ ပူးတွဲ သဘောတူစာချုပ်များ (Joint Inclusion Memoranda) တွင် ဖော်ပြပေးသွားမည်ဖြစ်သည်။

မသန်စွမ်းသူများအတွက် အရည်အသွေးပြည့်မီသော လူမှုအကာအကွယ်ပေးရေးအစီအစဉ်များကို နိုင်ငံအလိုက်ဆောင်ရွက်သည့် လုပ်ဆောင်ချက်များကိုလည်း ဥရောပသမဂ္ဂအနေဖြင့် မူဝါဒဆိုင်ရာ ဖလှယ်ရေး အစီအစဉ်များ မှတစ်ဆင့် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည်

လူမှုရေးဆိုင်ရာကဏ္ဍမှ တီထွင်ဆန်းသစ်သော အစီအစဉ်များအား ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို မြှင့်တင်ပေးရာလည်းရောက်ပါသည်။

## *ကျန်းမာရေးကဏ္ဍ*

မသန်စွမ်းသူများသည် အရည်အသွေးမြင့်မားသော ကျန်းမာရေးဝန်ဆောင်မှုများကို တူညီစွာ အသုံးပြုနိုင်ရန်လိုအပ်ပါသည်။ ထိုဝန်ဆောင်မှုများတွင် ကျားမဖြစ်မှုအပေါ်တွင် အလေးပေးစဉ်းစားထား သောဝန်ဆောင်မှုများ၊ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စောင့်ရှောက်မှုများ၊ ပြန်လည်ထူထောင်ရေးနှင့်အခြားသော ဝန်ဆောင်မှုများပါဝင်သည်။

ကျန်းမာရေးဝန်ဆောင်မှုများကို ဖန်တီးပေးခြင်းနှင့် စောင့်ရှောက်ကုသမှုပေးခြင်းတို့သည် အဖွဲ့ဝင်နိုင်ငံများ၏ ပဓာနတာဝန်ပင်ဖြစ်သည်။ မသန်စွမ်းသူများအနေဖြင့် ကျန်းမာရေးကဏ္ဍ၏ အဓိကဝန်ဆောင်မှုများအပါအဝင်၊ လိုအပ်သော ဝန်ဆောင်မှုများကို တိုးမြှင့် အသုံးပြုနိုင်စေရေးအတွက် မူဝါဒပိုင်း ဆိုင်ရာများကို ကော်မရှင်က ပံ့ပိုးပေးမည်ဖြစ်သည်။ ကော်မရှင်သည် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် လုပ်ငန်းခွင်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကိုလည်း မြှင့်တင်ပေးပါမည်။ သို့မှသာ မတော်တဆဖြစ်မှုများမှတစ်ဆင့် မသန်စွမ်းဖြစ်မှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး၊ မသန်စွမ်းသူများကိုလည်း အလုပ်ခွင်သို့ပြန်လည်ဝင်ရောက်နိုင်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

## *ဥရောပသမဂ္ဂပြင်ပတွင် ဆောင်ရွက်မှုများ*

ဥရောပသမဂ္ဂ နှင့် အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ၏ အခွင့်အရေးများ ကျယ်ပြန့်လာစေရန်နှင့် နိုင်ငံတကာဖွံ့ဖြိုးရေးတွင် ပါဝင်လာစေရန် ၎င်းတို့၏ပြင်ပမူဝါဒများတွင် မြှင့်တင်ရေးဆွဲထားပါသည်။

ဥရောပသမဂ္ဂ၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ကုလသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ အကြောင်းအရာများ နှင့်ပတ်သတ်ပြီး အသိပညာဖြန့်ဝေခြင်းများ ပြုလုပ်ခြင်းဖြင့် မသန်စွမ်းကဏ္ဍသည် လူ့အခွင့်အရေးကိစ္စရပ်ဖြစ်သည်ကို အသားပေးလုပ်ဆောင်ထားပါသည်။ ထို့အပြင်

နိုင်ငံတကာအဖွဲ့ အစည်းများဖြစ်သည့် ကုလသမဂ္ဂ၊ ဥရောပကောင်စီ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့်ဖွံ့ ဖြိုးမှုဆိုင်ရာ အဖွဲ့ တို့ တွင်လည်း မသန်စွမ်းကဏ္ဍကို ဆက်လက်မြှင့်တင်သွားပါမည်။ ကော်မရှင်သည် ဥရောပသမဂ္ဂအဖွဲ့ ဝင်ဖြစ်လာစေရန် အဆိုပြုထားသည့် နိုင်ငံများရှိ မသန်စွမ်းအခွင့်အရေးဆိုင်ရာမြှင့်တင်မှုများကို စောင့်ကြည့်လျက်ရှိပြီး၊ ထိုကဏ္ဍများတွက် အဖွဲ့ ဝင် နိုင်ငံမဖြစ်မီနိုင်ငံများဆိုင်ရာ ရံပုံငွေမှ တစ်ဆင့် ငွေကြေးထောက်ပံ့မှုများလည်း ပေးအပ်လျက်ရှိသည်။

## ဥရောပသမဂ္ဂ၏ အထောက်အပံ့ပေးရေး လမ်းကြောင်းများ

### ဥရောပသမဂ္ဂ၏ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၀-၂၀၂၀

ဥရောပသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၀-၂၀၂၀ သည် ဥရောပသမဂ္ဂအဆင့် ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် မသန်စွမ်းသူများ၏ အခြေအနေများကို တိုးတက်အောင် ဆောင်ရွက်မှုများအတွက် မူဘောင်တစ်ခုအဖြစ် ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုမဟာဗျူဟာ၏ ရည်ရွယ်ချက်များမှာ-

- ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အားလုံးအကျုံးဝင် အသုံးချနိုင်စေရန် နှင့် အထောက်အကူပြု ပစ္စည်းကိရိယာများကို မြှင့်တင်ရန်။
- မသန်စွမ်းသူများအားလုံး ဥရောပသမဂ္ဂ၏ နိုင်ငံသားအခွင့်အရေးများအားလုံးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။
- အရည်အသွေးမြင့်မားပြီး၊ ရပ်ရွာဒေသအလိုက် ဝန်ဆောင်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်များကို မြှင့်တင်ရန်။
- မသန်စွမ်းမှုအခြေပြု ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်ရန်။
- မသန်စွမ်းသူများအနေဖြင့် အလုပ်သမားဈေးကွက်ကို ပိုမို၍ လက်လှမ်းမီလာနိုင်စေရန်။
- မသန်စွမ်းကျောင်းသူ၊ကျောင်းသူများအတွက် အားလုံးအကျုံးဝင်ပညာရေးနှင့် ဘဝတစ်သက်တာပညာရေးတို့ ကို မြှင့်တင်ပေးရန်။

- လူ့ဂုဏ်သိက္ခာနှင့် လျော်ညီသော နေထိုင်မှုကို အာမခံပေးခြင်းဖြင့် လူမှုရေးအရ ဖယ်ထုတ်ခြင်းနှင့် ဆင်းရဲမွဲတေမှုတို့ကို တိုက်ဖျက်သွားရန်။
- မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဥရောပသမဂ္ဂတိုးချဲ့ခြင်းနှင့် နိုင်ငံတကာဖွံ့ဖြိုးရေး အစီအစဉ်များမှတစ်ဆင့် မြှင့်တင်သွားရန်။
- မသန်စွမ်းကဏ္ဍနှင့်ပတ်သတ်၍ အသိပညာဖြန့်ဝေခြင်းများ ပြုလုပ်ပြီး၊ မသန်စွမ်းသူများအား ၎င်းတို့၏ အခွင့်အရေးများကို ပိုမိုသိရှိလာရန်နှင့် ထို အခွင့်အရေးများအား မည်ကဲ့သို့အသုံးပြုရမည်ကို သိရှိလာစေရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန်။
- ဥရောပသမဂ္ဂ၏ တန်းတူအသုံးချနိုင်မှုနှင့် ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေး အတွက်သတ်မှတ်ပေးထားသည့် ငွေကြေး အထောက်အပံ့များကို ပိုမိုရယူသုံးစွဲလာနိုင်စေရန်။

## ငွေကြေးဆိုင်ရာ အကူအညီပေးရေးလမ်းကြောင်းများ

### အဆောက်အအုံဆိုင်ရာ ငွေကြေးထောက်ပံ့မှုများ

ဥရောပလူမှုရေးရံပုံငွေသည် မသန်စွမ်းသူများအား လူ့အဖွဲ့အစည်းနှင့် အလုပ်အကိုင်ဈေးကွက်အတွင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုရှိလာစေရန် ထောက်ပံ့ပေးသော ရံပုံငွေဖြစ်သည်။ ထိုရံပုံငွေသည် အလုပ်အကိုင်ပေးနိုင်သည့်အခြေအနေများ တိုးမြင့်လာရန် သို့မဟုတ် လူ့စွမ်းအားအရင်းအမြစ်များကို အလုပ်သမားဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ကြိုပမ်းသည့် စီမံကိန်းများကို တွဲဖက်ထောက်ပံ့ပေးသည့် ရံပုံငွေဖြစ်သည်။ ဥရောပဒေသဆိုင်ရာဖွံ့ဖြိုးမှုရံပုံငွေ သည် ဥရောပရှိ အဓိက အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးသည်။ ထိုရံပုံငွေများအား တောင်းခံသူများသည် မသန်စွမ်းမှုအပေါ်တွင် အခြေခံ၍ ခွဲခြားဆက်ဆံမှုများကို အထူးတင်းကြပ်တားမြစ်သည့် ပြဌာန်းချက် များအတိုင်းလိုက်နာရပြီး၊ အားလုံးအကျုံးဝင်အသုံးပြုနိုင်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်သည့် ပြဌာန်းချက်များနှင့်လည်း ကိုက်ညီမှုရှိစွာလုပ်ဆောင်ရပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ၊စီမံကိန်းများကို ရွေးချယ်ရန်အတွက်

တာဝန်ရှိပါသည်။ အဆိုပါစီမံကိန်းများကို ရွေးချယ်သည့်အခါ အသုံးပြုသည့် အရေးကြီးစံသတ်မှတ်ချက်တစ်ခုမှာ မသန်စွမ်းသူများ၏ တန်းတူညီမျှစွာအသုံးချနိုင်ခွင့်ကို အာမခံပေးရသည့် အချက်ပင်ဖြစ်သည်။

## တိုးတက်မှုများ

၂၀၀၇ ခုနှစ်မှစ၍ လူမှုရေးဖွံ့ဖြိုးမှု နှင့် အလုပ်အကိုင်အစီအစဉ် (PROGRESS) ၏အောက်တွင် ငွေကြေးထောက်ပံ့ထားသော မသန်စွမ်းသူများဆိုင်ရာ စီမံကိန်းများ ရှိလာခဲ့ပါသည်။ အဆိုပါစီမံကိန်းများသည် အလုပ်အကိုင်ကဏ္ဍ၊ အားလုံးအကျုံးဝင်မှု နှင့် လူမှုရေးဆိုင်ရာ အကာအကွယ်ပေးရေး ကဏ္ဍ၊ လုပ်ငန်းခွင်အခြေအနေကဏ္ဍ၊ ကျားမတန်းတူညီမျှမှုကဏ္ဍ၊ ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေး နှင့် မတူကွဲပြားမှု ဆိုင်ရာ ကဏ္ဍအသီးသီးရှိ ဥရောပသမဂ္ဂ၏ ရည်ရွယ်ချက်များပြည့်မီစေရေး အထောက်အပံ့များပေးခဲ့သည်။ PROGRESS သည် မသန်စွမ်းကဏ္ဍတွင် ဥရောပသမဂ္ဂအဆင့် လုပ်ဆောင်နေသော အစိုးရမဟုတ်သည့်အဖွဲ့ အစည်းများအား တွဲဖက်ထောက်ပံ့ပေးခဲ့သည်။

သုတေသနမူဘောင်အစီအစဉ်သည် သတင်းအချက်အလက် နှင့်ဆက်သွယ်ရေးကဏ္ဍ၊ အားလုံးတူညီစွာအသုံးချနိုင်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ အဆောက်အအုံများဆောက်လုပ်ခြင်းကဏ္ဍ၊ အထောက်အကူပြုကိရိယာများပံ့ပိုးခြင်းကဏ္ဍ၊ လူမှုရေးရာကိစ္စရပ်များကဏ္ဍစသည့်ကဏ္ဍအသီးသီးတို့တွင် မသန်းစွမ်းသူများအား ထောက်ပံ့ပေး ရန်ရည်ရွယ်ထားသည်။

## နိုင်ငံသားများအား ပါဝင်ဆောင်ရွက်စေခြင်း

ဥရောပမသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဥရောပမသန်စွမ်းသူများဆိုင်ရာ ဖိုရမ်နှင့် ဥရောပကော်မရှင်တို့ပူးပေါင်း၍ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ တွင် ကွန်ဖရင့်တစ်ခု ကျင်းပလျက်ရှိသည်။

ထိုကွန်ဖရင့်များသည် မသန်စွမ်းသူများ၊ သန်စွမ်းသူများ၊ မူဝါဒချမှတ်သူများ၊ ပညာရှင်များ၊ မီဒီယာများနှင့် အခြားသော ပါဝင်ပတ်သတ်သူများကို အတူတကွ စုံစည်းစေသည့် ကွန်ဖရင့်များပင်ဖြစ်သည်။

မသန်စွမ်းသူများဆိုင်ရာမဟာဗျူဟာ တွင် ဖော်ပြထားသည့်အတိုင်း မသန်စွမ်းကဏ္ဍကို မြှင့်တင်သည့် ဥရောပသမဂ္ဂ၏ ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။

ထိုကွန်ဖရင့်များသည် မသန်စွမ်းသူများအား လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာပါဝင်လုပ်ဆောင်ခွင့်ရှိလာစေရန်အတွက် လုပ်ဆောင်ပေးသည့် အလေ့အထကောင်းများကို ဖလှယ်သည့်နေရာများ ဖြစ်လာသလို၊ ကွန်ယက်ချိတ်ဆက်မှုများအတွက်လည်း အားပေးထောက်ပံ့သောနေရာများ ဖြစ်လာပါသည်။

ကွန်ဖရင့်များကို နှစ်စဉ်ကျင်းပသည့်အခါ မတူညီသည့် မသန်စွမ်းကဏ္ဍဆိုင်ရာ အကြောင်းအရာတစ်ခုကို ချမှတ်ဆွေးနွေးလေ့ရှိသည်။ ယခင်နှစ်များတွင် ပြုလုပ်ခဲ့သည့် အကြောင်းအရာများတွင် အမှီအခိုကင်းသော နေထိုင်မှု၊ ဒေသဆိုင်ရာလှုပ်ရှားမှု၊ အဖွဲ့အတွင်းရှိဈေးကွက်၊ အားလုံးအတွက် ဒီဇိုင်း။ ပညာရေးနှင့်အလုပ်အကိုင် စသည့် အကြောင်းအရာများ ပါဝင်ခဲ့သည်။

ထိုကွန်ဖရင့်များမှထွက်ပေါ်လာသော တွေ့ရှိချက်များသည် ကော်မရှင်၏ မသန်စွမ်းမူဝါဒများကို အထောက်အကူပြုပြီး၊ မသန်စွမ်းသူများဆိုင်ရာမဟာဗျူဟာကိုလည်း ထောက်ပံ့ပေးသည်။

***သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက***

ဥရောပသမဂ္ဂ၏ မသန်စွမ်းသူများဆိုင်ရာမဟာဗျူဟာ ၂၀၁၀-၂၀၂၀ နှင့်ပတ်သတ်သည့် အထွေထွေ သတင်းအချက်အလက်များနှင့် လင့်ခ်များကို www.parkingcard.europa.eu တွင်ကြည့်ရှုနိုင်ပါသည်။

အခြားသော လင့်ခ်များ ကုလသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် ကို http://www.un.org/disabilities တွင် ကြည့်ရှုနိုင်သည်။

ဥရောပသမဂ္ဂ၏ ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို http://ec.europa.eu/social/main.jsp?catId=423&langId=en တွင်ကြည့်ရှုနိုင်သည်။

ဥရောပသမဂ္ဂ၏ လူမှုရေးဆိုင်ရာ ရံပုံငွေအကြောင်းကို http://ec.europa.eu/employment_social/esf/index_en.htm တွင်ကြည့်ရှုနိုင်သည်။

အားလုံးတူညီစွာအသုံးပြုနိုင်သည့် မြို့တော်ဆု

အားလုံးတူညီစွာအသုံးပြုနိုင်သည့် မြို့တော်များ ပေါ်ထွက်လာစေရန်အတွက် ကော်မရှင်မှ အားလုံးတူညီစွာအသုံးပြုနိုင်သည့်မြို့တော်ဆုကို နှစ်စဉ်ပေးအပ်လျက်ရှိသည်။ ht t p : / / e c. e u ro p a . e u / s o c i a l / m a i n.jsp?langId=en&catId=916 တွင်ကြည့်ရှုနိုင်ပါသည်။

# လစ်ဗျား အသိပညာပေးကမ်ပိန်းသည် မသန်စွမ်းသူများအနေဖြင့် လူမှုအသိုက်အဝန်းအတွင်း ပါဝင်ဆောင်ရွက်နိုင်မှု မြင့်မားလာစေရန် ကူညီထောက်ပံ့ပေးနိုင်ခဲ့သည်။

**ထုတ်ဝေသည့် ရက်စွဲ - ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်။**

လစ်ဗျားအာဏာရှင်ဟောင်း မွန်မာကဒါဖီကို ဖြုတ်ချရန်ကြိုးစားသည့် ၈ လကြာ လက်နက်ကိုင် တော်လှန်ရေးအပြီးတွင် ပေါ်ထွက်လာသော မတည်ငြိမ်မှုများသည် ကဒါဖီအစိုးရ ပြုတ်ကျပြီး ၂ နှစ်ခန့်ကြာသည့်တိုင် ရှိနေသေးသည်။ လက်နက်ကိုင်တပ်ဖွဲ့တွင် ပါဝင်ခဲ့သူများသည် အရပ်သားများ အဖြစ်သို့ပြန်လည်ပြောင်းလဲရန် ကြိုးစားနေသည့်အချိန်မှာပင်၊ ဒဏ်ရာရစစ်သည်များ နှင့် တော်လှန် ရေးသမားများ အရေအတွက်မှာ မြင့်မားလာခဲ့သည်။ ထိုအချင်းအရာသည် လစ်ဗျားနိုင်ငံသစ်တွင် မသန်စွမ်းသူများအား တန်းတူညီသော နိုင်ငံသားများအဖြစ် အသိအမှတ်ပြုရန် လိုအပ်လာမှုကို မီးမောင်းထိုးပြလျက်ရှိသည်။

မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အထွေထွေအမျိုးသား ကွန်ဂရက်စ်မှ အတည်ပြုလိုက်ခြင်းသည် မသန်စွမ်းသူများ၏ အခွင့်အရေးအား အသိအမှတ်ပြုလိုက် သည့် သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။ အိုင်ဖက်စ်၏ ထောက်ပံ့မှုဖြင့် လစ်ဗျားရှိ တက်ကြွလှုပ် ရှားသူများ၊ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများသည် အသိပညာပေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ မသန်စွမ်း သူများ၏ အခြေခံအခွင့်အရေးများကို အသုံးချသည့်အခါ ကြုံတွေ့နေရသည့် အတားအဆီးများကို ဖယ်ရှားခြင်းဖြင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင် ရာသဘောတူစာချုပ်ကို လက်တွေ့အကောင်အထည်ဖော်ရန် စိတ်အားထက် သန်လျက်ရှိသည်။

ရွေးကောက်ပွဲကဏ္ဍတွင် ပါဝင်လုပ်ဆောင်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့အား အမျိုးသားကွန်ဂရက်စ်မှ အဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းတက်ကြွလှုပ်ရှားသူများ၊ အရပ်ဖက်လူ့ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဖွဲ့စည်းထားသည်။ ထိုလုပ်ငန်းအဖွဲ့သည် မသန်စွမ်းသူများအခွင့်အရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် နှင့်ပတ်သတ်၍ အသိပညာပေးလုပ်ငန်းများကို

ရှေ့တန်း မှဆောင်ရွက်နေသည့်အဖွဲ့ဖြစ်သည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ထိုအဖွဲ့သည် (သင်လည်း ကျွန်ုပ်တို့လိုပါပဲ) ဟု အမည်ရှိသည့် မာလ်တီမီဒီယာ ကမ်ပိန်းတစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုကမ်ပိန်းတွင် တန်းတူညီမျှမှုသတင်းစကားကို ဆက်သွယ်ရေးမဟာဗျူဟာများအသုံးပြုကာ ဖြန့်ဝေနိုင်ခဲ့ပြီး၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကိုပါ အခြေခံမှုများကိုလည်း မြှင့်တင်နိုင်ခဲ့သည်။

ဖေ့စ်ဘွတ်နှင့်တွစ်တာ လူမှုကွန်ယက်များတွင် ထိုကမ်ပိန်းသည် အရှိန်ရလာခဲ့သလို၊ တက်ကြွလှုပ်ရှားသူများ၊ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများအတွက်လည်း သင်တန်းများ၊ အရေးဆိုလှုပ်ရှားမှုဆိုင်ရာ နည်းစနစ်များကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ (သင်လည်းကျွန်ုပ်တို့လိုပါပဲ) ကမ်ပိန်းသည် ရွေးကောက်ပွဲကော်မရှင်နှင့်အများပြည်သူအကြား ရွေးကောက်ပွဲဆိုင်ရာကဏ္ဍအတွက် ဆက်သွယ်ပေးသော တံတားတစ်ခုဖြစ်ခဲ့သည်။ ထိုသို့ဆက်သွယ်ပေးရာတွင် မဲဆန္ဒရှင်ပညာပေးခြင်း သင်ထောက်ကူပစ္စည်းများကို လက်ဖြင့်ဖတ်ရှုနိုင်သောစာဖြင့် ရေးသားထုတ်ဝေစေခြင်း၊ ရွေးကောက်ပွဲကော်မရှင်၏ သတင်းစာရှင်းလင်းပွဲအားလုံးတို့တွင် လက်ဟန်ပြဘာသာပြန်ထားရှိပြန်ဆိုစေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းအဖွဲ့နှင့် မီဒီယာကမ်ပိန်းတို့သည် မတူကွဲပြားသော အဖွဲ့ဝင်များပါဝင်နေခြင်းဖြင့် အကျိုးကျေးဇူး များစွာရရှိခဲ့သည်။ ထိရောက်သော မီဒီယာမဟာဗျူဟာများ နှင့် ကမ်ပိန်းမဟာဗျူဟာများကို ထပ်မံဖြည့်စွက်ပေးသော မီဒီယာကဏ္ဍမှ ပုဂ္ဂိုလ်များ၏ ပါဝင်မှုလည်း တိုးတက်လာခဲ့သည်။ (သင်လည်းကျွန်ုပ်တို့လိုပါပဲ) ကမ်ပိန်းသည် စေတနာ့ဝန်ထမ်းလုပ်အားပေးများ အပေါ်တွင် မှီတည်လည်ပတ်ခဲ့ပြီး၊ ထိုလုပ်အားပေးသူများက ကြော်ငြာများဖြန့်ဝေခြင်း၊ သတင်းအချက်အလက်များပေးပို့ဖြန့်ဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

အိုင်ဖက်စ်၏ ထောက်ပံ့မှုဖြင့် (သင်လည်းကျွန်ုပ်တို့လိုပါပဲ) ကမ်ပိန်းနှင့် ရွေးကောက်ပွဲကဏ္ဍ တွင် ပါဝင်လုပ်ဆောင်ခြင်း ဆိုင်ရာ လုပ်ငန်းအဖွဲ့တို့သည် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ အခြေခံမှုများကို လစ်ဗျားယည်ကျေးမှုနှင့် နိုင်ငံရေးစနစ်သစ်တွင် ထည့်သွင်းတည်ဆောက်ခဲ့ရုံသာမကဘဲ၊ တက်ကြွလှုပ်ရှားသူများနှင့်ဆုံးဖြတ်ချက်ချမှတ်နိုင်သူများပါဝင်သည့် ကွန်ယက်သစ် တစ်ခုကိုလည်း ပျိုးထောင်ပေးနိုင်ခဲ့သည်။

# မသန်စွမ်းအခွင့်အရေးအတွက် အားပေးလှုံ့ဆော်ခြင်း

## အစိုးရ နှင့် အေဂျင်စီများအကြား ဆွေးနွေးမှုများ

**တောင်အာရှတွင် မသန်စွမ်းအသိုက်အဝန်းသည် အစိုးရ၏ အသိအမှတ်ပြုမှုနှင့် ထောက်ခံမှု ရရှိစေရန် မဟာဗျူဟာများချမှတ်ကာ အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။**



### အောင်မြင်မှု

တောင်အာရှရှိ မသန်စွမ်းအခွင့်အရေး တက်ကြွလှုပ်ရှားသူများသည် အိုင်ဖက်စ်နှင့် ပူးပေါင်း၍ နိုင်ငံပေါင်း ၈ နိုင်ငံမှ အစိုးရများအား မသန်စွမ်းအခွင့်အရေး နှင့် မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်ခွင့်တို့နှင့်ပတ်သက်ပြီး စတင်ဆွေးနွေးပြောဆိုလာစေရန် တိုက်တွန်းနိုင်ခဲ့သည်။ မသန်စွမ်းအခွင့်အရေးတက်ကြွလှုပ်ရှားသူများသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် မသန်စွမ်းသူများ၏ နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ဒေသတွင်းကွန်ဖရင့်တစ်ခုသို့ တက်ရောက်နေစဉ် ပထမဆုံးတွေ့ဆုံခဲ့ကြသည်။

အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနိုင်ငံများမှ ကိုယ်စားလှယ်ပေါင်း ၈၀ ကျော်ပါဝင်တက်ရောက်ခဲ့ကြသည်။ တက်ရောက်လာသော ကိုယ်စားလှယ်များသည် မသန်စွမ်းအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းများ၊ မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများ စသည့် အဖွဲ့အစည်းအသီးသီးမှ ဖြစ်ကြသည်။

ကွန်ဖရင့်ကျင်းပနေစဉ်တွင် တက်ရောက်လာသူများသည် မသန်စွမ်းသူများ၏ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ထောက်ပံ့ပေးရန်လိုအပ်သည်ဟု သဘောတူညီခဲ့ကြသည်။ တောင်အာရှရှိ ရွေးကောက်ပွဲများအား ကျင်းပခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို လုပ်ဆောင်ရသော အစိုးရလက်အောက်ခံ အဖွဲ့အစည်းများ၏ ကွန်ယက်တစ်ခုဖြစ်သည့် တောင်အာရှလုံး ဆိုင်ရာ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့များ ဖိုရမ် (FEMBoSA) အတွက်လည်း အကြံပြုချက်များကို ရေးသားထုတ်ပြန်နိုင်ခဲ့သည်။

FEMBoSA ၏ နှစ်စဉ်တွေ့ဆုံပွဲများတွင် မသန်စွမ်းအခွင့်အရေးအဖွဲ့များမှ ကိုယ်စားလှယ်များသည် FEMBoSA မှ အဖွဲ့ဝင်များနှင့်အတူ စကားပြောခြင်း၊ အကြံပြုချက်များကို ထောက်ခံသွားရန် တိုက်တွန်းခြင်းများ ပြုလုပ်နိုင်ခဲ့သည်။ FEMBoSA အဖွဲ့ဝင်များသည် အကြံပြုချက်များ နှင့် မသန်စွမ်းသူများအား ထောက်ပံ့ပေးရန် လိုအပ်မှုကို ဆွေးနွေး ပြီးနောက်၊ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်ရှိသော ရွေးကောက်ပွဲများ နှင့်ပတ်သတ်သည့် အသုံးအနှုန်းများကို သဘောတူလက်ခံကြောင်း ၎င်းတို့၏ ကိုလံဘို ကြေညာစာတမ်းတွင် ထုတ်ပြန်ခဲ့သည်။ ထို့အပြင် တောင်အာရှနိုင်ငံများတွင် မသန်စွမ်းသူများပါဝင်ဆောင်ရွက်ခွင့်ရှိသော ရွေးကောက်ပွဲများ အဖြစ် ကျင်းပနိုင်စေရေး အနိမ့်ဆုံးဘုံသတ်မှတ်ချက်များကို ထားရှိပေးရန်လည်း သဘောတူခဲ့ကြသည်။

**အောင်မြင်ခဲ့သော အရာများ**

တောင်အာရှရှိ အစိုးရလက်အောက်ခံအေဂျင်စီများ နှင့် မသန်စွမ်းအခွင့်အရေး တက်ကြွလှုပ်ရှားသူများအကြား ဆွေးနွေးမှုပြုလုပ်ရန် အောင်မြင်စွာတိုက်တွန်းနိုင်ခဲ့မှုအတွက် သိနားလည်ထားရမည့် မဟာဗျူဟာ ၃ ခုရှိပါသည်။

**၁။ အကြံပြုချက်များကို သဘောတူညီခဲ့ခြင်းဖြင့် အစိုးရအရာရှိများကို အသံတစ်သံတည်းစုစည်း၍ တိုက်တွန်းပြောကြားနိုင်ခဲ့ခြင်း**

အဖွဲ့အစည်းများအနေဖြင့် အောက်ခြေအဆင့်တွင် အရေးဆိုလှုပ်ရှားမှုများပြုလုပ်ရန် အရေးကြီးသကဲ့သို့၊ မသန်စွမ်းအဖွဲ့အစည်းများအားလုံး ပေါင်းစည်း၍ အကြံပြုချက်များကို သဘောတူကာ အရေးဆိုလှုပ်ရှားနိုင်မည်ဆိုလျှင် အားကောင်း၍ ထိရောက်သော လှုပ်ရှားမှုတစ်ခု ဖြစ်လာပါမည်။

အဖွဲ့အစည်းတစ်ခုချင်းစီတွင် အကြံပြုချက်များရှိနေပြီး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြားသဘောတူညီမှု ရအောင်မလုပ်နိုင်ပါက အကြံပြုချက်များသည် တစ်ခုနှင့်တစ်ခု ဗီလာဆန့်ကျင်မှုများ ရှိနေနိုင်ပြီး၊ အစိုးရလက်အောက်ခံ အေဂျင်စီများအနေဖြင့် များပြားလှသော အကြံပြုချက်များကို ကိုင်တွယ်ရနိုင်ပါသည်။ ထို့ကြောင့် အစိုးရအေဂျင်စီများအနေဖြင့် အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြားပဋိပက္ခမဖြစ်စေလိုသောကြောင့်၊ မည်သည့်အကြံပြုချက်ကိုမျှ အသုံးမပြုပါဟု ငြင်းချက်ထုတ်လာ နိုင်ပါသည်။

သို့သော် မသန်စွမ်းအသိုက်အဝန်းအနေဖြင့် ရပ်ရွာအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတော်အဆင့် ရှိ အဖွဲ့များအားလုံး ပူးပေါင်းလျက် အကြံပြုချက်များကို စာရင်းတစ်ခုတည်းပြုစု၍ ပေးပို့သွားမည်ဆိုလျှင် အစိုးရလက်အောက်ခံ အေဂျင်စီများအနေဖြင့် ထိုအကြံပြုချက်များကို သဘောတူလက်ခံ ရန်လွယ်ကူမည်ဖြစ်ပြီး၊ ၎င်းတို့လုပ်ငန်းများတွင်လည်း ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ တောင်အာရှရှိအစိုးရအေဂျင်စီများကို တစ်စုတစ်စည်းတည်း တွေ့ဆုံခြင်းသည် မသန်စွမ်း အသိုက်အဝန်း၏ တောင်းဆိုချက်များကို အေဂျင်စီများအနေဖြင့် လွယ်ကူစွာနားလည်သဘော ပေါက်နိုင်မည်ဖြစ်သည်။

**၂။ တိကျ၍ အောင်မြင်နိုင်ပြီး၊ တိုင်းတာ၍ရသော အကြံပြုချက်များကို ရွေးချယ်တင်ပြခြင်း**

ကွန်ဖရင့်တက်ရောက်လာသော ကိုယ်စားလှယ်များသည် ၎င်းတို့၏ အကြံပြုချက်များကို ရွေးချယ်သည့်နေရာတွင် သတိထား၍ ရွေးချယ်ခဲ့ကြသည်။ အစိုးရအေဂျင်စီများကို ပေးအပ်မည့် အကြံပြုချက်များသည် တိကျခြင်း၊ အောင်မြင်နိုင်ခြင်း၊ တိုင်းတာ၍ရခြင်း စသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ၎င်းတို့၏ အရေးဆိုလှုပ်ရှားမှု အောင်မြင်နိုင်မည်ကို ကိုယ်စားလှယ်များက နားလည်ခဲ့သည်။ အကယ်၍ ကိုယ်စားလှယ်များသည် အကြံပြုချက်များကို ဂရုတစိုက်ရွေးချယ်မှုမပြုခဲ့ပါက၊ အစိုးရအေဂျင်စီများအနေဖြင့် ထိုအကြံပြုချက်များကို ထောက်ခံသဘောတူခြင်းမပြုနိုင်ပါဟု ပြောကောင်းပြောနိုင်ပါသည်။

အကြံပြုချက်တစ်ခုမှာ အစိုးရအေဂျင်စီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာအရာရှိများ၊ ရွေးကောက်ပွဲဝန်ထမ်းများအတွက် မသန်စွမ်းသူများပါဝင်ဆောင်ရွက်နိုင်မှုဆိုင်ရာ သင်တန်းများစီစဉ်ပေးရန်ဖြစ်သည်။ မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်မှုဆိုင်ရာကဏ္ဍကို ထောက်ပံ့ပေးပါ ဟု ပြောမည့်အစားယခုအကြံပြုချက်သည် အစိုးရအေဂျင်စီများအနေဖြင့် မသန်စွမ်းသူများပါဝင်မှုဆိုင်ရာကဏ္ဍအတွက်မည်သည့်လုပ်ငန်း လုပ်ဆောင်သင့်သည်ကို **တိကျစွာ** ဖော်ပြထားသည့် အကြံပြုချက်ဖြစ်သည်။

ထိုအကြံပြုချက်သည် အောင်မြင်အောင် ဆောင်ရွက်နိုင်သော အကြံပြုချက်လည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော အစိုးရအေဂျင်စီများသည် ထိုအကြံပြုသည့်အရာကို လက်တွေ့တွင် **အမှန်တစ်ကယ်**လုပ်ဆောင်နိုင်သောကြောင့်ဖြစ်သည်။ အစိုးရအနေဖြင့် သင်တန်းစီစဉ်ပေးရန်အတွက်လုပ်ဆောင်နိုင်သည့် လုပ်ငန်းစဉ်များလည်း ရှိနှင့်ပြီးဖြစ်သည်။ ဥပမာအားဖြင့် အစိုးရမှ ရွေးကောက်ပွဲဝန်ထမ်းများအတွက် စီစဉ်ပေးသော သင်တန်းများတွင် မသန်စွမ်းသူများနှင့် စပ်ဆိုင်သော သင်တန်းတစ်ခုကို ထပ်မံထည့်သွင်း စီစဉ်ပေးရုံပင်ဖြစ်သည်။

နောက်ဆုံးအနေဖြင့်၊ အဆိုပါအကြံပြုချက်သည် **တိုင်းတာ၍ရနိုင်သည်။** အကြံပြုချက် အောင်မြင်မှုရှိမရှိကို ရှင်းလင်းစွာတိုင်းတာနိုင်သည်။ အကြံပြုချက်ပါအတိုင်း သင်တန်းများစီစဉ်မပေးပါက အစိုးရအေဂျင်စီ၏ ရည်မှန်းချက်အထမမြောက်ဟုဆိုနိုင်သည်။ အကြံပြုချက်အတိုင်း သင်တန်းများစီစဉ်ပေးပါက ရည်ရွယ်ချက်အထမြောက်သည်ဟု ဆိုနိုင်သည်။ ထို့အတူပင် ရွေးကောက်ပွဲဆိုင်ရာ အရာရှိများနှင့် ဝန်ထမ်းများအပေါ်တွင် သင်တန်းက မည်ကဲ့သို့သက်ရောက်မှုရှိသည်ကို လည်း တိုင်းတာနိုင်ပါသေးသည်။

**၃။ အကြံပြုချက်စာရင်းကို သင့်လျော်သည့်အချိန်တွင် တင်ပြခြင်း**

မသန်စွမ်းအဖွဲ့များမှ ကိုယ်စားလှယ်များ အောင်မြင်ရခြင်း၏ အကြောင်းတစ်ခုမှာ ၎င်းတို့၏ အကြံပြုချက်များကို သင့်လျော်သည့်အချိန်တွင် တင်ပြခြင်းဖြစ်သည်။ ထိုသို့တင်ပြခြင်းဖြင့် အစိုးရအေဂျင်စီအသီးသီးနှင့် တစ်ချိန်တည်းတွင် စကားပြောနိုင်ခွင့်ရရှိသည်။ ဤအချက်အောင်မြင်ရခြင်းမှာ FEMBoSA ၏ နှစ်စဉ် တွေ့ဆုံပွဲကျင်းပနေချိန်နှင့် ကိုက်၍ မသန်စွမ်းသူများ၏ ဒေသတွင်း ကွန်ဖရင့်ကို တစ်ပြိုင်တည်းကျင်းပခဲ့ကြသည်။

အကယ်၍ မသန်စွမ်းသူများအနေဖြင့် အခြားအချိန်တွင် ကွန်ဖရင့်ကျင်းပပါက အစိုးရအေဂျင်စီများကို တစ်ချိန်တည်း၊ တစ်နေရာတည်းတွင် တွေ့ဆုံပြောဆိုရန်ခက်ခဲမည်ဖြစ်သည်။ ထိုသို့ဖြစ်လာပါက၊ အကြံပြုချက်များကို တစ်နိုင်ငံချင်းစီမှ လက်ခံရေး တောင်းဆိုရန်မှာ ပိုမိုခက်ခဲနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဒေသတွင်းနိုင်ငံအားလုံးနှင့်သက်ဆိုင်သည့် သဘောတူညီချက်အတွက် တစ်နိုင်ငံချင်းစီက ၎င်းတို့၏အေဂျင်စီများနှင့် ပြန်လည်ဆက်သွယ်ရဦးမည်ဖြစ်သည်။ ယခုမှာမူ အစိုးရအေဂျင်စီများသည် တစ်နေရာတည်းတွင်ရှိနေသည့်အတွက် အကြံပြုချက်များကို လက်ခံမည်၊ လက်မခံမည်ကို လျှင်မြန်စွာ ဆုံးဖြတ်ချက်ချနိုင်မည်ဖြစ်ပြီး၊ ၎င်းတို့လုပ်ဆောင်လျက်ရှိသော လုပ်ငန်းများတွင် မသန်စွမ်းသူများအား ပါဝင်ဆောင်ရွက်ခွင့်ရရှိလာစေရန် အကောင်းဆုံး နည်းလမ်းများအသုံးပြု၍ လုပ်ဆောင်နိုင်စေရန် ဆွေးနွေးညှိနှိုင်းနိုင်မည်ဖြစ်သည်။

**စာရေးသူအကြောင်း**

အိုင်ဖက်စ်သည် နိုင်ငံသားအားလုံး ရွေးကောက်ပွဲဖြစ်စဉ်များတွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်ခွင့် ရရှိလာနိုင်စေရန် ထောက်ပံ့အားပေးနေသည့် အဖွဲ့အစည်းဖြစ်ပြီး၊ ဒီမိုကရေစီနှင့် ကောင်းမွန်သော အုပ်ချုပ်မှုကို မြှင့်တင်ဆောင်ရွက်နေသော ကမ္ဘာ့ထိပ်တန်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ စတင်၍ အိုင်ဖက်စ်သည် လုပ်ငန်းများအားလုံးတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်ရေး ဦးတည်ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းမှုသည် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် နိုင်ငံရေးကဏ္ဍများတွင်ပါဝင်နိုင်မှုတို့နှင့်ပတ်သတ်သည့် သတင်းအချက်အလက်များကို ဖော်ပြထားသည့် www.ElectionAccess.org ဖြစ်ပေါ်လာစေခဲ့သည်။ အိုင်ဖက်စ်သည် Equal Access: How to Include Persons with Disabilities in Elections and Political Processes အမည်ရှိသည့် လက်စွဲစာအုပ်ကိုလည်း ဘာသာစကား ၁၀ မျိုးဖြင့် ထုတ်ဝေထားသည်။

<table>
<tr><th colspan="2">သင်ရိုး (၂)<br>အခန်း – ၃ ။ မသန်စွမ်းရှုထောင့်မှတစ်ဆင့် မြန်မာနိုင်ငံ၏အခွင့်အရေးနှင့် တာဝန်များ</th></tr>
<tr><td>သင်ရိုးဖော်ပြချက်<br><br>စုစုပေါင်းကြာချိန်</td><td>ယခုသင်ခန်းစာသည် မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအခွင့်အရေးကို အထောက်အပံ့ပေးထားသော မူဝါဒများနှင့် ဥပဒေများအကြောင်း ဗဟုသုတများ တိုးပွား လာစေရန်ဖြစ်ပါသည်။ လက်ရှိ ဥပဒေရေးရာမူဘောင်များကို အကောင်အထည်ဖော် ခြင်းအပေါ်တွင် ဦးတည်ထားပါသည်။<br><br>၉ ၀ မိနစ်</td></tr>
<tr><td>ရေလာမှုရလဒ်</td><td>မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအကျုံးဝင်ပါဝင်ခွင့်ပါတ်သက်၍ မူဝါဒများနှင့် ဥပဒေများအား အမည်ပေးရန်။<br><br>လက်ရှိ ဥပဒေများနှင့် မူဝါများ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များတွင် ကွာဟချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန်။</td></tr>
<tr><td>သင်တန်းတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်း များနှင့် ရင်းမြစ်များ</td><td>- စာရွက်အကြီး နှင့် မာကာပင်များ<br>- “သဘောတူ” နှင့် “သဘောမတူ” သင်္ကေတများကို ဆန့်ကျင်ဘက် အခန်းနံရံများ တွင် ကပ်ထားပါ။<br>- “သဘောတူ/ သဘောမတူ”အတွက် ဖော်ပြချက်များကို ပါဝါပွိုင့်ဖြင့် ပြရန်။<br>- မသန်စွမ်းသူ အဖွဲ့ဝင်များပါဝင်သည့် အမျိုးသားကော်မတီ ပုံစံပြဇယား<br>- အတွဲကစားနည်းအတွက် ကဒ်ပြားများ<br>- ရွေးကောက်ပွဲ ဥပဒေမိတ္တူများ</td></tr>
<tr><td>[၅ မိနစ်]</td><td>အဆင့် ၁ - ယခုသင်ခန်းစာတွင် ကျွန်ုပ်တို့သည် မသန်စွမ်းသူများ အားလုံးပါဝင်နိုင်မှုနှင့် ပါတ်သက်သည့် ဥပဒေ အမျိုးမျိုးကို ဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်း သင်တန်းတက်ရောက်သူများအား ပြောပါ။<br><br>အဆင့် ၂ - စာရွက်ကြီး၏ ထိပ်တွင် “ဥပဒေ” ဟူသော စကားလုံးအား ချရေးပါ။<br><br>အဆင့် ၃ - သင်တန်းတက်ရောက်သူများအား မသန်စွမ်းသူများ အခွင့်အရေး နိုင်ငံတော် ဥပဒေ ရှိရန် ဘာကြောင့် အရေးကြီးသည်ဟု ထင်ကြောင်း မေးမြန်းပါ။<br><br>အဆင့် ၄ - သင်တန်းတက်ရောက်သူများမှ ပြန်လည်ဖြေကြားသော အဖြေများကို ချရေးပါ။ အဖြေများတွင် အောက်ပါတို့ ပါဝင်နိုင်သည်(နှင့် သင်တန်းပို့ချသူ အနေဖြင့်လည်း အစဖော်ပေး နိုင်သည်။)<br>- လူတွေမှာ ဘာအခွင့်အရေးတွေရှိလဲဆိုတာကို ဖော်ပြရန်<br>- ၎င်းအခွင့်အရေးများကို ကာကွယ်ရန်<br>- နိုင်ငံသားများအနေဖြင့် လူတိုင်းမှာရှိသည့် တာဝန်ဝတ္တရားများ ကို ဖော်ပြရန်<br>- အခွင့်အရေးများ အသေအချာ ရရှိနေသည့်သူများတွင် ဘယ်သူတွေပါဝင်နေလဲ ဆိုတာကို ဖော်ပြရန်။</td></tr>
</table>

| | |
|---|---|
| | အဆင့် ၅ - **ထုတ်နှုတ်ပြောဆိုပါ** - ဥပဒေများသည် ကျွန်ုပ်တို့ လူမှုအဖွဲ့အစည်း အတွင်းတွင် အရေးကြီးသော အခန်းကဏ္ဍမှာ ပါဝင်နေပါသည်။ ၎င်းတို့သည် အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံ လေ့ကျင့်ခန်းတွင် ဆွေးနွေးခဲ့သည့် အစိုးရနှင့် ပြည်သူလူထုအကြားမှ လူမှုရေးဆိုင်ရာ သဘောတူစာချုပ်၏ အစိတ်အပိုင်း များဖြစ်ပါသည်။ |
| [၂၀ မိနစ်] | အဆင့် ၆ - သင်တန်းတက်ရောက်သူများအား မသန်စွမ်းသူများ အခွင့်အရေးဥပဒေကို ကြားဖူးတယ်ဆိုလျှင် လက်မြှောက်ရန် သို့မဟုတ် မတ်တပ်ရပ်ရန် ပြောဆိုပါ။ *(သင်တန်း ဆရာမှတ်စု - တချို့ မသန်စွမ်းသူများသည် ၎င်းအချက်များကို ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် အခြားရွေးချယ်နိုင်ရန်များကိုလည်း ပြောပြပါ။)*<br><br>**အဆင့် ၇** - ပါဝင်တက်ရောက်သူ ဘယ်လောက်က လက်မြှောက်သည် သို့မဟုတ် မတ်တပ်ရပ်သည်ကို ဖော်ပြပါ။ (တဝက်ထက်နည်း၍၊ အကုန်နီးပါး၊ စသဖြင့်....)<br><br>အဆင့် ၈ - လက်မြှောက်(သို့) မတ်တပ်ရပ်သော သင်တန်းသားတစ်ဦးဦးအား ဥပဒေကို မည်သည့်နှစ်တွင် အတည်ပြုချမှတ်ခဲ့ကြောင်း မေးမြန်းပါ။ (အဖြေ - ၂၀၁၅)<br><br>အဆင့် ၉ - မသန်စွမ်းသူများ ဥပဒေတွင် အကိုးအကားပြုထားသော အခြားနိုင်ငံတကာ ဥပဒေ သို့မဟုတ် သဘောတူစာချုပ်များရှိသလား မေးမြန်းပါ။ (အဖြေ UNCRPD)<br><br>အဆင့် ၁၀ - **ထုတ်နှုတ်ပြောဆိုပါ** - ဥပဒေသည် CRPD အား ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားပြီး မြန်မာနိုင်ငံ ဥပဒေမူဘောင်များနှင့် CRPD ပါ အချက်အလက်များ ကို လိုက်လျောညီထွေမှုရှိအောင် ထိရောက်သော ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပါသည်။<br><br>အဆင့် ၁၁ - ယခုတွင် မသန်စွမ်းသူများအခွင့်အရေး ဥပဒေပါ အကြောင်းအရာ များအကြောင်းကို ပိုမိုလေ့လာနိုင်ရန် အခွင့်အရေးရှိမည်ဖြစ်ကြောင်း သင်တန်း တက်ရောက်သူများအား ပြောဆိုပါ။<br><br>အဆင့် ၁၂ - သင်တန်းတက်ရောက်သူများအား အခန်းအတွင်းတွင် "**သဘောတူ**" "**သဘောမတူ**" သင်္ကေတများကပ်ထားသော နံရံများဘက်သို့ သွားရောက်ရန် ပြောဆိုပါ။<br><br>အဆင့် ၁၃ - "**သဘောတူ/ သဘောမတူ**" ကစားနည်းနှင့် ပါတ်သက်၍ရှင်းပြပါ။ သင်တန်းဆရာ အနေနှင့် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်နိုင်သော (သို့) မပါဝင်သော ဖော်ပြချက် တစ်ခုခုကို ဖတ်ပြရမည်ဖြစ်သည်။ ညာဘက်တွင် "**သဘောတူ**" ဟုဆိုသည့် သင်္ကေတ ကပ်ထားကြောင်း သင်တန်း တက်ရောက်သူများအား ပြောဆိုပါ။ ဘယ်ဘက်တွင် "**သဘောမတူ**"ဟုဆိုသည့် သင်္ကေတ ကပ်ထားကြောင်း ပြောပြပါ။ *(သင်တန်းဆရာ မှတ်စု - မှန်ကန်သည့် ဘက်သို့ ညွှန်ပေးရန် အရေးကြီးပါသည်။ သင်္ကေတများသည် နံရံ၏ အခြားတစ် ဖက်တွင် ကပ်ထားပါက နေရာပြောင်းရွှေ့ပေးပါ)* သင်တန်းဆရာအနေဖြင့် ဖော်ပြ |

| | |
|---|---|
| | ချက်တစ်ခုကို ဖတ်ပြရလိမ့်မည်။ သင်တန်းတက်ရောက်သူများအနေဖြင့် ဖော်ပြချက်သည် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်နေလျှင် "**သဘောတူ**"သည်ဟု ဆုံးဖြတ်ရလိမ့်မည်ဖြစ်ပြီး သို့မဟုတ် ဥပဒေတွင် မပါဝင်လျှင် "**သဘောမတူ**"ဟု ဆုံးဖြတ်ရလိမ့်မည်ဖြစ်သည်။ ထို့နောက် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာ သဘောတဆီသို့ သွားရောက်ရမည် ဖြစ်သည်။<br><br>အဆင့် ၁၄ - သင်တန်းပို့ချသူအနေဖြင့် ဖော်ပြချက်ကို ယခု ကျယ်လောင်စွာ ဖတ်ပြတော့မည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်သူများအနေဖြင့် မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါဝင်သည်ဟုထင်လျှင် ("သဘောတူ") သို့မဟုတ် မပါဝင်ဟုထင်လျှင် ("သဘောမတူ")ဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောဆိုပါ။<br><br>အောက်ပါ ဖော်ပြချက်အား ကျယ်လောင်စွာ ဖတ်ပြပါ -<br><br>***ဥပဒေ၏ ရည်ရွယ်ချက်များသည် .........မသန်စွမ်းသူများအားလုံးအတွက် နိုင်ငံသားအားလုံး ခံစားပိုင်ခွင့်ရှိသော အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေး များ တန်းတူညီမျှရရှိစေရန် ဖြစ်သည်။***<br><br>အဆင့် ၁၅ - သင်တန်းတက်ရောက်သူများအား ဥပဒေတွင် ပါဝင်သည်ကို စဉ်းစား ဆုံးဖြတ်နိုင်ရန် အချိန် ၁၀/၁၅ စက္ကန့် ပေးပါ။<br><br>အဆင့် ၁၆ - တဖက် တချက်စီတွင် လူမည်မျှရှိကြောင်းကို ဖော်ပြပေးပါ။<br><br>အဆင့် ၁၇ - တစ်ဖက်စီမှ သင်တန်းသား တစ်ယောက်စီအား ဘာကြောင့် ဤဖော် ပြချက်သည် ဥပဒေတွင် ပါဝင်သည် (သို့) မပါဝင်သည်ကို ပြောပြနိုင်းပါ။<br><br>အဆင့် ၁၈ - **ထုတ်နုတ်ပြောဆိုပါ** - ယခုဖော်ပြချက်သည် မသန်စွမ်းသူများ အခွင့် အရေးဥပဒေတွင် ပါဝင်ကြောင်း ပြောဆိုပါ။ ဥပဒေ၏ ဤအခန်းသည် ဥပဒေ၏ ရည်ရွယ်ချက်များအားလုံးကို အကြမ်းဖျဉ်းဖော်ပြထားပါသည်။ ရည်ရွယ်ချက်များ အားလုံးသည် မသန်စွမ်းသူများအား ခွဲခြားနှိမ့်ချမှုကင်းစင်ရေး၊ အခွင့်အရေးများ တန်းတူညီမျှစွာ ရရှိမှုနှင့် အခြားသူများနည်းတူ တန်းတူညီမျှစွာ ပါဝင်နိုင်ခွင့် အခွင့်အရေးများ ပါဝင်ပါသည်။<br><br>အဆင့် ၁၉ - သင်တန်းပို့ချသူအနေဖြင့် ဖော်ပြချက်ကို ယခု ကျယ်လောင်စွာ ဖတ်ပြတော့မည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်သူများအနေဖြင့် မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါဝင်သည်ဟုထင်လျှင် ("သဘောတူ") သို့မဟုတ် မပါဝင်ဟုထင်လျှင် ("သဘောမတူ")ဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောဆိုပါ။ |

အောက်ပါ ထုတ်ပြန်ချက်အား ကျယ်ကျယ် ဖတ်ပြပါ -

*ခွဲခြားဆက်ဆံမှုဆိုသည်မှာ မသန်စွမ်းမှုကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာများနှင့် အခြားနယ်ပယ် အသီးသီးတွင် အခြားသူများနည်းတူ အသိအမှတ်ပြုရေးနှင့် သာတူညီမျှ ရရှိခံစားရေးတို့ကို အဟန့်အတားဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ရန် ဘေးဖယ် ချန်လှပ်ထားခြင်းနှင့် ပါဝင်လှုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်ထားခြင်းတို့ကို ဆိုသည်။*

အဆင့် ၂၀ - သင်တန်းတက်ရောက်သူများအား ဥပဒေတွင် ပါဝင်သည်ကို စဉ်းစား ဆုံးဖြတ်နိုင်ရန် အချိန် ၁၀/၁၅ စက္ကန့် ပေးပါ။

အဆင့် ၂၁ - တဖက် တချက်စီတွင် လူမည်မျှရှိကြောင်းကို ဖော်ပြပေးပါ။

အဆင့် ၂၂ - တစ်ဖက်စီမှ သင်တန်းသား တစ်ယောက်စီအား ဘာကြောင့် ဤဖော်ပြချက်သည် ဥပဒေတွင် ပါဝင်သည် (သို့) မပါဝင်သည်ကို မေးမြန်းပါ။

အဆင့် ၂၃ - ထုတ်နုတ်ပြောဆိုပါ - ယခုဖော်ပြချက်သည် မသန်စွမ်းသူများ ဥပဒေတွင် ပါရှိပါသည်၊ ဥပဒေ၏ ဤအခန်းသည် မသန်စွမ်းမှု၊ ဘာသာစကား၊ ဆက်သွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကဲ့သို့သော အဓိက သဘောတရား များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များအား အထောက်အပံ့ပေးထားသည်။

အဆင့် ၂၄ - သင်တန်းပို့ချသူအနေဖြင့် ဖော်ပြချက်ကို ယခု ကျယ်လောင်စွာ ဖတ်ပြတော့မည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်သူများအနေဖြင့် မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါဝင်သည်ဟုထင်လျှင် ("သဘောတူ") သို့မဟုတ် မပါဝင်ဟုထင်လျှင် ("သဘောမတူ")ဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောဆိုပါ။

အောက်ဖော်ပြပါ ထုတ်ပြန်ချက်များအား ကျယ်ကျယ်ဖတ်ပြပါ။

*မသန်စွမ်းသူများ၊ လူမျိုး၊ ဇာတိ၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှု၊ ကျား/မ၊ ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ၊ သို့မဟုတ် မည်သည့် မသန်စွမ်းမှုအမျိုးအစား မဆို အောက်ပါ အခွင့်အရေးများ ရရှိရမည်ဖြစ်သည်။*

*(က) တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု*

*(ခ) အခြားသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိမှု*

အဆင့် ၂၅ - သင်တန်းတက်ရောက်သူများအား ဥပဒေတွင် ပါဝင်သည်ကို စဉ်းစား ဆုံးဖြတ်နိုင်ရန် အချိန် ၁၀/၁၅ စက္ကန့် ပေးပါ။

အဆင့် ၂၆ - တဖက် တချက်စီတွင် လူမည်မျှရှိကြောင်းကို ဖော်ပြပေးပါ။

အဆင့် ၂၇ - တစ်ဖက်စီမှ သင်တန်းသား တစ်ယောက်စီအား ဘာကြောင့် ဤဖော်

ပြချက်သည် ဥပဒေတွင် ပါဝင်သည် (သို့) မပါဝင်သည်ကို ပြောပြနိုင်းပါ။

အဆင့် ၂၈ - ထုတ်နှုတ်ပြောဆိုပါ - ယခုဖော်ပြချက်သည် မသန်စွမ်းသူများ ဥပဒေတွင် ပါရှိပါသည်။ ဥပဒေ၏ ဤအခန်းသည် မသန်စွမ်းသူများအခွင့်အရေးကို လူ့အခွင့်အရေးအနေဖြင့် အသိအမှတ်ပြု ရည်စူးထားသည့် အခန်းတစ်ခုလုံး၏ အပိုင်းဖြစ်ပါသည်။

အဆင့် ၂၉ - သင်တန်းပို့ချသူအနေဖြင့် ဖော်ပြချက်ကို ယခု ကျယ်လောင်စွာ ဖတ်ပြတော့မည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်သူများအနေဖြင့် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်သည်ဟုထင်လျှင် ("သဘောတူ") သို့မဟုတ် မပါဝင်ဟုထင်လျှင် ("သဘောမတူ")ဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောဆိုပါ။

အောက်ပါ  ထုတ်ပြန်ချက်အား ကျယ်ကျယ် ဖတ်ပြပါ -

> *အမျိုးသားကော်မတီက ဤဥပဒေအရ ရှုမှတ်ထားသည့်အတိုင်း အမှုအခင်းတစ်ရပ်ရပ်တွင်ဖြစ်စေ ကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ ထုတ်ပြန်ချက်များအား ဥပဒေဆိုင်ရာ သက်သေခံ အထောက်အထားများအဖြစ် လိုက်နာ လက်ခံနိုင်မှုမရှိလျှင် လက်သင်္ကေတပြ ဘာသာစကားကို အသုံးပြုနိုင်သည်။*

အဆင့် ၃၀ - သင်တန်းတက်ရောက်သူများအား ဥပဒေတွင် ပါဝင်သည်ကို စဉ်းစား ဆုံးဖြတ်နိုင်ရန် အချိန် ၁၀/၁၅ စက္ကန့် ပေးပါ။

အဆင့် ၃၁ - တဖက် တချက်စီတွင် လူမည်မျှရှိကြောင်းကို ဖော်ပြပေးပါ။

အဆင့် ၃၂ - တစ်ဖက်စီမှ သင်တန်းသား တစ်ယောက်စီအား ဘာကြောင့် ဤဖော်ပြချက်သည် ဥပဒေတွင် ပါဝင်သည် (သို့) မပါဝင်သည်ကို ပြောပြနိုင်းပါ။

အဆင့် ၃၃ - ထုတ်နှုတ်ပြောဆိုပါ - ယခုဖော်ပြချက်သည် မသန်စွမ်းသူများ ဥပဒေတွင် မပါဝင်ကြောင်း။ မသန်စွမ်းသူများ အခွင့်အရေးဥပဒေသည် လက်သင်္ကေတပြ ဘာသာစကားအသုံးပြုသူ၏ တင်ပြချက်အား သက်သေခံ အထောက်အထားအဖြစ် လက်ခံရမည်ဖြစ်သည်။ **ထုတ်နှုတ်ပြောဆိုပါ** - တရားဝင် ပြဌာန်းချက်များကို ထောက်ပံ့နိုင်ရန်အတွက် လက်လှမ်းမီနိုင်မှုရှိခြင်းသည် တရားရုံးကို လေးစားပြီး တရားဝင် စာရွက်စာတမ်းများတွင် ပါရှိပြီးဖြစ်သော လူသားအားလုံး၏ အခွင့်အရေး အသေအချာရရှိရန်ဖြစ်ပါသည်။

အမှန်တကယ် စာသားမှာ အောက်ပါအတိုင်းဖြစ်သည်။

> *အမျိုးသားကော်မတီက ဤဥပဒေအရ သတ်မှတ်ထားသော နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားနှင့် မျက်မမြင်များအ တွက် လက်စမ်းစာပေတို့ကို ကျွမ်းကျင်သူက အမှုအခင်းတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ တင်ပြလာသောအခါ ၎င်းကျွမ်းကျင်သူ၏ တင်ပြချက်ကို သက်သေခံအဖြစ်*

*လက်ခံရမည်။*

အဆင့် ၃၄ - သင်တန်းပို့ချသူအနေဖြင့် ဖော်ပြချက်ကို ယခု ကျယ်လောင်စွာ ဖတ်ပြတော့မည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်သူများအနေဖြင့် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်သည်ဟုထင်လျှင် ("သဘောတူ") သို့မဟုတ် မပါဝင်ဟုထင်လျှင် ("သဘောမတူ")ဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောဆိုပါ။

အောက်ပါ ထုတ်ပြန်ချက်အား ကျယ်ကျယ် ဖတ်ပြပါ -

*အဖွဲ့အစည်းများတွင် နေထိုင် လုပ်ကိုင်သော သူများမှလွဲ၍ မသန်စွမ်းသူ နိုင်ငံသားအားလုံးသည် တည်ဆဲဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် တစ်ရပ်ရပ် အတွက် ရွေးကောက်ခံပိုင်ခွင့် အခွင့်အရေးရှိသည်။*

အဆင့် ၃၅ - သင်တန်းတက်ရောက်သူများအား ဥပဒေတွင် ပါဝင်သည်ကို စဉ်းစား ဆုံးဖြတ်နိုင်ရန် အချိန် ၁၀/၁၅ စက္ကန့် ပေးပါ။

အဆင့် ၃၆ - တဖက် တချက်စီတွင် လူမည်မျှရှိကြောင်းကို ဖော်ပြပေးပါ။

အဆင့် ၃၇ - တစ်ဖက်စီမှ သင်တန်းသား တစ်ယောက်စီအား ဘာကြောင့် ဤဖော်ပြချက်သည် ဥပဒေတွင် ပါဝင်သည် (သို့) မပါဝင်သည်ကို ပြောပြခိုင်းပါ။

အဆင့် ၃၈ - ထုတ်နုတ်ပြောဆိုပါ - ယခုဖော်ပြချက်သည် မသန်စွမ်းသူများ ဥပဒေတွင် (မပါ)ဝင်ကြောင်း။ ကူညီစောင့်ရှောက်မှုပေးသော အဖွဲ့အစည်းများတွင် နေထိုင်သော မသန်စွမ်းသူများလည်း မဲပေးပိုင်ခွင့်ရှိကြောင်းနှင့် CRPD (အပိုဒ် ၁၂)တွင် ကျွန်ုပ်တို့ ဆွေးနွေးထားခဲ့သည့်အတိုင်း ဥပဒေအရ တန်းတူညီမျှ အသိအမှတ် ပြုခြင်းကို အတည်ပြုထားသည်။

အဆင့် ၃၉ - ကူညီစောင့်ရှောက်မှုပေးသော အဖွဲ့အစည်းများတွင် နေထိုင်သည့် သူများ၏ မဲပေးခွင့် အခွင့်အရေးကို ကန့်သတ်ပြီး ဥပဒေအရ အများဆုံး အဖယ် ကျဉ်ခံရသည့် သူများက ဘယ်သူတွေဖြစ်မလဲဆိုတာကို သင်တန်း တက်ရောက် သူများအား မေးမြန်းပါ။ (အဖြေမှန် - ဉာဏ်ရည်မသန်စွမ်းသူများ (သို့) စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းသူများ)

အဆင့် ၄၀ - သင်တန်းပို့ချသူအနေဖြင့် ဖော်ပြချက်ကို ယခု ကျယ်လောင်စွာ ဖတ်ပြတော့မည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်သူများအနေဖြင့် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်သည်ဟုထင်လျှင် ("သဘောတူ") သို့မဟုတ် မပါဝင်ဟုထင်လျှင် ("သဘောမတူ")ဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောဆိုပါ။

အောက်ပါ ထုတ်ပြန်ချက်အား ကျယ်ကျယ် ဖတ်ပြပါ -

*အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၊ ဆန္ဒမဲပေးရာတွင်*

| | |
|---|---|
| | *အဆင်ပြေလွယ်ကူ စေရန်၊ ဆန္ဒမဲပေးရာ၌ အသုံးပြုရမည့် ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံ ပေးနည်းများကို မသန်စွမ်းသူများ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေ အလိုက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။*<br><br>အဆင့် ၄၁ - သင်တန်းတက်ရောက်သူများအား ဥပဒေတွင် ပါဝင်သည်ကို စဉ်းစား ဆုံးဖြတ်နိုင်ရန် အချိန် ၁၀/၁၅ စက္ကန့် ပေးပါ။<br><br>အဆင့် ၄၂ - တဖက် တချက်စီတွင် လူမည်မျှရှိကြောင်းကို ဖော်ပြပေးပါ။<br><br>အဆင့် ၄၃ - တစ်ဖက်စီမှ သင်တန်းသား တစ်ယောက်စီအား ဘာကြောင့် ဤဖော် ပြချက်သည် ဥပဒေတွင် ပါဝင်သည် (သို့) မပါဝင်သည်ကို ပြောပြနိုင်းပါ။<br><br>အဆင့် ၄၄ - ထုတ်နှုတ်ပြောဆိုပါ - ယခုဖော်ပြချက်သည် မသန်စွမ်းသူများ ဥပဒေတွင် ပါဝင်ပါသည်။ နောက်ထပ်ဆောင်ရွက်မည့် လုပ်ဆောင်ချက်တွင် အမျိုးသားကော်မတီတွင် ပါဝင်သည့်သူများနှင့် ၎င်းတို့ဆောင်ရွက်ရမည့် အကြောင်းကို အကျယ်တဝင့် ဆွေးနွေးသွားမည်ဖြစ်ပါသည်။<br>ထုတ်နှုတ်ပြောဆိုပါ - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မသန်စွမ်းသူများ မဲပေးခြင်းဖြစ်စဉ်နှင့် မဲပေးခြင်းနှင့်ဆိုင်သည့် သတင်းအချက် အလက်များ လက်ခံရရှိနိုင်မှုအား သေချာစေရန် တာဝန်ရှိပါသည်။ **ထုတ်နှုတ်ပြော ဆိုပါ** - အမျိုးသားကော်မတီနှင့် ရွေးကောက်ပွဲကော်မရှင်တို့သည် မသန်စွမ်း သူများ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်နိုင်မှု သေချာစေရန်အတွက် တာဝန်ရှိပါသည်။<br><br>သင်တန်းတက်ရောက်သူများအား ၎င်းတို့၏ နေရာများတွင် ပြန်လည်နေရာယူရန် ပြောဆိုပါ။ |
| [၁၀ မိနစ်] | အဆင့် ၄၆ - သင်တန်းတက်ရောက်သူများအား ဥပဒေတွင် ပါဝင်သည့် အကြောင်း အရာ အချက်အလက်များအကြောင်းကို တော်တော်များများ သိရှိခဲ့ပြီး ဖြစ်ကြောင်းနှင့် ယခုတွင် ကျွန်ုပ်တို့သည် ဥပဒေ၏ လည်ပတ်ပုံကို လေ့လာကြ မည်ဖြစ်ကြောင်း ပြောဆိုပါ။<br><br>အဆင့် ၄၇ - အမျိုးသားကော်မတီအား ဖော်ပြခဲ့ပြီးဖြစ်ကြောင်း ပြောဆိုပါ။ အမျိုးသားကော်မတီသည် အစိုးရနှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများအား ကိုယ်စားပြုသည့် အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ၎င်းတို့သည် မသန်စွမ်းသူများ အခွင့်အရေး ဥပဒေကို အကောင်အထည်ဖော်ရာတွင် ဆွေးနွေးနိုင်ရန်အတွက် ကာလအပိုင်း အခြားအလိုက် ပုံမှန်တွေ့ဆုံရန် တာဝန်ရှိပါသည်။ အမျိုးသားကော်မတီသည် မူဝါဒချမှတ်သည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။ ၎င်းတွင် မသန်စွမ်းသူများ အခွင့် အရေးဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒများ ဖန်တီးနိုင်ရန် အာဏာရှိသည်။ |

| | |
|---|---|
| | အဆင့် ၄၈ - အမျိုးသားကော်မတီ အဖွဲ့ဝင်များပါဝင်သည့် ပုံစံပြဇယားချပ်အား နံရံတွင် ချိတ်ဆွဲထားပါ။<br><br>အဆင့် ၄၉ - သင်တန်းသားတစ်ဦးအား အမျိုးသားကော်မတီတွင် ပါဝင်ကိုယ်စားပြုသည့် အဖွဲ့အစည်းအမည်များကို ကျယ်ကျယ် ဖတ်ခိုင်းပါ။<br><br>အဆင့် ၅၀ - အမျိုးသားကော်မတီတွင် ပါဝင်သည့် သူတစ်ဦးတစ်ယောက်ကြောင့် အံ့အားသင့်ခဲ့ရသလား သင်တန်းတက်ရောက်သူများအား မေးမြန်းပါ။ ပါဝင်သူ အဖွဲ့ဝင်တစ်ယောက်ယောက်အတွက် မေးခွန်းများ မေးရန် ရှိသလား မေးမြန်းပါ။<br><br>အဆင့် ၅၁ - သင်တန်းသား ၂ - ၃ ၏ အမြင်များကို မျှဝေခိုင်းပါ။<br><br>**အဆင့် ၅၂ - ထုတ်နုတ်ပြောဆိုပါ** - ဥပဒေသည် သန်စွမ်းသူ တစ်မျိုးချင်းစီကို ကိုယ်စားပြုရန် အတွက်ဖြစ်သည်။ **ထုတ်နုတ်ပြောဆိုပါ** - ဥပဒေတွင် မတူညီသောမသန်စွမ်းမှု အမျိုးအစားများ ပါဝင်စဉ်တွင် UNCRPD တွင် မသန်စွမ်းမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အချိန်တော်တော်ကြာ ပြောင်းလဲကြောင်း ဖော်ပြထားပါသည်။ ထုတ်နုတ်ပြောဆိုပါ - အနာဂါတ်တွင် မသန်စွမ်းမှုအမျိုးအစားများ ပြောင်းလဲခြင်းနှင့် ပါတ်သက်၍ သဘောထားအမြင်များသည် ကော်မတီ အဖွဲ့ဝင်များအကြား အငြင်းအခုံ ဖြစ်ကောင်းဖြစ်နိုင်သည်။ မသန်စွမ်းအဖွဲ့အစည်းများနှင့် အခြား မသန်စွမ်းအခွင့်အရေးဆောင်ရွက်သူများအနေဖြင့် ကော်မတီတွင် ပါဝင်ကိုယ်စားပြုမည့်သူများအတွက် ကော်မတီအတွင်း ဆွေးနွေးပွဲတစ်ခုဆောင်ရွက်နိုင်သည်။<br><br>အဆင့် ၅၃ - သင်တန်းတက်ရောက်သူများအနေဖြင့် ၎င်း ကော်မတီထဲတွင် ကိုယ်စားပြုမည့်သူ တစ်စုံတစ်ဦး ကျန်နေသေးသည်ဟု ထင်မြင် ယူဆမိသလား မေးမြန်းပါ။ (သင်တန်းဆရာ မှတ်ချက် - သင်တန်းသားများအား တစ်စုံတစ်ဦးအား စဉ်းစားရာတွင် မသန်စွမ်းအမျိုးသမီး သို့မဟုတ် မသန်စွမ်းလူငယ် ကဲ့သို့သော ဖယ်ကျဉ်ခံအုပ်စုတစ်ခုထက်ပိုသေ သူအား စဉ်းစားနိုင်ရန် နှိုးဆော်ပေးပါ။ |
| [၂၀ မိနစ်] | **အဆင့် ၅၄** - ဤလုပ်ဆောင်ခြင်းမှ အမျိုးသားကော်မတီအကြောင်းကို လေ့လာနိုင်မည်ဟု သင်တန်းသားများအား ပြောပြပါ။<br><br>**အဆင့် ၅၅** - နံရံတွင် အလျားနှင့် ဒေါင်လိုက်အတိုင်း ကဒ်ပြားပါအဖြေများကို (မျက်နှာကိုမှောက်ချပြီး) ကပ်ပါ။ (သင်တန်းဆရာမှတ်ချက် - ဤသို့ဖြင့် သင်တန်းကို ဦးဆောင်နိုင်သည်)<br><br>**အဆင့် ၅၆** - သင်တန်းသားများအား အုပ်စု ၂ စုခွဲပါ။<br><br>**အဆင့် ၅၇** - အဖွဲ့တစ်ခုစီမှ ကဒ်ပြား နှစ်ခု ယူခွင့်ရှိတာကို ရှင်းပြပါ။ အကယ်၍ ကဒ်ပြားများ ကိုက်ညီပါက သူတို့ကိုယ်တိုင်ဆုံးဖြတ်ရန် လိုအပ်သည်။ အကယ်၍ ကဒ်ပြား နှစ်ခုသည်ကိုက်ညီမှုရှိသည်ဟု မှန်ကန်စွာ ခန့်မှန်းနိုင်ပါက |

ငှင်းကဒ်ပြားကို ယူလိုရသည်။ အကယ်၍ ကိုက်ညီမှုမရှိပါက (သို့မဟုတ်ကဒ်ပြားများသည် ကိုက်ညီမှုရှိသည်ဟု မှားယွင်းစွာခန့်မှန်းပါက) ကဒ်ပြားများကို နံရံပေါ်သို့ ပြန်ထားရမည်။ သူတို့အဖြေမှန်ကို မသိရင်လည်း အဆင်ပြေသည်ဆိုတာ ရှင်းပြပါ။ သင်တန်းသားအားလုံး ဤသင်ခန်းစာမှ အမျိုးသားကော်မတီ အကြောင်း သင်ယူနိုင်မည်။

**အဆင့် ၅၈** - အုပ်စုများမှ ကဒ်ပြားများကို အလှည့်ကျရွေးချယ်ခြင်းဖြင့် ဆက်လက်ဂိမ်းကစားပါ။

(သင်တန်းဆရာမှတ်စု - ကဒ်ပြားတစ်ခုစီရွေးသည့် အချိန်တိုင်း ဒုတိယဖယားကွက်၊ တတိယတန်းနှင့် လေးကြိမ်မြောက် ဖယားကွက်၊ ဒုတိယတန်း စသည်ဖြင့် ကျယ်လောင်စွာအော်ကာ အမြင်အာရုံအားနည်းချက်ရှိသူများပါဝင်ကစားနိုင်အောင် လုပ်ဆောင်ပါ။) အဆိုပါ မေးခွန်းများနှင့် ကိုက်ညီသော အဖြေများကို အောက်တွင်ဖော်ပြထားသည်-

- လူပေါင်း ၆၀ = အမျိုးသားကော်မတီ အဖွဲ့ဝင်အရေအတွက်
- လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌါန ဝန်ကြီး = အမျိုးသားကော်မတီ ဒု-ဥက္ကဌ ( ၁ )
- ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်နယ် အဆင့်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ မြို့တော်သာယာရေး ကော်မတီ၊ မြို့တော်စည်ပင်သာယာရေး အဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် တခြားသော ပုဂ္ဂိုလ်များ = အမျိုးသားကော်မတီအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သော အဖွဲ့အစည်းများ
- နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု နှင့် ပြည်သူရေးရာများ = အမျိုးသားကော်မတီမှ ယခုဖော်ပြထားသော နေရာများသို့ မသန်စွမ်းသူများ ပါဝင်နိုင်ရန် ဆောင်ရွက်ပေးရမည်။
- အမျိုးသားကော်မတီသည် ဤအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို ချမှတ်ပြီး ညှိနှိုင်းဆောင်ရွက်သည် = မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်
- အမျိုးသားကော်မတီသည် ဤသည်များကို လုပ်ခွင့်ရှိသည် = တရားဉပဒေအရေးအရေးယူပိုင်ခွင့်
- ဤအုပ်စုများအား အမြင်ဖွင့်လုပ်ငန်းများဆောင်ရွက်ခြင်းကို အမျိုးသားကော်မတီ၏ ပြဌာန်းထားသည် = ပြည်သူများအား

**အဆင့် ၅၉** - (ကဒ်ပြားများအားလုံးကို နံရံပေါ်မှ ယူပြီးနောက်) အသင်းအားလုံးအား သူတို့ စုံချထားသော အတွဲများအားလုံး ဘယ်နှစ်ခုလဲရေတွက်နိုင်းပါ။ ပြီးနောက် အားလုံးပါဝင်ပေးတဲ့အတွက် ကျေးဇူးတင်စကားပြောပါ။

| | |
|---|---|
| | **အဆင့် ၆ဝ** = ဤသင်ခန်းစာမှ အမျိုးသားကော်မတီအကြောင်း ဘာတွေသင်ယူခဲ့ရသလဲ ပါဝင်သူများအား မေးပါ။ ၃-၄ ဦးအား သူတို့၏ အမြင်များကို ပြောခွင့်ပြုပါ။<br>**အဆင့် ၆ဝ=** အကယ်၍ သင်တန်းသားများမှ အမျိုးသားကော်မတီအကြောင်း ထပ်သိချင်သေးပါက မိမိတို့ကိုယ်တိုင် ကော်မတီအဖွဲ့ဝင်တစ်ဦးအား ဆက်သွယ်မေးမြန်းနိုင်ကြောင်းကို ထောက်ပြပြောဆိုပါ။ သင်တန်းဆရာမှတ်စု - *အဖွဲ့ဝင်များပါသော ကားချပ်ကို ညွှန်ပြပါ။* |

| | |
|---|---|
| ၁၅ မိနစ် | **အဆင့် ၆၂** - အမျိုးသားကော်မတီသည် မသန်စွမ်းသူများဥပဒေကို အားလုံးခြုံငုံပြီး အကောင်အထည်ဖော်လုပ်ဆောင်ပေးရမည့် ကော်မတီဖြစ်သည်၊ ၎င်းမှာ အစိုးရမှတဆင့် မသန်စွမ်းဥပဒေပါ ကွဲပြားခြားနားသော အစိတ်အပိုင်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ရမည်၊<br><br>**အဆင့် ၆၃** - မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေနှင့် ဆက်စပ်သောလုပ်ငန်းများကို **သက်ဆိုင်ရာ** အစိုးရဌာနများမှ တာဝန်ယူဆောင်ရွက်ရန် နည်းဥပဒေတွင် ဖော်ပြထားသည်၊ သက်ဆိုင်ရာပါဝင်သူအမျိုးမျိုးမှ မသန်စွမ်းသူများအား လူမှုပတ်ဝန်းကျင်တွင် ပေါင်းစည်းနေထိုင်နိုင်ရန် အသေးစိတ်တာဝန်ယူဆောင်ရွက်ပေးရန် နည်းဥပဒေတွင် ညွှန်ကြားထားသည်။<br><br>**အဆင့် ၆၄** - သင်တန်းသားများအား နည်းဥပဒေကို ဖတ်ဖူးသည် သို့မဟုတ် ကြားဖူးသည် ဆိုလျှင် လက်မြှောက်နိုင်းပါ၊ လက်မြှောက်ထားသူများအား နည်းဥပဒေပါ အချက်များ ၎င်းတို့ သိရှိထားသည်များကို အနည်းငယ်ပြောပြနိုင်းပါ။<br><br>**အဆင့် ၆၅** - မသန်စွမ်းသူများ နိုင်ငံရေးနယ်ပယ်တွင် ပါဝင်ခွင့်ရှိသည်ဆိုတာ နည်းဥပဒေတွင် အသေးစိတ်ဖော်ပြထားသည်ဟု သင်တန်းသားများအားပြောပြပါ။<br><br>**အဆင့် ၆၆** - အကယ်၍ သင်တန်းသားများ သိသည်ဆိုပါက နည်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မည်သည့် အစိုးရ အဖွဲ့တွင် တာဝန်ရှိသလဲဟု မေးပါ။ ( အဖြေမှန် - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အမျိုးသားကော်မတီ)<br><br>**အဆင့် ၆၇** - "နည်းဥပဒေ - နိုင်ငံရေးတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှု" စာရွက်ပေါ်တွင် ရေးပါ<br><br>**အဆင့် ၆၈** - နည်းဥပဒေတွင် ပါဝင်နိုင်သော အမျိုးသားကော်မတီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တို့၏ လုပ်ငန်းတာဝန်အမည်များကို သင်တန်းတက်ရောက်သူများအား မေးမြန်းပါ။ အောက်ပါအဖြေများလည်း ပါဝင်နိုင်သည်-<br>• မသန်စွမ်းသူများအားလုံးသည် လျှို့ဝှက် မဲထည့်နိုင်သည်၊<br>• မသန်စွမ်းသူများအားလုံးသည် ရွေးကောက်ပွဲတွင် ပါဝင်နိုင်သည်၊<br>• ကော်မရှင်၊ ကော်မရှင်ခွဲမှ သက်ဆိုင်ရာ ဝန်ထမ်းများနှင့် အဖွဲ့ဝင်များအား မဲရုံသို့ လွယ်ကူစွာ သွားရောက်နိုင်ရန်အတွက် အားလုံးလက်လှမ်းမီသော လိုအပ်သည့် အထောက်အပံ့များကို စီစဉ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးရန်<br>• မသန်စွမ်းမှုအမျိုးအစားပေါ်မူတည်၍ သင့်တော်သော |

| | |
|---|---|
| | ဆက်သွယ်ရေးနည်းလမ်းများ၊ လက်သင်္ကေတပြဘာသာစကား၊ မျက်မမြင် လက်စမ်းစာ သို့မဟုတ် အသံဖမ်းဆက်သွယ်ရေး အကူအညီ အထောက်အပံ့ များကို စီစဉ်ထားရှိရန်<br>• မသန်စွမ်းသူများ မဲပေးရာတွင် လိုက်လျောညီထွေသော နေရာထိုင်ခင်းများ စီစဉ်ထားရှိမှု<br>• မဲထည့်ရာတွင် မသန်စွမ်းသူများမှ သူတို့၏ ကိုယ်ပိုင်အကူများကို တောင်းဆိုနိုင်ခွင့်ရှိရန်<br>• လက်လှမ်းမီစွာရရှိရန် သင့်တော်သော အထောက်အအုံနှင့် အသုံးအဆောင်များအား တပ်ဆင်ထားရှိရန် ပူးပေါင်းဆောင်ရွက်ခြင်း<br>• ကော်မရှင်အဖွဲ့ခွဲတိုင်းမှ သက်ဆိုင်သူများနှင့် မဲရုံဝန်ထမ်းများအတွက် လိုအပ်သော အမြင့်ဖွင့်သင်တန်းများပေးရန်<br><br>**အဆင့် ၆၉ - ထုတ်နုတ်ပြောဆိုပါ** - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အမျိုးသားကော်မတီတို့ သည် မသန်စွမ်းသူများအခွင့်အရေးရရှိရေး လုပ်ဆောင်ရန် တာဝန်အများအပြားရှိ သည်ကို CRPD အပိုဒ် ၂၉ တွင်ဖေါ်ပြထားသည်။ |
| [၂၀ မိနစ်] | **အဆင့် ၇၀** - မသန်စွမ်းသူများ ပါဝင်အကျုံးဝင်ရန် အရေးကြီးသည်ဟု စဉ်းစားမိသည့် တခြားသော ဥပဒေများရှိသလားဟု သင်တန်းသားများအားမေးပါ။ (အဖြေမှန် - ရွေးကောက်ပွဲဥပဒေ)<br><br>**အဆင့် ၇၁ - ထုတ်နုတ်ပြောဆိုပါ** - ရွေးကောက်ပွဲဥပဒေသည် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများအပါအဝင် လူအားလုံး၏ နိုင်ငံရေးအခွင့်အရေးနှင့် ဆက်စပ်နေသည်ကို ပြောပြပါ။ မသန်စွမ်းသူများ နိုင်ငံရေးဖြစ်စဉ်တွင် မည်ကဲ့သို့ ပါဝင်နိုင်သလဲသည်လည်း ရွေးကောက်ပွဲဥပဒေ၏ ရလဒ်တစ်ခုလည်းဖြစ်သည်။<br><br>**အဆင့် ၇၂** - သင်တန်းသားများအား ရွေးကောက်ပွဲဥပဒေသည် မသန်စွမ်းသူများ အကျုံးဝင်မှုရှိ မရှိကို ယခု ဆွေးနွေးခွင့်ရမည်ကို ရှင်းပြပါ။<br><br>**အဆင့် ၇၃** - သင်တန်းတက်ရောက်သူများအား အဖွဲ့ ၄-၅ ဖွဲ့ခွဲလိုက်ပါ။<br><br>**အဆင့် ၇၄** - အုပ်စုတစ်ခုစီကို ရွေးကောက်ပွဲဥပဒေ၏ မတူညီသော အစိတ်အပိုင်းများအား ရရှိမည်ဖြစ်ပြီး အားလုံးအကျုံးဝင်မှု ရှိမရှိကို ဆုံးဖြတ်ရမည်ဖြစ်သည်။ အကယ်၍ အကျုံးဝင်သည်ဟု မယူဆပါက အဖွဲ့အနေဖြင့် အသုံးပြုထားသော ဘာသာစကား အသုံးအနှုန်းကို ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးရမည့်အကြောင်း ရှင်းပြပါ။<br><br>**အဆင့် ၇၅** - အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ၏ အောက်ပါအပိုင်းများအား အုပ်စုများကို တာဝန်ပေးပါ။<br>• အခန်း ၄ - ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ<br>• အခန်း ၅ - ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ # ၈-၁၀<br>• အခန်း ၅ - ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ #၁၁-၁၂ |

- အခန်း ၉ - ရွေးကောက်ပွဲကျင်းပခြင်း #၃၄-၄၁
- အခန်း ၉ - ရွေးကောက်ပွဲ ကျင်းပခြင်း #၄၂-၄၇

**အခန်း ၇၆** - အုပ်စုများအား ဆွေးနွေးရန် အချိန် ၁၀ မိနစ်ပေးပါ။ ပြီးနောက် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောပါ။

**အဆင့် ၇၇** - ဆွေးနွေးခြင်းမှ ရလာသော ဆန်းစစ်မှုများနှင့် အကြံပြုတိုက်တွန်းချက်များကို တင်ပြရန် တစ်ဖွဲ့ချင်းစီအား ဖိတ်ခေါ်ပါ။ အောက်ပါအချက်များအား ထောက်ပြဆွေးနွေးပါ။ (ပြည့်စုံမှုမရှိသော ဥပဒေများကို ပြန်သုံးသပ်ရာတွင် အနည်းဆုံး ဤအချက်တွေကို မှတ်သားရမည်။)

- အခန်း ၄ - ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

*ဤဥပဒေသည် မသန်စွမ်းမှုအမျိုးအစားအားလုံးနှင့် အကျုံးမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် " စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ "များသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ၄င်းနဲ့ဆန့်ကျင်ပြီး CRPD ပြဋ္ဌာန်းချက်အမှတ် ၂၉ တွင် မည်သည့် မသန်စွမ်းမှုဆိုင်ရာအမျိုးအစားရှိသူဖြစ်စေ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ၄င်းစာသားကို ဖယ်ရှားခြင်းဖြင့် ပို၍ပြီး အားလုံးအကျုံးဝင်အောင် ပြုလုပ်လိုရသည်။ ထပ်မံပြီး အားလုံးသော မသန်စွမ်းသူများသည် မည်သည့် မသန်စွမ်းမှုအခြေအနေဖြစ်စေ၊ ကျား၊မ၊ လူမျိုးမခွဲခြားဘဲ တန်းတူဆန္ဒမဲပေးပိုင်ခွင့်ရှိသည် ဟု စာသားအစားထိုး ထည့်သွင်းနိုင်သည်။*

- အခန်း ၅ - ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ # 8-10

*ဤဥပဒေသည် မသန်စွမ်းမှုအမျိုးအစားအားလုံးနှင့် အကျုံးမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် " စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ "များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ၄င်းနဲ့ဆန့်ကျင်ပြီး CRPD ပြဋ္ဌာန်းချက်အမှတ် ၂၉ တွင် မည်သည့် မသန်စွမ်းမှုဆိုင်ရာ အမျိုးအစားရှိသူဖြစ်စေ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ ၄င်းစာသားကို ဖယ်ရှားခြင်းဖြင့် ပို၍ပြီး အားလုံးအကျုံးဝင်အောင် ပြုလုပ်လိုရသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် မှန်မှန်ကန်ကန် ရွေးကောက်ခံပိုင်ခွင့်ရှိပြီး သင့်တော်သော နေရာထိုင်ခင်းစီစဉ်ပေးထားခြင်းဖြင့် အားလုံးပိုမို အကျုံးဝင်သော ဥပဒေဖြစ်နိုင်သည်။*

*အခန်း ၅ - ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ # ၁၁-၁၂*

*ဤဥပဒေသည် မသန်စွမ်းမှုအမျိုးအစားအားလုံးနှင့် အကျုံးမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် " စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ "များသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ၄င်းနဲ့ဆန့်ကျင်ပြီး CRPD ပြဋ္ဌာန်းချက်အမှတ် ၂၉ တွင် မည်သည့် မသန်စွမ်းမှုဆိုင်ရာအမျိုးအစားရှိသူဖြစ်စေ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ ၄င်းစာသားကို ဖယ်ရှားခြင်းဖြင့် ပို၍ပြီး အားလုံးအကျုံးဝင်အောင် ပြုလုပ်လိုရသည်။ ဤအပိုဒ်သည် ရုံးမှ*

တစ်စုံတစ်ဦးသည် အကြောင်းပြချက်ဖြင့် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းကြောင်း အသုံးချရန် အလားအလာရှိသည်ကို သတိပြုပါ။ ၄င်းသည် ဤအုပ်စုအား ဖယ်ကြဉ်ထားခြင်းခံရနိုင်သည်။ ထို့ပြင် အချက် ၁၂ အောက်တွင် CRPD အပိုဒ် ၂၉ နှင့် ဆန့်ကျင်ပြီး ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် ပုဒ်မ ၈နှင့် ပုဒ်မ ၁၀ ပါပြဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတိုင်ကြားချက်ကို ရရှိလျှင် ကော်မရှင်သည် ယင်းတိုင်ကြားချက်ကို ရွေးကောက်ပွဲခုံအဖွဲ့ခွဲ၍ စစ်ဆေးပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိ မရှိ ဆုံးဖြတ်နိုင်သည်ဟု ပြဌာန်းထားသည်။ ဤအပိုဒ်ကို ဖယ်ရှားလျှင် ပိုမိုအကျုံးဝင် ပါဝင်နိုင်မည်ဖြစ်သည်။

- အခန်း ၉ - ရွေးကောက်ပွဲကျင်းပခြင်း # ၃၄-၄၁

ဤဥပဒေသည် *ဆန္ဒမဲပေးနိုင်ရန် သင့်တော်သော နေရာထိုင်ခင်းစီစဉ် ပေးခြင်းအပေါ် ဖော်ပြချက်မပါဝင်ပါ။ အကယ်၍ မသန်စွမ်းသူများအပါအဝင် အားလုံးသော မဲဆန္ဒရှင်များသည် ဆန္ဒမဲများကို လျှို့ဝှက် လွတ်လပ်စွာ မဲထည့်ခွင့်ရှိသည်။ ထိုသို့ပြုလုပ်နိုင်ရန် အထောက်အကူကိရိယာများဖြစ်သော ထိတွေ့နိုင်သော မဲလမ်းညွှန်များနှင့် မဲရုံပြခန်းများ၏ ရုပ်ပိုင်းဆိုင်ရာများ လက်လှမ်းမီစွာ အသုံးပြုနိုင်အောင် စီစဉ်ပေးထားခြင်းဖြင့် ထောက်ပံ့ပေးနိုင်သည်။*

- အခန်း ၉ - ရွေးကောက်ပွဲကျင်းပခြင်း # ၄၂-၄၇

ဤဥပဒေသည် *ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မိမိကိုယ်တိုင် ရေးသွင်းရန် အခက်အခဲရှိသူများအတွက် ဆန္ဒပြုရမည့်နည်းလမ်းကို သူတို့ကိုယ်တိုင်စီစဉ်နိုင်ကြောင်းကို သတ်မှတ်ပေးသည် သို့သော် မဲဆန္ဒရှင်၏ ရွေးချယ်မှုအရ အကူလက်ထောက် စီစဉ်ထားခြင်းကို ခွင့်မပြုထားပါ။ မဲဆန္ဒရှင်များအားလုံး လွတ်လပ်ပြီး လျှို့ဝှက်စွာ မဲပေးခွင့်ကို လက်လှမ်းမီရန် ရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဟုလည်း ဖော်ပြမထားပါ။*

**အဆင့် ၇၈** - မသန်စွမ်းမှုအမျိုးအစားအားလုံးအတွက် တွေ့ကြုံရသော အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများကို ဖယ်ရှားပြီး အားလုံးတန်းတူ လက်လှမ်းမီစွာမဲပေးခွင့်နှင့် မဲပေးရန် တာဝန်များကို ပြန်လည်သုံးသပ်နေသော ရွေးကောက်ပွဲဥပဒေတွင် ထည့်သွင်းထားသည်ကို ထောက်ပြပြောဆိုပါ။ မသန်စွမ်းမှုအမျိုးအစားအားလုံးအတွက် တခြားသူများကဲ့သို့ တန်းတူအခွင့်အရေး ရရှိစေမည်ဖြစ်သောကြောင့် မသန်စွမ်းဥပဒေဟု ခေါ်ခြင်းဖြစ်သည်ဟု ပြောပြပါ။

**အဆင့် ၇၉** - ထုတ်နုတ်ပြောဆိုပါ - စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ရန်အတွက် နောက်ထပ်ရင်ဆိုင်ရသော အတားအဆီးများမှာ "စိတ်ပေါ့သွပ်နေသူ"ကဲ့သို့သော ဖော်ပြထားသည့် စကားလုံး အသုံးများဖြစ်ပါသည်။ အားလုံးအကျုံးဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်းတွင် ဤဝေါဟာရသည် ခွဲခြားဆက်ဆံမှုလက္ခဏာဖြစ်ပြီး အခွင့်အရေးကို ဟန့်တားထားသည်ဟု ကနဦးဆွေးနွေးခဲ့ပြီးဖြစ်သည်။

**အဆင့် ၈၀ - ထုတ်နုတ်ပြောဆိုပါ** - ဤအခန်းထဲတွင်ရှိနေသော ပုဂ္ဂိုလ်များကဲ့သို့ မသန်စွမ်းခေါင်းဆောင်များ၊ ရွေးကောက်ပွဲတွင်ဝင်ရောက်ရွေးချယ်ခံခြင်းနှင့်

| | |
|---|---|
| | အမျိုးသားကော်မတီကဲ့သို့သော ဆက်စပ်သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အားလုံးပါဝင်နိုင်ခွင့်များရရှိစေရန်အတွက် ပြောင်းလဲမှုပြုလုပ်ဆောင်ရန် အခွင့်အရေးရှိကြောင်းပြောဆိုပါ။ |

အမျိုးသားလွှတ်တော် ဥပဒေကောက်နုတ်ချက်များ

သဘောတူပါသည် နှင့် သဘောမတူပါ သင်္ကေတများ

သဘောတူပါသည်နှင့် သဘောမတူပါအတွက် ဖော်ပြချက်များ

အတွဲများချိတ်ဆက်ရှာဖွေခြင်းကစားနည်းအတွက် အကွက်များနှင့် အဖြေများ

အမျိုးသားကော်မတီ အဖွဲ့ဝင်များစာရင်း

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ

## အခန်း (၄)

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

၆။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည် -

(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား ၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူ၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ။

၇။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ -

(က) သာသနာ့ဝန်ထမ်း၊

(ခ) ထောင်ဒဏ်ကျခံနေရသူ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူ၊

(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူထားသူ။

# အခန်း ( ၅ )

## ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသူများ

၈။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည် -

(က) ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်းတင်သွင်းလွှာ တင်သွင်း ချိန်တွင် -

(၁) အသက် ၃၀ နှစ်ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သူ၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူ၊

**ခြွင်းချက်။** နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလ အဖြစ် ထည့်သွင်းရေတွက် ရမည်။

(၃) မဲစာရင်းတွင် ပါဝင်သူ။

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊

(ဂ) ဤဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ။

၉။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူတစ်ဦးသည် တစ်သီးပုဂ္ဂလ အဖြစ်ဖြင့်ဖြစ်စေ၊ နိုင်ငံရေး ပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိသည်။

၁၀။ အောက်ပါပုဂ္ဂိုလ်များသည်ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေရ-

(က) ထောင်ဒဏ်ကျခံနေရသူ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကဖြစ်စေ ၊ အာဏာတည်ပြီးမှဖြစ်စေ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းစေသော ပြစ်မှုဖြင့် ပြစ်ဒဏ် ချမှတ်ခံရခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာတရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသည့်ကာလ ကုန်ဆုံးခြင်း မရှိသေးသူ၊

(ဂ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူ၊

(ဃ) လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊

(င) မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါးပါးမှဖြစ်စေ၊ နှစ်ပါးလုံးမှ ဖြစ်စေ မွေးဖွားသည့် နိုင်ငံသား၊

(စ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသား ဖြစ်သူ၊

(ဆ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော် လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊

(ဇ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ဈ) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန် သော်လည်းကောင်း ၊ ဆန္ဒမဲမပေးရန်သော် လည်းကောင်း ပြောဆိုခြင်း ၊ ဟောပြောခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်းနှင့် ယင်းသို့ ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(ည) သာသနာ့ဝန်ထမ်း၊

(ဋ) နိုင်ငံ့ဝန်ထမ်း၊

**ခြွင်းချက်။** ယင်းစကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ လွှတ်တော်များရှိ အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်း များနှင့်လည်းကောင်း မသက်ဆိုင်စေရ။

(ဌ) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်

ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

**ခြွင်းချက်။** (၁) နိုင်ငံတော်ပိုင်ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့် ထားသော လစာ၊ စရိတ်၊ ငွေကြေးသော် လည်းကောင်း မပါဝင်၊

(၂) နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း ဟူသော စကားရပ်တွင် ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း၊တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်း သုံးစွဲသော နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက် အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်းစသည်တို့ မပါဝင်။

(ဃ) ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်း ခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော

သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်း အဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထား ရှိသူ။

၁၁။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အောက်ပါအချက် တစ်ခုခုနှင့် ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ -

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊

(ခ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ် ခံရခြင်း၊

(ဂ) လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံး၏ ကြေညာခံရခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရခြင်း၊

(င) သက်ဆိုင်ရာဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း၊

(စ) မွေးဖွားစဉ်က မိဘတစ်ပါးပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ နိုင်ငံသားမဟုတ်ကြောင်း သက်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း၊

(ဆ) နိုင်ငံခြားအစိုးရ၏ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ် ခံရခြင်း၊

(ဇ) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ကော်မရှင်က နုတ်ထွက်ခွင့်ပြုခြင်း၊

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသည်ဟု သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ခံရခြင်း၊

(ဋ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဈ)၊(ဈ) သို့မဟုတ် (ဌ) ပါ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းဝင်ဖြစ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဌ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဋ)ပါ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးက အကြောင်းကြားခံရခြင်း။

၁၂။ ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် ပုဒ်မ ၈နှင့် ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တိုင်ကြားချက်ကို ရရှိလျှင် ကော်မရှင်သည် ယင်းတိုင်ကြားချက်ကို ရွေးကောက်ပွဲခုံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်စေနိုင်သည်။

## အခန်း (၉)

## ရွေးကောက်ပွဲကျင်းပခြင်း

၃၄။ ကော်မရှင်သည် -

(က) ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ တစ်နေ့တည်းတွင် တစ်ပြိုင်နက် ကျင်းပရမည်။

(ခ) ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ အများပြည်သူတို့၏ အလုပ်ပိတ်ရက်တွင် ကျင်းပ ရမည်။

(ဂ) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြိုတင်၍ သတ်မှတ် ကြေညာရမည်။

၃၅။ အခန်း(၈)ပါလွှတ်တော်ကိုယ်စားလှယ်များမှအပ လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် နေထိုင်ကြသော ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးကောက် တင်မြှောက်ရမည်။

၃၆။ ကော်မရှင်သည် -

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက်ထားရှိမည့် မဲရုံအရေအတွက်ကို ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူဦးရေနှင့် ဒေသအခြေအနေကို မူတည်၍ သင့်လျော်သလို သတ်မှတ်နိုင်သည် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့လည်း တာဝန်ပေးအပ် နိုင်သည်။

(ခ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများအား မဲရုံနေရာများ သတ်မှတ်ရန် တာဝန်ပေးအပ် နိုင်သည်။

၃၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် ယင်းသို့ မဲရုံများသတ်မှတ်ရာတွင် လွှတ်တော်တစ်ရပ်တည်း အတွက်သာ မဟုတ်ဘဲ အခြားလွှတ်တော်များ အတွက်ပါ ရွေးကောက်ပွဲများကို တစ်ပြိုင်တည်း ကျင်းပသဖြင့် တစ်ချိန်တည်းတွင် ဆန္ဒမဲပေးရန်ရှိပါက လွှတ်တော်တစ်ရပ်စီအတွက် သတ်မှတ်ထား သောမဲရုံများကို ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ မဲရုံတစ်ရုံတည်းတွင် အခန်းများခွဲ၍ သတ်မှတ်ခြင်း နှင့် ဆောက်လုပ်စေခြင်းပြုနိုင်သည်။

၃၈။ မဲရုံများကို ဆောက်လုပ်ရာတွင် အများပြည်သူတို့ အလွယ်တကူလာရောက် ဆန္ဒမဲပေးနိုင်သော နေရာများ၌ ဆောက်လုပ်ပြီး လျှို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်စေရေးအတွက် လုံခြုံမှုရှိစေရန် စီစဉ်ထားရှိရမည်။ မဲရုံများ တည်ရှိသည့် နေရာကို အများပြည်သူတို့ သိရှိစေရန် ကြိုတင်ကြေညာရမည်။

၃၉။ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်အသီးသီးရှိ မဲရုံများကို ကြီးကြပ် ကွပ်ကဲရန် သတ်မှတ်ထားသည့်အတိုင်း မဲရုံအဖွဲ့များကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် -

(က) နိုင်ငံ့ဝန်ထမ်းများထဲမှ သင့်လျော်သူများကို မဲရုံမှူးများအဖြစ် ခန့်အပ်ရမည်။

(ခ) မဲရုံအဖွဲ့များကို ဖြစ်နိုင်သရွေ့ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံ အများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရပြီး မဲစာရင်းတစ်ခုခုတွင် ပါရှိသော နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ များဖြင့် သတ်မှတ်ထားသည့်အတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

(ဂ) မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဤဥပဒေ၊ နည်းဥပဒေများ နှင့်အညီ သတ်မှတ်ပေးရမည်။

၄၀။ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးသည် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မိမိရွေးကောက်တင်မြှောက်ခံမည့် မဲဆန္ဒနယ်အတွင်းရှိ မဲရုံအသီးသီး၌ မိမိကိုယ်စားဆောင်ရွက်နိုင်ရန် မဲရုံကိုယ်စားလှယ်တစ်ဦးနှင့် အကူကိုယ်စားလှယ်တစ်ဦးစီတို့ကို သတ်မှတ်ထားသည့်အတိုင်း ခန့်ထား နိုင်သည်။ ယင်းမဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် မဲစာရင်း တစ်ခုခုတွင် ပါရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်စေရမည်။

၄၁။ (က) မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာရှိလျှင် ယင်းမဲဆန္ဒနယ် အတွက် ရွေးကောက်ပွဲကျင်းပခြင်းမပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား လွှတ်တော် ကိုယ်စားလှယ် ဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်။

(ခ) မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးထက် ပို၍ရှိခဲ့လျှင် မဲပုံး နှင့် ဆန္ဒမဲလက်မှတ်များကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်း ပြုလုပ် စီစဉ်၍ ဆန္ဒမဲပေးစေရမည်။

၄၂။ (က) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီ အထိ ဖွင့်လှစ်ထားရမည်။ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး ဆန္ဒမဲ ပေးပြီးပါက မဲရုံများကို ညနေ ၄ နာရီထက်စော၍ ပိတ်နိုင်သည်။

(ခ) မဲရုံကို ညနေ ၄နာရီတိတိအချိန်တွင် ပိတ်သည့်အခါ မဲရုံမပိတ်မီ ထိုမဲရုံပရိဝုဏ် အတွင်း၌ ဆန္ဒမဲပေးရန် ရောက်ရှိနေသူများအနက် ဆန္ဒမဲမပေးရသေးသူများ ရှိပါက ယင်းတို့ကို စာရင်းကောက်ယူ၍ ထိုစာရင်းတွင်ပါသူများကိုသာလျှင် ဆန္ဒမဲပေးချိန် ကျော်လွန်ပြီး ဖြစ်စေကာမူ ဆန္ဒမဲပေးခွင့် ပြုရမည်။

၄၃။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးသူများမှအပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ မဲရုံအသီးသီး၌ ဆန္ဒမဲလက်မှတ်များကို ကိုယ်တိုင် လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ သက်ဆိုင်ရာ မဲပုံးအတွင်းသို့ ကိုယ်တိုင်ထည့်ရမည်။ မည်သူမျှ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရ။

၄၄။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ရွေးကောက်ပွဲတစ်ခုတွင် လွှတ်တော်သို့ ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် မိမိဆန္ဒပြု လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး အတွက် ဆန္ဒမဲတစ်မဲသာ ပေးခွင့်ရှိသည်။ တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲ ပေးခွင့်မရှိစေရ။

၄၅။ (က) သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ ရောက်နေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့တက်ရောက်ကုသနေသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်

သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်း ပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ ခရီးဝေး သွားလာရန်ရှိလျှင် ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲက စီစဉ်ပေးရမည်။

(ဂ) မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း အောက်ပါအကြောင်း တစ်ခုခုကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲ မပေးနိုင်သူများသည် ဆန္ဒမဲ ပေးလိုလျှင် ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည် -

(၁) အနာကြီးရောဂါစွဲကပ်နေခြင်း၊

(၂) ရောဂါဝေဒနာပြင်းထန်စွာခံစားနေရခြင်း၊

(၃) အသက်အရွယ်ကြီးရင့်နေခြင်း၊

(၄) သားဖွားနေခြင်း၊

(၅) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရခြင်း၊

(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရခြင်း၊

(၇) နိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင် တစ်ဦးသည် မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန် သွားရောက် ထမ်းဆောင်ရခြင်း။

(ဃ) ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မိမိကိုယ်တိုင် ရေးသွင်းရန် အခက်အခဲရှိသူများအတွက် ဆန္ဒပြုရမည့် နည်းလမ်းကို နည်းဥပဒေများဖြင့် သတ်မှတ် ပေးရမည်။

၄၆။ ပုဒ်မ ၄၅ ၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) ၊ ပုဒ်မခွဲငယ် (၇)ပါ မဲဆန္ဒရှင်များမှအပ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက် ရှိကြသော မဲဆန္ဒနယ် ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးပိုင်ခွင့် ရရှိစေရေးအတွက် -

(က) ယင်းတို့သည် အမြဲတမ်းနေရပ်ရှိ မဲစာရင်းဖြင့် ထိုမဲဆန္ဒနယ် အသီးသီးတွင်ရွေးကောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း များကို မဲပေးလိုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) မိမိတို့၏အမြဲတမ်းနေရပ်သို့သွားရောက်ပြီး ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မတိုင်မီ သတ်မှတ်ရက်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၌ ကြိုတင်ဆန္ဒမဲပေးခြင်း၊

(၂) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မိမိ၏ အမြဲတမ်းနေရပ်ရှိ သတ်မှတ်ထားသည့် မဲရုံတွင် ကိုယ်တိုင် သွားရောက် ဆန္ဒမဲပေးခြင်း။

(ခ) ယင်းတို့သည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စား လှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရန် ယင်းတို့အတွက် မဲစာရင်း ထည့်သွင်းခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခြင်း၊ မဲရုံတွင် ဆန္ဒမဲ

လက်မှတ်ဖြင့် ဆန္ဒမဲပေးခြင်းတို့ကို သတ်မှတ်ထားသည့် နည်းလမ်း အတိုင်း ဆောင်ရွက်ပေးရမည်။

၄၇။ (က) ရွေးကောက်ပွဲ ကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပြည်ထောင်စု အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များက သက်ဆိုင်ရာ မဲဆန္ဒနယ်များ အတွက် ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရန် ကော်မရှင်က စီစဉ်ပေးရမည်။

(ခ) နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူ ဆက်သွယ် ဆောင်ရွက် ပေးရမည်။

# “သဘောတူပါသည်”

# “သဘောမတူပါ”

## မသန်စွမ်းရှုထောင့်မှတစ်ဆင့် မြန်မာနိုင်ငံ၏ အခွင့်အရေးနှင့် တာဝန်များ

**"သဘောတူပါသည်" / "သဘောမတူပါ" လုပ်ဆောင်ချက်**

မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါဝင်ပါသလား။

*ဥပဒေ၏ ရည်ရွယ်ချက်များသည်*
*.........မသန်စွမ်းသူများအားလုံးအတွက် နိုင်ငံသားအားလုံး ခံစားပိုင်ခွင့်ရှိသော အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေး များ တန်းတူညီမျှရရှိစေရန် ဖြစ်သည်။*

မှန်ပါသည်။ မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါရှိပါသည်။

*ဥပဒေ၏ ရည်ရွယ်ချက်များသည်*
*.........မသန်စွမ်းသူများအားလုံးအတွက် နိုင်ငံသားအားလုံး*
*ခံစားပိုင်ခွင့်ရှိသော အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေး*
*များ တန်းတူညီမျှရရှိစေရန် ဖြစ်သည်။*

မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါဝင်ပါသလား။

- *ခွဲခြားဆက်ဆံမှုဆိုသည်မှာ မသန်စွမ်းမှုကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာများနှင့် အခြားနယ်ပယ် အသီးသီးတွင် အခြားသူများနည်းတူ အသိအမှတ်ပြုရေးနှင့် သာတူညီမျှ ရရှိခံစားရေးတို့ကို အဟန့်အတားဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ရန် ဘေးဖယ် ချန်လှပ်ထားခြင်းနှင့် ပါဝင်လှုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်ထားခြင်းတို့ကို ဆိုသည်။*

**မှန်ပါသည်။ မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါရှိပါသည်။**

- *ခွဲခြားဆက်ဆံမှုဆိုသည်မှာ မသန်စွမ်းမှုကို အကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာများနှင့် အခြားနယ်ပယ် အသီးသီးတွင် အခြားသူများနည်းတူ အသိအမှတ်ပြုရေးနှင့် သာတူညီမျှ ရရှိခံစားရေးတို့ကို အဟန့်အတားဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ရန် ဘေးဖယ် ချန်လှပ်ထားခြင်းနှင့် ပါဝင်လှုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်ထားခြင်းတို့ကို ဆိုသည်။*

မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်ပါသလား။

- *မသန်စွမ်းသူများ၊ လူမျိုး၊ ဇာတိ၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ စီးပွား၊ ယဉ်ကျေးမှု၊ ကျား/မ၊ ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ၊ သို့မဟုတ် မည်သည့် မသန်စွမ်းမှုအမျိုးအစား မဆို အောက်ပါ အခွင့်အရေးများ ရရှိရမည်ဖြစ်သည်။*
- *(က) တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု*
- *(ခ) အခြားသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိမှု*

မှန်ပါသည်။ မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါရှိပါသည်။

- မသန်စွမ်းသူများ။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ စံနှုန်း၊ ယဉ်ကျေးမှု၊ ကျား/မ၊ ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ၊ သို့မဟုတ် မည်သည့် မသန်စွမ်းမှုအမျိုးအစား မဆို အောက်ပါ အခွင့်အရေးများ ရရှိရမည်ဖြစ်သည်။
- (က) တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု
- (ခ) အခြားသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိမှု

မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်ပါသလား။

- အမျိုးသားကော်မတီက ဤဥပဒေအရ ချမှတ်ထားသည့်အတိုင်း
- အမှုအခင်းတစ်ရပ်ရပ်တွင်ဖြစ်စေ ကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ ထုတ်
- ပြန်ချက်များအား ဥပဒေဆိုင်ရာ သက်သေခံ အထောက်အထား များအဖြစ်
- လိုက်နာ လက်ခံနိုင်မှုမရှိလျှင် လက်သင်္ကေတပြ ဘာသာစကားကို အသုံးပြုနိုင်သည်။

**မပါဝင်ပါ။ ဥပဒေတွင် ....**

- *အမျိုးသားကော်မတီက ဤဥပဒေအရ သတ်မှတ်ထားသော နားမကြား သူများအတွက် လက်သင်္ကေတပြဘာသာစကားနှင့် မျက်မမြင်များအ တွက် လက်စမ်းစာပေတို့ကို ကျွမ်းကျင်သူက အမှုအခင်းတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ တင်ပြလာသောအခါ ၎င်းကျွမ်းကျင်သူ၏ တင်ပြချက်ကို သက်သေခံအဖြစ် လက်ခံရမည်။*

မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်ပါသလား။

*အဖွဲ့အစည်းများတွင် နေထိုင် လုပ်ကိုင်သော သူများမှလွဲ၍ မသန်စွမ်းသူ နိုင်ငံသားအားလုံးသည် တည်ဆဲဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် တစ်ရပ်ရပ် အတွက် ရွေးကောက်ခံပိုင်ခွင့် အခွင့်အရေးရှိသည်။*

မပါဝင်ပါ။ ဥပဒေတွင် ....

- မသန်စွမ်းသူ နိုင်ငံသားအားလုံးသည် တည်ဆဲဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် တစ်ရပ်ရပ် အတွက် ရွေးကောက်ခံပိုင်ခွင့် အခွင့်အရေးရှိသည်။

မသန်စွမ်းသူများ အခွင့်အရေး ဥပဒေတွင် ပါဝင်ပါသလား။

- အမျိုးသားကော်မတီသည် မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူစေရန်၊ ဆန္ဒမဲပေးရာ၌ အသုံးပြုရမည့် ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံ ပေးနည်းများကို မသန်စွမ်းသူများ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေ အလိုက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

**မှန်ပါသည်။ မသန်စွမ်း သူများ အခွင့်အရေး ဥပဒေတွင် ပါရှိပါသည်။**

- *အမျိုးသားကော်မတီသည် မသန်စွမ်းသူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေလွယ်ကူ စေရန်၊ ဆန္ဒမဲပေးရာ၌ အသုံးပြုရမည့် ပစ္စည်းကိရိယာများနှင့် ဆန္ဒမဲပေးပုံ ပေးနည်းများကို မသန်စွမ်းသူများ သိရှိနိုင်ရန်နှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေ အလိုက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။*

အမျိုးသားကော်မတီ အဖွဲ့ဝင် အရေအတွက်

# လူပုဂ္ဂိုလ် (၆၇)ဦး

အမျိုးသားကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁)

ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန

ပြည်ထောင်စု ဝန်ကြီးဌာနများ၊
တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၊
နေပြည်တော်ကောင်စီ၊
စည်ပင်သာယာရေးကော်မတီ၊
စည်ပင်သာယာရေး အဖွဲ့၊
မသန်စွမ်းအဖွဲ့အစည်းများနှင့် အခြား

## အမျိုးသားကော်မတီနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းများ

## နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာများ

အမျိုးသားကော်မတီအနေဖြင့်
ဤကဏ္ဍများတွင် မသန်စွမ်းသူများ
ပါဝင်ဆောင်ရွက်နိုင်ရန် သေချာ
စေရမည်။

အမျိုးသားကော်မတီသည်
ညှိနှိုင်းဆောင်ရွက်ပြီး
အဖွဲ့၏လုပ်ငန်းဆောင်ရွက်
ချက်များအား ချမှတ်သည်။

မြန်မာနိုင်ငံ
မသန်စွမ်းသူများ
အသင်းချုပ်

အမျိုးသားကော်မတီ သည်
ဤသည်များကို
ဆောင်ရွက်ရန်
အခွင့်အရေးရှိသည်။

တရားဥပဒေကြောင်းအရ
အရေးယူဆောင်ရွက်ခြင်း

အမျိုးသားကော်မတီက
ဤအုပ်စုများအတွင်း
သိရှိနိုးကြားမှု မြှင့်တင်စေရန်
လုပ်ပိုင်ခွင့်အား ပြဋ္ဌာန်းထားသည်။

# အများပြည်သူ
# (ပြည်သူလူထု)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ်  / ၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း  ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ  ရက်)

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး /အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့<br>အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး /အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး /အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | လူမှုရေးဝန်ကြီး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဎ) | လူမှုရေးဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | လူမှုရေးဝန်ကြီး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (တ) | လူမှုရေးဝန်ကြီး<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | လူမှုရေးဝန်ကြီး<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဒ) | လူမှုရေးဝန်ကြီး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဓ) | လူမှုရေးဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (န) | လူမှုရေးဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ပ) | လူမှုရေးဝန်ကြီး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဖ) | လူမှုရေးဝန်ကြီး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | လူမှုရေးဝန်ကြီး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဘ) | လူမှုရေးဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (မ) | လူမှုရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ယ) | လူမှုရေးဝန်ကြီး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ရ) | လူမှုရေးဝန်ကြီး<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (လ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဝ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဟ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဠ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (အ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ကက) | ဒုတိယဉက္ကဋ္ဌ<br>အမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ခခ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်<br>နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒေါ်ယုယသူ | အဖွဲ့ဝင် |

| | | |
|---|---|---|
| | ကိုယ်အင်္ဂါမသန်စွမ်းသူများ | |
| (ငင) | ဦးဝဏ္ဏကျော်စွာ | အဖွဲ့ဝင် |
| | ကိုယ်အင်္ဂါမသန်စွမ်းသူများ | |
| (စစ) | ဦးစောသောင်းကြည် | အဖွဲ့ဝင် |
| | အမြင်အာရုံမသန်စွမ်းသူများ | |
| (ဆဆ) | ဦးသိန်းလွင် | အဖွဲ့ဝင် |
| | အမြင်အာရုံမသန်စွမ်းသူများ | |
| (ဇဇ) | ဒေါ်အိမြတ်သူအောင် | အဖွဲ့ဝင် |
| | အကြားအာရုံမသန်စွမ်းသူများ | |
| (ဈဈ) | ဒေါ်ရတနာအောင် | အဖွဲ့ဝင် |
| | အကြားအာရုံမသန်စွမ်းသူများ | |
| (ညည) | ဒေါ်ဥမ္မာစိုး | အဖွဲ့ဝင် |
| | ဥာဏ်ရည်မသန်စွမ်းသူများ | |
| (ဋဋ) | ဦးနေမျိုးနိုင် | အဖွဲ့ဝင် |
| | ဥာဏ်ရည်မသန်စွမ်းသူများ | |
| (ဌဌ) | ဦးကောင်းထက်နိုင် | အဖွဲ့ဝင် |
| | မသန်စွမ်းမှုတစ်မျိုးထက်ပိုသူ | |
| (ဍဍ) | ဒေါက်တာဇော်မိုးအောင် | အဖွဲ့ဝင် |
| | အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်း | |
| (ဎဎ) | ဦးညွန့်ဆွေအောင် | အဖွဲ့ဝင် |
| | အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်း | |
| (ဏဏ) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| | အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်း | |
| (တတ) | ဦးမြတ်ဦး | အဖွဲ့ဝင် |
| | အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်း | |
| (ထထ) | ဦးဆလိုင်းဗန်နီဘွေး | အဖွဲ့ဝင် |
| | စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်ခြင်းခံရသူများ | |
| (ဒဒ) | ဒုတိယဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း) | အဖွဲ့ဝင် |
| | စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်ခြင်းခံရသူများ | |
| (ဓဓ) | ဦးထားအုပ် | အဖွဲ့ဝင် |
| | စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်ခြင်းခံရသူများ | |
| (နန) | ဦးသိန်းဟန်သူ | အဖွဲ့ဝင် |
| | စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်ခြင်းခံရသူများ | |
| (ပပ) | အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |
| | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် | |
| | နေရာချထားရေးဝန်ကြီးဌာန | |
| (ဖဖ) | အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |
| | မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | |

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

# သင်ရိုး (၃)

**သင်ရိုး (၃)**

**အခန်း – ၁။ နိုင်ငံရေးနယ်ပယ်တွင် ထိရောက်သောခေါင်းဆောင်မှု**

| | |
|---|---|
| **သင်ရိုးဖော်ပြချက်** | နိုင်ငံရေးသမား၊ စည်းရုံးစေ့ဆော်သူများ၊ ရွေးကောက်ပွဲအရာရှိ၊ သို့မဟုတ် အခြားသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စသည်တို့တွင် ပါဝင်သော ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အသွေးများများကို ဤသင်ခန်းစာတွင် အလေးပေးထားသည်။ |
| လုပ်ဆောင်ချက်များလုပ်ရန် ကြာချိန်စုစုပေါင်း | ၉၀ မိနစ် |
| **လေ့လာသိရှိရမည့် အကြောင်းအရာများ** | ပါဝင်သူများသည် ထိရောက်မှုရှိသော ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းများကို ခွဲခြမ်းစိတ်ဖြာနိုင်မည်၊ |
| **လိုအပ်သည့် သင်ထောက်ကူ ပစ္စည်းများ** | နိုင်ငံရေးခေါင်းဆောင်များ နှင့် မသန်စွမ်းသူများအခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်သူများ ဓါတ်ပုံများနှင့် ဖော်ပြချက်များ<br>**ဂျူဒီ ဟျူမင် နှင့် နယ်ဆင်မန်ဒဲလား ၏ ပုံများ<br>စာရွက်ကြီး<br>မာကာပင်<br>"ကျွန်ုပ်၏ ခေါင်းဆောင်မှုအရည်အသွေးများ"လုပ်ငန်းမှတ်တမ်းစာရွက် မိတ္တူများ<br>ကပ်ခွါစာရွက်များ<br>ခေါင်းဆောင်မှု ဇာတ်ညွှန်းဖြစ်စဉ်များ |

| | |
|---|---|
| (၂၅ မိနစ်) | **အဆင့် ၁** - (သင်ခန်းစာမစတင်မီ) မသန်စွမ်းခေါင်းဆောင်များနှင့် မသန်စွမ်းအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်သူများ၏ ပုံများကို ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုများ ဖော်ပြချက်များဖြင့် အခန်းအတွင်းတွင် ချိတ်ဆွဲထားပါ။<br><br>**အဆင့် ၂** - သင်တန်းတက်ရောက်သူများအား အုပ်စုငယ်ဖြစ်အောင် ဖွဲ့လိုက်ပါ။<br><br>**အဆင့် ၃** = မသန်စွမ်းနိုင်ငံရေးခေါင်းဆောင်များနှင့် မသန်စွမ်းအခွင့်အရေးလှုပ်ရှားသူခေါင်းဆောင်များအကြောင်းဖတ်ရန် ပြောပြပါ။ ပြီးနောက် ဖတ်ရှုထားသော ခေါင်းဆောင်များအကြောင်းကို အကျဉ်းချုပ်ပြီး ကျန်အုပ်စုများကို ပြောပြရန် စီစဉ်ထားရန်ပြောပါ။<br><br>**အဆင့် ၄** = သင်တန်းသားများအား ခေါင်းဆောင်များအကြောင်းကို ဖတ်ရန် အချိန် ၁၅ မိနစ်ပေးပါ။<br><br>**အဆင့် ၅** = ပထမအုပ်စုအား ၎င်းတို့ အဖွဲ့အတွက် တင်ပြရမည့် ခေါင်းဆောင်အကြောင်း ပြောခိုင်းပါ။ သင်တန်းဆရာမှ အောက်ပါ မေးခွန်းများကိုလည်း ဆက်လက်မေးမြန်းနိုင်သည်-<br>- *ခေါင်းဆောင်က ဘာတွေအောင်မြင်အောင် လုပ်ခဲ့သလဲ*<br>- *ခေါင်းဆောင်က သူကြုံတွေ့ခဲ့ရသော အခက်အခဲများကို မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ခဲ့သလဲ။*<br>- *ဤခေါင်းဆောင် ဘဝတ်လမ်းမှ ထူးခြားမှု ဘာတွေရှိသလဲ။* |

| | |
|---|---|
| | **အဆင့် ၇** = သင်တန်းသားများအား နေရာတွင်ထိုင်နိုင်းပြီး " ခေါင်းဆောင်မှု အရည်အသွေးများ" ကို စာရွက်ကြီးပေါ်တွင် ချရေးခိုင်းပါ။<br><br>**အဆင့် ၈ = ထုတ်နှုတ်ပြောဆိုပါ** - ဒီမိုကရေစီ အလေ့အထများနှင့် မသန်စွမ်းအခွင့်အရေးမြှင့်တင်ခြင်းများ ပြုလုပ်ရာတွင် မတူညီသော ခေါင်းဆောင်များမှ အသုံးပြုခဲ့သော ခေါင်းဆောင်မှုများအကြောင်းကို သင်တန်းတက်ရောက်သူများအနေဖြင့် ဖတ်ရှုခဲ့ပြီးဖြစ်ကြောင်း။ မည်သည့် အရည်အသွေးများက ခေါင်းဆောင်များအား အောင်မြင်မှုရရှိရန် ကူညီပေးခဲ့သလဲဟု သင်တန်းတက်ရောက်သူများအားမေးမြန်းပါ။ |
| [၅ မိနစ်] | **အဆင့် ၉** = သင်တန်းသားများပြောပြသော ခေါင်းဆောင်မှုအရည်အသွေးများအား စာရွက်ပေါ်တွင် ချရေးပါ။ အောက်ပါ အဖြေတစ်ချို့လည်း ပါဝင်နိုင်သည်-<br>- လူထုစကားပြောကောင်းသူ<br>- အခြားသူများအား စိတ်ဓါတ်တက်ကြွစေသူ<br>- ရိုးသားမှု၊ သမာဓိရှိခြင်း<br>- စိတ်အားထက်သန်မှု၊<br>- တီထွင်ကြံဆနိုင်သော<br>- ဆုံးဖြတ်ချက်များချမှတ်ခြင်း<br>- ဘယ်တော့မှ အရှုံးမပေးတဲ့စိတ်ဓါတ် |
| [၂၀ မိနစ်] | **အဆင့် ၁၀** = မည်သည့်အရည်အချင်းများက မည်ကဲ့သို့သောခေါင်းဆောင်များကို အကောင်းဆုံး ကိုယ်စားပြုသနည်းဟု သင်တန်းတက်ရောက်သူများအား **မေးပါ။**<br><br>**အဆင့် ၁၁** = အုပ်စုများအား အရည်အသွေး တစ်ခုချင်းစီအတွက် ဥပမာ အကောင်းဆုံးခေါင်းဆောင် ဖော်ပြနိုင်ရန်အတွက် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြောဆိုပါ။ ဥပမာ - မည်သူက အခြားသူများအား စိတ်ဓါတ်တက်ကြွမှုတွင် အကောင်းဆုံးဥပမာပေးနိုင်သလဲ၊ အုပ်စုတွင်း အဖွဲ့ဝင်တစ်ဦးမှ "တခြားသူများအား စိတ်ဓါတ်တက်ကြွခြင်း" ဟု ကပ်ခွါစာရွက်တွင်းရေးပါ၊ အဖွဲ့၏အုပ်စုဝင်တစ်ဦးမှ မိမိတို့အုပ်စုမှ "တခြားသူများအား စိတ်ဓါတ်တက်ကြွစေသည်" အတွက် အကောင်းဆုံး ဥပမာအဖြစ် ဟုဆုံးဖြတ်ထားသူ၏ ဓါတ်ပုံတွင် သွားရောက် ကပ်ပါ။ |

| | |
|---|---|
| | **အဆင့် ၁၂** = ၄င်းကိုလုပ်ဆောင်ရန် အချိန် ၁၀ မိနစ်ပေးပါ။<br><br>**အဆင့် ၁၃** = သင်တန်းဆရာမှ ပထမဆုံး ခေါင်းဆောင်၏ ဓါတ်ပုံဆီသို့ သွားပါ။ ပုံတွင် ချိတ်ဆွဲထားသော ခေါင်းဆောင်မှုအရည်အချင်းများအား **အသံကျယ်လောင်စွာ ဖတ်ပြပါ။** အထူးသဖြင့် အများဆုံး ရွေးချယ်ထားသော အရည်အသွေးများနှင့် အဖွဲ့တစ်ဖွဲ့ထက်မက အဖွဲ့များမှ ဖော်ပြထားသော ခေါင်းဆောင်မှုအရည်အချင်းများ ကို မှတ်သားပါ။<br><br>**အဆင့် ၁၄** = အကယ်၍ သင်တန်းသားများအား အများစုက ရွေးချယ်ထားသော အရည်အသွေးများကို အဘယ်ကြောင့် ရွေးချယ်ခဲ့သလဲ **ရှင်းပြရန် ပြောပါ။**<br><br>**အဆင့် ၁၅ = အဆင့် ၁၃- ၁၄** ပါအတိုင်း ကျန်ရှိနေသေးသော ခေါင်းဆောင်များ၏ ဓါတ်ပုံများအား **ထပ်မံ**လုပ်ဆောင်ပါ။<br><br>**အဆင့် ၁၆ = ထုတ်နှုတ်ပြောဆိုပါ** - ခေါင်းဆောင်များအားလုံးသည် တူညီမနေပါ။ သူတို့တစ်ဦးချင်းဆီတွင် ထူးခြားသော ပုံစံတွေရှိသည်၊ **ဤ**သင်တန်းခန်းမတွင် ရှိနေသော သင်တန်းသားများ၌လဲ ထူးခြားသော ခေါင်းဆောင်မှုပုံစံတွေ ရှိလိမ့်မည်။ ထို့အပြင် နိုင်ငံရေးနှင့် မသန်စွမ်းအခွင့်အရေးလှုပ်ရှားသည့် ခေါင်းဆောင်များအကြောင်း ဆွေးနွေးချက်မှ စိတ်အားထက်သန်မှုများလည်း သင်တန်းသားများရရှိနိုင်သည်။ |
| [၂၀ မိနစ်] | **အဆင့် ၁၆ = "မိမိ၏ ခေါင်းဆောင်မှု အရည်အသွေးများ"** သင်ထောက်ကူစာရွက်ကို ဖြန့်ဝေပါ။<br><br>**အဆင့် ၁၇** = အောင်မြင်ကျော်ကြားသော ခေါင်းဆောင်များ၏ အားသာချက်များကို ဆွေးနွေးပြီးနောက် ယခုအချိန်တွင် မိမိတို့၏ ကိုယ်ပိုင်ခေါင်းဆောင်မှု အားသာချက်များအား စဉ်းစားရန်ဖြစ်သည်ဟု သင်တန်းသားများအား**ပြောပါ။**<br><br>**အဆင့် ၁၈** = လူနှစ်ယောက်တစ်အုပ်စုဖြစ်အောင် သင်တန်းသားများအား အုပ်စုခွဲပါ။<br><br>**အဆင့် ၁၉** = စုံတွဲများအား မိမိတို့တွင် လက်ရှိ ရှိနေသော ခေါင်းဆောင်မှုအရည်အသွေးများအား ရေးချရန် ပြောပါ။ (သင်တန်းဆရာမှတ်စု - စာရွက်ကြီးကို ညွှန်ပြရန်) မိမိတို့ တိုးတက် ရရှိချင်သည့် ခေါင်းဆောင်မှု အရည်အချင်းများကိုလည်း ချရေးခိုင်းပါ၊ ၄င်းကို ပြုလုပ်ချိန် ၅ မိနစ်ရှိသည်။ |

| | |
|---|---|
| | **အဆင့် ၂၀** = စုံတွဲတစ်တွဲစီအား တခြားစုံတွဲနှင့် စားပွဲဝိုင်းတွင် ဆွေးနွေးခိုင်းပါ။ စုံတွဲတစ်ခုချင်းစီအား ၎င်းတို့ရေးထားသော အရည်အသွေးများကို အပြန်အလှန် မျှဝေခိုင်းပါ။ စုံတွဲများမှ ရေးထားသော အရည်အသွေးများတွင် မည်သည်က တူညီပြီး ကွဲပြားမှုက ဘာတွေလဲ သင်တန်းတက်ရောက်သူများအား ဆွေးနွေးခိုင်းပါ။ ထိုသို့ ပြုလုပ်ရန် အချိန် ၁၀ မိနစ်ပေးပါ။<br><br>**အဆင့် ၂၀** = **ဤ**သင်ခန်းစာမှ မိမိတို့ သင်ယူရရှိခဲ့သည်များကို သင်တန်းတက်ရောက်သူများအား မျှဝေခိုင်းပါ။ မည်သည့် ခေါင်းဆောင်မှုအရည်အသွေးများက ၎င်းတို့စားပွဲတွင် ပါဝင်ခဲ့ကြသနည်း။ မည်သည့် ခေါင်းဆောင်မှုအရည်အသွေးများကို အဖွဲ့အတွင်းမှ လူများ တိုးတက်ရရှိစေချင်သနည်း။<br><br>**အဆင့် ၂၂** = သင်တန်းသားများဆွေးနွေးခဲ့ကြသည့် ခေါင်းဆောင်မှုအရည်အသွေးများကို သူတို့ တုန့်ပြန်ပြောသည့်အတိုင်း ကြယ်ပွင့် အမှတ်အသား အစားထိုးပြုလုပ်ပါ။ သူတို့ တိုးတက်ရရှိချင်သည့် ခေါင်းဆောင်မှုအရည်အသွေးများအား အာမေဋိတ် အမှတ်အသားပြုလုပ်ခြင်းဖြင့် မှတ်ချက်ပြုပါ။<br><br><br>**အဆင့် ၂၃** = အုပ်စုအားလုံး မျှဝေပြီးနောက်တွင် အခန်းတွင်းရှိ သူများမှ ပြောကြားသည့် သင်တန်းတက်ရောက်သူများ ရှိနှင့်ပြီးသော အရည်အသွေးများနှင့် တိုးတက်ရယူလိုသော ခေါင်းဆောင်မှု အရည်အသွေးများအား **ဖတ်ပြပါ။**<br><br>**အဆင့် ၂၄** = **ထုတ်နှုတ်ပြောဆိုပါ** - သင်တန်းသားများမှ တိုးတက်ရရှိလိုသည့် အရည်အသွေးများကို ကူညီပေးနိုင်မည့် လုပ်ဆောင်ချက်များဖြင့် သင်တန်းအတွင်း သင်ကြားပေးသွားမည် ဖြစ်ပါသည်။<br><br>**အဆင့် ၂၅** = **ထုတ်နှုတ်ပြောဆိုပါ** - **ဤ**အခန်းတွင်းရှိသော ခေါင်းဆောင်များအနေဖြင့် ထိုအရည်အသွေးများ တိုးတက်ရရှိရန်အလို့ငှာ တစ်ဦးကို တစ်ဦးကူညီ ပံ့ပိုးနိုင်ပါသည်။ |
| | **အဆင့် ၂၆** = နိုင်ငံရေးခေါင်းဆောင်မှုအကြောင်းဆွေးနွေးချိန်တွင် မသန်စွမ်းသူများအတွက် ကွဲပြားစွာ လုပ်ဆောင်နိုင်မည်ဟု စဉ်းစားမိသလား သင်တန်းသားများအား **မေးပါ။** ရွေးချယ်ထားသော ခေါင်းဆောင်များအား ထိရောက်သည့် ခေါင်းဆောင်များအဖြစ် ဘာတွေက ဖြစ်စေသနည်း။<br><br>**အဆင့် ၂၇** = အုပ်စုများအားအတွင်း လွှတ်တော် ကိုယ်စားလှယ်ကဲ့သို့သော ရွေးကောက်ခံခေါင်းဆောင်တစ်ဦးတွင် ရှိရန်လိုအပ်သည့် အရည်းအသွေးများအား ဆွေးနွေးရန် ပြောပါ။ ၎င်းအရည်အသွေးများကို စာရင်းပြုစုရန် အချိန် ၅ မိနစ်ရမည် ဖြစ်သည်။ |

| | |
|---|---|
| [၂၀ မိနစ်] | **အဆင့် ၂၈** = "**ထိရောက်သော ရွေးချယ်ထားသော ခေါင်းဆောင်များ** "ဟု စာရွက်ကြီးပေါ်တွင် ချရေးရန်။<br><br>**အဆင့် ၂၉** = အုပ်စုများမှ ဆွေးနွေးထားသည်များကို အခြားသူများအား မျှဝေရန် ပြောပါ။ အသစ်မျှဝေထားသည့် အရည်အချင်းများကို ထပ်ပေါင်းပါ။ အောက်တွင် ဖော်ပြထားသော အကြံဉာဏ်များအား ပါဝင်ပါစေ -<br>- *ကောင်းမွန်စွာ ညှိနှိုင်းတတ်သူ*<br>- *အကြောင်းအရာတစ်ခုအတွက် ညှိနှိုင်းစည်းရုံးသူ*<br>- *မဲဆန္ဒနယ်ပြည်သူများ၏ စကားကိုနားထောင်ပေးသူ*<br><br>**အဆင့် ၃၀** = "**ထိရောက်သော ခေါင်းဆောင်မှု** ဖြစ်စဉ်လေ့လာခြင်း" သင်ထောက်ကူစာရွက်အား ဖြန့်ဝေပေးပါ။<br>**အဆင့် ၃၁** = အုပ်စုတစ်ခုစီအား ဖြစ်စဉ်တစ်ခုစီ တာဝန်ပေးပါ။<br>**အဆင့် ၃၂** = သင်တန်းသားများအား မိမိတို့အုပ်စုတွင်း ဖြစ်ရပ်များလေ့လာရန် ပြောပါ။<br>**အဆင့် ၃၃** = ပထမအုပ်စုမှ ဖြစ်စဉ်အား အသံကျယ်ကျယ်ဖြင့် ဖတ်ပါ -<br>**မကြာသေးမီက ရွေးချယ်ခံခဲ့ရသော ကိုယ်စားလှယ်သည် မသန်စွမ်းအခွင့်အရေးများနှင့် ပတ်သတ်၍ စိတ်အားထက်သန်နေသည်။ သူသည် မသန်စွမ်းကလေးများအားလုံး ကျောင်းတက်နိုင်ရေးကို အာမခံပေးသည့် ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးထားသည်။ သူ၏ မဲဆန္ဒနယ်တွင် မသန်စွမ်းသူများနေထိုင်ကြသည်။ ထိုသူများက ပြောသည်မှာ ဥပဒေကြမ်းသည် မသန်စွမ်းပုဂ္ဂိုလ်များအား အခြားသူများနည်းတူ ပါဝင်ခွင့်ကို ကန့်သတ်ထားသည် ဟူ၍ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် မသန်စွမ်းကလေးများသည် အခြားကလေး များနှင့်အတူ ကျောင်းတက်ခွင့်မရဘဲ၊ သီးသန့်ကျောင်းတွင် တက်ရောက်ကြရမည်ဖြစ်သည်။ကိုယ်စားလှယ်အနေဖြင့် စဉ်းစားသည်မှာ ကျောင်းမရှိခြင်းထက် ကျောင်းရှိခြင်းက ပို၍ကောင်းသည်၊ ထို့ကြောင့် ဥပဒေကြမ်းကို ထောက်ခံရမည်ဟု စဉ်းစားခြင်းဖြစ်သည်။ သူ၏ ခေါင်းဆောင်မှုသည် ထိရောက်သော ခေါင်းဆောင်မှုအဖြစ် ယူဆနိုင်ပါသလား။**<br>**အဆင့် ၃၄** = ထိရောက်သောခေါင်းဆောင်မှုဖြစ်စဉ်သည် ဘာကြောင့် ထိရောက်သော ခေါင်းဆောင်မှုဖြစ်သည် (သို့မဟုတ်) မဖြစ်ဘူးထင်သနည်း သင်တန်းတက်ရောက်သူများအား ရှင်းပြခိုင်းပါ။<br>**အဆင့် ၃၅** = **ထုတ်နုတ်ပြောဆိုပါ** - လွှတ်တော်ကိုယ်စားလှယ်သည် မသန်စွမ်းသူများအခွင့်အရေးကို ပံ့ပိုးပေးရန် ကြိုးစားသော်လည်း သူသည် သူ၏ ခရိုင်အတွင်းရှိ လူများ၏ အသံကို နားမထောင်သောကြောင့်ဟု ထောက်ပြဆွေးနွေးပါ။ ၎င်းသည် ထိရောက်သော ခေါင်းဆောင်မှု ဥပမာ တစ်ခု မဟုတ်ပါ။ |

**အဆင့် ၃၆** = ဒုတိယအုပ်စုမှ ဖြစ်စဉ်အား အသံကျယ်ကျယ်ဖတ်ခိုင်းပါ -

**သန့်ရှင်းသောသောက်ရေသန့်ကို ရွာနေသူအားလုံးထံသို့ ပေးဝေမည့် စီမံကိန်းတစ်ခုကို ကျေးရွာသူကြီးက ကြပ်မတ်နေသည်။ သူမသည် အားလုံးတက်ရောက်နားထောင်နိုင်သော နေရာတွင် ကျေးရွာလူထုနှင့် ဆွေးနွေးပွဲတစ်ခုကို ကျင်းပသည်။ ဆွေးနွေးပွဲအတွင်းပြောပြချက်များအရ အချို့သော ရွာသားများသည် စီမံကိန်းကိုထောက်ခံကြသည်။ ကျေးရွာရှိ မသန်စွမ်းသူများ၏ ကိုယ်စားလှယ်များက အဆိုပါ စီမံကိန်းကို မနှစ်သက်ကြပါ။ အဘယ်ကြောင့်ဆိုသော် အမြင်အာရုံမသန်စွမ်းသူများ အနေဖြင့် ရေသန်ကို မည်သည့် နေရာမှ ရယူရမည်ကို ဖတ်ရှုနိုင်ခြင်းမရှိသည့် အတွက်ကြောင့်ဖြစ်သည်။ ကျေးရွာလူထုနှင့်ဆွေးနွေး ပွဲပြီး ဆုံးသည့်အခါ ရွာသူကြီးသည် မသန်စွမ်းအဖွဲ့နှင့်သီးသန့်တွေ့ဆုံပြီး သတင်းအချက်အလက်များကို ထပ်မံမေးမြန်းကာ၊ စီမံကိန်းကို လူတိုင်းအသုံးပြုနိုင်စေရန် မည်ကဲ့သို့ဆောင်ရွက်နိုင်သည်ကို အကြံဉာဏ် များ ရယူခဲ့သည်။ ဤဖြစ်ရပ်အရ၊ ထိရောက်သော ခေါင်းဆောင်မှုကို သူကြီးက အသုံးပြုခဲ့သည်ဟု ထင်ပါသလား။**

**အဆင့် ၃၇** = သင်တန်းသားများအား အဆိုပါဖြစ်ရပ်တွင် ထိရောက်သော ခေါင်းဆောင်မှု ဖြစ်သည် သို့မဟုတ် မဖြစ်သည်ကို အဘယ်ကြောင့် ထင်မိသလဲ ပြန်လည်ရှင်းပြခိုင်းပါ။

**အဆင့် ၃၈** = ကျေးရွာသူကြီးသည် အစည်းဝေးတွင် သူမ၏ လုပ်ငန်းအစီအစဉ်ကို ပြောပြရုံသာ မဟုတ်ဘဲ သူမသည် လုပ်ငန်းစဉ် တိုးတက်ရန်အတွက် လိုအပ်သော သတင်း အချက်အလက်များကိုပါ စုဆောင်းခဲ့ပြီး ထည့်သွင်းအသုံးပြုခဲ့သည်။ သူမ၏ ကျေးရွာတွင် နေထိုင်သော လူများအတွက် ပိုမို အကျိုးဝင် လက်လှမ်းမီရရှိစေရန် လုပ်ဆောင်ခဲ့သည်။ ၎င်းသည် ထိရောက်သော ခေါင်းဆောင်မှု၏ ဥပမာတစ်ခုဖြစ်သည်။

**အဆင့် ၃၉** = တတိယအုပ်စု၏ ဖြစ်စဉ်ကို **အသံကျယ်ကျယ်ဖြင့် ဖတ်ပြပါ။**

**ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသော ကိုယ်စားလှယ်လောင်း တစ်ယောက်သည် မသန်စွမ်းသူများ အခွင့်အရေးနှင့်ပတ်သတ်ပြီး စီအာပီဒီ နှင့် မြန်မာနိုင်ငံ၏ မသန်စွမ်းဥပဒေများကို ကိုးကားကာ ပြောင်မြောက် သော မိန့်ခွန်းများ ပြောကြားသွားသည်။ သို့သော်လည်း သူ၏ မိန့်ခွန်းတိုင်းတွင် လက်ဟန်ပြဘာသာစကားဖြင့် ပြန်ဆိုပြခြင်းမရှိခဲ့ပေ။ ရွေးကောက်ပွဲအတွင်း စကားစစ်ထိုးပွဲတစ်ခုတွင် သူ၏ပြိုင်ဖက်က ထိုအချက်ကို ထောက်ပြ ပြောဆိုခဲ့သည်။ အဆိုပါ ထောက်ပြချက်နှင့်ပတ်သတ်ပြီး၊ ကိုယ်စားလှယ် လောင်းက-လက်ဟန်ပြဘာသာစကားအတွက် ဘာသာပြန်ငှားလျှင် ငွေကြေးအကုန်အကျများသည့်အတွက် မထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း။ သို့သော်လည်း သူ၏မိန့်ခွန်းများတွင် လက်ဟန်ပြဘာသာစကားအတွက် ဘာသာပြန်ထားရှိရန် အရေးကြီးကြောင်းကို ထည့်သွင်းပြောကြားခဲ့ကြောင်း တုန့်ပြန်ခဲ့သည်။ ထိုလုပ်ဆောင်ချက်သည် ထိရောက်သော ခေါင်းဆောင်မှုဖြစ်ပါသလား။**

**အဆင့် ၄၀** = ထိရောက်သောခေါင်းဆောင်မှုဘာကြောင့် ဖြစ်သည် မဖြစ်ဘူးဟု ထင်မြင်မိသလဲကို အုပ်စုများအား ရှင်းပြနိုင်းရန်။

**အဆင့် ၄၁** = ခေါင်းဆောင်မှုဆိုသည်မှာ အပြောသက်သက်ထက် ပိုမိုသည်။ လက်ဟန်ပြဘာသာစကားပြန်ပါဝင်ခြင်းသည် ဆွေးနွေးခြင်းထက် ပိုမိုထိရောက်စေသည်။ တစ်ချိန်တည်းမှာပင် ရွှေကောက်ခံ ကိုယ်စားလှယ်သည် လက်သင်္ကေတပြဘာသာစကား လက်လှမ်းမီမှုကိုပါ စတင် အသိပညာတိုးမြင့်ပေးခဲ့သည်။ ၎င်းသည် ထိရောက်မှုရှိသော ခေါင်းဆောင်မှု၏ ဥပမာတစ်ခုပင်ဖြစ်သည်။

**အဆင့် ၄၂** = စတုတ္ထအုပ်စုမှ ဖြစ်စဉ်အား ထိုနည်းတူစွာဖတ်ပြနိုင်းပါ။

**ရွေးကောက်တင်မြှောက်ခံရသော မသန်စွမ်းကိုယ်စားလှယ်တစ်ယောက်သည် မသန်စွမ်းအခွင့်အရေးလှုပ်ရှားမှုနှင့် ပတ်သတ်၍ သိရှိနားလည်ထားခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူမ ရွေးကောက်မခံမီက မသန်စွမ်း အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သတ်မှု အားနည်းခဲ့သောကြောင့်ဖြစ်သည်။ သူမကိုယ်တိုင် မသန်စွမ်းဖြစ် နေသောကြောင့် မသန်စွမ်းဖြစ်မှုအမျိုးအစားအားလုံးအတွက် မူဝါဒများချမှတ်နိုင်သည်ဟု သူမ၏ လုပ်ဖော်ကိုင်ဖက်များကို ပြောပြခဲ့သည်။ သူမ၏ ခေါင်းဆောင်မှုသည် ထိရောက်သော ခေါင်းဆောင်မှုဖြစ်ပါသလား။**

**အဆင့် ၄၃** = ထိရောက်သောခေါင်းဆောင်မှု ဘာကြောင့်ဖြစ်သည့် (သို့မဟုတ်) ဘာကြောင့်မဖြစ်ဘူး ထင်မြင်သလဲ အုပ်စုအား ရှင်းပြနိုင်းပါ။

**အဆင့် ၄၄** = **ထုတ်နုတ်ပြောဆိုပါ** - မသန်စွမ်းသူတစ်ဦးဖြစ်နေရုံဖြင့် မသန်စွမ်းအခွင့်အရေး ပြဿနာများတွင် ကောင်းမွန်သော ခေါင်းဆောင်ဖြစ်မည်ဟု သတ်မှတ် ဆိုလို**၍** မရပါ။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံများက ပိုတန်ဖိုးရှိသော်လည်း ရွေးချယ်ခြင်းခံရသော ခေါင်းဆောင်အနေဖြင့် သူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံပေါ်အခြေခံပြီး ဆုံးဖြတ်ချက်ချ**၍** မရပါဟု အလေးထားပြောကြားပါ။ ရွေးချယ်ခံရသော တာဝန်ရှိသူများသည် ၎င်းတို့ အကျိုးပြုရမည့် လူများ၏ (ရပ်ရွာပတ်ဝန်းကျင်လူထုများ) စိတ်ဝင်စားမှုများကို လေ့လာသင်ယူရန် တာဝန်ရှိသည်ဟု **ထောက်ပြဆွေးနွေးပါ။**

**အဆင့် ၄၅** = **ထုတ်နုတ်ပြောဆိုပါ** - ခေါင်းဆောင်မှုဆိုသည်မှာ ဆွဲဆောင်မှုရှိခြင်း(ဩဇာတိက္ကမရှိခြင်း)နှင့် အများရှေ့ စကားပြောခြင်းထက် ပိုမိုသည်။ ရွေးကောက်ခံခေါင်းဆောင်များသည် သူတို့၏ မဲဆန္ဒနယ်မြေသူများ၏ အသံများကို နားထောင်ခဲ့ကြသောကြောင့် ပြည်သူလူမှုဘဝအတွက် ပြောင်းလဲမှု အများအပြားလုပ်နိုင်ကြသည်။ သင့်ကို ရွေးချယ်ပေးသောလူများအတွက် ပြန်လည်တုံ့ပြန် လုပ်ဆောင်ပေးခြင်းဖြင့် ထူးခြား ကောင်းမွန်သော လုပ်ငန်းများ လုပ်စေနိုင်မည်ဖြစ်ပါသည်။

ထိရောက်သော ခေါင်းဆောင်များ

ထိရောက်သော ခေါင်းဆောင်များအတွက် ဖြစ်ရပ်များ

ထိရောက်သော ခေါင်းဆောင်မှု လုပ်ငန်းမှတ်စုစာရွက်

**ဂျူးဒစ် ဟယူးမန်း (Judith Heumann)**

ဂျူးဒစ် ဟယူးမန်း (Judith Heumann) သည် နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်းခံရသော မသန်စွမ်း အသိုက်အဝန်းမှ ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး၊ မသန်စွမ်းသူများ၏ နိုင်ငံသားအခွင့်အရေးအတွက် တစ်ဘဝလုံး မြှုပ်နှံ၍ လှုပ်ရှားအရေးဆိုနေသူတစ်ဦးလည်း ဖြစ်သည်။ သူမသည် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ နိုင်ငံတကာ မသန်စွမ်း အခွင့်အရေးများဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် ၂၀၁၇ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် သူမသည် ကမ္ဘာ့ဘဏ်၏ ခြားနားသန်စွမ်းမှုနှင့် ဖွံ့ဖြိုးမှုအစီအစဉ် ၏ ပထမဆုံး အကြံပေးပုဂ္ဂိုလ်လည်း ဖြစ်သည်။

ဟယူးမန်းသည် အခန်း ၅၀၄ ဆိုင်ရာ ထိုင်သပိတ်ကို ကယ်လီဖိုးနီးယားပြည်နယ်၊ ဘာကလေ တွင် ပြုလုပ် ခဲ့သဖြင့် လူသိများကျော်ကြားခဲ့သည်။ ၁၉၇၇ ခုနှစ်၊ ဧပြီလ တွင် လူဦးရေ ၁၅၀ ခန့်ပါဝင်သော မသန်စွမ်း သူများအခွင့်အရေး လှုပ်ရှားသူများက ဆန်ဖရန်စစ္စကိုရှိ ပြည်ထောင်စုအဆောက်အအုံ၏ လေးလွှာကို ၂၅ ရက် တိုင်တိုင် ဝင်ရောက်နေရာယူခဲ့ကြသည်။ သမ္မတ ဂျင်မီကာတာ အနေဖြင့် အတည်ပြုပြီး လေးနှစ်ခန့်ကြာမြင့် နေပြီ ဖြစ်သော မသန်စွမ်းသူများ၏ အခွင့်အရေး ကို ကာကွယ်ပေးသည့် ဥပဒေကို အကောင်အထည် မဖော် မခြင်း၊ အဆိုပါ အဆောက်အအုံမှ ထွက်ခွာခြင်း မပြုဟု ဆုံးဖြတ်ခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံလုံးဆိုင်ရာ မသန်စွမ်းနိုင်ငံသားများ မဟာမိတ်အဖွဲ့ (ACCD) က ဥပဒေကို လက်မှတ်ရေးထိုးအကောင်အထည်ဖော်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဧပြီလ ၅ ရက်နေ့နောက် ဆုံး ထား၍ လက်မှတ်ရေးထိုးခြင်းမပြုလျှင် မဟာမိတ်အဖွဲ့အနေဖြင့် ဆက်လက်တောင်းဆို တိုက်ပွဲဝင်ရမည် ဟု ပြောကြားထားသည်။ သတ်မှတ်ရက်ရောက်သည့်တိုင် အကြောင်းပြန်ကြားခြင်း မပြုသည့်အခါ မသန်စွမ်း သူများနှင့် ၎င်းတို့အား ထောက်ခံသူများက နိုင်ငံတဝန်းရှိ HEW ရုံးများတွင် ဝင်ရောက်နေရာယူပြီး ထိုင်သပိတ် ဆင်နွှဲတော့သည်။ ထိုင်သပိတ်အများစုသည် တစ်ရက် မှ နှစ်ရက် တိုင် ကြာမြင့်ခဲ့ပြီး၊ ဆန်ဖရန်စစ္စကို မြို့တွင် မူ တစ်လနီးပါး ကြာမြင့်ခဲ့သည်။ ထိုင်သပိတ် ဆင်နွှဲခြင်းကြောင့် မသန်စွမ်းသူများ အခွင့်အရေး တက်ကြွလှုပ်ရှားသူတို့သည် စုပေါင်းအင်အားတစ်ရကို တည်ဆောက်နိုင်ခဲ့သည်။ ဂျူးဒစ်ဟယူးမန်း ပြောခဲ့ သည်မှာ "အကြားအာရုံချို့တဲ့သူများ၊ အမြင်အာရုံချို့တဲ့သူများ၊ ဘီးတပ်ကုလားထိုင်အသုံးပြုနေရသူများ၊ မသန်စွမ်းသူ စစ်မှုထမ်းဟောင်းများ၊ စိတ်ရောဂါ ခံစားနေရသူများ နှင့် အခြားအခြားသော ထောက်ခံသူ များသည် အတူတကွရှိမှုကို ပြသနိုင်ခဲ့ပါသည်" ဟူ၍ဖြစ်သည်။ အဆိုပါ အတွေ့အကြုံက ခိုင်မာသော စည်းလုံး ညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သည်။

အခြားသော နည်းဗျူဟာများစွာထဲမှ ထိုင်သပိတ်ဆင်နွှဲရန် ရွေးချယ်ခဲ့မှုသည် ထင်ရှားသောပြယုဂ် တစ်ခု ဖြစ်ခဲ့သည်။ ၁၉၆၀ နှစ်များအတွင်းက နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုများတွင်လည်း ထိုင်သပိတ်များကို ဆင် နွှဲခဲ့သည်။ ပို၍အရေးပါသည့်အချက်မှာ၊ ထိုင်သပိတ်ဆင်နွှဲခြင်းဖြင့် မသန်စွမ်းသူများသည် အများထင်မြင် ထားသကဲ့သို့ အားနည်းသူများ၊ မိမိကိုယ်ကို အားမကိုးနိုင်သူများ၊ သနားစရာ ပုဂ္ဂိုလ်များ ဟူသော အမြင်များကို ချေဖျက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

၁၉၇၃ ခုနှစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဥပဒေ၏ အခန်း ၅၀၄ သည် မသန်စွမ်းသူများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CRPD) ၏ အခြေခံအုတ်မြစ်ဖြစ်သည့် မသန်စွမ်းသူ အမေရိကန်နိုင်ငံ သားများဆိုင်ရာ ဥပဒေ (ADA) ဖြစ်ပေါ်လာစေရန်များစွာ အထောက်အကူပြုခဲ့ပါသည်။

*"ထိုင်သပိတ်များ ဆင်နွှဲခြင်းမှဆင့် ကျွန်ုပ်တို့သည် ဖိနှိပ်ခံသူများအဖြစ်မှ တက်ကြွလှုပ်ရှားသူများအဖြစ် သို့ ရောက်ရှိခဲ့သည်။ မသန်စွမ်းသူများသည် မိမိတို့၏ ကံကြမ္မာနှင့်ပတ်သတ်သည့် ကိစ္စရပ်များ ပေါ်တွင် မိမိတို့ကိုယ်တိုင် လုပ်ဆောင်ဖန်တီးနိုင်ခဲ့ပြီး၊ တန်းတူညီမျှမှုတိုက်ပွဲတွင်လည်း ခေါင်းဆောင်မှု နေရာက ပါဝင် နိုင်ခဲ့ကြောင်းကို တစ်နိုင်ငံလုံးသို့ပြသ၍ သတင်းစကားပါးနိုင်ခဲ့ပြီဖြစ်သည်။" ဂျူးဒစ် ဟယူးမန်း*

## Nelson Mandela

## နယ်လ်ဆင်မန်ဒဲလား

နယ်လ်ဆင်မန်ဒဲလားသည် ကမ္ဘာက အကြည်ညိုလေးစားရဆုံး တိုင်းကျိုးပြည်ပြုခေါင်းဆောင် တစ်ယောက်ဖြစ်သည်။ လူဖြူ-လူမဲ ခွဲခြားမှုကို တောင်အာဖရိကနိုင်ငံတွင် အဆုံးသတ်စေခဲ့သူဖြစ်ပြီး၊ လူမျိုးစုံပါဝင်သော ဒီမိုကရေစီကို ထွန်းကားစေခဲ့သူ တစ်ယောက်လည်းဖြစ်သည်။ နှစ်ပေါင်း ၂၇ နှစ်တိုင် ထောင်သွင်းအကျဉ်းချခံခဲ့ရပြီး ၁၉၉၀ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ထောင်မှ ပြန်လည်လွတ်မြောက်ပြီး လေးနှစ်အကြာတွင် တောင်အာဖရိက၏ ပထမဆုံး လူမဲသမ္မတဖြစ်လာကာ၊ ပဋိပက္ခများအဆုံးသတ်၍ ငြိမ်းချမ်းရေးအတွက် ရှေ့ဆောင်ဦးရွက်ပြုသည့် ပြယုဂ်တစ်ခုဖြစ်လာခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ကို ချီးမြှင့်ခံခဲ့ရသည်၊

၁၉၄၂ ခုနှစ်တွင် မန်ဒဲလားသည် အာဖရိက အမျိုးသားကွန်ဂရက်စ်ကို ဝင်ရောက်ခဲ့ပြီး၊ အာဖရိကအမျိုးသားကွန်ဂရက်စ်၏ လူငယ်အဖွဲ့ချုပ်ကို အခြားသူများနှင့်အတူ ပူးတွဲတည်ထောင်ခဲ့သည်၊ မစ္စတာမန်ဒဲလားသည် သူ၏ ဥပဒေဆိုင်ရာ မိတ်ဆွေဖြစ်သည့် မစ္စတာ အိုလီဗာတန်ဘို နှင့်အတူ လူဖြူလူမဲခွဲခြားသည့်စနစ်ကို ဆန့်ကျင်ခဲ့သည်။ လူဖြူလူမဲခွဲခြားသည့်စနစ်သည် လူဖြူများကြီးစိုးသော အမျိုးသားပါတီတည်ဆောက်ထားသောစနစ်ဖြစ်ကာ၊ လူမဲများကို ဖိနှိပ်ခွဲခြားသည့်စနစ်ဖြစ်သည်၊ ၁၉၅၆ ခုနှစ်တွင် မစ္စတာမန်ဒဲလားသည် အခြားသော တက်ကြွလှုပ်ရှားသူ ၁၅၅ ယောက် နှင့်အတူ နိုင်ငံတော်သစ္စာဖောက်မှု ဖြင့် တရားစွဲဆိုခံရသည်။ လေးနှစ်ကြာသည့်အခါ တရားရုံးမှ အမှုပိတ်သိမ်းခဲ့သည်။

လူဖြူလူမဲခွဲခြားမှုအား ဆန့်ကျင်သည့်လှုပ်ရှားမှု အားကောင်းလာသည်နှင့်အတူ လူမဲများ နေထိုင်အလုပ်လုပ်နိုင်သည့် နေရာများကို ခွဲခြားသတ်မှတ်သည့် အာဏာရှင် ဥပဒေများကိုအဓိက ဆန့်ကျင်ခဲ့ကြသည်။ ၁၉၆၀ခုနှစ်တွင် အာဖရိကအမျိုးသားကွန်ဂရက်စ်သည် မတရားအသင်းအဖြစ် ကြေညာခံရပြီး၊ မန်ဒဲလား သည် မြေအောက်တော်လှန်ရေးသို့ ဝင်ရောက်သွားခဲ့သည်။ ထိုအချိန်မှစ၍ ငြိမ်းချမ်းသော တော်လှန်ရေးလည်း ဆုံးခန်းတိုင်ခဲ့သည်။ အာဖရိကအမျိုးသား ကွန်ဂရက်စ်၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည့် မန်ဒဲလားသည် အစိုးရ၏ စီးပွားရေးကို နှောင့်ယှက်သည့် လှုပ်ရှားမှုများ စတင်ခဲ့သည်။ များမကြာမီတွင် မန်ဒဲလားအဖမ်းခံရပြီး အစိုးရအားနှောင့်ယှက်ဖျက်စီးလိုသောသူ နှင့် အစိုးရအား အကြမ်းဖက်ဖြုတ်ချရန်ကြိုးစားသူဟု တရားစွဲခံခဲ့ရသည်။ ရော်ဘင်ကျွန်းတွင် မန်ဒဲလား ထောင် ၁၈ နှစ် ကျခံရပြီး၊ ၁၉၈၂ ခုနှစ်တွင် ပိုလိုစ်မိုး အကျဉ်းထောင်သို့ ရွှေ့ပြောင်းခံရသည်။

မန်ဒဲလားအပါအဝင် အာဖရိကအမျိုးသားကွန်ဂရက်စ်မှ ခေါင်းဆောင်များသည် ထောင်တွင်းတွင် အကျဉ်းကျနေစဉ် နှင့် ပြည်ပနိုင်ငံများတွင် ပြည်ပြေးအဖြစ် နေထိုင်နေရစဉ်၊ တောင်အာဖရိကနိုင်ငံ၏ လူမဲမြို့နယ်များမှ လူငယ်များသည် အုပ်ချုပ်သူ လူဖြူလူနည်းစုများကို တော်လှန်ခဲ့ကြသည်၊ ကျောင်းသားများ၏ လှုပ်ရှားမှုကို ဖြိုခွင်းမခံရမီတွင်ပင်၊ ရာပေါင်းများစွာသော လူမဲများ အသတ်ခံရပြီး၊ ထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၁၉၈၀ တွင် ပြည်ပတွင် တိမ်းရှောင်နေသော မစ္စတာတန်ဘိုသည် လူဖြူလူမဲခွဲခြားမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုကို နိုင်ငံတကာအဆင့်တွင် စတင်ခဲ့သည်၊ ထိုလှုပ်ရှားမှု၏ ပြောင်မြောက်သော ဗျူဟာမှာ လှုပ်ရှားမှု၏ အဓိကဗဟိုချက်ဖြစ်သော မစ္စတာမန်ဒဲလားကို လွှတ်ပေးရန် တောင်းဆိုခြင်းဖြစ်သည်၊ အဆိုပါ ဗျူဟာ၏ အောင်မြင်မှုအရှိဆုံးအချိန်မှာ ၁၉၈၈ ခုနှစ်တွင် လန်ဒန်မြို့ရှိ ဝမ်ဘလီ (Wembley) ဇာတ်ရုံတွင် ပြုလုပ်သော ပြဇာတ်တွင်

ဖာတ်ရုံထဲရှိ လူပေါင်း ၇၂၀၀၀ အပါဝင် ရုပ်မြင်သံကြားမှ ကြည့်ရှုနေကြသည့် သန်းပေါင်းများစွာသော လူများက "နယ်ဆင်မန်ဒဲလားကို လွှတ်ပေး" ဟူသောသီချင်းကို ပြိုင်တူ သီဆိုခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာတစ်လွှားရှိ လူထုထံမှ လာသော ဖိအားပေးမှုများကြောင့် ကမ္ဘာ့ခေါင်းဆောင်များသည် ၁၉၈၇ခုနှစ် တွင် လူမျိုးရေးခွဲခြားသော တောင်အာဖရိကအစိုးရအပေါ်တွင် ပိတ်ဆို့အရေးယူမှုများပြုလုပ်ခဲ့သည်။ အဆိုပါ ဖိအားများ၏ ရလဒ်အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် သမ္မတ ဒီကလာ့ခ် သည် အာဖရိကအမျိုးသားကွန်ဂရက်စ် ကို တရားဝင် ခွင့်ပြုပေးခဲ့ရသည်၊ နယ်လ်ဆင်မန်ဒဲလားလည်း ထောင်မှ လွတ်မြောက်လာပြီး၊ တောင်အာဖရိကတွင် လူမျိုးပေါင်းစုံပါဝင်နိုင်သော ဒီမိုကရေစီ နိုင်ငံရေးစနစ်အတွက် ပြောဆိုဆွေးနွေးမှုများ စတင်ခဲ့သည်၊

၁၉၉၃ ဒီဇင်ဘာလတွင် မန်ဒဲလားနှင့် ဒီကလာ့ခ် တို့ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခံရသည်။ ၅ လအကြာတွင် တောင်အာဖရိက၏ သမိုင်းတစ်လျှောက် ပထမဆုံး အကြိမ်အဖြစ် လူမျိုးပေါင်းစုံ မဲပေးနိုင်သော ဒီမိုကရေစီ ရွေးကောက်ပွဲများကို ကျင်းပနိုင်ခဲ့ပြီး၊ မစ္စတာမန်ဒဲလားလည်း သမ္မတအဖြစ် တောင်ပြိုကမ်းပြို ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

*"လူတိုင်းလူတိုင်း တန်းတူညီမျှမှု၊ သဟဇာတဖြစ်မှု တို့ နဲ့ အတူ နေထိုင်နိုင်မယ့် လွတ်လပ်တဲ့ လူ့ အဖွဲ့ အစည်းရဲ့ စံနှုန်းတွေ၊ ဒီမိုကရေစီ စံနှုန်းတွေကို ကျွန်တော် ရင်ဝယ်ပိုက်ထားခဲ့ပါတယ်။ အဲဒါဟာ ကျွန်တော် နေထိုင်သွားလိုတဲ့၊ ရရှိခံစားလိုတဲ့ [လူ့ အဖွဲ့ အစည်းအတွင်းမှ] စံနှုန်းတွေပဲဖြစ်တယ်။ ဒါပေမယ့် လိုအပ်လာရင်တော့၊ ဒါတွေကိုရရှိနိုင်ဖို့ ကျွန်တော့်နောက်ဆုံးထွက်သက်အထိ တိုက်ပွဲဝင်ဖို့ ပြင်ဆင်ထားတဲ့ စံနှုန်းတွေ လည်းပဲဖြစ်တယ်။"     နယ်လ်ဆင်မန်ဒဲလား*

## ဆီနာရက်သ် အက်တနာယက်ကဲ (Senarath Attanayake)

ဆီနာရက်သ် အက်တနာယက်ကဲ သည် သီရိလင်္ကာနိုင်ငံရှိ Uva ပြည်နယ်ကောင်စီ၏ အဖွဲ့ဝင်ဖြစ်သည်။ မသန်စွမ်းနိုင်ငံရေးသမားတစ်ယောက်အနေဖြင့် မသန်စွမ်းအခွင့်အရေးများကို အရေးဆိုလှုပ်ရှားနေခြင်းသည် ကမ္ဘာတစ်ဝှမ်းရှိ မသန်စွမ်းအခွင့်အရေးလှုပ်ရှားနေသူများအပေါ် များစွာလွှမ်းမိုးမှုရှိပြီး၊ အစိုးရဌာနဆိုင်ရာနေရာများ၊ အစိုးရအရာရှိများနှင့် အတူတကွ အလုပ်လုပ်ရသည့်နေရာများတွင် မသန်စွမ်းများနေရာ ရယူနိုင်လာစေရန် လှုပ်ရှားနေသူများအတွက်လည်း ထင်ရှားသည့် ပြယုဂ်တစ်ခုဖြစ်သည်၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် မသန်စွမ်းလူမှုအသိုက်အဝန်းအတွက် အတားအဆီးများကို လျှော့ချနိုင်မည်ဖြစ်သည်၊

အက်တနာယက်ကဲသည် သီရိလင်္ကာတွင် ဘီးတပ်ကုလားထိုင်အသုံးပြုသူအဖြစ် ပထမဆုံး ရှေ့နေစာမေးပွဲ ကိုဖြေဆိုသူတစ်ယောက်ဖြစ်လာပြီး၊ သီရိလင်္ကာနိုင်ငံရေးတွင် ပထမဆုံးသော မသန်စွမ်းနိုင်ငံရေးသမား ဖြစ်လာပါသည်။ သီရိလင်္ကာနိုင်ငံ၏ ဝန်ကြီးဌာနအဆင့်ရာထူးကို ပထမဆုံး ရယူသော မသန်စွမ်းနိုင်ငံရေးသမားဖြစ်လာသည့် အက်တနာယက်ကဲသည်၊ ၁၉၉၉ မှ ၂၀၀၄ ခုနှစ်အထိ စိုက်ပျိုးရေးရေလုပ်ငန်း၊ မွေးမြူရေးနှင့် မြေယာ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ်လည်း ကာလတိုတစ်ခုတာဝန်ထမ်းဆောင်ခဲ့သည်။ အက်တနာယက်ကဲသည် Uva ပြည်နယ်ကောင်စီ၏ အဖွဲ့ဝင်အဖြစ် လေးကြိမ်မြောက် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြင့်၊ ကမ္ဘာတွင် သက်တမ်းအရှည်ဆုံး မသန်စွမ်း ရွေးကောက်ခံနိုင်ငံရေးသမားများထဲမှ တစ်ယောက်ဖြစ်လာခဲ့သည်။

မသန်စွမ်းသူများအနေဖြင့် နိုင်ငံရေး နှင့် အများပြည်သူဆိုင်ရာ မျက်နှာစာများတွင် ပိုမိုပါဝင်ဆောင်ရွက်ခွင့်ရလာစေရန် အက်တနာယက်ကဲက အထူးတလည် အားထုတ်ခဲ့သည်။ UPC တွင် သူ့အား ခန့်အပ်တာဝန်ပေးမှုသည် အဆိုပါ အားထုတ်မှုကြောင့်ဟုပင် ဆိုရမည်။ နိုင်ငံရေးသမားတစ်ယောက်အဖြစ် သူလုပ်ဆောင်ခဲ့မှုများသည် လူမှုအသိုင်းအဝိုင်းအတွင်း မသန်စွမ်းသူများ ပိုမိုပါဝင်လာစေရန် နှင့် ခေါင်းဆောင်မှုကဏ္ဍတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရလာစေရန် လုပ်ဆောင်သည့် အရေးဆိုလှုပ်ရှားမှုများ၏ စံပုံစံတစ်ခုဖြစ်လာခဲ့သည်၊ ထို့အတွက်ကြောင့်ပင် သူသည် Henry Viscardi Achievement Award ကို ၂၀၁၆ ခုနှစ်တွင် ချီးမြှင့်ခံခဲ့ရသည်၊ အက်တနာယက်ကဲ သည် အားလုံးအကျုံးဝင်အသုံးပြုနိုင်သည့် ပုံစံများကို လက်တွေ့ဖြစ်လာစေရန် ဆောင်ရွက်နိုင်ခဲ့သည်၊ ထို့အတူပင်၊ အစိုးရအရာရှိများနှင့်အတူအလုပ်လုပ်ခြင်းက မသန်စွမ်းသူများအား အများပြည်သူဆိုင်ရာလုပ်ငန်းများတွင် မည်ကဲ့သို့ပါဝင်လာစေရန် လုပ်ဆောင်နိုင်သည်ကို ကမ္ဘာတစ်လွှားရှိ ကွန်ဖရင့်များတွင် အဖလေးပေးဟောပြောမှုများပြုလုပ်ခဲ့သည်၊ မဲပေးခြင်း သို့မဟုတ် ကျောင်းတက်ခြင်း လုပ်ငန်းများတွင် အတားအဆီးများကို ကြုံတွေ့ခဲ့ရသူတစ်ယောက်အနေဖြင့် ပြသနိုင်ခဲ့သည်မှာ၊ မသန်စွမ်းသူများသည် နိုင်ငံသားများအနေဖြင့် သာမက ဘဲ နိုင်ငံရေးခေါင်းဆောင်များအနေဖြင့်လည်း လုပ်ကိုင်နိုင်စွမ်းရှိကြောင်း ပင်ဖြစ်သည်၊

ပြည်နယ်ကောင်စီအဖွဲ့ဝင်ဖြစ်သော အက်တနာယက်ကဲသည် သီရိလင်္ကာနိုင်ငံတွင် ပထမဆုံးအနေဖြင့် မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ နှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် ခရိုင်တစ်ခုကို အောင်မြင်စွာဖန်တီးနိုင်ခဲ့သည်၊ သူ၏ အတားအဆီးကင်းမဲ့သော လူမှုရပ်ရွာတစ်ခု ဖန်တီးခြင်းက သူ့ကို မဲပေးခဲ့ကြသောသူများ၏ ဘဝများနှင့် ပါဝင်နိုင်မှုများကို မြှင့်တင်ပေးနိုင်ခဲ့သည်၊ အက်တနာယက်ကဲ့သည် UPC၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် အခြားသော ကဏ္ဍစုံမှ ပါဝင်သူများနှင့် လက်တွဲ၍ မသန်စွမ်းသူများ နှင့် သက်ကြီးရွယ်အိုများတွက် အသုံးပြုရလွယ်ကူစေသော မြို့ကို သီရိလင်္ကာနိုင်ငံတွင် ပထမဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် Wellawaya မြို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာ့သက်ကြီးရွယ်အိုများအထောက်အကူပြုမြို့များကွန်ယက်၏ အဖွဲ့ဝင်မြို့တစ်မြို့ဖြစ်လာခဲ့သည်၊ အဆိုပါ စီမံကိန်းကို Moneragala ခရိုင်တစ်ခုလုံးသို့ချဲ့ထွင်ဆောင်ရွက်ခဲ့သည်၊ နိုင်ငံသမိုင်းတွင် ပထမဆုံးအနေဖြင့် မသန်စွမ်းသူများသည် လူမှုဘဝအထွေထွေရေးရာကိစ္စများတွင် တူညီစွာပါဝင်လာနိုင်

ခဲ့သည်။ ရလဒ်အနေဖြင့် ကျောင်းတက်လျှင်ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းများနှင့် အပန်းဖြေအနားယူလျှင် ဖြစ်စေ မသန်စွမ်းသူများသည် အတားအဆီးများမရှိဘဲ ပါဝင်လာနိုင်သည်။ ထို့မှတစ်ဆင့်၊ မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းအတွင်း တက်ကြွသော ပါဝင်သူများအဖြစ် ထိတွေ့ဆက်ဆံလာနိုင်ပြီး၊ ၎င်းတို့အပေါ်ထားရှိသော အထင်အမြင်လွဲမှားမှုများကို ချေဖျက်နိုင်ကာ၊ မိမိတို့ရပ်ရွာအတွက် တန်ဖိုးရှိသော အထောက်အကူပြုမှုများလုပ်ဆောင်လာနိုင်ခဲ့သည်။

## စမစ်သာ ဆာဒါစီဗန် (Smitha Sadasivan)

စမစ်သာ  ဆာဒါစီဗန် သည် အိန္ဒိယနိုင်ငံရှိ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာမဟာမိတ်အဖွဲ့  (ဒီအာရ်အေ)ကို ဦးဆောင်ခဲ့သည်။ ထိုအဖွဲ့ သည် မသန်စွမ်းသူများစုပေါင်းတည်ထောင်ထားသော အဖွဲ့ ဖြစ်ပြီး၊ နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခွင့်ရလာစေရန် ထင်ရှားသော လှုပ်ရှားမှုများကို ပြုလုပ်သည့်အဖွဲ့ ဖြစ် သည်။ ၂၀၁၆ ခုနှစ်တွင် ဒီအာရ်အေ သည် မသန်စွမ်းသူများ နိုင်ငံရေးအရ ပါဝင်လာနိုင်စေရန်ရည်ရွယ်သည့် အချက် ၁၂ ချက်ပါ ရာတာတစ်ခုကို ရေးဆွဲခဲ့သည်။ အဆိုပါ ရာတာတွင် မသန်စွမ်းသူများမဲပေးသည့်အခါ တွင်ဖြစ်စေ၊ အင်စတီကျူးရှင်းဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်သည့် အခါတွင်ဖြစ်စေ ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အကူများ ရရှိနိုင်စေရန် အလေးပေးဖော်ပြထားသည်

ဒီအာရ်အေ၏ အရေးဆိုလှုပ်ရှားမှုများကြောင့် အိန္ဒိယရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၆ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း အားလုံးအကျုံးဝင်ပါဝင်နိုင်မှု နှင့် အရည်အသွေးပြည့်ဝသော ရွေးကောက်ပွဲ ပါဝင်မှုဟူသော လမ်းပြမြေပုံတစ်ခုကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ အဆိုပါ လမ်းပြမြေပုံတွင် မသန်စွမ်းသူများမဲပေးသည့်အခါ ထောက်အကူပြုမည့် မဲရုံပုံစံကို အလေးပေးဖော်ပြထားသည်။ ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာ ရုပ်ပုံကားချပ်များအား ရွေးကောက်ပွဲကော်မရှင်၏ ကမ်ပိန်းကြောင့် တမီလ်နာဒူဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေ နိုင်ခဲ့သည်။ ထိုအတောအတွင်း ဒီအာရ်အေ၏ အရေးဆိုလှုပ်ရှားမှုများကြောင့် မဲပေးခန်းများအား အသုံးပြုခြင်းဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ဖြန့်ဝေနိုင်ခဲ့သဖြင့်၊ မသန်စွမ်းသူများ၏ မဲပေးခွင့် ကို ကျယ်ပြန့်စွာအသုံးပြုနိုင်ခဲ့သည်။ ဒေသဆိုင်ရာ သတင်းစာများတွင် ဆောင်းပါးများ၊ အွန်လိုင်းထုတ်ဝေမှုများ ပြုလုပ်နိုင်ခြင်းကြောင့် ကမ်ပိန်းသည် နေရာဒေသအတော်များများသို့ ရောက်ရှိခဲ့သည်။ ဒီအာရ်အေသည်လည်း ကြော်ငြာများ၊ သတင်းစကားတိုများဖန်တီးခဲ့သည်၊

ဒီအာရ်အေသည် အိန္ဒိယရွေးကောက်ပွဲကော်မရှင်နှင့်အတူ လက်တွဲလုပ်ကိုင်ခဲ့သည့်အတွက်  ကော်မရှင်၏ မဲရုံများအား အားလုံးအကျုံးဝင်အသုံးပြုနိုင်ရန်အားထုတ်မှုကို ထောက်ပံ့ပေးနိုင်ခဲ့သည့်အပြင်၊ မသန်စွမ်းမဲဆန္ဒရှင်များ အားလုံး ရွေးကောက်ပွဲတင် ပါဝင်မဲပေးနိုင်ရေးအတွက် အဓိကဆက်သွယ်ရမည့်သူများကိုလည်း ခန့်ထားပေးနိုင်ခဲ့သည်၊ ထို့အပြင် လက်ဖြင့်ဖတ်ရှုရသော မဲစာရွက်များ ထုတ်ဝေခြင်း၊ မသန်စွမ်းမဲပေးသူများအား ဦးစားပေးအဆင့်ထား၍ မဲရုံများတွင် တန်းစီစေခြင်း နှင့် အားလုံးအကျုံးဝင် အသုံးပြုနိုင်သည့် အခြေခံထောက်ပံ့မှုများကို တိုးမြှင့်ခြင်းတို့ ကို ပြုလုပ်နိုင်ခဲ့သည်၊ မတ်လတွင် ရွေးကောက်ပွဲကော်မရှင်က ၎င်း၏ အင်တာနက် ဝဘ်ဆိုက်ကို အများအသုံးပြုနိုင်အောင် လွှင့်တင်မည်ဟု ကြေညာခဲ့ပြီး၊ ထို့အတွက် အိုင်ဖက်စ် ၏ နည်းပညာအထောက်အကူများကို ရွေးကောက်ပွဲကော်မရှင်အား ဝေမျှနိုင်ခဲ့သည်။ ဒီအာရ်အေသည် မသန်စွမ်းကိုယ်စားလှယ်လောင်းများ၏ အရေအတွက်များပြားလာစေရန်လည်း ဆောင်ရွက်နိုင်ခဲ့သလို၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မသန်စွမ်းကိုယ်စားလှယ်လောင်းများ၏ လျှောက်လွှာများကို ရုံးဌာနအတွင်းတွင်သာမက ဘဲ မသန်စွမ်းကိုယ်လှယ်များအနေဖြင့် ရုံးများအား အလွယ်တကူအသုံးပြုခြင်းမရှိပါက ရုံးများ၏ အပြင်ဖက်တွင်ပါ ဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးရန် ဖြစ်လာခဲ့သည်၊

ဒီအာရ်အေ၏ ရွေးကောက်ပွဲဆိုင်ရာ အရာရှိများနှင့်ပတ်သတ်၍ အသုံးပြုသော အရေးဆိုလှုပ်ရှားမှုနည်းနာများတွင် မဲဆန္ဒရှင်စာရင်းသွင်းခြင်း နှင့် မဲပေးခြင်းဖြစ်စဉ်တို့ တွင် မသန်စွမ်းသူများအနေဖြင့် အိမ်တွင်ရှိသည်ဖြစ်စေ၊ အင်စတီကျူးရှင်းများတွင် ရှိသည်ဖြစ်စေ ပိုမိုပါဝင်လာနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်။ ဒီအာရ်အေသည် ဒေသဆိုင်ရာ ဥပဒေများ၊ စီအာပီဒီ နှင့် လူငယ်များပြုလုပ်ဖန်တီးထားသော အသိဉာဏ်ဆိုင်ရာ မသန်စွမ်းဖြစ်သူများအကြောင်းရိုက်ကူးထားသည့် ဗွီဒီယိုများကို အသုံးပြု၍ အသိဉာဏ်ဆိုင်ရာမသန်စွမ်းဖြစ်သူများ၏ မဲပေးခွင့်ရရှိလာစေရန် ရွေးကောက်ပွဲကော်မရှင်ထံ ချဉ်းကပ်အရေးဆိုခဲ့သည်။ ဒီအာရ်အေသည် Kerala ပြည်နယ်၏ မသန်စွမ်းကွန်ရက်နှင့်ပူးပေါင်းပြီး၊ ပြည်နယ်အတွင်း အသိဉာဏ်ဆိုင်ရာမသန်စွမ်းဖြစ်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းပေးသွင်းခြင်း ပြုလုပ်နိုင်စေရန် တရားရုံး၏ အမိန့် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

*"မတူကွဲပြားသည့် မသန်စွမ်းသူများကို ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်လာစေရန်လုပ်ဆောင်ခြင်း နှင့် ၎င်းတို့ ၏ နိုင်ငံရေးတွင် ပါဝင်မှုကို မြှင့်တင်ခြင်းတို့ သည် မသန်စွမ်းပုဂ္ဂိုလ်များ၏ ဖွံ့ဖြိုးမှုကို ထောင့်ပေါင်းစုံမှ အမှန်တကယ် ခံစားရရှိနိုင်ရန် မရှိမဖြစ်လိုအပ်သော အရာပင်ဖြစ်သည်။ သို့ သော်လည်း အမှတ်တစ်ကာယပါဝင်မှု ရရှိလာဖို့ ဆိုသည်မှာ မသန်စွမ်းပုဂ္ဂိုလ်များအနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်၏ အဆင့်တိုင်းတွင် ဖြစ်စေ၊ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ ဖြစ်စဉ်များတွင်ဖြစ်စေ အပြန်အလှန်လေးစားမှု ရှိစွာဖြင့် ပါဝင်ခွင့်ရရှိဖို့ လိုအပ်သည်။ ဤကဲ့သို့ ပါဝင်ဖို့ ဆိုလျှင် မသန်စွမ်း ပုဂ္ဂိုလ်များအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်သည့် နေရာတွင်ဖြစ်စေ၊ သင်တန်းများပို့ ချသည့် အခါတွင်ဖြစ်စေ၊ ဥပဒေများ၊မူဝါဒများကို အကောင်အထည်ဖော်သည့်နေရာတွင်ဖြစ်စေ၊ ယူအန်စီအာပီဒီ၏ "ကျွန်ုပ်တို့ မပါဝင်ဘဲ ကျွန်ုပ်တို့ အကြောင်းကို ဘာမှ လုပ်ဆောင်နိုင်မှာမဟုတ်" ဟူသည့် ဆောင်ပုဒ်နှင့်အတူ လုပ်ဆောင်နိုင်ရပါမည်။"*

# နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

***နိုင်ငံရေးနယ်ပယ်တွင် အောင်မြင်သော ခေါင်းဆောင်မှု***

**ဖြစ်စဉ်များ**

၁။ မကြာသေးမီက ရွေးချယ်ခံခဲ့ရသော ကိုယ်စားလှယ်သည် မသန်စွမ်းအခွင့်အရေးများနှင့် ပတ်သတ်၍ စိတ်အားထက်သန်နေသည်။ သူသည် မသန်စွမ်းကလေးများအားလုံး ကျောင်းတက်နိုင်ရေးကို အာမခံပေးသည့် ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးထားသည်။ သူ၏ မဲဆန္ဒနယ်တွင် မသန်စွမ်းသူများနေထိုင်ကြသည်။ ထိုသူများက ပြောသည်မှာ ဥပဒေကြမ်းသည် မသန်စွမ်းပုဂ္ဂိုလ်များအား အခြားသူများနည်းတူ ပါဝင်ခွင့်ကို ကန့်သတ်ထားသည် ဟူ၍ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် မသန်စွမ်းကလေးများသည် အခြားကလေးများနှင့်အတူ ကျောင်းတက်ခွင့်မရဘဲ၊ သီးသန့်ကျောင်းတွင် တက်ရောက်ကြရမည်ဖြစ်သည်။ ကိုယ်စားလှယ် အနေဖြင့် စဉ်းစားသည်မှာ ကျောင်းမရှိခြင်းထက် ကျောင်းရှိခြင်းက ပို၍ကောင်းသည်၊ ထို့ကြောင့် ဥပဒေကြမ်းကို ထောက်ခံရမည်ဟု စဉ်းစားခြင်းဖြစ်သည်။ သူ၏ ခေါင်းဆောင်မှုသည် ထိရောက်သော ခေါင်းဆောင်မှုအဖြစ် ယူဆနိုင်ပါသလား။

၂။ သန့်ရှင်းသောသောက်ရေသန့်ကို ရွာနေသူအားလုံးထံသို့ ပေးဝေမည့် စီမံကိန်းတစ်ခုကို ကျေးရွာသူကြီးက ကြပ်မတ်နေသည်။ သူမသည် အားလုံးတက်ရောက်နားထောင်နိုင်သော နေရာတွင် ကျေးရွာလူထုနှင့် ဆွေးနွေးပွဲတစ်ခုကို ကျင်းပသည်။ ဆွေးနွေးပွဲအတွင်းပြောပြချက်များအရ အချို့သော ရွာသားများသည် စီမံကိန်းကိုထောက်ခံကြသည်။ ကျေးရွာရှိ မသန်စွမ်းသူများ၏ ကိုယ်စားလှယ်များက အဆိုပါ စီမံကိန်းကို မနှစ်သက်ကြပါ။ အဘယ်ကြောင့်ဆိုသော် အမြင်အာရုံမသန်စွမ်းသူများအနေဖြင့် ရေသန့်ကို မည်သည့်နေရာမှ ရယူရမည်ကို ဖတ်ရှုနိုင်ခြင်းမရှိသည့် အတွက်ကြောင့်ဖြစ်သည်။ ကျေးရွာလူထုနှင့်ဆွေးနွေးပွဲပြီးဆုံးသည့်အခါ ရွာသူကြီးသည် မသန်စွမ်းအဖွဲ့နှင့်သီးသန့်တွေ့ဆုံပြီး၊ သတင်းအချက်အလက်များကို ထပ်မံမေးမြန်းကာ၊ စီမံကိန်းကို လူတိုင်းအသုံးပြုနိုင်စေရန် မည်ကဲ့သို့ဆောင်ရွက်နိုင်သည်ကို အကြံဉာဏ်များ ရယူခဲ့သည်။ ဤဖြစ်ရပ်အရ၊ ထိရောက်သော ခေါင်းဆောင်မှုကို သူကြီးက အသုံးပြုခဲ့သည်ဟု ထင်ပါသလား။

၃။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသော ကိုယ်စားလှယ်လောင်းတစ်ယောက်သည် မသန်စွမ်းသူများ အခွင့်အရေးနှင့်ပတ်သတ်ပြီး စီအာပီဒီ နှင့် မြန်မာနိုင်ငံ၏ မသန်စွမ်းဥပဒေများကို ကိုးကားကာ ပြောင်မြောက်သော မိန့်ခွန်းများ ပြောကြားသွားသည်။ သို့သော်လည်း သူ၏ မိန့်ခွန်းတိုင်းတွင် လက်ဟန်ပြဘာသာစကားဖြင့် ပြန်ဆိုပြခြင်းမရှိခဲ့ပေ။ ရွေးကောက်ပွဲအတွင်း စကားစစ်ထိုးပွဲတစ်ခုတွင် သူ၏ပြိုင်ဖက်က ထိုအချက်ကို ထောက်ပြပြောဆိုခဲ့သည်။ အဆိုပါ ထောက်ပြချက်နှင့်ပတ်သတ်ပြီး၊ ကိုယ်စားလှယ်လောင်းက- လက်ဟန်ပြဘာသာစကား အတွက် ဘာသာပြန်ငှားလျှင် ငွေကြေးအကုန်အကျများသည့်အတွက် မထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း သူ၏မိန့်ခွန်းများတွင် လက်ဟန်ပြဘာသာစကားအတွက် ဘာသာပြန်ထားရှိရန် အရေးကြီးကြောင်းကို ထည့်သွင်းပြောကြားခဲ့ကြောင်း တုန့်ပြန်ခဲ့သည်။ ထိုလုပ်ဆောင်ချက်သည် ထိရောက်သော ခေါင်းဆောင်မှုဖြစ်ပါသလား။

၄။ ရွေးကောက်တင်မြှောက်ခံရသော မသန်စွမ်းကိုယ်စားလှယ်တစ်ယောက်သည် မသန်စွမ်းအခွင့်အရေး လှုပ်ရှားမှု နှင့် ပတ်သတ်၍ သိရှိနားလည်ထားခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူမ ရွေးကောက်မခံမီက မသန်စွမ်း အဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သတ်မှု အားနည်းခဲ့သောကြောင့်ဖြစ်သည်။ သူမကိုယ်တိုင် မသန်စွမ်းဖြစ် နေသောကြောင့် မသန်စွမ်းဖြစ်မှုအမျိုးအစားအားလုံးအတွက် မူဝါဒများချမှတ်နိုင်သည်ဟု သူမ၏ လုပ်ဖော် ကိုင်ဖက်များကို ပြောပြခဲ့သည်။ သူမ၏ ခေါင်းဆောင်မှုသည် ထိရောက်သော ခေါင်းဆောင်မှုဖြစ်ပါသလား။

Australian Aid

UKaid
from the British people

# နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

## *နိုင်ငံရေးနယ်ပယ်တွင် အောင်မြင်သော ခေါင်းဆောင်မှု*

| ကျွန်ုပ်၏ ခေါင်းဆောင်မှုအရည်အချင်းများ | တိုးတက်လိုသော ခေါင်းဆောင်မှုအရည်အချင်းများ |
|---|---|
| | |

Australian Aid

UKaid from the British people

**သင်ရိုး (၃)**

**အခန်း – ၂။ မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ခြင်း**

| | |
|---|---|
| **သင်ရိုးဖော်ပြချက်** | ယခုသင်ခန်းစာသည် သင်တန်းတက်ရောက်သူများ၏ ရွေးကောက်ပွဲဆိုင်ရာ ဗဟုသုတများသာမကိုယ်ရည်ကိုယ်သွေးပိုင်းဆိုင်ရာစွမ်းရည်များကိုပါ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားရုံမက အစီအစဉ် တလျှောက်လုံး တွင်လည်း စွမ်းရည်များကို မြှင့်တင်ပေးသွားမည် ဖြစ်သည်။ သင်တန်းတက်ရောက်များ၏ မိမိကိုယ်ကို ယုံကြည်မှုများ၊ မိမိကိုယ်ကိုအထင်ကြီး လေးစားမှုများ ပိုမိုမြှင့်တင်ရန် စီစဉ်ရေးဆွဲထားပြီး တစ်ဦးချင်း၏ အရည်အသွေးများ ပိုမိုမြှင့်တက် လာပြီး စွမ်းဆောင်နိုင်ရည်မြင့်မားပြီး ထိရောက်စွာ လုပ်ဆောင်နိုင်သည့် ခေါင်းဆောင်များ ဖြစ်အောင် ပံ့ပိုးပေးသွားပါမည်။ |
| လုပ်ဆောင်ချက်များလုပ်ရန် ကြာချိန်စုစုပေါင်း | ၄၅ မိနစ် |

| | |
|---|---|
| **လေ့လာသိရှိရမည့်<br>အကြောင်းအရာများ** | • သင်တန်းတက်ရောက်သူများသည် မိမိတို့၏ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများအတွက် ပိုမိုပြီးယုံကြည်မှုရှိလာမည်။<br>• သင်တန်းသူများအား မိမိကိုယ်ကို ယုံကြည်မှုများတိုးမြင့်လာစေရန်အတွက် အဓိကကျသည့်နည်းလမ်းကို ဥပမာပေးနိုင်မည်။ |
| **လိုအပ်သည့်<br>သင်ထောက်ကူ ပစ္စည်းများ** | စာရွက်ကြီးများ<br>မာကာပဲန်များ<br>ကပ်ခွာမှတ်စုစာရွက်များ (Sticky notes)<br>အခန်းတွင်း ချိတ်ဆွဲထားရန် မိမိကိုယ်ကို ယုံကြည်မှုရှိရန် တက်လှမ်းသောခြေလှမ်းများနှင့် ဒီဇိုင်း (ဖြစ်နိုင်မယ်ဆိုရင် ပိုစတာတစ်ခု)<br>" ပန်းတိုင်ချမှတ်ခြင်း" လုပ်ငန်းမှတ်တမ်းစာရွက် |
| [၂၃ မိနစ် ] | **အဆင့် ၁** = သင်တန်းအခန်းရှေ့တွင် စာရွက်ကြီးတစ်ရွက် ပြင်ဆင်ထားပါ။<br>**အဆင့် ၂** = ကြောင်နှင့် ခြသေ့်ဓါတ်ပုံကို ပြသပါ။<br>**အဆင့် ၃** = ပုံကိုကြည့်ပြီး မည်သို့ထင်မြင်ပါသလဲဟု သင်တန်းတက်ရောက်သူများအား မေးမြန်းခြင်း ဖြင့် စတင်ပါ။ သင် (သင်တန်းဆရာ) မှ အောက်ပါမေးခွန်းများဖြင့် အစဖော်ပေးနိုင်သည်။<br>- ပုံကိုကြည့်ပြီး မည်သို့တွေးမိပါသလဲ။<br>- မည်သို့ခံစားရပါသလဲ။<br>**အဆင့် ၄** = ကိုယ့်ကိုယ်ကို ယုံကြည်မှုနှင့်ပတ်သက်ပြီး သင်တန်းတက်ရောက်သူများ ဖြေကြားသည့် အဓိကကျသည့်စကားလုံးများ အနက် အချို့ကိုချရေးပါ။ *(သင်တန်းပို့ချသူအတွက်-မှတ်စု)* သင်တန်းတက်ရောက်သူများအနေဖြင့် ပုံနှင့် ပါတ်သက်ပြီး အပြုသဘောဆောင်သည့် အတွေးအခေါ်များရှိမည်ဟု မျှော်လင့်ရပါသည်၊ သို့သော် အချို့သူများက "ဘဝင်မြင့်ခြင်း" ဆိုသည့်စကားရပ်မျိုး ထွက်လာသည်များ လည်းရှိနိုင်ပါသည်၊ ထိုသို့ပြောလာပါက၊ သင်တန်းပေးသူက |

| | |
|---|---|
| | မိမိကိုယ်ကိုယုံကြည်ခြင်း ဆိုသည်မှာ ဘဝင်မြင့်ခြင်း သို့မဟုတ် အလွန်အမင်း မိမိကိုယ်ကို ယုံကြည်လွန်းခြင်းကို မဆိုလိုကြောင်း သေချာစွာ ရှင်းပြပေး ရန်လိုအပ်ပါသည်။ မိမိကိုယ်ကို ယုံကြည်မှု လွန်ကဲခြင်းသည် မကောင်းပါ။ မိမိ၏ အရည်အချင်းများကို ပိုမိုအထင်ကြီးတတ်သည့် အကျိုးဆက်မျိုးကို ဖြစ်စေနိုင် ပါသည်။<br><br>**အဆင့် ၅** = မိမိကိုယ်ကိုယုံကြည်မှုတည်ဆောက်ခြင်းသည် မိမိတို့ဘဝ၏ အစိတ်အပိုင်း အားလုံးနီးပါး အတွက်အလွန်ပင်အရေးကြီးလှပါသော်လည်း အများစုမှာ ယုံကြည်မှုတည်ဆောက်ရန် ကြိုးစားနေကြရဆဲပင်ဖြစ်သည်။ သတင်းကောင်းတစ်ခုမှာ မိမိကိုယ်ကိုယုံကြည်မှုတည်ဆောက်၍ ရနိုင်ပါသည်။<br><br>**အဆင့် ၆** = စားပွဲတွင်ရှိသော သူတို့၏တွဲဘက်များနှင့် " မိမိကိုယ်ကို ယုံကြည်မှု" အဓိပ္ပါယ်ကို ဖန်တီးရန် သင်တန်းသားများအား အချိန် (၅) မိနစ် ပေးပါ။<br><br>**အဆင့် ၇** = အုပ်စုတစ်ခုချင်းစီမှ သူတို့၏ အဓိပ္ပါယ်အား မျှဝေပါ။ (၅ မိနစ်)<br><br>**အဆင့် ၈** = ပြသရန် - *"မိမိကိုယ်ကိုယုံကြည်ခြင်း" အဓိပ္ပါယ်ဖွင့်ဆိုက်ချက်ကို ပြသရန်။*<br><br>**"မိမိကိုယ်ကို ယုံကြည်ခြင်းဆိုသည်မှာ မိမိစဉ်းစားတွေးခေါ်လိုက်တိုင်းတွင် မိမိကိုယ်တွင်း၌ရှိသော ကိုယ်ပိုင်စွမ်းရည်များကြောင့် အပြုသဘော ဆောင်ပြီး လက်တွေ့ကျသည့်ဘက်ကို ဦးတည်စဉ်းစားတတ်စေသော နည်းလမ်းတစ်ခု ဖြစ်သည်ကို ဆိုလိုသည်။"**<br><br>**အဆင့် ၉** = မိမိကိုယ်ကို ယုံကြည်မှုနှင့် ပတ်သက်သည့် အဓိပ္ပါယ် ဖွင့်ဆိုချက်ကိုဖတ်နိုင်းပါ။ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ယုတ္တိရှိ၊ မရှိမေးမြန်းပါ။ လက်တွေ့ကျသောဆိုသည့် စကားလုံးကို အလေးထားပြောပါ။ ကြောင်းနှင့် |

| | |
|---|---|
| | ခြံသေ့ ပုံနှင့်ပတ်သက်ပြီး မိမိကိုယ်ကို ယုံကြည်မှု မာနထောင်လွှားခြင်းတို့နှင့် ပတ်သက် ပြီး ပြန်လည်ဆွေးနွေးပေးပါ။<br><br>**အဆင့် ၁၀** = စာရွက်ကြီးပေါ်တွင် "မိမိကိုယ်ကို ယုံကြည်မှု သွင်ပြင်လက္ခဏာများ" ရေးပြီး နံရံပေါ်တွင် ချိတ်ဆွဲထားပါ။<br><br>**အဆင့် ၁၁** = တခြားစာရွက်ကြီးပေါ်တွင် "မိမိကိုယ်ကို ယုံကြည်မှု မရှိသူများ၏ သွင်ပြင်လက္ခဏာများ"ကိုရေးပြီး နံရံပေါ်တွင် ချိတ်ဆွဲပါ။<br><br>**အဆင့် ၁၂** = သင်တန်းသားများအား ကပ်ခွာစာရွက်လေးပေါ်တွင် မိမိကိုယ်ကို ယုံကြည်မှုရှိသူ၏ သွင်ပြင်လက္ခဏာတစ်ခုနှင့် ဒုတိယစာရွက်ပေါ်တွင် မိမိကိုယ်ကို ယုံကြည်မှုမရှိသူတစ်ဦး၏ သွင်ပြင်လက္ခဏာတစ်ခုစီကို ရေးခိုင်းပါ။ ( *သင်တန်းဆရာမှတ်စု - အကယ်၍ အမြင် အာရုံချို့ယွင်းမှုရှိသူ တစ်ဦးရှိပါက သင်တန်းသား အားလုံးပါဝင်နိုင်အောင် စုံတွဲလိုက်ပြုလုပ်ခိုင်းပါ။)*<br><br>**အဆင့် ၁၃** = စားပွဲဝိုင်းရှိ အဖွဲ့များမှ ဆွေးနွေးထားသော ကပ်ခွါစာရွက်များကို စာရွက်ကြီးပေါ်တွင် သွားရောက်ကပ်နိုင်ရန် ကိုယ်စားလှယ် တစ်ဦးစီအား ရွေးချယ်ခိုင်းပါ။<br>**အဆင့် ၁၄** = ကပ်ခွာမှတ်စုများကို အသံထွက်၍ ကျယ်ကျယ်ဖတ်ပါ။<br><br>**အဆင့် ၁၅** = သင်တန်းတက်ရောက်သူများအား ယင်းစရိုက်လက္ခဏာ များကို ဖတ်ကြည့်သည့်အခါ မိမိနှင့်တူသည်ဟုထင်သည့် စရိုက်လက္ခဏာ အချို့ ရှိ/မရှိ မေးမြန်းပါ။ မည်ကဲ့သို့ ခံစားရသနည်း။ |

| | |
|---|---|
| | **အဆင့် ၁၆ = ထုတ်နုတ်ပြောဆိုပါ** - မိမိကိုယ်ကိုယုံကြည်မှုမရှိခြင်းမှာ တခါတရံတွင် ဖြစ်တတ်သည့်ကိစ္စ ဖြစ်သည် ဆိုသည့် အချက်ကို ထောက်ပြပြောဆိုပါ။ |
| [၁၂ မိနစ် ] | **အဆင့် ၁၇** = သင်တန်းတက်ရောက်သူများကို အုပ်စု ၅ စုခွဲပါ။ တစ်ဖွဲ့စီကို ရောင်စုံကဒ်ပြားငယ် များပေးထားပါ။<br><br>**အဆင့် ၁၈** = အဖွဲ့အတွင်းတွင် မိမိကိုယ်ကို ယုံကြည်မှုပိုရှိလာအောင် ပြုလုပ်နိုင်သည့် နည်းလမ်းများကိုဆွေးနွေးပြီး အဓိကကျသည့် အချက် ၃ ချက်ကို ဆွေးနွေး၍ သဘောတူချက်ရယူပါ။ ဆွေးနွေးရန် အချိန် ၇ မိနစ်ပေးပါ။<br><br>**အဆင့် ၁၉** = အုပ်စုတစ်စုချင်းစီသို့ လှည့်လည်သွားရောက်ပြီး ဆွေးနွေးရာမှ ရရှိလာသည့်အချက်များကို နံရံတွင်ကပ်ထား ခိုင်းပါ။ အုပ်စုတစ်စုချင်းစီကို တူရာအယူအဆများ၊အချက်များကို စုစည်းခိုင်းပါ။<br><br>**အဆင့် ၂၀** = သင်တန်းသားများအား သူတို့အုပ်စုတွင်းရှိ တူညီသော အတွေးအခေါ်များကို ပြန်လည်မျှဝေ ခိုင်းပါ။<br>**အဆင့် ၂၀** = သင်တန်းသားများအား သူတို့အုပ်စုတွင်းရှိ ကွဲပြားသော အတွေးအခေါ်ကို ပြန်လည်မျှဝေ ခိုင်းပါ။ |
| | **အဆင့် ၂၂** = သင်တန်းတက်ရောက်သူများ ဆွေးနွေးခဲ့သည့်အချက်များနှင့် ဆက်စပ်ပြီး၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု တည်ဆောက်သည့်နည်းလမ်းများကို ကြည့်ရှုမည် ဖြစ် ကြောင်း ရှင်းပြပါ။ |

| | |
|---|---|
| [၁၅ မိနစ်] | **အဆင့် ၂၃ = ထုတ်နုတ်ပြောဆိုပါ** - ကိုယ့်ကိုယ်ကို ယုံကြည်မှုမည်မျှရှိသည်ကို နည်းမျိုးစုံဖြင့် ပြသနိုင်ကြောင်း ရှင်းပြပါ။ ကြည့်ရှုပုံ၊ ကိုယ်အမူအရာ၊ စကားပြောပုံ၊ အသံထွက်ပုံ၊ ပြောဆိုပုံ၊ သဘောသဘာဝအပြုအဆများ စသဖြင့်။<br><br>**အဆင့် ၂၄** = သင်တန်းသူများအား အခန်းတွင်းလှည့်လည်နိုင်းပါ။<br><br>**အဆင့် ၂၅** = ကိုယ့်ကိုယ်ကို ယုံကြည်မှု တိုးတက်လာစေရန် ပထမဆုံး အနေဖြင့် ရုပ်ပုံ၊ အသံ၊ အမူအရာများမှတဆင့် ရောက်ရှိနိုင်ကြောင်း သင်တန်းသားများကို ပြောပြပါ။<br><br>**အဆင့် ၂၆** = သင်တန်းတက်ရောက်သူများအား မိမိကိုယ်ကို ယုံကြည်မှု မရှိသည့် အမူအရာဖြင့် အခန်းတွင်းလှည့်လည်ပြီး မိမိကိုယ်ကိုယုံကြည်မှုမရှိသည့် ပုံစံနှင့် လိုက်လံနှုတ်ဆက်နိုင်းပါ။<br><br>**အဆင့် ၂၇** = ထို့နောက် မိမိကိုယ်ကို ယုံကြည်မှု ရှိသည့် အမူအရာဖြင့် အခန်းတွင်းလှည့်လည်ပြီး မိမိကိုယ်ကိုယုံကြည်မှုရှိသည့် ပုံစံနှင့် လိုက်လံနှုတ်ဆက်နိုင်းပါ။<br><br>**အဆင့် ၂၈** = သင်တန်းတက်ရောက်သူများကို စားပွဲသို့ ပြန်လာနိုင်းပါ။<br><br>**အဆင့် ၂၉** = သင်တန်းသား ၂-၄ ဦးခန့်ကို ပထမတစ်ကြိမ်နှင့် ဒုတိယတစ်ကြိမ်တွင် ဘယ်လို ခြားနားစွာ ခံစားရသလဲဟု မေးပါ။<br><br>**အဆင့် ၃၀** = ပြသရန် ပါဝါပွိုင့် - *အသံနေအသံထား၊ အမူအရာနှင့် တင်ပြပုံ*<br><br>**အဆင့် ၃၁** = မိမိကိုယ်ကို ပိုမိုယုံကြည်မှုရှိစေရန် လက်တွေ့ပြုလုပ်နိုင်သည့်အချက်များရှိကြောင်း သင်တန်း သူများအား ပြောပြပါ။ |

| | |
|---|---|
| | လက်တွေ့ပြုလုပ်နိုင်သည့်အချက်များရှိကြောင်း သင်တန်း သူများအား ပြောပြပါ။<br><br>**အဆင့် ၃၂** = ပါဝါပွိုင့်အချပ်တွင် ပြသထားသည့် အချက်များကို ပြီးခဲ့သည့် လေ့ကျင့်ခန်းတွင် သင်တန်းသူများ ဖြေဆိုခဲ့သည့်အချက်များနှင့် ဆက်စပ်ပြီး ဆွေးနွေးပေးပါ။<br><br>**ထုတ်နှုတ်ပြောဆိုပါ** - ပါဝါပွိုင့်တွင်ပြသထားသည့်အချက်များကို ပြုလုပ်ခြင်းဖြင့် သင်တန်းသူများအား ကိုယ့်ကိုယ်ကိုယုံကြည်မှု ပိုရှိစေရုံသာမက၊ ညှိနှိုင်းလုပ်ဆောင်ရာတွင် လည်းကောင်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းတွင်လည်း အကျိုးဖြစ်ထွန်းမည်ဖြစ်ပြီး အခြားသူများအပေါ်တွင်လည်း ယုံကြည်မှု ပိုရှိ လာစေမည်။ |
| [၅ မိနစ် ] | **အဆင့် ၃၃** = <u>**အပြုသဘောဆောင်သည့်**</u> စိတ်ဓါတ်က မိမိကိုယ်ကို ယုံကြည်မှုကို ဖြစ်ထွန်းစေသော ဒုတိယနည်းလမ်းဖြစ်ကြောင်း ရှင်းပြပါ။<br><br>**အဆင့် ၃၄** = အပြုသဘောဆောင်သည့်စိတ်ဓါတ်က မိမိကိုယ်ကို ယုံကြည်မှု တည်ဆောက်ရာတွင် ကူညီပေးနိုင်ကြောင်း ရှင်းပြပါ။ **ဤ**နေရာတွင် ကိစ္စများကို ကြည့်ရှုလျှင် အပြုသဘော ဆောင်သည့် စိတ်ဓါတ်နှင့် အပျက်သဘောဆောင်သည့် စိတ်ဓါတ် ဆိုသည့် နည်းလမ်းနှစ်ခုကို တွေ့ရှိရမည်ကို ရှင်းပြပါ။ ဥပမာ - ရေတဝက်ရှိသည် (အပြုသဘော) သို့မဟုတ် ရေတဝက်မရှိ (အပျက်သဘော) နှစ်မျိုးလုံးဖြင့်မြင်နိုင်ပါသည်။ သင်တန်းသူများက အပြုသဘောဖြင့် မြင်တတ်စေရန် လိုအပ်ပါသည်။<br><br>**အဆင့် ၃၅** = သင်တန်းတက်ရောက်သူများအား အခြေအနေများကို တတ်နိုင်သမျှ အပြုသဘော ရှုမြင်နိုင်အောင် ကြိုးစားကြရန် တိုက်တွန်းအားပေးပါ။ တစ်ခုခုနှင့်ပတ်သက်ပြီး အဆိုးမြင်မိလျှင် ထိုကိစ္စနှင့် ပတ်သက်ပြီး အပြုသဘောတွေးနိုင်မည့်နည်းကို အချိန်ယူ၍ ပြန်လည်စဉ်းစားနိုင်ရန် ကြိုးစားပါ။ |

| | |
|---|---|
| | **အဆင့် ၃၆** = အပြုသဘောဆောင်သည့် စိတ်ဓါတ်တစ်ခုရှိခြင်း၏ အကျိုးကျေးဇူးများကို တွေးတောစဉ်းစားနိုင်းပြီး စာရွက်ကြီးပေါ်တွင် ရေးချနိုင်းပါ။ |
| [၈ မိနစ် ] | **အဆင့် ၃၇** = **မိမိ၏အောင်မြင်မှုများ၊ ကိုယ်ပိုင်အရည်အသွေးများနှင့် မိမိ၏ထူးခြားချက်များကို အသိအမှတ်ပြုခြင်းသည်လည်း** မိမိကိုယ်ကို ယုံကြည်မှုများ တိုးမြင့်စေသော တတိယနည်းလမ်းဖြစ်သည်ဟု သင်တန်းသားများအား ပြောပါ။<br><br>**အဆင့် ၃၈** = မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ခြင်း၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုမှာ မိမိ၏ အောင်မြင်မှုများ၊ ကိုယ်ပိုင်အရည်အသွေးများနှင့် ထူးခြားသည့် အရည်အသွေးများကို အသိအမှတ်ပြု တန်ဖိုးထားခြင်း ဖြစ်သည် ဆိုသည့်အချက်ကို အလေးထားပြောကြားပါ။ **သင့်ကိုယ်သင် ယုံကြည်ပါ။**<br><br>**အဆင့် ၃၉** = သင်တန်းသူများကို နှစ်ယောက်တစ်တွဲတွဲခိုင်းပါ။<br><br>**အဆင့် ၄၀** = နှစ်ယောက်တစ်တွဲမှ အောက်ပါတို့ကို ချရေးရန် အချိန် ၅ မိနစ်ရမည် -<br>- ဘဝတွင် ယခုအချိန်အထိ မိမိကိုယ်ကို အအောင်မြင်ဆုံးဟု ထင်မြင်သည့် အရာတစ်ခု(အသက်အရွယ်အမျိုးမျိုးတွင် မိမိကျင်လည်ခဲ့သည့် ဘဝ အမျိုးမျိုးနှင့် ပတ်သက်ပြီး အောင်မြင်မှုမှာ အမျိုးမျိုးဖြစ်နိုင်ပါသည်။)<br>- မိမိကျွမ်းကျင်သည့်အရာ ၁ ခု<br>- မကျွမ်းကျင်သည့် အရာ ၁ ခုကို ချရေးနိုင်းပါ။<br><br>**အဆင့် ၄၁** = အတွဲများအနေဖြင့် စားပွဲဝိုင်းအတွင်းရှိ အခြားအတွဲများအား ၎င်းတို့ ဆွေးနွေးချက်များအား အချင်းချင်း ပြန်လည်မျှဝေနိုင်းပါ။<br><br>**အဆင့် ၄၂** = **ထုတ်နှုတ်ပြောဆိုပါ** -အားလုံးတွင် အောင်မြင်ခဲ့ဖူးသည့် |

| | |
|---|---|
| | ကိစ္စရပ်များ၊ ကျွမ်းကျင်သည့်အရာများ၊ အားသာချက်များ ရှိတတ်ကြောင်း ထောက်ပြပါ။ လေ့ကျင့်ခန်းလုပ်ပြီးနောက် မိမိတို့၏ ပါရမီထူးသည့် အချက်များနှင့် အရည်အချင်းများကို ထုတ်ဖေါ်ဂုဏ်ယူအသိအမှတ်ပြုသင့်ကြောင်းပြောပြပါ။ ယခုလေ့ကျင့်ခန်းကို အမြဲသတိရပြီး မကြာခဏဆိုသလို လုပ်ဆောင်ရန် လိုအပ်ပါသည်။<br><br>**အဆင့် ၄၃** = မိမိတို့၏အားသာချက်များ၊ အားနည်းချက်များကို ကိုယ်တိုင်သိရှိနိုင်စေရန် အဘယ့်ကြောင့် အရေးကြီးကြောင်း သင်တန်းတက်ရောက်သူများအား မေးမြန်းပါ။<br><br>**အဆင့် ၄၄ = ထုတ်နှုတ်ပြောဆိုပါ** - မိမိတို့၏ အားသာချက်များကို သိရှိနားလည်သဘောပေါက်ပြီး နည်းဗျူဟာကျကျဖြင့် အသုံးချမည်ဆိုပါက ဘဝတွင် မိမိတို့၏ အောင်မြင်မှုပန်းတိုင်များကို ရောက်ရှိနိုင်စေရန် များစွာအထောက်အကူပြုနိုင်ကြောင်း အားနည်းချက်များကို သိရှိပါကလည်း ယင်းနေရာတွင် တိုးတက်ကောင်းမွန်လာစေရန် နည်းဗျူဟာများချမှတ် လုပ်ကိုင်နိုင်ကြောင်းကို ရှင်းပြပါ။<br><br>ဥပမာ - အကယ်၍ လူမှုမီဒီယာကွန်ယက်ကို မည်သို့ အသုံးပြုရမည်ကို သင်သိပါက သင့်အဖွဲ့ ဘာတွေလုပ်ဆောင်နေသည်ဆိုတာကို ဖေ့စ်ဘွတ်တွင် သတင်းအချက်အလက်တင်ခြင်းဖြင့် ဖန်တီးနိုင်သည်၊<br><br>သို့သော်လည်း သင်သည် မြန်မာလက်ဟန်ပြ ဘာသာစကား (သို့မဟုတ် အခြားဒေသခံလက်ဟန်ပြဘာသာစကား) ကိုမသိပါက သင်၏ လှုပ်ရှားမှုများတွင် နားမကြားသူလူထုများကိုပါ ပါဝင်စေနိုင်သည်။<br><br>သင်၏ အစီအစဉ်၌ ကြိုဆိုနှုတ်ခွန်းဆက်အချိန်အတွင်း အခြေခံကျသော စကားလုံးများနှင့် ဝါကျများကို အသုံးပြုဖို့ သင့်သူငယ်ချင်းတစ်ဦးအား သင်ပြခိုင်းပါ။ |
| | **အဆင့် ၄၅** = <u>**တစ်ဦးချင်းဖွံ့ဖြိုးမှု**</u> မှလည်း မိမိကိုယ်ကို ယုံကြည်မှု တိုးတက်စေရန် စတုတ္ထနည်းလမ်း ဖြစ်သည်ဟု သင်တန်းသား များအား ပြောပြပါ။ |

| | |
|---|---|
| [၁၀ မိနစ်] | **အဆင့် ၄၆ = ထုတ်နှုတ်ပြောဆိုပါ** - ကိုယ့်အတွက်အရေးကြီးသည့်အရာများ၊ မိမိဖြစ်ချင်သည့်အရာများကို သိရှိခြင်းသည် ကိုယ့်ကိုယ်ကို ယုံကြည်မှုမြင့်မားလာစေရေးအတွက် ဖျိုးထောင်ရာတွင် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်ကို ထောက်ပြပါ။ ပန်းတိုင်များချမှတ်ပြီး ရောက်ရှိအောင် လုပ်ဆောင် ခြင်းသည် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။<br><br>**အဆင့် ၄၇ =** ယင်းကို လေ့ကျင့်ရန် ၂၀၂၀ ရွေးကောက်ပွဲတွင် ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ရန် ပန်းတိုင်ချမှတ်ပြီး မဲရုံလုပ်သား၊ စောင့်ကြည့်လေ့လာသူ၊ မဲပေးသူများကို ပညာပေးသူ၊ ရွေးကောက်ခံကိုယ်စားလှယ် စသဖြင့် ပါဝင်နိုင်စေရန် သင်တန်းသားများအား စဉ်းစားနိုင်းပါ။ **ထုတ်နှုတ်ပြောဆိုပါ** - နောက်ပိုင်းသင်ခန်းစာတစ်ခုတွင် အားလုံးပါဝင်အကျုံးဝင်သော ရွေးကောက်ပွဲများအကြောင်းကို အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သင်တန်းသားများအား ထောက်ပြပြောဆိုပါ။<br><br>**အဆင့် ၄၈ =** သင်တန်းတက်ရောက်သူများအား ၎င်းတို့၏ သင်ရိုးညွှန်းတမ်းအတွင်းမှ "ပန်းတိုင်ချမှတ်ခြင်း" လုပ်ငန်းမှတ်တမ်း စာမျက်နှာအား လှန်နိုင်းပါ။<br><br>**အဆင့် ၄၉ =** ရွေးကောက်ပွဲနှင့်ပတ်သက်သော သို့မဟုတ် အခြားသော အရေးကြီးသည်ဟု စဉ်းစားထားသည့် ပန်းတိုင်ကို သင်တန်းသားများအား ချရေးနိုင်းပါ။ ဒါ့အပြင် သင်တန်းသားများအနေဖြင့် မိမိတို့လိုအပ်သော စွမ်းရည်များကိုပါ စာရွက်ပေါ်တွင် ချရေးနိုင်သည်။<br><br>**ထုတ်နှုတ်ပြောဆိုပါ** - အကယ်၍ စွမ်းရည်များအားလုံးကို ချရေးရန် အချိန်မရှိပါကလည်း အဆင်ပြေသည်ဟု ပြောပြပါ။<br><br>**ထုတ်နှုတ်ပြောဆိုပါ** - သင်တန်းသားများအား သူတို့၏ ပန်းတိုင်များ |

| | |
|---|---|
| | အောင်မြင်မှုရရှိရန် တစ်ဦးချင်းလုပ်ငန်းအစီအစဉ်တစ်ခု မည်ကဲ့သို့ ဖန်တီးရမည်ကို နောက်လာမည့် သင်ခန်းစာတွင် အသေးစိတ်ဆွေးနွေး ရမည်ကို ပြောပြပါ။ လုပ်ငန်းမှတ်တမ်းစာရွက်တွင် ရေးသားရန် အချိန် ၅ မိနစ်ရမည်။ (သင်တန်းဆရာလက်စွဲ - အကယ်၍ အမြင်အာရုံမသန်စွမ်း သူများ ပါဝင်နေပါက သူတို့အတွက် လုပ်ငန်းမှတ်တမ်းစာရွက်တွင် ဖြည့်ရန် ကူညီပေးဖို့လိုအပ်သည်။)<br><br>**အဆင့် ၅၀** = သင်တန်းတက်ရောက်သူများထဲမှ သူတို့၏ ပန်းတိုင်အား ပြန်လည်မျှဝေချင်သူရှိသလား မေးပါ။ ၂-၃ ဦး ကို ပြန်ပြောပြခိုင်းပါ။<br><br>**အဆင့် ၅၁** = **ထုတ်နှုတ်ပြောဆိုပါ** - ကျွမ်းကျင်မှုရှိလာခြင်းဖြင့် ယုံကြည်မှု နှင့် လေးစားမှုများလည်း တိုးပွားလာမည်ဖြစ်ကြောင်း ရှင်းပြပါ။ ဥပမာအားဖြင့် မိမိတို့၏တစ်ဦးချင်း တိုးတက်မှုအတွက် **ဤ**အဆင့်သည် အမှန်တကယ်ပင်အရေးကြီးပါသည်။<br><br>**အဆင့် ၅၂** = သူတို့၏ လုပ်ငန်းမှတ်တမ်းစာရွက်ကို သင်တန်းသားများ အနေဖြင့် သင်တန်းပြီးနောက်ပိုင်း ၎င်းတို့၏ တစ်ဦးချင်းအစီအစဉ်ချမှတ် သည့်အချိန်တွင် ကိုးကားနိုင်သည်။ |
| [၂ မိနစ် ] | **အဆင့် ၅၃** = <u>**အင်အား တောင့်တင်းပြီး ပံ့ပိုး ကူညီတတ်သည့် အသိုင်းအဝန်း တစ်ခုရှိခြင်းက**</u> မိမိကိုယ်ကို ယုံကြည်မှုကို မြှင့်တင်ပေးရန် များစွာ အထောက်အပံ့ဖြစ်စေသည့် ပဋ္ဌမ နည်းလမ်း ဖြစ်သည်ဟု သင်တန်းသားများအား ပြောပါ။<br><br>**အဆင့် ၅၄** = အင်အားတောင့်တင်းပြီး ပံ့ပိုးကူညီတတ်သည့် အသိုင်းအဝန်းတစ်ခုရှိခြင်းက မိမိကိုယ်ကို ယုံကြည်မှုကို မြှင့်တင်ပေးရန် များစွာအထောက် အပံ့ဖြစ်စေကြောင်းရှင်းပြပါ။ ယင်းအသိုင်း အဝန်းသည် အလုပ်မှလုပ်ဖော်ကိုင်ဖက်များနှင့် ဆက်စပ်သည့် လုပ်ငန်းခွင် အသိုင်းအဝန်း၊ သို့မဟုတ် ရပ်ရွာလူမှုအသိုင်းအဝန်း သို့မဟုတ် အိမ်တွင် မိသားစုဝင်များ အားလုံးဖြစ်နိုင်ပါသည်။ ယုံကြည်ရသည့်သူငယ်ချင်းများ၊ လုပ်ဖော် ကိုင်ဖက်များ၊ မိသားစုဝင်များအားလုံးအား မိမိအစီအစဉ်များ၊ အကြံဥာဏ်များကို ပြောပြနိုင်ပြီး သူတို့၏ ထင်မြင်ယူဆချက်များကိုလည်း |

| | |
|---|---|
| | တောင်းခံနိုင်ပါသည်။<br><br>**အဆင့် ၅၅** = သင်တန်းသားများအား စားပွဲပေါ်တွင်ရှိနေသော လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွဲနိုင်းပါ။ **ထုတ်နှုတ်ပြောဆိုပါ** - တစ်ဦးနှင့်တစ်ဦး လက်တွဲထားခြင်း သင်္ကေတသည် ကွန်ယက်သဖွယ် ချိတ်ဆက်လုပ်ဆောင်နိုင်ရန်အတွက် ဟုပြောပြပါ။ ယခုသင်တန်း အစီအစဉ်တလျှောက်လုံးတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ကွန်ယက်များ ပိုမိုချိတ်ဆက် တိုးတက်အောင် လုပ်ကိုင်ခြင်းများကို ဆက်လက်သင်ယူရမည်ဖြစ်ကြောင်းရှင်းပြပါ။ |
| [၁၈ မိနစ်] | **အဆင့် ၅၆ = မိမိတို့တစ်ဦးချင်းစီ၏ အရည်အချင်းများနှင့် သူများထက်သာလွန်သည့် မိမိ၏အရည်အသွေးများကို အသိအမှတ်ပြုခြင်းဖြင့်** မိမိကိုယ်ကို ယုံကြည်မှုတိုးတက်စေမည့် ဆဋ္ဌမမြောက်နည်းလမ်းဖြစ်သည်ဟု သင်တန်းသားများအား ပြောပါ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုမှာ မိမိ၏ ကိုယ်ပိုင်အရည်အချင်းများ၊ ကျွမ်းကျင်မှုများနှင့် အရည်အသွေးများကို အသိအမှတ်ပြုပြီး တန်ဖိုးထားခြင်းပင်ဖြစ်ကြောင်းကို အလေးထား ပြောကြားပါ။ **ကိုယ့်ကိုယ်ကို ယုံကြည်ပါ။**<br><br>**အဆင့် ၅၇** = စားပွဲဝိုင်းတွင်ရှိသော မိမိတို့အဖွဲ့အနေဖြင့် ပုံတစ်ပုံစီဆွဲပြီး စာရွက်ထိပ်တွင် ကိုယ့်နံမည်ကို ရေးနိုင်းပါ။ (သင်တန်းဆရာမှတ်စု - သူတို့ကိုယ်တိုင်ဆွဲနိုင်သည် သို့မဟုတ် သူ၏ သူငယ်ချင်းအဖေါ်ကိုလည်း ဆွဲနိုင်းပြီး ဖော်ပြနိုင်သည်။) သူတို့နှီတွင်ရှိသော တကယ် ကောင်းမွန်စွာ လုပ်နိုင်သော အရည်အသွေးတစ်ခုကို ရေးသင့်သည်။ လုပ်ဆောင်ရန် အချိန် ၇ မိနစ် ပေးပါ။<br><br>**အဆင့် ၅၈** = စာရွက်ကြီးကို အခြားစားပွဲဆီသို့ လက်ကမ်းပေးပါ။<br><br>**အဆင့် ၅၉** = ထို့နောက်စာရွက်ကို မိမိဘေးတွင်ထိုင်နေသူအားကမ်းပေးနိုင်းပြီး စာရွက်ရသူက မိမိရသည့်ပုံကိုရေးဆွဲသည့် |

| | |
|---|---|
| | စာရွက်ပိုင်ရှင်နှင့်ပတ်သက်ပြီး အပြုသဘော ဆောင်သည့် အချက်များကို ရေးနိုင်းပါ။ အုပ်စုထဲပါဝင်သူအားလုံးက စာရွက် အသီးသီးတွင် စာရွက်ပိုင်ရှင်နှင့်ပတ်သက်ပြီး တစ်ခုစုရေးပြီးသည်အထိ ဆက်လက် လုပ်ဆောင်ပါ။<br><br>**အဆင့် ၆၀ =** စာရွက်ကြီးကို ပုံပါအတိုင်း ဖြတ်နိုင်းပြီး သင်တန်းသား များအား မိမိတို့၏ ပုံနှင့် အရည်အသွေးများကို သိစေရန် အိမ်သို့ ယူဆောင်နိုင်းပါ။ ထို့နောက်စာရွက်ပိုင်ရှင်ထံ စာရွက်ကိုပြန်ပေးနိုင်းပြီး မိမိတို့၏ အပြု သဘောဆောင်သည့် အရည်အသွေးများကို အမြဲတမ်းသတိရ၊ အမှတ်ရနေစေရန် အိမ်သို့ယူသွားနိုင်းပါ။ |
| [၂ မိနစ် ] | **အဆင့် ၆၀ = ထုတ်နှုတ်ပြောဆိုပါ** - သင်ခန်းစာတလျှောက်လုံးတွင် ကျွမ်းကျင်မှု နည်းပညာများကို ပြုစုပျိုးထောင်ခဲ့ပြီး၊ ယုံကြည်မှုများ ပိုမိုမြင့်တက်လာခြင်းကြောင့် သင်တန်းသူများအား ခေါင်းဆောင်တစ်ဦး ဖြစ်လာစေရန် တွန်းအား ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ထောက်ပြပါ။<br><br>**အဆင့် ၆၂ = သင်တန်းသားများအား ခြေစုံရပ်ပြီး ပျော်ပျော်ရွှင်ရွှင် လက်ခုတ်တီးရန် - စိတ်ခွန်အားတက်ကြွစေမည့် လုပ်ဆောင်မှုအချို့ဖြင့် အဆုံးသတ်ပါ။** *(သင်တန်းဆရာမှတ်စု - ထိုသို့ မလုပ်ဆောင်နိုင်သော သင်တန်းသားများအား မိမိတို့ တတ်နိုင်သော လှုပ်ရှားမှုအမျိုးမျိုးဖြင့် ပါဝင်နိုင်ခွင့်ပေးပါ။ )* |
| ကူညီပံ့ပိုးခြင်း မှတ်ချက် | လွန်ခဲ့သော နှစ်ရက်က သင်ကြားခဲ့ရသော ရွေးကောက်ပွဲဆိုင်ရာများနှင့် တစ်ဦးပိုင် အရည်အချင်း ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည့် အသင်းအဖွဲ့နှင့် လုပ်ဆောင်ခြင်း၊ ခေါင်းဆောင်မှု၊ လူအများ ရှေ့စကားထွက်ပြောခြင်းစသည် တို့သည် ကိုယ့်ကိုယ်ကို ယုံကြည်မှု တည်ဆောက်ရာတွင် အရေးပါသည့် အစိတ်အပိုင်း တစ်ခုဖြစ်သည်၊ ဒါ့အပြင် ခေါင်းဆောင်မှုတွင် အခြား အရေးကြီးသော စွမ်းရည်များဖြစ်သည့် ဇွဲစပ်ညှိနှိုင်းခြင်း၊ လူထုစည်းရုံးလှုံ့ ဆော်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ဆက်လက်သင်ကြား ရမည်ကို အလေးပေးပြောကြားပါ။ |

## ပန်းတိုင်တစ်ခုချမှတ်ခြင်း

# မိမိကိုယ်ကို ယုံကြည်မှု တည်ဆောက်ခြင်း

- မိမိကိုယ်ကို ယုံကြည်မှု ဆိုသည်မှာ မိမိကိုယ်တိုင်နှင့် မိမိ၏ အရည်အချင်းများ အပေါ် လက်တွေ့ကျပြီး အပြုသဘောဆောင်သည့် ရှုထောင့်မျိုးမှ ကြည့်တတ်လာစေသည့် သဘောထားအမြင် တစ်ခုပင်ဖြစ်သည်။
- မိမိကိုယ်ကို ယုံကြည်မှုဆိုသည်မှာ မိမိယုံကြည်သည့်အတိုင်း မြဲမြံခိုင်ကြည်စွာ ဆွဲကိုင်ပြောဆိုခြင်း၊ အကောင်းမြင်ပါ၊ စိတ်အားထက်သန်မှု၊ ချစ်ချစ်ခင်ခင်ရှိခြင်း၊ ဂုဏ်ယူတတ်ခြင်း၊ သူတစ်ပါး အပေါ်အမှီခိုကင်းခြင်း၊ ယုံကြည်မှုတည်ဆောက်နိုင်ခြင်း၊ ဝေဖန်မှုကိုကိုင်တွယ် နိုင်သည့်စွမ်းရည်၊ စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှု စသည့် ကိုယ်ရည်ကိုယ်သွေးများ ရှိခြင်းကို ဆိုလိုသည်။



# နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

### မိမိကိုယ်ကို ယုံကြည်မှု တည်ဆောက်ခြင်း

<u>ပန်းတိုင် တစ်ခု ချမှတ်ခြင်း</u>

၁။ အောက်တွင် သင်၏ ရည်မှန်းချက် ပန်းတိုင်အား ရေးသားပါ။

________________________________________

၂။ သင်၏ ရည်မှန်းချက် ပန်းတိုင်ကို ရရှိနိုင်ရန်အတွက် မည်သည့် ကျွမ်းကျင်မှုများ သင်လိုအပ်မည်နည်း။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

**သင်ရိုး (၃)**

**အခန်း – ၃။ လူအများရှေ့ စကားပြောခြင်း**

| | |
|---|---|
| သင်ရိုးအား ဖော်ပြချက်<br><br>လုပ်ဆောင်ချက်များလုပ်ရန် ကြာချိန်စုစုပေါင်း | ဤသင်ခန်းစာက သင်တန်းသားများကို တင်ဆက်ပြသခြင်းတစ်ခုအတွက် မည်ကဲ့သို့ ပြင်ဆင်ရမည်နှင့် မည်သို့ ဖြန့်ဝေပေးရမလဲ စသည်တို့ကို လက်တွေ့ကျကျ အကြံပေးလုပ်ဆောင်ခြင်းဖြင့် ဆွေးနွေးသွားမည်၊ အုပ်စုများ၏ရှေ့တွင် မိန့်ခွန်းတိုလေးတစ်ခု ပြင်ဆင် ပြုလုပ်ခြင်းဖြင့် တင်ဆက်ပြသမှုစွမ်းရည်ကို လက်တွေ့လုပ်ဆောင် သင်ယူရရှိခွင့်ကို သင်တန်းသားများမှ ရရှိမည်ဖြစ်သည်၊<br><br>၉၀ မိနစ် |
| လေ့လာသိရှိရမည့် အကြောင်းအရာများ | သင်တန်းသားများသည် ယုံကြည်စွာဖြင့် လူများရှေ့တွင် စကားပြောခြင်းစွမ်းရည်များ တိုးတက်သွားမည်၊ |
| လိုအပ်သည့် သင်ထောက်ကူ ပစ္စည်းများ | ဖော်ပြချက်နှင့် အကြံပြုချက်များပါ ကဒ်များ<br>*တင်ဆက်ပြသရန်အတွက် ရွေးအကြံပြုချက်များ ၁၀ ခု*<br>စာရွက်ကြီး<br>မာကာဘောပင်နှ<br>စက်ဝိုင်းနှင့် ကြယ်စတစ်ကာများ |
| [၅ မိနစ်] | **အဆင့် ၁** = စာရွက်ကြီးပေါ်တွင် လူအများရှေ့စကားပြောကောင်းသူသည် မွေးရာပါမဟုတ်ဘူး ကြိုးစားလာတာခြင်းကြောင့်သာဖြစ်သည်၊<br><br>**အဆင့် ၂** = ယခုဖော်ပြချက်နဲ့ပတ်သက်ပြီး သင်တန်းသားတွေရဲ့ ထင်မြင်ယူဆချက်ကဘာလဲ မေးပါ။<br><br>**အဆင့် ၃** = **ထုတ်နှုတ်ပြောဆိုပါ** - ဘာကိုအကြောက်ဆုံးနည်းဟု လူအများအပြားကို မေးကြည့်သောအခါ လူများရှေ့စကားပြောခြင်းဟု အများစုက ရည်ညွှန်းကြသည်ကို ထောက်ပြပြောဆိုပါ။<br><br>**အဆင့် ၄** = လူအများရှေ့ စကားပြောရခြင်းကို စိတ်လှုပ်ရှားပါသလား သင်တန်းသားများအားမေးပါ။<br><br>**အဆင့် ၅** = ယုံကြည်မှုရှိလာစေရန်နှင့် အရည်အချင်းပြည့်ဝသော တင်ဆက်သူတစ်ဦးဖြစ်ရန် သင်ယူ၍ရခြင်းသည် သတင်းကောင်းပင်ဖြစ်သည်၊ လူအုပ်စုရှေ့စကားပြောခြင်းအတွက် နည်းလမ်းများနှင့် အကြံပြုချက်များ အမြောက်အမြားရှိသည်။ သင်တန်းသားများအနေဖြင့် များများလေ့ကျင့်လေလေ ယုံကြည်မှုနှင့် စွမ်းရည်များ ပိုမို ပြည့်ဝလာမည်ဖြစ်သည်။ |
| [၄၀ မိနစ် ] | **အဆင့် ၆** = သင်တန်းသားများအား အခန်းနောက်သို့ ရွှေ့ခိုင်းပါ။ |

**အဆင့် ၇** = အကယ်၍ သင်သည် အစီအစဉ်တစ်ခုတွင်း ရှိနေပြီး (တင်ဆက်သူတစ်ဦးအဖြစ် သို့မဟုတ် ပရိသတ်တစ်ဦးပင်ဖြစ်စေ) ပရိသတ်များထဲမှ တစ်ဦးဦးအိပ်နေခြင်း သို့မဟုတ် မိုဘိုင်းဖုန်းသုံးနေသူများကို တွေ့ရှိခဲ့ပါ သလားဟု မေးမြန်းပါ။ သင်တန်းသားများအား အနေဖြင့် တွေ့ခဲ့ဖူးလျှင် လက်မြှောက်ခိုင်းပါ။

**အဆင့် ၈** = သင်တန်းသားမည်မျှခန့် (တစ်ဝက်၊ အများစု၊ အားလုံးနီးပါး စသည်ဖြင့် ) သူတို့၏ လက်ကိုမြှောက်လိုက်သလဲဆိုသည်ကို မှတ်သားပါ။

**အဆင့် ၉** = သင်တန်းသားများအား ယခု ဖော်ပြမည့် အကြံပြုချက်များ နှင့် နည်းလမ်းများ အချို့က ပရိသတ်၏ အာရုံစိုက်ခြင်းမှု လွတ်ထွက်မသွားအောင် ကူညီပေးနိုင်လိမ့်မည်ဟု သင်တန်းသားများအား ပြောပါ။

**အဆင့် ၁၀** = သင်တန်းသားများကို နှစ်ယောက်တစ်တွဲခိုင်းပါ။

**အဆင့် ၁၁** = တစ်တွဲကို တစ်ကဒ် ဝေပေးပါ။

**အဆင့် ၁၂** = သင်တန်းသား တစ်ဝက်ခန့်က တင်ဆက်ပြသ ဆိုတ်ဆက်မှုလုပ်ခြင်းများအတွက် အကြံပြုချက်များ ရရှိမည်၊ တခြားတစ်ဝက်ခန့်က အကြံပြုချက်များအတွက် ဖော်ပြချက်များကို လက်ခံရရှိမည်ဖြစ်သည်။ စုံတွဲများသည် ၎င်းတို့ရရှိထားသည်နှင့် ဘက်ညီသော တွဲဖက်စာတမ်းကို ရှာရမည်။ သင်တန်းတက်ရောက်သူများအား ၎င်းတို့အနေဖြင့် တွဲဖက်ညီတာတစ်ခု ရရှိပြီဆိုလျှင် ဘေးသို့ ရွှေ့ခိုင်းပါ။

**အဆင့် ၁၃** = သင်တန်းတက်ရောက်သူများအားလုံး ၎င်းတို့နှင့်တွဲဖက်ညီမည့် အတွဲများရရှိပြီးသည်နှင့် တပြိုင်နက် စုံတွဲနှစ်တွဲအား ၎င်းတို့၏ ဖော်ပြချက်များကို ကိုယ်ဟန်ပြဘာသာစကားသုံးပြီး ဝေမျှခိုင်းပါ။ အကယ်၍ တွဲဘက်ညီစွာ တွဲထားတာ မှန်ကန်ပါက ရှေ့သို့ အဆင့် -၁၄ သို့ ဆက်သွားပါ။ အကယ်၍ မှန်ကန်ခြင်း မရှိပါက ဒီထက်ပိုမှန်သော ဘက်ညီသည့် အရာများရှိသလားဟု မေးပါ။

**အဆင့် ၁၄** = မိမိကိုယ်ကို ယုံကြည်မှုသင်ခန်းစာအကြောင်း သင်တန်းသားများအား ပြန်လည်စဉ်းစားခိုင်းပါ။ လက်ဟန်ပြဘာသာစကားနှင့် ပတ်သက်သော လေ့ကျင့်ခန်းကို သတိရခိုင်းပါ။ သင်တန်းသား ၁-၂ ယောက်ခန့်ကို ကိုယ်ဟန်ပြ ဘာသာစကားသည် အစီစဉ်တင်ဆက်ပြသမှုကို မည်ကဲ့သို့ ပြောင်းလဲမှု ဖြစ်စေသနည်းဟု မျှဝေပြောပြခိုင်းပါ။

**အဆင့် ၁၅** = **ထုတ်နုတ်ပြောဆိုပါ** - မိမိပရိသတ်နှင့်

| | |
|---|---|
| | တောက်လျှောက်ဖြတ်သန်းလာခဲ့ရသော သဘောထားအမြင်များကို သိသာစေသော အပြုအမူဖြစ်သည်ကို ထောက်ပြဆွေးနွေးပါ။ **၎င်း**အရာသည် ကိုယ်ဟန်ပြဘာသာစကားနှင့် ဆက်စပ်သည်။ သင်တန်းတက်ရောက်သူများအနေဖြင့် ကိုယ့်ပရိတ်သတ်မှ အပြုသဘောဆောင်သော အမြင်နှင့် ယုံကြည်မှုရှိခြင်းကို ရယူဖန်တီးနိုင်ရန် ၎င်းတို့၏ အနေနဲ့ လုပ်နိုင်မည်ဟု စိတ်ကူးထားသည့် အကြံဉာဏ်များကို ဝေမျှခိုင်းပါ။<br><br>**အဆင့် ၁၆** = "နှုတ်ဖြင့်ဆက်သွယ်ပြောဆိုခြင်း" ကို ရရှိသော အဖွဲ့အား ၎င်းတို့၏ ဖော်ပြချက်များကို အုပ်စုများအား မျှဝေခိုင်းပါ။ အကယ်**၍** တွဲဖက်ညီမှုသည် မှန်ကန်ပါက အဆင့် - ၁၇ ကိုရွှေ့ပါ။ အကယ်**၍** မှားယွင်းပါက သင်တန်းသားများအနေဖြင့် ပိုပြီး တွဲဖက်ညီမှုရှိသော အရာများ ရှိနိုင်သေးလား မေးပါ။<br><br>**အဆင့် ၁၇** = စကားပြောနည်းနှင့်အတူ စကားပြောသည့်အခါ သုံးစွဲသော စကားလုံးအခေါ်အဝေါ်တွေကလည်း အရေးကြီးကြောင်း ရှင်းပြပါ။ အသံတိုးတိုးဖြင့် စကားပြောခြင်း။ သင်တန်းသားများအား " ဤကဲ့သို့ " တင်ဆက်မှုပြုလုပ်တာကို သင်တန်းသားများအနေဖြင့် မည်သို့ထင်မြင်သလဲမေးပါ။ ( သင်ပြောတာကို တခြားသင်တန်းသူများ နားမလည်နိုင်ပါ။ ) အသံကျယ်ကျယ်ဖြင့် စကားပြောခြင်း - သင်တန်းသားများအား "ဤကဲ့သို့" တင်ဆက်မှုပြုလုပ်တာကို သင်တန်းသားများအနေဖြင့် မည်သို့ထင်မြင်သလဲမေးပါ။ ဤနှစ်ခုတွင် မည်ကဲ့သို့ ကွာခြားချက်တွေရှိသနည်း။<br><br>**အဆင့် ၁၈ = ထုတ်နှုတ်ပြောဆိုပါ** - အသံကျယ်ကျယ်ပြောခြင်းသည်လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိကြောင်း ပြသသည်ဟု ထောက်ပြပြောဆိုပါ။ အကယ်၍ ဘာသာရပ်အကြောင်း သင်များများသိသည်။ သို့သော် သတင်းအချက်အလက် သိပ်မသိသလို ပုံစံဖြင့် စကားပြောမည် ဆိုပါက ကျမ်းကျင်သူတစ်ဦးအဖြစ် ပရိသတ်ကို စည်းရုံးသိမ်းသွင်းရန် ခက်ခဲသွားမည်ဖြစ်သည်။<br><br>**အဆင့် ၁၉ = ထုတ်နှုတ်ပြောဆိုပါ** - မိမိရွေးချယ်သုံးနှုန်းသည့် စကားလုံးများကလည်း မိမိကိုယ်ကို ယုံကြည်မှုကို ထုတ်ဖော်ပြသပါသည်။ ဥပမာ - ခွင့်ပြုချက်တောင်းဆိုရန် မလိုအပ်ပါ - " ကျွန်တော်/ကျွန်မ တစ်ခု ထပ်ပေါင်းလို့ ရမလား" - အဲဒီအစား " ကျွန်တော် တစ်ခုခုကို ရှင်းလင်းချင်တယ် " လို့သုံးတာက ယုံကြည်မှု ရှိနိုင်သည်၊<br><br>**အဆင့် ၂၀** = သင်တန်းသားများအား "မိန့်ခွန်းပြောဆိုသည့်အကြောင်းအရာ" သူတို့ကို ဖော်ပြမျှဝေခိုင်းပါ။ အကယ်**၍** တွဲဖက်ညီမှုရှိပါက အဆင့်- ၂၁ ကို ရွှေ့ခိုင်းပါ။ အကယ်**၍** တွဲဖက်မညီပါက သင်တန်းသားများအား ပိုပြီး တွဲဖက်ညီမှုရှိသော အရာများ ရှိသေးလား မေးပါ။ |

**အဆင့် ၂၁ = ဤ**အဓိပ္ပါယ်ဖွင့်ဆိုရက်တွင် မိန့်ခွန်းတည်ဆောက်ပုံနှင့် မိန့်ခွန်းထုတ်နုတ်ပြင်ဆင်ခြင်း ဟုအရေးကြီးသော အချက်နှစ်ချက်ရှိသည်ကို ရှင်းပြပါ။

**အဆင့် ၂၂** = သင်တန်းသားများအား မည်ကဲ့သို့ ဆိုလိုသနည်း သိသလားမေးပါ၊ အောက်ပါများကိုသုံးပြီး အစဖော်ပေး၍ ပြောပြနိုင်ပါ -

- *မိန့်ခွန်းတစ်ခုတွင် လက်တွေ့ကျသော အစီအစဉ်နောက် လိုက်ခြင်းကို တည်ဆောက်ပုံဟု ဆိုလိုသည်၊*
- *မိန့်ခွန်းတွင် သုံးစွဲမည့် ဝေါဟာရတွေကို ပရိသတ်များက နားလည်သဘောပေါက်ပြီး သူတို့အတွက် လုံလောက်သော အဓိပ္ပါယ် ပုံဖိုးခြင်း(သို့သော် အလွန်များပြားခြင်းမဟုတ်) များကို ထုတ်နုတ်ပြင်ဆင်ခြင်းဟု ခေါ်သည်၊*

**အဆင့် ၂၃ = ထုတ်နုတ်ပြောဆိုပါ** - အဆိုပါ တင်ဆက်ပြသမှု အကြောင်းအရာကို ပရိသတ်များ သိရှိအောင် လုပ်သင့်ကြောင်းထောက်ပြဆွေးနွေးပါ။ ဥပမာ အားလုံးအကျုံးဝင် ပါဝင်သော ရွေးကောက်ပွဲအကြောင်းကို ရွေးကောက်ပွဲ ကော်မရှင်များအား တင်ဆက်ပါက သင့်အနေဖြင့် မသန်စွမ်းများအကျုံးဝင်သော ရွေးကောက်ပွဲ ဆိုတာ ဘာလဲဆိုတာ ပိုမိုဦးစားပေးပြောဆိုပြီး ရွေးကောက်ပွဲအကြောင်းကို နည်းနည်းဘဲ ပြောသင့်သည်။ မသန်စွမ်းမှုဆိုင်ရာ အခြေခံသတင်း အချက်အလက်တစ်ခု ထည့်ရန် သင်လိုအပ်သည်၊ အပြန်အလှန်အားဖြင့် သင်သည် လူမှုဝန်ထမ်းဦးစီးဌာနအား တင်ဆက်နေပါက အဘယ်ကြောင့် မသန်စွမ်းအခွင့်အရေးများအတွက် အားလုံးအကျုံးဝင်သော ရွေးကောက်ပွဲ အရေးကြီးသည်ကို အလေးပေးပြောရမည်။ ဖြစ်နိုင်မည်ဆိုရင်ဖြင့် မသန်းစွမ်းမှု အခြေခံအကြောင်း အချက်အလက်များ သင့်အနေဖြင့် လိုအပ်ချင်မှ လိုအပ်လိမ့်မည်ဖြစ်သည်၊

**အဆင့် ၂၄** = "ပို့ချပြောဆိုသည့်နည်းလမ်း"က ဘာလဲဟု အုပ်စုများအား မေးပါ။ အကယ်**၍** တွဲဖက်ညီမှုမှန်ကန်ပါက အဆင့်-၂၅ သို့ ရွှေ့ပါ၊ အကယ်**၍** တွဲဖက်တာ မမှန်ပါက သင်တန်းသားများအား ပိုပြီး တွဲဖက်ညီမှုရှိသော အရာများ ရှိသေးလား မေးပါ။

**အဆင့် ၂၅** = သင်တန်းသားများအား ကွဲပြားသော သင်ယူခြင်းပုံစံများ ရှိတာကို ပြောပြပါ။

**အဆင့် ၂၆** = နားထောင်ခြင်းမှ သင်ယူခြင်းကို ကြိုက်ပါက သင်တန်းသားများအား လက်မြှောက်ခိုင်းပါ။ လူဘယ်နှစ်ယောက် လက်မြှောက်သလဲမှတ်ထားပါ။

**အဆင့် ၂၇** = စာဖတ်ခြင်းမှ သင်ယူရတာကို ကြိုက်နှစ်သက်သလား သင်တန်းသားများအား မေးပါ။ လူဘယ်နှစ်ယောက်

| | |
|---|---|
| | လက်မြှောက်သလဲမှတ်ထားပါ။<br><br>**အဆင့် ၂၈** = ဗွီဒီယို သို့မဟုတ် ပုံ ကြည့်ခြင်းမှ သင်ယူရတာကို ကြိုက်နှစ်သက်သလား သင်တန်းသားများအား မေးပါ။ လူဘယ်နှစ်ယောက် လက်မြှောက်သလဲမှတ်ထားပါ။<br><br>**အဆင့် ၂၉** = လှုပ်ရှားခြင်းမှ သင်ယူရတာကို ကြိုက်နှစ်သက်သလား သင်တန်းသားများအား မေးပါ။ လူဘယ်နှစ်ယောက် လက်မြှောက်သလဲမှတ်ထားပါ။<br><br>**အဆင့် ၃၀ = ထုတ်နုတ်ပြောဆိုပါ** - သင်တန်းသားများမှ ကွဲပြားသော သင်ယူခြင်းနည်းလမ်းများကို နှစ်သက်ကြောင်းကို ရည်ညွှန်းကြသည်ကို ညွှန်ပြပြောဆိုပါ။ ပရိသတ်များလည်း အတူတူပါဘဲ၊ တစ်ခါတစ်ရံ ပရိသတ်များသည် လှုပ်ရှားမှုတွင် သူတို့ကိုယ်တိုင် ပါဝင်ရပါက ပိုမိုပြီး အာရုံစိုက်မှုရှိကြသည်ကို ရှင်းပြပါ။ လှုပ်ရှားမှုတစ်ခုလုပ်ရန် မသင့်တော်သော အခြား အခြေအနေများတွင် ပါဝါပွိုင့်ပြသခြင်းဖြင့် သူတို့ ပိုမိုသိအောင်လုပ်ရသည်။ ဥပမာ - လူ ၈၀ လောက်ရှိသော အစမ်းအနား တစ်ခုတွင် လှုပ်ရှားမှုတစ်ခုပြုလုပ်ရန် ဖြစ်နိုင်မည် မဟုတ်ပါဘူး။<br><br>**အဆင့် ၃၁** = "ကြိုတင်ပြင်ဆင်မှု" အုပ်စုအား သူတို့ဖော်ပြချက်များကို မျှဝေခိုင်းပါ။ ( နောက်ဆုံးအုပ်စုဖြစ်သင့်သည်။)<br><br>**အဆင့် ၃၂** = ကြိုတင်ပြင်ဆင်မှုသည် လူအများရှေ့စကားပြောခြင်းတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်းပြောပြပါ။<br><br>**အဆင့် ၃၃** = သင်တန်းသားများအား မိနစ်ခွန်းတစ်ခုအတွက် ကြိုတင်ပြင်ဆင်တဲ့အခါ ဘာတွေလုပ်ကြသလဲဟု မေးမြန်းပါ။<br><br>**အဆင့် ၃၄ = ထုတ်နုတ်ပြောဆိုပါ** - လေ့ကျင့်ခြင်းသည် အရေးကြီးသည်ကို ထောက်ပြပြောဆိုပါ။ စင်ပေါ်မတက်ခင် သို့မဟုတ် စင်နောက်တွင် ရှိနေချိန်တွင် သူတို့ပြောမည့် အကြောင်းအရာအပေါ် နှံ့နှံ့စပ်စပ် သိထားပြီး ယုံကြည်မှုရှိနေသင့်သည်။<br><br>**အဆင့် ၃၅** = သင်တန်းတက်ရောက်သူများအား ၄င်းတို့၏ အုပ်စုများတွင် အဖွဲ့ဝင်သစ်များနှင့်အတူ စားပွဲသို့ ပြန်လာခိုင်းပါ။ |
| [၄၀ မိနစ် ] | **အဆင့် ၃၆** = သင်တန်းတက်ရောက်သူများအား ၄င်း၏အုပ်စုများနှင့် တင်ဆက်မှုအသေးစား တစ်ခု ပြင်ဆင်ရမည်ဖြစ်ကြောင်းပြောဆိုပါ။<br><br>**အဆင့် ၃၇ = ထုတ်နုတ်ပြောဆိုပါ** - လက်စွဲစာအုပ်ပါ စာမျက်နှာ (၈၄) တွင် လတ်တလောတွင် ဆွေးနွေးခဲ့သော လူအများရှေ့စကားပြောခြင်းနှင့် ပတ်သက်၍ အကြံပြုချက်များကိုကြည့်ဆွေးနွေးနိုင်သည်။<br><br>**အဆင့် ၃၈** = အားလုံးအကျုံးဝင်သော ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ခေါင်းစဉ်တစ်ခုကို အုပ်စုအတွင်း ပြင်ဆင်ရန် သင်တန်းသားများအား ရှင်းပြပါ။ သင်တန်း သင်ရိုး - ၁ သို့မဟုတ် သင်ရိုး-၂ တွင် သင်ယူခဲ့ရသော အရာတစ်ခုခုကိုလည်း တင်ဆက်မှုပြုလုပ်နိုင်သည်ဟု ပြောပြပါ။ အုပ်စုများမှ ပြင်ဆင်ချိန် ၂၅ မိနစ်ရမည်၊ အုပ်စုတစ်ခုစီမှ လူတစ်ဦးစီအတွက် |

| | |
|---|---|
| | စကားပြောချိန် ၁ မိနစ်ရမည်(စုစုပေါင်း အုပ်စုတွင်းမှ တင်ဆက်ချိန် ၄ မိနစ် - သင်တန်းသား ၄ဦးဖြစ်လျှင်)။ စာရွက်ကြီးများ၊ မာကာဘောပဲန်များစသည်တို့ကိုလည်း အသုံးပြုကာ မျက်စိဖြင့်မြင်ရသော အထောက်အကူပစ္စည်းများပြု လုပ်နိုင်သည်ကို အမှတ်ရစေပါ။ တင်ဆက်မှုအပေါ် သင်တန်းသားများနှင့် သင်တန်းဆရာမှ ပြန်လည် သုံးသပ်ချက်များ ပေးမည်ကို ရှင်းပြပါ။<br><br>**အဆင့် ၃၉ = ထုတ်နုတ်ပြောဆိုပါ** - ဒါဟာ စစ်ဆေးခြင်းတော့မဟုတ်ဘူး သို့သော် လုံခြုံသော ပတ်ဝန်းကျင်တွင် လေ့ကျင့်ရန် အခွင့်အရေးတစ်ခုပင်ဖြစ်သည်။ သင်တန်းတက်ရောက်သူများအနေဖြင့် ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်မှုတစ်ခု ပြုလုပ်ခြင်းဖြင့် တခြားသူများဆီမှ သင်ယူခွင့်ရရှိအောင် ဆောင်ရွက်ရမည်။<br><br>**အဆင့် ၄၀** = သင်တန်းသားများအား ပြင်ဆင်ရန် အချိန် ၁၅ မိနစ်သာ ကျန်ကြောင်း သတိပေးပါ။<br><br>**အဆင့် ၄၁** =ပြင်ဆင်ရန် အချိန် ၁၀ မိနစ် ကျန်တော့ပြီဖြစ်ကြောင်း သင်တန်းသားများအား သတိပေးပါ။<br><br>**အဆင့် ၄၂** = ပြင်ဆင်ရန် အချိန် ၅ မိနစ်သာကျန်တော့ကြောင်း သင်တန်းသားများအား အမှတ်ရစေပါ။<br><br>**အဆင့် ၄၃** = အချိန် ၂၅ မိနစ်ကြာပြီးနောက် အုပ်စုတစ်ခုချင်းစီအား တင်ဆက်မှုလုပ်ခိုင်းပြီး အပြုသဘောဆောင်တဲ့ တုန့်ပြန်မှုများကို တင်ဆက်မှုအပြီးတွင် ပေးပါ။ တစ်မိနစ်အကြာ စကားပြောပြီး သင်တန်းသားများအား စကားပြောခြင်းကို ရပ်ခိုင်းပါ။ |

| | |
|---|---|
| [၅ မိနစ် ] | **အဆင့် ၄၄** = သင်တန်းတက်ရောက်သူများအား တင်ဆက်မှုအပေါ် ကျေးဇူးတင်ကြောင်း ပြောပါ။ လူအများရှေ့စကားပြောခြင်းတွင် ယုံကြည်မှုအသစ်ထုတ်ဖော်ခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ပြီးသည်ကို ထောက်ပြပါ။<br><br>**အဆင့် ၄၅** = " ထိရောက်မှုရှိသော တင်ဆက်မှု" စာရွက်ကြီးပေါ်တွင် ကော်လံ ၃ ခုဆွဲပြီး ရေးပါ။ ကော်လံတစ်ခုတွင် စိတ်ဆိုးတဲ့မျက်နှာ ၊ မျက်နှာတည်တည်၊ ပြုံးနေသောမျက်နှာတစ်ခုစီဆွဲပါ။<br><br>**အဆင့် ၄၆** = သင်တန်းသားများအား ၄င်းတို့အနေဖြင့် ယခုနေမတိုင်ခင် လူများရှေ့စကားပြောခြင်းနှင့် ပတ်သက်ပြီး မည်သို့ခံစားရသည်ကို ဖော်ပြသော ကော်လံတစ်ခုတွင် စက်ဝိုင်းပုံစတစ်ကာတစ်ခုကို ကပ်ခိုင်းပါ။ ၄င်းအပြင် အခုလက်ရှိ လူများရှေ့ စကားပြောခြင်းနှင့် ပတ်သက်ပြီး မည်သို့ ခံစားနေရသည်ကို ညွှန်ပြသော ကော်လံတစ်ခုတွင် ကြယ်ပုံစံ စတစ်ကာ တစ်ခုကို ကပ်ခိုင်းပါ။<br><br>**အဆင့် ၄၇** = ကော်လံတစ်ခုစီတွင် စက်ဝိုင်းပုံစတစ်ကာ မည်မျှရှိသည် နှင့် ကြယ်ပုံစတစ်ကာ မည်မျှရှိသည်ကို **မှတ်ထားပါ။**<br><br>**ထုတ်နှုတ်ပြောဆိုပါ** - သင်ခန်းစာမသင်ခင်ထက် လူအများရှေ့ စကားပြောခြင်းနှင့်ပတ်သက်ပြီး အခုအချိန်တွင် သင်တန်းသား အများကြီးဆီတွင် ပိုမိုယုံကြည်မှုရှိလာသည်ကို တွေ့ရသည်။<br><br>**အဆင့် ၄၈** = **ထုတ်နှုတ်ပြောဆိုပါ** - တင်ဆက်ခြင်းသည် တစ်ခါတစ်ရံတွင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း သို့မဟုတ် ညှိနှိုင်းဆွေးနွေးခြင်း လုပ်ဆောင်ခြင်းစသည့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤသည်ကို သင်တန်းပြင်ပ တစ်လျှောက်လုံးတွင်လည်း သင်တန်းတက်ရောက်သူများအနေဖြင့် စိတ်ထဲတွင် စွဲနေအောင် မှတ်ထားနိုင်သည်။ |
| ကူညီပံ့ပိုးခြင်း မှတ်ချက် | သင်တန်းသားများကို ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ၄င်းကို ပံ့ပိုး ကူညီပေးနိုင်သော ပတ်ဝန်းကျင် တစ်ခုဖန်တီး ပေးခြင်းသည် ဤသင်ခန်းစာတွင် အရေးကြီးသည့် ရည်မှန်းချက်ဖြစ်သည်။ |

အများပြည်သူရှေ့တွင် စကားပြောခြင်းအတွက် အကြံပြုချက် ကတ်များ

အများပြည်သူရှေ့တွင် စကားပြောခြင်းအတွက် ရမှတ်ကတ်များ

အများပြည်သူရှေ့တွင် စကားပြောခြင်း အကြံပြုချက်များ

သင်တန်းပို့ချသူအတွက် မှတ်ချက်။ ။ သင်တန်းမစမီတွင် ယခုစာရွက်အား မိတ္တူကူး၍ တစ်ကဒ်ချင်းစီကို ညှပ်ထားပါ။

| | |
|---|---|
| ခန္ဓာကိုယ်အမူအရာပြ ဘာသာစကား | ယုံကြည်ထိုက်ဖွယ်ဖြစ်ခြင်းကို တိုးမြှင့်ခြင်း နှင့် မိမိကိုယ်ကို ယုံကြည် မှုနှင့် ချိတ်ဆက်ခြင်း |
| နှုတ်ဖြင့် ဆက်သွယ်ခြင်း | အသံအတိမ်အနက် နှင့် စကားလုံးရွေးချယ်မှု |
| စကားပြောဆိုသည့် အကြောင်းအရာ | မိတ်ဆက်၊ အဓိကအပိုင်း နှင့် အပိတ် တို့ ပါဝင်မှုရှိခြင်း၊ နားထောင်နေသော ပရိသတ် နှင့် ကိုက်ညီမှုရှိသည့် တင်ပြမှုတစ်ခု အဖြစ် တည်ဆောက်ခြင်း |
| ပို့ချပြောဆိုသည့် နည်းလမ်း | တင်ပြသည့် နည်းစနစ်နှင့် အမူအရာ ဟန်ပန်သည် ဤအရာကို ပံ့ပိုးပေးသည်။ |
| ကြိုတင်ပြင်ဆင်မှု | တင်ပြခြင်းမပြုမီတွင်- အောက်ပါမေးခွန်းများကို ဖြေပါ။ ဘယ်သူ့ကိုလဲ။ ဘာအကြောင်း အရာလဲ။ ဘယ်အချိန်လဲ။ ဘယ်မှာလဲ။ ဘာကြောင့်လဲ။ ဘယ်လိုလဲ။ |

Page **1** of **1**

## နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော
## လက်တွေ့ဘဝဆီသို့

*ထိရောက်ကောင်းမွန်သော ဆွေးနွေးတင်ပြခြင်းများ*

အောက်ပါ ဇယားကွက်အတွင်းတွင် အဖွဲ့မှ ဆွေးနွေးချက်များအပေါ်တွင် မှတ်ချက်ပြုပေးပါ။
အဖွဲ့နံပါတ် - -------------

| | |
|---|---|
| ခန္ဓာကိုယ်အမူအရာပြ ဘာသာစကား | |
| နှုတ်ဖြင့် ဆက်သွယ်ခြင်း | |
| စကားပြောဆိုသည့် အကြောင်းအရာ | |
| ပို့ချပြောဆိုသည့် နည်းလမ်း | |
| ကြိုတင်ပြင်ဆင်မှု | |

## နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

*ထိရောက်ကောင်းမွန်သော ဆွေးနွေးတင်ပြ ခြင်းများ*

အောက်ပါ ဇယားကွက်အတွင်းတွင် အဖွဲ့မှ ဆွေးနွေးချက်များအပေါ်တွင် မှတ်ချက်ပြုပေးပါ။
အဖွဲ့ နံပါတ် - -------------

| | |
|---|---|
| ခန္ဓာကိုယ်အမူအရာပြ ဘာသာစကား | |
| နှုတ်ဖြင့် ဆက်သွယ်ခြင်း | |
| စကားပြောဆိုသည့် အကြောင်းအရာ | |
| ပို့ ချပြောဆိုသည့် နည်းလမ်း | |
| ကြိုတင်ပြင်ဆင်မှု | |

## နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

*ထိရောက်ကောင်းမွန်သော ဆွေးနွေးတင်ပြ ခြင်းများ*

အောက်ပါ ဇယားကွက်အတွင်းတွင် အဖွဲ့မှ ဆွေးနွေးချက်များအပေါ်တွင် မှတ်ချက်ပြုပေးပါ။
အဖွဲ့နံပါတ် - -------------

| | |
|---|---|
| ခန္ဓာကိုယ်အမူအရာပြ ဘာသာစကား | |
| နှုတ်ဖြင့် ဆက်သွယ်ခြင်း | |
| စကားပြောဆိုသည့် အကြောင်းအရာ | |
| ပို့ချပြောဆိုသည့် နည်းလမ်း | |
| ကြိုတင်ပြင်ဆင်မှု | |

## နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

*ထိရောက်ကောင်းမွန်သော ဆွေးနွေးတင်ပြခြင်းများ*

အောက်ပါ ဇယားကွက်အတွင်းတွင် အဖွဲ့မှ ဆွေးနွေးချက်များအပေါ်တွင် မှတ်ချက်ပြုပေးပါ။
အဖွဲ့နံပါတ် - -------------

| | |
|---|---|
| ခန္ဓာကိုယ်အမူအရာပြ ဘာသာစကား | |
| နှုတ်ဖြင့် ဆက်သွယ်ခြင်း | |
| စကားပြောဆိုသည့် အကြောင်းအရာ | |
| ပို့ချပြောဆိုသည့် နည်းလမ်း | |
| ကြိုတင်ပြင်ဆင်မှု | |

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော
လက်တွေ့ ဘဝဆီသို့
*ထိရောက်သော ပြောဆိုတင်ပြမှုများ*

**အများပြည်သူရှေ့ တွင်စကားပြောခြင်းအတွက် အကြံပြုချက်များ**

*ခန္ဓာကိုယ်အမူအရာပြ ဘာသာစကား နှင့် ပုံရိပ်*

- မိမိကိုယ်ကို ယုံကြည်စိတ်ချမှု ရှိပါ။
- မတ်တပ်ရပ်သည်ဖြစ်စေ၊ ထိုင်သည်ဖြစ်စေ၊ ခန္ဓာကိုယ်ကို မတ်မတ်ထားပါ။
- ပရိသတ်များနှင့် မျက်လုံးချင်းဆုံအောင် ကြည့်ပေးပါ။
- ပြုံးပါ။
- မိမိတက်ရောက်သော အခမ်းအနားနှင့် ကိုက်ညီမှုရှိပြီး သက်တောင့်သက်သာဖြစ်သော ဝတ်စုံကို ရွေးချယ်ဝင်ဆင်ပါ။
- အလွန်အမင်း လှုပ်ရှားမှုမပြုမိစေရန် သတိပြုပါ။ (ဥပမာ-လက်ဝှေ့ ရမ်းပြခြင်း)

*နှုတ်ဖြင့် ဆက်သွယ်ခြင်း*

- စကားပြောလျှင် ဖြေးဖြေးနှင့် ရှင်းလင်းစွာပြောပါ။ ပြောသူအတွက်မှာမူ အရမ်းနှေးကွေးသည်ဟု ထင်နိုင်သော်လည်း၊ နားထောင်သော ပရိသတ်ဖက်မှကြည့်လျှင် မနှေးကွေးပါ။
- စကားပြောရာတွင် အသံကို ကျယ်ကျယ်ပြောပါ။ သို့မှသာ နောက်ဖက်တွင်ရှိသော ပရိသတ်များ ကြားနိုင်မည်ဖြစ်သည်။ ပွဲမစမီတွင် သင့်မိတ်ဆွေများနှင့်အတူ လေ့ကျင့်ပါ။
- စကားလုံးရွေးချယ်မှုအတွက် ကြိုတင်စဉ်းစားပါ။

*မိမိ၏ အနေအထားကို အားနည်းစေမည့် အပြောအဆိုများကို ရှောင်ကြဉ်ပါ။*

- "ကျနော်/ကျမ ဒါလေးများ ထပ်ဖြည့်မယ်ဆိုရင် အဆင်ပြေနိုင်မလား" ဆိုသည့်ပုံစံမျိုးမပြောပါနှင့်။ "ကျနော်/ကျမ ဒါထပ်ဖြည့်ပြောချင်ပါတယ်" ဆိုသည့် ပုံစံမျိုးပြောပါ။
- ကိုယ့်ကိုကိုယ် အလွန်အမင်း မနှိမ့်ချပါနှင့်။ စကားပြောနိုင်သည့်အခွင့်အရေး သင့်ထံတွင်ရှိပါသည်။
- တောင်းပန်စကားကို မလိုအပ်ဘဲ ထပ်ခါတလဲလဲ မပြောပါနှင့်။ ဥပမာ "တောင်းပန်ပါတယ်၊ ကျနော်/ကျမ ဒါကို ရှင်းအောင်မပြောခဲ့ဘူး" ဟုမပြောပါနှင့်။ "ကျနော်/ကျမ ရှင်းအောင်ပြောပြပါ့မယ်" ဟု အစားထိုးပြောနိုင်ပါသည်။
- သင်ဆိုလိုသည့် အကြောင်းအရာကိုသာ ပြောဆိုပါ။ " ကျနော်/ကျမ ဒါလေးတော့ပြောချင် ပါတယ်" ဟုပြောမည့်အစား "ကျနော်/ကျမ ဒါကို ပြောချင်ပါတယ်" ဟု ပြတ်ပြတ်သားသားပြောပါ။

*စကားပြောသည့် အကြောင်းအရာ*

- သင်၏ ပရိသတ် နှင့် သင်ပေးမည့် သတင်းစကားကို သိရှိထားပါ။
- သင်ပြောမည့် မိန့်ခွန်း/စကား ကို ကြိုတင် တည်ဆောက်ထားပါ။
- မိတ်ဆက် (ပရိသတ်၏ အာရုံကို ရယူပါ။ သို့ မဟုတ် ပရိသတ်ကို မိတ်ဆက်စကား ပြောပါ။)
- သင်၏ အဓိကသတင်းစကား (သင့်အနေဖြင့် ပရိသတ်ကို အဓိက ပြောဆိုလိုသည့် အကြောင်းအရာ)
- နိဂုံးချုပ် (သင်ပြောခဲ့သော အကြောင်းအရာများကို အနှစ်ချုပ်ပြောကြားပြီး၊ ပရိသတ်အား မည်သည်တို့ ကို လုပ်ဆောင်စေလိုကြောင်း ပြောကြားပါ။)

**နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော**
**လက်တွေ့ ဘဝဆီသို့**
***ထိရောက်သော ပြောဆိုတင်ပြမှုများ***

*ပြောဆိုသည့် နည်းလမ်းများ*

- သင်ပြောမည့် မိန့်ခွန်း/စကား ကို မဖတ်ပါနှင့်။ ထိုသို့ဖတ်ကြားခြင်းက ပရိသတ်ကို ငြင်းရိစေပါသည်။
- သင်ပြောမည့် မိန့်ခွန်း/စကားကို မကျက်ပါနှင့်။
- သင်ပြောမည့် မိန့် ခွန်း/စကား ကို စာရွက်ပေါ်တွင်ဖြစ်စေ၊ ကဒ်ပေါ်တွင် ဖြစ်စေ မှတ်စုတိုတစ်ခုထုတ်၍ ပြင်ဆင်ပါ။
- အမြင်အာရုံကို အထောက်အပံ့ပေးမည့် ပစ္စည်းများကိုအသုံးပြုရန် စဉ်းစားပါ။
- လူများတွင် မတူညီသော လေ့လာမှုပုံစံအမျိုးမျိုးရှိသည်ကို သတိရပါ။

*လေ့ကျင့်ရန်အတွက် အကြံပြုချက်များ*

- တစ်စုံတစ်ယောက်၏ ရှေ့တွင် လေ့ကျင့်ပါ။
- သင်၏ တင်ပြမှု မစမီ ညတွင် ကောင်းမွန်စွာ အိပ်စက်ပါ။
- သင့်တော်သော အချိန်တွင် ရောက်ရှိနိုင်ရန် ကြိုးစားပါ။
- သင်၏ မိန့်ခွန်း/စကား ပြောဆိုမှုမစမီတွင် ပရိသတ်ထဲမှ အချို့နှင့် ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ပါ။ ထိုသို့ပြုလုပ်ခြင်းက မိမိနှင့် ပရိသတ်အကြား နွေးထွေးမှုကို ရရှိစေသည်။
- အသက်ဝဝ ရှူပါ။
- ပြုံးပါ။
- အချိန်ယူပါ။

Page **2** of **2**

**သင်ရိုး (၃)**

**အခန်း – ၄။ အစည်းအဝေးများ စီစဥ်ဆောင်ရွက်ခြင်း**

| | |
|---|---|
| **သင်ရိုး ဖော်ပြချက်**<br><br>စုစုပေါင်းကြာချိန် | သင်တန်းတက်ရောက်သူများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်သူများနှင့်စည်းဝေးတစ်ခု စီမံဆောင်ရွက်ခြင်းကို ကောင်းစွာ နားလည်သဘောပေါက်ပြီး၊ ကြိုတင်ပြင်ဆင်ခြင်း သည် ကောင်းမွန်သောရလဒ်များရရှိလာစေရန် အကူအညီထောက်ပံ့ပေးမှု၏ အရေးကြီးပုံကို နားလည်သဘောပေါက်လာမည်ဖြစ်သည်။ သင်တန်းတက်ရောက်သူများသည် အမြန်အလှန် တုံ့ပြန်သော နည်းလမ်းကို အသုံးပြုလုပ်ဆောင်ခြင်းအားဖြင့် သရုပ်ဖော်ဆောင်ရွက်ခြင်း လေ့ကျင့်ခန်းမှ လေ့လာနိုင်ရန် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါသည်။<br><br>၉၀ မိနစ် |
| လေ့လာမှုရလဒ် | သင်တန်းတက်ရောက်သူများအနေဖြင့် အစည်းဝေးတစ်ခု စီစဉ်ဆောင်ရွက်သည့်အခါ ဆောင်ရွက်ရမည့် အဓိကအခြေခံ အချက်အချို့ကို သိရှိမည်ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများနှင့် စည်းဝေးပွဲလုပ်ခြင်းသည် အပြောင်းအလဲ ကိုဖော်ရန် ဆောင်ရွက်သည့်အခါ၌ အရေးကြီးသည့် စည်းရုံးစေ့ဆော်သည့် နည်းလမ်း တစ်ခုဖြစ်ကြောင်း နားလည်လာမည်ဖြစ်သည်။ |
| သင်တန်းတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ နှင့် ရင်းမြစ်များ | |
| [၅ မိနစ်] | အဆင့် ၁ - သင်တန်းတက်ရောက်သူများအနေဖြင့် အစည်းဝေးတစ်ခုအား စီစဉ်ဆောင်ရွက်ခဲ့ပြီးပြီလား ဟုမေးမြန်းပါ။ ၄င်းတို့ပါဝင်ဆောင်ရွက်ခဲ့သော အစည်းဝေးများနှင့်ပါတ်သက်၍ ဥပမာအချို့အား ဖော်ပြရန် တောင်းဆိုပါ။<br><br>အဆင့် ၂ - စာရွက်အကြီးပေါ်တွင် "ဆုံးဖြတ်ချက် ချမှတ်သူများနှင့် အစည်းအဝေး" ဟု ရေးသားပါ။<br><br>အဆင့် ၃ - သင်တန်းတက်ရောက်သူများအား ဘာကြောင့် ၄င်းတို့အနေဖြင့် ဆုံးဖြတ် ချက်ချမှတ်သူများနှင့် တွေ့ဆုံပြီး သူတို့၏ ပြောကြားချက်များကို ချမှတ် ရေးသားထားရသလဲဟု မေးမြန်းပါ။ အောက်ပါအချက်အလက်များ ပါဝင်ပါစေ -<br>- အကြောင်းချင်းရာ ကိစ္စတစ်ခုအတွက် ညှိနှိုင်းဆွေးနွေး/အကူညီ ရယူရန်။<br>- လူထုအတွင်းမှ ပြဿနာတစ်ခုကို ၄င်းတို့အား အသိပေးအကြောင်းကြားရန်။<br>- ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ရန်။ |
| [၂၀ မိနစ်] | အဆင့် ၄ - သင်တန်းတက်ရောက်သူများအား ၄င်းတို့အနေဖြင့် အောင်မြင်သော |

| | |
|---|---|
| | အစည်းအဝေးတစ်ခုကို ဘယ်လိုစီစဉ်ဆောင်ရွက်ကြမလဲ ဆိုတာကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောပြပါ။ ဤဆွေးနွေးခြင်းတွင် အပိုင်းလေးပိုင်း ပါဝင်မည်ဖြစ်သည် - အစည်းဝေးအတွက် တွေ့ဆုံပွဲဆောင်ရွက်ရန် ကြိုတင်စီစဉ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ကျင်းပခြင်းနှင့် အစည်းဝေးမှ အကြောင်းအရာများအား ဆက်လက်ဆောင်ရွက်ခြင်းများ ဖြစ်သည်။<br><br>အဆင့် ၅ - သင်တန်းတက်ရောက်သူများအား ၎င်းတို့သင်ရိုးစာအုပ်၏ စာမျက်နှာ (၈၇) "အစည်းအဝေးတစ်ခု ဆောင်ရွက်ရန် အကြံပြုချက်များ"သို့ လှန်စေပါ။<br><br>အဆင့် ၆ - စားပွဲဝိုင်း တစ်ဝိုင်းစီမှ အဖွဲ့များအား ဖြစ်စဉ်မှ အဆင့် တစ်ဆင့်စီကို ဖတ်စေပါ။<br><br>အဆင့် ၇ - ပေးထားသော အဆင့်အား ဖတ်ပြီး ဆွေးနွေးနိုင်ရန် အချိန် ၁၀ မိနစ်ရှိကြောင်း အဖွဲ့များအား ပြောဆိုပါ။ မှတ်ချက် - ၎င်းတို့ ဆွေးနွေးထားသည့်အဆင့်အား အခြားသော အဖွဲ့များသို့ တင်ပြရမည်ဖြစ်သည်။<br><br>အဆင့် ၈ - အချိန် ၁၀ မိနစ် ပြည့်ပြီးလျှင် အဖွဲ့တစ်ဖွဲ့ချင်းစီက ၎င်းတို့ဆွေးနွေးချက်မှ အဓိကအချက်အလက်များကို တင်ပြခိုင်းပါ။ **ထုတ်နှုတ်ပြောဆိုပါ** - ဖြစ်စဉ်၏ အစိတ်အပိုင်းတိုင်းက အရေးကြီးကြောင်း ပြောပါ။ **အလေးထားပြောဆိုပါ** - သင့်အနေဖြင့် အစိုးရအဖွဲ့အစည်းများအား တစ်စုံတစ်ရာ လုပ်ဆောင်စေရန် ၎င်းတို့နှင့် အစည်းဝေး လုပ်ဆောင်မည်ဆိုလျှင် တိုက်ရိုက် "တောင်းဆိုခြင်း" အား ကြိုတင်ပြင်ဆင်သင့်သည်။ အစည်းဝေးတစ်ခုအတွက် ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားခြင်းသည် အောင်မြင်မှုကို ဆောင်ရွက်နိုင်ကြောင်း အလေးထားပြောဆိုပါ။ **ထုတ်နှုတ်ပြောဆိုပါ** - အစိုးရအဖွဲ့အစည်းများနှင့် စကားပြောသည့်အခါ အသုံးပြုသည့် အသံနေအသံထားသည် ပြောင်းလဲမှုရှိသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည်ပင်လျှင် အခြားတစ်ဦးဦးနှင့် စည်းဝေးလုပ်သည့်အခါ အသံပြောင်းနိုင်သည်။ ရှင်းလင်းပြီး တိကျ၍ ပုံမှန်အသံအတိုင်းအသုံးပြုသင့်သည်။ ကိုယ့်အတွက် အရေးကြီးသော အကြောင်းအရာ ကိစ္စတစ်ခုကို ဆုံးဖြတ်ချက်ချမှတ်သူများအား ပြောသည့်အခါ သင့်အသံကို မြှင့်၍ပြောဆိုခြင်း သို့မဟုတ် ရန်လုပ်ပြီး ပြောဆိုခြင်း မလုပ်လျှင် ၎င်းတို့အနေဖြင့် အလွယ်တကူ လက်ခံယုံကြည်စေသည်။ |
| [၃၀ မိနစ်] | အဆင့် ၉ - အစိုးရအဖွဲ့အစည်းများနှင့် အစည်းဝေးပြုလုပ်ခြင်းတွင် ကောင်းမွန်သော အလေ့အထကောင်းများကို ဆွေးနွေးခဲ့ပြီဖြစ်ကြောင်း သင်တန်းသားများအား ပြောဆိုပါ။ ထို့နောက် သင်တန်းတက်ရောက်သူများအနေဖြင့် ယခု အချိန်တွင် လက်တွေ့လုပ်ဆောင်ရန် အခွင့်အရေးရှိမည်ဖြစ်ကြောင်း ပြောဆိုပါ။<br><br>အဆင့် ၁၀ - သင်တန်းတက်ရောက်သူများအား အတွဲများအဖြစ် တွဲခိုင်းပါ။<br><br>အဆင့် ၁၁ - အတွဲတစ်တွဲစီတိုင်းက သတ်မှတ်ထားသော အခန်းကဏ္ဍနေရာများမှ တစ်ခုအား ပေးပါ။<br><br>အဆင့် ၁၂ - သင်တန်းတက်ရောက်သူများအား အတွဲတစ်တွဲမှ လူတစ်ဦးက |

| | |
|---|---|
| | အခန်းကဏ္ဍတစ်ခုအား ရယူရလိမ့်မည်ဖြစ်ကြောင်း ပြောပါ။ ၄င်းတို့အနေဖြင့် (အရှိန်အများဆုံး ၅ မိနစ်ကြာမည့်) အစည်းဝေးအတွက် ပြင်ဆင်ရန် အချိန် ၁၀ မိနစ်ရှိကြောင်းပြောဆိုပါ။ **ထုတ်နှုတ်ပြောဆိုပါ** - ၄င်းတို့အနေဖြင့် အစည်းဝေးတွင် ပါဝင်မည့်သူ၏ အခန်းကဏ္ဍအား စိတ်ကူးပုံဖော်ဖို့ လိုအပ်ကြောင်း ပြောဆိုပါ။ မသန်စွမ်းသူများအားလုံးပါဝင်ခွင့်နှင့် ပါတ်သက်၍ ကောင်းကောင်းမသိသော ဆုံးဖြတ်ချက်ချမှတ်သူ တစ်ယောက်အဖြစ်လည်း သရုပ်ဆောင်ရနိုင်သည်။ **အလေးထားပြောဆိုပါ** - ဤအခွင့်အရေးသည့် အစိုးရ အရာရှိတစ်ဦး၏ အမြင်ကို ပိုမိုနားလည်နိုင်မှုရှိစေနိုင်ကြောင်း ပြောဆိုပါ။<br><br>အဆင့် ၁၃ - ပြင်ဆင်ချိန် ၅ မိနစ်ပြည့်လျှင် သင်တန်းသားများအား လက်ကျန် အချိန် ၅ မိနစ်အား သတိပေးပြောဆိုပါ။<br><br>အဆင့် ၁၄ - အစည်းဝေးအတွက် အချိန် ၅ မိနစ်ပဲရှိကြောင်း ပြောဆိုပြီး သင်(သင်တန်းပို့ချသူ)အနေဖြင့် အချိန်ကို မှတ်ထားမည်ဖြစ်ကြောင်း အလေးထား ပြောဆိုပါ။<br><br>အဆင့် ၁၅ - တာဝန်ပေးထားသော အခန်းကဏ္ဍများ၏ စလစ်အပိုင်းများအား ပြန်လည်စုယူပါ။<br><br>အဆင့် ၁၆ - သင်တန်းသားများအား အတွဲအသစ် ပြန်လည်တွဲခိုင်းပါ။<br><br>အဆင့် ၁၇ - တာဝန်ပေးထားသော အခန်းကဏ္ဍများအား အတွဲအသစ်သို့ ပေးဝေပါ။ သင်တန်းသားအနေဖြင့် အစည်းဝေးအတွက် ပြင်ဆင်ချိန် ၁၀မိနစ်ရှိကြောင်း ပြောဆို ပါ။<br><br>အဆင့် ၁၈ - ပြင်ဆင်ချိန် ၅ မိနစ်ပြည့်လျှင် သင်တန်းသားများအား လက်ကျန် အချိန် ၅ မိနစ်အား သတိပေးပြောဆိုပါ။<br><br>အဆင့် ၁၉ - အစည်းဝေးအတွက် အချိန် ၅ မိနစ်ပဲရှိကြောင်း ပြောဆိုပြီး သင်(သင်တန်းပို့ချသူ)အနေဖြင့် အချိန်ကို မှတ်ထားမည်ဖြစ်ကြောင်း အလေးထား ပြောဆိုပါ။ |
| [၁၀ မိနစ်] | အဆင့် ၂၀ - လေ့ကျင့်ခန်းနှင့်ပါတ်သက်၍ သင်တန်းသားများအနေဖြင့် မည်ကဲ့သို့ တွေးမိကြောင်း မေးမြန်းပါ။ ပထမ အစည်းဝေးနှင့် မတူပဲ ဒုတိယအကြိမ် အစည်းဝေးမှာ မည်ကဲ့သို့ တမူထူးခြားစွာ ဆောင်ရွက်ခဲ့သလဲ? သင်တန်းသား ၂-၃ ယောက်အား ၄င်းတို့၏ ထင်မြင်ချက်များအား ပြောဆိုပါစေ။<br><br>အဆင့် ၂၁ - ယခုလေ့ကျင့်ခန်းနှင့်ပါတ်သက်၍ အခက်အခဲဆုံး အပိုင်းက |

| | |
|---|---|
| | ဘာဖြစ်သလဲဆိုတာကို သင်တန်းတက်ရောက်သူများအား မေးမြန်းပါ။ သင်တန်းသား ၂-၃ ယောက်အား ၎င်းတို့၏ ထင်မြင်ချက်များအား ပြောဆိုပါစေ။<br><br>အဆင့် ၂၂ - **ထုတ်နှုတ်ပြောဆိုပါ** - အစည်းအဝေးတစ်ခုမစခင်တွင် သတင်းအချက် အလက် အကုန်ရရှိနိုင်ရန် မဖြစ်နိုင်ပါ။ တခါတစ်ရံတွင် သင့်အနေဖြင့် ဆုံးဖြတ်ချက် ချမှတ်သူများအကြောင်းကို စည်းဝေးလုပ်နေစဉ် လေ့လာရသည်။ သို့သော်လည်း အတတ်နိုင်ဆုံး အကောင်းဆုံးပြင်ဆင်နိုင်ရန် အရေးကြီးပါသည်။<br><br>အဆင့် ၂၃ - အစည်းဝေးများဆောင်ရွက်နေစဉ်အတွင်း ၎င်းတို့၏ ဆိုလိုချက်များကို အကူအညီဖြစ်စေမည့် မည်ကဲ့သို့သော အထောက်အထား အကိုးအကားတွေကို မျှဝေသလဲဟု သင်တန်းသားများအား မေးမြန်းပါ။<br><br>အဆင့် ၂၄ - **ထုတ်နှုတ်ပြောဆိုပါ** - စာရင်းအင်းများ၊ အစီရင်ခံစာများ သို့မဟုတ် CRPD သို့မဟုတ် မသန်စွမ်းသူများဥပဒေ ကဲ့သို့သော ဥပဒေမူဘောင်နှင့်ပါတ်သက်သည့် အချက်အလက်များအား ယူဆောင်ခြင်းသည် အစည်းဝေး၏ အဓိက ဆိုလိုချက်ကို ဖြစ်စေနိုင်ပါသည်။<br><br>အဆင့် ၂၅ - သင်တန်းတက်ရောက်သူများအနေဖြင့် အမှန်တကယ် လက်တွေ့တွင် ပါဝင်ပါတ်သက်သူများနှင့် တွေ့ဆုံ၍ ယခုကဲ့သို့ အစည်းဝေးများ လုပ်ဆောင်လျှင် မည်ကဲ့သို့ တမူထူးခြားစွာ ဆောင်ရွက်မလဲဟု မေးမြန်းပါ။ သင်တန်းသား ၂-၃ ယောက်အား ၎င်းတို့၏ ထင်မြင်ချက်များအား ပြောဆိုပါစေ။ |
| [၂၅ မိနစ်] | အဆင့် ၂၆ - သင်တန်းသားများအား ယခုအချိန်သည် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ဆောင်ရွက်ခဲ့သည့် အစည်းဝေးများအပေါ် လိုက်လံဆောင်ရွက်ကြမည့် အခွင့်အရေး ဖြစ်ကြောင်း ပြောဆိုပါ။<br><br>အဆင့် ၂၇ - သင်တန်းတက်ရောက်သူများအနေဖြင့် အတွဲလိုက်လုပ်ဆောင် ရမည်ဖြစ်ကြောင်း ပြောဆိုပြီး (သရုပ်ပြတင်ဆက်ခြင်း နောက်ဆုံးအတွဲမှ) နောက်ဆက်တွဲဆောင်ရွက်မည့် နည်းလမ်းများကို ဆုံးဖြတ်ချက်ချမှတ်သူ(ပုဂ္ဂိုလ်-၂)နှင့် ရေးဆွဲရန်ဖြစ်ကြောင်း ပြောဆိုပါ။<br><br>အဆင့် ၂၈ - **မှတ်ချက်** - လိုက်လံစောင့်ကြည့်ခြင်းတွင် သတင်းအချက် အလက်များ ထပ်လောင်းပံ့ပိုးခြင်း၊ ၎င်းတို့အား ဆက်သွယ်ခြင်း၊ သို့မဟုတ် သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားပြီးဖြစ်သော အခြားလုပ်ငန်းဆောင် ရွက်ချက် များလည်း ပါဝင်နိုင်ပါသည်၊ ၎င်းတို့အနေဖြင့် အကောင်းဆုံး လိုက်လံ စောင့်ကြည့်ခြင်းနည်းလမ်းကို ဆုံးဖြတ်နိုင်ရန် အချိန် ၁၀ မိနစ်ရရှိမည်ဖြစ်ကြောင်း |

| | |
|---|---|
| | ပြောဆိုပါ။<br><br>အဆင့် ၂၉ - အဖွဲ့တစ်ဖွဲ့မှ တစ်ကြိမ်တွင် ၎င်းတို့၏ အခန်းကဏ္ဍများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ်တွင် ၎င်းတို့အနေဖြင့် မည်ကဲ့သို့ လိုက်လံစောင့်ကြည့်ဖြစ်ကြောင်းကို ပြန်လည်မျှဝေနိုင်းပါ။ သင်တန်းပို့ချသူ သင့်အနေဖြင့် အတွဲများအား ကျေးဇူးတင်ကြောင်း မှတ်ချက်များရေးသားခြင်း၊ အခြားပါဝင်ပါတ်သက်သူများအား ဖိတ်ခေါ်ခြင်း၊ အခြား သုတေသနစာတမ်းများ ပေးပို့ခြင်းစသည်များကို ဆောင်ရွက်နိုင်ကြောင်း သင်တန်းသားများအား မေးမြန်းခြင်းဖြင့် အစပျိုးလမ်းကြောင်းပေး၍ ဆောင်ရွက်နိုင်ပါသည်။<br><br>အဆင့် ၃၀ - **ထုတ်နှုတ်ပြောဆိုပါ** - ဆုံးဖြတ်ချက်ချမှတ်သူများအား လိုက်လံစောင့်ကြည့်ခြင်းသည်လည်း အစည်းဝေးတစ်ခုပြင်ဆင်ခြင်းအတွက် အရေးကြီးသကဲ့သို့ဖြစ်ကြောင်းပြောဆိုပါ။ ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် လူအများ အပြားနှင့် တွေ့ဆုံကြသဖြင့် လိုက်လံစောင့်ကြည့်ခြင်းသည် ၎င်းတို့အား သင် မည်သူ မည်ဝါဖြစ်ကြောင်းနှင့် ဘာကြောင့် ၎င်းတို့နှင့် သင်တွေ့ဆုံခဲ့သည်ကို ပြန်လည် အမှတ်ရစေ လိမ့်မည်ဖြစ်ကြောင်းပြောဆိုပါ။<br><br>အဆင့် ၃၁ - သင်တန်းတက်ရောက်သူများအနေဖြင့် ၎င်းတို့၏ ခြေထောက်များအား ဆောင့်နင်းရန် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် တွေ့ဆုံရန် ကောင်းကောင်း ပြင်ဆင်နိုင်ခဲ့သည်ဟုခံစားရလျှင် အားပေးခြင်း (cheer)ပြုပါ။ |

အစည်းဝေးများစီစဉ် ဆောင်ရွက်ခြင်းအတွက် သရုပ်ပြတင်ဆက်ခြင်း

အစည်းဝေးများ စီစဉ်ဆောင်ရွက်ခြင်းအတွက် အကြံပြုချက်များ

သင်တန်းပို့ ချသူအတွက် မှတ်ချက်။ ။ အောက်ဖော်ပြပါ ဇယားကွက်မှ တစ်လိုင်းချင်းစီကို ညှပ်၍ သင်တန်းသား တစ်တွဲစီကို ဝေငှပါ။

| | |
|---|---|
| သင်တန်းသား ၁။ မသန်စွမ်းအဖွဲ့ မှ ခေါင်းဆောင်သည့် လွှတ် တော်ကိုယ်စားလှယ်အား မသန်စွမ်းသူများ အနေဖြင့် အများပြည်သူဆိုင်ရာ နေရာများနှင့် နိုင်ငံရေး တွင် ပါဝင်လာနိုင်စေရန် ထောက်ခံသော ကြေညာချက်ကို ထုတ်ပြန်စေလိုသည်။ | သင်တန်းသား ၂။ မသန်စွမ်းသူများ၏ ပါဝင်နိုင်မှုဆိုင်ရာ အကြောင်းအရာများကို မည်သည့်အခါမျှ စဉ်းစား ခဲ့ဖူးခြင်းမရှိသော်လည်း ပိုမိုလေ့လာရန် သဘောထား ရှိသော လွှတ်တော်ကိုယ်စားလှယ်၊ |
| သင်တန်းသား ၁။ စိတ်ပိုင်းဆိုင်ရာမသန် စွမ်းဖြစ်သူတို့ အား လွတ်လပ်စွာနေထိုင်နိုင်သည့် အခွင့်အရေးများ ရရှိစေရန် အရေးဆိုလှုပ်ရှားနေသည့် မသန်စွမ်း မဟာမိတ်အဖွဲ့ မှ အသင်းဝင်တစ်ဦး။ | သင်တန်းသား ၂။ အပြည်ပြည် ဆိုင်ရာမသန်စွမ်း သူများအခွင့် အရေးဆိုင်ရာ သဘောတူစာချုပ် ကို အကောင် အထည်ဖော်ရန် တာဝန်ပေးခြင်းခံရသော လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနမှ အရာရှိသစ်တစ်ဦး။ |
| သင်တန်းသား ၁။ ရွေးကောက်ပွဲတွင်မသန်စွမ်း သူများ၏ ပါဝင် နိုင်မှုကို မြှင့်တင်ရန် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ လုပ်ဆောင်လိုပြီး၊ ထိုပညာပေးလုပ်ငန်းများတွင် အသိဉာဏ်ဆိုင်ရာမသန်စွမ်းသူများ ပါဝင် တက်ရောက်နိုင်သည့်ပုံစံဖြစ်စေရန် လိုလားသည့် မသန်စွမ်းခေါင်းဆောင်တစ်ဦး။ | သင်တန်းသား ၂။ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းကို ထောက်ပံ့ ငွေ အကန့် အသတ်များကြားမှ လုပ်ဆောင်နေရသော အရပ်ဖက်လူ့ အဖွဲ့ အစည်းမှ ခေါင်းဆောင်တစ်ဦး။ |
| သင်တန်းသား ၁။ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်သည့် မသန်စွမ်း ကိုယ်စားလှယ်လောင်း သည်လည်း အခြားကိုယ်စားလှယ်လောင်း များနည်း တူ ရင်းမြစ်များကို တူညီစွာအသုံးပြုနိုင် ခွင့်ရှိစေလို သော မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီမှ ကိုယ်စား လှယ်တစ်ဦး။ | သင်တန်းသား ၂။ နိုင်ငံရေးပါတီများအား မှတ်ပုံတင်ပေးသည့် ရွေးကောက်ပွဲကော်မရှင်မှ အရာရှိတစ်ဦး။ |
| သင်တန်းသား ၁။ မသန်စွမ်းကိုယ်စားလှယ်လောင်းများ၊ အတွက် "ရွေးကောက်ခံရသူများရုံးဆိုင်ရာရန်ပုံငွေ" အစီအစဉ် တစ်ခုကို ဖန်တီးပေးမည့် ဥပဒေကြမ်းတစ်ခုကို အခြားပါတီများမှ ထောက်ခံလာစေရန် ကြိုးစားနေသော လူနည်းစု ပါတီမှ လွှတ်တော်ကိုယ်စားလှယ် | သင်တန်းသား ၂။ မဲဆွယ်စည်းရုံးရေးကာလနှင့်ပတ်သတ်သည့် ဥပဒေကြမ်းတစ်ခုကို ရေးဆွဲနေသော လူများစု ပါတီမှ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး။ |

| | |
|---|---|
| သင်တန်းသား ၁။ မသန်စွမ်းသူများကို မဲရုံလုပ်သားများအဖြစ် ပိုမိုခန့်ထားလိုသော မသန်စွမ်းအဖွဲ့ မှ ခေါင်းဆောင် တစ်ဦး။ | သင်တန်းသား ၂။ မဲရုံလုပ်သားများကို ခန့်ထားရန် တာဝန်ပေးခြင်းခံရသည့် ရွေးကောက်ပွဲကော်မရှင်မှ အရာရှိတစ်ဦး။ သူသည် မသန်စွမ်းသူများနှင့် တစ်ခါမျှ အလုပ်တွဲ မလုပ်ဘူးပါ။ |
| သင်တန်းသား ၁။ ဒီဇင်ဘာ ၃ ရက်နေ့ တွင် ကျရောက်သော နိုင်ငံတကာမသန်စွမ်းသူများနေ့ အတွက် လွှတ်တော်ကိုယ်စားလှယ်အား ကြေညာချက် ထုတ်စေလိုသည့် မသန်စွမ်းအဖွဲ့ နှင့် အရပ်ဖက် လူ့အဖွဲ့ အစည်းတို့ ပူးပေါင်းထားသည့် အဖွဲ့ မှ အဖွဲ့ ဝင်တစ်ဦး။ | သင်တန်းသား ၂။ နိုင်ငံတကာအထိမ်းအမှတ်ပွဲများအား စီစဉ်ခြင်းအပါအဝင် ဝန်ကြီးချုပ်၏ မိန့်ခွန်းပြောကြားခြင်း အစီအစဉ်များကို စီစဉ်ရသော ဝန်ကြီးချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး။ |
| သင်တန်းသား ၁။ မသန်စွမ်းအခွင့်အရေးများအတွက် နှစ်များစွာ အရေးဆို လှုပ်ရှားခဲ့သော အတွေ့အကြုံရှိပြီး၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော မသန်စွမ်း ပုဂ္ဂိုလ်တစ်ဦး။ | သင်တန်းသား ၂။ ပါတီမှ အရည်အချင်းရှိသောလူငယ်များအား ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စေလိုသော ပါတီခေါင်းဆောင်။ |
| သင်တန်းသား ၁။ ရွေးကောက်ပွဲကာလအတွင်း စောင့်ကြည့်လေ့လာသူအဖြစ် လုပ်ဆောင်လိုသော အမြင်အာရုံ မသန်စွမ်းသည့် ပုဂ္ဂိုလ်တစ် ဦး။ | သင်တန်းသား ၂။ မသန်စွမ်းသူများသည် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးတွင် ထိရောက်မှုရှိစွာ လုပ်ဆောင်နိုင်လိမ့်မည်ဟု မယုံကြည်သော ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ မှ ခေါင်းဆောင်တစ်ဦး။ |
| သင်တန်းသား ၁။ အကြားအာရုံမသန်စွမ်းသူများအတွက် ဆုံးဖြတ်ချက်များချမှတ်သည့်ဖြစ်စဉ်တွင် အကြားအာရုံ မသန်စွမ်းသူများ ကိုယ်စားပြုပါဝင်လာနိုင်မည့် အခွင့်အရေးအတွက် ဦးစားပေးလုပ်ဆောင်နေသော မသန်စွမ်းဖွဲ့ အစည်းမှ အရေးဆိုလှုပ်ရှားသူတစ်ဦး။ | သင်တန်းသား ၂။ ဓမ္မာကိုယ်မသန်စွမ်းသူများနှင့် အဓိက လက်တွဲ လုပ်ဆောင်နေသော မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီမှ အဖွဲ့ ဝင်တစ်ဦး။ |

## နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

### လက်တွေ့ လုပ်ဆောင်ခြင်း

### တွေ့ ဆုံပွဲများ စီစဉ်ခြင်း နှင့် စီမံခန့် ခွဲခြင်း

**၁။ တွေ့ ဆုံပွဲဆောင်ရွက်ရန် ကြိုတင်စီစဉ်ခြင်း**

- အစီအစဉ်ရေးဆွဲသူများကို မည်သို့ ဆက်သွယ်မည်ကို လေ့လာထားပါ။
- တွေ့ ဆုံပွဲအတွက် ကြိုတင် ချိန်းဆိုမှုကို ဆောင်ရွက်ပါ။
- တွေ့ ဆုံပွဲတွင် အချိန်ကန့်သတ်ချက်ရှိနိုင်ကြောင်း သိရှိထားပါ။ သို့မှသာ ရရှိသည့်အချိန်ကို အကောင်းဆုံး အသုံးပြုနိုင်မည်ဖြစ်သည်။

**၂။ တွေ့ ဆုံပွဲ အတွက် ကြိုတင် ပြင်ဆင်ခြင်း**

- တွေ့ ဆုံပွဲသို့ တက်ရောက်မည့်သူ နှစ်ယောက်မှ သုံးယောက်ခန့် အား ဖောလောပ်ရန် ရေးဆွဲထား ကြိုတင်ပြင်ဆင်ထားပါ။ တွေ့ ဆုံပွဲသို့ သင့်အဖွဲ့မှ အဖွဲ့ဝင် အများအပြား တက် ရောက်ခြင်း သည် စိတ်ဖိစီးစေသော ဖြစ်စေနိုင်သည်။
- သင်တင်ပြမည့် အကြောင်းအရာ အတွက် ထောက်ခံချက်များရန် အသွင်အပြင်ရှိသော သတင်း အချက်အလက်တွင် သင့်အဖွဲ့ ၏ နောက်ခံ ဆက်သွယ်ရမည့် လိပ်စာ နှင့် လုပ်ကိုင်ဆောင် ရွက်လျက်ရှိသော လုပ်ငန်းများကို ဖော်ပြထား ရမည်။
- သင်တင်ပြလိုသော အကြောင်းအရာနှင့် ပတ်သက် သည့် အချက်အလက်များ ကိန်းဂဏန်းများကို ပြင်ဆင်သွားပါ။ ထို သို့ပြင်ဆင်သွားခြင်းက သင် ပြောလိုသော အကြောင်းအရာနှင့်ပတ်သက်ပြီး သင်တင်ပြလိုသော သူတို့၏ အမြင် သည်ကို ပြသရာရောက်သည်။ သင်အဖွဲ့အစည်း ပြောလိုသော ကိစ္စရပ်နှင့်ပတ်သက်သည့် လက်တွေ့ ဖြစ်ရပ်များကို လည်း မှတ်သားသွားပါ။ ထိုဖြစ်ရပ်များသည် မိမိပြောလိုသော အကြောင်းအရာ ကို ပိုမို လွယ်ကူစွာနားလည်စေပြီး အချက်အလက်များ ထက်သက်သက်ထက်ပို၍ စိတ်ဝင် စားဖွယ်ဖြစ် စေနိုင် သည်။
- တောင်းဆိုလိုသည့်အရာ ပြောကြားမည့် အကြောင်း အရာများကို အစဉ်လိုက်ပြောကြားရန် ကြိုတင် သဘော တူညီမှုရယူထားပါ။
- မိမိတင်ပြမည့် အကြောင်းအရာကို အမြန်ဆုံးလျှင် လေ့လာနိုင်ခြင်း သို့မဟုတ် မှန်ကန်စွာ တွင် လေ့လာ၍ ဖြေ ပြီးရပါမည်။ ထိုသို့ လေ့လာနိုင်ခြင်းဖြင့် စိတ်လှုပ်ရှားမှုကို လျော့ကျစေသည်။
- တောင်းဆိုလိုသည့် တစ်ခုတစ်လေကို ဆုံးဖြတ်ပြီး မှတ် သားထားရန် လိုအပ်ပေသည်။
- တွေ့ ဆုံပွဲမတိုင်မီ ၅ မိနစ်ခန့် စောရောက်ပါ။ အချိန်မှန်သည် မိတ်ဆက် တွေ့ ဆုံ ပြီးဆုံးနိုင်သည့်ကို လည်း ကြိုတင်ရန် မှန်း ထားပါ။

**၃။ တွေ့ ဆုံပွဲ**

- မိမိအဖွဲ့ တွင် ပါလာသူအားလုံးနှင့် မိတ်ဆက်ပေးပြီး မည်သည့်အတွက်ကြောင့် လာရောက်တွေ့ ဆုံရကြောင်း ရှင်းပြပါ။
- တွေ့ ဆုံပွဲတက်ရောက်လာသူ အရာရှိအားလုံး၏ အမည်များကို ရေးမှတ်ထားပါ။
- သင်ပြောကြားလိုသော အကြောင်းအရာ၏ အခြေခံအချက်အများအပေါ် အာရုံ စိုက်ပြော ကြားပါ။ အရာရှိက အကြောင်းအရာ ပြောင်းလဲပြောဆိုပါက မိမိပြောလိုသော အဓိက အကြောင်းအရာဆီသို့ သိမ်သိမ်မွေ့ မွေ့ ပြန်လည် လှည့်ပြောင်းယူပါ။
- အရာရှိများအား မေးမြန်းလိုသည်တို့ ကို မေးမြန်းပေးပါ။ မေးခွန်းများကိုလည်း အကောင်း ဆုံးဖြေနိုင်ရန်ပြင်ဆင်ထားပါ။ ချက်ချင်း အဖြေမပြန်ကြားနိုင်ပါက မသိကြောင်းပြောပြ၍ နောင် တို့ ထံသို့ အဖြေပြန်လည်ပေးပို့ သွားမည်ဖြစ်ကြောင်း ပြောကြားပါ။ ထိုအခွင့်အရေး ကို အသုံးပြု၍ တွေ့ ဆုံပွဲနှင့်ပတ်သက်ပြီး နောက်ဆက်တွဲအနေဖြင့် ထပ်မံ ဆုံစည်းနိုင်မည်။
- ဒေါသထွက်ခြင်း၊ ခိုင်းစိုင်းသောအပြုအမူလုပ်ခြင်း နှင့် စောင်ခြင်းများ မပြုလုပ်ရပါ။ တစ်ခါတစ်ရံတွင် အရာရှိသည် သင်တို့ ပြောလိုသော အကြောင်းအရာနှင့်ပတ်သက်ပြီး ရန်လိုသော ပုံစံဖြစ်တတ်ပါသည်။ အကယ်၍ ထိုကဲ့သို့ အခြေအနေဖြစ်လာပါက မိမိပြော လိုသည့် အဓိကအချက်များကို ထပ်လောင်းပြောဆိုပြီး တွေ့ ဆုံပွဲကို အဆုံးသတ်ပါ။
- စူးစိုက်မှုရှိစေရန် ကြိုးစားပါ။ ရွေးကောက်ခံကိုယ်စားလှယ် သို့ မဟုတ် မူဝါဒ ချမှတ် သူအား သင်၏ ကိစ္စရပ်အပေါ်တွင် မိုင်မာသော ထောက်ခံမှုပေးသည့် လုပ်ရပ်တစ်ခုခု ကို လုပ်ပေးစေရန် ပြောကြားပါ။

**၄။ တွေ့ ဆုံပြီးသည့်နောက်**

- ကျေးဇူးတင်ကြောင်း စာရေးသားပေးပို့ ပြီး တွေ့ ဆုံပွဲအတွင်း အရာရှိမှ လိုက်နာသော ကတိကဝတ် များကို ထပ်မံ အတည်ပြု ပါ။
- သင့်အဖွဲ့ ထံမှ ထပ်မံရရှိနိုင်သော သတင်းအချက်အလက်များ ပေးပို့ရန်ရှိပါက ထိုသတင်း အချက်အလက်များကို ပေးပို့ ပါ။
- တွေ့ ဆုံပွဲအတွက် မပြောကြားရသည့် များကို မှတ်တမ်းတင်ထားပါ။ အလုပ်အဖွဲ့၏ အစည်းအဝေးတွင် အရာရှိက သင်အဖွဲ့ နှင့်ပတ်သက်၍ ထောက်ခံမှုပေး ရည်ရွယ်ချက်ရှိသော အကြောင်းအရာ များကို မှတ်သားရန်မည်။ ထိုမှတ် တမ်းများက အနာဂတ်တွေ့ ဆုံ ပွဲ များ အတွက် ပြင်ဆင်ရာတွင် ဖြစ်စေ ရွေးကောက်ခံကိုယ်စားလှယ်အား ပုံစံပြောဆိုလိုက်ပါသော အရာများနှင့်ပတ်သက်၍ ထပ်မံ သတိပေးပြောကြားလိုလျှင်ဖြစ်စေ ရွေးကောက်ခံကိုယ်စားလှယ်များ သည် မည်သည့်ကတိကဝတ်များကို ရှိသည်ကို သိရှိလိုလျှင် ဖြစ်စေ အထောက်အကူဖြစ်စေနိုင်ပါသည်။

**သင်ရိုး (၃)**

**အခန်း – ၅။ အစိုးရအဖွဲ့အစည်းများအား စာဖြင့်ရေးသားဆက်သွယ်ခြင်း**

| | |
|---|---|
| **သင်ရိုး ဖော်ပြချက်**<br><br><br><br><br><br><br>**စုစုပေါင်းကြာချိန်** | သင်တန်းသားများအနေဖြင့် အစိုးရအဖွဲ့အစည်းများအား ၎င်းတို့၏ အကျိုးကိစ္စများအကြောင်း စာရေးသားခြင်းအား လေ့ကျင့်ကြမည်ဖြစ်သည်၊ မည်သည့် ပါဝင်ပါတ်သက် သူများသည် ၎င်းတို့၏ ဦးတည်အုပ်စုများဖြစ်မည်ကို စတင်၍ ရွေးချယ်ဖော်ထုတ်ခြင်း ဖြင့် စတင်မည်ဖြစ်ပါသည်။ သင်တန်းသားအချင်းချင်း အကြံဉာဏ်များပံ့ပိုးပေးခြင်း ဖြင့် အကျိုးဖြစ်ထွန်းစေမည့် စာများ ဖြစ်ပေါ်စေနိုင်မည် ဖြစ်ပါသည်၊<br><br>၉၀ မိနစ် |
| **လေ့လာမှုရလဒ်** | သင်တန်းတက်ရောက်သူများအနေဖြင့် အစိုးရအဖွဲ့အရာရှိများအား စာကြမ်းများ ရေးဆွဲ၍ ၎င်းတို့၏ အကျိုးကိစ္စ အကြောင်းအရာများအပေါ်တွင် စည်းရုံး လှုံ့ဆော် (Advocacy)နိုင်စေရန်အတွက် ယုံကြည်မှုပိုမို ရရှိခံစားရမည်ဖြစ်ပါသည်။ |
| **သင်တန်းတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်း များနှင့် အရင်းမြစ်များ** | စာရွက်အကြီး<br>မာကာပင်များ<br>ကပ်ခွာ စက္ကူများ<br>MILI မှပါဒလမ်းစဉ်များ<br>စာရွက်<br>တစ်ဖွဲ့ချင်းစီအတွက် အနက်နှင့် အနီမင်များ<br>စာပြန်လည်သုံးသပ်နိုင်ရန် အလုပ်မှတ်တမ်းစာရွက် |
| <br><br><br><br><br><br><br><br>[၅ မိနစ်] | အဆင့် ၁ - သင်တန်းတက်ရောက်သူများအတွင်းမှ အစိုးရဌာနတစ်ခုသို့ စာရေးခဲ့ဖူးသည့်သူ တစ်စုံတစ်ယောက်ရှိသလားဟု မေးမြန်းပါ။<br><br>အဆင့် ၂ - သင်တန်းသား ၂ - ၃ ယောက်အား ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည် မျှဝေနိုင်ရန် ပြောပါ။ အောက်ပါ မေးခွန်းများနှင့် ၎င်းတို့အား အစပြု လှုံ့ဆော်ပေးပါ။<br>- သင့်အနေဖြင့် ဘယ်သူ့ကို စာရေးသားခဲ့တာလဲ?<br>- သင့်အနေဖြင့် အစိုးရအရာရှိကို ဘာတွေဆောင်ရွက်ရန် တောင်းဆိုခဲ့သလဲ?<br>- စာပို့ပြီးနောက် ဘာတွေဖြစ်ခဲ့သလဲ? တုံ့ပြန်မှု တစ်စုံတစ်ရာ ရရှိခဲ့သလား?<br><br>အဆင့် ၃ - **ထုတ်နှုတ်ပြောဆိုပါ** - အခြား စာအမျိုးအစား များစွာရှိသေးကြောင်း ပြောဆိုပါ။ သင့်အဖွဲ့အနေဖြင့် ထုတ်ပြန်သော အစီရင်ခံစာတစ်ခုကို မျှဝေရန် သို့မဟုတ် သတင်းအချက်အလက်များ မျှဝေနိုင်ရန်အတွက် အစိုးရဌာနတစ်ခုသို့ ပေးပို့သော စာတစ်စောင်လည်း ဖြစ်နိုင်ပါသည်၊ အစိုးရ အရာရှိတစ်ဦးနှင့် တွေ့ဆုံ နိုင်ရန် တောင်းဆိုသောစာ၊ လုပ်ငန်းဆောင်ရွက်မှုများအား ခွင့်ပြုမိန့်ရရှိရန် သို့မဟုတ် ပွဲတစ်ခုအား ၎င်းတို့တက်ရောက်နိုင်ရန် ဖိတ်ခေါ်သည့် စာတစ်စောင် အား သင့်အနေဖြင့် ရေးနိုင်ပါသည်။ ယခုဆောင်ရွက်ချက်အတွက် သင်တန်းတက်ရောက်သူများအနေဖြင့် အဓိကထား ဆွေးနွေးမည့် စာသည် စည်းရုံးဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းတစ်ခုအကြောင်းဖြစ်ပါသည်။ |

| | |
|---|---|
| | အဆင့် ၄ - စာရွက်အကြီးပေါ်တွင် "စာဖြင့်ရေးသား ဆက်သွယ်ခြင်း" ဟုရေးသားပါ။<br><br>အဆင့် ၅ - စည်းရုံးစေ့ဆော်ခြင်း စတင်ဆောင်ရွက်သည့်အခါတွင် အစိုးရအရာရှိများကို စာဖြင့်ရေးသား ဆက်သွယ်ခြင်းက ဘာလို့အရေးကြီးသနည်းဆိုတာကို သင်တန်းတက်ရောက်သူများအား မေးမြန်းပါ။<br><br>အဆင့် ၆ - သင်တန်းတက်ရောက်သူများ၏ ဖြေကြားချက်များအား ချရေးပါ။ ၎င်းအချက်များ ပါဝင်နိုင်ပါသည်။<br>- တင်ပြ တောင်းဆိုနိုင်ရန်အတွက် ပို၍ကောင်းမွန်တဲ့ တရားဝင်နည်းလမ်းတစ်ခုဖြစ်သည်။<br>- သင့်ရဲ့တောင်းဆိုချက်ကို စာထည့်ရေးသားခြင်းဖြင့် မှတ်တမ်းအဖြစ်လည်း သိမ်းဆည်းထားနိုင်ပါသည်။<br>- ၎င်းအား ကျယ်ပြန့်သော စည်းရုံးလှုံ့ဆော်ခြင်းအစီအစဉ်အတွက် အစိတ်အပိုင်း တစ်ခုအနေဖြင့် အသုံးပြုနိုင်သည် (ဥပမာ - စာရေးသားအကြောင်းကြားထားမှုအား အကျိုးအကြောင်း သိရှိနိုင်ရန် လူချင်းတွေ့အစည်းဝေးပြုလုပ်ခြင်းများ)<br><br>အဆင့် ၇ - **ထုတ်နုတ်ပြောဆိုပါ - စာတစ်စောင်သည် ဆွေးနွေးညှိနှိုင်းခြင်းအတွက် နည်းလမ်းတစ်ခုဖြစ်သည်။** ဖြစ်ပျက်နေသော လုပ်ငန်းဆောင်ရွက်ချက်တစ်ခု အကြောင်းကို သို့မဟုတ် မှန်မှန်ကန်ကန်ဖြစ်ရန် လိုအပ်နေသော တရားမျှတမှု မရှိခြင်းများအတွက် အစိုးရဌာနဆိုင်ရာများသိရှိနိုင်ရန်အတွက် စာဖြင့်ရေးသား၍ ဆောင်ရွက်နိုင်ပါသည်၊ စာရေးသားခြင်းမှတစ်ဆင့် သင့်အနေဖြင့် ပြောင်းလဲချင်သော သီးခြားအကြောင်းအရာ တစ်ခုခုရှိလျှင်လည်း တောင်းဆိုနိုင်သည်။ |
| [၁၀ မိနစ်] | အဆင့် ၈ - စာရွက်ကြီး အသစ်တစ်ခုပေါ်တွင် "ထိရောက်သော စာများ" ဟု ရေးသားပါ။<br><br>အဆင့် ၉ - ထိရောက်သော စာတစ်စောင်၏ အဓိက အင်္ဂါရပ်တွေအကြောင်းကို သင်တန်းသားများကို မေးမြန်းပါ။ အောက်ပါအချက်အလက်များ စာရွက်အကြီးပေါ်တွင် ပါဝင်စေပါစေ။<br>- လိုရင်းတိုရှင်းနှင့် ကျစ်လစ်ပြည့်စုံသော အရေးအသား<br>- ပြည့်စုံရှင်းလင်းစွာဖော်ပြထားသော လိုတိုရှင်းစကားလုံးများအသုံးပြုပြီး ဝန်းစကားများ အသုံးမပြုပါနှင့်<br>- တိုက်ရိုက် "တောင်းဆို"ပါ<br>- အဖွဲ့အစည်းတစ်ခုလုံးကို ရေးသားခြင်းထက် ယင်းအဖွဲ့အစည်း၏ တာဝန်ခံပုဂ္ဂိုလ်တစ်ဦး၏ ရာထူးကို လိပ်မူရေးသားပါ။<br>- အတိုချုပ်၍ နောက်ခံသမိုင်းကြောင်းအချို့ထည့်သွင်းရေးသားပါ။<br><br>အဆင့် ၁၀ - **ထုတ်နုတ်ပြောဆိုပါ** - စာလက်ခံရမည့်သူအား ပြဿနာအကြောင်းအရာနှင့် ၎င်း ဖြေရှင်းနိုင်မည့်နည်းလမ်း ရည်ရွယ်ချက်ကို |

| | |
|---|---|
| | ရေးသားဖော်ပြ သင့်သည်။<br><br>အဆင့် ၁၁ - ဘာကြောင့် အင်္ဂါရပ်တစ်ခုစီသည် အရေးကြီးကြောင်းအား သင်တန်းတက်ရောက်သူ ၁ - ၂ ယောက်အား ရှင်းပြခိုင်းပါ။ **အောက်ပါအချက်များအား ထုတ်နုတ်ပြောဆိုပါ -**<br>- အစိုးရ အရာရှိများသည် စာတိုတိုကို ပို၍ ဖတ်ချင်ကြသည်။ ထို့ကြောင့် လိုရင်း တိုရှင်းဖြစ်ရန်နှင့် တိုက်ရိုက်ဆွေးနွေးသည့် ဘာသာစကားကို အသုံးပြုရန် အရေးကြီးပါသည်။ သို့သော်လည်း ယဉ်ကျေးစွာ ပြောဆိုရမည် ဖြစ်သည်။<br>- သင့်၏စာကို ဖတ်မည့် အစိုးရအရာရှိသည် မသန်စွမ်းသူအခွင့်အရေးများနှင့် ပါတ်သက်၍ ကျွမ်းကျင်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ချင်မှ ဖြစ်မည်။ ထို့ကြောင့် သင့်အနေဖြင့် ပြည့်စုံရှင်းလင်းစွာဖော်ပြထားသော လိုတိုရှင်းစကားလုံးများအသုံးပြုပြီး ဇန်းစကားများ(အလွန်မြင့်သော နည်းပညာဆိုင်ရာ စကားလုံးများ) အသုံးမပြုရန်အရေးကြီးပါသည်။<br>- အရာရှိအနေဖြင့် ပြန်လည်တုံ့ပြန်နိုင်ရန် သင့်အနေဖြင့် လုပ်စေချင်သော အကြောင်းအရာနှင့် ထည့်သွင်းရေးသား ပြောဆိုသင့်သည်။<br>- စာက တစ်စုံတစ်ဦးအား လိပ်မူထားခြင်းမရှိလျှင် လုပ်ပိုင်ခွင့်အာဏာရှိသော တစ်ယောက်ယောက်အား ရောက်ရှိနိုင်လိမ့်မည် မဟုတ်ပေ။ သင်၏ "တောင်းဆိုချက်" အား လုပ်ငန်းဆောင်ရွက် အကောင်ထည်ဖော်နိုင်သော တစ်ဦးဦးထံသို့ စာမရောက်နိုင်လျှင် အကျိုးသက်ရောက်မှု ရှိမည် မဟုတ်ပေ။<br>- မသန်စွမ်းသူများ အားလုံးပါဝင်နိုင်မှုအကြောင်း ဝေါဟာရများများကို စာဖတ်သူအနေဖြင့် မသိရှိနိုင်ဘူးဆိုလျှင် သင့်အဖွဲ့အစည်းနောက်ခံသမိုင်း ကြောင်း အချက်အချို့ကို ထည့်သွင်းပါဝင်ရန်မှာ အရေးကြီးပါသည်။<br>- |
| [၁၀ မိနစ်] | အဆင့် ၁၂ - စာရွက်အကြီးတစ်ခုအပေါ်တွင် "အစိုးရ ဌာနဆိုင်ရာအဖွဲ့အစည်းများ" ဟု ရေးသားပါ။<br><br>အဆင့် ၁၃ - တစ်ဦးတစ်ယောက်အနေဖြင့် စာဖြင့်ရေးသားပေးပို့နိုင်သည့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများစွာရှိကြောင်း သင်တန်းတက် ရောက်သူများအား ပြောပါ။<br><br>အဆင့် ၁၄ - သင်တန်းတက်ရောက်သူများအား ၎င်းတို့၏စားပွဲဝိုင်းအတွင်းအခြားသူများနှင့် မသန်စွမ်းသူများ၏အခွင့်အရေးနှင့်ပါတ်သက်၍ တင်ပြတောင်းဆိုနိုင်ရန်အတွက် စာရေးသား ပေးပို့နိုင်သော သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ ဆွေးနွေးရန် ပြောပါ။ စာရွက်အသေးပေါ်တွင် ပါဝင်ပါတ်သက်မည့် အဖွဲ့များ၏ အမည်များကို ရေးသားရန်(စတစ်ကာတစ်ခုတွင် ပါဝင်ပါတ်သက်သူတစ်ခုသာ လျှင်) နှင့် ရေးသားထားသော စတစ်ကာများအား စာရွက်အကြီးပေါ်တွင် ကပ်ခိုင်းပါ။ |

| | |
|---|---|
| | အဆင့် ၁၅ - အဖွဲ့မှ ပါဝင်ပါတ်သက်သူ အများအပြား ရရှိဆွေးနွေးနိုင်ရန် အချိန် ၅ မိနစ်ပေးပါ။<br><br>အဆင့် ၁၆ - အဖွဲ့အလိုက် ၎င်းတို့၏ စတစ်ကာများအား ကပ်ပြီးသည့်နောက်တွင် တခုချင်းစီအား ကျယ်ကျယ်ဖတ်ပြီး ပါဝင်ပါတ်သက်သူအား တစ်ဖွဲ့ထက်ပိုပြီး ဖော်ထုတ်ထားလျှင်လည်း မှတ်သားထားပါ။ သင်(သင်တန်းပို့ချသူ)အနေဖြင့် တူညီသော ပါဝင်ပါတ်သက်သူများအား အတူတကွရှိနိုင်ရန် စတစ်ကာများအား ရွှေ့ပြောင်း ထားနိုင်သည်။ ( "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်"ဟု ရေးသားထားသော စတစ်ကာများအား တရွက်ကြီး၏ နေရာတစ်နေရာတွင် စုထားနိုင်သည်။)<br><br>အဆင့် ၁၇ - **ထုတ်နုတ်ပြောဆိုပါ** - ယခုလေ့ကျင့်ခန်းတွင် ပါဝင်ပါတ်သက်သူ အနည်းငယ်ကိုသာ ကျွန်ုပ်တို့ ဖော်ထုတ်နိုင်ခဲ့သော်လည်း အခြား ပါဝင်ပါတ်သက်သူ အများအပြားရှိနေသေးကြောင်း ပြောပြပါ။ အောက်ပါ ပါဝင်ပါတ်သက်သူများ ပါဝင် စေရန် သေချာပါစေ၊<br>- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်<br>- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန<br>- ဝန်ကြီးချုပ်ရုံး<br>- ကိုယ်စားလှယ်များရုံးများ<br>- မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီ<br>- ပညာရေးဝန်ကြီးဌာန<br>- သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန |
| [၁၅ မိနစ်] | အဆင့် ၁၈ - သင်တန်းသားများအား အဖွဲ့ ၄ - ၅ ဖွဲ့ ခွဲပါ။<br>သင်တန်းသားများအနေဖြင့် အရင်ပြီးခဲ့သော လုပ်ဆောင်ချက်များ သို့မဟုတ် ပထမရက်များတွင် အတူတူထိုင်ခဲ့ သော သူများနှင့်ဆက်လက်ထိုင်နေလျှင် သင်တန်းပို့ချသူအနေဖြင့် ရောနှော၍ ခိုင်းရန် အရေးကြီးပါသည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် သင်တန်းတက်ရောက်သူ အခြားသူများထံမှ လေ့လာနိုင်ရန် အကူအညီဖြစ်စေပါသည်။<br><br>အဆင့် ၁၉ - မှုဝါဒလမ်းစဉ် မိတ္တူများအား အဖွဲ့များသို့ ဖြန့်ဝေပါ။<br><br>အဆင့် ၂၀ - အဖွဲ့များအနေဖြင့် ၎င်းတို့၏ ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ် အတွက် သက်ဆိုင်ရာ အစိုးရဌာနတစ်ခုသို့ စာကြမ်းတစ်စောင်ရေးသားရမည် ဖြစ်ကြောင်း ပြောပါ။ ပြီးခဲ့သော လေ့ကျင့်ခန်းမှာ ဆွေးနွေးခဲ့သည့် သက်ဆိုင်ရာ အစိုးရဌာန ဆိုင်ရာများစာရင်းအား ထောက်ပြပြီး စာရေးလိပ်မူမည့်သူအား သက်ဆိုင်ရာပါဝင်ပါတ်သက်သူဌာနများမှ တစ်ခု သို့မဟုတ် အခြားတစ်ယောက်ယောက်အား လိပ်မူနိုင်ကြောင်း **ထုတ်နုတ်ပြောဆိုပါ။**<br><br>အဆင့် ၂၁ - အဖွဲ့တစ်ဖွဲ့ချင်းစီအား မူဝါဒလမ်းစဉ်တစ်ခုစီ တာဝန်ပေးပါ။<br>- အဖွဲ့ (၁) - ဦးစားပေး - ၁ : နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ခြင်းနှင့် မြည်သူ့ဘဝ<br>- အဖွဲ့ (၂) - ဦးစားပေး - ၂ ။ အများပြည်သူအဆောက်အဦ၊ နေရာများ |

| | |
|---|---|
| | လက်လှမ်းမီနိုင်ခြင်း<br>- အဖွဲ့ (၃) - ဦးစားပေး - ၁၀ ៖ ပညာရေး<br>- အဖွဲ့ (၄) - ဦးစားပေး - ၁၁ ៖ မသန်စွမ်းသူ မှတ်ပုံတင်လက်မှတ် ဆောင်ရွက်ခြင်း<br><br>အဆင့် ၂၂ - သင်တန်းသားများအနေဖြင့် စာရေးသားရန် မိနစ် (၁၅) ရရှိမည်ဖြစ်ကြောင်း ပြောပါ။ ၎င်းတို့အနေဖြင့် ထိရောက်သော စာတစ်စောင်ဖြစ်ရန်အတွက် ဖော်ပြခဲ့ပြီးသော အကြောင်းအရာ အင်္ဂါရပ်များကို လိုက်နာရန် အရေးကြီးပါသည်။ ဆွေးနွေးထားပြီးဖြစ်သော စာရွက်အကြီးအား **ညွှန်းဆိုနိုင်**ပါသည်၊<br><br>အဆင့် ၂၃ - အဖွဲ့များသည် ၎င်းတို့၏ စာရေးခြင်းအတွက် ဆောင်ရွက်နေစဉ်တွင် အခန်းတွင်းသို့ လှည့်လည်ကြည့်ရှုပါ။ အဖွဲ့များအား ၎င်းတို့၏စာကြမ်းရေးခြင်းနှင့်ပါတ်သက်၍ အစိုးရအား ၎င်းတို့အနေဖြင့် မည်သည့်အရာကိုဆောင်ရွက်စေချင်လဲ ဆိုတာကို မေးမြန်းပါ။<br><br>အဆင့် ၂၄ - ရေးသားရန် အချိန် ၁၀ မိနစ် ကျန်သည့်အချိန် ရောက်လျှင် ၎င်းကျန်ရှိသည့် အချိန်အား အသိပေးပါ။<br><br>အဆင့် ၂၅ - ရေးသားရန် အချိန် ၁၀ မိနစ် ကျန်သည့်အချိန် ရောက်လျှင် ၎င်းကျန်ရှိသည့် အချိန်အား အသိပေးပါ။ |
| [၂၀ မိနစ်] | အဆင့် ၂၆ - သင်တန်းသားများအနေဖြင့် ယခု ၎င်းတို့၏ စာအား အကြမ်းအဖြစ် ရေးသားထားပြီးဖြစ်ကြောင်း ပြောဆိုပါ။ ထို့နောက် အဖွဲ့မှရေးသား ချက်များအား အခြားသော အဖွဲ့သားများမှ အကြံပြုချက်များ ပေးမည်ကို လက်ခံရယူရမည်ဖြစ်သည်၊ ထုတ်နုတ်ပြောဆိုပါ - ယခုလေ့ကျင့်မှုသည် လေ့လာသင်ယူမှု တစ်ခု သာလျှင်ဖြစ်ကြောင်းနှင့် ယခုအချိန်တွင် ၎င်းတို့၏ စာများသည်လည်း အရမ်းပြည့်စုံမှုရှိမနေသေးလျှင်လည်း အဆင်ပြေကြောင်း ထုတ်နုတ်ပြောဆိုပါ။<br><br>အဆင့် ၂၇ - အဖွဲ့တိုင်း စာအသစ်တစ်စောင်ရရှိနိုင်ရန် စာများကို ဖြန့်ဝေပေးပါ။<br><br>အဆင့် ၂၈ - သင်တန်းတက်ရောက်သူများအား ၎င်းတို့၏ လက်စွဲစာအုပ်မှ စာမျက်နှာ (၉၁) မှ စာပြန်လည်သုံးသပ်သည် လုပ်ငန်းမှတ်တမ်းစာရွက်အား လှန်ခိုင်းပါ။ အဖွဲ့များ၏ စာများပြန်လည်သုံးသပ်နိုင်ရန် အလုပ်မှတ်တမ်းစာရွက်များ ဖြန့်ဝေပေးပါ။ မှတ်တမ်းစာရွက်သည် ၎င်းတို့ဖတ်ပြီး ဆွေးနွေးမည့်စာအပေါ်တွင် အကူအညီဖြစ်စေမည်ဖြစ်ကြောင်းပြောဆိုပါ၊ မေးခွန်း တစ်ခုချင်းစီတိုင်းကို အဖွဲ့သားအားလုံးမှ ဆွေးနွေးပြီးတိုင်း အဖွဲ့သားတစ်ဦးမှ မှတ်တမ်း စာရွက်တွင် ဖြည့်သွင်းရန် လိုအပ်ပါသည်၊<br><br>အဆင့် ၂၉ - မေးခွန်းတစ်ခုချင်းစီကို ကျယ်ကျယ် ဖတ်ပြပြီး သင်တန်းသားများအနေ ဖြင့် ၎င်းနှင့်ပါတ်သက်၍ မေးခွန်းများရှိလျှင် မေးနိုင်ကြောင်းပြောပါ။ |

| | |
|---|---|
| | အဆင့် ၃၀ - ၎င်းတို့အနေဖြင့် စာကိုဖတ်ပြီး မှတ်တမ်းစာရွက်တွင် ဖြည့်စွက်နိုင်ရန် အချိန် ၁၀ မိနစ်ရှိကြောင်း ပြောဆိုပါ။ |
| [၁၀ မိနစ်] | အဆင့် ၃၁ - သင်တန်းတက်ရောက်သူများအား ၎င်းတို့အနေဖြင့် စာမူကြမ်း တစ်စောင်အား ရေးဆွဲခြင်းနှင့် စာရေးသားခြင်းအား ပြန်လည်သုံးသပ်သည့် အခွင့်အရေးကို ရရှိခဲ့ပြီးဖြစ်ကြောင်း ပြောပါ။ ယခု ၎င်းတို့ ရေးသားခဲ့သောစာအား ပြန်လည်သုံးသပ်ကြမည်ဖြစ်ကြောင်း ပြောဆိုပါ။<br><br>အဆင့် ၃၂ - လုပ်ငန်းမှတ်တမ်းစာရွက်နှင့် ၎င်းတို့ရေးဆွဲခဲ့သော စာအား မူရင်း အဖွဲ့သို့ ပြန်လည်ပေးအပ်ပါ။<br><br>အဆင့် ၃၃ - **ထုတ်နှုတ်ပြောဆိုပါ** - မှတ်ချက်များများရှိနေလျှင် ၎င်းတို့၏စာများ သည် တော်တော်ဆိုးနေသေးကြောင်း။ အတွေ့အကြုံအများဆုံးရှိသည့် ရှေ့နေများ သည်ပင်လျှင် ၎င်းတို့၏ စာအရေးအသားများအား တိုးတက်လာစေရန် အခြားသော တစ်ယောက် ယောက်ထံမှ ပြန်လည်သုံးသပ်မှုများကို ရယူပါသည်။<br><br>အဆင့် ၃၄ - အဖွဲ့များအား ၎င်းတို့အနေဖြင့် မှတ်ချက်များကို ဖတ်၍ စာကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန် အချိန် ၁၀ မိနစ် ရရှိမည်ဖြစ်ကြောင်း ပြောဆိုပါ။ |
| [၁၀ မိနစ်] | အဆင့် ၃၅ - အဖွဲ့တစ်ဖွဲ့ချင်းစီမှ ၎င်းတို့ရေးသားခဲ့သော စာကြမ်းကို ကျယ်ကျယ် ဖတ်ခိုင်းပါ။ အဖွဲ့အားလုံး ဖတ်ပြီးသည့်နောက် အဖွဲ့သားများအား ၎င်းတို့၏ အမြင်များ ကို ပြန်လည်မျှဝေခိုင်းပါ။ |
| [၁၀ မိနစ်] | အဆင့် ၃၆ - ထုတ်နှုတ်ပြောဆိုပါ - သင့်အနေဖြင့် စာကို ပို့ပြီးလျှင် ပို့ပြီးချင်း ဆုံးဖြတ်ချက် ချမှတ်သူများအား နောက်ဆက်တွဲများဆောင်ရွက်မှုကို ဆောင်ရွက်ရန်မှာ အလွန်အရေးကြီးပါသည်။ တစ်ခါတစ်ရံတွင် ဆုံးဖြတ်ချက် ချမှတ်သူများသည် တုံ့ပြန်မှုပြုလုပ်လိမ့်မည် မဟုတ်ပေ။<br><br>အဆင့် ၃၇ - စာရွက်ကြီးတစ်ခုပေါ်တွင် "နောက်ဆက်တွဲဆောင်ရွက်ရန်"ဟု ရေးသားပါ။<br><br>အဆင့် ၃၈ - သင်တန်းတက်ရောက်သူများအနေဖြင့် စာရေးသားခြင်းအပေါ်တွင် သင့်နေဖြင့် ဆောင်ရွက်နိုင်သော မတူညီသော နောက်ဆက်တွဲ စုံစမ်းဆောင်ရွက်မှုများကို စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောဆိုပါ။ သင်တန်းတက်ရောက်သူများ၏ အကြံဉာဏ်များကို စာရွက်အကြီးပေါ်တွင် ချရေး ပါ။ အကြံဉာဏ်များတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည် -<br>- အခြား စာတစ်စောင် ထပ်ပို့ခြင်း<br>- ဆုံးဖြတ်ချက် ချမှတ်သူ၏ ရုံးအား ဖုန်းဖြင့် ဆက်သွယ်ခြင်း<br>- ဆုံးဖြတ်ချက် ချမှတ်သူ၏ ရုံးအား လူကိုယ်တိုင် သွားရောက်တွေ့ဆုံခြင်း။<br><br>အဆင့် ၃၉ - **ထုတ်နှုတ်ပြောဆိုပါ - သင့်အနေဖြင့် ဆုံးဖြတ်ချက်ချမှတ်သူများနှင့်** |

| | |
|---|---|
| | **တွေ့ရှိနိုင်ရန်အတွက် တစ်ကြိမ်ထက်မက နောက်ဆက်တွဲ စုံစမ်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ကြောင်း ပြောဆိုပါ။** ဤ အချင်းအရာသည် စည်းရုံးစေ့ဆော်ခြင်း (Advocacy) ဖြစ်စဉ်တစ်ခုအတွက် သာမာန်အစိတ်အပိုင်းတစ်ခုသာလျှင် ဖြစ်သည်။ ခေါင်းဆောင်မှု သင်ခန်းစာအား ပြန်လည် အမှတ်ရပါ - လက်မလျှော့ပါနှင့်။ |
| [၅ မိနစ်] | အဆင့် ၄၀ - သင်တန်းသား ၁ - ၂ ယောက်အား ယခုလေ့ကျင့်ခန်းမှ ၄င်းတို့ လေ့လာခဲ့ရသော အကြောင်းအရာများအား ပြန်လည်မျှဝေခိုင်းပါ။<br><br>အဆင့် ၄၁ - **ထုတ်နုတ်ပြောဆိုပါ** - ထိရောက်သော စာတစ်စောင်ရေးသားခြင်းသည် မသန်စွမ်းသူများအခွင့်အရေးဆောင်ရွက်သူ တစ်ယောက်အတွက် အရပ်ဖက် လူမှုအဖွဲ့အစည်းတွင်းမှာဖြစ်စေ အခြားအစိုးရအရာရှိများအတွက်ဖြစ်စေ အသုံး ဝင်သည့် နည်းပညာတစ်ခုဖြစ်ပါသည်၊ ဒီကျွမ်းကျင်မှုသည် အချိန်ကြာလာသည်နှင့် အမျှ ပိုမိုတိုးတက်လာနိုင်သည့်အရာတစ်ခု ဖြစ်ပါသည်။ စာတစ်စောင်သည် အစည်းအဝေးတစ်ခု စီစဉ်ဆောင်ရွက်ခြင်းကဲ့သို့ အခြားလုပ်ဆောင်ချက်များနှင့် တွဲဖက်၍ အသုံးပြုနိုင်သည့် ကောင်းမွန်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ |

စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်ခြင်းအတွက် စာမူကြမ်းပုံစံ

စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်ခြင်းအတွက် လုပ်ငန်းမှတ်တမ်းစာရွက်

# မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့
## Myanmar Independent Living Initiative(MILI)

No.17/19, Thar-yar-aye Street, Quarter-3,
Thamine, Mayangone township, Yangon.
Ph: +95-1-9669. Fax : +95 - 1 – 661969

Email : Info@mili.org.mm
Website : www.mili.org.mm
Facebook Page : Myanmar Independent Living Initiative


စာအမှတ် - 132 /POL/MRIR-2/MILI/2018
ရက်စွဲ - ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ( ၆ ) ရက်နေ့

သို့

ညွှန်ကြားရေးမှူးချုပ်
ပြန်လည်ထူထောင်ရေး ဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နေပြည်တော်

အကြောင်းအရာ။ **၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာ စာမူတောင်းခံခြင်း။**

၁။ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်လမ်းညွှန်မှုကို ခံယူကာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ပြည်ထောင်စု မှတ်ပုံတင်အဖွဲ့က မှတ်ပုံတင်အမှတ်(၁/ပြည်တွင်း/ဝ၆၅၁)ဖြင့် အသိအမှတ်ပြုထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

၂။ ဤအဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများ၊ တန်းတူညီမျှရရှိရေး လိုအပ်သော ဝန်ဆောင်မှုများ ခံစားရရှိလာရေးနှင့် လူ့အဖွဲ့အစည်းအတွင်း အများ နည်းတူ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ ဖွံ့ဖြိုးရေး၊ စီးပွားရေး၊ နိုင်ငံရေးမဏ္ဍိုင် သုံးရပ်ဖြင့် လုပ်ငန်းများ ဆောဆောင်ရွက်လျက်ရှိရာ မသန်စွမ်းသူများ ကိုယ်တိုင်ဦးဆောင်သည့် လူမှုဖွံ့ဖြိုးရေး အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့က (၁၅-၁၂-၂၀၁၇)နေ့ တွေ့ဆုံ ဂါရဝပြုစဉ်က တင်ပြခွင့်ပြုချက်တောင်းခံခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေ ကို အင်္ဂလိပ် မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ပြီး မသန်စွမ်းသူများ၏ အဖွဲ့အစည်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများထံ ဖြန့်ဝေသည့် လုပ်ငန်းစဉ်ကို ဤအဖွဲ့က စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့**
Myanmar Independent Living Initiative(MILI)

၄။ သို့ဖြစ်ပါ၍ မသန်စွမ်းသူများ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေ ၊ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာစာမူများ၏ soft copy ကို ပို့ပိုးပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်

နေလင်းစိုး
အမှုဆောင်ဒါရိုက်တာ
မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

မိတ္တူကို -

- (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊
- (၂) ညွှန်ကြားရေးမှူး၊ ထိန်းကွပ်လွှယ်အုပ်စုများဌာနခွဲ
- (၃) ရုံးလက်ခံ
-

# နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

## စာဖြင့်ရေးသား ဆက်သွယ်ခြင်း

သင်၏ အဖွဲ့အား စာနှင့်ပါတ်သက်၍ ပြန်လည်သုံးသပ်ရန် တောင်းဆိုထားသည့်အတိုင်း အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ မည်သူ့ထံ ပို့သည့်စာဖြစ်သနည်း။

______________________________

၂။ ဖြေရှင်းပေးစေလိုသည့် ပြဿနာက ဘာလဲ။

______________________________

______________________________

______________________________

၃။ ဤတစ်ဦးတစ်ယောက်/ ရုံး/ အဖွဲ့အစည်းသည် ပြောင်းလဲနိုင်ရန်အတွက် ဘာကြောင့် အဓိကအခန်းကဏ္ဍတွင် ရှိနေသနည်း။

______________________________

______________________________

______________________________

# နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

## စာဖြင့်ရေးသား ဆက်သွယ်ခြင်း

၄။ အဆိုပြု တင်ပြထားသည့် ဖြေရှင်းချက်က ဘာလဲ။

________________________________________

________________________________________

________________________________________

၅။ သင့်အနေဖြင့် မြို့ငုံသုံးသပ်ကြည့်လျှင် ယခုစာသည် အပြောင်းအလဲကို ဖော်ဆောင်နိုင်မည့် အလားအလာ ရှိနိုင်ပါသလား။ ကျေးဇူးပြု၍ အောက်တွင် စက်ဝိုင်းတစ်ခု ဝိုင်းပြပါ။

ဖြစ်နိုင်ချေ သိပ်မရှိ    ဖြစ်နိုင်ချေ မရှိ    အနည်းငယ်ရှိ    ဖြစ်နိုင်ချေ ရှိ

၆။ အဆိုပြုတင်ပြထားသည့်အတိုင်း အပြောင်းအလဲကို ဖော်ဆောင်နိုင်ရန်အတွက် ပိုမိုအလားအလာရှိစေရန် ဤစာအား မည်သည့်အရာများ ပြောင်းလဲ ပြင်ဆင်သင့်သနည်း။

________________________________________

________________________________________

________________________________________


Australian Aid

UKaid from the British people

**သင်ရိုး (၃)**

**အခန်း – ၆။ ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်း**

| | |
|---|---|
| **သင်ရိုး ဖော်ပြချက်**<br><br>**စုစုပေါင်းကြာချိန်** | ယခုသင်ခန်းစာသည် "ချိတ်ဆက်ဆောင်ရွက်ခြင်း" သဘောတရား၏ အရေးကြီးပုံကို မိတ်ဆက်ပေးမည့် သင်ခန်းစာဖြစ်ပါသည်။ သင်တန်းတက်ရောက်သူများအနေဖြင့် ၄င်းတို့၏ ချိတ်ဆက်မှုများအား ခွဲခြမ်းစိပ်ဖြာ၍ မြေပုံရေးဆွဲရလိမ့်မည်ဖြစ်ပြီး ထိုချိတ်ဆက်မှုများနှင့်ပါတ်သက်၍ အတွေ့အကြုံများအကြောင်း ပြန်လည်မျှဝေနိုင် ရန် အခွင့်အရေး ရရှိမည်ဖြစ်ပါသည်။ ထိရောက်သော ချိတ်ဆက်ဆောင်ရွက်ခြင်း၏ သွင်ပြင်လက္ခဏာများကို နားလည်သဘောပေါက်ပြီး ထိရောက်သော ချိတ်ဆက်ဆောင်ရွက်ခြင်းအား မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို ပိုမိုနားလည်နိုင်မည်ဖြစ်ပါသည်။ ယခုသင်ခန်းစာသည် သင်တန်းတက်ရောက်သူများအနေဖြင့် လူထုခေါင်းဆောင်များ၊ အစိုးရ အရာရှိများ၊ လူမှုအသင်းအဖွဲ့များ၏ အဖွဲ့ဝင်များ၊ စီးပွားရေးသမားများ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ နှင့် ညွှန်ပေါင်းအဖွဲ့ အစည်းများ စသကဲ့သို့သော အဖွဲ့အစည်းများမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း အရေးကြီးပုံကို အလေးထားဆောင်ရွက်ရန် အသုံးပြုထားပါသည်။<br><br>၉၀ မိနစ် |
| **လေ့လာမှုရလဒ်** | သင်တန်းတက်ရောက်သူများအနေဖြင့် ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်း၏ သဘောတရားနှင့် ၄င်းတို့အတွက် မည်ကဲ့သို့ အသုံးချနိုင်သည်ကို နားလည် သဘော ပေါက်စေရန်ဖြစ်သည်။ ထိရောက်သော ကွန်ယက်ချိတ်ဆက်သူတစ်ယောက်၏ သွင်ပြင်လက္ခဏာများကို သိရှိပြီး ၄င်းတို့၏ ကိုယ်ပိုင် ကွန်ယက်ချိတ်ဆက်မှုများ ပြင်ဆင်နိုင်ရန်နှင့် တိုးတက်ကောင်းမွန်ရန် လိုအပ်သည်များကို ခွဲခြမ်းစိတ်ဖြာနိုင်ရန် ဖြစ်သည်။ |
| **လိုအပ်သည့် သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ** | စာရွက်အကြီးများ<br>မာကာပင်များ |
| [၁၀ မိနစ်] | အဆင့် ၁ - ခေါင်းဆောင်မှု အရည်အချင်းအတွက် ကွန်ယက်ချိတ်ဆက် ဆောင်ရွက်ခြင်းသည် အရေးကြီးကြောင်း ရှင်းပြပါ။<br>အဆင့် ၂ - သင်တန်းတက်ရောက်သူများအား အုပ်စုများ ဖွဲ့ပါ။<br><br>အဆင့် ၃ - အဖွဲ့တစ်ဖွဲ့ချင်းစီအား "ကွန်ယက်ချိတ်ဆက်ခြင်း"၏ အနက် အဓိပ္ပါယ်ကို ရေးခိုင်းပါ။ သင်တန်းတက်ရောက်သူများအနေဖြင့် "ကွန်ယက်ချိတ်ဆက်ခြင်း"နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိလျှင် ၄င်းတို့နားလည်ထားသည့်အတိုင်း ရေးသားနိုင်ပါသည်။<br>အဆင့် ၄ - အဖွဲ့များမှ ဆွေးနွေးထားသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ဖတ်ပြပြီး အောက်ပါ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ပါရှိသော စာရွက်အကြီးအား ရှေ့တွင် ချပြပါ။<br><br>*ကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေးရာဆက်ဆံရေးများအတွက် အဖွဲ့တစ်ခုတည်ဆောက်နိုင်ရန် အခြားသူများနှင့်* |

| | |
|---|---|
| | *အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်သည့်ဖြစ်စဉ် ဖြစ်ပါသည်။*<br><br>အဆင့် ၅ - ထုတ်နုတ်ပြောဆိုပါ - သင်သိသော ကွန်ယက်အတွင်းမှသူများသည် ပုဂ္ဂိုလ်ရေးဆိုင်ရာဆက်ဆံမှုများနှင့် ကျွမ်းကျင်မှု လုပ်ငန်းပိုင်းဆိုင်ရာ ဆက်ဆံမှုများ ပါဝင်ကြပါသည်။<br><br>အဆင့် ၆ - ကွန်ယက်ချိတ်ဆက်ခြင်းသည် ဘာကြောင့် ခေါင်းဆောင်မှုစွမ်းရည်တစ်ခုဖြစ်ကြောင်း သင်တန်းတက်ရောက်သူများအား မေးမြန်းပါ။<br><br>အဆင့် ၇ - ထုတ်နုတ်ပြောဆိုပါ - ခေါင်းဆောင်များသည် အပြောင်းအလဲများဖြစ်ပေါ် စေရန် တစ်ယောက်ထဲမလုပ်။ အများနှင့် စုပေါင်းဆောင်ရွက်ကြသည်။<br><br>အဆင့် ၈ - သင်တန်းတက်ရောက်သူများအား အခွင့်အရေးများ သို့မဟုတ် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုအခွင့်အရေးများအတွက် လက်လှမ်းမီမှု သေချာစေရန် အခြားသူများနှင့် ပေါင်းစည်းဆောင်ရွက်သည့် သာဓကပြနိုင်သည့် ခေါင်းဆောင်များ သိလျှင်ပြောနိုင်းပါ။ သင်တန်းသား ၂ - ၃ အား ပြောနိုင်းပါ။<br><br>အဆင့် ၉ - ထုတ်နုတ်ပြောဆိုပါ - ခေါင်းဆောင်များသည် အကူအညီများအား ၎င်းတို့၏ ကွန်ယက်အတွင်းကသူများအား တောင်းဆိုကြသည်။ ဥပမာ - ဥပဒေတစ်ခုအား အတည်ပြုနိုင်ရန် သင့်အနေဖြင့် ကြိုးပမ်းနေမည်ဆိုလျှင် အရေးပါသော လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အတွက် ကူညီဆောင်ရွက်နေ သော သင်၏ကွန်ယက်အတွင်းမှ တစ်စုံတစ်ယောက်ထံရောက်ရှိရန် ကြိုးပမ်းလိမ့် မည်ဖြစ်သည်။ |
| [၂၀ မိနစ်] | အဆင့် ၁၀ - သင်တန်းတက်ရောက်သူများအနေဖြင့်<br><br>အဆင့် ၁၁ - စာရွက်ကြီးပေါ်တွင် အောက်ပါ ဥပမာအား ဆွဲပါ။<br><br><br> |

| | |
|---|---|
| | အဆင့် ၁၂ - **ထုတ်နုတ်ပြောဆိုပါ** - သင်တန်းမှ လူများအားလုံးသည် ကွန်ယက် အသစ်တစ်ခု၏ အစိတ်အပိုင်းဖြစ်ကြောင်းပြောပါ။ (သင်တန်းအဖွဲ့)အား ညွှန်ပြထားသော မျဉ်းသည် ၎င်းတို့သည် ကွန်ယက်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ညွှန်းပြနေပါသည်။ ကွန်ယက်အတွင်းက မတူညီသောအဖွဲ့များ မိသားစုတွင်းမှလူများ၊ အလုပ်မှ သိသောသူများနှင့် လူထုအတွင်းကလူများကဲ့သို့သော အဖွဲ့များအား ဖော်ထုတ်ပြောဆိုပါ။<br><br>အဆင့် ၁၃ - သင်တန်းတက်ရောက်သူများအနေဖြင့် ယခုအချိန်တွင် ၎င်းတို့၏ ကိုယ်ပိုင် ကွန်ယက်များကို ဖန်တီးရေးဆွဲရမည်ဖြစ်ကြောင်း ရှင်းပြပါ။ အဖွဲ့တိုင်း၌ စာရွက်၏ ထောင့်တစ်နေရာတွင် "သင်တန်းအဖွဲ့"ဟု ရေးသားရမည်ဖြစ်သည်။ အဖွဲ့အတွင်းမှ တစ်ယောက်ချင်းစီ၏ နာမည်များနှင့်လည်း ချိတ်ဆက်၍ ထားရမည်ဖြစ်သည်။ ထို့နောက်တွင် ၎င်းတို့၏ အမည်များမှတဆင့် ကွန်ယက် ၄ ခု (သို့မဟုတ်) ၅ ခုအား ဖန်တီးရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ကိုယ်ပိုင်ကွန်ယက်များ အားလုံးသည် "သင်တန်းအဖွဲ့"အား ချိတ်ဆက်ဆောင်ရွက် နိုင်မည်ဖြစ်သည်။ ၎င်းတို့ အနေဖြင့် ဤလေ့ကျင့်ခန်းကို ဆောင်ရွက်ရန် အချိန် ၁၅ မိနစ်ရရှိမည်ဖြစ်သည်။<br><br>အဆင့် ၁၄ - သင်တန်းတက်ရောက်သူများအနေဖြင့် ၎င်းတို့၏ကွန်ယက်အား ဆောင်ရွက်ရန် အချိန် ၅ မိနစ်သာလျှင် ကျန်ရှိတော့ကြောင်း ပြောဆိုအသိပေးပါ။<br><br>အဆင့် ၁၅ - အဖွဲ့များ၏ စာရွက်အကြီးများအား "သင်တန်းအဖွဲ့"ဆိုသည့်အရာနှင့် ချိတ်ဆက်၍ နံရံတွင် ကပ်ထားပါ။<br><br>အဆင့် ၁၆ - **ထုတ်နုတ်ပြောဆိုပါ** - သင်တန်းတက်ရောက်သူ တစ်ယောက် ချင်းစီ၏ ကွန်ယက်များသည် သင်တန်းအဖွဲ့၏ အစိတ်အပိုင်းတစ်ခုဖြစ်ခြင်း အားဖြင့် သိသာထင်ရှားစွာ ကြီးမားလာကြောင်း ပြောပြပါ။ အခန်းအတွင်းရှိသော သူများ အားလုံးသည် အရင်းအမြစ်တစ်ခုဖြစ်ပြီး ထူးခြားကောင်းမွန်သော ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် အခွင့်အလမ်းများရှိကြပါသည်။ |
| [၁၀ မိနစ်] | အဆင့် ၁၇ - ယခုဆိုလျှင် သင်တန်းတက်ရောက်သူများအနေဖြင့် ကွန်ယက် တစ်ခု၏အကြောင်းကို သိရှိပြီးဖြစ်၍ "ကွန်ယက်ချိတ်ဆက် ဆောင်ရွက်သူ" တစ်ယောက် အကြောင်းကို စဉ်းစားကြမည့် အချိန်ဖြစ်ကြောင်း ရှင်းပြပါ။<br><br>အဆင့် ၁၈ - သင်တန်းတက်ရောက်သူများအား "ကွန်ယက်ချိတ်ဆက်ဆောင်ရွက် သူ" တစ်ယောက်ဆိုတာ ဘာလဲ ဟု မေးမြန်းပါ။<br><br>အဆင့် ၁၉ - **ထုတ်နုတ်ပြောဆိုပါ** - ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်း ဆိုသည်မှာ ကွန်ယက်တစ်ခုတည်ဆောက်ခြင်း ဖြစ်စဉ်ဖြစ်၍ ကွန်ယက်ချိတ်ဆက် ဆောင်ရွက်သူ သည် ၎င်း၏ကွန်ယက်အား အသုံးပြု ဆောင်ရွက်သည့် သူတစ်ဦး ဖြစ်ပါသည်။<br><br>အဆင့် ၂၀ - စာရွက်အကြီး၏ ကော်လံတစ်ဖက်တွင် "ကွန်ယက်တစ်ခုအား အသုံးပြုခြင်း" ဟုရေးသားပြီး အခြားတစ်ဖက်တွင် "ကွန်ယက်တစ်ခု |

| | |
|---|---|
| | တည်ဆောက်ခြင်း" ကို ရေးသားပါ။<br><br>အဆင့် ၂၁ - သင်တန်းတက်ရောက်သူများအနေဖြင့် ကပ်ခွါစာရွက်ပေါ်တွင် တစ်စုံတစ်ယောက်အနေဖြင့် ၎င်း၏ကွန်ယက်အား အောင်အောင်မြင်မြင် ချိတ်ဆက်အသုံး ပြုနိုင်ရန်အတွက် အကူအညီဖြစ်စေသည့် သွင်ပြင်လက္ခဏာတစ်ခုအား ရေးခိုင်းပါ။<br><br>အဆင့် ၂၂ - အဖွဲ့အတွင်းမှ တစ်ဦးဦးအား ၎င်းတို့အဖွဲ့မှ ရေးထားသော ကပ်ခွါစာရွက်များအား ယူဆောင်၍ စာရွက်ကြီးပေါ်တွင် သွားရောက် ကပ်ရန် ပြောဆိုပါ။<br><br>အဆင့် ၂၃ - သွင်ပြင်လက္ခဏာများအား ဖတ်ပြ၍ တူညီသော အရည်အသွေးများအား အုပ်စုလေးများခွဲ၍ထားပါ။ **ထုတ်နှုတ်ပြောဆိုပါ** - သင်၏ ကွန်ယက်အား အသုံးပြုနိုင်ရန် သင့်အနေဖြင့် မည်သူသည် မည်သည့်အစိတ်အပိုင်းတွင် ပါဝင်နေကြောင်း သိရှိရန် လိုအပ်ပါသည်။<br><br>အဆင့် ၂၄ - သင်တန်းတက်ရောက်နေသူများအား ကပ်ခွါစာရွက်တစ်ခုပေါ်တွင် ၎င်းတို့၏ ကွန်ယက် (သို့မဟုတ်) ကွန်ယက်ချိတ်ဆက်ခြင်းအတွက် အရည်အချင်းရှိသော သူတစ်ယောက်ဖြစ်လာစေရန် ထပ်ပေါင်းထည့်ရန်လိုအပ်သည့် သွင်ပြင်လက္ခဏာများအား ရေးခိုင်းပါ။<br><br>အဆင့် ၂၅ - အဖွဲ့အတွင်းမှ တစ်ဦးဦးအား ၎င်းတို့အဖွဲ့မှ ရေးထားသော ကပ်ခွါစာရွက်များအား ယူဆောင်၍ စာရွက်ကြီးပေါ်တွင် သွားရောက် ကပ်ရန် ပြောဆိုပါ။<br><br>အဆင့် ၂၆ - သွင်ပြင်လက္ခဏာများအား ဖတ်ပြ၍ တူညီသော အရည်အသွေးများအား အုပ်စုလေးများခွဲ၍ထားပါ။ **ထုတ်နှုတ်ပြောဆိုပါ** - ကွန်ယက်ချိတ်ဆက်ဆောင်ရွက်သူများသည် သင်တန်းအစပိုင်းတွင် ဆွေးနွေးခဲ့သော မိမိကိုယ်ကို ယုံကြည်မှုအရည်အသွေးများမှ အချို့အရည်အချင်းများရှိနိုင်ပါသည်။ ၎င်းတို့အနေဖြင့် ဆောင်ရွက်နေသည့် အလုပ်အကြောင်းများကို အခြားသော လူသစ်များအား ရှင်းလင်း တိကျစွာ ဖော်ပြနိုင်မည်ဖြစ်ပါသည်။ |
| [၁၅ မိနစ်] | အဆင့် ၂၇ - သင်တန်းတက်ရောက်သူများအနေဖြင့် ယခုတွင် ကွန်ယက်တစ်ခုအကြောင်းနှင့် ကွန်ယက်ချိတ်ဆက်သူတစ်ယောက်အကြောင်းအား သိရှိပြီးဖြစ် ပါသည်၊ သို့ဖြစ်ပါ၍ ကွန်ယက်ချိတ်ဆက်ခြင်းများအဖြစ် ဖြစ်ပေါ်လေ့ရှိသော အကြောင်းအရာများအား လေ့လာကြမည်ဖြစ်ပါသည်။<br><br>အဆင့် ၂၈ - သင်တန်းတက်ရောက်သူများအား အတွဲများအဖြစ် တွဲ၍ ခွဲခိုင်းပါ။<br><br>အဆင့် ၂၉ - သင်တန်းတက်ရောက်သူများအား သင်ရိုး၏စာမျက်နှာ (၉၄) မှ "ဤအရာသည် ကွန်ယက်ချိတ်ဆက်ခြင်းတစ်ခုလား" ကို လုပ်ခိုင်းပါ။<br><br>အဆင့် ၃၀ - သင်တန်းတက်ရောက်သူများအနေဖြင့် အဖြစ်အပျက်တစ်ခုစီ၏ |

| | |
|---|---|
| | သေားတွင် "မှန်" သို့မဟုတ် "မှား"ဟို စက်ဝိုင်း ဝိုင်းရန်ရှင်းပြပါ။ ၎င်းတို့အနေဖြင့် အဖြစ်အပျက်သည် ကွန်ယက်ချိတ်ဆက်ခြင်းဟု ထင်မြင်လျှင် "မှန်" ကို ဝိုင်းရမည် ဖြစ်ပြီး ထိုသို့မထင်လျှင် "မှား"ကို ဝိုင်းရမည်ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ဆောင်ရွက်ရန် အချိန် ၁၀ မိနစ် ရှိမည်ဖြစ်ပါသည်။<br><br>အဆင့် ၃၁ - သင်တန်းသားများအနေဖြင့် ဆောင်ရွက်ရန် အချိန် ၅ မိနစ်သာကျန်လျှင် အသိပေး ပြောဆိုပါ။<br><br>အဆင့် ၃၂ - သင်တန်းသားထဲမှ ၂ - ၃ ယောက်ဖြေဆိုနိုင်ရန်အတွက် ၎င်းတို့အနေဖြင့် မည်သည့်လုပ်ဆောင်ချက်များသည် ကွန်ယက်ချိတ်ဆက်ခြင်းဟု ထင်မြင်၍ အဘယ့်ကြောင့် ထိုအရာများအား ရွေးချယ်ခဲ့သနည်းဟု မေးမြန်းပါ။<br><br>အဆင့် ၃၃ - သင်တန်းသားထဲမှ ၁ - ၂ ယောက်ဖြေဆိုနိုင်ရန်အတွက် ၎င်းတို့အနေဖြင့် မည်သည့်လုပ်ဆောင်ချက်များသည် ကွန်ယက်ချိတ်ဆက်ခြင်း မဟုတ်ဟု ထင်မြင်၍ ဘာကြောင့်လဲ ဟု မေးမြန်းပါ။<br><br>အဆင့် ၃၄ - **ထုတ်နုတ်ပြောဆိုပါ** - ကွန်ယက်ချိတ်ဆက်ခြင်းသည် နေရာတိုင်းတွင် ဖြစ်ပေါ်နိုင်ကြောင်း။ တစ်ဦးတစ်ယောက်ချင်းစီ၏ အဆင်ပြေသက်တောင့်သက်သာ ရှိမှုအဆင့်ကို အကဲဖြတ်နိုင်ရန်နှင့် ပရိတ်သတ်၏ အခြေအနေကို သိရှိနိုင်ရန် (တင်ပြဆွေးနွေးခြင်းအပိုင်းကို ပြန်လည်ရည်ညွှန်းရန်) ပေါ်တွင် မူတည်နေပါသည်။ ပညာရှင်ဆန်သော အစီစဉ်ချမှတ်ဆောင်ရွက်ခြင်းတစ်ခုအနေနှင့် သင်၏ ကွန်ယက်အား လူမှုရေးလုပ်ဆောင်ချက်များမှတစ်ဆင့် တည်ဆောက်ခြင်းသည် အသုံးဝင်နိုင်ပါသည်။ သို့သော်လည်း အခြားသောသူများမှ ၎င်းဆောင်ရွက်ချက်အား မည်သို့ထင်မြင်ကြမည်ကို စဉ်းစားရန်မှာလည်း အမြဲအရေးကြီးပါသည်။ **ထပ်လောင်းပြောဆိုပါ** - ကွန်ယက်ချိတ်ဆက်ခြင်းသည် နည်းလမ်း ၂ခုဖြင့်သွားကြောင်း - ၂ ဖက်လုံးမှလည်း ၎င်းတို့အနေဖြင့် အကျိုးအမြတ် တစ်ခုခုစီရရှိ သည်ဟု ခံစားသင့်ကြောင်း။ |
| [၃၀ မိနစ်] | အဆင့် ၃၅ - **ထုတ်နုတ်ပြောဆိုပါ** - အောင်မြင်သော ကွန်ယက်ချိတ်ဆက်ခြင်းဆိုသည်မှာ သင်၏ တင်ပြချက်များကို လျှင်မြန် ရှင်းလင်းစွာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အောက်ပါအချက်အလက်များကို သင်တန်းပို့ချသူအနေဖြင့် ပြောပြ၍ စာရွက် အကြီးပေါ်တွင် ရေးသားပါ။ ကွန်ယက်ချိတ်ဆက်သူများတွင် -<br>- ၎င်းတို့၏ အမည်နှင့် အဖွဲ့အစည်းအား အခြားသူများကို ပြောပြခြင်း<br>- ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်း အတိုချုပ်၍ ဖော်ပြခြင်း<br>- အခြားသူတစ်ဦးအနေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းသည် ကွန်ယက်ချိတ်ဆက်သူများအား စိတ်ဝင်စားဖွယ်ရာများတစ်ခုခု၏ ထင်မြင်မိလျှင် မေးမြန်းခြင်း<br>- အနာဂါတ်တွင် ၎င်းတို့နှင့် အတူတကွ ဆောင်ရွက်နိုင်မည်ဟု ထင်မြင်မိလျှင် လိပ်စာကဒ်များ တောင်းခံခြင်း များပြုလုပ်သင့်သည်။<br><br>အဆင့် ၃၆ - သင်တန်းတက်ရောက်သူများအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းမှ ဆွေးနွေးချက်များအားလုံးအား အမှန်တကယ် လက်တွေ့လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း ပြောဆိုပါ။ |

အဆင့် ၃၇ - သင်တန်းတက်ရောက်သူများအား အခန်း၏ နောက်ဘက်သို့ ရွှေ့နိုင်းပါ။

အဆင့် ၃၈ - သင်တန်းတက်ရောက်သူများအနေဖြင့် နောက်လာမည့် ဆောင်ရွက်ချက်သည် သရုပ်ပြတင်ဆက်ခြင်းတစ်ခုဖြစ်ကြောင်း ရှင်းပြပါ။ တစ်ယောက်ချင်းစီတွင် ၎င်းတို့ဆောင်ရွက်နေသည့်နောက်ခံသမိုင်းကြောင်းနှင့် ၎င်း ပြောဆိုချင်သော သူ အမျိုးအစား စသည် ပါရှိသည့် အခန်းကဏ္ဍတစ်ခုစီ ရရှိမည်ဖြစ် ပါသည်။ အောင်မြင်သော ကွန်ယက်ချိတ်ဆက်ခြင်း လမ်းညွှန်သည် မကြာခင်ကမှ ဆွေးနွေးထားပြီးဖြစ်ကြောင်း ပြန်လည် အမှတ်ရစေရန် ပြောဆိုပါ။

အဆင့် ၃၉ - ကွန်ယက်ချိတ်ဆက်ခြင်း အခန်းကဏ္ဍများနှင့် လိပ်စာကဒ်များအား ဖြန့်ဝေပါ။ အမြင်အာရုံ မသန်စွမ်း သင်တန်းသားများအတွက် အခန်းကဏ္ဍများ အကြောင်း ဖတ်ပြရန် သေချာပါစေ။

အဆင့် ၄၀ - သင်တန်းတက်ရောက်သူများအနေဖြင့် အခြားသူများအား စကားပြောဆိုရန် အခန်းတွင် လှည့်လည်ကြည့်ရှု ကြမည်ဖြစ်ကြောင်း ပြောဆိုပါ။ ရည်ရွယ်ချက်သည် အချိတ်အဆက်များရရှိနိုင်ရန်နှင့် ၎င်းတို့အား ကူညီနိုင်မည့် သူများထံမှ လိပ်စာကဒ်များ ရရှိနိုင်ရန် ဖြစ်ပါသည်။ ဆောင်ရွက်ရန် အချိန် ၂၀ မိနစ် ရရှိမည်ဖြစ်ပါသည်။

အဆင့် ၄၁ - ကျန်ရှိချိန် ၅ မိနစ်ဆိုလျှင် သင်တန်းသားများအား အသိပေးပြောဆိုပါ။

အဆင့် ၄၂ - သင်တန်းသားများအနေဖြင့် ၎င်းတို့၏ နေရာများတွင် ပြန်လည်နေရာယူရန် ပြောဆိုပါ။

အဆင့် ၄၃ - သင်တန်းသားများအား လိပ်စာကဒ် ဘယ်နှစ်ခု ရရှိခဲ့လဲဟု မေးမြန်းပါ။ ၎င်းတို့အနေဖြင့် အမှန်တကယ် လိုအပ်သောသူကို တွေ့ရှိခဲ့လားဟု မေးမြန်း၍ သင်တန်းသား ၂- ၃ ယောက်အား ဖြေဆိုနိုင်းပါ။

အဆင့် ၄၄ - သင်တန်းတက်ရောက်သူများအနေဖြင့် ၎င်းတို့ တွေ့ဆုံပြောဆိုချင်သောသူကို ရှာဖွေနိုင်ရန် ဘယ်လိုကွဲပြားသည့်ပုံစံများဖြင့် ဆောင်ရွက်နိုင်ခဲ့လဲဟု မေးမြန်းပါ။

အဆင့် ၄၅ - **ထုတ်နုတ်ပြောဆိုပါ** - ကောင်းမွန်သော ကွန်ယက်ချိတ်ဆက်သူတစ်ယောက်ဖြစ်လာခြင်းသည် လက်တွေ့ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်းနှင့် လက်တွေ့လုပ်ဆောင်ရန် နည်းလမ်းကလည်း ဆောင်ရွက်လုပ်ရှားမှုပွဲစဉ်များအား သွားရောက်၍ အခြားသူများနှင့် ချိတ်ဆက်ခြင်းသာလျှင် ဖြစ်ပါသည်။ ထုတ်နုတ်ပြောဆိုပါ - ၎င်းတို့အနေဖြင့် အကန့်အသတ်ထိန်းချုပ်ထားသော အစီအစဉ်တစ်ခုအတွင်းမှ ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်းအား

| | |
|---|---|
| | ကြိုးစားနိုင်ရန် အခွင့်အရေးတစ်ခု အားလုံးရရှိခဲ့ပြီးဖြစ်ကြောင်းနှင့် ထို့ကြောင့် သင်တန်းတက်ရောက် သူများအနေဖြင့် ၎င်းတို့၏ အရည်အချင်းများအားလည်း တည်ဆောက်ပြီးဖြစ် ကြောင်း ပြောဆိုပါ။ သင်တန်းတက်ရောက်သူများသည် ကွန်ယက်ချိတ်ဆက်ခြင်း အကြောင်းသာလျှင်မက မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်ရမည်ကိုပါ သိရှိပြီဖြစ်ပါ သည်။ |

ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်း သရုပ်ပြတင်ဆက်ခြင်း

ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်း – ကွန်ယက်ချိတ်ဆက်ဖြစ်ရပ်တစ်ခု ဖြစ်ပါသလား

သင်တန်းဆို့ ချသူအတွက် မှတ်ချက်။ ။အောက်တွင်ဖော်ပြထားသော အခန်းကဏ္ဍများကို ညှပ်၍ သင်တ
ညှပ်၍ သင်တန်းသားများ ကို ဝေငှပါ။

| |
|---|
| သင်သည် မသန်စွမ်းသူများအား နိုင်ငံရေးနှင့်အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်နိုင်စေရန်<br>ရွက်နိုင်စေရန် အတွက် ၎င်း တို့ ၏ အခွင့်အရေးကို မြှင့်တင်ဆောင်ရွက်နေသည့် မသန်စွမ်းအဖွဲ့<br>မသန်စွမ်းအဖွဲ့ အစည်းမှ ခေါင်းဆောင် တစ်ယောက်ဖြစ်သည်။ သင်သည် စိတ်ပိုင်<br>စိတ်ပိုင်းဆိုင်ရာမသန်စွမ်းဖြစ်နေသူများ၏ မဲပေးခွင့်၊ ရွေးကောက်ပွဲလှေ့လာ စောင့်ကြည့်ခွင့်၊ ကိုယ်စားလှယ်လောင်<br>ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် နှင့် ရွေးကောက်ခံ<br>ရွေးကောက်ခံကိုယ်စားလှယ်များအဖြစ် ဝင်ရောက်ဆောင်ရွက်ခွင့်တို့ အား အာမခံပေးမည့် မသန်စွမ်<br>မသန်စွမ်းအခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းတစ်ခုကို ကူညီရေးဆွဲ ပေးထားသူလည်းဖြစ်သည်။ သင်သည် စိ<br>သင်သည်<br>စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ၏အခွင့်အရေးများနှင့်ပတ်သတ်၍ အသိပညာပေးလုပ် ငန်းများကို ဆောင်ရွက်နေ<br>ဆောင်ရွက်နေသော်လည်း လူမှု<br>လူမှုအသိုင်းအဝိုင်းအတွင်းတွင် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအပေါ်တွင် အထင်အမြင်မှားမှုများက ဆက်လက်ရှိ<br>ဆက်လက်ရှိနေသေးသည်။<br><br>သင်သည် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထောက်ပံ့ပေးရန်အတွက် အစိုးရ နှင့်<br>အစိုးရ နှင့် အရပ်ဖက်လူ့ အဖွဲ့ အစည်းများအပါဝင် မတူကွဲပြားသော ကဏ္ဍစုံမှ ပါဝ<br>ကဏ္ဍစုံမှ ပါဝင်ပတ်သတ်သူများ နှင့် အတူ ကွန်ယက်တစ်ခု တည်ထောင်ရန် ကြိုးစားနေသည်။ |
| သင်သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့်အတူ အလုပ်လုပ်ကိုင်နေပြီး မဲရုံလုပ်သား<br>မဲရုံလုပ်သားများအား သင်တန်းပေးသည့် မသန်စွမ်းအဖွဲ့ မှ ခေါင်းဆော<br>ခေါင်းဆောင်တစ်ဦးဖြစ်သည်။ သင်ပို့ ချသော သင်တန်းတွင် ပါဝင်သည့် သင်ခန်းစာများမှာ သင့်တင့်လျော<br>သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းများ ထောက်ပံ့ပေးရေးအကြောင်းအရာများ ပါဝင်သည်။ ထိုကဲ့သို့ သော<br>ထိုကဲ့သို့ သော အတွေ့ အကြုံကောင်းကို ရရှိထားသော သင်သည်၊  မသန်စွမ်းပု<br>မသန်စွမ်းပုဂ္ဂိုလ်များကို လုပ်ဖော်ကိုင်ဖက်များ အဖြစ်<br>အဖြစ် မည်ကဲ့သို့ ထည့်သွင်းလုပ်ကိုင်စေနိုင်မည်ကို အခြားအစိုးရအရာရှိများအား သိစေလိုသည်။<br><br>မိမိ၏ ရုံးဝန်ထမ်းများအတွက် အသိပညာပေးသင်တန်းများ စီစဉ်ပေးလိုသော အစိုးရအရာရှိများအား သင်က ရှာဖွေ<br>သင်က ရှာဖွေ နေသည်။ |
| သင်သည် အားလုံးအကျုံးဝင်သော နိုင်ငံသားပညာရေးသင်ရိုးများကို ကျောင်းများတွင် သင်ခန်းစာများအ<br>သင်ခန်းစာများအဖြစ် ထည့်သွင်းပို့ ချ ပေးနိုင်ရန် ဆောင်ရွက်<br>ဆောင်ရွက်နေသော မသန်စွမ်းအဖွဲ့ အစည်းမှ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အားလုံးအကျုံ<br>အားလုံးအကျုံးဝင်သော နိုင်ငံသားပညာရေးသင်ရိုးများကို ကျောင်းသားကျောင်းသူတိုင်း မသင်မနေရဘာသာ ရပ်အ<br>မသင်မနေရဘာသာ ရပ်အဖြစ် ပြဌာန်းပေးရန် အစိုးရ၏ ထောက်ခံမှုကို သင်လိုချင်သည်။ ထို့ အတွက်<br>ထို့ အတွက်ကြောင့်၊ ကျောင်းသား ကျောင်းသူများအတွက် အားလုံးအကျုံးဝင်နိုင်ငံသားပညာရေးသင်ခန်းစာများကို<br>းသင်ခန်းစာများကို သင်ကြားခွင့်ရရှိရန်  ပြဌာန်းပေးမည့် ဥပဒေကို ထောက်ခံသော အစိုးရ အရာရှိများကို<br>အရာရှိများကို သင် ရှာဖွေနေသည်။ |

သင်သည် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသော အရပ်ဖက်လူ့ အဖွဲ့ အစည်းမှ ခေါင်းဆောင် ခေါင်းဆောင် တစ်ယောက်ဖြစ်သည်။ သင့်အဖွဲ့ ပြုလုပ်သော မဲဆန္ဒရှင်ပညာပေးအစီအစဉ်များတွင် မသန်စွမ်းသူ မသန်စွမ်းသူများအား ထည့်သွင်းရန် လိုအပ်ကြောင်း သင်၏အလှူရှင်များက မကြာမီ မကြာမီကပင် သင့်ထံအကြောင်းကြားလာသည်။

ယခုအခါ သင်သည် မဲဆန္ဒရှင်ပညာပေးအစီအစဉ်များတွင် မ မသန်စွမ်းသူများအား ထည့်သွင်းရန်အတွက် လက်တွဲလုပ်ဆောင်မည့် မသန်စွမ်း အဖွဲ့ အစည်းတစ်ခုအား ရှာဖွေနေသ ရှာဖွေနေသည်။

သင်သည် မသန်စွမ်းအခွင့်အရေးများနှင့်ပတ်သတ်၍ စိတ်ဝင်စားမှုရှိသော လွှတ်တော်ကိုယ်စားလှယ် တစ်ယောက် တစ်ယောက် ဖြစ်သည်။ ယခုတွင်မူ သင်သည် မသ မသန်စွမ်းအခွင့်အရေးများနှင့်ပတ်သတ်၍ များများစားစားသိရှိထားခြင်းမရှိပါ။ သို့ သော သို့ သော်လည်း ထပ်မံလေ့လာရန် စိတ်အားထက်သန်နေသည်။

သင်သည် မသန်စွမ်းသူများ နိုင်ငံရေးနှင့်အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် အခါ ကြုံတွေ့ ရသော အ ကြုံတွေ့ ရသော အတားအဆီးများကို သင့်အား ရှင်းပြပေးနိုင်မည့် မသန်စွမ်းအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူ တ ကျွမ်းကျင်သူ တစ်ယောက်ကိုရှာဖွေနေသည်။

သင်သည် မသန်စွမ်းမှုအမျိုးမျိုးရှိသော လူပုဂ္ဂိုလ်အားလုံးအနေဖြင့် ရွေးကော ရွေးကောက်ပွဲနှင့် နိုင်ငံ နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင် ဆောင်ရွက်ခွင့်ရနိုင်ရေးအတွက် မသန်စွမ်းအခွင့်အရေးကို မြှင့်တင်ပေးမည့် မြှင့်တင်ပေးမည့် ဥပဒေတစ်ခုကို ရေးဆွဲလိုသည့် မသန်စွမ်းလွှတ် တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်သည်။

သင်သည် ထိုဥပဒေကြမ်းကို ထောက်ခံပေးမည့် အစိုးရ နှင့် အရပ်ဖက်လူ့ အဖွဲ့ အစည်းအတွင်းမှ ထောက်ခံသူများကို ထောက်ခံသူများကို ရှာဖွေ နေသည်။

သင်သည် အမျိုးသားမသန်စွမ်းကော်မတီ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်ပတ်သတ်၍ အသိပညာများပြန့် ပွား စေရန် လုပ် စေရန် လုပ်ဆောင်နေသည့် ကော်မတီဝင်တစ်ယောက်ဖြစ်သည်။ သင်သည် မသန်စွမ် မသန်စွမ်းဥပဒေအား အကောင်အထည် ဖော်နေသည့် လုပ် ငန်းစဉ်အား အကူအညီ အကူအညီပေးနေသူတစ်ယောက်လည်းဖြစ်သည်။

သင်သည် မသန်စွမ်းဥပဒေကို အကောင်အထည်ဖော်သည့်နေရာတွင် အမျိုး အမျိုးသားမသန်စွမ်းကော်မတီ၏ အခန်းကဏ္ဍ နှင့် မသန်စွမ်းဥပဒေပါ အကြောင်းအ အကြောင်းအရာများကို မိမိတို့ ၏ ကွန်ယက်အသီးသီးတွင် ရှင်းလင်းပြောဆိုနိုင်မည့် မသန်စွမ်းအဖွဲ့ မသန်စွမ်းအဖွဲ့ အစည်းများကို ရှာဖွေနေသည်။

သင်သည် အစိုးရနှင့်လုပ်တွဲလုပ်နေသည့် မသန်စွမ်းအဖွဲ့ အစည်းများကို မှတ်တမ်းတင်ရသော အလုပ်ကို တာဝ အလုပ်ကို တာဝန်ယူ ရသည့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အရာရှိတစ် အရာရှိတစ်ယောက်ဖြစ်သည်။ သင်၏အလုပ်မှာ နိုင်ငံတစ်ဝှမ်းတွင် လုပ်ကိုင်ဆောင်ရွက်နေသော မသန်စွမ်းအ မသန်စွမ်းအဖွဲ့ အစည်းများသည် အလေ့အကျင့် ကောင်းများပေါ် တွင် အခြေခံ၍ လုပ်ကိုင် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ထောက်ပံ့ပေးရသောအလုပ်ဖြစ်သည်။ ထို့ အတွက် ကြောင့် မသန်စွမ်းအဖွဲ့ မသန်စွမ်းအဖွဲ့ အစည်းများသည် မည်သည့်ကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်နေသည်ကို သင်အနေဖြင့် သိလိုသည် သိလိုသည်။

သင်သည် ၎င်းတို့ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများကို ပြောပြပေးနိုင်မည့် မသန်စွမ်းအဖွဲ့ မသန်စွမ်းအဖွဲ့ အစည်း များကို ရှာဖွေနေပြီး မသန်စွမ်းအဖွဲ့ အစည်းများနှင့် လက်တွဲလုပ်ကိုင်လျက်ရှိပြီး ထိုအဖွဲ့ များ

ထိုအဖွဲ့ များအကြောင်းကို ပြောပြနိုင်သော အစိုးရဌာနအသီးသီးမှ ပါဝင်ပတ်သတ်သူများကိုလည်း ရှာဖွေနေသည်။

သင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မသန်စွမ်းသူများရွေးကောက်ပွဲတွင်ပါဝင်ခြင်းဆိုင်ရာ ကိစ္စရပ်များအ
ကိစ္စရပ်များအတွက် တာဝန်ခံတစ်ယောက်ဖြစ်သည်။ သင်သည် မသန်စွမ်းအဖွဲ့ အစည်းများပါဝင်သည့် အသိုက်အ
အသိုက်အဝန်း နှင့် ကွန်ယက်ချိတ်ဆက်ဆောင်ရွက်လိုသည်။ သို့ မှသာ
သို့ မှသာ ရွေးကောက်ပွဲများကျင်းပသည့်အခါ မသန်စွမ်းအဖွဲ့ အစည်း များနှင့် နီးကပ်စွာ အလုပ်လုပ်က
အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ သင့်အနေဖြင့် ရွေးကောက်ပွဲများသည် တတ်နိုင်သမျှ
တတ်နိုင်သမျှ အားလုံးပါဝင်နိုင်မှုရှိစေရေးကို ဦးတည်ဆောင်ရွက်လိုသည်။

ရွေးကောက်ပွဲတွင် မသန်စွမ်းသူများအား ပါဝ
ပါဝင်ခွင့်ရလာစေရန် မည်သည့်အရာကို လုပ်ဆောင် ရန်လိုအပ်သည်ကို သင်အနေဖြင့်သိရှိလိုသည်၊ သင်သည် ထ
သင်သည် ထိုအကြောင်းအရာနှင့်ပတ်သတ်၍ မေးခွန်းများမေးမြန်းနိုင်ရန်အတွက် ရွေးကောက်ပွဲ မတိုင်မီတွင် မသ
မတိုင်မီတွင် မသန်စွမ်းအဖွဲ့ အစည်းများကို ဆက်သွယ်မေးမြန်းရန် ရှာဖွေနေသည်။

သင်သည်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ကိစ္စရပ်များကို
း ကိစ္စရပ်များကို လုပ်ဆောင်ရသော အရာရှိဖြစ်သည်။ သင်ကြားထားသည့်သတင်းတစ်ခုမှာ- မသန်စွမ်းပုဂ္ဂိုလ်များ သ
သည် နိုင်ငံရေးပါတီများတွင် ပိုမိုပါဝင်လိုပြီး၊ မသန်စွမ်
မသန်စွမ်းသူများအား ခေါင်းဆောင်မှုပေးနိုင်မည့် သတင်းအချက်အလက် များကို ရှာဖွေလျက်ရှိသည် ဟူသော သတင်
ဟူသော သတင်းဖြစ်သည်။

ထို့ ကြောင့် သင့်အနေဖြင့် ခေါင်းဆောင်မှုဆိုင်ရာအတွေ့ အကြုံများကို ဝေမျှပေးနိုင်သော မသန်စွမ်းနိုင်ငံရေး ခေါ
မသန်စွမ်းနိုင်ငံရေး ခေါင်းဆောင်များကို ရှာဖွေလျက်ရှိသည်။

သင်သည်
မသန်စွမ်းသူများအနေဖြင့် နိုင်ငံရေးခေါင်းဆောင်များအဖြစ် ပါဝင်ဆောင်ရွက်နိုင်ခြင်းက လူတိုင်းလူတိုင်း အတွက်အရေ
င်းလူတိုင်း အတွက်အရေးပါသော ကိစ္စရပ်တစ်ခုဖြစ်သည်ဟု ပြသလိုသည့်အတွက် အရပ်ဖက်လူ
အရပ်ဖက်လူ့ အဖွဲ့ အစည်းများမှ အဖွဲ့ ဝင်များနှင့် သင်၏ မသန်စွ
မသန်စွမ်းအဖွဲ့ အကြား မဟာမိတ်ဖွဲ့ လိုသော ခေါင်းဆောင်တစ်ဦးဖြစ်သည်။

သင်သည် မဟာမိတ်အဖွဲ့ ထဲတွင် ပါဝင်လိုသော အရပ်ဖက်လူ့ အဖွဲ့ အစည်းများ၊ မသန်စွ
မသန်စွမ်းအဖွဲ့ အစည်းများကို ရှာဖွေလျက်ရှိသည်။

သင်သည် မသန်စွမ်းသူများအား ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရေးအတွက် အစိုးရနှင့် အရပ်ဖက် လူ
အရပ်ဖက် လူ့ အဖွဲ့ အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို ထောက်ပံ့ပေး
ထောက်ပံ့ပေးနေသော နိုင်ငံတကာအလှူရှင် အဖွဲ့ တွင် အလုပ်လုပ်နေသူဖြစ်သည်၊ သင့်အဖွဲ့ တွင် ယခုနှစ်အတွက်
ယခုနှစ်အတွက် ငွေကြေးအပိုပမာဏ တစ်ခုရှိနေပြီး၊ မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့် အများပြည်သူ
အများပြည်သူဆိုင်ရာ နေရာများတွင် ပါဝင်ဆောင်ရွက်ခွင့်ကို တိုးမြှင့်ရန် တီထွင်ဖန်တီးမှုရှိသော နည်းလမ်းများဖြ
နည်းလမ်းများဖြင့် လုပ်ဆောင်ပေးနိုင်မည့်သူများကို ထောက်ပံ့ရန် စိတ်အား ထက်သန်နေသည်၊

သင်သည် စိတ်ဝင်စားဖွယ်ရာဖြစ်သော အ
အိုင်ဒီယာများကို တင်ပြနိုင်ပြီး အတူလက်တွဲလုပ်ဆောင်နိုင်မည့် မသန်စွမ်းအဖွဲ့ အစည်းများ၊ အရပ်ဖက်လူ့ အဖွဲ့

အရပ်ဖက်လူ့အဖွဲ့ အစည်းများနှင့် အစိုးရဌာန တို့ ကို ငွေကြေးထောက်ပံ့ပေးရန် ရှာဖွေနေသည်။

---

သင်သည် ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့်ပတ်သတ်၍ ဖြစ်ပွားသော
ဖြစ်ပွားသော အမှုတစ်ခုကို လိုက်ပေးရန် ငှားရမ်းခြင်းခံရသော လူ့အခွင်
လူ့အခွင့်အရေးရှေ့နေတစ်ယောက်ဖြစ်သည်။ သင်သည် မသန်စွမ်းသူများ၏ ရွေးကောက်ပွဲ တွင် ပါဝင်
တွင် ပါဝင်ဆောင်ရွက်ခွင့်နှင့်ပတ်သတ်ပြီး ပြဌာန်းထားသော ဥပဒေမူဘောင်များကို သိရှိထားသော်လ
သိရှိထားသော်လည်း၊ ရွေး ကောက်ပွဲများတွင် မသန်စွမ်းသူများ ကြုံတွေ့ရသော အတွေ့အကြုံ
အတွေ့ အကြုံများကို စေ့စေ့စပ်စပ်ပြောပြနိုင်မည့် ကျွမ်းကျင်သူ ကို ရှာဖွေရန် လိုအ
ရှာဖွေရန် လိုအပ်နေသည်။ သင့်အနေဖြင့် ဖြစ်နိုင်လျှင် အချက်အလက်များ၊ ဒေတာများကို စုဆောင်းလိုသည်။

သင်သည် ရွေးကောက်ပွဲတွင် ပါ
ပါဝင်ဆောင်ရွက်ခွင့်ရသည့် မသန်စွမ်းသူအရေအတွက်ကို ဖော်ပြထားသော သတင်း အချက်အလက်များ နှင့် ၎င်းတို့
း နှင့် ၎င်းတို့ ကြုံတွေ့ ရသော အတားအဆီး အမျိုးအစားများနှင့် ပတ်သတ်သည့် သတင်းအချက် အလက်များ ကို
အလက်များ ကို ပေးနိုင်မည့် မည်သူ့ ကိုမဆို ရှာဖွေနေသည်။

---

သင်သည် ကျောင်းများတွင် နိုင်ငံသားပညာရေးသင်ကြားနိုင်ရန် ဆောင်ရွက်
ဆောင်ရွက်နေသည့် ပညာရေးဝန်ကြီးဌာနမှ အရာရှိတစ်ယောက်ဖြစ်သည်၊ မကြာမီ
မကြာမီက သင်ကြားထားသည့်သတင်းတစ်ခုမှာ- နိုင်ငံသားပညာရေးသင်ရိုးတွင် မသန်စွမ်းသူများ၏ ပါဝင်ခွ
ပါဝင်ခွင့်ကို ထည့်သွင်းမထားသည့်အပေါ် မသန်စွမ်းအရေးလှုပ်ရှားသူများက ဝေဖန်နေကြခြင်းဖြစ် သည်။

သင်သည် နိုင်ငံသားပညာရေးသင်ရိုးကို ပိုမို၍
ပိုမို၍ အားလုံးအကျုံးဝင် ပါဝင်နိုင်အောင် ဖန်တီးနိုင်ရန်အတွက် အကူအညီပေး နိုင်မည့် မသန်စွမ်းအဖွဲ့ အ
မသန်စွမ်းအဖွဲ့ အစည်းများကို ရှာဖွေနေသည်၊

---

သင်သည် ကိုယ်စားပြုခြင်းမရသော လူများနှင့် အများက
အများက
ဂရုစိုက်ခြင်းမခံရသူများအတွက် အရေးဆိုလှုပ်ရှားနေသော ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ သင်သည် အ
 သင်သည် အခြားသူများအား
ကူညီလိုသည်။ သို့ သော်မည်သို့ ထိထိ ရောက်ရောက်လုပ်ဆောင်ရမည်ကို နားလည်ခြင်းမရှိပေ။

သင်သည် အတွေ့ အကြုံရှိသူများနှင့်သင်၏ အကူအညီလိုသူများကို ထောက်ပံ့ပေးလိုသည်။ ထို့ မှတစ်ဆ
ထို့ မှတစ်ဆင့် ၎င်းတို့ အား နိုင်ငံရေးနှင့် အများပြည်သူဆိုင်ရာ လုပ်ငန်းများတွ
လုပ်ငန်းများတွင် တူညီသောအခွင့်အရေးများဖြင့် အပြည်
အပြည့်အဝ ပါဝင်လုပ်ဆောင်နိုင်စေရန် ကူညီလုပ်ဆောင်ပေးလိုသည်။

---

သင်သည် အကြားအာရုံချို့ တဲ့သူများအပါအဝင် မသ
မသန်စွမ်းမှုပုံစံအမျိုးမျိုးရှိသည့် လူများနေထိုင်ကြသည့် ရွာမှ ရွာသူ
ရွာသူကြီးဖြစ်သည်။ ရွာရှိလူအားလုံး ပါဝင်အသုံးပြုနိုင်သည့်ပုံစံမျိုးဖြစ်အောင် လုပ်ဆောင်နေသည့် စီမံကိန်း အချို့
စီမံကိန်း အချို့ ကိုလည်း သင်ကလုပ်ဆောင်နေသည်။

သင်သည် သင့်ရပ်ရွာတွင် တွေ့ ဆုံပွဲများ၊ အခြားသော စုဝေးပွဲများကို ပြုလုပ်သည့်အခါ ရွာရှိနေထု
ရွာရှိနေထိုင်သူအားလုံး ပါဝင် တက်ရောက်နိုင်သည့် ပုံစံမျိုးဖြင့် ပြုလုပ်လိုသည်။ ထို့ အတွက် လိုအပ်

ထို့ အတွက် လိုအပ်သောအကြံဉာဏ်များကို အစိုးရနှင့် အရပ်ဖက်လူ့ အဖွဲ့ အစည်းများ တွင် အလုပ်လုပ်နေသူ
အလုပ်လုပ်နေသူများထံမှ ရယူလိုသည်။

---

သင်သည် မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့်ပတ်သတ်၍ ပြုလုပ်မည်
ပြုလုပ်မည့် လူထုတွေ့ ဆုံပွဲတစ်ခု ပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေသော ကျေးရွာကော
ကျေးရွာကော်မတီဝင် တစ်ဦးဖြစ်သည်။ သင့်ထံတွင် မသန်စွမ်းသူများနှင့် အတူတကွ အလုပ်တွဲ
အလုပ်တွဲလုပ်သည့် အတွေ့ အကြုံမျိုးမရှိပါ။

မသန်စွမ်းသူများသည် ရ
ရပ်ရွာရေးဆွေးနွေးကြသည့်အခါ ပါဝင်နိုင်လာစေရန် မည်ကဲ့သို့ လု
မည်ကဲ့သို့ လုပ်ဆောင်ရမည့်ကို သင့်အစ
သင့်အနေဖြင့်သိရှိလိုသည်။ ထိုသတင်းအချက်အလက်ကိုရရှိနိုင်ရန် အစိုးရတွင် အလုပ်လုပ်နေ
အလုပ်လုပ်နေသူများနှင့် မသန်စွမ်း အဖွဲ့ အစည်းများတွင် အလုပ်လုပ်နေသူများကို သင်က ရှာဖွေနေသည်။

---

သင်သည်
အသစ်ပြဌာန်းလိုက်သော မသန်စွမ်းဥပဒေသည် သင့်အလုပ်ကို မည်ကဲ့သို သက်ရောက်မှုရှိသည်ကို လေ့လာလု
ကို လေ့လာလိုသော ပြည်နယ်အစိုးရ၏ လူမှုဝန်ထမ်းကယ်ဆယ်ရေးဝန်ကြီးဌာနမှအရာရှိတစ်ဦးဖြစ်သည်။

သင်သည် မသန်စွမ်းဥပဒေနှင့်ပတ်သတ်၍ သတင်းအချက်အလက်များပေးနိုင်သော ပြည်ထောင်စုအဆင့် လူမှုဝန်ထမ်း
လူမှုဝန်ထမ်းကယ် ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အစိုးရအရာရှိများ၊ အမျိုးသားမ
အမျိုးသားမသန်စွမ်းကော်မတီမှ အဖွဲ့ ဝင် များနှင့် အခြားသော အစိုးရအရာရှိများကို ရှာဖွေနေသည်။

---

သင်သည်
သင့်ပြည်နယ်တွင်နေထိုင်သော မသန်စွမ်းသူများနှင့် အတူတကွလက်တွဲ လုပ်ဆောင်လိုသော ပြည်နယ် လွှတ်
ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည်၊ မသန်စွမ်းသူများသည် နိုင်ငံရေးနှင့် အများပြည်သူရ
အများပြည်သူဆိုင်ရာ လု
လုပ်ငန်းများ တွင် မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်သည်၊ ထိုသို့ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မည်သည့်အခက်အခဲ၊
မည်သည့်အခက်အခဲ၊အတားအ ဆီးများရှိသည်ကို သင့်အနေဖြင့်သိလိုသည်၊

ထို့ ကြောင့် ပြည်နယ်အဆင့်၌ မသန်စွမ်းသူများကို မည်သည့်နေရာများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိနိုင်စေရန်
ရရှိနိုင်စေရန် မည်ကဲ့သို့ လုပ်ဆောင်နိုင်သည်ကို သိရှိရန်အတွက် အစိုးရ နှင့်မသန်စွမ်းအဖွဲ့ အစည်းများရှိ ပါဝင်ပတ်သ
များရှိ ပါဝင်ပတ်သတ် နေသူများကို သင် ရှာဖွေနေသည်၊

---

သင်သည် မြို့ နယ်အုပ်ချုပ်ရေးအဖွဲ့ ဝင်အဖြစ် ပါဝင်လုပ်ကိုင်နေသော မသန်စွမ်းသူတစ်ဦးဖြစ်သည်၊ သင့်အနေဖြ
သင့်အနေဖြင့် အခြားသော မသန်စွမ်းသူများကိုလည်း ရွေးကောက်ပွဲ များတွင်
များတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ကြရန် အားပေးလိုသည်။

ထို့ ကြောင့် သင့်အား အခြား
အခြား မသန်စွမ်းသူများကို သင်တန်းပေးနိုင်မည့် နည်းလမ်းများ နှင့် အခြားသော ထိတွေ့ ဆက်ဆံသည်
ထိတွေ့ ဆက်ဆံသည့် နည်းလမ်းများကို သင်ကြားပေးနိုင်မည့် လုပ်ဖော်ကိုင်ဖက်များလိုအပ်နေသည်။

**အားလုံးအကျုံးဝင်သော နိုင်ငံရေးသိပ္ပံအား**
**လက်တွေ့ လုပ်ဆောင်ခြင်း**
**ကွန်ယက်ချိတ်ဆက်ခြင်း**

ကွန်ယက်ချိတ်
ဆက်သော
ဖြစ်ရပ်
တစ်ခုဟုတ်
ပါသလား။

| | | |
|---|---|---|
| ၁။ ရုံးတွင်းလုပ်ဖော်ကိုင်ဖက်တစ်ယောက်၏ မွေးနေ့ ကျင်းပခြင်း။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၂။ ရင်းနှီးသော မိတ်ဆွေ၏ ပါတီပွဲ။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၃။ သံရုံးတွင်း ကျင်းပသော ပွဲတစ်ခု။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၄။ ဆရာတစ်ယောက်နှင့် တွေ့ ဆုံပွဲ။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၅။ ခရီးထွက်ရာမှ ပြန်လာသော မိသားစုဝင်အား ကြိုဆိုပွဲ။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၆။ နိုင်ငံရေးပါတီတစ်ခု၏ စုဝေးပွဲ။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၇။ သင့် အိမ်ထောင်ဖက်၏ မွေးနေ့ ပွဲ။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၈။ ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ခြင်း။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၉။ သင့်အဖွဲ့ အတွက် ရန်ပုံငွေရှာဖွေပွဲ။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၁၀။ သင့်ရွာတွင် ပြုလုပ်သော လူထုတွေ့ ဆုံပွဲ။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၁၁။ ကုန်တိုက်တွက် ငွေရှင်းရန် တန်းစီစောင့်ဆိုင်းနေခြင်း။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |
| ၁၂။ နှစ်သစ်ကြိုဆိုပွဲ။ | ဟုတ်ပါသည်။ | မဟုတ်ပါ။ |

**သင်ရိုး (၃)**<br>**အခန်း - ၇။ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံခြင်း**<br>**သိမ်မွေ့သောသံခင်းတမန်ခင်းနှင့် အများပြည်သူဆိုင်ရာ အရေးဆိုလှုပ်ရှားမှု**

| | |
|---|---|
| **သင်ရိုး ဖော်ပြချက်**<br><br><br><br><br><br><br><br>**စုစုပေါင်းကြာချိန်** | ယခု သင်ရိုးတွင် သင်တန်းတက်ရောက်သူများအနေဖြင့် အများပြည်သူနှင့်ဆိုင်သည့် နေရာများတွင် လုပ်ဆောင်သည့် လှုပ်ရှားဆောင်ရွက်မှုများနှင့် အစည်းအဝေးကဲ့သို့ သော သီးသန့်တွေ့ဆုံခြင်း များမှတစ်ဆင့် လုပ်ဆောင်သည့် လုပ်ဆောင်မှုများထံမှ မတူညီသောရလဒ်များ ထွက်ပေါ်လာသည်ကို လေ့လေ့လာရမည်ဖြစ်သည်။<br>သင်တန်းသားများသည် အရေးဆိုလှုပ်ရှားခြင်းဆိုင်ရာ နည်းနာများနှင့် ပတ်သတ်ပြီး ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် လေ့ကျင့်နိုင်မည်။<br><br>၉၀ မိနစ် |
| **လေ့လာမှုရလဒ်** | သင်တန်းသားများ အရေးဆိုလှုပ်ရှားသည့်အခါ ၎င်းတို့ ၏ လုပ်ဆောင်မှုတစ်ခုသည် အများပြည်သူဆိုင်ရာ အရေးဆိုလှုပ်ရှားမှုသည် မည်သည့် အချိန်တွင် ပိုမိုထိရောက် နိုင်သည်၊ သီးသန့် လုပ်ဆောင်ရသည့် သံခင်းတမန်ခင်းဆိုင်ရာ လုပ်ဆောင်မှုသည် မည်သည့်အချိန်တွင် ပိုမိုထိရောက်နိုင်သည်တို့ ကို ဆုံးဖြတ်နိုင်မည်။ |
| **သင်တန်းတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ နှင့် ရင်းမြစ်များ** | **စာရွက်ကြီး။**<br>**မာကာများ။**<br>**တမျက်နှာစာ အရေးဆိုလှုပ်ရှားခြင်း စာရွက်များ**<br>**အရေးဆိုလှုပ်ရှားခြင်း မဟာဗျူဟာများပြကဒ်များ**<br>**"သိမ်မွေ့ သော သံခင်းတမန်ခင်း" နှင့် "အများပြည်သူဆိုင်ရာ အရေးဆို လှုပ်ရှားမှု" ဟုရေးသားထားသော စာရွက်များ**<br>**ဖြစ်စဉ်များကို ပြဆိုသော စာရွက် မိတ္တူများ** |
| [၅ မိနစ်] | **အဆင့် ၁ =** စာရွက်ကြီးပေါ်တွင် ကော်လံတစ်ဖက်၌ "အရေးဆိုလှုပ်ရှားခြင်း"ဟု ရေးသား၍ အခြားတစ်ဖက်တွင် "အသိ အမြင်ဖွင့်ခြင်း"ဟု ရေးသားပါ။<br><br>အဆင့် ၂ = အရေးဆိုလှုပ်ရှားခြင်း ဆောင်ရွက်မှုနှင့် အမြင်ဖွင့်ဆောင်ရွက်ခြင်း ဆောင်ရွက်မှုအတွက် မတူညီမှုများကို သိသလားဟု သင်တန်းတက်ရောက်သူ များအား မေးမြန်းပါ။ စာရွက်အကြီးပေါ်တွင် ၎င်းတို့၏ ထင်မြင်ချက်များအား ချရေးပါ။<br><br>အဆင့် ၃ = **ထုတ်နှုတ်ပြောဆိုပါ - အရေးဆိုလှုပ်ရှားခြင်း(Advocacy) လုပ်ငန်း ဆောင်ရွက်ခြင်း ဆိုသည်မှာ လူထုအတွင်း ပြောင်းလဲမှုတစ်ခုလုပ်ဆောင်ရန် သင့်အနေဖြင့် ဆော ဆောင်ရွက်သည့်လုပ်ငန်းတစ်ခုဖြစ်ပါသည်။** ဥပမာအားဖြင့် - သင့်အနေဖြင့် |

| | |
|---|---|
| | စားသောက်ဆိုင်တစ်ခုအား မသန်စွမ်းသူများ ဝင်ရောက်နိုင်စေရန် အတွက် ဆင်ခြေလျှောတစ်ခု ထည့်သွင်းဆောက်ရွက်ခြင်းတွင် သင့်အနေဖြင့် စားသောက်ဆိုင်အား စာတစ်စောင်ရေးလိမ့်မည်ဖြစ်သည်။ အသိ အမြင်ဖွင့်ခြင်း (Awareness raising) လုပ်ငန်းဆောင်ရွက်ခြင်းများသည် လူထုအတွင်းမှ သီးခြားကိစ္စအချို့အပေါ်တွင် လူထု၏ အသိအား မြင့်မားလာစေရန် ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။ ဥပမာ - သင့်အနေဖြင့် ရပ်ရွာအတွင်းမှ လူထုအား အဆောက်အဦများသို့ ဝင်ပေါက်များတွင် အားလုံးလက်လှမ်းမီနိုင်မှု အကြောင်း ပိုမိုသိရှိနိုင်စေရန်အတွက် ရပ်ရွာ၏ ဗဟိုကျသော နေရာတစ်ခုတွင် ပိုစတာ ချိတ်ဆွဲခြင်းမျိုးဖြစ်ပါသည်။<br><br>**အဆင့် ၄ =** သင်တန်းသားများအား အရေးဆိုလှုပ်ရှားရာတွင် မတူညီသော ပုံစံအမျိုးမျိုးရှိသည်ကို ပြောပြ၍ သင်ခန်းစာအား စတင်မိတ်ဆက်ပါ။ **[အဓိကဆိုလိုရင်းကိုရှင်းပြပါ]** အရေးဆိုလှုပ်ရှားခြင်း (Advocacy) သည် အရပ်ဖက် လူ့ အဖွဲ့ အစည်းများကသာ လုပ်ဆောင်၍ ရသည်မဟုတ်ဘဲ၊ ဥပဒေ ဥပဒေပြုအမတ်များ ကဲ့သို့ နိုင်ငံရေးခေါင်းဆောင်များကလည်း လုပ်ဆောင်၍ရ လုပ်ဆောင်၍ရသည်ကို ရှင်းပြပါ။<br><br>**အဆင့် ၅ = [သင်တန်းသားများအား မေးမြန်းပါ]** မည်သည့်အချိန်တွင် အ အစိုးရ အရာရှိများ သို့ မဟုတ် ဥပဒေ ဥပဒေပြုအမတ်များက အရေးဆိုလှုပ်ရှားမှုပြုလုပ် နိုင်ပါသနည်း။ သင်တန် သင်တန်းသား ၃ ယောက်၊ ၄ ယောက်၏ အမြင်များကို ဝေမျှစေပါ။<br><br>**အဆင့် ၆= ထုတ်နှုတ်ပြောဆိုပါ -** အစိုးရအရာရှိများသည် မကြာခဏဆို သလို ၎င်းတို့ နှင့် တွဲဖက်လုပ်ကိုင်မည့်သူများကို ရှာဖွေရသည်။ ဥပဒေဆိုသည် မှာ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်တည်းဖြင့် ပြုလုပ်၍မရပါ။ အများစုသော ကိုယ်စားလှယ်များက သဘောတူမှသာ ဥပဒေအဖြစ် ပြဌာန်းနိုင်မည်။ ဥပဒေအား အသက်ဝင်စေပြီး၊ အကောင်အထည်ဖော်ရသည့်အခါ ပညာရေးဝန်ကြီးဌာနကဲ့သို့ ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိများသည် ဥပဒေက ပြဌာန်း ထားသည့် လုပ်ဆောင်မှုအစီအစဉ်များကို ဆောင်ရွက်ရသည်။ ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် လုပ်ဆောင်မှုအစီအစဉ်များနှင့်ပတ်သတ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ရပြီး၊ ၎င်းတို့ အားအသုံးပြုခွင့်ပေးထားသော ငွေကြေးများကို မည်သည့်နေရာ တွင်ဦးစားပေး သုံးစွဲမည်ကိုလည်း ဆုံးဖြတ်ရသည်။ |
| [၅ မိနစ်] | **အဆင့် ၇ =** သင်တန်းတက်ရောက်သူများအား သင်းရိုး၏ စာမျက်နှာ (၉၇)မှ အရေးဆိုလှုပ်ရှားမှု အကြောင်းရှင်းပြထားသော စာမျက်နှာကို လှန်ရန် ပြောဆိုပါ။<br><br>**အဆင့် ၈=** ယခုဝေမျှလိုက်သော စာရွက်တွင် မတူညီသော အရေးဆိုလှုပ်ရှားမှုပုံစံ အမျိုးမျိုးတို့ ၏ ဥပမာများ ပါဝင်သည်ကိုရှင်းပြပါ။ |

| | |
|---|---|
| | **အဆင့် ၉ =** (သင်တန်းသား ၄ - ၅ ယောက်ခန့်ရှိသော)စားပွဲဝိုင်းတစ်ခုမှ သင်တန်းသားတစ်ယောက်စီခန့်ကို အဆိုပါ စာရွက် တွင်ပါရှိသော အကြောင်းအရာများကို အသံထွက်ဖတ်ရှုစေပါ။ သို့ မှသာ၊ အမြင်အာရုံချို့ ယွင်းအားနည်းသော သင်တန်းသားများလည်း သတင်းအချက်အလက်ကို တူညီစွာရရှိနိုင်မည်။ စာရွက်ကိုဖတ်ကြားရန် အဖွဲ့ များအား အချိန် ၅ မိနစ်ပေးပါ။ |
| [၁၅ မိနစ်] | **အဆင့် ၁၀ = "သိမ်မွေ့ သော သံခင်းတမန်ခင်း" နှင့် "အများပြည်သူဆိုင်ရာ လှုပ်ရှားမှု"** ဟုရေးထားသော စာရွက်များကို နံရံတွင် ကပ်ထားပါ။<br><br>**အဆင့် ၁၁=** မတူညီသော အရေးဆိုလှုပ်ရှားမှုများကို ရေးသားထားသည့် ကဒ်များကို အဖွဲ့ များထံသို့ ခွဲဝေပေးလိုက်ပါ။ အဖွဲ့ တစ်ဖွဲ့ ချင်းစီသည် မတူညီသော အရေးဆိုလှုပ်ရှားမှု များကို ရရှိသွားမည်ဖြစ်သည်။<br><br>**အဆင့် ၁၂= သင်တန်းသားများအား ပြောပြပါ။** ယခုအခါ သင်တန်းသားများအနေဖြင့် မည်သည့် လုပ်ဆောင်မှုများက သံခင်းတမန်ခင်းပို၍ဆန်သည်၊ မည်သည့် လုပ်ဆောင်မှုများက အများပြည်သူဆိုင်ရာလှုပ်ရှားမှုများဖြစ်သည် တို့ ကို ခွဲခြားနိုင်မည့်အခွင့်အရေးရရှိမည်ဖြစ်သည်။ အဖွဲ့ တစ်ဖွဲ့ ချင်းစီသည် မိမိတို့ ရရှိထားသည့် လုပ်ဆောင်မှုများကို မည်သည့်အမျိုးအစားတွင် ထည့်သွင်းမည်ကို ဆုံးဖြတ်ရန် အချိန် ၅ မိနစ် ရရှိပါမည်။<br><br>**အဆင့် ၁၃=** အဖွဲ့ များသည် ၎င်းတို့ ၏ လုပ်ဆောင်မှုများကို နံရံပေါ် တွင် ခွဲခြား၍ ကပ်ထားရပါမည်။<br><br>**အဆင့် ၁၄ =** လုပ်ဆောင်မှုတစ်ခုချင်းစီကို ဖတ်ပြ၍ သင်တန်းသားများက အဘယ် ကြောင့် ထိုအမျိုးအစားတွင် ပါဝင်သည်ဟု ထင်မြင်ကြောင်း ဆွေးနွေးပါ။ အကယ်၍ လုပ်ဆောင်မှုတစ်ခုသည် သင်တန်းသားများရွေးချယ်ထားသော အမျိုးအစားတွင် မပါဝင်ပါက အခြားအမျိုးအစားဖက်သို့ ပြောင်းရွှေ့ ပါ။ အမျိုးအစားများကို အောက်ပါ အတိုင်းခွဲခြားနိုင်သည်။<br><br><br>**သိမ်မွေ့ သော သံခင်းတမန်ခင်း**<br><br>သတင်းအချက်အလက်များပါဝင်သော စာရွက်စာတမ်းများ<br>ပေးစာများ<br>လူချင်းတွေ့ ဆုံသည့် ဆွေးနွေးပွဲများ |

<table>
<tr>
<td></td>
<td>
တယ်လီဖုန်းခေါ် ဆိုခြင်း နှင့် စာတို မက်ဆေ့ချ်ပေးပို့ခြင်း<br><br>
အများပြည်သူဆိုင်ရာ လှုပ်ရှားမှုများ<br><br>
မိမိ၏ ရပ်တည်ချက်ကို ပြဆိုသော စာတမ်းများ<br>
ဥပဒေတစ်ခုကို မူကြမ်းရေးဆွဲခြင်း<br>
သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်း<br>
အင်တာနက်စာမျက်နှာ တည်ထောင်ခြင်းနှင့် လူမှုကွန်ယက်များမှ ဆက်သွယ်ခြင်း<br>
ချီတက်ခြင်း၊ စုဝေးပွဲပြုလုပ်ခြင်း၊ ဆန္ဒထုတ်ဖော်ခြင်း<br>
လက်မှတ်ရေးထိုး လှုပ်ရှားခြင်း<br>
လွှတ်တော်တွင် မေးခွန်း မေးမြန်းခြင်း<br>
ကြားနာပွဲတွင် ထွက်ဆိုခြင်း<br>
မူဝါဒဆိုင်ရာ လမ်းစဉ်တစ်ခုကို ချပြခြင်း<br>
အရာရှိများအား ဖိတ်ကြား၍ လှုပ်ရှားမှုများသို့ တက်ရောက်စေခြင်း<br>
ကွန်ဖရင့်များ ပြုလုပ်ခြင်း<br><br>
အဆင့် ၁၅= သင်တန်းသားများကိုမေးမြန်းပါ။ ၎င်းတို့ ရွေးချယ်ရသည့် အမျိုးအစား နှစ်ခုလုံးနှင့် ကိုက်ညီမှုမရှိသည့် လုပ်ဆောင်မှုများရှိသည်ဟု ထင်မြင်ပါသလား။ အဖြေကဆိုလိုရင်းကိုရှင်းပြပါ။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကိုဖြစ်စေ၊ အစိုးရ အရာရှိတစ်ယောက်ကိုဖြစ်စေ ဆက်သွယ်ပြောဆိုသော ဖုန်းခေါ် ဆိုမှုသည် ရပ်ရွာရှိ အများပြည်သူများက ခေါ် ဆိုသော ဖုန်းဖြစ်ပါက အများပြည်သူနှင့်ဆိုင်သော လှုပ်ရှားမှုတစ်ခုပင်ဖြစ်သည်။<br><br>
အဆင့် ၁၆= သင်တန်းသားများကိုမေးမြန်းပါ။ လုပ်ဆောင်ရသည့် လှုပ်ရှားမှုများထဲတွင် မည်သည်တို့ ကို ပိုမို၍ သီးသန့် သဘောဆောင်စေရန် သို့ မဟုတ် ပိုမို၍ အများပြည်သူနှင့် သက်ဆိုင်သည့် သဘောဆောင်စေရန် လုပ်ဆောင် နိုင်ပါသနည်း။<br><br><br>
ဥပမာအားဖြင့် ဆိုရလျှင် မိမိ၏ရပ်တည်ချက်သဘောထားကိုပြဆိုသော စာတမ်းအား လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်တည်းနှင့်သာ ဝေမျှပြီး၊ အခြားသူများနှင့် ဝေမျှ ခြင်းမပြုခဲ့လျှင်၊ အဆိုပါလုပ်ဆောင်မှုသည် သီးမြွန့် သော သီးခြားတမန်ဆင်း ဆိုင်ရာလုပ်ဆောင်မှုပင်ဖြစ်သည်။ သင်တန်းသား ၃ ယောက် မှ ၄ ယောက် အထိ ၎င်းတို့ ၏ အမြင်များကို ဝေမျှစေပါ။
</td>
</tr>
<tr>
<td>[၂ မိနစ်]</td>
<td>
အဆင့် ၁၇= ထုတ်နုတ်ပြောဆိုပါ - လုပ်ဆောင်မှုတစ်ခုချင်းစီတိုင်းသည် အခြေအနေအားလုံးအတွက် သင့်လျော်သည်မဟုတ်ပါ။ တစ်ခါတစ်ရံတွင် မိမိ လှုပ်ရှားအရေးဆိုသည့် ကိစ္စရပ်အား အများ၏ အာရုံစိုက်မှုရရှိလာစေရန်
</td>
</tr>
</table>

<table>
<tr>
<td></td>
<td>လုပ်ဆောင်ခြင်းသည် အထောက်အကူဖြစ်နိုင်ပါသည်။<br>အများပြည်သူထံမှတစ်ဆင့် ဖိအားပေးခြင်းဖြင့် မိမိတို့ အရေးဆိုလိုသော ကိစ္စရပ်အပေါ် တွင် ထားရှိသော အစိုးရအရာရှိတစ်ယောက်၏ စိတ်နေသဘောထားကို ပြောင်းလဲနိုင်သည်။ သို့ သော် လည်း အဆိုပါနည်းလမ်းသည် အကောင်းဆုံးနည်းလမ်းတစ်ခုအဖြစ် အမြဲ တမ်းရှိမနေနိုင်ပါ။<br><br>အဆင့် ၁၈= ထုတ်နှုတ်ပြောဆိုပါ - တစ်ခါတစ်ရံတွင် သိမ်မွေ့ သော သံခင်းတမန်ခင်း ကို အသုံးပြုခြင်းက ပိုမိုထိရောက်နိုင်ပါသည်။ အချို့ သော အခြေအနေများတွင် သိမ် မွေ့ သောသံခင်းတမန်ခင်းက အဘယ်ကြောင့် ပိုမိုထိရောက်ရကြောင်းကို သင်တန်း သားများအား မေးမြန်းပါ။ အဖြေများတွင် ပါဝင်နိုင်သည့်အချက်များမှာ-<br>- အစိုးရအရာရှိများသည် ၎င်းတို့ ၏ သိက္ခာမကျစေရန် ထိန်းသိမ်းနိုင်သည်။<br>- ပျော့ညံ့သည်ဟု အထင်မခံရဘဲ ၎င်းတို့ ၏ စိတ်နေသဘောထားများကို ပြောင်းလဲနိုင်သည်။<br>- ၎င်းတို့ ကိုယ်ပိုင်ကြံဆထားသော အတွေးအမြင်များဖြစ်သည်ဟု ပြော ပြောဆိုနိုင် ခွင့်ရှိသည်။</td>
</tr>
<tr>
<td>[၂၀ မိနစ်]</td>
<td>အဆင့် ၁၉ = သင်တန်းသားများကို အဖွဲ့ ငယ်များ ၄ ဖွဲ့ မှ ၅ ဖွဲ့ သို့ ခွဲလိုက်ပါ။<br><br>အဆင့် ၂၀= သင်တန်းသားများကိုပြောပြပါ။ ယခုအခါ သင်တန်းသားများအနေဖြင့် မည်သည့်အချိန်တွင် သိမ်မွေ့ သော သံခင်းတမန်ခင်းနည်းလမ်း သို့ မဟုတ် အများပြည်သူဆိုင်ရာ လှုပ်ရှားမှုတို့ ကို အသုံးပြုလျှင် ပိုကောင်းမည်၊ ကို ဆုံးဖြတ်ရွေးချယ်နိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်သည်။ နံရံတွင်ကပ်ထားသော အရေးဆိုလှုပ်ရှားမှုဆိုင်ရာ လုပ်ဆောင်မှုအမျိုးအစားများကို ညွှန်ပြပါ။ အဓိကဆိုလို ရင်းကိုရှင်းပြပါ။ အဖွဲ့ တစ်ဖွဲ့ ချင်းစီအနေဖြင့် မည်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်မည်ကို ဆုံးဖြတ်နိုင်မည်။<br><br><br>အဆင့် ၂၁= "သိမ်မွေ့ သော သံခင်းတမန်ခင်း" နှင့် "အများပြည်သူဆိုင်ရာ လှုပ်ရှားမှု" ဖြစ်စဉ်များပါသော စာရွက်များကို ဝေငှပါ။ အဖွဲ့ တစ်ဖွဲ့ ချင်းစီအား ဖြစ်စဉ် တစ်ခုကို သတ်မှတ်ခွဲဝေပေးပါ။ သင်တန်းသားများအနေဖြင့် ဖြစ်စဉ်များကို တစ်ဖွဲ့ ချင်းစီလိုက်ဖတ်ရှုရန် အချိန် ၁၀ မိနစ် ရရှိမည်ဖြစ်ပြီး၊ ဖြစ်စဉ်နှင့်ပတ်သတ်၍ ၎င်းတို့ အနေဖြင့် မည်သည့်အရေးဆိုလှုပ်ရှားမှု နည်းလမ်းကို အသုံးပြုမည်ကို လည်း ဆုံးဖြတ်ရမည်။</td>
</tr>
</table>

**အဆင့် ၂၂=** ပထမဆုံး အဖွဲ့ အား ၎င်းတို့ ဆုံးဖြတ်ထားသော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ကို ပြန်လည်တင်ပြစေပါ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် အဖွဲ့ က ရွေးချယ်ထားသော လုပ်ဆောင်မှုနည်းလမ်းနှင့် ပတ်သတ်ပြီး အသေးစိတ်အကြောင်း အရာများကို မှုဝေနိုင်စေရန် လမ်းကြောင်းပေးပါ။

- သိမ်မွေ့ သော သံခင်းတမန်ခင်း နည်းလမ်း သို့ မဟုတ် အများပြည်သူဆိုင်ရာ လှုပ်ရှားမှု ကို အဘယ်ကြောင့် ရွေးချယ်ခဲ့ပါသနည်း။
- အဆိုပါလုပ်ဆောင်မှုနည်းလမ်းကို ရွေးချယ်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- အခြားသော လုပ်ဆောင်မှုနည်းလမ်းကို ရွေးချယ်လိုက်မည်ဆိုလျှင် မည်ကဲ့ သို့ ဖြစ်နိုင်သည်ဟု ထင်ပါသနည်း။

**အဆင့် ၂၃=** ဒုတိယအဖွဲ့ အား ၎င်းတို့ ဆုံးဖြတ်ထားသော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ကို ပြန်လည်တင်ပြစေပါ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် အဖွဲ့ က ရွေးချယ်ထားသော လုပ်ဆောင်မှုနည်းလမ်းနှင့် ပတ်သတ်ပြီး အသေးစိတ်အကြောင်း အရာများကို မှုဝေနိုင်စေရန် လမ်းကြောင်းပေးပါ။

- သိမ်မွေ့ သော သံခင်းတမန်ခင်း နည်းလမ်း သို့ မဟုတ် အများပြည်သူဆိုင်ရာ လှုပ်ရှားမှု ကို အဘယ်ကြောင့် ရွေးချယ်ခဲ့ပါသနည်း။
- အဆိုပါလုပ်ဆောင်မှုနည်းလမ်းကို ရွေးချယ်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- အခြားသော လုပ်ဆောင်မှုနည်းလမ်းကို ရွေးချယ်လိုက်မည်ဆိုလျှင် မည်ကဲ့ သို့ ဖြစ်နိုင်သည်ဟု ထင်ပါသနည်း။

**အဆင့် ၂၄ =** တတိယ အဖွဲ့ အား ၎င်းတို့ ဆုံးဖြတ်ထားသော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ကို ပြန်လည်တင်ပြစေပါ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် အဖွဲ့ က ရွေးချယ်ထားသော လုပ်ဆောင်မှုနည်းလမ်းနှင့် ပတ်သတ်ပြီး အသေးစိတ်အကြောင်း အရာများကို မှုဝေနိုင်စေရန် လမ်းကြောင်းပေးပါ။

- သိမ်မွေ့ သော သံခင်းတမန်ခင်း နည်းလမ်း သို့ မဟုတ် အများပြည်သူဆိုင်ရာ လှုပ်ရှားမှု ကို အဘယ်ကြောင့် ရွေးချယ်ခဲ့ပါသနည်း။
- အဆိုပါလုပ်ဆောင်မှုနည်းလမ်းကို ရွေးချယ်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- အခြားသော လုပ်ဆောင်မှုနည်းလမ်းကို ရွေးချယ်လိုက်မည်ဆိုလျှင် မည်ကဲ့ သို့ ဖြစ်နိုင်သည်ဟု ထင်ပါသနည်း။

**အဆင့် ၂၅ =** စတုတ္ထ အဖွဲ့ အား ၎င်းတို့ ဆုံးဖြတ်ထားသော အရေးဆိုလှုပ်ရှားမှု

| | |
|---|---|
| | နည်းလမ်း ကို ပြန်လည်တင်ပြစေပါ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် အဖွဲ့ က ရွေးချယ်ထားသော လုပ်ဆောင်မှုနည်းလမ်းနှင့် ပတ်သတ်ပြီး အသေးစိတ်အကြောင်း အရာများကို မျှဝေနိုင်စေရန် လမ်းကြောင်းပေးပါ။<br>- သိမ်မွေ့ သော သံခင်းတမန်ခင်း နည်းလမ်း သို့ မဟုတ် အများပြည်သူဆိုင်ရာ လှုပ်ရှားမှု ကို အဘယ်ကြောင့် ရွေးချယ်ခဲ့ပါသနည်း။<br>- အဆိုပါလုပ်ဆောင်မှုနည်းလမ်းကို ရွေးချယ်ရခြင်းမှာ အဘယ်ကြောင့်နည်း။<br>- အခြားသော လုပ်ဆောင်မှုနည်းလမ်းကို ရွေးချယ်လိုက်မည်ဆိုလျှင် မည်ကဲ့ သို့ ဖြစ်နိုင်သည်ဟု ထင်ပါသနည်း။<br><br>**အဆင့် ၂၆ - ထုတ်နုတ်ပြောဆိုပါ -** ယခုလုပ်ဆောင်လိုက်သော လေ့ကျင့်ခန်း အတွက် မှန်ကန်သော အဖြေတစ်ခုတည်း ရှိနေသည်မဟုတ်ပါ။ လူပုဂ္ဂိုလ်အမျိုးမျိုး၊ အဖွဲ့ အစည်းအမျိုးမျိုးတို့ သည် အခြေအနေပေါ် တွင်မူတည်၍ မတူညီသော နည်းလမ်းများကို အသုံးပြုကြပါလိမ့်မည်။ |
| [၂၀ မိနစ်] | **အဆင့် ၂၇= [သင်တန်းသားများကိုပြောပြပါ။]** ယခုအခါတွင် သိမ်မွေ့ သောသံခင်း တမန်ခင်း နှင့် အများပြည်သူဆိုင်ရာ လှုပ်ရှားမှု နှစ်ခုလုံးကို တစ်ချိန်တည်းတွင် မည်ကဲ့သို့ အသုံးပြုရမည်ကို ဆွေးနွေးမည်ဖြစ်သည်။ အဖွဲ့ တစ်ဖွဲ့ စီအား ဖြစ်စဉ်အသစ် တစ်ခုစီ ခွဲဝေသတ်မှတ်ပေးပါ။ အဆိုပါ ဖြ ဖြစ်စဉ်တစ်ခုချင်းစီအတွက် မည်သည့် အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခု ကို အသုံးပြုမည်ကို ဆုံးဖြတ်ရန် အချိန် ၁၀ မိနစ် ရရှိပါမည်။<br><br>**အဆင့် ၂၈=**ပထမအဖွဲ့ အား ၎င်းတို့ ဆုံးဖြတ်ထားသော နည်းလမ်းများကို ပြန်လည် မျှဝေစေပါ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် အဖွဲ့ က ရွေးချယ်ထားသော လုပ်ဆောင်မှုနည်းလမ်းနှင့် ပတ်သတ်ပြီး အသေးစိတ်အကြောင်း အရာများကို မျှဝေနိုင်စေရန် လမ်းကြောင်းပေးပါ။<br>- ယခုရွေးချယ်လိုက်သော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခုကို အဘယ်ကြောင့်ရွေးချယ်ရပါသနည်း။<br>- ယခုရွေးချယ်လိုက်သော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခုကို လုပ်ဆောင်သည့်အခါ အဘယ်ကြောင့် ကောင်းမွန်စွာ ယှဉ်တွဲ လုပ်ဆောင်နိုင်ပါသနည်း။<br><br>**အဆင့် ၂၉ =** ဒုတိယအဖွဲ့ အား ၎င်းတို့ ဆုံးဖြတ်ထားသော နည်းလမ်းများကို ပြန်လည် မျှဝေစေပါ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် အဖွဲ့ က ရွေးချယ်ထားသော လုပ်ဆောင်မှုနည်းလမ်းနှင့် ပတ်သတ်ပြီး အသေးစိတ်အကြောင်း အရာများကို မျှဝေနိုင်စေရန် လမ်းကြောင်းပေးပါ။ |

| | |
|---|---|
| | - ယခုရွေးချယ်လိုက်သော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခုကို အဘယ်ကြောင့်ရွေးချယ်ရပါသနည်း။<br>- ယခုရွေးချယ်လိုက်သော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခုကို လုပ်ဆောင်သည့်အခါ အဘယ်ကြောင့် ကောင်းမွန်စွာ ယှဉ်တွဲ လုပ်ဆောင်နိုင်ပါသနည်း။<br><br>**အဆင့် ၃၀=** တတိယအဖွဲ့ အား ၎င်းတို့ ဆုံးဖြတ်ထားသော နည်းလမ်းများကို ပြန်လည် မျှဝေစေပါ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် အဖွဲ့ က ရွေးချယ်ထားသော လုပ်ဆောင်မှုနည်းလမ်းနှင့် ပတ်သတ်ပြီး အသေးစိတ်အကြောင်း အရာများကို မျှဝေနိုင်စေရန် လမ်းကြောင်းပေးပါ။<br>- ယခုရွေးချယ်လိုက်သော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခုကို အဘယ်ကြောင့်ရွေးချယ်ရပါသနည်း။<br>- ယခုရွေးချယ်လိုက်သော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခုကို လုပ်ဆောင်သည့်အခါ အဘယ်ကြောင့် ကောင်းမွန်စွာ ယှဉ်တွဲ လုပ်ဆောင်နိုင်ပါသနည်း။<br><br>**အဆင့် ၃၁=** စတုတ္ထ အဖွဲ့ အား ၎င်းတို့ ဆုံးဖြတ်ထားသော နည်းလမ်းများကို ပြန်လည် မျှဝေစေပါ။ အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် အဖွဲ့ က ရွေးချယ်ထားသော လုပ်ဆောင်မှုနည်းလမ်းနှင့် ပတ်သတ်ပြီး အသေးစိတ်အကြောင်း အရာများကို မျှဝေနိုင်စေရန် လမ်းကြောင်းပေးပါ။<br>- ယခုရွေးချယ်လိုက်သော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခုကို အဘယ်ကြောင့်ရွေးချယ်ရပါသနည်း။<br>- ယခုရွေးချယ်လိုက်သော အရေးဆိုလှုပ်ရှားမှု နည်းလမ်း ၂ ခုကို လုပ်ဆောင်သည့်အခါ အဘယ်ကြောင့် ကောင်းမွန်စွာ ယှဉ်တွဲ လုပ်ဆောင်နိုင်ပါသနည်း။<br><br>**အဆင့် ၃၂= ထုတ်နုတ်ပြောဆိုပါ** - ခေါင်းဆောင်မှုဆိုသည်မှာ ဆုံးဖြတ်ချက် တစ်ခုကို တစ်ကြိမ်တစ်ခါချမှတ်ခြင်း သို့ မဟုတ် လုပ်ဆောင်မှုတစ်ခုကို တစ်ကြိမ် တစ်ခါ လုပ်ဆောင်ခြင်းတို့ မျှသာ မဟုတ်ပါ။ မသန်စွမ်းသူများဆိုင်ရာ အခွင့် အရေးများ အတွက် လှုပ်ရှားနေသည့် ခေါင်းဆောင်တစ်ယောက် ဖြစ်လာခြင်း ဆိုသည်မှာ မတူကွဲပြားသော ကဏ္ဍအသီးသီးတို့ တွင် မတူညီသော နည်းလမ်းများ အသုံးပြု၍ အရေးဆိုလှုပ်ရှားနေခြင်းကို ဆိုလိုသည်။ |
| [၁၈ မိနစ်] | **အဆင့် ၃၃= သင်တန်းသားများကိုပြောပြပါ။** သံခင်းတမန်ခင်းနည်းလမ်းများနှင့် |

| | |
|---|---|
| | အများပြည်သူဆိုင်ရာ လှုပ်ရှားမှုများ အကြားရှိ ကွဲပြားမှုများကို လေ့လာခဲ့ပြီးဖြစ်သည်။ ထို့ အပြင် မည်သည့်လှုပ်ရှားမှုနည်းလမ်းကို မည်သည့်အချိန်တွင် အသုံးပြုသင့်ကြောင်းကိုလည်း လေ့လာခဲ့ကြသည်။ နောက်ထပ်ပြုလုပ်မည့် လုပ်ငန်းစဉ်တွင် သင် (သင်တန်းပို့ ချသူ)အနေဖြင့် သင်တန်းသားများအား မေးမြန်းရမည်မှာ-၎င်းတို့ အနေဖြင့် အပြောင်းအလဲတစ်ခုပြုလုပ်ရန်အတွက် သိမ်မွေ့ သောသံခင်းတမန်ခင်း နည်းလမ်းကို အသုံးပြုခဲ့သည့် ဥပမာတစ်ခုကို မေးမြန်းရမည်ဖြစ်သည်။ အဆိုပါ ဥပမာ သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းအရာ ဖြစ်နိုင်သကဲ့သို့၊ လုပ်ငန်းသဘော အရလုပ်ဆောင်ရသည့် အကြောင်းအရာလည်း ဖြစ်နိုင်သည်။<br><br>**အဆင့် ၃၄=** သင်တန်းသားများအား ၎င်းတို့ အသုံးပြုခဲ့သည့် သံခင်းတမန်ခင်းဆိုင် ရာ လုပ်ဆောင်မှုဥပမာ ကိုဝေမျှစေ၍ ယခုလေ့လာခဲ့သော သင်ခန်းစာနှင့် ချိတ်ဆက်စေပါ။ သင် (သင်တန်းပို့ ချသူ) အနေဖြင့် သင်တန်းသားများ ဝေမျှသည့် သည့် နည်းလမ်းများထဲမှ ဥပမာတစ်ခုကိုယူ၍ သင်တန်းပထမပိုင်းတွင်ဖော်ထုတ်၍ နံရံတွင် ကပ်ထားသည့် နည်းလမ်းများထဲမှ တစ်ခုနှင့် ချိတ်ဆက်ပေးနိုင်ပါသည်။<br><br>**အဆင့် ၃၅=** သင်တန်းသားများအား မိမိတို့ အရေးဆိုလှုပ်ရှားမှု အကြောင်းကိစ္စအတွက် အာရုံစိုက်မှုရရှိလာစေရန် အများပြည်သူ၏ ပါဝင်လုပ်ဆောင်မှု အသုံးပြုရမည့်အချိန်ကို စဉ်းစားစေပါ။ သင်တန်းသား ၃ ယောက်မှ ၄ ယောက်ခန့် အား ၎င်းတို့ ပြုလုပ်နိုင်မည့် ဥပမာများကို ဝေမျှစေပါ။ |
| [၅ မိနစ်] | **အဆင့် ၃၆ = ထုတ်နုတ်ပြောဆိုပါ** - သိမ်မွေ့ သောသံခင်းတမန်ခင်း နည်းလမ်း ကို အစပထမတွင် အသုံးပြုနိုင်သည်။ ထို့ နောက်တွင် အများပြည်သူ ပါဝင်မှုရှိ သည့် အရေးဆိုလှုပ်ရှားမှုများကို ထပ်မံဆောင်ရွက်နိုင်သည်။ သတိပြုရမည်မှာ-အများပြည်သူပါဝင်သည့် လှုပ်ရှားမှုများဖြင့်အစပြုလိုက်လျှင်၊ သိမ်မွေ့ သော သံခင်း တမန်ခင်း နည်းလမ်းကို ဒုတိယအနေဖြင့် လုပ်ဆောင်ရန် ခက်ခဲတတ်ပါသည်။ ထုတ်နုတ်ပြောဆိုပါ -<br>အရေးဆိုလှုပ်ရှားခြင်းသည် ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ သင့်ရပ်ရွာ လူထုအတွင်း လှုပ်ရှားမှု တစ်ခုပြီးတာနှင့် ပြောင်းလဲဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သင့်အနေဖြင့် ပန်းတိုင်ကို မရောက်ခင် လှုပ်ရှား ဆောင်ရွက်မှုပေါင်းများစွာကို ဆောင်ရွက်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။<br><br>**အဆင့် ၃၇= သင်တန်းသားများကိုသတိရစေပါ။**<br>အများပြည်သူဆိုင်ရာအရေးဆိုလှုပ် ရှားမှု သို့ မဟုတ် သိမ်မွေ့ သောသံခင်းတမန်ခင်းဆိုင်ရာ အရေးဆိုလှုပ်ရှားမှု တို့ ပြု လုပ်ရန်အတွက်ဆိုလျှင် |

| | |
|---|---|
| | ယခုသင်ခန်းစာတွင် ဆွေးနွေးခဲ့သော ဥပမာများ၊ လုပ်ဆောင်မှု နည်းလမ်းများ သာလျှင် ရှိသည်မဟုတ်ပါ။<br><br>**အဆင့် ၃၈ = သင်တန်းသားများအား ပြောပြပါ။** သင်တို့ အနေဖြင့် နိုင်ငံရေးခေါင်း ဆောင်များ ဖြစ်လာသည့်အခါ တီထွင်ကြံဆနိုင်သည့် အခွင့်အရေးများ ရရှိလာပါ မည်။ နောက်လာမည့်သင်ခန်းစာများတွင် ခြား ခြားနားသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများအတွက် လှုပ်ရှားဆောင်ရွက်သည့်အခါ အများပြည်သူကို  တက်ကြွစွာ ပါဝင်လာစေရန် မည်သို့ ဆောင်ရွက်နိုင်မည်ကို ဆွေးနွေးကြပါမည်။ ယခု သင်ခန်းစာတွင် ဆွေးနွေးခဲ့သော နည်းလမ်းများကို အသုံးပြု၍ မိမိ တို့ လုပ်ဆောင်လို သော အကြောင်းကိစ္စများအား အာရုံစိုက်မှုရရှိလာစေရန် လုပ်ဆောင်နိုင်သည်။ |

သိမ်မွေ့သော သံခင်းတမန်ခင်းနှင့် ထိရောက်သော အရေးဆိုလှုပ်ရှားမှု ဖြစ်စဉ်များ

သိမ်မွေ့သော သံခင်းတမန်ခင်းနှင့် ထိရောက်သော အရေးဆိုလှုပ်ရှားမှု

- အရေးဆိုခြင်းနည်းလမ်းများ

အရေးဆိုခြင်းအတွက် ဥပမာများ

## နိုင်ငံရေးသိပ္ပံမှသည်

## အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

*သိမ်မွေ့သော သံခင်းတမန်ခင်း နှင့် အများပြည်သူဆိုင်ရာ အရေးဆိုလှုပ်ရှားမှု*

ဖြစ်ရပ်များ

၁။မသန်စွမ်းသူများကို နိုင်ငံရေးခေါင်းဆောင်များအဖြစ် ပေါ်ထွက်လာစေရန်နှင့် မသန်စွမ်းသူတို့၏ ပါဝင်မှုကို မြှင့်တင်ရန်အတွက် ပါတီတွင်းတွင် ဆန္ဒအလျောက် ခွဲတမ်းချသတ်မှတ်ထားမှုကို ပါတီခေါင်းဆောင်က မလိုအပ်တော့ဟုဆိုကာ အများပြည်သူရှေ့မှောက်တွင် ကြေညာ၍ ဖျက်သိမ်းလိုက်သည်။ သင်သည် ခွဲတမ်းချသတ်မှတ်မှုကို ထောက်ခံသည့် မသန်စွမ်းအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ထိုအခြေအနေတွင် သင့်အနေဖြင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်နည်း။

၂။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် တက္ကသိုလ်အားလုံးတွင် ခန္ဓာကိုယ်မသန်စွမ်းသူများ ပါဝင်တက်ရောက်နိုင်ရေးအတွက် ဝန်ဆောင်မှုများ ထားရှိပေးရန် ဥပဒေကြမ်းတစ်ရပ်ကို ဆွေးနွေးလုပ်ဆောင်နေသည်။ သို့သော် အဆိုပါ ဥပဒေကြမ်းတွင် အမြင်အာရုံနှင့် အကြားအာရုံမသန်စွမ်းသူများ၊ အသိဉာဏ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်နေသူများအတွက်မူ ဖော်ပြထားချက်များ မပါရှိပေ။ သင်သည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ မသန်စွမ်းသူများဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်နေသည့် အရာရှိတစ်ဦးဖြစ်သည်။ သင့်အနေဖြင့် မည်သည့်မသန်စွမ်းမှုအမျိုးအစားကိုမဆို ခံစားနေရသည့် ကျောင်းသားတိုင်း ကျောင်းတက်နိုင်ရေးအတွက် လုပ်ဆောင်လိုသည်။ သင်မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်နည်း။

၃။ ဝန်ကြီးချုပ်သည် မသန်စွမ်းသူများနှင့်ပတ်သတ်ပြီး ထောက်ခံသော ကြေညာချက် လည်း မထုတ်ပြန် သလို၊ ဆန့်ကျင်သော ကြေညာချက်လည်း မထုတ်ပြန်ထားပါ။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများအခွင့်အရေး သဘောတူစာ ချုပ်ကော်မတီသည် မကြာသေးမီကပင် ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ၏ ပါဝင်မှုကဏ္ဍဟချက်နှင့် ပတ်သတ်ပြီး၊ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ထားသည်။ သင်သည် မသန်စွမ်းသူများ နိုင်ငံရေးတွင် အပြည့်အဝ ပါဝင်ခွင့်ရှိစေရေး လှုပ်ရှားဆောင်ရွက်နေသည့် မသန်စွမ်းအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သည်၊ သင်မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်နည်း၊

၄။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် အများပြည်သူထံသို့ ကြေညာချက်ထုတ်ပြန်ရာတွင် မသန်စွမ်းအမျိုးသမီးများ၏ အခန်းကဏ္ဍကို ကြေညာချက်တွင် ချန်လှပ်ထားခဲ့သည်၊ သင့်အဖွဲ့သည် မသန်စွမ်း အမျိုးသမီးများ အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့်အခါ ကြုံတွေ့ရသော အတားအဆီးများနှင့်ပတ်သတ်၍ အစီရင်ခံစာ တစ်စောင်ကို ထုတ်ပြန်ထားသည်၊ မကြာမီရက်များတွင် အဆိုပါအစီရင်ခံစာကို စတင်ထုတ်ပြန်သည့်အခမ်းအနားကျင်းပသွားရန်ရှိသည်၊ သင်မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်နည်း။

# နိုင်ငံရေးသိပ္ပံမှသည်
# အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့
## *အရေးဆိုလှုပ်ရှားခြင်းဆိုင်ရာ နည်းဗျူဟာများ*

### စာရေးသားခြင်းနည်းလမ်း

**မိမိ၏ ရပ်တည်ချက်ကို ပြဆိုသော စာတမ်းများ**
သင် ပြောင်းလဲလိုသည့်အတွက် အရေးဆိုလှုပ်ရှားနေသည့် လူမှုပြဿနာတစ်ခုကို ဖော်ပြပါ။ ထိုကိစ္စရပ်၏ သမိုင်းကြောင်းဆိုင်ရာ အခြေအနေ၊ အချက်အလက်များ၊ ယှဉ်တွဲလေ့လာထားသော သဘောတရားများကို ထည့်သွင်းဖော်ပြရမည်။

**သတင်းအချက်အလက်များ ပါဝင်သော စာရွက်စာတမ်းများ**
သင်လုပ်ကိုင်ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့်ပတ်သတ်၍ သုတေသနပြု လေ့လာထားသော စာရွက်စာတမ်းများ၊ စာစောင်များကို ရွေးကောက်ခံကိုယ်စားလှယ်ကို ပေးအပ်ပါ။

**စာရေးသားခြင်း**
သက်ဆိုင်ရာ ဌာန သို့ မဟုတ် တာဝန်ရှိသူထံ စာရေးသားဆက်သွယ်၍ ပြဿနာ၏ အကြောင်းကို ဖော်ပြပေးပါ။

**ဥပဒေကြမ်းတစ်ခု ရေးသားခြင်း**
လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမှတ်ချက်ပြုနိုင်မည့် ဥပဒေကြမ်းတစ်ခုကို ရေးသားတင်ပြပါ။

**သတင်းထုတ်ပြန်ချက်**
မိမိပေးလိုသော သတင်းအချက်အလက်များကို မီဒီယာများသို့ ဖြန့်ဝေပါ။

**ဝက်ဆိုဒ်နှင့် လူမှုကွန်ယက်စာမျက်နှာများ**
အွန်လိုင်းတွင် ဝက်ဆိုဒ်တည်ဆောက်ခြင်းပြုလုပ်ပြီး မိမိအား ထောက်ခံသူများအား

### တိုက်ရိုက်ဆက်သွယ်ရေး

**လူချင်းတွေ့ ဆုံမှု**
ရွေးကောက်ခံကိုယ်စားလှယ် သို့ မဟုတ် ဝန်ကြီးဌာနမှ အရာရှိနှင့် စကားပြောဆိုပါ။

**တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ စာတို မက်ဆေ့ချ်ပို့၍ ဆက်သွယ်ခြင်း**
သင် အရေးဆိုလှုပ်ရှားနေသော ကိစ္စရပ်အတွက် မဲခွဲဆုံးဖြတ်ခြင်းမပြုမီတွင် လွှတ်တော်ကိုယ်စားလှယ်များထံသို့ သတင်းစကားပါး၍ တိုက်တွန်းပြောဆိုရန်လိုအပ်သည်။

**ကိုယ်စားလှယ် သို့ မဟုတ် အရာရှိအား မိမိ ပြုလုပ်သော လှုပ်ရှားမှုသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်း**
သင်၏ မသန်စွမ်းအဖွဲ့ အစည်းမှ လှုပ်ရှားဆောင်ရွက်နေသည့် လုပ်ငန်းများ ဖြစ်စေ၊ နေရာသို့ဖြစ်စေ လာရောက်ကြည့်ရှုလည်ပတ်ရန် ဖိတ်ခေါ်ပါ။

**ကွန်ဖရင့်များ ကျင်းပခြင်း**
နှစ်စဉ် ကွန်ဖရင့်များ ကျင်းပခြင်း၊ ရေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ပေါ်လစီအကြောင်း အစီအစဉ်များရေးဆွဲခြင်းတို့ ကို ပြုလုပ်ခြင်းဖြင့် သင်၏ လူမှုအသိုက်အဝန်း၏ မူဝါဒ်ပါဝင်မှု ကို မြှင့်တင်နိုင်ပြီး၊ ဆန္ဒသဘောထားများကိုလည်း အားကောင်းမောင်းသန်စွာ ဖော်ထုတ်နိုင်မည်။

### ကမ်ပိန်းများ ပြုလုပ်ခြင်း

**ချီတက်ပွဲများ၊ စုဝေးပွဲများ၊ ဆန္ဒထုတ်ဖော်ပွဲများ**
သင်အရေးဆိုလှုပ်ရှားနေသော ကိစ္စရပ်အား အများပြည်သူက ထောက်ခံမှုပေးသည်ကို ပြသရန် အတွက်ဖြစ်သည်၊ သို့ သော် မကြာခဏအသုံးပြုခြင်းမဖြစ်ရပါ။ ဆန္ဒထုတ်ဖော်ခြင်းသည် သင်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နေသော အစိုးအရာရှိများနှင့် ဝေးကွာသွားစေနိုင်သည်။
**လက်မှတ်ရေးထိုးလှုပ်ရှားမှုများ**

**မဲဆန္ဒရှင်များထံမှ လက်မှတ်များကောက်ခံ၍ မိမိတို့ ၏ လှုပ်ရှားမှုကို အများပြည်သူက ခိုင်ခိုင်မာမာ ထောက်ခံကြောင်း ပြသနိုင်သည်။**

**လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်း**
**လွှတ်တော်တွင် အစိုးရ ဝန်ကြီးဌာနများအား မေးခွန်းမေးမြန်းနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များအား တိုက်တွန်း တောင်းဆိုပါ။**
**ကြားနာပွဲတွင် ထွက်ဆိုခြင်း**

သင့်အဖွဲ့ အစည်းအား လွှတ်တော်ကြားနာပွဲတွင် လာရောက်ထွက်ဆိုရန် ဖိတ်ကြားခံရပါက သင့်အဖွဲ့ သည် အဆိုပါ ကိစ္စရပ်တွင် ကျွမ်းကျင်မှုရှိသည့် အဖွဲ့ အစည်းတစ်ခုအဖြစ် ပေါ်ထွက်လာနိုင်သည်။

**မူဝါဒဆိုင်ရာ လမ်းညွှန် ဖန်တီးခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းများအား သင်ရေးဆွဲထားသည့် မူဝါဒဆိုင်ရာ လမ်းညွှန်အား ထောက်ခံလက် မှတ်ထိုးစေပါ။ သို့ မှသာ ၎င်းတို့ ရွေးချယ်ခံရသည့်အခါတွင် သင့်အဖွဲ့ အနေဖြင့် ခိုင်မာသော ထောက်ခံမှုရရှိထား နိုင်မည်ဖြစ်သည်။

### *သင်တန်းပံ့ပိုးသူ မှတ်စု - ဤစာရွက်ကို မိတ္တူကူး၍ အပိုင်းများအဖြစ် ဖြတ်ပါ။*

| |
|---|
| သတင်းအချက်အလက်များပါဝင်သော စာရွက်စာတမ်းများ |
| ပေးစာများ |
| လူချင်းတွေ့ ဆုံသည့် ဆွေးနွေးပွဲများ |
| တယ်လီဖုန်းခေါ် ဆိုခြင်း နှင့် စာတို မက်ဆေ့ချ်ပေးပို့ ခြင်း |
| မိမိ၏ ရပ်တည်ချက်ကို ပြဆိုသော စာတမ်းများ |
| ဥပဒေတစ်ခုကို မူကြမ်းရေးဆွဲခြင်း |
| သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်း |
| အင်တာနက်စာမျက်နှာ တည်ထောင်ခြင်းနှင့် လူမှုကွန်ယက်များမှ ဆက်သွယ်ခြင်း |
| ဆိုတက်ခြင်း၊ စုဝေးပွဲပြုလုပ်ခြင်း၊ ဆန္ဒထုတ်ဖော်ခြင်း |
| လက်မှတ်ရေးထိုး လှုပ်ရှားခြင်း |
| လွှတ်တော်တွင် မေးခွန်း မေးမြန်းခြင်း |
| ကြားနာပွဲတွင် ထွက်ဆိုခြင်း |
| မူဝါဒဆိုင်ရာ လမ်းစဉ်တစ်ခုကို ချပြခြင်း |
| အရာရှိများအား ဖိတ်ကြား၍ လှုပ်ရှားမှုများသို့ တက်ရောက်စေခြင်း |
| ကွန်ဖရင့်များ ပြုလုပ်ခြင်း |

**သင်ရိုး (၃)**

**အခန်း – ၈။ စည်းရုံးလှုံ့ဆော်ပံ့ပိုးခြင်း**

| | |
|---|---|
| **လုပ်ဆောင်ပုံအဆင့်ဆင့်** | ယခုသင်ခန်းစာကိုလေ့လာနေစဉ်အတွင်း သင်တန်းတက်ရောက်သူများအနေဖြင့် အခမ်းအနား (သို့) လုပ်ငန်းတစ်ခုကိုလုပ်ဆောင်ရာတွင် ရပ်ရွာလူထုမှပါဝင်လာစေရန် ထိရောက်စွာ စည်းရုံးဆောင်ရွက်ရန် အတွက် အစီအစဉ်ကိုကြိုတင်ပြင်ဆင်ရေးဆွဲရန် မည်သည့်အတွက်ကြောင့်အရေးကြီးသည်ကို နားလည်သဘောပေါက်လာကြပြီး ၎င်းတို့အား အခမ်းအနားအစီအစဉ်ရေးဆွဲသည့်ပုံစံအခြေခံနှင့် မိတ်ဆက်ပေးသွား မည်ဖြစ်သည်။ |
| **လိုအပ်သည့်အချိန်** | **၉၀ မိနစ်** |
| **လေ့လာသိရှိရမည့်အချက်များ** | သင်တန်းတက်ရောက်သူများအနေဖြင့် ရပ်ရွာလူထု၏ ကူညီပံ့ပိုးမှု ရရှိစေရန် စည်းရုံးဆော် ဩရာတွင် မည်သည့်အရာများ ပါဝင်ရမည်ကို လေ့လာ သိရှိရမည်ဖြစ်သည်၊ သင်တန်းသူများ အနေဖြင့်ရပ်ရွာလူထု၏ ကူညီပံ့ပိုးမှုရရှိစေရန် စည်းရုံးဆော်ဩခြင်းနှင့် ကူညီပံ့ပိုးမှု ရရှိစေရန် စည်းရုံးဆော်ဩသည့်အစီအစဉ် ရေးဆွဲခြင်း အကြားဆက်သွယ်မှုကို သိရှိလာမည်ဖြစ်သည်၊ |

| | |
|---|---|
| **လိုအပ်သော သင်ထောက်ကူပစ္စည်းများ** | - စာရွက်အကြီး<br>- မာကာများ<br>- "အစီအစဉ်တစ်ခု ချမှတ်ခြင်း" လုပ်ငန်းမှတ်တမ်းစာရွက်<br>- ဖြစ်ရပ်များ |
| **[ ၇ မိနစ် ]** | **အဆင့် ၁** = လုပ်ဆောင်ရန်အစီအစဉ်တစ်ခုရှိခြင်းနှင့် လူထုအား စည်းရုံးလှုံ့ဆော်ပံ့ပိုးခြင်း မည်သို့ကွာခြားသလဲ တစ်ဦးအားစေတနာဖြင့် ရှင်းပြ ခိုင်းပါ။<br><br>**အဆင့် ၂** = သင့်အနေဖြင့် ကိုယ်တိုင် လုပ်ဆောင်နိုင်တာကို အစီအစဉ်တစ်ခုရှိခြင်းဖြစ်သည်ဟု **ထုတ်နှုတ်ပြောဆိုပါ။** သင်စီစဉ်ထားသည်များလုပ်ရန် အတွက်ဘဲ တွက်ချက်ထားသည်။ ပတ်ဝန်းကျင်လူထုအား စည်းရုံးလှုံ့ဆော်ခြင်းသည် ဖြစ်နိုင်ပါက သူတို့အား သင့်အစီအစဉ်၏ လှုပ်ရှားမှုများတွင် ပါဝင်ခြင်း၊ လူထုအား သူတို့၏ ကိုယ်ပိုင်လှုပ်ရှားဆောင်ရွက်မှုများ ပါဝင်စေခြင်းဖြစ်သည်။<br><br>**အဆင့် ၃ = ထုတ်နှုတ်ပြောဆိုပါ** - ရပ်ရွာလူထုကို စည်းရုံးဆော်သြခြင်းသည် အကြောင်းတိုက်ဆိုင်ခြင်း ကြောင့်ဖြစ်လာခြင်းမဟုတ်ပေ။ ရပ်ရွာလူထုကို ထိရောက်စွာစည်းရုံးဆော်သြနိုင်ရန်အတွက် မည်သည့် လုပ်ငန်းများ ကိုလုပ်ဆောင်ရန်လိုအပ်သည်၊ မည်သူများက ထိုလုပ်ငန်းများကို လုပ်ဆောင်ရန် တာဝန်ရှိသည်၊ ထိုသို့ လုပ်ဆောင်ရန်အတွက် မည်သည့်အရင်းအမြစ်များလိုအပ်သည် စသည်တို့ ကို အစီအစဉ်တကျရေးဆွဲထားရန်အရေးကြီးသည်။ ထိုသို့လုပ်ဆောင်ရ မည့်အချက်များကို ဤသင်ခန်းစာ၏ဒုတိယပိုင်းတွင် လေ့လာရမည့်အကြောင်းကို ပြောပြပါ။<br><br>အဆင့် ၄ = သင်တန်းတက်ရောက်သူများအား လူထုစည်းရုံးလှုံ့ဆော်မှုကို တွေးမိုန်တွင် သူတို့ဘာစကားလုံးများ စဉ်းစားမိသလဲ မေးပါ။ တကယ်လို့ သူတို့ မမှတ်မိပါက ထပ်ပေါင်းပါ -<br>- ပူးပေါင်းပါဝင်ခြင်း<br>- ချိတ်ဆက်ခြင်း<br>- စိတ်အားထက်သန်မှုရှိခြင်း<br>- ပံ့ပိုးပေးခြင်း<br><br>**အဆင့် ၅** = လုပ်ငန်းစဉ်များသည် အပေါင်းလက္ခဏာဆောင်ပြီး အပြန်အလှန်ဖြစ်သင့်ကြောင်း **ထုတ်နှုတ်ပြောဆိုပါ။** ဤနေရာတွင် လုပ်ငန်းစဉ် နည်းလမ်းနှစ်ခုရှိသည် ( 'ပါဝင်သည်' နှင့် 'ပံ့ပိုးသည်' စကားလုံးများ)။ လူထုစည်းရုံးလှုံ့ဆော်ခြင်းသည် သတင်းအချက်အလက်များပြန့်ပြန့်ရုံသက်သက်မဟုတ်ပါ (သို့သော်လည်း သတင်းအချက်အလက်များ ပြန့်ပြန့်ခြင်းသည် လုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။)<br><br>**အဆင့် ၆** = ဆောင်ရွက်မှုတစ်ခု သို့မဟုတ် ပွဲတစ်ခုတွင် ပါဝင်ရန် လူထုကို စည်းရုံးလှုံ့ဆော်သည့်နေရာတွင် ပါဝင်ခဲ့ဖူးသည့် အကြောင်း သို့မဟုတ် သူတို့ သိထားသည့် သင်တန်းသားများအား ဥပမာများပေးနိုင်းပါ။ မဲပေးရန်မှတ်ပုံတင်ခြင်း ဥပမာ ပေးပါ။ |

<table>
<tr>
<td>[၃၃ မိနစ် ]</td>
<td>
အဆင့် ၇ = သင်တန်းတက်ရောက်သူများအား အုပ်စုခွဲပါ။<br><br>
အဆင့် ၈ = အုပ်စုတစ်စုချင်းစီကို စာရွက်ကြီးတစ်ရွက်ပေးပါ။<br><br>
အဆင့် ၉ = မြို့တော်ခန်းမကဲ့သို့ ပြည်သူပိုင်အဆောက်အအုံ တစ်ခုတွင် ဓါတ်လှေကားတစ်ခုဆင်ရာတွင် ပံ့ပိုးပေးရန် လူထုကို စည်းရုံးလှုံ့ဆော်နိုင်မည့်နည်းလမ်းတစ်ခုကို အုပ်စုတစ်ဝက်ကို စဉ်းစားရန် တာဝန်ပေးပါ။ တခြားအုပ်စုများအား မသန်စွမ်းသူများအကျုံးဝင်သော မဲဆန္ဒရှင်ပညာပေးသင်တန်း တစ်ခုတွင် လူထုများအား ပါဝင်နိုင်ရန် နည်းလမ်းများကို စဉ်းစားချရေးခိုင်းပါ။ အုပ်စုများအား အချိန် ၁၅ မိနစ်ပေးပါ။<br><br>
အဆင့် ၁၀ = အချိန် ၅ မိနစ်သာကျန်တော့ကြောင်း အုပ်စုများအား မှတ်မိစေပါ။<br><br>
အဆင့် ၁၁ = လူထုစည်းရုံးလှုံ့ဆော်ရန်အတွက် အုပ်စုများ၏ စိတ်ကူးများအား တင်ဆက်ခိုင်းပါ။ အဖွဲ့တစ်ခုစီအား တင်ဆက်ရန် ၂-၃ မိနစ်အချိန်ပေးပါ။ ပြီးနောက် တခြားအုပ်စုများ၏ တုန့်ပြန်ချက်များကို ပေးခိုင်းပါ။ တင်ဆက်မှုတစ်ခုစီမှ ထူးခြားချက် သို့မဟုတ် တီထွင်မှုများက ဘာတွေလဲ။<br><br>
အဆင့် ၁၂ = လူထုစည်းရုံးလှုံ့ဆော်ခြင်းအတွက် တူညီသောလုပ်ငန်းတာဝန်များကို မတူညီသော ချဉ်းကပ်မှုများဖြင့် ထွက်ပေါ်လာသည်ကို အုပ်စုများအား ထုတ်နုတ်ပြောဆိုပါ။ ၎င်းသည် လူထုပါဝင်နိုင်ရန် နည်းလမ်းအမျိုးမျိုးရှိသည်ကို ပြသခြင်းဖြစ်သည်။
</td>
</tr>
<tr>
<td>[ ၉ မိနစ် ]</td>
<td>
အဆင့် ၁၃ = လူထုစည်းရုံးလှုံ့ဆော်ခြင်းဆိုသည်မှာ အတူတကွအလုပ်လုပ်ခြင်းနှင့် လုပ်ငန်းစဉ်များဖြစ်ကြောင်းကို ဆိုလိုသည်ဟု ထုတ်နုတ်ပြောဆိုပါ။<br><br>
အဆင့် ၁၄ = "လူထုစည်းရုံးလှုံ့ဆော်ခြင်းဆိုသည်မှာ......ဖြစ်သည်"နှင့် "လူထုစည်းရုံးလှုံ့ဆော်ခြင်း ဆိုသည်မှာ.......မဟုတ်ပါ" စသည်ဖြင့် စာရွက်ကြီး တစ်ခုစီတွင် (စာရွက် ၂ ရွက်ပေးပါ) ရေးပါ။<br><br>
အဆင့် ၁၅ = အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးရွေးချယ်ပြီး ဟုတ်သည် မဟုတ်သည်ကို ရေးရန် လွှတ်ပေးပါ။ ထိုသို့ ပြုလုပ်ရန် အချိန် ၃ မိနစ်ရမည်။<br><br>
အဆင့် ၁၆ = လူထုစည်းရုံးလှုံ့ဆော်ခြင်းသည် -<br>
- လူထုနှင့် ရေရှည်ခိုင်မြဲသော လက်တွဲခြင်း<br>
- အမျိုးမျိုးသော ပါဝင်ဆက်စပ်သူများနှင့် အဆောက်အအုံများ(အဖွဲ့အစည်းများ) လိုအပ်သောအရာ<br>
- လူမှုကွန်ယက်တည်ဆောက်ခြင်း<br>
- အခြားရွေးချယ်စရာတန်ဖိုးများမြှင့်တင်ရေး<br>
- စဉ်းစားတွေးခေါ်တီထွင်ကြံဆမှုများကို လှုံ့ဆော်ပေးခြင်း<br>
- အပြုသဘောနှင့် ပံ့ပိုးပေးခြင်း<br><br>
အဆင့် ၁၇ = လူထုစည်းရုံးလှုံ့ဆော်ခြင်းသည် ဤအရာများမဟုတ်ပါ -<br>
- ထင်မြင်မိတာကို လူများအားပြောကြားခြင်း<br>
- တစ်ဦးချင်းစီအပေါ်အာရုံစိုက်ခြင်း<br>
- လုပ်ငန်းအစီအစဉ်တစ်ခုတည်းအတွက်သာ<br>
- အပြစ်တင်ခြင်း သို့မဟုတ် ရှက်စရာဖြစ်ခြင်း
</td>
</tr>
</table>

| | |
|---|---|
| [၄၀ မိနစ် ] | **အဆင့် ၁၈** = အစီအစဉ်တစ်ခုဆိုသည်မှာ သတ်မှတ်ထားသည့် ရည်မှန်းချက်အောင်မြင်စေရန်အတွက် လုပ်ဆောင်ချက်များကို သတ် မှတ်ထားသောအချိန်အတွင်း လုပ်ဆောင်ရန် ရေးဆွဲထားချက်ဖြစ်သည်၊ အဆိုပါအစီအစဉ်တွင "မည်သည့်အရာကို မည်သည့်အချိန်တွင် မည်သူတို့ အတွက် မည်ကဲ့သို့လုပ်ဆောင် မည်ဆိုသည်ကို ရှင်းပြပါ။<br><br>**ထုတ်နုတ်ပြောဆိုပါ** - ရပ်ရွာ/ဒေသအတွင်း အခမ်းအနားတစ်ခုကို စီစဉ်ဆောင်ရွက်သည့်အခါတွင် လုပ်ငန်းစဉ်များကို အစီအစဉ်တကျနှင့် အချိန်နှင့် တစ်ပြေးညီဆောင် ရွက်သွားရန် အရေးကြီးပြီး၊ တစ်စုံတစ်ရာ လုပ်ဆောင်ရန်အတွက် မေ့ကျန် ရစ်ခဲ့ခြင်းမရှိရန် အစီအစဉ် ရေးဆွဲထားခြင်းက အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်၊ လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲထားခြင်းအားဖြင့် အခမ်းအနား၏ ရလဒ်ကို များနိုင်သမျှ များများရစေမည်ဖြစ်သည်၊ အစီအစဉ်ရေးဆွဲခြင်းသည် ခေါင်းဆောင်မှု၏ အရေးကျသည့် ခေါင်းဆောင်မှု ဆိုင်ရာစွမ်းရည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ခေါင်းဆောင်များ အဖြစ်လုပ်ဆောင်ခြင်းနှင့် ၎င်းတို့၏ဘဝတစ်လျှောက်လုံးတွင်ထိုစွမ်းရည် ကို အသုံးချသွားနိုင်မည်ဖြစ်သည်။<br><br>**အဆင့် ၁၉** = အစီအစဉ်တစ်ခုချမှတ်ခြင်းဟာ ဘာလုပ်မလဲကို ဆုံးဖြတ်ရတာထက် ပိုမိုကြောင်း သင်တန်းတက်ရောက်သူများအား ပြောပြပါ။ လူထုစည်းရုံးလှုံ့ဆော်ရန် လုပ်ဆောင်ခြင်းများကို သူတို့ရွေးချယ်သောအခါ သူတို့အနေဖြင့် ထိုလုပ်ဆောင်ချက်အတွက် အရင်းအမြစ်များရရှိနိုင်မှု၊ မည်သူတွေပါဝင်မည်လဲ၊ မည်သည့်အချိန်တွင် ကျင်းပမည်နည်း စသည့် သတင်းအချက်များကို ပိုမိုသိရှိရန် လိုအပ်ပါသည်။<br><br>**အဆင့် ၂၀** = အုပ်စုများကို ဖြစ်ရပ်များအား ကမ်းပေးပါ။<br><br>**အဆင့် ၂၀** = သင်တန်းတက်ရောက်သူများအား သူတို့၏ လက်စွဲစာအုပ်ရှိ "အစီအစဉ်တစ်ခုချမှတ်ခြင်း" စာမျက်နှာ -----ကိုဖွင့်ခိုင်းလိုက်ပါ။<br><br>**အဆင့် ၂၂** = ဖြန့်ဝေထားသည့် ဖြစ်ရပ်များအပေါ်အခြေခံပြီး အစီအစဉ်တစ်ခု ပြုလုပ်ရမည်ကို သင်တန်းသားများအား ရှင်းပြပါ။ အစီအစဉ်တစ်ခု ပြုလုပ်ခြင်းသည် သူတို့ဆီမှာ ရရှိနိုင်မည့် အရင်းအမြစ်အမျိုးအစားများကို သတ်မှတ်ခြင်းဖြစ်သည်၊<br><br>**အဆင့် ၂၃** = ကွဲပြားခြားနားသော အရင်းအမြစ်အမျိုးအစားများရှိကြောင်း သင်တန်းသားများအား ရှင်းပြပါ။ လုပ်ဆောင်ချက်တစ်ခု လုပ်ရန် လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ပေးမည့် လူများ၏ ပင်ကိုယ်ဉာဏ်စွမ်းနှင့် အရည်အသွေးများအပါအဝင် ငွေကြေးပိုင်းဆိုင်ရာများလည်း ဘဏ္ဍာရေးအရင်းအမြစ်တွင် ပါဝင်သည်။<br><br>**အဆင့် ၂၄** = သူတို့၏ ဖြစ်ရပ်များတွင် အရင်းအမြစ်အမျိုးအစားများ အဖွဲ့အစည်းအတွင်းက ရရှိနိုင်မလား သတ်မှတ်ရန် အုပ်စုများအတွင်း၊ သင်တန်းသားများအား လုပ်ခိုင်းပါ။ ၎င်းကို လုပ်ဆောင်ရန် ၅ မိနစ် အချိန်ပေးပါ။<br><br>**အဆင့် ၂၅** = သူတို့၏ ပွဲအတွက် မည်သို့တို့ကို ဦးတည်ချက်ထားမလဲဆိုတာ သတ်မှတ်ရန် အုပ်စုများအတွင်း၊ လုပ်ဆောင်ခိုင်းပါ။ သူတို့ မည်သူကို စည်းရုံးလှုံ့ဆော်ရမလဲ။ ဤလူအုပ်စုကို စည်းရုံးလှုံ့ဆော်ခြင်းပြုလုပ်ပါက ပန်းတိုင်ကို မည်သို့ ရောက်ရှိမည်နည်း။ ထိုလေ့ကျင့်ခန်းလုပ်ရန် အချိန် ၁၀ မိနစ် ပေးပါ။ |

| | |
|---|---|
| | **အဆင့် ၂၆** = မည်သူတွေကို စည်းရုံးလှုံ့ဆော်မလဲ၊ စည်းရုံးလှုံ့ဆော်ပြီး ဘာတွေကို ပြီးမြောက်အောင် လုပ်မလဲ၊ သူတို့ဆီမှာ မည်သည့် အရင်းအမြစ်များ ရရှိနိုင်မလဲ စသည်တို့ကို အုပ်စုများမှ ဆုံးဖြတ်ခဲ့ကြပြီးပြီကို ထောက်ပြပြောဆိုပါ။ နောက်တစ်ဆင့်တွင် သူတို့၏ အစီအစဉ်များအတွက် ထိုသတင်းအချက်အလက်များကို အသုံးပြုကြမည်။<br><br>**အဆင့် ၂၇** = အဖွဲ့အစည်းများမှ စည်းရုံးမှုများလုပ်ရာတွင် လူမှုအသိုင်းအဝိုင်းထံမှ ထောက်ပံ့မှုများ ရရှိအောင် လုပ်ခြင်းလည်း ဤအစီအစဉ်တွင် ပါဝင်သည်ကို ရှင်းပြပါ။ သူတို့၏ ပန်းတိုင်ကို ရောက်ရှိအောင် ဆောင်ရွက်ချက်တစ်ခုထက် ပိုမိုပြီး လုပ်ရန် လိုအပ်လိမ့်မည်။ လုပ်ဆောင်ချက်များ ကျင်းပပြုလုပ်ချိန်တွင် လုပ်ဆောင်မှုတစ်ခုချင်းစီအတွက် မည်သူတွင် တာဝန်ရှိသနည်း။ ဘယ်လောက်ငွေကုန်ကျမလဲ၊ ၎င်းလုပ်ဆောင်ချက်များမှ ပန်းတိုင်ရောက်ရှိရန် မည်သို့ လုပ်ဆောင်ပေးနိုင်မလဲ စသည်တို့ကိုပါ အဖွဲ့များအနေဖြင့် စဉ်းစားရန်လိုအပ်ပါသည်။ ၎င်းကို ပြုလုပ်ချိန် ၂၀ မိနစ်ရမည်။ သင်တန်းဆရာအနေဖြင့် ပြုလုပ်နေကြချိန်အတွင်း အကြံဉာဏ်များပေးရန် လှည့်ပတ်သွားပါ။<br><br>**အဆင့် ၂၈** = သူတို့၏ကနဦးအစီအစဉ်များ တင်ဆက်မှုပြုလုပ်ရန် နှင့် ပြန်လည်တုံ့ပြန်မှုများပေးရန် တစ်ဖွဲ့ချင်းစီကို ဖိတ်ခေါ်ပါ။ |
| [ ၁ မိနစ်] | **အဆင့် ၂၉** = သင်တန်းသားများအား သူတို့၏ ကိုယ်ပိုင်ညှိနှိုင်းဆွေးနွေးခြင်းများလုပ်သည့်အချိန်များတွင် ဤနည်းလမ်းများအား အနာဂတ်တွင် အသုံးပြုနိုင်ကြောင်း ထောက်ပြပါ။ ထိရောက်မှုရှိသော ခေါင်းဆောင်များဖြစ်ရန်အတွက် သူတို့၏ အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ခြင်းများနှင့် သူတို့ချမှတ်ထားသော ပန်းတိုင်ကို အောင်မြင်ရောက်ရှိရန် ကူညီလုပ်ဆောင်ပေးရမည်ဖြစ်သည်ကို မှတ်ချက်ပြုပါ။ |

စည်းရုံးလှုံ့ဆော်ပံ့ပိုးခြင်း – လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း

စည်းရုံးလှုံ့ဆော်ပံ့ပိုးခြင်း – ဖြစ်စဉ်များ

နိုင်ငံရေးသိပ္ပံမှသည်

အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

စည်းရုံးလှုံ့ဆော် ပံ့ပိုးခြင်း

## လုပ်ငန်းအစီအစဉ်တစ်ခု ရေးဆွဲခြင်း

သင်ရရှိနိုင်သော ဘဏ္ဍာရေး အရင်းအမြစ်တွေက ဘာတွေဖြစ်မလဲ။

သင်ရရှိနိုင်သော လူသား အရင်းအမြစ်တွေက ဘာတွေဖြစ်မလဲ။

သင်၏ ပန်းတိုင်က ဘာလဲ၊ လူထုအားဆောင်ရွက်စေရန် သင်အနေဖြင့် ဘာကို စည်းရုံးလှုံ့ဆော်ချင်သနည်း။

လူထုအား မည်သည့်အချိန်တွင် စည်းရုံးလှုံ့ဆော်ရန် လိုအပ်ပါသလဲ၊ ဤလုပ်ငန်းဆောင်ရွက်ချက်သည် ရွေးကောက်ပွဲကဲ့သို့သော ဖြစ်ရပ်တစ်ခုနှင့် ချိတ်ဆက်နေပါသလား။

| လုပ်ငန်းဆောင်ရွက်ချက် | မည်သူက | ဘယ်အချိန် | လိုအပ်သော အရင်းအမြစ်များ - လူ | လိုအပ်သော အရင်းအမြစ်များ - ငွေကြေး | သင်၏ ပန်းတိုင်ကို မည်ကဲ့သို့ ရောက်ရှိစေနိုင်သနည်း။ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

**နိုင်ငံရေးသိပ္ပံမှသည်**

**အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့**

*ထောက်ခံမှုအား ထိရောက်စွာ အသုံးပြုခြင်း*

ဖြစ်ရပ်များ

၁။ သင်သည် မြို့နယ်အတွင်းရှိ မသန်စွမ်းသူများကို ထောက်ပံ့ပေးသော လူထုလှုပ်ရှားမှုစင်တာတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်။ လူထုလှုပ်ရှားမှုစင်တာသည် မသန်စွမ်းသူများအခွင့်အရေးရံပုံငွေ အစီအစဉ် ဖြင့် ဒေါ်လာ ၁ သောင်း ခန့် ပမာဏရှိသော စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ထိုစီမံကိန်းတွင် ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုအရာရှိတစ်ယောက်၊ အစီအစဉ်ရေးရာ အရာရှိ နှစ်ဦး၊ ရုံးပိုင်းအုပ်ချုပ်မှုဆိုင်ရာ လက်ထောက်တစ်ဦး နှင့် အစီအစဉ်ရေးရာ မန်နေဂျာ တစ်ဦး၊ စုစုပေါင်း ငါးဦး အလုပ်လုပ်ကိုင်လျက်ရှိသည်။ ထိုစီမံကိန်း၏ ရည်ရွယ်ချက်များတွင်၊ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက် နိုင်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များကို ထားရှိပေးမည့် စာကြည့်တိုက်တစ်ခု (ခွင့်ပြုငွေ၏ ၅၀ ရာခိုင်နှုန်းကိုအသုံးပြုမည်)၊ တည်ဆောက်ခြင်းနှင့် အသိပညာပေး လုပ်ငန်းများ လုပ်ဆောင်ခြင်း (ခွင့်ပြုငွေ ၅၀ ရာခိုင်နှုန်းကို အသုံးပြုမည်) တို့ ပါဝင်သည်။ သင့် မြို့နယ်တွင် နေထိုင်သူများကို မသန်စွမ်းသူများနှင့်ပတ်သတ်သည့် အကြောင်းအရာများကို ပိုမိုသိရှိစေလို သည်။ သို့မှသာ အနာဂတ်တွင် လူထုလှုပ်ရှားမှုစင်တာမှ ပြုလုပ်မည့် အရေးဆိုလှုပ်ရှားမှုများတွင် လူထု၏ ထောက်ခံမှုကို ရရှိနိုင်မည်ဖြစ်သည်။

၂။ သင်သည် မသန်စွမ်းအဖွဲ့အစည်းများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် နိုင်ငံလုံးဆိုင်ရာမသန်စွမ်း အထောက်အကူပြု ကွန်ယက်တွင် အလုပ်လုပ်ကိုင်နေသည်။ ထိုကွန်ယက်သည် နိုင်ငံတကာမှ အလှူရှင်များ ထောက်ပံ့သောငွေကြေးများဖြင့် ဒေါ်လာ နှစ်သောင်းခန့် ပမာဏရှိ စီမံကိန်းတစ်ခုကို ဆောင်ရွက်နေသည်။ ထိုကွန်ယက်တွင် ဝန်ထမ်း ကိုးဦးရှိသည်။ ထိုသူများမှာ- ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုအရာရှိတစ်ဦး၊ ဆက်သွယ်ရေးဆိုင်ရာ အရာရှိတစ်ဦး၊ အစီအစဉ်ရေးရာအရာရှိနှစ်ဦး၊ ရုံးပိုင်းအုပ်ချုပ်မှုဆိုင်ရာ လက်ထောက်တစ်ဦး၊ အစီအစဉ်ရေးရာ မန်နေဂျာ နှစ်ဦး၊ အစီရင်ခံခြင်း ဆိုင်ရာ အရာရှိတစ်ဦး၊ ထောက်ပံ့ကူညီမှုဆိုင်ရာ အရာရှိတစ်ဦးတို့ ဖြစ်သည်။ စီမံကိန်းတွင် လာမည့်အထွေထွေရွေးကောက်ပွဲ၌ မသန်စွမ်းမဲဆန္ဒရှင်များ ပိုမိုမဲပေးလာ နိုင်စေရန် အားပေးပံ့ပိုးမှုများပြုလုပ်ရေးအပါအဝင် ရည်ရွယ်ချက်အချို့ ကိုချမှတ်ထားပါသည်။ သင့်အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲ တွင် နိုင်ငံတဝှမ်းမှ မသန်စွမ်းမဲဆန္ဒရှင်များ ပါဝင်မဲပေးလာနိုင်ရေး အားပေးကူညီသွားမည် ဖြစ်သည်။

## နိုင်ငံရေးသို့မှသည်

## အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

*ထောက်ခံမှုအား ထိရောက်စွာ အသုံးပြုခြင်း*

၃။ မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး လှုပ်ရှားမှု တွင် သင်အလုပ်လုပ်ကိုင်လျက်ရှိသည်။ ထိုအဖွဲ့သည် မသန်စွမ်းအခွင့်အရေးများအတွက် အစိုးရအရာရှိများအား အရေးဆိုလှုပ်ရှားနေသည့်အဖွဲ့ ဖြစ်သည်။ ထိုလှုပ်ရှားမှုသည် အာဆီယံ မသန်စွမ်းဖိုရမ်၏ ထောက်ပံ့မှုဖြင့် မသန်စွမ်းဥပဒေသစ်အား အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုနေသော စီမံကိန်းကို လုပ်ဆောင်နေသည်။ စီမံကိန်းအတွက် ခွင့်ပြုငွေ ပမာဏမှာ ဒေါ်လာ တစ်သောင်းငါးထောင်ဖြစ်သည်။ ယင်းအဖွဲ့တွင် ဝန်ထမ်းနှစ်ဆယ်ဦးရှိပြီး၊ ငါးယောက်သာလျှင် အာဆီယံမသန်စွမ်းဖိုရမ်၏ စီမံကိန်းအတွက် အလုပ်လုပ်ကိုင်လျက်ရှိသည်။ ထိုဝန်ထမ်းများတွင်- အစီအစဉ်ရေးရာအရာရှိတစ်ဦး၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အရာရှိတစ်ဦး၊ အစီရင်ခံစာရေးသားသူတစ်ဦး၊ အစီအစဉ်ရေးရာ မန်နေဂျာတစ်ဦး နှင့် အဖွဲ့၏ ဥက္ကဋ္ဌတို့ပါဝင်သည်။ သင့်အဖွဲ့သည် မသန်စွမ်းဥပဒေကို အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်လာစေရေး တိုက်တွန်းတောင်းဆိုနိုင်ရန်အတွက် နိုင်ငံတစ်ဝှမ်းရှိ မသန်စွမ်းအဖွဲ့အစည်းများအား သင့်အဖွဲ့နှင့်အတူ လက်တွဲဆောင်ရွက်စေလိုသည်။

၄။ သင်သည် အသိဉာဏ်ဆိုင်ရာမသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် လုပ်ကိုင်လျက်ရှိသည့် ပြန်လည်ပေါင်းစည်းရေးစင်တာ (Integration Center) တွင် တာဝန်ထမ်းဆောင်နေသည်။ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အရေးဆိုလှုပ်ရှားမှုရံပုံငွေ၏ ထောက်ပံ့မှုဖြင့် ဒေါ်လာ တစ်သောင်းပမာဏရှိသော စီမံကိန်းတစ်ခုကို ပြန်လည်ပေါင်းစည်းရေးစင်တာမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ထိုစီမံကိန်းသည် အသိဉာဏ်ဆိုင်ရာမသန်စွမ်းသူများအနေဖြင့် နိုင်ငံရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိလာစေရန် နှင့် ၎င်းတို့၏ ပါဝင်မှုကို ခွဲခြားထားသည့်အရာများကို လျှော့ချစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။ ထိုစင်တာတွင် ဝန်ထမ်း ဆယ်ဦးရှိသော်လည်း စီမံကိန်းအတွက်မှ လေးယောက်သာ လုပ်ကိုင်လျက်ရှိသည်။ ထိုသူတို့မှာ-စီမံကိန်းအရာရှိတစ်ဦး၊ ဆက်သွယ်ရေးအရာရှိတစ်ဦး၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အရာရှိတစ်ဦး၊ အစီအစဉ်ရေးရာမန်နေဂျာတစ်ဦးတို့ဖြစ်သည်။ သင်လုပ်ကိုင်နေသည့်အလုပ်များဖြစ်သည့် အသိဉာဏ်ဆိုင်ရာ မသန်စွမ်းဖြစ်သူများအပေါ်တွင် ရှိနေသော ခွဲခြားသည့်အမြင်များ၊ ပုံသေကားချပ်အမြင်များကို လျှော့ချခြင်း လုပ်ငန်းများအပေါ်တွင် မသန်စွမ်းပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ မိတ်ဆွေများက ထောက်ခံအားပေးမှုရှိလာစေရန် သင့်အနေဖြင့် တိုက်တွန်းလိုသည်။

Australian Aid

UKaid from the British people

# သင်ရိုး (၄)

**သင်ရိုး (၄)**
**အခန်း – ၁။ အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေများ**

| | |
|---|---|
| လုပ်ဆောင်ပုံအဆင့်ဆင့်<br>လိုအပ်သည့်အချိန် | ဤလုပ်ဆောင်ချက်သည် အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ အစိတ်အပိုင်း များနှင့်စပ်လျဉ်း၍ ပါဝင်တက်ရောက်သူများ၏ ဗဟုသုတကိုတည်ဆောက်ပေးကာ မတူညီ သော နိုင်ငံအခြေအနေများတွင် မည်သို့မည်ပုံအကောင်အထည်ဖော်ဆောင်ထားကြောင်း သာဓကများကို ပေးပါသည်။<br><br>၉၀ မိနစ် |
| သင်ယူမှုရလဒ် | ပါဝင်တက်ရောက်သူများသည် အားလုံးပါဝင်သောဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ အစိတ်အပိုင်းများကို အမည်ပေးနိုင်သည်။<br>ပါဝင်တက်ရောက်သူများသည် မသန်စွမ်းသူများနှင့် အခြားသော ဖယ်ကျဉ်ခံ အုပ်စုများမှ လူများ ပါဝင်ခြင်းရှိ/မရှိ ဆုံးဖြတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ဆန်းစစ်လေ့လာ နိုင်ပါသည်။ |
| လိုအပ်သော<br>ပစ္စည်းများနှင့်<br>အရင်းအမြစ်များ | စာရွက်ကြီးနှင့် မာကာ<br>ကမ္ဘာတစ်ဝန်း မှ ဖွဲ့စည်းပုံအခြေခံဥပဒေများဆိုင်ရာ သာဓကများ<br>သီရိလင်္ကာနိုင်ငံသာဓကမှ ဓာတ်ပုံများနှင့်ပါဂါဖြိုင်<br>မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ |
| [၅ မိနစ်] | အဆင့် ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အစိုးရနှင့်ပြည်သူအကြား သွယ်ဝိုက်သည့် လူမှု ရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြည့်စုံတိကျပြတ်သားစွာဖော်ပြထားသောကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဒီမိုကရေစီ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ထုတ်နုတ် ပြောဆိုပါ။ ယင်း၏အဓိပ္ပာယ်ကို မည်သို့ထင်မြင်ကြောင်း ပါဝင်တက်ရောက်သူတစ်ဦးအား ရှင်းလင်းပြော ဆိုပါစေ။ သာဓကများတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။<br>• နိုင်ငံသားများတွင် သက်ဆိုင်ရာအခွင့်အရေးများနှင့် တာဝန်များရှိသည်။<br>• အစိုးရ၏အာဏာသည် အတိုင်းအတာတစ်ခုအထိသာရှိသည်။<br>• အစိုးရဆောင်ရွက်နိုင်သောကိစ္စကို ပြည်သူများက သဘောတူသည်။<br><br>အဆင့် ၂။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးကာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်မရှိသော နိုင်ငံများကို သိမသိ ပါဝင်တက်ရောက်သူများအား မေးပါ။<br><br>အဆင့် ၃။ ယူကေနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသည့် ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ် ကြောင်း (အခြားဥပမာများတွင် နယူးဇီလန်နှင့် အစ္စရေးနိုင်ငံတို့ရှိပါသည်) အကောင်းဆုံး သာဓကတစ်ခုကို ထုတ်နုတ်ပြပါ။ ယူကေနိုင်ငံတွင် ဘုရင့်အာဏာကန့်သတ်မှုကို ဆုံးဖြတ်ထား သော ၁၂၁၅ ခုနှစ်ကရေးဆွဲခဲ့သည့် Magna Carta နှင့် ဗြိတိသျှအကြောင်းအရာများဆိုင်ရာ ပြ ပြည်သူ့အခွင့်အရေးများကို ထုတ်နုတ်ပြထားသော ၁၆၈၉ ခုနှစ်ကရေးဆွဲထားသည့် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းများကဲ့သို့သော စာတမ်းများရှိပါသည်။<br><br>အဆင့် ၄။ **ထုတ်နုတ်ပြောဆိုပါ** - ဤခြွင်းချက်များသည် ကမ္ဘာပေါ်ရှိဒီမိုကရေစီနိုင်ငံများ အားလုံးနီးပါးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများရှိသည်ကို ပြသခြင်းဖြစ်ကြောင်း ထုတ်နုတ်ရှင်းပြပါ။ |

| | |
|---|---|
| [၂ မိနစ်] | အဆင့် ၅။ အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်၏ ရည်ရွယ်ချက်သည် မည်သို့ဖြစ်နိုင်သည်ဟု ထင်မြင်ကြောင်း ပါဝင်တက်ရောက်သူများအား မေးမြန်းပါ။<br><br>အဆင့် ၆။ ပေးထားသည့်အဖြေများကို စာရွက်အကြီး တစ်ခုပေါ်တွင် ရေးပါ။<br>ယင်းတို့တွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။<br>• ဖယ်ကျဉ်ခံအုပ်စုများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပါ၊<br>• နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရရေးအတွက် တောင်းဆိုပါ၊<br>• (ခွဲခြားဆက်ဆံမှုမရှိသော) အခြားအုပ်စုများကဲ့သို့ တူညီသောအခွင့်အရေးများကို ရရှိပါစေ။ |
| [၁၈ မိနစ်] | အဆင့် ၇။ ပါဝင်တက်ရောက်သူများအား အုပ်စု ၄-၅ စုအဖြစ် ခွဲပါ။<br><br>အဆင့် ၈။ ပါဝင်တက်ရောက်သူများအား ၎င်းတို့သည် အားလုံးပါဝင်သောဖွဲ့စည်းပုံအခြေခံဥပ ဒေတစ်ရပ်၏ အစိတ်အပိုင်းများအတွက် အမည်စာရင်းတစ်ခုရေးရန် အဖွဲ့လိုက်ဆောင်ရွက်ရ မည်ဖြစ်ကြောင်း ပြောပြပါ။<br><br>အဆင့် ၉။ ထိုသို့ပြုလုပ်ရန် ပါဝင်တက်ရောက်သူများအား ၁၀ မိနစ်အချိန်ပေးပါ။<br><br>အဆင့် ၁၀။ သက်ဆိုင်ရာအဖွဲ့များ၏ စာရင်းများကို စာရင်းကြီးတစ်ခုအဖြစ် ပေါင်းလိုက် မည် ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများကို ပြောပြပါ၊<br><br>အဆင့် ၁၁။ ပထမဆုံးအုပ်စုမှ အားလုံးပါဝင်သောဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်၏ အစိတ် အပိုင်းများကို ချရေးပါ။<br><br>အဆင့် ၁၂။ အဖွဲ့တစ်ဖွဲ့ချင်းစီအား စာရင်းထဲတွင်မပါပဲ ၎င်းတို့ထည့်သွင်းထားသည့် အစိတ် အပိုင်းများရှိလျှင် ဖြည့်နိုင်းပါ။ အောက်ပါတို့ပါဝင်ပါစေ။<br>• မသန်စွမ်းသူများအပေါ် ခွဲခြားမှုမရှိခြင်း။<br>• အခွင့်အရေးများအခြေပြု (သို့မဟုတ် ပုဂ္ဂိုလ်ပထမ) ဘာသာစကား<br>• နိုင်ငံသားများအားလုံး ဆန္ဒမဲပေးခွင့်<br>• မသန်စွမ်းသူများ ဆန္ဒမဲပေးခွင့်<br>• "စိတ်မနှံ့ခြင်း" သို့မဟုတ် "ရူးသွပ်ခြင်း" ကြောင့်ဟူ၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ကိုယ်စားလှယ်လောင်းဖြစ်ခြင်းကို ကန့်သတ်မှုမရှိခြင်း<br>• "စွမ်းဆောင်ရည်မပြည့်ဝခြင်း" ကြောင့်ဟူ၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ကိုယ်စား လှယ်လောင်းဖြစ်ခြင်းကို ကန့်သတ်မှုမရှိခြင်း<br>• မသန်စွမ်းသူများကို အာမခံချက်မပေးခြင်း<br>• ကိုယ်စားလှယ်လောင်းများသည် စကားပြောဆိုရန် သို့မဟုတ် စာရေးရန်မလို အပ်ပါ။ (သင်တန်းမှူးမှတ်စု- ဤသည်မှာ အကြားအာရုံချို့ယွင်းသူများနှင့် စာတတ် မြောက်မှု အားနည်းသူများ၏ အခွင့်အရေးများကို ကန့်သတ်နိုင်သောကြောင့်ဖြစ်ကြောင်း ရှင်းလင်းပြပါ။)<br>• "မသန်စွမ်းမှုကြောင့် ရုံးမှဖယ်ရှားခြင်း" ဟူသော ဘာသာစကားမရှိစေခြင်း။<br>• ဥပဒေပြုရေး (သို့မဟုတ် ကိုယ်စားပြုရေး) တွင် မသန်စွမ်းသူများ၏ ခွဲတမ်း/ဝေစု<br><br>အဆင့် ၁၃။ **ထုတ်နုတ်ပြောဆိုပါ** - စာရင်းထဲတွင်မပါသော်လည်း အခြေခံအစိတ်အပိုင်း |

| | |
|---|---|
| | များဖြစ်သော အားလုံးပါဝင်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ အခြားသောအစိတ်အပိုင်းများရှိနိုင်ကြောင်း ထုတ်နုတ် ပြောပြပါ။ |
| [၁၇ မိနစ်] | အဆင့် ၁၄။ မိမိတို့ဖန်တီးထားသော အမည်စာရင်းကို ယခုပင်အသုံးပြု၍ ကမ္ဘာတစ်ဝန်းရှိ မတူညီသောနိုင်ငံများမှ အားလုံးပါဝင်သော<br>ဖွဲ့စည်းပုံအခြေခံဥပဒေများကို မြင်တွေ့ရတော့ မည်ဖြစ်ကြောင်း<br>ပါဝင်တက်ရောက်သူများအား ပြောပြပါ။<br><br>အဆင့် ၁၅ - သင်တန်းတက်ရောက်သူများအား အဖွဲ့ ၃ ဖွဲ့ခွဲပါ(တစ်ဖွဲ့စီတွင် ၆ - ၇ စီပါဝင်ပါစေ)။<br>အဆင့် ၁၆ - မတူညီသောထုတ်နုတ်ချက်တစ်ခု၏ မိတ္တူများကို တစ်အုပ်စုချင်းစီ လက်ဆင့် ကမ်းပါ။<br><br>အဆင့် ၁၇။ ထုတ်နုတ်ချက်များကို ဖတ်ရှု၍ ဖွဲ့စည်းပုံအခြေခံဥပဒေသည်<br>မသန်စွမ်းသူများ ပါဝင်ခြင်းရှိမရှိနှင့် ပါဝင်ပါက မည်သည်ကပါဝင်စေကြောင်း ဆုံးဖြတ်ရန် ၁၅ မိနစ်ရမည်ဖြစ် ကြောင်း ပါဝင်တက်ရောက်သူများအား ပြောပြပါ။ ထို့နောက်<br>၎င်းတို့၏တွေ့ရှိချက်များကို အခြားပါဝင်သူများအား တင်ပြဆွေးနွေးပါ။<br>သင်တန်းမှူးမှတ်စု- ပေးထားသောလုပ်ဆောင်ချက်ကို နားလည်ခြင်းရှိမရှိနှင့် မေးခွ<br>မေးခွန်းများကို ဖြေဆိုရန် အဆင်သင့်ဖြစ်မဖြစ်သိရှိရန် အဖွဲ့များအား လှည့်ပတ်ကြည့်ရှုပါ။ |
| [၁၃ မိနစ်] | အဆင့် ၁၈။ ၎င်းတို့ဖတ်ရှုသော ဖွဲ့စည်းပုံအခြေခံဥပဒေကို တင်ပြဆွေးနွေးရန်<br>တစ်ဖွဲ့ချင်းစီ အား ဖိတ်ကြားပါ။ မည်သည့်နိုင်ငံမှ<br>ဖွဲ့စည်းပုံအခြေခံဥပဒေကိုရယူထားကြောင်းနှင့် မတူညီ သော<br>အားလုံးပါဝင်သည့်အစိတ်အပိုင်းများကို မည်သည့်နေရာတွင်တွေ့ရှိရကြောင်း (ဆိုလို<br>သည်မှာ အားလုံးပါဝင်သည်ဟု မည်သို့သိရှိရကြောင်း?) တို့ကို<br>ပါဝင်တက်ရောက်သူများအား ရေးမှတ်ထားခိုင်းပါ။<br><br>အဆင့် ၁၉ ။ အဖွဲ့တစ်ခုချင်းစီ၏ တင်ပြဆွေးနွေးမှုအပြီးတွင်<br>ပါဝင်တက်ရောက်သူများအား မေးခွန်းများမေးမြန်းရန် အချိန်ပေးပါ။ |
| | အဆင့် ၂၀။ ဤလုပ်ဆောင်ချက်မှ မည်သည်တို့ကိုလေ့လာခဲ့ရကြောင်း<br>ပါဝင်တက်ရောက်သူ များအား မေးမြန်းပါ။<br>အချို့အဖြေများတွင် အောက်ပါအချက်များပါဝင်နိုင်ပါသည်။<br>• နိုင်ငံအမျိုးမျိုးမှ ဖွဲ့စည်းပုံအခြေခံဥပဒေများအကြား တူညီမှုများစွာ<br>• ဖွဲ့စည်းပုံအခြေခံဥပဒေအချို့သည် ထင်ထားသည့်အတိုင်း အားလုံးမပါဝင်<br>• ဤ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အားလုံးပါဝင်စေရန် ဆောင်ရွက်ဖွယ် အလုပ်များ များပြားစွာလိုအပ်နေဆဲရှိ<br>• ဖွဲ့စည်းပုံအခြေခံဥပဒေများသည် စိတ်ပိုင်းဆိုင်ရာ/ဉာဏ်ရည်မသန်စွမ်းသူများ မပါဝင်သည်မှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။ |
| [၁၀ မိနစ်] | အဆင့် ၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အားလုံးပါဝင်ခြင်းရှိမရှိသိရှိရန် မည်သည့်<br>အတွက်ကြောင့်အရေးကြီးရကြောင်းနှင့် ၎င်းတို့၏ထင်မြင်ချက် ၃-၄ ခုပေးရန် ပါဝင်တက်<br>ရောက်သူများအား မေးမြန်းပါ။ ဖြစ်နိုင်သည့်အဖြေများတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။ |

- နိုင်ငံအတွင်းရှိ လူအားလုံးအတွက် လူ့အခွင့်အရေးများကို အာမခံချက်ပေးရန် အရေးကြီးပါသည်။
- ဥပဒေများကိုအသုံးချရန် သင့်တွင် ဥပဒေပညာရပ်များကို သိရှိထားပါ။

အဆင့် ၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အားလုံးပါဝင်ခြင်းမရှိကြောင်း သင်သိရှိပါက ယင်း သည် တိုက်တွန်းဆောင်ရွက်မှုဖြင့်ပြောင်းလဲစေရန် သင်ဆောင်ရွက်ရမည့်နယ်ပယ်တစ်ခုဖြစ် ကြောင်း ထုတ်နုတ်ပြောပြပါ။

အဆင့် ၂၃။ **ထုတ်နုတ်ပြောဆိုပါ** - နိုင်ငံအမျိုးမျိုးသည် ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေများကို လုပ်ငန်းစဉ်အမျိုးမျိုး အသုံးပြု၍ ရေးသားထားကြကြောင်း ထုတ်နုတ်ပြောဆိုပါ။ အချို့နိုင်ငံများ၌ မူကြမ်း ရေးဆွဲသည့်အဖွဲ့ကို ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း ထားသည်။ ထို့နောက် ထိုကိုယ်စား လှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသား အားလုံး၏ အခွင့်အရေးများ အားလုံးပါဝင်စေရေးအတွက် တာဝန်ယူကြပါသည်။ အားလုံး၏သဘောထားများကို အသေအချာကြားကြရစေရန် မူကြမ်းရေးဆွဲရေးအဖွဲ့ အတွင်းအချို့သော တိုင်းရင်းသားလူနည်းစု၊ ဘာသာရေး သို့မဟုတ် အခြားသောအုပ်စု များကို ထည့်သွင်းပါဝင်ကိုယ်စားပြုစေရေး လုပ်ပိုင်ခွင့်များလည်း ရှိကောင်းရှိနိုင်ပါသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်က သဘောတူ လက်မှတ်ရေးထိုးနိုင်ပါ သည်။ ဆိုလိုသည်မှာ ယင်းကို နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အဖြစ် လူတိုင်းက ဆန္ဒမဲပေးဆုံးဖြတ်ကြရန်ဖြစ်ပါသည်။

အဆင့် ၂၄။ **ထုတ်နုတ်ပြောဆိုပါ** - မူကြမ်းစတင်ရေးဆွဲချိန်ကာလမှ အတည်ပြုမပြု လက်မှတ်ရေးထိုးရန် စည်းရုံးကြချိန်အထိ လုပ်ငန်းစဉ်၏အဆင့်တစ်ခုချင်းစီအတွင်း အားပေးထောက်ခံမှုများရှိကြောင်း ထုတ်နုတ်ပြောပြပါ။

အဆင့် ၂၅။ သီရိလင်္ကာနိုင်ငံမှ ဓာတ်ပုံဖြင့် ပါဝင်ဖို့စလိုက်များကို ပြပါ။

အဆင့် ၂၆။ **ထုတ်နုတ်ပြောဆိုပါ** - သီရိလင်္ကာနိုင်ငံတွင် ပိုမို၍အားလုံးပါဝင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ဆီသို့ရောက်ရှိရန် မသန်စွမ်းသူအခွင့်အရေး အားပေးထောက်ခံ သူများ(Advocates)က ဆောင်ရွက်လျက်ရှိသော သာဓကတစ်ခုရှိကြောင်း ထုတ်နုတ် ပြောပြပါ။

အဆင့် ၂၇။ သီရိလင်္ကာနိုင်ငံရှိ မသန်စွမ်းသူအခွင့်အရေးအားပေးထောက်ခံသူ (Advocates)များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် မသန်စွမ်းသူများ၏အခွင့် အရေးများ ပါဝင်စေရန် လိုလားခဲ့ကြသည်။ ယင်းသို့ဆောင်ရွက်ရန် မသန်စွမ်းသူ အဖွဲ့ အစည်းများနှင့် အခြားအရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အခြေခံဥပဒေမူကြမ်းအပေါ် ရရှိသည့် ဝေဖန်အကြံပြုချက်များကိုလက်ခံ၍ သက်ဆိုင်ရာတာဝန်ရှိသူအဖွဲ့အစည်းထံ တင်ပြခဲ့ကြသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ၎င်းတို့၏တင်ပြချက်များမပြုမီ မသန်စွမ်းအဖွဲ့ဒါဖင်များစွာတို့သည် ၎င်းတို့လိုလားသည့်ပြောင်းလဲမှု များကိုဆွေးနွေးရန်နှင့် မူကြမ်းရေးဆွဲရေးအဖွဲ့အတွက် အကြံပြုချက်များအပေါ် သဘောတူညီ မှုရရှိကြရန် တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့သည်

| | |
|---|---|
| | ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် ပြောင်းလဲရမည့် တိကျသောအစိတ်အပိုင်းများအတွက် တောင်းဆိုခဲ့ကြသည်။<br><br>အဆင့် ၂၈။ အောက်ပါအကြံပြုချက်များကို စလိုက်များဖြင့်ပြ၍ အသံကျယ်ဖြင့်ဖတ်ပြပါ။<br>• နိုင်ငံသားများ၏ ဆန္ဒမဲပေးခွင့်နှင့် ရွေးချယ်တင်မြှောက်ခံခွင့်ကို ကန့်သတ်ရေးအတွက် အကြောင်းပြချက်တစ်ခုအဖြစ် 'စိတ်ပေါ့သွပ်ခြင်း' ဟူသောအသုံးကို တားမြစ်ခြင်း။<br>• မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ အစိုးရဌာနများအား အကြံပြုရန် လွတ်လပ်သောကောင်စီတစ်ရပ်ဖွဲ့စည်းခြင်း။<br>• မသန်စွမ်းကိုယ်စားလှယ်လောင်းများအတွက် သွားလာနိုင်သော ပို့ဆောင်ရေး၊ သင်္ကေတပြဘာသာစကား၊ စကားပြန်များ သို့မဟုတ် အခြားသောအထောက်အကူပြု အခြေအနေများပံ့ပိုးပေးရန် ရွေးကောက်ခံရုံးရန်ပုံငွေရယူခွင့်တစ်ရပ်ကို ဖန်တီးခြင်း။<br>• မသန်စွမ်းအမျိုးသမီးများ၏ နိုင်ငံရေးအခွင့်အရေးများကို ပွင့်လင်းစွာမြှင့်တင် ခြင်း။<br><br>အဆင့် ၂၉။ သီရိလင်္ကာနိုင်ငံတွင်ပေးခဲ့သော အကြံပြုချက်များအပေါ် ၎င်းတို့၏တုံ့ပြန်မှုများ ကို ပါဝင်တက်ရောက်သူများအား မေးမြန်းပါ။ မည်သည့်အရာများနှင့် ရင်းနှီးကျွမ်းဝင်ကြ သနည်း? စောစောကပြုစုခဲ့သည့် စာရင်းများနှင့် ဤအကြံပြုချက်များ မည်သို့ဆက်စပ် သနည်း?<br><br>အဆင့် ၃၀။ **ထုတ်နုတ်ပြောဆိုပါ** - အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးရေးဆွဲရေးအတွက် "ရူးသွပ် ခြင်း" သို့မဟုတ် "စိတ်ပေါ့သွပ်ခြင်း" တို့ကဲ့သို့သော စကားရပ်များကို ရှောင်ရှားခြင်းကဲ့သို့ အခွင့်အရေး အခြေပြုဘာသာစကားအသုံးပြုခြင်းကို ထုတ်နုတ်ရှင်းပြပါ။<br><br>အဆင့် ၃၁။ အခွင့်အရေးအခြေပြုဘာသာစကား အရေးပါသည်မှာ မည်သည့်အတွက် ကြောင့် ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများ၏ ထင်မြင်ချက်များကို မေးမြန်းပါ။<br><br>အဆင့် ၃၂။ **ထုတ်နုတ်ပြောဆိုပါ** - အခွင့်အရေးအခြေပြု ဘာသာစကားသည် မသန်စွမ်းမှုပုံစံအားလုံးရှိသူများအတွက် လေးစားမှုကိုပြကြောင်း ထုတ်နုတ်ရှင်းပြပါ။ ယင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသုံးပြုခြင်းသည် မသန်စွမ်းသူများမှာ အခြားသူများနည်းတူ တန်းတူအခွင့်အရေးရှိကြောင်း ပြဆိုရန် အရေးကြီးပါသည်။ |
| [၁၅ မိနစ်] | အဆင့် ၃၃။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ မိတ္တူများကို တစ်ဖွဲ့ချင်းစီအား ပေးပါ။<br><br>အဆင့် ၃၄။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အားလုံးပါဝင်ခြင်းနှင့်ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးရန် မိနစ်အနည်းငယ်အချိန်ပေးမည်ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများအား ရှင်းလင်းပြောဆိုပါ။ မိမိတို့၏အတွေးများကို အခြားအဖွဲ့များနှင့်မျှဝေခြင်း မပြုရကြောင်း၊ သို့ရာတွင် မိမိတို့၏မိတ်ဆွေများနှင့်ဆွေးနွေးနေစဉ် အစောပိုင်းကပြုစုထားသော စာရင်းကို အသုံးပြုနိုင်ကြောင်း ထုတ်နုတ်ပြောပြပါ။ |

| | |
|---|---|
| | အဆင့် ၃၅။ အဖွဲ့အတွင်းဆွေးနွေးကြရန် ၁၃ မိနစ်အချိန်ပေးပါ။<br><br>*သင်တန်းပံ့ပိုးသူမှတ်စု - အုပ်စုဖွဲ့ဆွေးနွေးရန်တာဝန်ပေးထားသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သင်တန်းတက်ရောက်သူများ နားလည်မှုရှိ/မရှိ သိနိုင်ရန်နှင့် မေးခွန်းမေးခွန်းများ မေးလာလျှင် ဖြေဆိုနိုင်ရန်အတွက် အဖွဲ့များအတွင်း လှည့်လည်သွားပါ။*<br><br>အဆင့် ၃၆။ **ထုတ်နုတ်ပြောဆိုပါ** - အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ဖန်တီးခြင်းမှာ တစ်ကြိမ်တည်းသော လုပ်ငန်းစဉ်မဟုတ်ပဲ နိုင်ငံရေးဘဝအခြင်းအရာအားလုံးတွင် မသန်စွမ်းသူများပါဝင်ရောက် ပါဝင်ခွင့်ပိုမိုရရှိရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းမှု၏ အစိတ်အပိုင်းဖြစ်ကြောင်း ထုတ်နုတ်ပြောပြပါ။ ဤသင်ခန်းစာချိန်အတွင်း ဆွေးနွေးထားသည့်အတိုင်း အားလုံးပါဝင်သော ဖွဲ့ စည်းပုံအခြေခံဥပဒေတစ်ခု ဖြစ်ပေါ်စေသော အစိတ်အပိုင်းများစွာရှိပြီး ဤလေ့ကျင့်ခန်းအ တွင်း ပြန်လည်သုံးသပ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပြီးပြည့်စုံခြင်းမရှိကြောင်း ပါဝင်တက်ရောက်သူများ မှတ်သားထားပြီးဖြစ်ကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်း အားပေးထောက်ခံသည့်ကြိုးပမ်းမှုများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် သည် အပယ်ခံအုပ်စုများပါဝင်ရေးအတွက် သေချာစေရန် အထောက်အကူပြုပါသည်။<br><br>အဆင့် ၃၇။ **ထုတ်နုတ်ပြောဆိုပါ** - ဖွဲ့စည်းပုံအခြေခံဥပဒေများအပြင် မသန်စွမ်းသူများ ပိုမိုပါဝင်စေရန် ဖန်တီးနိုင် သော ဥပဒေပြုခြင်းနှင့် မူဝါဒချမှတ်ခြင်းများကဲ့သို့သော အခြား ဥပဒေရေးရာစနစ်များလည်း ရှိကြောင်း ထုတ်နုတ်ရှင်းပြပါ။ |
| **သင်တန်းရေးရာ မှတ်ချက်များ** | သင်တန်းမှူးသည် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ မည်သည့်ထင်မြင်ချက်ကို မှ မျှဝေပြောဆိုခြင်းမပြုရန် အရေးကြီးပါသည်။ ပါဝင်တက်ရောက်သူများသည် ၎င်းတို့ဘာ သာပင် ဦးဆောင်ဆွေးနွေးသင့်ပါသည်။ |

ကမ္ဘောဒီးယား - ဖွဲ့စည်းပုံအခြေခံဥပဒေကောက်နှုတ်ချက်

အိန္ဒိယ - ဖွဲ့စည်းပုံအခြေခံဥပဒေကောက်နှုတ်ချက်

တောင်အာဖရိက - ဖွဲ့စည်းပုံအခြေခံဥပဒေကောက်နှုတ်ချက်

# ကမ္ဘောဒီယား ဘုရင့် နိုင်ငံတော်
# ၏
# ဖွဲ့ စည်းပုံအခြေခံဥပဒေ

### အခန်း ၃
### ခမာ နိုင်ငံသူနိုင်ငံသားတို့ ၏ အခွင့်အရေးနှင့် တာဝန်များ

ပုဒ်မ ၃၁

ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၊ အပြည်ပြည်ဆိုင်ရာ လူ့ အခွင့်အရေးကြေညာစာတမ်း နှင့် လူ့ အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သတ်ဆက်နွယ်သော စာချုပ်များ၊ သဘောတူညီချက်များအားလုံးတို့ တွင် ထည့်သွင်းဖော်ပြ ထားသော လူ့ အခွင့်အရေးများအားလုံးကို လေးစားပြီး အသိအမှတ်ပြုသည်။

ခမာနိုင်ငံသူ နိုင်ငံသားတို့ သည် လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင် အားဖြင့်ဖြစ်စေ၊ ကျား၊မ သဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာအားဖြင်ဖြစ်စေ၊ နိုင်ငံရေးယူဆချက်အားဖြင့်ဖြစ်စေ၊ မွေးဖွားရာအရပ်ဒေသ အားဖြင့်ဖြစ်စေ၊ လူမှုရေး အဆင့်အတန်းအားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ သို့ တည်းမဟုတ် အခြားသော အဆင့်အတန်းတစ်ရပ်အရဖြစ်စေ ခွဲခြားခြင်းမရှိစေဘဲ တူညီသော အခွင့်အရေးများ၊ လွတ်လပ်ခွင့်များ နှင့် တာဝန်များကို ခံစားလုပ်ဆောင် နိုင်စေရမည်။

နိုင်ငံသူ၊နိုင်ငံသားတို့ ၏ ပုဂ္ဂလိက အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးဆောင်ရွက်သည့်အခါတွင် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ထိခိုက်ခွင့်မရှိစေရ။ ထိုအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသုံးချဆောင်ရွက်သည့်အခါ ပြဋ္ဌာန်းထားသော ဥပဒေများအတိုင်းသာ အသုံးချဆောင်ရွက်နိုင်ခွင့် ရှိစေရမည်။

ပုဒ်မ ၃၂

လူတိုင်း၌ အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့် နှင့် လုံခြုံစိတ်ချခွင့် တို့ ရှိသည်။ မည်သည့် အကြောင်းပြချက်နှင့်မျှ သေဒဏ်စီရင်ခံစေရခြင်း မရှိစေရ။

ပုဒ်မ ၃၃

ခမာနိုင်ငံသူ၊နိုင်ငံသားတို့ သည် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း သို့ တည်း မဟုတ် နိုင်ငံခြားတိုင်းပြည်တစ်ခုခုနှင့် သဘောတူညီချက်ရှိမထားလျှင် နိုင်ငံခြားတိုင်းပြည်သို့ လွှဲပြောင်းပေးခြင်းတို့ မခံစေရ။

နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် ရောက်ရှိနေသော ခမာ နိုင်ငံသူ၊နိုင်ငံသားတို့ သည် နိုင်ငံတော်၏ အစောင့်အရှောက်ကို ရယူပိုင်ခွင့်ရှိသည်။

ခမာ နိုင်ငံသားအဖြစ် ရရှိရန် ဆောင်ရွက်နိုင်ခွင့်သည့် ဥပဒေ က ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။

ပုဒ်မ ၃၄ အသစ်

ကျားမ သဘာဝကွဲပြားသော ခမာနိုင်ငံသူ၊ နိုင်ငံသားတို့ သည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်နှင့် ကိုယ်စားလှယ်များ အဖြစ် ရွေးချယ်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။
ကျားမ သဘာဝကွဲပြားသော ၁၈ နှစ်ပြည့်ပြီးသူ ခမာ နိုင်ငံသူ၊ နိုင်ငံသားတို့ သည် ဆန္ဒမဲပေးခွင့်ရှိရမည်။
ကျားမ သဘာဝကွဲပြားသော ၂၅ နှစ်ပြည့်ပြီးသူ ခမာ နိုင်ငံသူ၊ နိုင်ငံသားတို့ သည် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ရွေးကောက်ပွဲ များတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ရွေးချယ်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိရမည်။
ကျားမ၊ သဘာဝကွဲပြားသော ၄၀ နှစ် ပြည့်ပြီးသူ ခမာ နိုင်ငံသူ၊ နိုင်ငံသားတို့ သည် ဆီးနိတ် (အထက်လွှတ်တော်)ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများအဖြစ် ရွေးချယ်တင်မြှောက်ခံရန် ယှဉ်ပြိုခွင့်ရှိရမည်။
ဆန္ဒမဲပေးခွင့်၊ ကိုယ်စားလှယ်လောင်းများအဖြစ် ရွေးချယ်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့် တို့နှင့် စပ်လျဉ်း၍ တားမြစ်သော ပြဋ္ဌာန်းချက်များအား ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်း၍ သတ်မှတ်ပေးရမည်။

ပုဒ်မ ၃၅
ခမာ နိုင်ငံသူ၊ နိုင်ငံသားတို့ သည် နိုင်ငံတော်ရှိ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ ယဉ်ကျေးမှု ဓလေ့ကဏ္ဍ အသီးသီးတို့ တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
နိုင်ငံသူ၊ နိုင်ငံသားတို့ ၏ တောင်းဆိုချက်များအားလုံးတို့ နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အဖွဲ့ အစည်းများသည် အပြည့်အဝ စဉ်းစားဆောင်ရွက်ဖြေရှင်းပေးရမည်။
စာပို့စနစ်၊ ကြေးနန်းစနစ်၊ တယ်လက်စနစ်၊ မိတ္တူစနစ်၊ တယ်လီဖုန်းစနစ်တို့ ကို အာမခံပေးရမည်။

နိုင်ငံသူနိုင်ငံသားတို့၏ နေအိမ်များ၊ ပိုင်ဆိုင်မှုပစ္စည်းများ နှင့် ခန္ဓာကိုယ်တို့အား  ရှာဖွေခြင်း ပြုလုပ်ရာတွင် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

ပုဒ်မ ၄၁

ခမာ နိုင်ငံသူ နိုင်ငံသားတို့ သည် ၎င်းတို့၏ ပုဂ္ဂလ အမြင်များကို လွတ်လပ်စွာ ဖော်ထုတ် နိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ ထုတ်ဝေခွင့် နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့ ရှိသည်။ အခြားသူတစ်ဦး၏ ဂုဏ်သိက္ခာ ထိခိုက်စေရန်ရည်ရွယ်၍ သော်လည်းကောင်း၊ အများပြည်သူတို့၏ ကိုယ်ကျင့်တရားများကို ထိခိုက်စေရန် ရည်ရွယ်၍သော်လည်းကောင်း၊ လူ့အဖွဲ့ အစည်း၏ ဓလေ့စရိုက်တို့ ကို ထိခိုက်စေ၍သော်လည်းကောင်း၊ အများပြည်သူတို့၏ တည်ငြိမ်ရေး နှင့် အမျိုးသားလုံခြုံရေးကို ဆန့်ကျင်၍သော်လည်းကောင်း မည်သူမျှ ထိုအခွင့်အရေးများကို အမြတ်ထုတ်အသုံးချနိုင်ခြင်းမရှိစေရ။ မီဒီယာကဏ္ဍအတွက် ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရ မည်။

ပုဒ်မ ၄၂

ခမာ နိုင်ငံသူ၊ နိုင်ငံသားတို့ သည် အသင်းအဖွဲ့ များ၊ နိုင်ငံရေးပါတီများ ဖွဲ့ စည်းထူထောင်ခွင့် ရှိသည်။ ထိုအခွင့်အရေးများနှင့်စပ်လျဉ်း၍ ဥပဒေ ပြဋ္ဌာန်းသတ်မှတ်ပေးရမည်။

ခမာ နိုင်ငံသူ နိုင်ငံသားတို့ သည် အပြန်အလှန် ရိုင်းပင်းကူညီရန်ဖြစ်စေ၊ အမျိုးသားအကျိုးစီးပွား နှင့် ပြည်သူတို့၏ ငြိမ်ဝပ်ပိပြားမှုတို့ ကို ကာကွယ်ရန်ဖြစ်စေ၊ ဆောင်ရွက်သော အများပြည်သူဆိုင်ရာ စည်းဝေးပွဲများ၊ အသင်းအပင်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၄၃

ကျား၊မ သဘာဝကွဲပြားသော ခမာ နိုင်ငံသူ၊ နိုင်ငံသားတို့ သည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ် ရန် အခွင့်အရေးရှိသည်။

ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုနှင့် ဆောက်တည်မှုတို့ တွင် လွတ်လပ်စွာ စောင်ရွက်ခွင့်ရှိစေရန် နိုင်ငံတော်က ကာကွယ်ပေးရမည်။ ထိုသို့ ဘာသာရေးနှင့်စပ်လျဉ်း၍ လွတ်လပ်မှုတို့ ကို ပေးထားသော်လည်း၊ ထိုလွတ်လပ်ခွင့်တို့ သည် အခြားသူများ၏ ကိုးကွယ် ယုံကြည်မှု သို့ တည်းမဟုတ် ဘာသာရေးဆောက်တည်ခွင့် ကိုသော်လည်းကောင်း၊ အများပြည်သူတို့၏ ငြိမ်ဝပ်ပိပြားရေး နှင့် လုံခြုံရေးကိုသော်လည်းကောင်း ထိခိုက်ခြင်းမရှိစေရ။

ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာဖြစ်သည်။

ပုဒ်မ ၄၄

နိုင်ငံတော်အတွင်းရှိ လူတိုင်းသည် ပုဂ္ဂလိက အရသော်လည်းကောင်း၊ အစုအပေါင်းအားဖြင့် သော်လည်းကောင်း ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ရှိသည်။ နိုင်ငံတော်အတွင်း မွေးဖွားသူ သို့ တည်း

မဟုတ် ခမာ နိုင်ငံသားအဖြစ် တရားဝင်အသိအမှတ်ပြုခံရပြီးသူများသာလျှင် မြေပိုင်ဆိုင်ခွင့်ရှိသည်။

တရားဥပဒေအရဖြစ်သော ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ဥပဒေအရ ကာကွယ်ပေးရမည်။ အများပြည်သူတို့ ၏ လိုအပ်ချက်များကို ဆောင်ရွက်သည့်အခါတွင် ပုဂ္ဂလိက ပိုင်ဆိုင်မှုများကို နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေအများနှင့်အညီ သိမ်းယူနိုင်ခွင့်ရှိပြီး၊ သင့်လျော်၍ မျှတသည့် နစ်နာကြေးကို ပေးအပ်ရမည်။

ပုဒ်မ ၄၅

အမျိုးသမီးများနှင့် စပ်လျဉ်းသည့် ခွဲခြားဆက်ဆံမှု ပုံစံအားလုံးကို ဖျက်သိမ်းရမည်။ အမျိုးသမီးများ၏ လုပ်အားကို ခေါင်းပုံဖြတ်အမြတ်ထုတ်မှု အားလုံးကို တားမြစ်ရမည်။ အမျိုးသား နှင့် အမျိုးသမီးတို့ သည် လက်ထပ်ထိမ်းမြားမှု နှင့် မိသားစုကဏ္ဍများအပါအဝင် ကဏ္ဍအသီးသီးတွင် တူညီသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ လက်ထပ်ထိမ်းမြားမှု လုပ်ဆောင်ရာတွင် ဥပဒေက ပြဋ္ဌာန်းထား သည့်အတိုင်း လုပ်ဆောင်ခွင့်ရှိပြီး၊ အပြန်အလှန် သဘောတူညီမှု နှင့် တစ်လင် တစ်မယားစနစ်တို့ အပေါ်တွင် အခြေခံ၍ ဆောင်ရွက်ရမည်။

ပုဒ်မ ၄၆

လူကုန်ကူးမှုနှင့်ပတ်သတ်၍သော်လည်း ကောင်း၊ ပြည့်တန်ဆာတို့ အား ခေါင်းပုံဖြတ် အမြတ်ထုတ်မှု တို့ နှင့် ပတ်သတ်၍ သော်လည်း ကောင်း၊ အမျိုးသမီးတို့ အား မဖွယ်မရာပြုမူခြင်းများနှင့် ပတ်သတ်၍ သော်လည်းကောင်း၊ အမျိုးသမီးတို့ ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အပြုအမူတို့ အား တားမြစ်သည်။

အမျိုးသမီးတို့ ၏ ကိုယ်ဝန်ဆောင်မှုအပေါ်တွင် အကြောင်းပြု၍ အမျိုးသမီးတို့ အား အလုပ်ရာထူးများမှ ဖယ်ရှားခြင်းကို တားမြစ်သည်။ အမျိုးသမီးများသည် မီးဖွားခွင့်ဆိုင်ရာ ခံစားခွင့်ကို ရယူသည့်အခါ လုပ်ခလစာ အပြည့်ရရှိရမည်ဖြစ်ပြီး၊ ၎င်းတို့ ၏ ဝန်ထမ်းအဆင့်အတန်းအာမခံချက် နှင့် အခြားသော စားဝတ်နေမှု သက်သာချောင်ချိမှုတို့ ကို လည်း အပြည့်အဝရရှိရမည်။

အခန်း ၄

နိုင်ငံရေးကဏ္ဍ

ပုဒ်မ ၅၁ အသစ်

ကမ္ဘောဒီးယားနိုင်ငံသည် ပါတီစုံ လစ်ဘရယ် ဒီမိုကရေစီ စနစ်ကို ကျင့်သုံးသည်။ ခမာ နိုင်ငံသူ နိုင်ငံသားတို့ သည် နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးသည့် မူလပိုင်ရှင်များဖြစ်ကြသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာအားလုံးတို့ သည် နိုင်ငံသားတို့ ထံမှ ဆင်းသက်သည်။ နိုင်ငံသားတို့ သည် ပြည်သူ့ လွှတ်တော် (အောက်လွှတ်တော်)၊ ဆီးနိတ် (အထက်လွှတ်တော်)၊

တော်ဂင်အစိုးရအဖွဲ့ နှင့် တရားစီရင်မှုအဖွဲ့ တို့ မှတစ်ဆင့် နိုင်ငံတော်အာဏာများကို ကျင့်သုံးဆောင်ရွက်သည်။
နိုင်ငံတော်အာဏာကို ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးအာဏာတို့ အကြား ပိုင်းခြားသုံးစွဲသည်။

ပုဒ်မ ၅၂
ကမ္ဘောဒီယား အစိုးရသည် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှုတို့ အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ခိုင်မာသော သံန္နိဋ္ဌာန် ချထားပြီးဖြစ်သည်။
အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မာစေရန် အမျိုးသားပြန်လည်သင့်မြတ်ရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ နိုင်ငံတော်၏ အလေ့အထကောင်းများ၊ ဓလေ့ထုံးတမ်းများအား ကာကွယ်ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ကမ္ဘောဒီးယားအစိုးရအနေဖြင့် ဦးလည်မသုန် ထမ်းရွက်သွားမည်။
ကမ္ဘောဒီးယားအစိုးရသည် အများပြည်သူတို့ ၏ ငြိမ်ဝပ်ပိပြားရေး၊ လုံခြုံရေးရာ ကိစ္စရပ်များ နှင့် တရားဥပဒေစိုးမိုးရေးအား ကာကွယ်စောင့်ရှောက်သွားမည်။ နိုင်ငံတော်သည် နိုင်ငံသားများ၏ လူနေမှုဘဝများ တိုးတက်စေရေး နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်။

ပုဒ်မ ၅၃
ကမ္ဘောဒီးယားနိုင်ငံသည် ကြားနေမူဝါဒ နှင့် ဘက်မလိုက်ရေး မူဝါဒများကို ကျင့်သုံးသည်။
ကမ္ဘောဒီးယားနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့ နိုင်ငံအသီးသီး တို့ နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မည်။

အခန်း ၇
ပြည်သူ့ လွှတ်တော်

ပုဒ်မ ၇၆
ပြည်သူ့ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၁၂၀ ဖြင့်ဖွဲ့ စည်းရမည်။
ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များအား လွတ်လပ်၍ တရားမျှတပြီး တန်းတူညီမျှ သော တိုက်ရိုက်ရွေးချယ်တင်မြှောက်ပွဲများမှတစ်ဆင့် လျှို့ ဝှက်မဲပေးသည့်စနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်။
ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များသည် ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိသည်။
ခမာ နိုင်ငံသူ၊ နိုင်ငံသားများသည် မဲပေးပိုင်ခွင့်ရှိပြီး၊ ခမာနိုင်ငံသားဖြစ်မှုကို မွေးရာပါရရှိထားသူတို့ မှာ အသက် ၂၅ နှစ် အနည်းဆုံးရှိပါက ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲများတွင် အရွေးချယ်ခံတင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။
ရွေးကောက်ပွဲများနှင့် စပ်လျဉ်း၍ ကျင်းပရန် ပြင်ဆင်ခြင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်းတို့ ကို ဆောင်ရွက်ရန် အဖွဲ့ အစည်းတစ်ခုအား ဥပဒေပြဋ္ဌာန်း၍ ဖွဲ့ စည်းစေရမည်။

ပုဒ်မ ၇၇

ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ ၏ မဲဆန္ဒနယ်များကိုသာ ကိုယ်စားပြုရသည် မဟုတ်ဘဲ ခမာနိုင်ငံတော် တစ်ခုလုံးကို ကိုယ်စားပြုရသည့် ကိုယ်စားလှယ်များ ဖြစ်သည်။ သက်ဆိုင်ရာမဲဆန္ဒနယ်မှ မဲဆန္ဒရှင်များ အတွက်သာလျှင် လုပ်ဆောင်သော ကိုယ်စားလှယ်များ၏ တရားဝင်မှုသည် အလိုအလျောက်ပျက်ပြယ်သွားသည်ဟု မှတ်ယူရမည်။

ပုဒ်မ ၇၈

ပြည်သူ့ လွှတ်တော်သက်တမ်းသည် ၅ နှစ်ဖြစ်ပြီး၊ လွှတ်တော်အစည်းအဝေးအသစ် စတင်ကျင်းပသည့်နေ့ တွင် သက်တမ်းကုန်ဆုံးသည်။ အစိုးရအား တစ်နှစ်အတွင်း နှစ်ကြိမ်တိုင် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်းမှ လွဲ၍ လွှတ်တော်အား သက်တမ်းမပြည့်မီ ဖျက်သိမ်းခြင်း မရှိစေရ။

ပြည်ပတပ်ဖွဲ့ များ၏ နယ်မြေကျူးကျော်မှုကဲ့သို့ သော အရေးကြီးကိစ္စရပ်များကြောင့် ပြည်သူ့ လွှတ်တော် ခေါ်ယူမကျင်းပနိုင်သည့်အခါ၊ အရေးပေါ်အခြေအနေကြေညာမှုသည် အလိုအလျောက်သက်တမ်းတိုးပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ အရေးပေါ်အခြေအနေကြေညာထားစဉ် အချိန်ကာလများတွင် ပြည်သူ့ လွှတ်တော်ကို မည်သည့်အကြောင်းနှင့်မျှ ဖျက်သိမ်းခြင်းမရှိစေရ။

ပုဒ်မ ၈၇

ပြည်သူ့ လွှတ်တော် အစည်းအဝေးများ ကျင်းပသည့်အခါ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌမှ သဘာပတိအဖြစ်တာဝန်ယူဆောင်ရွက်ရမည်။ ပြည်သူ့ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဥပဒေများအား အကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပြည်သူ့ လွှတ် တော်၏ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌမှ သဘာပတိအဖြစ်တာဝန်ယူခြင်း၊ ကြီးကြပ်ခြင်း နှင့် စီစဉ်ဆောင်ရွက်ခြင်းတို့ ကို ပြုလုပ်ရမည်။

ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌသည် ကျန်းမာရေးအခြေအနေကြောင့် လွှတ်တော်ဥက္ကဋ္ဌအဖြစ် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ခြင်းမရှိတော့သည့် အခါတွင် သော်လည်းကောင်း၊ ယာယီနိုင်ငံတော်အကြီးအကဲရာထူးကို ရယူနိုင်ခြင်းမရှိတော့ သည့်အခါတွင်လည်းကောင်း၊ ပြည်ပခရီးစဉ်များကို သွားရောက်နိုင်ခြင်းမရှိတော့သည့် အခါတွင်လည်းကောင်း ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌနေရာတွင် အစားထိုး တာဝန်ထမ်းဆောင် ရမည်။ လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့ နုတ်ထွက်သွားလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ၊ ပြည်သူ့ လွှတ်တော်သည် လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌအသစ်တို့ ကို ရွေးချယ် တင်မြှောက် ရမည်။

ပုဒ်မ ၈၈ အသစ် (အမှတ် နှစ်)

ပြည်သူ့ လွှတ်တော် အစည်းအဝေးများကို အများပြည်သူတို့ ဝင်ရောက် ကြည့်ရှုနိုင်ရမည်။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ က ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် ဆယ်ပုံတစ်ပုံက ဖြစ်စေ၊ ဘုရင်နှင့် ဝန်ကြီးချုပ်တို့ ကဖြစ်စေ၊ တောင်းဆိုလျှင် ပြည်သူ့ လွှတ်တော်အစည်းအဝေးများကို ကင်မရာဖြင့် မှတ်တမ်းတင်နိုင်သည့် ပုံစံဖြင့်သာ ကျင်းပရမည်။

အခန်း ၈ (အသစ်)

အထက်လွှတ်တော် (ဆီးနိတ်)

ပုဒ်မ ၉၉ (အသစ်)

ဆီးနိတ် (အထက်လွှတ်တော်) သည် ဖွဲ့ စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တည်ဆဲဥပဒေများအရ ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရသော အဖွဲ့ အစည်းဖြစ်သည်။
ဆီးနိတ် (အထက်လွှတ်တော်) ကိုယ်စားလှယ်အရေအတွက်သည် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ပမာဏထက်မပိုစေရ။
ဆီးနိတ် (အထက်လွှတ်တော်) အား ခန့် အပ်ခံ ကိုယ်စားလှယ်များနှင့် သတ်မှတ်ထားသော ဆန္ဒမဲပေးခွင့်ရှိသူများမှ ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့ စည်းရမည်။
ဆီးနိတ် (အထက်လွှတ်တော်) ကိုယ်စားလှယ်များသည် ပြန်လည် ခန့် အပ်ခံခွင့် သို့ မဟုတ် ပြန်လည်ရွေးကောက်တင်မြှောက်ခံခွင့် ရှိသည်။ ဆန္ဒမဲပေးခွင့်ရှိပြီး၊ အနည်းဆုံး အသက် ၄၀ ရှိ၍ မွေးရာပါ ခမာနိုင်ငံသားဖြစ်သည့် ခမာ နိုင်ငံသူ၊ နိုင်ငံသား တို့ သည် ဆီးနိတ် (အထက်လွှတ်တော်) ကိုယ်စားလှယ်များအဖြင့် ရွေးကောက်တင်မြှောက်ခံနိုင်ရန် ယှဉ်ပြိုင်နိုင်သည်။

ပုဒ်မ ၁၀၀ (အသစ်)

ဆီးနိတ် (အထက်လွှတ်တော်) ကိုယ်စားလှယ် နှစ်ဦးအား ဘုရင်က ခန့် အပ်ရမည်။
ဆီးနိတ် (အထက်လွှတ်တော်) ကိုယ်စားလှယ် နှစ်ဦးအား ပြည်သူ့ လွှတ်တော်၏ များရာဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ရမည်။
ကျန်ရှိသော ဆီးနိတ် (အထက်လွှတ်တော်) ကိုယ်စားလှယ်အရေအတွက်အား သတ်မှတ်ထားသော ဆန္ဒမဲပေးခွင့်ရှိသူတို့ ၏ မဲပေးရွေးချယ်မှုဖြင့် ရွေးချယ်တင်မြှောက်ရမည်။

ပုဒ်မ ၁၀၁ (အသစ်)

ဆီးနိတ် (အထက်လွှတ်တော်) ဆိုင်ရာ အဖွဲ့ အစည်း၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဆီးနိတ် (အထက်လွှတ်တော်) ကိုယ်စားလှယ်များ ခန့် အပ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်း၊ ဆန္ဒမဲပေးခွင့်ရှိသူတို့ အား သတ်မှတ်ပေးခြင်း၊ ရွေးချယ်ရေး

အဖွဲ့ ဖွဲ့ စည်းခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ခြင်း တို့ နှင့် စပ်လျဉ်း၍ သော်လည်းကောင်း ဥပဒေ သတ်မှတ်ပြဋ္ဌာန်း၍ ဆောင်ရွက်ရမည်။

အခန်း ၉ (အသစ်)
ပြည်သူ့ လွှတ်တော် နှင့် ဆီးနိတ် (အထက်လွှတ်တော်) တို့ ပါဝင်သော
ပြည်ထောင်စုလွှတ်တော် (ကွန်ဂရက်စ်) ကဏ္ဍ

ပုဒ်မ ၁၁၆ (အသစ်)
နိုင်ငံတော်၏ အရေးကြီးသော အခြေအနေအရပ်ရပ်ကို ဖြေရှင်းဆောင်ရွက်ရန်အလို့ ငှာ ပြည်သူ့ လွှတ်တော် နှင့် ဆီးနိတ် (အထက်လွှတ်တော်) တို့ ပါဝင်သည့် ပြည်ထောင်စုလွှတ်တော် (ကွန်ဂရက်စ်) ကို ခေါ်ယူကျင်းပနိုင်သည်။

ပုဒ်မ ၁၁၇ (အသစ်)
အသစ်ပြဋ္ဌာန်းလိုက်သော ဖွဲ့ စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၆ တွင် ပြဋ္ဌာန်းထားသည့် အရေးကြီး သော အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ပြည်ထောင်စု လွှတ်တော် (ကွန်ဂရက်စ်)အား ဖွဲ့ စည်းရန် အတွက်သော်လည်းကောင်း၊ အစည်းအဝေးများ ကျင်းပ ဆောင်ရွက်ရန် အတွက်သော်လည်းကောင်း ဥပဒေပြဋ္ဌာန်းရမည်။

ပုဒ်မ ၄

ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများ စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်ခြင်း နှင့် ယုံကြည်မှုရှိသော အဆို တင်သွင်းခြင်း လုပ်ငန်းစဉ်များကို အောက်ပါ တိုင်း ဆောင်ရွက်ရမည်။

- ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထူးကော်မရှင်များ၏ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများ အမည်စာရင်းကို ညွှန့် ပေါင်းအစိုးရ ဖွဲ့ စည်းရန် သဘောတူထားသော နိုင်ငံရေး ပါတီများက ပြင်ဆင်အဆိုပြုရမည်။ ထို့ နောက် ပြည်သူ့ လွှတ်တော်မှ ဂါရင့် ကိုယ်စားလှယ် တစ်ဦးထံသို့ တင်သွင်းရမည်။
- ပြည်သူ့ လွှတ်တော်ရှိ ဂါရင့် ကိုယ်စားလှယ်တစ်ဦးမှ တစ်ဆင့် တင်သွင်းအဆိုပြုလိုက် သော အနိုင်ရ နိုင်ငံရေးပါတီ၏ တင်သွင်းအဆိုပြုချက်ရရှိပါက ဘုရင်သည် ပြည်သူ့ လွှတ် တော်အတွင်းရှိ အနိုင်ရပါတီမှ ခေါင်းဆောင်အား အစိုးရဖွဲ့ စည်းရန် ရွေးချယ်သတ်မှတ် ပေးရမည်။
- ဘုရင်၏ ရွေးချယ်သတ်မှတ်ခြင်းခံရသော အနိုင်ရပါတီမှ ခေါင်းဆောင်သည် အစိုးရအဖွဲ့ တွင် ခန့် အပ်မည့် ဝန်ကြီးရာထူးများကို ပြင်ဆင်အဆိုပြု၍၊ အဆိုပါ

ရာထူးများအတွက် ခန့် အပ်ခြင်းခံရမည့် ဝန်ကြီး များ၏ အမည်စာရင်းအား ပြည်သူ့ လွှတ်တော်ရှိ ဂါအရင့်ဆုံး ကိုယ်စားလှယ်ထံသို့ ပေးပို့ ရမည်။

- ပြည်သူ့ လွှတ်တော်ရှိ ဂါအရင့်ဆုံးကိုယ်စားလှယ်သည် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထူးကော်မရှင်များ၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၏ အမည်များနှင့် အနိုင်ရပါတီခေါင်းဆောင်ထံမှ ပေးပို့ လာသော အမည်စာရင်းမှ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၏ အမည်စာရင်းများကို တစ်ခုတည်းအဖြစ် ပြုစု၍ ပြည်သူ့ လွှတ်တော် တွင် မဲခွဲဆုံးဖြတ်ရန် တင်သွင်းရမည်။

အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ

မိမိတို့အိန္ဒိယနိုင်ငံသားများသည် အိန္ဒိယနိုင်ငံအား အချုပ်အခြာအာဏာပိုင်သော၊ ဆိုရှယ်လစ်စနစ်ဖြင့် နိုင်ငံသားအားလုံးတန်းတူညီမျှအခွင့်အရေးရှိသော၊ မိမိယုံကြည်ရာကို လွတ်လပ်စွာကိုးကွယ်နိုင်သော ဒီမိုကရေစီ သမ္မတနိုင်ငံတစ်ခုအဖြစ်သို့ ဖွဲ့စည်းတည်ထောင်ရန်နှင့် နိုင်ငံသားအားလုံး ကောင်းကျိုးလုံခြုံမှုရှိစေရန်-

တရားမျှတမှု၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး၊

လွတ်လပ်စွာတွေးခေါ်ခွင့်၊ ဖော်ထုတ်ခွင့်၊ ယုံကြည်ခွင့်၊ ကိုးကွယ်ခွင့်နှင့် ဝတ်ပြုဆုတောင်းခွင့်၊

လူနေမှုအဆင့်အတန်းနှင့် အခွင့်အလမ်းများ တန်းတူညီမျှရှိမှုနှင့် အားလုံးကိုတိုးတက်ကောင်းမွန်စေရန်၊

တစ်ဦးတစ်ယောက်ချင်းစီ၏ ဂုဏ်သိက္ခာ၊ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံတည်တံ့ခိုင်မြဲမှုများ ခိုင်မာစေရေး အတွက် သဟာယစိတ်ဓာတ်၊

၁၉၄၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့ ယနေ့ကျင်းပသည့် ဤတိုင်းပြုပြည်ပြုလွှတ်တော်မှနေ၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို သဘောတူလက်ခံကာ အတည်ပြုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၃

## အခြေခံအခွင့်အရေးများ

*အထွေထွေ*

အဓိပ္ပာယ်ဖွင့်ဆိုချက်

**၁၂။** ဤအပိုင်းတွင် စကားစပ်တွင်လိုအပ်ချက်ရှိခြင်းမှလွဲ၍ "နိုင်ငံတော်" တွင် အိန္ဒိယနိုင်ငံအစိုးရနှင့် ပါလီမန်နှင့် အိန္ဒိယနိုင်ငံပိုင်နက်အတွင်း သို့မဟုတ် အိန္ဒိယအစိုးရ၏ထိန်းချုပ်မှုအောက်တွင်ရှိသော ပြည်နယ်တစ်ခုချင်းစီနှင့် ဒေသခံအားလုံး သို့မဟုတ် အခြားသောအာဏာပိုင်များအားလုံး၏ အစိုးရနှင့်ဥပဒေပြုလွှတ်တော်တို့ ပါဝင်သည်။

**၁၃။** (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ မပြဋ္ဌာန်းမီကပင် အိန္ဒိယနိုင်ငံအတွင်း အာဏာတည်ခဲ့သည့်ဥပဒေများအားလုံး ဤအပိုင်းရှိပြဋ္ဌာန်းချက်များနှင့် ရှေ့နောက်မညီညွတ်ပါက ယင်းသို့မညီညွတ်သည့်အတိုင်းအဆအထိ ဥပဒေပျက်ပြယ်ရမည်၊

(၂) နိုင်ငံတော်သည် ဤအပိုင်းဖြင့်နှင်းအပ်သည့် အခွင့်အရေးများကိုနုတ်ပယ်သော သို့မဟုတ် ကျဉ်းမြောင်းစေသော မည်သည့်ဥပဒေကိုမျှပြင်ဆင်မည်မဟုတ်ပဲ ဤဥပဒေပုဒ်မကို ဆန့်ကျင်သည့်မည်သည့်ဥပဒေကိုမဆို ဆန့်ကျင်သည့်အတိုင်းအတာအထိ ဥပဒေပျက်ပြယ်ရမည်၊

(၃) ဤဥပဒေပုဒ်မ၌ စကားစပ်တွင်လိုအပ်ချက်ရှိသည်မှလွဲ၍ -

(က) 'ဥပဒေ' တွင် အမိန့်အာဏာ၊ အမိန့်၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းမျဉ်း၊ အသိပေးကြေညာချက်၊ ဓလေ့ထုံးစံ သို့မဟုတ် အိန္ဒိယပိုင်နက်တွင် တည်ဆဲဥပဒေများအရတည်ရှိသည့်အသုံးအနှုန်း၊

(ခ) 'တည်ဆဲဥပဒေများ' တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေမစတင်မီ အိန္ဒိယနိုင်ငံ၏ပိုင်နက်ရှိ လွှတ်တော်တစ်ရပ် သို့မဟုတ် အခြားသော အခွင့်အာဏာရှိသူက ဥပဒေပြုထားသော ဥပဒေများပါဝင်သည်။ ယင်းဥပဒေတစ်ရပ်လုံး သို့မဟုတ် ယင်းဥပဒေ၏အစိတ်အပိုင်းတစ်ရပ်ရပ်သည် လုံးဝအသုံးပြုခြင်းမရှိ၊ သို့မဟုတ် သက်ဆိုင်ရာနယ်မြေများတွင် အသုံးပြုခြင်းမရှိသည့်တိုင် ယခင်က ဖျက်သိမ်းထားခြင်းမရှိစေရ။

(၄) ဤဥပဒေပုဒ်မရှိမည်သည့်အစိတ်အပိုင်းကမျှ ဤဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေပုဒ်မ ၃၆၈ အရပြင်ဆင်ချက်ကို အကျိုးသက်ရောက်ခြင်းမရှိစေရ။

## တန်းတူညီမျှရရှိခွင့်

**၁၄။** နိုင်ငံတော်သည် အိန္ဒိယပိုင်နက်အတွင်း ဥပဒေ၏ရှေ့မှောက်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တန်းတူညီတူမျှရှိခွင့် သို့မဟုတ် ဥပဒေများ၏တန်းတူညီမျှကာကွယ်စောင့်ရှောက်မှုရရှိခွင့်တို့ကို မငြင်းပယ်စေရ။

**၁၅။** (၁) နိုင်ငံတော်သည် မည်သည့်နိုင်ငံသားကိုမျှ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ ဇာတ်၊ လိင်၊ မွေးဖွားရာဒေသသို့မဟုတ် ဖော်ပြပါတို့အနက်တစ်ခုခုအပေါ်တွင်အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုရ။

(၂) မည်သည့်နိုင်ငံသားမဆို ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ ဇာတ်၊ လိင်၊ မွေးဖွားရာဒေသ သို့မဟုတ် ဖော်ပြပါတို့အနက်တစ်ခုခုအပေါ်တွင်အခြေခံ၍ မသန်စွမ်းခြင်း၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ ကန့်သတ်ချုပ်ခြယ်ခြင်း သို့မဟုတ် အောက်ပါအခြေအနေများခံစားရခြင်းမရှိစေရ။

(က) ဈေးဆိုင်များ၊ အများပြည်သူစားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် အများပြည်သူစိတ်အပန်းဖြေရာနေရာများသို့ သွားရောက်ခွင့်၊ သို့မဟုတ်

(ခ) ရေတွင်းရေကန်များ၊ ရေချိုးဆိပ်များ၊ နိုင်ငံတော်၏ရန်ပုံငွေအပြည့် သို့မဟုတ် တစ်စိတ်ပိုင်း ဖြင့်ထိန်းသိမ်းထားသော သို့မဟုတ် အများပြည်သူအသုံးပြုရန်ရည်ရွယ်သော လမ်းများနှင့်အများပြည်သူသုံးအပန်းဖြေနေရာများအသုံးပြုခွင့်၊

(၃) ဤဥပဒေပုဒ်မရှိမည်သည်ကမျှ နိုင်ငံတော်အား အမျိုးသမီးများနှင့်ကလေးများအတွက် အထူးပြဋ္ဌာန်းချက်များ ထုတ်ပြန်ခြင်းမှ တားမြစ်ခြင်းမရှိစေရ။

(၄) ဤဥပဒေပုဒ်မ သို့မဟုတ် ဥပဒေပုမ ၂၉ ၏ စာပိုဒ် (၂) အတွင်းရှိ မည်သည့်ပြဋ္ဌာန်းချက်ကမျှ နိုင်ငံတော်အား လူမှုရေးနှင့်ပညာရေးနောက်ခံမတူညီကြသော နိုင်ငံသားအမျိုးမျိုး၏ တိုးတက်ရာတိုးတက်ကြောင်းကိုလည်းကောင်း၊ သို့မဟုတ် ဇာတ်နိမ့်သူများနှင့် အမျိုးနိမ့်သူများအတွက် တိုးတက်ရာတိုးတက်ကြောင်းအတွက် အထူးပြဋ္ဌာန်းချက်များထုတ်ပြန်ခြင်းမှ တားမြစ်ခြင်းမရှိစေရ။

(၅) ဤဥပဒေပုဒ်မ သို့မဟုတ် ဥပဒေပုဒ်မ ၁၉ ၏ စာပိုဒ် (၁)၊ စာပိုဒ်ခွဲ (ဆ) ရှိ မည်သည့်ပြဋ္ဌာန်းချက်ကမျှ နိုင်ငံတော်အား လူမှုရေးနှင့်ပညာရေးနောက်ခံမတူညီကြသော နိုင်ငံသားအမျိုးမျိုး၏ တိုးတက်ရာတိုးတက်ကြောင်းကို လည်းကောင်း၊ သို့မဟုတ် ဇာတ်နိမ့်သူများနှင့် အမျိုးနိမ့်သူများအတွက် တိုးတက်ရာတိုးတက်ကြောင်းအတွက် ဥပဒေဖြင့် အထူးပြဋ္ဌာန်းချက်များထုတ်ပြန်ခြင်းမှ တားမြစ်ခြင်းမရှိစေရ၊ အဘယ့်ကြောင့်ဆိုသော် အထူးပြဋ္ဌာန်းချက်များသည် ဥပဒေပုဒ်မ ၃၀ ၏ စာပိုဒ် (၁) တွင်ရည်ညွှန်းထားသည့် လူနည်းစုပညာ

ရေးထက် နိုင်ငံတော်ကထောက်ပံ့သည်ဖြစ်စေ မထောက်ပံ့သည့်ဖြစ်စေ ပုဂ္ဂလိကပညာရေးဌာနများအပါအဝင် ပညာရေးဌာနများသို့ ၎င်းတို့၏ဝင်ခွင့်ရရှိရေးနှင့်ဆက်စပ်သောကြောင့်ဖြစ်ပါသည်။

**၁၆။** (၁) နိုင်ငံတော်လက်အောက်ရှိ မည်သည့်ရုံးဌာနတွင်မဆို အလုပ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်းသော ကိစ္စရပ်များ၌ နိုင်ငံသားအားလုံးအတွက် တန်းတူညီမျှအခွင့်အလမ်းရှိရမည်။ (၂) မည်သည့်နိုင်ငံသားမျှ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ ဇာတ်၊ လိင်၊ မွေးဖွားရာဒေသသို့မဟုတ် ဖော်ပြပါတို့အနက်တစ်ခုခုအပေါ်တွင်အခြေခံ၍ အလုပ်ခန့်အပ်ခြင်း သို့မဟုတ် နိုင်ငံတော်၏လက်အောက်ခံ ရုံးဌာနများတွင်လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ ဝင်ခွင့်မရရှိစေခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခံရခြင်းများမရှိစေရ။

(၃) ဤဥပဒေပုဒ်မရှိ မည်သည့်ပြဌာန်းချက်ကမျှ ပါလီမန်လွှတ်တော်အား ရုံးတစ်ရုံးတွင် အလုပ်ခန့်အပ်ခြင်းဆိုင်ရာ အဆင့်အတန်း သို့မဟုတ် အဆင့်အတန်းများနှင့်သက်ဆိုင်သည့် ဥပဒေပြဌာန်းချက်တစ်ခုခု ထုတ်ပြန်ခြင်းမှ တားမြစ်ခြင်းမရှိစေရ။

## အပိုင်း ၄(က)

### အခြေခံတာဝန်များ

**၅၁(က)။** အိန္ဒိယနိုင်ငံသားအားလုံး အောက်ပါတာဝန်များရှိစေရမည်။

*(က)* ဖွဲ့စည်းပုံအခြေခံဥပဒေကိုလိုက်နာရမည်၊ အခြေခံဥပဒေပါစံနှုန်းများနှင့် ပြဌာန်းချက်များ၊ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို လေးစားရမည်။

*(ခ)* လွတ်လပ်ရေးအတွက် မိမိတို့၏အမျိုးသားရေးကြိုးပမ်းမှုကိုဖြစ်ပေါ်စေခဲ့သော မြင့်မြတ်သည့်စံနမူနာများကို မြတ်နိုးတန်ဘိုးထား၍ လိုက်နာရမည်၊

*(ဂ)* အိန္ဒိယနိုင်ငံ၏အချုပ်အခြာအာဏာ၊ စည်းလုံးညီညွတ်မှုနှင့် ဂုဏ်သိက္ခာတို့ကို ထိန်းသိမ်း၍ ကာကွယ်စောင့်ရှောက်ရမည်၊

*(ဃ)* အချိန်ကျလာပါက နိုင်ငံတော်ကို ကာကွယ်ခြင်းနှင့် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရမည်၊

*(င)* အိန္ဒိယနိုင်ငံသူနိုင်ငံသားများအကြား ကိုးကွယ်ရာဘာသာရေး၊ ဘာသာစကားနှင့် ဒေသဆိုင်ရာနှင့် လူမျိုးရေးဆိုင်ရာ ကွဲပြားခြားနားမှုများကိုလွန်မြောက်၍ အမျိုးသမီးများ၏ ဂုဏ်သိက္ခာကိုစော်ကားသည့် အလေ့အကျင့်များကို ရှုံ့ချကာ စိတ်သဘောထားညီညွတ်မှုနှင့် အခြေခံတူမျှသော ညီအစ်ကိုရင်းစိတ်ဓာတ်များကို မြှင့်တင်ရမည်၊

*(စ)* မိမိတို့၏ ကြွယ်ဝသည့်ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဘိုးထား၍ စောင့်ရှောက်ထိန်းသိမ်းရမည်၊

*(ဆ)* သစ်တောများ၊ ရေကန်များ၊ မြစ်များနှင့် သဘာဝတောရိုင်းတိရစ္ဆာန်များအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ကာ ပိုမိုကောင်းမွန်စေရန်စောင့်ရှောက်ခြင်းနှင့် သက်ရှိသတ္တဝါများအပေါ် သနားဂရုဏာထားရှိရမည်၊

*(ဏ)* သိပ္ပံနည်းကျဘဝနေနည်း၊ လူသားမေတ္တာနဝါဒနှင့် စုံစမ်းလေ့လာပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်တို့ကို ဖော်ဆောင်ရမည်။

*(ရှ)* ပြည်သူပိုင်ပစ္စည်းများကို ကာကွယ်၍ အကြမ်းဖက်မှုကို ပစ်ပယ်ရမည်။

*(ည)* တစ်ဦးတစ်ယောက်ချင်းနှင့် စုပေါင်းလုပ်ဆောင်ရသည့် ဆောင်ရွက်ချက်များအားလုံးတွင် အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်းရမည်။ သို့မှသာလျှင် နိုင်ငံတော်သည် ကြိုးပမ်းအားထုတ်မှုနှင့် ဖြစ်ထွန်းအောင်မြင်မှုတွင် ထာဝစဉ်မြင့်မားနေမည်ဖြစ်သည်၊

*(ဋ)* သက်ဆိုင်ရာကလေးပညာရေးအတွက် အခွင့်အလမ်းများပေးရမည့် မိဘတစ်ဦး၊ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးသည် အသက်ခြောက်နှစ်မှ ၁၄ နှစ်အကြား ကာကွယ်စောင့်ရှောက်ရမည်၊

## အပိုင်း ၅

### ပြည်ထောင်စု

### အခန်း(၁) နိုင်ငံတော်အုပ်ချုပ်ရေးကဏ္ဍ

*သမ္မတနှင့် ဒုတိယသမ္မတ*

**၅၂၊** အိန္ဒိယနိုင်ငံသမ္မတတစ်ဦးရှိရမည်၊

**၅၃။** (၁) ပြည်ထောင်စု၏ နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို သမ္မတထံအပ်နှင်းရမည်ဖြစ်ပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သမ္မတကိုယ်တိုင်တိုက်ရိုက်သော်လည်းကောင်း၊ သမ္မတ၏လက်အောက်ခံအရာရှိများကတစ်ဆင့်သော်လည်းကောင်း ကျင့်သုံးရမည်။

(၂) အထက်ဖော်ပြပါပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကိုဘက်လိုက်ခြင်းမရှိပဲ ပြည်ထောင်စုကာကွယ်ရေးဌာန၏ အမြင့်ဆုံးသြဇာအာဏာကို သမ္မတထံတွင် အပ်နှင်းရမည်ဖြစ်ပြီး ကျင့်သုံးမှုကို ဥပဒေအတိုင်းဖြစ်စေရမည်။

(၃) ဤဥပဒေပုဒ်မရှိ မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ

(က) မည်သည့်ပြည်နယ်အစိုးရ သို့မဟုတ် အခြားသောအာဏာပိုင်အဖွဲ့များဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ဖြင့် သမ္မတထံမည်သည့်လုပ်ငန်းတာဝန်တစ်ရပ်ကို လွှဲပြောင်းပေးရန် မှတ်ယူခြင်းမပြုရ၊ သို့မဟုတ်

(ခ) သမ္မတအပြင် အခြားအာဏာပိုင်များဆိုင်ရာ ဥပဒေလုပ်ဆောင်ချက်များဖြင့် ပါလီမန်လွှတ်တော်ကိုကျင်းပခြင်းမပြုရန် တားမြစ်ခြင်းမရှိစေရ၊

**၅၄။** သမ္မတကိုအောက်ပါပုဂ္ဂိုလ်များပါဝင်သည့် သမ္မတရွေးချယ်ရေးအဖွဲ့ဝင်များဖြင့် ရွေးချယ်ရမည်၊

(က) ပါလီမန်လွှတ်တော်နှစ်ရပ်စလုံးမှ ရွေးချယ်ထားသည့်အဖွဲ့ဝင်များနှင့်

(ခ) ပြည်နယ်များ၏ ဥပဒေပြုလွှတ်တော်အစည်းအဝေးများမှ ရွေးချယ်ထားသည့်အဖွဲ့ဝင်များ

(ရှင်းလင်းချက်- ဤဥပဒေပုဒ်မနှင့် ဥပဒေပုဒ်မ ၅၅ တွင် "ပြည်နယ်"တွင် ဒေလီနိုင်ငံတော်မြို့တော်နယ်နိမိတ်နှင့် ပွန်ဒီချယ်ရီ၏ပြည်ထောင်စုနယ်နိမိတ်တို့ပါဝင်ပါသည်။)

**၅၅။** (၁) လက်တွေ့ဆောင်ရွက်၍ရသမျှ သမ္မတရွေးကောက်ပွဲ၌ ပြည်နယ်အမျိုးမျိုးမှကိုယ်စားပြုမှုချိန်ခွင်လျှာတွင် ညီညွတ်မှုရှိရမည်ဖြစ်သည်။

(၂) ပြည်နယ်များအကြားထိုသို့ညီညွတ်မှုရှိစေရေးနှင့် ပြည်ထောင်စုတစ်ခုလုံးတွင်ပြည်နယ်များအကြား တန်းတူရည်တူခံစားခွင့်ရရှိစေရေး ရည်ရွယ်ချက်ဖြင့် လွှတ်တော်၏ရွေးကောက်ခံကိုယ်စားလှယ်နှင့် ပြည်နယ်တစ်ခုစီ၏ ဥပဒေပြုလွှတ်တော်တို့က ထိုသို့သောရွေးကောက်ပွဲ၌မဲပေးခွင့်ရှိသည့် ဆန္ဒမဲအရေအတွက်ကို အောက်ပါတိုင်း ဆုံးဖြတ်မည်ဖြစ်သည်၊

(က) ပြည်နယ်တစ်ခု၏ ဥပဒေပြုလွှတ်တော်မှရွေးကောက်ခံအဖွဲ့ဝင်တိုင်းသည် လွှတ်တော်၏စုစုပေါင်း ရွေးကောက်ခံအဖွဲ့ဝင်အရေအတွက်အရ ပြည်နယ်လူဦးရေကိုစားခြင်းဖြင့်ရရှိသောရလဒ်ရှိ တစ်ထောင်ဆတိုးကိန်းများရှိသလောက် ဆန္ဒမဲများရှိစေရမည်၊

(ခ) အကယ်၍ ဆိုခဲ့သည့်အတိုင်း တစ်ထောင်၏ဆတိုးကိန်းများယူပြီးပါက အကြွင်းသည်ငါးရာအောက်လျော့နည်းခြင်းမရှိစေရပဲ အထက်ပါပုဒ်မခွဲ(က) တွင်ဖော်ပြသည့်အတိုင်း အဖွဲ့ဝင်တစ်ဦးချင်းစီ၏ဆန္ဒမဲကို တစ်ဖြင့် ဆက်လက်တိုးရမည်ဖြစ်သည်။

(ဂ) ပါလီမန်လွှတ်တော်တစ်ရပ်ရပ်ရှိ ရွေးကောက်ခံအဖွဲ့ဝင်တစ်ဦးချင်းစီတွင် ပုဒ်မခွဲ(က) အရ ပြည်နယ်ဥပဒေပြုလွှတ်တော်များ၏အဖွဲ့ဝင်များသို့တာဝန်ချထားသည့် စုစုပေါင်းအရေအတွက်ကို စားခြင်းဖြင့်ရရှိကောင်းရရှိမည့်မဲအရေအတွက်များ၊ ပုဒ်မခွဲ(ခ)အရ ပါလီမန်လွှတ်တော်နှစ်ရပ်စလုံးမှ ရွေးကောက်ခံအဖွဲ့ဝင် စုစုပေါင်းအရေအတွက်ဖြင့်ရရှိနိုင်သည့် မဲအရေအတွက်များ၊ ရေတွက်ထားသည့်ထက်ဝက်ကျော်သည့် အပိုင်းကိန်းများနှင့် ပယ်ထားသည့်အခြားအပိုင်းကိန်းများမှရရှိနိုင်သည့် ဆန္ဒမဲအရေအတွက်များရှိရမည်ဖြစ်သည်။

(၃) သမ္မတရွေးချယ်မှုကို တစ်ခုတည်းသောလွှဲပြောင်းမဲအားဖြင့် အချိုးကျကိုယ်စားပြုစနစ်နှင့်အညီကျင်းပရမည်ဖြစ်ပြီး ယင်းသို့သောရွေးချယ်မှု၏ဆန္ဒမဲပေးခြင်းသည် လျှို့ဝှက်မဲပေးခြင်းဖြင့် ဖြစ်စေရမည်၊

(ရှင်းလင်းချက်- ဤဥပဒေပုဒ်မတွင် "လူဦးရေ" ဟုသောစကားရပ်မှာ နောက်ဆုံးကောက်ခံခဲ့သည့် သန်းခေါင်စာရင်းအရရရှိသည့် လူဦးရေကိုဆိုလိုပါသည်။)

**၅၆။** (၁) နိုင်ငံတော်သမ္မတသည် အောက်ပါအခြေအနေများမှလွဲလျှင် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ငါးနှစ်သက်တမ်းတာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။

(က) နိုင်ငံတော်သမ္မတသည် ဒုတိယသမ္မတထံ၎င်း၏လက်ရေးဖြင့်ရေးသား၍ နုတ်ထွက်စာတင်နိုင်သည်၊

(ခ) နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေချိုးဖောက်သဖြင့် ဥပဒေပုဒ်မ ၆၁ တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ရုံးတော်တွင်စွဲချက်တင်ခံရခြင်းဖြင့် ရာထူးမှဖယ်ရှားခံရနိုင်သည်၊

(ဂ) နိုင်ငံတော်သမ္မတသည် သမ္မတသက်တမ်းကုန်လွန်ပြီဖြစ်သော်လည်း ၎င်း၏နေရာတွင်ရာထူးဆက်ခံမည့် သမ္မတသစ်တစ်ဦးမရောက်လာမချင်း တာဝန်ဆက်လက်ထမ်းဆောင်ရမည်။

(၂) အထက်ဖော်ပြပါ ပုဒ်မ(၁) စာပိုဒ်(က) အရ ဒုတိယသမ္မတထံလိပ်မူ၍ နုတ်ထွက်ခြင်းသည် ပါလီမန်လွှတ်တော်ဥက္ကဋ္ဌထံသို့ ချက်ချင်းပြောဆိုဆက်သွယ်ခြင်းလည်းရှိစေရမည်။

**၅၇။** နိုင်ငံတော်သမ္မတရာထူးရယူထားသူ သို့မဟုတ် ရယူဖူးသူပုဂ္ဂိုလ်တစ်ဦးသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြားသောပြဋ္ဌာန်းချက်များအတိုင်း သမ္မတရာထူးပြည်လည်အရွေးချယ်ခံရရန် အခွင့်အရေးရှိပါသည်။

**၅၈။** (၁) အောက်ပါအခြေအနေမျိုးတွင် မည်သူမျှ နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်ခံခွင့်မရှိစေရ။
(က) အိန္ဒိယနိုင်ငံသားတစ်ဦးမဟုတ်သူ၊
(ခ) အသက် ၃၅ နှစ်မပြည့်သေးသူ။
(ဂ) ပါလီမန်လွှတ်တော်အဖွဲ့ဝင်တစ်ဦးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရရန် အရည်အချင်းမရှိသူ၊
(၂) ပုဂ္ဂိုလ်တစ်ဦးသည် အိန္ဒိယနိုင်ငံအစိုးရ၊ သို့မဟုတ် အခြားပြည်နယ်အစိုးရ၊ သို့မဟုတ် အစိုးရဟု ခေါ်တွင်သော မည်သည့်အာဏာပိုင်သို့မဟုတ် ဒေသဆိုင်ရာအစိုးရအောက်ရှိရုံးဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေပါက နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်ပွဲဝင်ခွင့်မရှိပေ။

**၁၀၂။** (၁) ပုဂ္ဂိုလ်တစ်ဦးသည် ပါလီမန်လွှတ်တော်တစ်ရပ်ရပ်၏ အဖွဲ့ဝင်ကိုယ်စားလှယ်တစ်ဦးအဖြစ် သို့မဟုတ် ရွေးချယ်ခံရခွင့်အတွက် အောက်ပါအခြေအနေများတွင် အရည်အချင်းပြည့်စုံခြင်းမရှိရေ။
(က) ပါလီမန်လွှတ်တော်က အရည်အချင်းမရှိဟုသတ်မှတ်ခြင်းမခံရသည့်ရုံးမှလွဲ၍ အိန္ဒိယနိုင်ငံအစိုးရ သို့မဟုတ်အခြားပြည်နယ်အစိုးရလက်အောက်တွင် လခစားတာဝန်ထမ်းဆောင်လျက် ရှိသူ။
(ရှင်းလင်းချက်- ဤစာပိုဒ်၏ရည်ရွယ်ချက်မှာ ပြည်ထောင်စုဝန်ကြီးတစ်ဦး သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦးဖြစ်ရုံဖြင့် အိန္ဒိယအစိုးရလက်အောက် သို့မဟုတ် ပြည်နယ်အစိုးရလက်အောက်တွင် လခစားလုပ်သူဟူ၍ ပုဂ္ဂိုလ်တစ်ဦးအား လခစားဝန်ထမ်းဟူ၍မှတ်ယူခြင်းမရှိစေရန်ဖြစ်သည်။)
(ခ) အခွင့်အာဏာရှိသောတရားရုံးတစ်ခုက စိတ်ပေါ့သွပ်သူဟုသတ်မှတကြေညာခြင်းခံရသူ၊
(ဂ) ကြွေးမြီမကင်းသေးသဖြင့် လူမွဲစာရင်းအဖြစ်မှ ပယ်ဖျက်ခြင်းမခံရသေးသူ။
(ဃ) အိန္ဒိယနိုင်ငံသားတစ်ဦးမဟုတ်သူ၊ သို့မဟုတ် တိုင်းတစ်ပါးသားအဖြစ် စိတ်ဆန္ဒအလျောက်ခံယူထားသူ၊ သို့မဟုတ် တိုင်းတစ်ပါးတစ်ခုကို သစ္စာခံထားသူ။
(င) ပါလီမန်လွှတ်တော်၏ဥပဒေအရ အရည်အချင်းအလွန်မပြည့်မီသူ။
(၂) အကယ်၍ပုဂ္ဂိုလ်တစ်ဦးသည် Tenth Schedule အရ အလွန်အရည်အချင်းမပြည့်မီပါက ပါလီမန်လွှတ်တော်တစ်ရပ်ရပ်၏ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရေးအတွက် အရည်အချင်းပြည့်မီခြင်းမရှိစေရ၊
**၁၀၃။** (၁) အကယ်၍ ပါလီမန်လွှတ်တော်တစ်ရပ်ရပ်၏ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဥပဒေပုဒ်မ ၁၀၂ ၏ စာပိုဒ်(၁) တွင်ဖော်ပြထားသည့် အရည်အချင်းမပြည့်မီခြင်းတစ်ခုခုဖြစ်သည့်အခြေအနေဖြစ်လာခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းတစ်ခုတစ်ရာပေါ်ပေါက်ပါက ယင်းမေးခွန်းကို နိုင်ငံတော်သမ္မတ၏ဆုံးဖြတ်ချက်ဖြင့်ဖြေရှင်းရမည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်သည့်အပြီးသတ်ဖြစ်စေရမည်။

**၁၂၀။** (၁) အပိုင်း ၁၇ တွင်မည်သို့ဖော်ပြထားသည်ဖြစ်စေ ဥပဒေပုဒ်မ ၃၄၈ ၏ပြဋ္ဌာန်းချက်များအတိုင်းဖြစ်ရမည်ဖြစ်သဖြင့် ပါလီမန်လွှတ်တော်ရှိလုပ်ငန်းများကို (လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဟင်ဒီဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့်မပြောဆိုနိုင်ပါက ပြည်နယ်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပါလီမန်လွှတ်တော်ဥက္ကဋ္ဌကခွင့်ပြုသည်မှလွဲ၍) ဟင်ဒီဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့်သာ ပြောဆိုရမည်။

(၂) ဤဥပဒေပုဒ်မသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေစတင်ကျင့်သုံးစဉ်မှ ၁၅ နှစ်တာကာလတစ်ခုတွင် သက်တမ်းကုန်လွန်သွားအပြီး "သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့်" ဟူသော စကားလုံးများကို ပါလီမန်က ဥပဒေအရမပြဋ္ဌာန်းပါက ပယ်ဖျက်သည်ဟု သက်ရောက်ပါသည်။

**၁၂၁။** တရားရုံးချုပ် သို့မဟုတ် အဆင့်မြင့်တရားရုံး၏တရားသူကြီးတစ်ဦး၏ အပြုအမူနှင့်စပ်လျဉ်း၍ တာဝန်မှရပ်စဲရမည့်ကိစ္စတွင် နိုင်ငံတော်သမ္မတထံသို့လိပ်မူ၍ တရားသူကြီးအားဖယ်ရှားရေးအတွက် တင်ပြခြင်းမှလွဲ၍ လွှတ်တော်တွင် ဆွေးနွေးပြောဆိုခြင်းမရှိစေရ။

**၁၂၂။** (၁) ပါလီမန်လွှတ်တော်တွင် တရားစွဲဆိုခြင်း၏တရားဝင်ဖြစ်ခြင်းကို ပုံမှန်မဟုတ်သည့် လုပ်ထုံးလုပ်နည်း တစ်ခုခု၏စွဲဆိုချက်အကြောင်းတစ်ခုခုကြောင့် သံသယမဖြစ်စေရ။

(၂) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန်၌ လုပ်ထုံးလုပ်နည်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ရေး သို့မဟုတ် ဥပဒေအတိုင်းဖြစ်စေရေးတို့အတွက် အာဏာအပ်နှင်းခြင်းခံရသည့် မည်သည့်အရာရှိ သို့မဟုတ် ပါလီမန်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှမဆို တရားရုံးတစ်ခုခု၏ တရားစီရင်ပိုင်ခွင့်ရှိစေရမည်။

အခန်း (၃) နိုင်ငံတော်သမ္မတ၏ ဥပဒေပြုအာဏာများ

**၁၂၃။** (၁) ပါလီမန်လွှတ်တော်နှစ်ရပ်စလုံး လွှတ်တော်ခေါ်ယူလျက်ရှိချိန်မှတစ်ပါး မည်သည့်အချိန်၌မဆို နိုင်ငံတော်သမ္မတသည် ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုအပ်သည်ဟုယူဆပါက အခြေအနေအရလိုအပ်သလို စည်းကမ်းချက်အမိန့်ထုတ်ပြန်နိုင်သည်။

*(အပိုင်း ၁၅ - ရွေးကောက်ပွဲများ- ဥပဒေပုဒ်မ ၃၂၄-၃၂၆)*

ရွေးကောက်ပွဲကော်မရှင်အကြီးအကဲသည် တရားရုံးချုပ်တရားသူကြီးတစ်ဦးကဲ့သို့ အခြေအနေနှင့်အကြောင်းအရင်းတူမျှစွာပင် ရာထူးမှဖယ်ရှားခြင်းမခံရသည်မှအပ ရွေးကောက်ပွဲကော်မရှင်အကြီးအကဲ၏ တာဝန်ထမ်းဆောင်မှုအခြေအနေများကို ၎င်းအားခန့်အပ်အပြီး ၎င်း၏အားနည်းချက်များသို့ ပြောင်းလဲခြင်းမရှိစေရ၊ အခြားသောရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ဒေသဆိုင်ရာကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကို ရွေးကောက်ပွဲကော်မရှင်အကြီးအကဲ၏ အကြံပြုတိုက်တွန်းချက်မှအပ ရာထူးမှဖယ်ရှားခြင်းမရှိစေရ။

(၆) နိုင်ငံတော်သမ္မတ၊ သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ရွေးကောက်ပွဲကော်မရှင်၏တောင်းဆိုချက်အရ ရွေးကောက်ပွဲကော်မရှင်အပေါ်တွင် စာပိုဒ်(၁) အရအပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန်အတွက် လိုအပ်သောဝန်ထမ်းအင်အားကို ရွေးကောက်ပွဲကော်မရှင်အတွက်သော်လည်းကောင်း၊ သို့မဟုတ် ဒေသဆိုင်ရာရွေးကောက်ပွဲကော်မရှင်အတွက်သော်လည်းကောင်း အသုံးပြုခွင့်ပေးရမည်။

**၃၂၅။** ပါလီမန်လွှတ်တော်တစ်ရပ်ရပ် သို့မဟုတ် ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်ရပ်၏ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်မြေတိုင်းအတွက်ဆန္ဒမဲစာရင်းသည် ယေဘုယျတစ်ခုတည်းသာရှိစေရမည်ဖြစ်ပြီး မည်သူမဆို ကိုးကွယ်သည့်ဘာသာတရား၊ လူမျိုး၊ ဇာတ်၊ လိင် သို့မဟုတ် အခြားအကြောင်းအရာတစ်ခုခုကြောင့် မဲဆန္ဒနယ်တစ်ခုခုအတွက် မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ခွင့်မရခြင်းဟူ၍ မရှိစေရ။

**၃၂၆။** အောက်လွှတ်တော်နှင့် ပြည်နယ်တိုင်း၏ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများသည် အရွယ်ရောက်သူတိုင်းမဲပေးပိုင်ခွင့်အပေါ်တွင် အခြေခံရမည်၊ ဆိုလိုသည်မှာ အိန္ဒိယနိုင်ငံသားတစ်ဦးဖြစ်ပြီး မဲပေးရမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများသည် မဲပေးပိုင်ခွင့်ရှိကြမည်ဖြစ်ကာ၊ သက်ဆိုင်သည့်နေရာတွင်နေထိုင်သူမဟုတ်သူ၊ စိတ်ပေါ့သွပ်သူ၊ ရာဇဝတ်မှု သို့မဟုတ် လာဘ်စားမှု သို့မဟုတ် တရားမဝင်တစ်ခုခုလုပ်သူများကို သက်ဆိုင်

ရာ ဥပဒေပြုလွှတ်တော်ကခွင့်ပြုပါက မည်သည့်ရွေးကောက်ပွဲတွင်မဆို မဲဆန္ဒရှင်တစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရှိစေရမည်ဖြစ်သည်။

# တောင်အာဖရိက သမ္မတနိုင်ငံ၏ ဖွဲ့ စည်းပုံအခြေခံဥပဒေ၊ ၁၉၉၆ ခုနှစ်

၁၉၉၆ ခုနှစ် မေလ ၈ ရက်နေ့ တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး၊
၁၉၉၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်နေ့ တွင် ဖွဲ့ စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ညီလာခံမှ
ပြင်ဆင်ခဲ့သည်။

ISBN 978-0-621-39063-6

အခန်း ၁: အခြေခံမှုများ

## အခန်း ၁
## အခြေခံမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ

**တောင်အာဖရိက သမ္မတ နိုင်ငံ**

1. တောင်အာဖရိက သမ္မတ နိုင်ငံအား လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သည့် ဒီမိုကရေစီ နိုင်ငံအဖြစ် အောက်ပါ အခြေခံမှုများနှင့်အညီ တည်ထောင်ခဲ့ပေသည်။

(က) လူသားဂုဏ်သိက္ခာကို လေးစားရေး၊ တန်းတူညီမျှမှု၊ လူ့ အခွင့်အရေး နှင့် လွတ်လပ်မှု တို့ ကို မြှင့်တင်ရေး။

(ခ) လူမျိုးရေးခွဲခြားမှု မရှိရေး၊ လိင်စိတ်ခံယူမှုအပေါ်အခြေပြု၍ ခွဲခြားဆက်ဆံမှုမရှိရေး။

(ဂ) ဤဖွဲ့ စည်းပုံအခြေခံဥပဒေအား အမြင့်ဆုံးဥပဒေအဖြစ် မှတ်ယူမှု၊ တရားဥပဒေစိုးမိုးရေး။

(ဃ)နိုင်ငံသားတိုင်း မဲပေးခွင့်ရှိစေရေး၊ နိုင်ငံတော်၏ မဲဆန္ဒရှင်စာရင်းသည် တန်းတူညီမျှ ဖြစ်ရေး၊ ပုံမှန်ရွေးကောက်ပွဲများ ကျင်းပရေး၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှု နှင့် ပွင့်လင်းမြင်သာမှုတို့ ရှိစေရေး။

**ဖွဲ့ စည်းပုံအခြေခံဥပဒေ၏ အမြင့်ဆုံး အခန်းကဏ္ဍ**

၂။ ဤဖွဲ့ စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ မိခင်ဥပဒေဖြစ်သည်။ ဤဖွဲ့ စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်မှုမရှိသော ဥပဒေများသည် တရားမဝင်ဟု သတ်မှတ်ခံရမည်ဖြစ်ပြီး၊ ဖွဲ့ စည်းပုံအခြေခံ ဥပဒေအရ ဆောင်ရွက်ရန်ရှိသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

**နိုင်ငံသား**

၃။ (၁) တောင်အာဖရိက နိုင်ငံသားဖြစ်မှုသည် တန်းတူညီမျှမှု ရှိရမည်။

(၂) နိုင်ငံသားအားလုံးသည်

(က) နိုင်ငံသားတို့ သည် နိုင်ငံသားတို့ ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ခံစားခွင့်များ၊ အကျိုးရလဒ်များကို တူညီစွာ ရယူပိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံသားတို့ သည် နိုင်ငံသားတို့ ဆောင်ရွက်ရမည် တာဝန်၊ဝတ္တရားများကို တူညီစွာ လုပ်ဆောင် ရန် တာဝန်ရှိသည်။

**နိုင်ငံတော်သီချင်း**

၄။ တောင်အာဖရိက သမ္မတ နိုင်ငံ၏ နိုင်ငံတော်သီချင်းကို နိုင်ငံတော်သမ္မတ၏ ကြေညာချက် ဖြင့် အတည်ပြုသတ်မှတ်ရမည်။

**နိုင်ငံတော်အလံ**

၅။ နိုင်ငံတော်အလံ၏ အရောင်သည် ဇယား ၁ တွင် ရေးဆွဲ ပြဌာန်းထားသည့်အတိုင်း အမဲရောင်၊ရွှေရောင်၊ အစိမ်းရောင်၊ အဖြူရောင်၊ အနီရောင်၊ အပြာရောင် တို့ ရှိသည်။

**နိုင်ငံတော်အတွင်းရှိ ဘာသာစကားများ**

၆။ (၁) နိုင်ငံတော်၏ တရားဝင် ဘာသာစကားများမှာ Sepedi, Sesotho, Setswana, siSwati, Tshivenda, Xitsonga, Afrikaans, English, isiNdebele, isiXhosa and isiZulu တို့ ဖြစ်ကြသည်။

(၂) သမိုင်းတစ်လျှောက်တွင် နိုင်ငံတော်အတွင်းရှိ ဌာနေတိုင်းရင်းသား ဘာသာစကားများ ၏ အဆင့်အတန်း နိမ့်ကျခဲ့သည်ကို အသိအမှတ်ပြုသည့် အလျောက်၊ နိုင်ငံတော်သည် ထိုဘာသာစကားများ၏ အဆင့်အတန်းမြှင့်မားလာစေရန် လက်တွေ့ ကျပြီး၊ အပြုသဘောဆောင်သည် ဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်။

(၃) (က) ပြည်ထောင်စုအစိုးရ နှင့် ပြည်နယ်အစိုးရများသည် အသုံးဝင်မှု၊ လက်တွေ့ ကျမှု၊ ကျယ်ကျယ်ပြန့် ပြန့် အသုံးပြုနေမှု၊ ဒေသဆိုင်ရာအခြေအနေ၊ နိုင်ငံတော် နှင့် သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ လူအများ၏ လိုအပ်ချက်၊ နှစ်သက်မှု စသည့် အခြေအနေတို့ အပေါ်တွင် မူတည် စဉ်းစား၍ တရားဝင်ရုံးသုံးဘာသာစကားကို သတ်မှတ်နိုင်သည်။ သို့ ရာတွင်၊ ပြည်ထောင်စုအစိုးရ နှင့် ပြည်နယ်အစိုးရတို့ သည် အနည်းဆုံး တရားဝင်ရုံးသုံးဘာသာစကား နှစ်မျိုးကို သတ်မှတ် ပြဌာန်းရမည်။

(ခ) မြူနီစပါယ် အစိုးရများသည် သတ်မှတ်ဧရိယာအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ ဘာသာစကား အသုံးပြုမှုနှင့် နှစ်သက်မှုများအပေါ်တွင် စဉ်းစားရမည်။

(၄) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများသည် ဥပဒေပြဌာန်း၍သော်လည်းကောင်း၊ အခြားသော နည်းလမ်းများအသုံးပြု၍ သော်လည်းကောင်း၊ တရားဝင်ရုံးသုံးဘာသာစကားများအသုံးပြုမှု နှင့်စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း တို့ ကို ပြုလုပ်ရမည်။ အပိုဒ်ခွဲ (၂) ပါ ပြဌာန်းချက်များနှင့် မဆန့် ကျင်စေဘဲ၊ တရားဝင်ဘာသာစကားအားလုံးတို့ သည် တူညီသော လေးစားမှု နှင့် သာတူညီမျှမှုတို့ ကို ရရှိစေရမည်။

(၅) ပြည်ထောင်စု က ဥပဒေ တစ်ရပ်ပြဋ္ဌာန်း၍ ဖွဲ့ စည်းလိုက်သော တောင်အာဖရိက ဘာသာစကားများဆိုင်ရာ ဘုတ်အဖွဲ့ သည်-

(က) အောက်ပါ ဘာသာစကားများအားလုံးကို မြှင့်တင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေမည့် အခြေအနေများ ဖန်တီးပေးခြင်း တို့ ကို ဆောင်ရွက်ပေးရမည်။

(၁) တရားဝင် ဘာသာစကားအားလုံး

(၂) Khoi, Nama နှင့် San ဘာသာစကားများ နှင့်၊

(၃) လက်သုံးဘာသာစကား

(ခ) အောက်ပါ ဘာသာစကားများအား မြှင့်တင်ခြင်း၊ လေးစားမှုရရှိစေရန် လုပ်ဆောင်ခြင်း တို့ ကို ဆောင်ရွက်ရမည်။

(၁) တောင်အာဖရိက နိုင်ငံရှိ လူမှုအသိုက်အဝန်းများတွင် ဘုံအသုံးပြုလျက်ရှိသော ဘာသာစကားများဖြစ်သည့် ဂျာမန်၊ ဂရိ၊ ဂူဂျာရက်တီ၊ ဟင်ဒီ၊ ပေါ်တူဂီ၊ တမီလ်၊ တလဂူ၊ အူရဒူ တို့ နှင့်၊

(၂) အာရေဗျ၊ ဟီးဘရူး၊ သက္ကတ နှင့် တောင်အာဖရိက နိုင်ငံအတွင်း ဘာသာရေးရည်ရွယ်ချက်အတွက် အသုံးပြုသော အခြားဘာသာစကားများ။

အခန်း ၂ - အခြေခံအခွင့်အရေးများ ဥပဒေ

အခန်း ၂

အခြေခံအခွင့်အရေးများ ဥပဒေ

**အခွင့်အရေးများ**

၇။ (၁) အခြေခံအခွင့်အရေးများ ဥပဒေ သည် တောင်အာဖရိကနိုင်ငံဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်များဖြစ်သည်။ နိုင်ငံတော်အတွင်းရှိ နိုင်ငံသားများအားလုံး၏ အခွင့်အရေးများကို ပြဋ္ဌာန်းသတ်မှတ်ထားပြီး၊ လူ့ ဂုဏ်သိက္ခာအား လေးစားတန်ဖိုးထားခြင်း၊ တန်းတူညီမျှမှု၊ လွတ်လပ်မှု တို့ ကို လေးစားတန်ဖိုးထားခြင်း ဟူသော ဒီမိုကရေစီ တန်ဖိုးများကို ခိုင်မာစေသည်။

(၂) နိုင်ငံတော်သည် အခြေခံအခွင့်အရေးဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများကို လေးစားခြင်း၊ ကာကွယ်ခြင်း၊ မြှင့်တင်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ခြင်းတို့ ပြုရမည်။

(၃) အခြေခံအခွင့်အရေးဥပဒေတွင် ပြဋ္ဌာန်းထားသော အခွင့်အရေးများအား ပုဒ်မ ၃၆ သို့ မဟုတ် အခြေခံအခွင့်အရေး ဥပဒေ၏ အခြားတစ်နေရာရာတွင် ပြဋ္ဌာန်းထားသော ပုဒ်မများ တွင် ပါဝင်သော ကန့် သတ်ချက်များ သို့ တည်းမဟုတ် ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

## ဥပဒေအား အသုံးပြုမှု

၈။ (၁) အခြေခံအခွင့်အရေးဥပဒေများသည် နိုင်ငံတော်အတွင်းရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေး မဏ္ဍိုင်များ နှင့် အခြားသော ကဏ္ဍအသီးသီးတွင် ကျင့်သုံးဆောင်ရွက် နေသော ဥပဒေများအားလုံးနှင့် စည်းနှောင်မှုရှိသည်။

(၂) အခြေခံအခွင့်အရေး ဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ခုသည် အခွင့်အရေး၏ သဘာဝ နှင့် ထိုအခွင့်အရေးက သတ်မှတ်ပြဋ္ဌာန်းလိုက်သော တာဝန်များ၏ သဘာဝတို့ ကို ထည့်သွင်း စဉ်းစားခြင်းအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အနေဖြင့် ဖြစ်စေ၊ ဥပဒေ ပညာရှင်တစ်ယောက် အနေဖြင့် ဖြစ်စေ စည်းနှောင်မှုရှိသည်။

(၃) အခြေခံအခွင့်အရေးများ ဥပဒေ၏ ပြဋ္ဌာန်းချက် တစ်ခုအား ပုဒ်မခွဲ (၂) ပါပြဋ္ဌာန်း ချက်အရ လူပုဂ္ဂိုလ်တစ်ယောက်အနေဖြင့်ဖြစ်စေ၊ ဥပဒေပညာရှင် တစ်ယောက်အနေဖြင့် ဖြစ်စေ၊ စည်းနှောင်ကျင့်သုံးမှု ပြုရာတွင်၊ တရားရုံးအနေဖြင့်-

(က) အခြေခံအခွင့်အရေးများဥပဒေပါ အခွင့်အရေးတစ်ခုသည် ပြဋ္ဌာန်းထားချက် သပ်သပ်မျှဖြင့် သက်ဝင်ခြင်းမရှိသည့်အခါ လိုအပ်လာပါက အဆိုပါ အခွင့်အရေး သက်ဝင်စေရန်အတွက် ဖြတ်ထုံးဖြင့်စီရင်သည့် စနစ်တစ်ခုကို တည်ထောင်အသုံးပြု ရမည်။

(ခ) အခန်း (၃၆) ပုဒ်မ (၁) ဖြင့် ဆန့်ကျင်ခြင်း မရှိစေဘဲ၊ ဖော်ပြပါ အခွင့်အရေးတစ်ခုအား ကန့်သတ်ရန်အတွက် ဖြတ်ထုံးဖြင့်စီရင်သည့် စနစ်တစ်ခုကို တည်ထောင်အသုံးပြုနိုင်သည်။

(၄) ဥပဒေပညာရှင် တစ်ယောက်သည် အခြေခံအခွင့်အရေးများ ဥပဒေပါ ပြဋ္ဌာန်းချက် များ ဖြစ်သည့် အခွင့်အရေးများ၏ သဘာဝ နှင့် အဆိုပါ ပုဂ္ဂိုလ်၏ လုပ်ငန်းသဘာဝ တို့တွင် ဖော် ပြပါရှိသည့် ရပိုင်ခွင့်များအတိုင်း ရရှိခံစားနိုင်သည်။

## တန်းတူညီမျှမှု

၉ (၁) ဥပဒေ၏ ရှေ့မှောက်တွင် လူတိုင်း တန်းတူညီမျှမှုရရှိပြီး၊ ဥပဒေ၏ အကာအကွယ်နှင့် အကျိုးရလဒ်များကို တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။

(၂) တန်းတူညီမျှမှုတွင် အခွင့်အရေးများ နှင့် လွတ်လပ်မှု အားလုံးတို့ ကို အပြည့်အဝ တူညီစွာ ခံစားနိုင်ခြင်းပါဝင်သည်။ တန်းတူညီမျှမှုရရှိလာစေရန်အတွက်၊ မမျှတသည့် ခွဲခြားဆက်ဆံ မှုများကို ခံစားနေရသည့် လူပုဂ္ဂိုလ် တစ်ဦး သို့ မဟုတ် အစုအဖွဲ့ တို့ ၏ အခွင့်အရေးများကို မြှင့်တင်ခြင်း နှင့် ကာကွယ်ခြင်း တို့ ကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းခြင်းနှင့် အခြားလိုအပ်သည့် စီမံဆောင် ရွက်မှုများ ပြုလုပ်ရန်လိုအပ်သည်။

(၃) နိုင်ငံတော်သည် လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ ကျား၊မ သဘာဝအားဖြင့်ဖြစ်စေ၊ လိင်စိတ်ခံယူမှုအားဖြင့်ဖြစ်စေ၊ ကိုယ်ဝန်ဆောင်ခြင်း အကြောင်းအားဖြင့်ဖြစ်စေ၊ လက်ထပ်ထိန်းမြားခြင်းဆိုင်ရာ ကိစ္စရပ်အားဖြင့်ဖြစ်စေ၊ မျိုးနွယ်စု သို့ မဟုတ် လူမှုရေးအုပ်စုဆိုင်ရာ ဇာတိအားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ အသက်အရွယ်အားဖြင့်ဖြစ်စေ၊ မသန်းစွမ်းမှုအားဖြင့်ဖြစ်စေ၊ ကိုးကွယ်ရာဘာသာ၊ ကိုယ်ပိုင်ယုံကြည်ချက်၊ ဓလေ့စရိုက်၊ ပြောဆိုရာဘာသာစကားနှင့် မွေးဖွားရာဇာတိ တို့ အားဖြင့်ဖြစ်စေ၊ တိုက်ရိုက် သို့ မဟုတ် သွယ်ဝိုက်၍ ခွဲခြားဆက်ဆံမည်မဟုတ်။

(၄) အပိုဒ်ခွဲ (၃) ပါပြဋ္ဌာန်းချက် တစ်ခု သို့ မဟုတ် တစ်ခုထက်ပိုသော ပြဋ္ဌာန်းချက် အပေါ်တွင် အခြေခံ၍ မည်သူ တစ်ဦးတစ်ယောက်မျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခွဲခြားဆက်ဆံခံရခြင်းမရှိစေရ။ မမျှတသည့် ခွဲခြားဆက်ဆံမှုများကို တားမြစ်ခြင်း သို့ မဟုတ် ပိတ်ပင်ခြင်း တို့ ဆောင်ရွက်ရန်အတွက် လိုအပ်သော ဥပဒေများကို နိုင်ငံတော်က ပြဋ္ဌာန်းပေးရမည်။

(၅) အပိုဒ်ခွဲ (၃) ပါ ပြဋ္ဌာန်းချက် တစ်ခု သို့ မဟုတ် တစ်ခုထက်ပိုသော ပြဋ္ဌာန်းချက် အပေါ်တွင် အခြေခံ၍ ပြုမူသောခွဲခြားဆက်ဆံမှုများအား ဥပဒေက သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် တရားမျှတမှုမရှိသော ခွဲခြားဆက်ဆံမှုများအဖြစ် သတ်မှတ်ရမည်။

**လူသား ဂုဏ်သိက္ခာ**

၁၀။ လူတိုင်းတွင် မွေးရာပါ ဂုဏ်သိက္ခာရှိပြီး၊ နှင့် ၎င်းတို့ တို့ ၏ ဂုဏ်သိက္ခာကို လေးစားကာကွယ်ပေး ရမည်။

**အသက်ရှင်သန်ခွင့်**

၁၁။ လူတိုင်း၌ အသက်ရှင်ရန် လွတ်လပ်မှုခွင့်ရှိသည်။

**လူသား လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်**

၁၂။ (၁) လူတိုင်းတွင် လွတ်လပ်ခွင့် နှင့် လုံခြုံခွင့်တို့ ရှိသည်။ ထိုအခွင့်အရေးများတွင်-

(က) လွတ်လပ်ခွင့်မှ အတင်းအဓမ္မ ဖြစ်စေ၊ တရားဥပဒေ၏ အကာအကွယ်မရရှိဘဲ ဖြစ်စေ၊ ပိတ်ပင်ခံ ရခြင်း မရှိစေရ။
(ခ) တရားဥပဒေအရမဟုတ်သော ဖမ်းစီးချုပ်နှောင်ခြင်းမရှိစေရ။
(ဂ) အများပြည်သူဆိုင်ရာ ကဏ္ဍများတွင်ဖြစ်စေ၊ ပုဂ္ဂလိက ကဏ္ဍများတွင်ဖြစ်စေ အကြမ်းဖက်မှု ပုံစံအားလုံးမှ ကင်းလွတ်ခွင့်ရှိရမည်။
(ဃ) မည်သည့်ပုံစံမျိုးနှင့်မျှ ညှဥ်းပန်းနှိပ်စက်ခြင်းမရှိစေရ။
(င) ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ၊ ဂုဏ်ငယ်စေသော ဆက်ဆံမှုမရှိစေရ။

(၂) လူတိုင်းသည် ခန္ဓာကိုယ်ပိုင်းအားဖြင့်ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ အားဖြင့်ဖြစ်စေ၊ ဂုဏ်သိက္ခာ ရှိသည့် အခွင့်အရေး ရှိသည်။ ထိုအခွင့်အရေးတို့ တွင်-
(က) မွေးဖွားခြင်းဆိုင်ရာကဏ္ဍတွင် လွတ်လပ်သည့် ဆုံးဖြတ်ချက်ချနိုင်ရမည်။
(ခ) ခန္ဓာကိုယ် လုံခြုံရေးနှင့် ထိန်းချုပ်ရေးတို့ တွင် အခွင့်အရေးရှိရမည်။
(ဂ) အသိပေးခြင်းမှ ဖြစ်ပေါ်လာသည့် သဘောတူညီချက်မရှိဘဲ မည်သူ့ ကိုမျှ သိပ္ပံ သို့မဟုတ် ဆေးပညာဆိုင်ရာ စမ်းသပ်ချက်များ မပြုလုပ်ရ။

**စုဝေးခြင်း၊ ဆန္ဒဖော်ထုတ်ခြင်း၊ သပိတ်မှောက်ခြင်း၊ လက်မှတ်ထိုးလှုပ်ရှားမှုပြုလုပ်ခြင်း**

၁၇။ လူတိုင်းတွင် ငြိမ်းချမ်းစွာ လက်နက်မပါဘဲ စုဝေးခြင်း၊ ဆန္ဒထုတ်ဖော်ခြင်း၊ သပိတ်မှောက် ခြင်း၊ လက်မှတ်ထိုးလှုပ်ရှားမှုများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

**အသင်းအဖွဲ့ များ ထူထောင်ခွင့်**

၁၈။ လူတိုင်း လွတ်လပ်စွာ အသင်းအဖွဲ့ များ ထူထောင်ခွင့်ရှိသည်။

**နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ**

၁၉။ (၁) နိုင်ငံသားတိုင်းသည် နိုင်ငံရေးနှင့်ပတ်သတ်၍ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်ရှိရမည်။ ထို အခွင့်အရေးတို့ တွင်-
(က) နိုင်ငံရေးပါတီ တည်ထောင်ခွင့်
(ခ) နိုင်ငံရေးပါတီ၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် နှင့် နိုင်ငံရေးပါတီဝင်များ အဖြစ် စည်းရုံးစုဆောင်းနိုင်ခွင့်၊
(ဂ) နိုင်ငံရေးပါတီ သို့ တည်းမဟုတ် ရပ်တည်ချက် တစ်ခုအတွက် စည်းရုံးလှုံ့ ဆော်နိုင်ခွင့်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ထားသော ဥပဒေပြုရေး မဏ္ဍိုင်အတွက် လွတ်လပ်၍ တရားမျှတပြီး ပုံမှန် ကျင်းပသော ရွေးကောက်ပွဲများတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်၊
(၃) အသက်ပြည့်ပြီးသည့် နိုင်ငံသားတိုင်းတွင် အောက်ပါအခွင့်အရေးများ ရှိသည်။
(က) ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ထားသော ဥပဒေပြုရေးမဏ္ဍိုင် တစ်ခုခုအတွက် ကျင်းပြသော ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့် နှင့် ဆန္ဒမဲပေးသည့်အခါ လျှို့ဝှက်စွာမဲပေးခွင့်၊
(ခ) အများပြည်သူဆိုင်ရာ ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် နှင့် ရွေးချယ်ခံရပါက ပါဝင်ဆောင်ရွက်နိုင်ခွင့်။

**နိုင်ငံသားဖြစ်မှု**

၂၀။ မည်သည့် နိုင်ငံသားကိုမဆို နိုင်ငံသားအရာမှ ရုပ်သိမ်းခြင်းမရှိစေရ။

**လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် နှင့် နေထိုင်ခွင့်**

၂၁။ (၁) လူတိုင်းတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် ရှိသည်။
(၂) လူတိုင်းတွင် နိုင်ငံတော်မှ ထွက်ခွာခွင့်ရှိသည်။
(၃) နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ဝင်ရောက်ခွင့်၊ နိုင်ငံတော်အတွင်း မည်သည့်နေရာတွင်မဆို မှီတင်းနေထိုင်ခွင့် တို့ ရှိသည်။
(၄) နိုင်ငံသားတိုင်းသည် နိုင်ငံကူးလက်မှတ် ရယူပိုင်ခွင့်ရှိသည်။

**အခန်း ၄- ပါလီမန်**

**ပြည်သူ့ လွှတ်တော်**

**ဖွဲ့စည်းပုံ နှင့် ရွေးကောက်ပွဲ**

၄၆။ (၁) ပြည်သူ့ လွှတ်တော်အား ရွေးကောက်ပွဲစနစ်အရ ရွေးချယ်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး ၃၅၀ နှင့် အများဆုံး ၄၀၀ တို့ ဖြင့် ဖွဲ့စည်းရမည်။ ထိုရွေးကောက်ပွဲစနစ်သည်-
(က) နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်းဖြစ်ရမည်။
(ခ) နိုင်ငံတော်အတွင်းရှိ မဲဆန္ဒရှင်များ၏ စာရင်း ပါဝင်ရမည်။

(ဂ) မဲပေးနိုင်သည့် အသက်သည် အနည်းဆုံး ၁၈ နှစ်ဖြစ်ရမည်။
(ဃ) အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်တင်မြှောက်သည့် စနစ်ဖြစ်ရမည်။

(၂) ပြည်သူ့ လွှတ်တော်တွင် အချိုးကျ ကိုယ်စားပြုရမည့် ကိုယ်စားလှယ်ဦးရေကို တွက်ချက်ရန် လုပ်ထုံးလုပ်နည်းတစ်ရပ်ကို ဥပဒေ တစ်ရပ် ပြဋ္ဌာန်း၍ သတ်မှတ်ပေးရမည်။
[အပိုဒ် ခွဲ (၁) အား ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော ၁၀ ကြိမ်မြောက် ဖွဲ့ စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဥပဒေ၏ အခန်း ၁ နှင့် ၂၀၀၈ ခုနှစ်တွင် ပြုလုပ်ခဲ့သော ၁၅ ကြိမ်မြောက် ဖွဲ့ စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေ၏ အခန်း ၁ တို့ ဖြင့် ပြင်ဆင်ခဲ့သည်။]

## ကိုယ်စားလှယ်ဖြစ်ခြင်း

၄၇။ (၁) ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးနိုင်သူများသည် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ခံရန် ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်၊ ၎င်းတို့ သည် အောက်ပါအချက်များနှင့် ကိုက်ညီသူများမဖြစ်စေရ။
(က) နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ရန် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့် အပ်ခြင်း ခံရပြီး၊ ထိုခန့် အပ်မှုအတွက် လုပ်ခလစာ နှင့် အဆောင်အယောင်များရရှိထားသည့် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိစေရ။ ဤကန့် သတ်ချက်သည် အောက်ပါ ပုဂ္ဂိုလ် များအတွက် အကျုံးဝင်ခြင်းမရှိစေရ။
(၁) သမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ
(၂) ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်၏ လုပ်ငန်းဆောင်တာများ နှင့် လျော်ညီသည့် လုပ်ငန်းများကို ဆောင်ရွက်နေရသည့် အရာရှိများ။
ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်၏ လုပ်ငန်းဆောင်တာများနှင့် လျော်ညီ သည့် လုပ်ငန်းများကို ဆောင်ရွက်နေရသည်ဟု လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေအရ သတ်မှတ် ကြေညာခြင်းခံရသူများ။
(ခ) နိုင်ငံတော်၏ ပြည်နယ်များဆိုင်ရာ ကောင်စီသို့ အမြဲတမ်းစေလွှတ်ခံရသော ကိုယ်စားလှယ် များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြူနီစပါယ်ကောင်စီအဖွဲ့ ဝင်များ။
(ဂ) လူမွဲအဖြစ် ကြေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ။
(ဃ) နိုင်ငံတော်၏ တရားရုံးမှ စိတ်ပေါ့သွပ်နေသည်ဟု သတ်မှတ်ခြင်းခံထားရသူများ။
(င) ဤပြဋ္ဌာန်းချက် စတင်သက်ရောက်သည့် အချိန်မှစ၍ နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ နိုင်ငံတော်၏ ပြင်ပ၌ဖြစ်စေ၊ ငွေဒဏ်သတ်မှတ်ချက်မပါဘဲ ၁၂ လထက်ပိုသော ထောင်ဒဏ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခံရသည့် မည်သူမဆို။ စွပ်စွဲမှုတစ်ခုအတွက် တရားရုံး၏ တရားဝင်ဆုံးဖြတ်ချက် ချမှတ်သည့်အချိန် သို့ မဟုတ် တရားဝင်အမိန့် ချမှတ်ခြင်း မရှိသေးသည့်အချိန် သို့ မဟုတ် တရားစွဲဆိုရင်ဆိုင်မှု မပြီးပြတ်သေးသည့် အချိန်တွင် မည်သူ့ ကိုမျှ ပြစ်ဒဏ်ကျခံသည်ဟု သတ်မှတ်ခြင်းမရှိစေရ။ ဤပြဋ္ဌာန်းချက်အရ

ကန့်သတ်ခံရမှုသည် ပြစ်ဒဏ်ကျခံမှုပြီးဆုံးသည့် အချိန်မှ ၅ နှစ် ပြည့်သည့်အချိန်တွင် ပျက်ပြယ်သည်။

**အခန်း ၆- ပြည်နယ်များ**

(ဂ) မဲပေးနိုင်သည့် အသက်သည် အနည်းဆုံး ၁၈ နှစ်ဖြစ်ရမည်။

(ဃ) အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်တင်မြှောက်သည့် စနစ်ဖြစ်ရမည်။

[အပိုဒ် ခွဲ (၁) အား ၂၀၀၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော ၁၀ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဥပဒေ၏ အခန်း ၃ နှင့် ၂၀၀၈ ခုနှစ်တွင် ပြုလုပ်ခဲ့သော ၁၄ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေ၏ အခန်း ၃ တို့ ဖြင့် ပြင်ဆင်ခဲ့သည်။]

(၂) ပြည်နယ်လွှတ်တော်အား လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးမှ ၈၀ ဦး အရေအတွက်ဖြင့် ဖွဲ့စည်း ရမည်။ ပြည်နယ်များအကြား လွှတ်တော်ကိုယ်စားလှယ်ဦးရေ ကွာခြားနိုင်သည့်အတွက် ကိုယ်စားလှယ်ဦးရေ တွက်ချက်သည့် လုပ်ထုံးလုပ်နည်းကို နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရမည်။

**ကိုယ်စားလှယ်ဖြစ်ခြင်း**

၁၀၆။ (၁) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးနိုင်သူများသည် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးချယ်တင်မြှောက်ခံရန် ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။ ၎င်းတို့သည် အောက်ပါအချက်များနှင့် ကိုက်ညီသူများမဖြစ်စေရ။

(က) နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ရန် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်ခြင်း ခံရပြီး၊ ထိုခန့်အပ်မှုအတွက် လုပ်ခလစာ နှင့် အဆောင်အယောင်များရရှိထားသည့် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိစေရ။ ဤကန့်သတ်ချက်သည် အောက်ပါ ပုဂ္ဂိုလ် များအတွက် အကျုံးဝင်ခြင်းမရှိစေရ။

(၁) ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၏ အဖွဲ့ဝင်များ

(၂) ပြည်နယ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်၏ လုပ်ငန်းဆောင်တာများ နှင့် လျော်ညီသည့် လုပ်ငန်းများကို ဆောင်ရွက်နေရသည့် အရာရှိများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်၏ လုပ်ငန်းဆောင်တာများနှင့်

လျော်ညီ သည့် လုပ်ငန်းများကို ဆောင်ရွက်နေရသည်ဟု လွှတ်တော်က အတည်ပြုပြဋ္ဌာန်း ထားသော ဥပဒေအရ သတ်မှတ် ကြေညာခြင်းခံရသူများ။

(ခ) ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်၏ ပြည်နယ်များဆိုင်ရာ ကောင်စီသို့ အမြဲ တမ်းစေလွှတ်ခံရသော ကိုယ်စားလှယ်များ၊ မြူနီစပါယ်ကောင်စီအဖွဲ့ ဝင်များ။

(ဂ) လူမွဲအဖြစ် ကြေညာခံရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ။

(ဃ) နိုင်ငံတော်၏ တရားရုံးမှ စိတ်ပေါ့သွပ်နေသည်ဟု သတ်မှတ်ခြင်းခံထားရသူများ။

(င) ဤပြဋ္ဌာန်းချက် စတင်သက်ရောက်သည့် အချိန်မှစ၍ နိုင်ငံတော်အတွင်း၌ ဖြစ်စေ၊ နိုင်ငံတော်၏ ပြင်ပ၌ဖြစ်စေ၊ ငွေဒဏ်သတ်မှတ်ချက်မပါဘဲ ၁၂ လထက်ပိုသော ထောင်ဒဏ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခံရသည့် မည်သူမဆို။ စွပ်စွဲမှုတစ်ခုအတွက် တရားရုံး၏ တရားဝင်ဆုံးဖြတ်ချက် ချမှတ်သည့်အချိန် သို့မဟုတ် တရားဝင်အမိန့် ချမှတ်ခြင်း မရှိသေးသည့်အချိန် သို့မဟုတ် တရားစွဲဆိုရင်ဆိုင်မှု မပြီးပြတ်သေးသည့် အချိန်တွင် မည်သူ့ ကိုမျှ ပြစ်ဒဏ်ကျခံသည်ဟု သတ်မှတ်ခြင်းမရှိစေရ။ ဤပြဋ္ဌာန်းချက်အရ ကန့်သတ်ခံရမှုသည် ပြစ်ဒဏ်ကျခံမှုပြီးဆုံးသည့် အချိန်မှ ၅ နှစ် ပြည့်သည့်အချိန်တွင် ပျက်ပြယ် သည်။

(၂) ပုဒ်မခွဲ (၁) ပါ အပိုဒ်ခွဲ (က) သို့မဟုတ် အပိုဒ်ခွဲ (ခ) အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရသူများသည် နိုင်ငံတော်မှ သီးခြား ပြဋ္ဌာန်းထားသည့် ဥပဒေပါ ပြဋ္ဌာန်းချက်များ၏ ခွင့်ပြုချက်များ၊ ကန့်သတ်ချက်များနှင့် ကိုက်ညီမှုရှိလျှင် ဥပဒေပြုကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

**အခန်း ၉- ဖွဲ့ စည်းပုံအခြေခံဥပဒေ အခြေခံ ဒီမိုကရေစီ နိုင်ငံရေးစနစ် အား ထောက်ပံ့သော နိုင်ငံတော်၏ အင်စတီကျူးရှင်းများ**

**ရာထူးသက်တမ်း**

၁၈၉။ နိုင်ငံတော်၏ စာရင်းစစ်ချုပ်အား ခန့် အပ်ရာတွင် ထပ်မံသက်တမ်းမတိုးနိုင်သည့် ပုံစံ ဖြင့် ၅ နှစ်မှ ၁၀ နှစ်အကြား ရာထူးသက်တမ်းကို အတိအကျသတ်မှတ်ခန့် ထားရမည်။

**ရွေးကောက်ပွဲကော်မရှင်**

**ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များ**

၁၉၀။ (၁) ရွေးကောက်ပွဲကော်မရှင်သည်-

(က) နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်နှင့် မြူနီစပါယ်အဆင့် ဥပဒေပြုရေးမဏ္ဍိုင်များ၏ ရွေးကောက်ပွဲများကို ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ကျင်းပခြင်း၊ ကြီးကြပ်ခြင်း။
(ခ) ရွေးကောက်ပွဲများ သည် လွတ်လပ်၍ တရားမျှမှုရှိသော ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ခြင်း။
(ဂ) ရွေးကောက်ပွဲရလဒ် များကို ပြဋ္ဌာန်းထားသော ဥပဒေက သတ်မှတ်ထားသည့်အချိန် ဖြစ်သည့် အတိုင်း တတ်နိုင်သမျှ မြန်မြန် ထုတ်ပြန်ပေးခြင်း။
(၂) ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေ တစ်ရပ်ရပ်က အပ်နှင်းသည့် အာဏာနှင့် လုပ်ပိုင်ခွင့်တို့ ကို ကျင့်သုံးနိုင်သည်။

**ရွေးကောက်ပွဲကော်မရှင် ဖွဲ့ စည်းခြင်း**

၁၉၁။ ရွေးကောက်ပွဲကော်မရှင်ကို အဖွဲ့ ဝင် အနည်းဆုံး သုံးဦးဖြင့် ဖွဲ့ စည်းရမည်။ ရွေးကောက်ပွဲကော်မရှင်တွင် ပါဝင်နိုင်သော အဖွဲ့ ဝင်အရေအတွက်နှင့် ရာထူးသက်တမ်းတို့ ကို နိုင်ငံတော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးရမည်။

## ရုပ်သံထုတ်လွှင့်မှုအား ကြီးကြပ်မည့် လွတ်လပ်သည့် အာဏာပိုင်အဖွဲ့

**ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့**

၁၉၂။ ရုပ်သံထုတ်လွှင့်ရာတွင် တောင်အာဖရိက လူ့ အဖွဲ့ အစည်းရှိ မတူကွဲပြားသော အမြင်များကို တင်ပြစေနိုင်ရန် ရည်ရွယ်၍ သော်လည်းကောင်း။ မျှတသော ပန်းကျင်တစ်ခုဖန်တီး နိုင်ရန် ရည်ရွယ်၍ သော်လည်းကောင်း၊ အများပြည်သူတို့ ၏ အကျိုးစီးပွားအလို့ ငှာ ကြီးကြပ်ပေးမည့် လွတ်လပ်သည့် အာဏာပိုင်အဖွဲ့ တစ်ရပ်အား နိုင်ငံတော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့ စည်းပေးရမည်။

## အထွေထွေပြဋ္ဌာန်းချက်များ

**ခန့် အပ်တာဝန်ပေးခြင်း**

၁၉၃။ (၁) အများပြည်သူအား အကာအကွယ်ပေးမည့် အရာရှိနှင့် ဤ အခန်းတွင် ဖော်ပြထားသော ကော်မရှင်ဖွဲ့ ဝင်များကိုခန့် ထားသည့်အခါ အမျိုးသမီး၊ အမျိုးသားတို့ အောက်ဖော်ပြပါ သတ်မှတ်ချက်များအတိုင်း ခန့် ထားနိုင်သည်။

**သင်ခန်း (၄)**

**အခန်း – ၂။ အစိုးရစနစ်များ**

| | |
|---|---|
| **လုပ်ဆောင်ချက်ဖော်ပြချက်**<br><br>**လုပ်ဆောင်ချက်စုစုပေါင်းကြာချိန်** | ဤလုပ်ဆောင်ချက်သည် ဒီမိုကရေစီနှစ်အစိုးရအမျိုးမျိုးနှင့်စပ်လျဉ်း၍ ပါဝင်တက်ရောက်သူများ၏ ဗဟုသုတကိုတည်ဆောက်ပေးမည်ဖြစ်သည်။<br><br>၉၀ မိနစ် |
| **သင်ယူမှုရလဒ်** | ပါဝင်တက်ရောက်သူများသည် တိုက်ရိုက်နှင့်သွယ်ဝိုက်ဒီမိုကရေစီများအကြား ခြားနားချက်ကို နားလည်မည်ဖြစ်သည်။<br>ပါဝင်တက်ရောက်သူများသည် အစိုးရစနစ်အမျိုးမျိုးတွင် အာဏာကိုမည်သို့မည်ပုံမျှဝေကြောင်းနှင့်ပတ်သက်၍ သိရှိကြမည်ဖြစ်သည်။ |
| **လိုအပ်သောပစ္စည်းများ/အရင်းအမြစ်များ** | စာရွက်အကြီး နှင့် ဖောင်တိန်များ<br>တိုက်ရိုက်နှင့် သွယ်ဝိုက်ဒီမိုကရေစီဆိုင်ရာ ဓာတ်ပုံများ<br>"တိုက်ရိုက်" နှင့် "သွယ်ဝိုက်" ဟုပြဆိုသော သင်္ကေတများ<br>"ယူနစ်ထရီ"၊ "ကွန်ဖက်ဒရယ်" နှင့် " ဖယ်ဒရယ်" များနှင့် ကပ်ခွာစက္ကူကြီးများ သို့မဟုတ် သင်္ကေတလက္ခဏာလေးများ။<br>ဓာတ်ညွှန်းများ<br>မတူညီသော ရောင်စုံကပ်ခွာစာရွက်သုံးမျိုး (တစ်ဦးချင်းစီအတွက် များစွာ) |
| [၅ မိနစ်] | ***သင်တန်းပို့ချသူအတွက် မှတ်စု- သင်တန်းပို့ချသူသည် မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံများရှိ ဒီမိုကရေစီစနစ်အမျိုးမျိုးနှင့်ပတ်သက်၍ ၎င်းတို့၏ပုဂ္ဂိုလ်ရေးအမြင်များကို လုံးဝထုတ်ဖော် ပြောဆိုခြင်းမပြုရန် အရေးကြီးပါသည်။ ဤသင်ခန်းစာအချိန်၏ အလေးထားမှုမှာ တည်ရှိနေသောစနစ်အမျိုးမျိုးကို လေ့လာရန်ဖြစ်သည်။***<br><br>အဆင့် ၁။ နိုင်ငံတိုင်းတွင် ဒီမိုကရေစီကို တစ်မျိုးစီကျင့်သုံးကြကြောင်း ထုတ်နုတ်ရှင်းပြပါ။<br><br>အဆင့် ၂။ ဒီမိုကရေစီသည် အရေးပါသောလက္ခဏာရပ်အနည်းငယ်ရှိသော အုပ်ချုပ်နည်းစနစ် တစ်ခုဖြစ်ကြောင်း ပါဝင်တက်ရောက်သူများအား သတိပြုမိပါစေ။<br><br>အဆင့် ၃။ အားလုံးပါဝင်သော ဒီမိုကရေစီစနစ်တစ်ခု၏ အစိတ်အပိုင်းများရှိသော စက္ကူကားချပ်ကို ညွှန်ပြပါ။ ပထမသင်ခန်းစာတွင် ဒီမိုကရေစီစနစ်တွင် အားလုံးပါဝင်စေသော အစိတ်အပိုင်းများအကြောင်း မိမိတို့ဆွေးနွေးခဲ့ကြသည်။ |
| [၂၀ မိနစ်] | အဆင့် ၄။ တိုက်ရိုက်နှင့် သွယ်ဝိုက်ဒီမိုကရေစီဟူသော စကားရပ်များ၏ဆိုလိုချက်ကို သိမသိ ပါဝင်တက်ရောက်သူများအား မေးမြန်းပါ။ "တိုက်ရိုက်" နှင့် "သွယ်ဝိုက်" ဟူသော စကားလုံးများကို Flipchart တစ်ခု ပေါ်တွင် ရေးချပါ။ ဤစကားလုံးနှစ်ခု၏ ကွဲပြားခြားနားချက်ကို ပါဝင်တက်ရောက်သူ များအား ရှင်းလင်းပြပါ။<br>• **တိုက်ရိုက်ဒီမိုကရေစီ-** မှာ ပြည်သူများသည် ရပ်ရွာလူထုအတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်၌ တိုက်ရိုက်ပါဝင်ကြသည့်အချိန်တွင် ဖြစ်သည်။ ဆိုလိုသည်မှာ ဥပမာအားဖြင့် အကယ်၍ မည်သည့်နေ့၌မဲပေးရမည်ဆိုသည့် ကိစ္စအတွက်ဆုံးဖြတ်ရသည့်အခါ သို့မဟုတ် စာသင်ကျောင်းအတွက် စားပွဲများ သို့မဟုတ် ပန်ကာအသစ်များဝယ်ယူရေးနှင့်ပတ်သက်၍ ဆုံးဖြတ် ရသည့်အခါ |

ဤသို့ဆုံးဖြတ်ရသည့်လုပ်ငန်းစဉ်၌ လူတိုင်းဆန္ဒပြုခြင်း သို့မဟုတ် ပါဝင်ခြင်းရှိကြသည်။

- **သွယ်ဝိုက်ဒီမိုကရေစီ**- သို့မဟုတ် ကိုယ်စားပြုဒီမိုကရေစီတွင် ပြည်သူများသည် ၎င်းတို့၏ထင်မြင်ယူဆချက်များနှင့်လိုအပ်ချက်များကို ကိုယ်စားပြုမည့် ရပ်ရွာအတွင်းမှကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ကြသည်။ ကိုယ်စားလှယ်များက ပြည်သူများ၏သဘောတူညီမှုနှင့်အတူ ရပ်ရွာ လူထုအတွက် ဆုံးဖြတ်ချက်များကိုချမှတ်ကြသည်။

အဆင့် ၅။ သင်တန်းတက်ရောက်သူများအား အကြောင်းအရာနှင့် ပတ်သက်၍ ရှင်းလင်းမှု ရှိ/မရှိ မေးမြန်းပါ။

အဆင့် ၆။ ယခုအခါ မိမိတို့သည် တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီ တို့ကို သိကြပြီ ဖြစ်သောကြောင့် မိမိတို့၏ဗဟုသုတကိုစမ်းသပ်ရန်လိုကြောင်းနှင့် ဤစကားရပ်နှစ်ခုကို မိမိတို့၏နေ့စဉ်ဘဝရှိ သာဓကများနှင့် မည်သို့မည်ပုံအသုံးချရမည်ဆိုခြင်းကို လေ့လာရန်လိုအပ်ကြောင်း ပါဝင်တက်ရောက်သူများကို ပြောပါ။

အဆင့် ၇။ ပါဝင်တက်ရောက်သူများအား ၄ ဦးမှ ၆ ဦးအထိပါသော အဖွဲ့ငယ်များ အဖြစ်ဖွဲ့ပါစေ။

အဆင့် ၈။ သင် (သင်တန်းမှူး) က မတူညီသည့်သာဓကများကို တစ်ကြိမ်လျှင်တစ်ခုချင်း ဖတ်ပြမည်ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများအား ပြောပါ။ ယင်းသည် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဒီမိုကရေစီသာဓကတစ်ခုဖြစ်မဖြစ် သက်ဆိုင်ရာအဖွဲ့များက တစ်မိနစ်အတွင်း ဆွေးနွေးကြရမည်။ အခြားအဖွဲ့များနှင့် တိုင်ပင်မှုဝခြင်းမရှိစေရ။ သင် (သင်တန်းမှူး) ကမူ သင်တစ်ခုပြောတိုင်း အဖွဲ့တိုင်းကတစ်ချိန်တည်း၌ ၎င်းတို့၏ အဖြေ (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဒီမိုကရေစီ) ကို အော်ဟစ်ပြောဆိုသည်ကို ကြားနာရမည်ဖြစ်သည်။

အဆင့် ၉။ ပါဝင်တက်ရောက်သူသင်တန်းသား/သူများကို ပထမမေးခွန်းမေးပါ။

၁။ ရပ်ရွာလူထုအတွင်းရှိ ကောင်စီတစ်ရပ်သည် ဆုံးဖြတ်ချက်များကိုချမှတ်သည်။ ကောင်စီသည် ရပ်ရွာလူထုကိုသက်ရောက်သည့် အရေးကိစ္စများအပေါ် ဆုံးဖြတ်ချက်ချရန် လစဉ်အစည်းအဝေးခေါ်သည်။ ရပ်ရွာလူထုအဖွဲ့ဝင် မည်သူမဆိုပါဝင်တက်ရောက်နိုင်ကြသည်။

ဤသာဓကသည် တိုက်ရိုက်ဒီမိုကရေစီ သို့မဟုတ် သွယ်ဝိုက်ဒီမိုကရေစီလား?

အဆင့် ၁၀။ (တိုက်ရိုက်နှင့်သွယ်ဝိုက်ဖြေဆိုသည့်) တစ်ဖက်စီမှတစ်ဖွဲ့ကို မည်သည့်အတွက်ကြောင့် ထိုသို့ရွေးချယ်ဖြေဆိုရသည်ကို အကြောင်းပြရှင်းလင်းခိုင်းပါ။

အဆင့် ၁၁။ (အဖြေမှန်- တိုက်ရိုက်ဒီမိုကရေစီ) ဤသည်မှာ တိုက်ရိုက်ဒီမိုကရေစီ၏ သာဓကတစ်ရပ်ဖြစ်ကြောင်း အလေးထားရှင်းလင်းပြပါ။ အဘယ့်ကြောင့်ဆိုသော် ရပ်ရွာလူထုအဖွဲ့ဝင်တိုင်းသည် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များတွင် တိုက်ရိုက်ပါဝင်ပတ်သက်ရန် ဖိတ်ကြားခြင်းခံရသောကြောင့်ဖြစ်သည်။

အဆင့် ၁၂။ ပါဝင်တက်ရောက်သူ သင်တန်းသား/သူများကို မေးခွန်းများတစ်ခုချင်း ဆက်လက် မေးမြန်းပြီး၊ တိုက်ရိုက်ဒီမိုကရေစီ သို့မဟုတ် သွယ်ဝိုက်ဒီမိုကရေစီဖြစ်ကြောင်း

အော်ဟစ် ဖြေဆိုပါစေ။ (တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်) တစ်ခုချင်းစီမှ ဖြေဆိုလိုသူတစ်ဦးက မည်သည့် အတွက်ကြောင့် ထိုသို့ဖြေဆိုရကြောင်း ခုခံပြောဆိုနိုင်းပါ။ ထို့နောက် အောက်ပါအတိုင်း အဖြေမှန်ကိုပြော၍ရှင်းလင်းပြပါ။

လူ့အသိုင်းအဝိုင်း(ရပ်ရွာလူထု)တစ်ခုအတွင်း၌

၁။ ပြည်သူများသည် တိုင်းပြည်အတွက်ဥပဒေများပြုရန် ကိုယ်စားလှယ်များရွေး ကောက် တင်မြှောက်ကြသည်။ ပြည်သူလူထု ဦးရေ ၁၀၀,၀၀၀ တိုင်းအတွက် အရွေးကောက်ခံ ကိုယ်စားလှယ်တစ်ဦးရှိသည်။

အဖြေ - သွယ်ဝိုက်(ကိုယ်စားပြု) ဒီမိုကရေစီ။ ကိုယ်စားလှယ်တစ်ဦး၊ ဤဖြစ်စဉ်၌ ပါလီမန် လွှတ်တော်အမတ်တစ်ဦးသည် လူဦးရေ ၁၀၀,၀၀၀ ကို ကိုယ်စားပြုရန် ခန့်အပ်ထားခြင်းဖြစ်သည်။

၂။ ရပ်ရွာလူထုအဖွဲ့ဝင်မည်သူမဆို မည်သည့်အရေးကိစ္စနှင့်စပ်လျဉ်း၍မဆို ဆန္ဒခံယူမှုတစ်ခုကို တောင်းဆိုနိုင်သည်။ ဤသို့တောင်းဆိုပါက ရပ်ရွာလူထု၏အဖွဲ့ဝင်အားလုံးသည် ဆန္ဒမဲပေးရန် တာဝန်ရှိကြသည်။

အဖြေ - တိုက်ရိုက်ဒီမိုကရေစီ။ ရပ်ရွာလူထုအဖွဲ့ဝင်အားလုံးသည် ကိစ္စရပ်တစ်ခုနှင့် စပ်လျဉ်း၍ တိုက်ရိုက်ဆန္ဒမဲပေးလျက်ရှိကြသည်။

၃။ လွှတ်တော်ဥက္ကဋ္ဌ၊ ရွေးကောက်ခံပါလီမန်၏ခေါင်းဆောင်က နိုင်ငံအတွက်အရေးကြီးသည့် ဆုံးဖြတ်ချက်များအားလုံးကို ချမှတ်သည်။ ထိုဥက္ကဋ္ဌကို ပါလီမန်အမတ်များ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များက ဆန္ဒမဲပေး၍ရွေးချယ်ထားခြင်းဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူများက ငါးနှစ်တစ်ကြိမ်ရွေးကောက်တင် မြှောက်ကြသည်။

အဖြေ - သွယ်ဝိုက်ဒီမိုကရေစီ။ ပြည်သူများ၏ကိုယ်စား ဆုံးဖြတ်ချက်များကိုချမှတ်ပေးမည့် ခေါင်းဆောင်တစ်ဦးကိုရွေးကောက်တင်မြှောက်ပေးသည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူများက ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။

အဆင့် ၁၃။ ပါဝင်တက်ရောက်သူများအား မိမိတို့မူလထိုင်ခုံများသို့ပြန်လည်သွားရောက်စေပြီး အားလုံးကိုတစ်ဖွဲ့တည်းပြန်ဖြစ်ပါစေ။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများသည် ၎င်းတို့ကိုသက်ရောက်သည့် အရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်တွင် ပါဝင်ကြရန် လိုအပ်သော်လည်း တစ်ဦးတစ်ယောက်ချင်းစီအဖြစ် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း သို့မဟုတ် ကိုယ်စားလှယ်များမှတစ်ဆင့် သွယ်ဝိုက်ပါဝင်ပတ်သက်ခြင်းစသည့် တစ်နည်းနည်းဖြင့် နိုင်ငံသားများ၏ထင်မြင်ယူဆချက်များကို ဝေမျှသည့်နည်းလမ်းအမျိုး မျိုးရှိကြောင်း ထုတ်နုတ်ရှင်းလင်းပြောဆိုပါ။

အဆင့် ၁၄ = **ထုတ်နုတ်ပြောဆိုပါ** - ကမ္ဘာတစ်ဝန်းရှိနိုင်ငံအများစု၌ တိုက်ရိုက်နှင့် သွယ်ဝိုက် ဒီမိုကရေစီရောစပ်မှု တစ်ခုရှိကြောင်း ထုတ်နုတ်ရှင်းလင်းပါ။ မြန်မာနိုင်ငံတွင် တိုက်ရိုက်နှင့် သွယ်ဝိုက် ဒီမိုကရေစီ နှစ်ရပ်စလုံး၏ သာဓကများရှိပါသည်။

- တိုက်ရိုက်ဒီမိုကရေစီ - ပြည်သူများသည် ၎င်းတို့၏လွှတ်တော်ကိုယ်စား လှယ်များကို ရွေးကောက်တင်မြှောက်ရန် တိုက်ရိုက်ဆန္ဒမဲပေးကြသည်။
- သွယ်ဝိုက်ဒီမိုကရေစီ - (ပြည်သူများက မဲပေးရွေးချယ်ထားသည့်) လွှတ်တော်အမတ်များက မြန်မာနိုင်ငံသမ္မတကို မဲပေးရွေးချယ်ကြသည်။

| | |
|---|---|
| [၁၅ မိနစ်] | အဆင့် ၁၅။ **ထုတ်နှုတ်ပြောဆိုပါ** - ဒီမိုကရေစီပုံစံအမျိုးမျိုးတွင် ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် နည်းလမ်းအမျိုးမျိုးရှိကြောင်း ထုတ်နုတ်ရှင်းပြပါ။ ဒီမိုကရေစီစနစ်တစ်ခုဖြစ်ရန် ဆုံးဖြတ်ချက်များသည် ပြည်သူ၏ဆန္ဒကို ကိုယ်စားပြုရမည်ဖြစ်သည်။ သို့ရာတွင် ဤသို့ဖြစ်မြောက်ရန် နည်းလမ်းများ စွာရှိပါသည်။<br><br>အဆင့် ၁၆။ ဒီမိုကရေစီအစိုးရများကို ဗဟိုချုပ်ကိုင်လွန်းခြင်းမှစ၍ ဗဟိုချုပ်ကိုင်မှုမရှိပဲ ဒေသအစိုးရများထံ အာဏာပေးလွန်းသည်အထိ နည်းလမ်းအမျိုးမျိုးဖြင့် တည်ဆောက်နိုင်ကြောင်း ပါဝင်တက်ရောက်သူများအား ပြောပြပါ။ အစိုးရ၏ဖွဲ့စည်းတည်ဆောက်ပုံသည် အစိုးရအဖွဲ့အတွင်း အာဏာကို မည်သည့်နေရာတွင်ထားရှိသည်ဆိုခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ဆုံးဖြတ်ချက်အမျိုးမျိုးချမှတ်ရန် အစိုးရ၏မည်သည့်အစိတ်အပိုင်းများက အခွင့်အာဏာရှိကြခြင်းကို ဆိုလိုပါသည်။<br><br>အဆင့် ၁၇။ (အလျားလိုက်) စာရွက်အကြီးတစ်ခုပေါ်၌ အလယ်တွင်မျဉ်းတစ်ကြောင်းတား၍ တစ်ဖက်တွင် "ဗဟိုချုပ်ကိုင်ခြင်း" ဟုရေးပြီး၊ အခြားတစ်ဖက်တွင် "ဗဟိုချုပ်ကိုင်မှုမရှိခြင်း" ဟု ချရေးပါ။<br><br>အဆင့် ၁၈။ **ထုတ်နှုတ်ပြောဆိုပါ** - အစိုးရများသည် ဗဟိုချုပ်ကိုင်ခြင်း သို့မဟုတ် ဗဟိုချုပ်ကိုင်မှုမရှိခြင်းသာမကပဲ နေရာအနှံ့အပြားတွင်တည်ရှိကြောင်း ထုတ်နုတ်ရှင်းပြပါ။<br><br>အဆင့် ၁၉။ ဗဟိုချုပ်ကိုင်သော အစိုးရတစ်ရပ်သည် ဆုံးဖြတ်ချက်များချမှတ်ရမည့် အခွင့်အာဏာအားလုံးကို ဗဟိုအစိုးရထံ၌သာထားရှိပြီး ဒေသဆိုင်ရာအစိုးရများနှင့် မျှဝေခြင်းမရှိကြောင်း ပါဝင်တက်ရောက်သူများအား ရှင်းလင်းပြောဆိုပါ။ ဒေသဆိုင်ရာရုံးများရှိကောင်းရှိနိုင်သော်လည်း နောက်ဆုံးဆုံးဖြတ်ခွင့်အာဏာကို ဗဟိုအာဏာပိုင်များကသာ ချမှတ်သည်။<br><br>အဆင့် ၂၀။ ဗဟိုချုပ်ကိုင်မှုမရှိသော အစိုးရတစ်ရပ်တွင် ဒေသဆိုင်ရာအစိုးရများသည် ဆုံးဖြတ်ချက်ချမှတ်ရန် အခွင့်အာဏာရှိကြသဖြင့် ယင်းတို့၏မဲဆန္ဒနယ်မြေများ၏ ဆန္ဒကိုတိုက်ရိုက်တုံ့ပြန်နိုင်သော အခွင့်အာဏာရှိကြကြောင်း ပါဝင်တက်ရောက်သူများအား ရှင်းလင်းပြောပြပါ။<br><br>အဆင့် ၂၁။ စက္ကူကားချပ်ပေါ်တွင် "ယူနစ်ထရီ"၊ "ဖယ်ဒရယ်" နှင့် "ကွန်ဖယ်ဒရယ်" များရေးထားသော ကတ်စွာစက္ကူများကပ်ပါ။<br><br>အဆင့် ၂၂။ **ထုတ်နှုတ်ပြောဆိုပါ** - ဤအစိုးရစနစ်များသည် ယင်းတို့၏တာဝန်များကို ဆောင်ရွက်ရန် ဒီမိုကရေစီအစိုးရတစ်ရပ်အတွက် နည်းလမ်းမျိုးစုံဖြင့် ကိုယ်စားပြုလျက်ရှိကြောင်း ထုတ်နုတ်ပြောပြပါ။<br><br>အဆင့် ၂၃။ ဤအစိုးရစနစ်များကို ဗဟိုချုပ်ကိုင်ခြင်းမှ ဗဟိုချုပ်ကိုင်ခြင်းမရှိခြင်းအထိ တန်းစီဖြန့်ကျက်၍ ထားရှိနိုင်ကြောင်း ပါဝင်တက်ရောက်သည့် သင်တန်းသားများကို ပြောပြပါ။<br><br>အဆင့် ၂၄။ "ယူနစ်ထရီ" သင်္ကေတကို မြှောက်ကိုင်ပါ။ ယူနီထရီအစိုးရတစ်ရပ်သည် ဗဟိုအစိုးရက အခွင့်အာဏာအားလုံးကို ကိုင်စွဲထားသောအစိုးရဖြစ်ကြောင်း ရှင်းပြပါ။ ယူနစ်ထရီအစိုးရ တစ်ရပ်အောက်တွင် ဒေသခံအာဏာပိုင်များသည် ဆုံးဖြတ်ချက်များကို ၎င်းတို့ဘာသာချမှတ်နိုင်သည့် အခွင့်အာဏာမရှိချေ။ **ထုတ်နှုတ်ပြောဆိုပါ** -ဒေသခံအာဏာပိုင်များသည် ဗဟိုအစိုးရ၏လက်အောက်ခံသာဖြစ်ပြီး သက်ဆိုင်ရာတာဝန်များကို ဆောင်ရွက်ရန်တာဝန်ပေးခြင်းခံရနိုင်ကြောင်း ထုတ်နုတ်ပြပါ။ ယူနစ်ထရီအစိုးရများတွင် နိုင်ငံတစ်နံတစ်လျားလုံးအတွက် တူညီသောဥပဒေများနှင့် မူဝါဒများရှိပါသည်။ |

"ယူနစ်ထရီ" သင်္ကေတ၏ အပေါ် သို့မဟုတ် အောက်တွင် အောက်ပါအတိုင်းရေးပါ။
- ဗဟိုအစိုးရသည် အာဏာအားလုံးကို ချုပ်ကိုင်ထားသည်။
- ဒေသခံအာဏာပိုင်များတွင် ဗဟိုအစိုးရကပေးသော တာဝန်များရှိကြသည်။
- တစ်နိုင်ငံလုံးတွင် တူညီသောဥပဒေများနှင့် မူဝါဒများရှိသည်။

အဆင့် ၂၅။ အစဉ်လိုက်ရေးထားရာ ဗဟိုချုပ်ကိုင်ခြင်းဟူသည့်ဖက်တွင် "ယူနစ်ထရီ" သင်္ကေတကို ထားပါ။ ယူနစ်ထရီသည် ဗဟိုချုပ်ကိုင်မှုအများဆုံးသောအစိုးရဖြစ်ကြောင်း ပြောပြပါ။

အဆင့် ၂၆။ "ကွန်ဖယ်ဒရယ်" သင်္ကေတကို မြှောက်ကိုင်ပြပါ။ ကွန်ဖယ်ဒရယ်အစိုးရတစ်ရပ်တွင် ဒေသခံအာဏာပိုင်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိကြကြောင်း၊ ဆိုလိုသည်မှာ ဒေသခံအစိုးရများသည် ကိုယ်ပိုင်ဥပဒေပြု၍ဆုံးဖြတ်နိုင်ကြကြောင်း ရှင်းလင်းပြောပြပါ။ ကွန်ဖယ်ဒရယ်အစိုးရတစ်ရပ်၏လက်အောက်တွင် ဒေသခံအစိုးရများသည် ဆုံးဖြတ်ချက်များအားလုံးကို ချမှတ်ပြီး လွတ်လပ်ကြသည်။ ဒေသခံအာဏာပိုင်များသည် လူတိုင်းကိုသက်ရောက်သည့် ပြဿနာများကိုဖြေရှင်းရန် အတူတကွလုပ်ဆောင်နိုင်ဖွယ်ရှိသော်လည်း၊ ဗဟိုအစိုးရသည် ၎င်းတို့အတွက် ဝင်ရောက်ဆုံးဖြတ်ခွင့်အာဏာမရှိချေ။ ဆိုလိုသည်မှာ အမျိုးသားရေး အရေးကိစ္စတစ်ခုရှိလာလျှင် ဒေသခံအာဏာပိုင်များသည် အချင်းချင်းတိုင်ပင်၍ မည်သို့ဆောင်ရွက်ရမည်ကို သဘောတူညီမှုရယူကြရမည်ဖြစ်သည်။

"ကွန်ဖယ်ဒရယ်" သင်္ကေတ၏အပေါ် သို့မဟုတ် အောက်တွင် အောက်ပါတို့ကိုရေးပါ။
- ဒေသခံအာဏာပိုင်များသည် အခွင့်အာဏာအားလုံးကို ချုပ်ကိုင်သည်။
- ဒေသခံအာဏာပိုင်များသည် လွတ်လပ်စွာလုပ်ဆောင်ကြသည်။ (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိကြသည်။)

အဆင့် ၂၇။ "ကွန်ဖယ်ဒရယ်" သင်္ကေတကို အစဉ်လိုက်ပြသည့် ဗဟိုချုပ်ကိုင်မှုမရှိခြင်းဟူသော တစ်ဖက်တွင်ထားပါ။ ကွန်ဖယ်ဒရယ်သည် ဗဟိုချုပ်ကိုင်မှုမရှိဆုံးသော အစိုးရပုံစံဖြစ်ကြောင်း သင်တန်းသားများကို ပြောပြပါ။

အဆင့် ၂၈။ "ဖယ်ဒရယ်" သင်္ကေတကို မြှောက်ကိုင်ပြပါ။ ဖယ်ဒရယ်သင်္ကေတကို အစဉ်လိုက်ပြရာတွင် အလယ်၌ထားပါ။

အဆင့် ၂၉။ **ထုတ်နုတ်ပြောဆိုပါ** - ဖယ်ဒရယ်စနစ်အစိုးရသည် ဗဟိုချုပ်ကိုင်ခြင်းနှင့် ဗဟိုချုပ်ကိုင်မှုမရှိခြင်း၏ အကြားတွင်ရှိကြောင်း ထုတ်နုတ်ရှင်းပြပါ။

အဆင့် ၃၀။ ဖယ်ဒရယ်စနစ်သည် ဗဟိုချုပ်ကိုင်ခြင်းလည်းမဟုတ်၊ ဗဟိုချုပ်ကိုင်မှုမရှိခြင်းလည်းမဟုတ်သဖြင့် မည်သို့ထင်မြင်သည်ကို ပါဝင်တက်ရောက်သော သင်တန်းသား/သူများအားမေးမြန်းပါ။

သင်တန်းသားများအဖြေပေးသည်နှင့် ၎င်းအဖြေများကို "ဖယ်ဒရယ်" သင်္ကေတ၏ အထက်သို့မဟုတ် အောက်တွင်ရေးပါ။ အဖြေများတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။
- ဗဟိုအစိုးရနှင့် ဒေသခံအာဏာပိုင်များအကြား အာဏာခွဲဝေခြင်း။
- အာဏာပိုင်အမျိုးမျိုးအောက်တွင် ဥပဒေအမျိုးမျိုးရှိခြင်း။
- ဒေသကြီးများသည် ပြည်နယ်များ သို့မဟုတ် ခရိုင်စုများ။
- ဗဟိုအစိုးရနှင့် ဒေသခံအာဏာပိုင်များတွင် တာဝန်အမျိုးမျိုးရှိကြသည်။
  - ဆုံးဖြတ်ချက်အချို့ကို ဒေသခံအာဏာပိုင်များက ချမှတ်ပြီး အခြားဆုံးဖြတ်ချက်များကို ဗဟိုအစိုးရက ချမှတ်သည်။

| | |
|---|---|
| [၁၂ မိနစ်] | အဆင့် ၃၁။ စနစ်အမျိုးမျိုး၏ တစ်ခုချင်းစီအောက်တွင် ဒေသခံနှင့်အမျိုးသားအဆင့် အစိုးရရုံးများအကြား ပဋိပက္ခတစ်ခုရှိသည့်အခါ မည်သို့ထင်မြင်ကြောင်း သင်တန်းသားများအား မေးမြန်းပါ။ သင်တန်းသား သုံး-လေးဦးအား ၎င်းတို့၏ထင်မြင်ချက်ကို မျှဝေပါစေ။ အစိုးရစနစ်များအနက်တစ်ခုခုကို ထုတ်ဖော်ပြောဆိုခြင်းမရှိပါက အရိပ်အမြွက်ပေး၍ ထောက်ပြပါ။<br><br>အဆင့် ၃၂။ ပါဝင်တက်ရောက်သော သင်တန်းသား/သူများကို အုပ်စု ၃-၄ စုခွဲပါ။<br><br>အဆင့် ၃၃။ **ဇာတ်ညွှန်းများကို ပေးဝေပါ။** အစိုးရစနစ်အမျိုးမျိုး၌ ပြဿနာများကိုမည်သို့ဖြေရှင်းထားသည်နှင့်ပတ်သက်၍  ၎င်းတို့စဉ်းစားရလိမ့်မည်ဖြစ်ကြောင်း<br>သင်တန်းသား/သူများအား ပြောပြပါ။<br><br>အဆင့် ၃၄။ **အဖွဲ့တစ်ခုချင်းအား မတူညီသောဇာတ်ညွှန်းတစ်ခုစီ တာဝန်ပေးပါ။** ဇာတ်ညွှန်းများကိုဖတ်ရှုပြီး နောက်အဆင့်များကိုဆုံးဖြတ်ရန် ၁၀ မိနစ်အချိန်ရမည်ဖြစ်ကြောင်း အဖွဲ့များအားပြောပါ။ ထို့နောက် ၎င်းတို့သည် ကျန်သည့်သူများအားလုံးအား ၎င်းတို့ဖြေရှင်းချက်များအား ရှင်းလင်းတင်ပြ ရမည်ဖြစ်သည်။ |
| [၁၀ မိနစ်] | အဆင့် ၃၅။ ပထမအဖွဲ့အား ၎င်းတို့၏ဇာတ်ညွှန်းကိုတင်ပြဆွေးနွေးရန် နိုးပါ။ အောက်ပါမေးခွန်းအချို့ သို့မဟုတ် အားလုံးကိုမေးမြန်းခြင်းအားဖြင့် ထိုအဖွဲ့ကိုအသေးစိတ်ထပ်လောင်းပြောဆိုရန် ထောက်ပြပြောဆိုနိုင်ပါသည်။<br>• ဤဇာတ်ညွှန်းတွင် မည်သည့်အစိုးရစနစ်ကို အသုံးပြုထားသနည်း?<br>• ပဋိပက္ခတွင် မည်သူ (လူပုဂ္ဂိုလ်များ သို့မဟုတ် ရုံးများ) တို့ ပါဝင်ပတ်သက်သနည်း?<br>• ဤအစိုးရပုံစံအောက်တွင် မည်သည့်ရုံးသည် နောက်ဆုံးအဆုံးအဖြတ်ရှိသနည်း? ဆုံးဖြတ်ချက်များချမှတ်ရန် မည်သူ့ထံတွင် အာဏာရှိသနည်း?<br>• နောက်အဆင့်များကို သင်မည်သို့ထင်မြင်သနည်း?<br><br>အဆင့် ၃၆။ ဤဆန်းစစ်လေ့လာမှုကို အခြားအဖွဲ့များက သဘောတူခြင်းရှိမရှိ မေးမြန်းပါ။ အဘယ့်ကြောင့် သဘောတူ၊ မတူကို မေးမြန်းပါ။ (တင်ပြဆွေးနွေးသည့်အဖွဲ့မှမဟုတ်သည့်) သင်တန်းသား ၁- ၂ ဦးကို ၎င်းတို့၏ထင်မြင်ချက် ပေးပါစေ။<br><br>အဆင့် ၃၇။ ကျန်ရှိနေသော အခြားအဖွဲ့များအတွက် အဆင့် ၃၅ နှင့် ၃ တို့ကို ပြန်လုန်လုပ်ဆောင်ပါ။ |
| [၃ မိနစ်] | အဆင့် ၃၈။ **ထုတ်နှုတ်ပြောဆိုပါ** - တက်ရောက်သော သင်တန်းသားများသည် ယခုအခါ အစိုးရစနစ်အမျိုးမျိုးအကြောင်းကို အတော်များများသိရှိကြပြီဖြစ်ကြောင်း ထုတ်နုတ်ရှင်းပြပါ။ သူတို့သည် ဖယ်ဒရယ်၊ ယူနစ်ထရီနှင့် ကွန်ဖယ်ဒရယ်စနစ်များအကြား ခြားနားချက်များကို လေ့လာပြီးဖြစ်ပါသည်။ သူတို့သည် စနစ်တစ်ခုချင်းစီအောက်တွင် ဖြစ်ပေါ်နိုင်သော စိန်ခေါ်မှုများနှင့် ယင်း ပဋိပက္ခများကိုဖြေရှင်းရမည့် အမျိုးမျိုးသောနည်းလမ်းများစွာတို့အနက် အချို့ကိုလည်း လေ့လာထားပြီးဖြစ်ပါသည်။ **သင်တန်းမှူးမှတ်စု**- မည်သည့်စနစ်သည် အခြားတစ်ခုထက် ပိုမိုကောင်းမွန်ကြောင်း သို့မဟုတ် ပိုမိုဆိုးဝါးကြောင်းနှင့်ပတ်သက်၍ ထင်မြင်ချက်တစ်ခုခုကို မဖော်ပြမိရန် အရေးကြီးပါသည်။ ဤသင်ခန်းစာ၏ပန်းတိုင်မှာ တည်ရှိနေသောစနစ်အမျိုးမျိုး အကြောင်း ပါဝင်တက်ရောက်သူ သင်တန်းသားများလေ့လာသိရှိရန် ဖြစ်ပါသည်။ |
| [၁၅ မိနစ်] | အဆင့် ၃၉။ သင်တန်းသားများအာ ယခုအခါ၎င်းတို့သည် သိရှိထားသော ယူနစ်ထရီ၊ ဖယ်ဒရယ်နှင့် ကွန်ဖယ်ဒရယ်အစိုးရစနစ်များအကြောင်းကို ကမ္ဘာတစ်ဝန်းမှနိုင်ငံများသို့ အသုံးချကြလိမ့်မည်ဖြစ်ကြောင်း သင်တန်းသားများအား ပြောပြပါ။ တစ်နိုင်ငံချင်းစီအတွက် အစိုးရစနစ်ကို မှန်ကန်စွာဖြေဆိုနိုင်ခြင်းမရှိပါကလည်း ကိစ္စမရှိပါကြောင်း အသေအချာပြောပြပါ။ |

| | |
|---|---|
| | ဤသည်မှာ ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအမျိုးမျိုးတို့ကအသုံးပြုနေသော စနစ်များအကြောင်းကို ပိုမိုလေ့လာနိုင်ရန်အတွက် လေ့ကျင့်ခန်းတစ်ခုဖြစ်ပါသည်။<br><br>အဆင့် ၄ဝ။ ကမ္ဘာတစ်ဝန်းရှိအစိုးရများနှင့်ပတ်သက်၍ သတင်းအချက်အလက်အစုံကို ပေးဝေထားပါ။ ဤသတင်းအချက်အလက်များကိုအသုံးပြု၍ နိုင်ငံတစ်နိုင်ငံ၏အစိုးရသည် ယူနစ်ထရီ၊ ဖယ်ဒရယ် သို့မဟုတ် ကွန်ဖယ်ဒရယ်ဖြစ်ကြောင်း ဆုံးဖြတ်နိုင်ကြောင်း သင်တန်းသားများအား ပြောပြပါ။<br><br>သင်တန်းမှူးမှတ်စု- အကယ်၍ အမြင်အာရုံချို့တဲ့သော သင်တန်းသားများပါရှိပါက သင်တန်းသားအားလုံးအား နစ်ယောက်တစ်တွဲစီလုပ်ဆောင်နိုင်းပါ။<br><br>အဆင့် ၄၁။ သင်တန်းခန်းမအရှေ့ဖက်ရှိ ကားချပ်ပေါ်တွင် နိုင်ငံတစ်ခုချင်း၏အမည်သေးတွင် အသုံးပြုသောအစိုးရစနစ်ကို ခန့်မှန်း၍ ကပ်ခွာစာရွက်များ ထားရှိပေးရန် သင်တန်းသားများအားစေခိုင်းပါ။<br>• ယူနစ်ထရီအစိုးရများအတွက် ကပ်ခွာစာရွက်အပြာရောင်<br>• ဖယ်ဒရယ်အစိုးရများအတွက် ကပ်ခွာစာရွက်အဝါရောင်<br>• ကွန်ဖယ်ဒရယ်အစိုးရများအတွက် ကပ်ခွာစာရွက်လိမ္မော်ရောင်<br>***သင်တန်းမှူးမှတ်စု***- *ရရှိသည့်ကပ်ခွာစာရွက်များ၏အခြေအနေအရ အထက်ဖော်ပြပါအရောင်များကို ပြောင်းလဲအသုံးပြုနိုင်သည်။*<br><br>သင်တန်းသားများအား ဆုံးဖြတ်ချက်များချမှတ်ရန် ၁၀- ၁၅ မိနစ်အချိန်ပေးပါ။ |

| | |
|---|---|
| [၁၅ မိနစ်] | အဆင့် ၄၂။ **ထုတ်နုတ်ပြောဆိုပါ** - နိုင်ငံအမျိုးမျိုးတွင်အသုံးပြုသော အစိုးရစနစ်များအကြောင်း သင်တန်းသားများ လေ့လာထားရှိပြီးဖြစ်ကြောင်း ထုတ်နုတ် ပြောဆိုပါ။<br><br>အဆင့် ၄၃။ စာရင်းပေါ်ရှိ ပထမဆုံးနိုင်ငံ - အာဂျင်တီးနားကို ထောက်ပြပါ။ ယင်းနိုင်ငံတွင် ဖယ်ဒရယ်၊ ကွန်ဖယ်ဒရယ်နှင့် ယူနစ်ထရီစသဖြင့် မည်သူတို့က မည်သည်ကိုထင်မြင်ကြကြောင်း သင်တန်းသားများအား ပြောပြပါ။ [သင်တန်းမှူးမှတ်စု- သင်သည် ကိန်းဂဏန်းအတိအကျပြောပြရမည်မဟုတ်သော်လည်း "ဒီကပ်ရွာအများစုက ယူနစ်ထရီအတွက်"၊ ဒီကပ်ရွာစတ္တုတစ်ဝက်လောက်က ဖယ်ဒရယ်အကြောင်း"၊ "ကွန်ဖယ်ဒရယ်အတွက် ကပ်ရွာစတ္တုမရှိ" စသဖြင့် ပြောနိုင်ပါသည်။]<br><br>အဆင့် ၄၄။ အမြေမှန်ကိုမျှဝေခြင်းမပြုမီ စနစ်ပုံစံအတွက် မည်သည့်အတွက်ကြောင့် ၎င်းတို့မဲပေးခဲ့ရကြောင်းအကျိုးအကြောင်းပြောရန် သင်တန်းသားများအား မေးပါ။ အောက်တွင်ရေးထားသောနိုင်ငံများ၏ တစ်နိုင်ငံချင်းစီအတွက် အထက်ပါအတိုင်း ထပ်မံလုပ်ဆောင်ပါ။<br>ပြင်သစ်- ယူနစ်ထရီ<br>အိန္ဒိယ- ဖယ်ဒရယ်<br>အင်ဒိုနီးရှား- ယူနစ်ထရီ<br>ဂျပန်- ယူနစ်ထရီ<br>မြန်မာ- ယူနစ်ထရီ<br>နီပေါ- ဖယ်ဒရယ်<br>ပါကစ္စတန်- ဖယ်ဒရယ်<br>ဖိလစ်ပိုင်- ယူနစ်ထရီ<br>သီရိလင်္ကာ- ယူနစ်ထရီ<br>ဆွစ်ဇာလန်- ဖယ်ဒရယ် (ကွန်ဖယ်ဒရယ်ဖြစ်ခဲ့ဖူးသည်။)<br>အမေရိကန်ပြည်ထောင်စု- ဖယ်ဒရယ်<br>ဥရောပသမဂ္ဂ- ကွန်ဖယ်ဒရယ် |
| [၅ မိနစ်] | အဆင့် ၄၅။ အစိုးရစနစ်အမျိုးမျိုးအကြောင်း လေ့လာခဲ့ရာမှ တစ်ခုကိုပြန်လည်မျှဝေရန် သင်တန်းသား ၄-၅ ဦးကို မိုင်းပါ။<br><br>အဆင့် ၄၆၊ **ထုတ်နုတ်ပြောဆိုပါ** - သင်တန်းသား/သူများ မျှဝေပြီးသည့်အခါ ကမ္ဘာတစ်ဝန်းရှိ ဒီမိုကရေစီနိုင်ငံများ သည် အစိုးရစနစ်အမျိုးမျိုးကျင့်သုံးကြောင်း ထုတ်နုတ်ပြောပြပါ။ ဒီမိုကရေစီနိုင်ငံများသည် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်ကောင်းဆောင်ရွက်ကြသော်လည်း ၎င်းတို့သည် လွတ်လပ်သောရွေးကောက်ပွဲများကို ပုံမှန်ကျင်းပ၍ ပြည်သူများကို တုံ့ပြန်ဆောင်ရွက်ပေးကြဆဲ ဖြစ်ကြောင်း ထုတ်နုတ်ပြောပြပါ။ ဤသင်ခန်းစာအချိန်၌ သာဓကများ အဖြစ်အသုံးပြုခဲ့သည်များ အပါအဝင် အားလုံးပါဝင်သည့်ဒီမိုကရေစီနိုင်ငံများတွင် ယူနစ်ထရီ၊ ဖယ်ဒရယ် သို့မဟုတ် ကွန် ဖယ်ဒရယ်စနစ်တစ်ခုကို အသုံးပြုသော အစိုးရများရှိကောင်းရှိနိုင်သော်လည်း တူညီသော အစိတ်အပိုင်းအချို့အရ လက္ခဏာသတ်မှတ်နိုင်ပါသေးသည်။ (သင်တန်းမှူး- အားလုံးပါဝင်သော ဒီမိုကရေစီတစ်ရပ်၏ အစိတ်အပိုင်းများစာရင်းကို ထောက်ပြပါ။) |
| **သင်တန်းရေးရာ မှတ်ချက်များ** | ဤလေ့ကျင့်ခန်းအတွက် သင်တန်းမှူးသည် နှစ်ဖက်သောသင်တန်းသား/သူများက ၎င်းတို့၏ ထင်မြင်ချက်များနှင့် စိတ်ကူးများကိုဖော်ပြပြီးမှသာလျှင် အဖြေမှန်များကို ရှင်းပြသင့်ပါသည်။ သင်တန်းမှူးသည် မည်သည့်နိုင်ငံအတွက်မှ မည်သည့်အစိုးရစနစ်များသည် ပိုမိုကောင်းမွန်ကြောင်း သို့မဟုတ် ပိုမိုဆိုးရွားကြောင်း ပုဂ္ဂိုလ်ရေးထင်မြင်ချက်တစ်ခုကို ထုတ်ဖော်ပြောဆိုခြင်းမပြုသင့်ပေ။ သင်တန်းမှူးသည် အထက်တွင်ဖော်ပြထားသကဲ့သို့ ဖြည့်စွက်စိတ်ကူးများကို မျှဝေနိုင်ပါသည်။ |

အစိုးရစနစ်များ - ဖြစ်စဉ်များ

အစိုးရစနစ်များ - ဖော်ပြချက်များ

**နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော
လက်တွေ့ဘဝဆီသို့**

**အစိုးရစနစ်များ**

## ဇာတ်လမ်း ၁

သင်သည် အစိုးရတစ်ခုနှင့်တစ်ခုတို့၌ တစ်ခါတရံမတူညီသောဥပဒေများရှိတတ်သည့် ဗဟိုအစိုးရတစ်ရပ်နှင့် ဒေသကြီးဆိုင် ရာ အစိုးရများရှိသော နိုင်ငံတစ်ခုတွင် နေထိုင်ပါသည်။

ပြည်နယ်-၁ တွင်နေထိုင်သည့် မသန်စွမ်းသူများသည် လွတ်လပ်စွာနှင့် လျှို့ဝှက်စွာမဲပေးနိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများရရှိရန် ရွေးကောက်ပွဲအာဏာပိုင်များထံသို့ ဆန္ဒမဲပေးရာ၌ ၎င်းတို့နှစ်သက်ရာနေရာထိုင်ခင်းအခြေအနေများ လျှောက်ထားရန် လိုအပ်ပါသည်။ ပြည်နယ်-၂ တွင်ဆန္ဒမဲပေးရန် မှတ်ပုံတင်ထားသူများသည် ထိုသို့ရွေးချယ်စရာမရှိကြပဲ၊ ပြည်နယ်-၂ ရှိ ရွေးကောက်ပွဲအာဏာပိုင်များသည် စနစ်ကိုပြောင်းလဲရန် ငြင်းဆန်ထားကြသည်။

ပြည်နယ်-၂ ရှိ မသန်စွမ်းသူများသည် အစိုးရ၏ဤစနစ်အရ တန်းတူညီမျှသောအခွင့်အရေးရရှိရန် ဘာလုပ်နိုင်ကြသနည်း?

## ဇာတ်လမ်း ၂

သင်သည် ကိုယ်ပိုင်ဥပဒေများရှိပြီး CRPD ကိုလက်မှတ်ရေးထိုးထားကြသော ပြည်နယ်အသီးသီးရှိရာ နိုင်ငံတစ်ခုတွင် နေထိုင်ပါသည်။ မသန်စွမ်းသူတောင်းဆိုလှုပ်ရှားသူအချို့သည် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်တားဆီးခံလိုကြသည်။ ထို့ကြောင့် ၎င်းတို့သည် ဥပဒေများကို CRPD နှင့် လိုက်ဖက်စေရန် ပြည်နယ်များထံ တောင်းဆိုလှုပ်ရှားကြသည်။

ပြည်နယ်-၃ တွင် လိင်၊ ကျား-မ၊ တိုင်းရင်းသားမျိုးနွယ်၊ ဘာသာရေးနှင့် လိင်စိတ်တိမ်းညွတ်မှုစသည်တို့ကို အခြေခံသော ခွဲခြားဆက်ဆံမှုများကို ကာကွယ်တားဆီးသည့် ခွဲခြားဆက်ဆံမှုမရှိစေရေးဥပဒေတစ်ရပ်ရှိသော်လည်း မသန်စွမ်းမှုကိုမူ ချန်လှပ်ထားခဲ့ရသည်။ ၎င်းတို့သည် ဖြစ်စဉ်တစ်ခုကိုပင် ပြည်နယ်တရားရုံးထံသို့တင်ပြသော်လည်း ပယ်ချခံရသည်။ ပြည်နယ်-၄ တွင် အလားတူဖြစ်စဉ်ရှိပါသည်။ ပြည်နယ်-၃ တွင် မသန်စွမ်းသူများအနိုင်ရပြီး မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုကို အသိအမှတ်ပြုခံရသည်။

ပြည်နယ်-၃ ရှိ မသန်စွမ်းသူများသည် အစိုးရ၏ဤစနစ်အရ အသိအမှတ်ပြုခံရရန် မည်သို့ဆောင်ရွက်နိုင်သနည်း?

## ဇာတ်လမ်း ၃

သင်သည် ခိုင်မာသောဗဟိုအစိုးရတစ်ရပ်ရှိသည့် နိုင်ငံတစ်ခုတွင် နေထိုင်သည်။

ရွေးကောက်ပွဲအတွင်း မဲရုံဝန်ထမ်းများသည် မသန်စွမ်းသူများအားအကူအညီပေးရန် သင်တန်းပေးထားခြင်းမရှိသည်ကို သင်သတိပြုမိသည်။ ထိုဝန်ထမ်းများသည် တန်းစီနေသူများ၏ရှေ့သို့သွားရောက်လိုသော မသန်စွမ်းသူများကို အထင်မြင်သေး၍ မသိကျိုးကျွံပြုခဲ့ကြသည်။ သင်သည် ထိုကိစ္စကို ဒေသရုံးသို့တိုင်ကြားခဲ့သော်လည်း ထိုသူတို့က ၎င်းတို့သည်သင်တန်းပေးသူများမဟုတ်ကြောင်းသာ သင့်ကိုပြောပြကြသည်။

အစိုးရ၏ဤစနစ်အရ မသန်စွမ်းသူများသည် မဲရုံဝန်ထမ်းများကိုသင်တန်းပေးရေးကိစ္စအတွက် မည်သို့ဆောင်ရွက်နိုင်သနည်း?

**နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော**
**လက်တွေ့ဘဝဆီသို့**

**အစိုးရစနစ်များ**

# ဇာတ်လမ်း ၄

သင်သည် အစိုးရတစ်ခုနှင့်တစ်ခုတို့၌ တစ်ခါတရံမတူညီသောဥပဒေများရှိတတ်သည့် ဗဟိုအစိုးရတစ်ရပ်နှင့် ဒေသကြီးဆိုင် ရာ အစိုးရများရှိသော နိုင်ငံတစ်ခုတွင် နေထိုင်ပါသည်။ သင်၏နိုင်ငံသည် လွန်ခဲ့သည့်နှစ်အနည်းငယ်က CRPD ကို လက်မှတ်ထိုးခဲ့သည်။

ပြည်နယ်-၅ သည် CRPD ၏ အရေးပါသည့်ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ခြင်းမရှိကြောင်းနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများနှင့် ဉာဏမသန်စွမ်းသူတို့သည် မဲပေးခြင်းမှတားမြစ်ခံနေရကြောင်း DPO များက သိရှိကြသည်။ ထိုသို့ကန့်သတ်ချက်များသည် ပြည်နယ်အဆင့်တွင်ဖြစ်ပြီး အမျိုးသားအဆင့်တွင်မဟုတ်ပေ။

အစိုးရ၏ဤစနစ်အရ ပြည်နယ်-၅ ရှိ မသန်စွမ်းသူများသည် ဥပဒေရေးရာအခွင့်အရေးများကိုသေချာစေရန် မည်သို့ ဆောင်ရွက်နိုင်သနည်း?

Australian Aid
UKaid from the British people

**နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော**

**လက်တွေ့ဘဝဆီသို့**

**အစိုးရစနစ်များ**

| နိုင်ငံအမည် | ဖော်ပြချက် | မည်သည့် အစိုးရ စနစ်ကို အသုံးပြု သနည်း။ (တစ်ခု ကို ရွေးချယ်ပါ။) |
|---|---|---|
| အာဂျင်တီးနား | အာဂျင်တီးနား နိုင်ငံတွင် ပြည်နယ် ၂၃ ခု (နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင် ၁ ခု) တို့ ရှိသည်။ ပြည်နယ် တစ်ခုချင်းစီသည် ကိုယ်ပိုင် ဖွဲ့စည်းပုံ၊ ဥပဒေများ၊ အစိုးရစနစ်များရှိသည်။ ပြည်နယ် ဥပဒေများသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် နိုင်ငံတော်အဆင့် ဥပဒေများနှင့် ကိုက်ညီမှုရှိရသည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |
| မြင်သစ် | မြင်သစ်နိုင်ငံတွင် ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များ ရှိသည်။ ထိုဒေသန္တရအုပ်ချုပ်ရေး နယ်ပယ်များ လုပ်ဆောင်ရမည့် တာဝန်များကို ဗဟိုအစိုးရက ခွဲဝေသတ်မှတ်ပေးသည်။ လွှတ်တော်နှစ်ရပ်ရှိသည်။ ပြည်သူ့လွှတ်တော် တွင် ကိုယ်စားလှယ် ၂၂၂ ယောက်ရှိပြီး၊ မဲဆန္ဒရှင်များက မဲဆန္ဒနယ်တစ်နယ် ချင်းစီအတွက် ကိုယ်စားလှယ်တစ်ဦးအား ၅ နှစ် သက်တမ်းအတွက် ရွေးကောက်တင်မြှောက်သည်။ ဆီးနိတ် (အထက်လွှတ်တော်) တွင် ကိုယ်စားလှယ် ၃၄၈ ယောက်ရှိပြီး ၆ နှစ်သက်တမ်းအတွက် ရွေး ကောက်တင်မြှောက်သည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |
| အိန္ဒိယ | အာဏာကို ပြည်နယ်အစိုးရများနှင့် ပြည်ထောင်စု အစိုးရတို့ အကြားခွဲဝေ ကျင့်သုံးသည်။ ပြည်ထောင် စုအစိုးရသည် နိုင်ငံတော်ကာကွယ်ရေး နှင့် နိုင်ငံ တကာဆက်ဆံရေးကဲ့သို့ သော လုပ်ငန်းများကို ဆောင်ရွက်သည်။ ပြည်နယ်အစိုးရများမှာ ပြည် နယ်တွင်းလုံခြုံရေး နှင့် အခြားသော ပြည်နယ်ဆိုင် ရာကဏ္ဍများအား ဆောင်ရွက်သည်။ ပြည်နယ် တစ်ခုချင်းစီတွင် သက်ဆိုင်ရာ လွှတ်တော်များရှိ ကြသည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |

**နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော**

**လက်တွေ့ဘဝဆီသို့**

***အစိုးရစနစ်များ***

| | | |
|---|---|---|
| ဂျပန် | ဂျပန်နိုင်ငံတွင် ဒေသန္တရအုပ်ချုပ်ရေး နယ်ပယ် ၄၇ ခုရှိပြီး၊ ဧကရာဇ်သည် နိုင်ငံ့ဥဒေါင်းဖြစ်သည်။ သို့သော် ဂျပန်နိုင်ငံတွင် ပြည်နယ်များ၊ တိုင်းဒေသကြီးများမရှိပါ။ နိုင်ငံတစ်ဝှမ်းမှ မဲဆန္ဒရှင်တို့ သည် နိုင်ငံတော်လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးချယ်ကြသည်။ နိုင်ငံတော်လွှတ်တော်ကို House of Councillors နှင့် House of Representatives တို့ဖြင့် ဖွဲ့စည်းထားသည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |
| မြန်မာ | မြန်မာနိုင်ငံတွင် ပြည်နယ်၊ တိုင်းဒေသကြီး ၇ခုစီ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ တိုင်း ၅ ခု ရှိသည်။ ပြည်နယ်၊ တိုင်းဒေသကြီး တစ်ခုစီတွင် ပြည်နယ်အစိုးရ သို့မဟုတ် တိုင်းဒေသကြီး အစိုးရ တို့ ရှိကြသည်။ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရတို့ သည် ဗဟိုအစိုးရမှ ချမှတ်ထားသော မူဝါဒများနှင့် ပြည်ထောင်စု ဥပဒေများအရ ၎င်းတို့၏ ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ဆောင်ကြသည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |
| နီပေါ | ၂၀၁၅ ခုနှစ်တွင် နီပေါနိုင်ငံသည် ပြည်နယ် ၇ ခုကို ဖွဲ့စည်းခဲ့သည်။ ထိုပြည်နယ် ၇ ခုတွင် ကိုယ်ပိုင်အမည်များ မရှိသေးပေ။ သို့သော် ပြည်နယ်တစ်ခုချင်းစီတွင် ဥပဒေပြုရေးမဏ္ဍိုင်တစ်ခုစီ ရှိမည်ဖြစ်သည်။ ပြည်နယ်များသည် ၎င်းတို့၏ ကိုယ်ပိုင်ဥပဒေများကို ပြဋ္ဌာန်းခွင့်ရှိသော်လည်း၊ နိုင်ငံတော်၏ ဥပဒေများနှင့် ကိုက်ညီမှုရှိရမည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |
| ပါကစ္စတန် | ပါကစ္စတန်နိုင်ငံတွင် ပြည်နယ် ၄ ခုရှိသည်။ ပြည်နယ် အုပ်ချုပ်ရေးမှူးများကို သမ္မတက ခန့်အပ်ပြီး၊ ထိုသူတို့ သည် ဗဟိုအစိုးရ၏ ကိုယ်စားလှယ်များဖြစ်သကဲ့သို့ တာဝန်ထမ်းဆောင်ကြသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးများသည် ပြည်နယ်အစိုးရ၏ အုပ်ချုပ်ဆောင်ရွက်မှုများတွင် မပါဝင်ကြပေ။ ပြည်နယ်တစ်ခုချင်းစီတွင် ပြည်နယ်လွှတ်တော်များရှိကြသည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |

နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော

လက်တွေ့ဘဝဆီသို့

*အစိုးရစနစ်များ*

| | | |
|---|---|---|
| ဗိလစ်ပိုင် | ဗိလစ်ပိုင်နိုင်ငံရှိ ပြည်နယ် ၄ ခုလုံးသည် ဖက်ဒ်အစိုးရကို တိုက်ရိုက်တာဝန်ခံရသည်။ သမ္မတသည် နိုင်ငံတော်တစ်ဝှမ်းရှိ နယ်မြေအပိုင်းအခြားတို့ နှင့် စပ်လျဥ်း၍ ပြည်နယ်များဖွဲ့ စည်းခြင်း၊ ပယ်ဖျက်ခြင်း၊ ဖွဲ့ စည်းမှုပုံသဏ္ဍာန်ကို ပြုပြင်ခြင်းများ ပြုလုပ်နိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် ထိုပြောင်းလဲမှုများနှင့် စပ်လျဥ်း၍ မဲပေးအတည်ပြုပေးရသည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |
| သီရိလင်္ကာ | သီရိလင်္ကာနိုင်ငံသားတို့ သည် သမ္မတ နှင့် လွှတ်တော်ကိုယ်စားလှယ်များ အား ၅ နှစ်တစ်ကြိမ်ရွေးချယ်တင်မြှောက်ရသည်။ ပါလီမန်တွင် ကိုယ်စားလှယ်ဦးရေ ၂၂၅ ဦးရှိပြီး နိုင်ငံတော်ရှိ ဥပဒေများကို ပြဋ္ဌာန်းရသည်။ ပါလီမန်အား ၁ နှစ်ခန့် ခေါ်ယူကျင်းပပြီးလျှင်၊ သမ္မတသည် လိုအပ်လာပါက ပါလီမန်အား ခေါ်ယူခြင်း၊ ရပ်ဆိုင်းခြင်း၊ ပါလီမန်အစည်း အဝေးများအား ရပ်ဆိုင်းခြင်း နှင့် ပါလီမန်အား ဖျက်သိမ်းခြင်းတို့ ပြုလုပ်နိုင်သည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |
| ဆွစ်ဇာလန် | ဆွစ်ဖက်ဒရယ်ကောင်စီသည် အဖွဲ့ ဝင် ၇ ဦးဖြင့် အစိုးရကို ဦးဆောင်နေသည့် အဖွဲ့ ဖြစ်သည်။ ဆွစ်ဇာလန်တွင် ဥပဒေများကို ပြောင်းလဲလိုပါက ဆန္ဒခံယူပွဲဖြင့်သာ ပြောင်းလဲနိုင်သဖြင့်၊ တိုက်ရိုက်ဒီမိုကရေစီကို တစ်စိတ်တစ်ပိုင်း ကျင့်သုံးသည်ဟု မှတ်ယူနိုင်သည်။ ဆွစ်ဇာလန်တွင် ပြည်နယ် ၂၆ ခုရှိပြီး၊ ပြည်နယ်တစ်ခုချင်းစီတွင် ကိုယ်ပိုင်ဖွဲ့ စည်းပုံအခြေခံဥပဒေများရှိကြသည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |
| အမေရိကန်ပြည်ထောင်စု | အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ် ၅၀ ရှိသည်။ ပြည်နယ်တစ်ခုချင်းစီတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်များရှိကြသည်။ ပြည်နယ်များသည် ၎င်းတို့ ၏ ဥပဒေများကို လွတ်လပ်စွာပြဋ္ဌာန်းနိုင်သည်။ သို့ သော် ထိုဥပဒေများ နှင့် စပ်လျဥ်း၍ ပြည်ထောင်စုတရားရုံးချုပ်တွင် စောဒကတက်နိုင်သည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |

Australian Aid

UKaid

**နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော**

**လက်တွေ့ဘဝဆီသို့**

***အစိုးရစနစ်များ***

| | | |
|---|---|---|
| ဥရောပသမဂ္ဂ | ဥရောပပါလီမန်တွင် ကိုယ်စားလှယ် ၇၅၁ ဦးရှိသည်။ ဥရောပသမဂ္ဂအဖွဲ့ ဝင် နိုင်ငံတစ်နိုင်ငံချင်းစီတွင် ကိုယ်ပိုင် အချုပ်အခြာအာဏာများရှိကြသည်။ | ကွန်ဖက်ဒရေးရှင်း စနစ်<br>ဖက်ဒရယ် စနစ်<br>တစ်ပြည်ထောင်စနစ် |

**သင်ရိုး (၄)**

**အခန်း – ၃။ အားလုံးပါဝင်သောရွေးကောက်ပွဲများ နိုင်ငံတကာမှ အလေ့အကျင့်ကောင်းများ**

| | |
|---|---|
| **လုပ်ဆောင်ချက် ဖော်ပြချက်**<br><br>**လုပ်ဆောင်ချက် စုစုပေါင်းကြာချိန်** | ဤလုပ်ဆောင်ချက်သည် နိုင်ငံအမျိုးမျိုးရှိအခြေအနေအမျိုးမျိုးတွင် မည်သို့အကောင်အထည် ဖော်ဆောင်ရမည်ဆိုခြင်းအတွက် သာဓကများအသုံးပြုခြင်းဖြင့် အားလုံးပါဝင်သော ရွေးကောက်ပွဲတစ်ခု၏ အစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ ပါဝင်တက်ရောက်သော သင်တန်း သား/သူများ၏ ဗဟုသုတကို တည်ဆောက်ပေးမည်ဖြစ်သည်။<br><br>၉၀ မိနစ် |
| **သင်ယူမှုရလဒ်** | သင်တန်းသားများသည် အားလုံးပါဝင်သောရွေးကောက်ပွဲတစ်ခု၏ အစိတ်အပိုင်းများကို အမည်ပေးနိုင်ပါသည်။<br><br>အားလုံးပါဝင်သော ရွေးကောက်ပွဲများသည် အားလုံးပါဝင်သည့် ဒီမိုကရေစီအလေ့အကျင့် များအား မည်သို့မည်ပုံပံ့ပိုးပေးကြောင်း သင်တန်းသားများနားလည်မည်။ |
| **လိုအပ်သော ပစ္စည်းများ/ အရင်းအမြစ်များ** | စာရွက်အကြီး နှင့် စာရွက်များ<br>နိုင်ငံမျိုးစုံမှရွေးကောက်ပွဲများတွင် မသန်စွမ်းသူများနှင့်သာမန်လူများပါဝင်နေသော ဓာတ်ပုံ များကို ပရင့်ထုတ်၍ နံရံတွင်ကပ်ပါ။<br>ဖြစ်စဉ်လေ့လာမှုများ?<br>ဥ ဘက်စမ်များနှင့် ပါဝါပွိုင့်စလိုက်များ<br>နံပတ် ၁ မှ ၄ အထိအမှတ်အသားများ (စားပွဲဝိုင်းတစ်ခုလျှင်တစ်စုံစီ) |
| [၃ မိနစ်] | အဆင့် ၁။ **ထုတ်နုတ်ပြောဆိုပါ** - ရွေးကောက်ပွဲများသည် ဒီမိုကရေစီအုပ်ချုပ်မှု၏ အရေးပါသော အစိတ်အပိုင်းတစ် ခုဖြစ်သည်။<br><br>အဆင့် ၂။ သင်တန်းသားများအား ဒီမိုကရေစီအတွက် ရွေးကောက်ပွဲများမှာ အရေးပါသည်ဟု ဘာ့ကြောင့် ၎င်းတို့ထင်မြင်ကြောင်း မေးမြန်းပြီး အဖြေများကို စာရွက် အကြီးတစ်ခုပေါ်တွင် ရေးရေးပါ။ အဖြေများတွင် အောက်ပါတို့ပါဝင်သည်။<br>• ငြိမ်းချမ်းစွာအာဏာလွှဲပြောင်းနိုင်ခြင်း။<br>• မူဝါဒများအပေါ် နိုင်ငံသားများက ဝေဖန်အကြံပြုနိုင်ခွင့်ရှိခြင်း။<br>• နိုင်ငံ၏ခေါင်းဆောင်များအတွက် ဆန္ဒမဲပေးခြင်း။<br>• လက်ရှိမူဝါဒများကို ဆွေးနွေးရာနေရာဖြစ်ခြင်း။<br><br>အဆင့် ၃။ **ထုတ်နုတ်ပြောဆိုပါ** - ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် ရည်ရွယ်ချက်များစွာကိုပြီး မြောက်စေကြောင်း ထုတ်နုတ်ပြောပြပါ။ ခေါင်းဆောင်များအတွက် မဲပေးခြင်းအပြင် တိုင်းပြည် အတွင်း မည်သည့်တို့ဖြစ်ပျက်နေကြောင်းနှင့် ဆုံးဖြတ်ချက်များကို မည်သို့ချမှတ် လျှက်ရှိကြောင်းတို့ကို မြင့်လေ့လာရန် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါသည်။ |
| [၁၇ မိနစ်] | အဆင့် ၄။ မည်သည့်ရွေးကောက်ပွဲ လုပ်ငန်းစဉ်များသည် မသန်စွမ်းသူများပိုမိုပါဝင်ကြောင်း၊ သို့မဟုတ် ပါဝင်မှုနည်းပါးကြောင်းတို့ကို မိမိတို့ဆန်းစစ်လေ့လာသွားမည်မဟုတ်ကြောင်း သင်တန်းသားများအား ပြောပြပါ။<br><br>အဆင့် ၅။ သင်တန်းသားများအား မိမိတို့သည် ယခုအခါ နာမည်ကြီးအနုပညာပြခန်းတစ်ခု တွင်ရှိနေကြောင်း၊ အနုပညာလက်ရာများကို လှည့်လည်ကြည့်ရှုကာ ဓာတ်ပုံများကို လေ့လာ သွားကြမည်ဖြစ်ကြောင်း ပြောပြပါ။ ဓာတ်ပုံတစ်ခုချင်းစီသည် ဒီမိုကရေစီ၏အစိတ်အပိုင်း တစ်ခုကို ကိုယ်စားပြုပါသည်။ |

<table>
<tr>
<td></td>
<td>သင်တန်းမှုမှတ်စု- အမြင်အာရုံမသန်စွမ်းသည့် သင်တန်းသားများပါရှိပါက ဤလုပ်ဆောင်ချက်အတွက် သင်တန်းသား/သူအားလုံးကို တွဲဖက်တစ်ဦးစီ ရွေးချယ်ခိုင်းပါ။ ထို့နောက် သူတို့သည် ဓာတ်ပုံများကို ဖော်ပြနိုင်ပြီဖြစ်ပါသည်။<br><br>အဆင့် ၆။ ဓာတ်ပုံတစ်ပုံချင်းစီအား အနုပညာလက်ရာတစ်ခုအဖြစ် ခံစားရန်နှင့် မည်သည့်အရာကို ပြောဆိုနေကြောင်းနားလည်ဖို့ကြိုးစားရန် ဤလေ့ကျင့်ခန်းအား တိတ်ဆိတ်စွာလုပ်ဆောင်ကြရန် သင်တန်းသား/သူများအား ပြောပြပါ။<br><br>အခန်းတွင်းလှည့်လည်၍ ဓာတ်ပုံများကိုခံစားလေ့လာရန် သင်တန်းသားများအား ၃ မိနစ်အချိန်ပေးပါ။<br><br>အဆင့် ၇။ သင်တန်းသားအားလုံးကို မိမိတို့နေရာများဆီပြန်သွားခိုင်းပါ။<br><br>အဆင့် ၈။ သင်တန်းသားများအား ပြခန်းအတွင်းရှိဓာတ်ပုံများကို အားလုံးပါဝင်မှုအများဆုံးမှ ပါဝင်မှုအနည်းဆုံးအထိ အဆင့်သတ်မှတ်ခိုင်းပါ။<br><br>အဆင့် ၉။ မည်သည့်အတွက်ကြောင့် ဓာတ်ပုံများကို ထိုသို့အဆင့်သတ်မှတ်ခဲ့ကြောင်း သင်တန်းသား/သူများအား ရှင်းပြခိုင်းပါ။ မေးခွန်းများတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။<br>• ဘယ်အရာက ဓာတ်ပုံတစ်ပုံကို ပိုမိုအားလုံးပါဝင်စေခဲ့သလဲ?<br>• ဘယ်အရာက ဓာတ်ပုံတစ်ပုံကို ပိုပြီးပါဝင်မှု နည်းသွားစေခဲ့တာလဲ။<br>• ဓာတ်ပုံရိုက်ထားသည့်အခြေအနေကို အားလုံးပိုမိုပါဝင်စေရန် မည်သို့ပြောင်းလဲနိုင်မည်နည်း?<br><br>အဆင့် ၁၀။ ဤဓာတ်ပုံများမှ အခြားနိုင်ငံများရှိ အားလုံးပါဝင်သောရွေးကောက်ပွဲများအကြောင်း ဘာတွေလေ့လာထားမိသည်ကို သင်တန်းသား/သူများအား မေးမြန်းပါ။ အခြားဘာတွေကို သူတို့သိချင်ကြနိုင်မလဲ?</td>
</tr>
<tr>
<td>[၁၇ မိနစ်]</td>
<td>အဆင့် ၁၁။ နောက်လာမည့်လုပ်ဆောင်ချက်၌ မသန်စွမ်းသူများသည် အခြားနိုင်ငံများ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မည်သို့မည်ပုံ ထည့်သွင်းဆောင်ရွက်ကြပုံကို လေ့လာကြရမည်ဖြစ်ကြောင်း သင်တန်းသားများအား ပြောပြပါ။<br><br>အဆင့် ၁၂။ သင်တန်းသား/သူများအား အဖွဲ့လေးဖွဲ့ခွဲပါ။ ၎င်းတို့အား ငြင်းခုန်ဆွေးနွေးမှုစကားရည်လုပွဲလေးများကို အဖွဲ့ဝင်သစ်များဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောပြပါ။ သူတို့သည် သူတို့အဖွဲ့ကိုတာဝန်ပေးလာမည့် ရွေးကောက်ပွဲဆိုင်ရာ အလေ့အကျင့်တစ်ခုကို ထောက်ခံဆွေးနွေးရမည့် ငြင်းခုန်ဆွေးနွေးမှုအကြောင်းအရာများကိုထုတ်ဖော်ရန် တစ်ဦးနှင့်တစ်ဦးဆွေးနွေးကြရမည်ဖြစ်သည်။ သူတို့သည် အခြားအဖွဲ့များမှ ကိုယ်စားလှယ်တစ်ယောက်စီနှင့် ငြင်းခုန်ဆွေးနွေးရန် အဖွဲ့အတွင်းမှ ကိုယ်စားလှယ်တစ်ဦးရွေးရမည်ဖြစ်သည်။ ဤသည်မှာ အဖွဲ့ ၂ ဖွဲ့သည် တစ်ချိန်တည်းမှာပင် တစ်ဖွဲ့ချင်းစီစကားရည်လုသွားမည်ဖြစ်သည်။<br><br>အဆင့် ၁၃။ ရွေးကောက်ပွဲလုပ်ငန်းစဉ် ဖြစ်စဉ်လေ့လာမှုများကို ပေးဝေပါ။ ဖြစ်စဉ်လေ့လာမှုများရှိ သတင်းအချက်အလက်များကို ၎င်းတို့စကားရည်လုမှုများ၌ အထောက်အထားအဖြစ် အသုံးပြုနိုင်ပါသည်။<br><br>အဆင့် ၁၄။ တစ်ဖွဲ့ချင်းစီကို အောက်ပါအတိုင်း ငြင်းခုန်ဆွေးနွေးစရာများအနက်တစ်ခုကို တာဝန်ပေးပါ။<br>• အိမ်မှနေ၍ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်သည် မဲရုံများသို့သွားရောက်မဲပေးခြင်းထက် ပိုမို၍ ပါဝင်နိုင်မှုများပြားစေပါသည်။</td>
</tr>
</table>

| | |
|---|---|
| | • အားလုံးလက်လှမ်းမီသော မဲရုံများမှဆန္ဒမဲပေးခြင်းသည် အိမ်မှနေ၍ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်ထက် ပိုမိုပါဝင်မှုများပြားစေပါသည်။<br>• မဲရုံလုပ်သားများသည် ဆန္ဒမဲပေးမည့်လူတန်း မည်သူဖြတ်ရမည်ကို ဆုံးဖြတ်သင့်သည်။<br>• မသန်စွမ်းသူမဲဆန္ဒရှင်များက လူတန်းကိုငင်းတို့ဖြတ်မည်မဖြတ်မည်ကို ဆုံးဖြတ်သင့်သည်။<br><br>အဆင့် ၁၅။ သင်တန်းသားများအား ဖြစ်စဉ်လေ့လာမှုများ၊ ၎င်းတို့၏ဆိုလိုရင်းကို ထောက်ကူမည့် အထောက်အထားများနှင့် ငြင်းခုန်ဆွေးနွေးရမည့်အကြောင်းအရာ ရှာဖွေခြင်းတို့ကိုလုပ်ဆောင်ရန် အချိန် ၁၅ မိနစ်ရမည်ဖြစ်ကြောင်း ပြောပြပါ။ **ထုတ်နှုတ်ပြောဆိုပါ** - ဖြစ်စဉ်လေ့လာမှုများ၌ ၎င်းတို့ဖက်နှင့်ဆန့်ကျင်သည့် အထောက်အထားများလည်း ရှိကောင်းရှိနိုင်ကြောင်း ရှင်းလင်းပြောပြပါ။ အကယ်၍ ၎င်းတို့ဆိုလိုချက်နှင့် ဆန့်ကျင်သည့် အထောက်အထားများကိုတွေ့ရှိပါက အခြား တစ်ဖက်သည် ယင်းကိုအထောက်အထားအဖြစ် အသုံးပြုနိုင်သည်။ သင်တန်းသားများအား ၎င်းတို့ ထင်မြင်သော အခြားတစ်ဖက်က ငြင်းခုန်ဆွေးနွေးချက်များကို ၎င်းတို့ဆုံး ဖြတ်နိုင်ကြောင်းနှင့် တန်ပြန်အထောက်အထား များဖန်တီး ရှာဖွေခြင်းများပြုလုပ်နိုင်ကြောင်း ပြောပြပါ။ သင်တန်းသားများအား ၎င်းတို့၏ဖြစ်စဉ်ကိုဖန်တီးရန် အချိန် တစ်မိနစ်သာ လျှင်ရကြောင်း၊ ထို့ ကြောင့် ယင်းကိုထောက်ပံ့မည့် အခိုင်မာဆုံးသော ဖြစ်တန်ရာ အထောက်အထားများကို ရှာဖွေထားသင့်ကြောင်း ပြောပြပါ။ |
| [၁၀ မိနစ်] | အဆင့် ၁၆။ သင်တန်းသားများအား ယခုအခါ ပထမအဖွဲ့ ၂ ဖွဲ့ကို ၎င်းတို့၏ငြင်းခုန်ဆွေးနွေးချက်များ ဖန်တီးနိုင်းမည်ဖြစ်ကြောင်း ပြောပြပါ။ ငြင်းခုန်ဆွေးနွေးချက်များလုပ်ဆောင်အပြီး၌ ဒုတိယအဖွဲ့တွင်ပါဝင်သူများအား အခိုင်မာဆုံးငြင်းခုန်ဆွေးနွေးချက်ဟု ၎င်းတို့ထင်မြင်သည့် တစ်ဖက်အတွက် မဲပေးခိုင်းမည်ဖြစ်သည်။<br><br>အဆင့် ၁၇။ ပထမအဖွဲ့ကို တစ်မိနစ်အတွင်း ၎င်းတို့၏ဖြစ်ရပ်ကိုဖန်တီးရန် ဖိတ်ခေါ်ပါ။ တစ်မိနစ်ထက်မပိုစေရန် အချိန်အတိအကျသတ်မှတ်ပါ။<br><br>အဆင့် ၁၈။ သင်တန်းသားများအား ၎င်းတို့သည် တစ်ဖက်အဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို ကြားပြီးဖြစ်၍ အခြားတစ်ဖက်ကိုလည်း ယခုကြားကြရတော့မည်ဖြစ်ကြောင်း ပြောပြပါ။<br><br>အဆင့် ၁၉။ ဒုတိယအဖွဲ့ကို တစ်မိနစ်အတွင်း ၎င်းတို့၏ဖြစ်ရပ်ကိုဖန်တီးရန် ဖိတ်ခေါ်ပါ။ တစ်မိနစ်ထက်မပိုစေရန် အချိန်အတိအကျသတ်မှတ်ပါ။<br><br>အဆင့် ၂၀။ ငြင်းခုန်ဆွေးနွေးမှုများအတွက် နှစ်ဖွဲ့စလုံးကို ကျေးဇူးတင်စကားဆိုပါ။ သင်တန်းသားများအား တစ်ဖွဲ့ကိုသာလျှင်မဲပေးရန် ပြောပြပါ။ ပထမအဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို သဘောတူပါက လက်မြှောက်ကြရန် သင်တန်းသားများကိုပြော၍ ရေတွက်ပါ။<br><br>အဆင့် ၂၁။ ဒုတိယအဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို သဘောတူပါက လက်မြှောက်ကြရန် သင်တန်းသားများကိုပြော၍ ရေတွက်ပါ။<br><br>အဆင့် ၂၂။ **ထုတ်နှုတ်ပြောဆိုပါ** - နှစ်ဖွဲ့စလုံးကဖန်တီးခဲ့သည့် ငြင်းခုန်ဆွေးနွေးချက်များသည် ကျိုးကြောင်းညီညွတ်ကြောင်း ရှင်းလင်းပြောပြပါ။ နိုင်ငံတစ်နိုင်ငံသည် ဤရွေးချယ်မှုများအနက် တစ်ခုခုကိုအသုံးပြုရန် ရွေးချယ်ကောင်းရွေးချယ်ရသည့် အကြောင်းရင်းများ ရှာရှိကြောင်း၊ သို့ရာတွင် **မဲရုံများကို မသန်စွမ်းသူများအတွက်သွားလာ နိုင်စေပါက ပိုမိုပါဝင်မည်ဖြစ်ပြီး သို့မှသာလျှင် မသန်စွမ်းသူများသည် အခြားသူများနည်းတူ ဆန္ဒမဲပေးရန် ရွေးချယ်စရာများရှိမည် ဖြစ်ကြောင်း** ရှင်းပြပြောဆိုပါ။ အချို့နိုင်ငံများသည် အိမ်မှနေ၍ ဆန္ဒမဲပေးရသည့် ရွေးချယ်မှုကိုအသုံးပြုနိုင်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယင်းသည် ကုန်ကျစရိတ်သက်သာကြောင်း၊ သို့ရာတွင် မသန်စွမ်းသူများသည် |

<table>
<tr>
<td></td>
<td>မသန်စွမ်းမှုမရှိသူများနည်းတူ တူညီသောအခွင့်အရေးများရရှိရန် အရေးကြီးပါသည်။<br><br>အဆင့် ၂၃။ တတိယအဖွဲ့ကို တစ်မိနစ်အတွင်း ၎င်းတို့၏ဖြစ်ရပ်ကိုဖန်တီးရန် ဖိတ်ခေါ်ပါ။ တစ်မိနစ်ထက်မပိုစေရန် အချိန်အတိအကျသတ်မှတ်ပါ။<br><br>အဆင့် ၂၄။ သင်တန်းသားများအား ၎င်းတို့သည် တစ်ဖက်အဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို ကြားပြီးဖြစ်၍ အခြားတစ်ဖက်ကိုလည်း ယခုကြားကြရတော့မည်ဖြစ်ကြောင်း ပြောပြပါ။<br><br>အဆင့် ၂၅။ နောက်ဆုံးအဖွဲ့ကို တစ်မိနစ်အတွင်း ၎င်းတို့၏ဖြစ်ရပ်ကိုဖန်တီးရန် ဖိတ်ခေါ်ပါ။ တစ်မိနစ်ထက်မပိုစေရန် အချိန်အတိအကျသတ်မှတ်ပါ။<br><br>အဆင့် ၂၆။ ငြင်းခုန်ဆွေးနွေးမှုများအတွက် နှစ်ဖွဲ့စလုံးကို ကျေးဇူးတင်စကားဆိုပါ။ သင်တန်းသားများအား တစ်ဖွဲ့ကိုသာလျှင်မဲပေးရန် ပြောပြပါ။ ပထမအဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို သဘောတူပါက လက်မြှောက်ကြရန် သင်တန်းသားများကိုပြော၍ ရေတွက်ပါ။<br><br>အဆင့် ၂၇။ ဒုတိယအဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို သဘောတူပါက လက်မြှောက်ကြရန် သင်တန်းသားများကိုပြော၍ ရေတွက်ပါ။<br><br>အဆင့် ၂၈။ ထုတ်နုတ်ပြောဆိုပါ - မသန်စွမ်းသူများကိုသာ ၎င်းတို့သည်စည်းကိုကျော်သွားလိုခြင်း ရှိမရှိဆုံးဖြတ်စေပါက ပိုမိုပါဝင်မှုရှိမည်ဖြစ်ကြောင်း သင်တန်းသားများကို ရှင်းလင်းပြောပြပါ။ ဆွေးနွေးမှုအတွင်း ယင်းအချက်ကိုမရှင်းပြခဲ့လျှင် ထုတ်နုတ်ပြောဆိုပါ- အကယ်၍ မျဉ်း၏ရှေ့သို့မည်သူသွားရောက်ခွင့်ရှိသည်ကို မဲရုံလုပ်သားများက ဆုံးဖြတ်ရမည်ဆိုပါက အမြင်အာရုံမသန်စွမ်း(မသန်စွမ်းမှု မပေါ်လွင်သော/သိသာထင်ရှားခြင်းမရှိသော) သူများသည် ဖယ်ထုတ်ခံရနိုင်ဖွယ်ရှိပါသည်။ မသန်စွမ်းသူတိုင်းလည်း မျဉ်း၏ရှေ့သို့သွားလိုခြင်း ရှိချင်မှရှိနိုင်ပါလိမ့်မည်။<br><br>အဆင့် ၃၀။ မဲရုံတွင် လူများသည် ဦးစားပေးမျဉ်း၏အရှေ့သို့သွားခွင့်ကို အခွင့်အရေးမယူစေရန် မည်သို့လုပ်ဆောင်နိုင်မည်နည်းဟု သင်တန်းသားများအား မေးမြန်းပါ။<br><br>အဆင့် ၃၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေးခြင်းသည် လူတိုင်းပါဝင်စေရေးလုပ်ငန်းစဉ်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အလေးထား၍ပြောပြပါ။</td>
</tr>
<tr>
<td>[၅ မိနစ်]</td>
<td>အဆင့် ၃၂။ သင်တန်းသားများအား ၎င်းတို့သည် စကားရည်လုပွဲများလုပ်ကြရမည်ဖြစ်ကြောင်း ပြောပြပါ။ သို့ရာတွင် ၎င်းတို့သည် ဖြစ်စဉ်လေ့လာမှုများနှင့်ရင်းနှီးကျွမ်းဝင်ပြီးဖြစ်ကြသဖြင့် ဆွေးနွေးငြင်းခုန်မှုများပြင်ဆင်ရန် ငါးမိနစ်မျှသာအချိန်ရမည်ဖြစ်ကြသည်။ တစ်ဖွဲ့ချင်းစီသည် တစ်မိနစ်စကားရည်လုပွဲအတွက် အဖွဲ့ကိုယ်စားလှယ်အသစ်တစ်ဦး ရွေးသင့်ပါသည်။<br><br>အဆင့် ၃၃။ အောက်ပါအချက်များအတွက် ဆွေးနွေးမည့်အကြောင်းအရာများပြင်ဆင်ရန် အဖွဲ့များအား ၅ မိနစ်အချိန်ပေးပါ။<br>•	မဲဆန္ဒရှင်အသိပညာပေးခြင်းတွင် မသန်စွမ်းသူများကို ပါဝင်စေခြင်းသည် မသန်စွမ်းသူများအတွက်သာဖြစ်သော မဲဆန္ဒရှင်အသိပညာပေးခြင်းထက် ပိုမို၍ပါဝင်စေပါသည်။<br>•	မသန်စွမ်းသူများအတွက် သီးသန့်မဲဆန္ဒရှင်အသိပညာပေးခြင်းသည် လူထုအတွက် မဲဆန္ဒရှင်အသိပညာပေးခြင်း၌ ၎င်းတို့ကိုပေါင်းစပ်ထည့်သွင်းခြင်းထက် ပိုကောင်းသည်။<br>•	သမားရိုးကျ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းအတွက် မသန်စွမ်းသူများပါဝင်ခွင့်ဆိုင်ရာ မေးခွန်းများကိုထည့်သွင်းခြင်းသည် ပိုကောင်းသည်။</td>
</tr>
</table>

| | |
|---|---|
| | • ရွေးကောက်ပွဲ လက်လှမ်းမီပါဝင်ခွင့် စောင့်ကြည့်လေ့လာခြင်းကို မသန်စွမ်းသူများ ပါဝင်မှုအပေါ်တွင်သာ အလေးထားလုပ်ဆောင်လျှင် ပိုကောင်းသည်။ |
| [၁၀ မိနစ်] | အဆင့် ၃၄။ ပထမအဖွဲ့ကို တစ်မိနစ်အတွင်း ၎င်းတို့၏ဖြစ်ရပ်ကိုဖန်တီးရန် ဖိတ်ခေါ်ပါ။ တစ်မိနစ်ထက်မပိုစေရန် အချိန်အတိအကျသတ်မှတ်ပါ။<br><br>အဆင့် ၃၅။ သင်တန်းသားများအား ၎င်းတို့သည် တစ်ဖက်အဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို ကြားပြီးဖြစ်၍ အခြားတစ်ဖက်ကိုလည်း ယခုကြားကြရတော့မည်ဖြစ်ကြောင်း ပြောပြပါ။<br><br>အဆင့် ၃၆။ ဒုတိယအဖွဲ့ကိုလည်း တစ်မိနစ်အတွင်း ၎င်းတို့၏ဖြစ်ရပ်ကိုဖန်တီးရန် ဖိတ်ခေါ်ပါ။ တစ်မိနစ်ထက်မပိုစေရန် အချိန်အတိအကျသတ်မှတ်ပါ။<br><br>အဆင့် ၃၇။ ငြင်းခုန်ဆွေးနွေးမှုများအတွက် နှစ်ဖွဲ့စလုံးကို ကျေးဇူးတင်စကားဆိုပါ။ သင်တန်းသားများအား တစ်ဖွဲ့ကိုသာလျှင်မဲပေးရန် ပြောပြပါ။ ပထမအဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို သဘောတူပါက လက်မြှောက်ကြရန် သင်တန်းသားများကိုပြော၍ ရေတွက်ပါ။<br><br>အဆင့် ၃၈။ ဒုတိယအဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို သဘောတူပါက လက်မြှောက်ကြရန် သင်တန်းသားများကိုပြော၍ ရေတွက်ပါ။<br><br>အဆင့် ၃၉။ **ထုတ်နုတ်ပြောဆိုပါ** - မဲဆန္ဒရှင်အသိပညာပေးခြင်းတွင် မသန်စွမ်းသူများကို ပါဝင်စေရန်ကြိုးပမ်းခြင်း နှင့် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ဦးတည်ထားသည့် မဲဆန္ဒရှင်အသိပညာပေးခြင်းတွင် မတူညီသောရည်ရွယ်ချက်များရှိကြောင်း ရှင်းလင်းပြောဆိုပါ။ မသန်စွမ်းသူများ၏ရပ်လွှာများကို ***ပါဝင်စေခြင်းသည်*** နိုင်ငံရေးနှင့်ပြည်သူ့ရေးရာဘဝတွင် ၎င်းတို့၏အပြည့်အဝ ပါဝင်ပေါင်းစပ်ခြင်းကို သရုပ်ဖော်ပါသည်။ ဦးတည်ပစ်မှတ်ထားသည့် မဲဆန္ဒရှင်အသိပညာပေးခြင်းမှာ မသန်စွမ်း မဲဆန္ဒရှင်များနှင့်သက်ဆိုင်သော သတင်းအချက် အလက်များကို ပေးခြင်းသာလျှင်ဖြစ်သည်။ ထို့သို့ မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်း နှစ်ရပ်စလုံးဆောင်ရွက်ရန် အရေးကြီးကြောင်း **ထုတ်နုတ်ရှင်းပြပါ။**<br><br>အဆင့် ၄၀။ ဤထင်မြင်ယူဆချက်များကို မည်သည့်အတွက်ကြောင့် စကားရည်လုပွဲတွင် ထည့်သွင်းရသနည်းဟု၍ တက်ရောက်သူများ၏အမြင်များကို မေးမြန်းပါ။ သင်တန်းသား ၂-၃ ဦးတို့၏ထင်မြင်ချက်များကို မျှဝေပါစေ။<br><br>အဆင့် ၄၁။ **ထုတ်နုတ်ပြောဆိုပါ** - နိုင်ငံများစွာတို့၌ ရွေးကောက်ပွဲကော်မရှင်များတွင် အရင်းအမြစ်များအကန့်အသတ်ဖြင့်သာရှိကြောင်း ရှင်းလင်းပြောပြပါ။ ထိုနိုင်ငံများ၌ မသန်စွမ်းအခွင့်အရေးတောင်းဆို လှုပ်ရှားသူများသည် မသန်စွမ်းသူများပါဝင်စေရေး သို့မဟုတ် သီးသန့်သတင်းအချက်အလက်များပေးရေးအတွက် လုံလောက်မှုမရှိကြောင်း ရွေး/ကော်များကို သဘောပေါက်အောင် ဆောင်ရွက်ကြရပါသည်။<br><br>အဆင့် ၄၂။ တတိယအဖွဲ့ကို တစ်မိနစ်အတွင်း ၎င်းတို့၏ဖြစ်ရပ်ကိုဖန်တီးရန် ဖိတ်ခေါ်ပါ။ တစ်မိနစ်ထက်မပိုစေရန် အချိန်အတိအကျသတ်မှတ်ပါ။<br><br>အဆင့် ၄၃။ သင်တန်းသားများအား ၎င်းတို့သည် တစ်ဖက်အဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို ကြားပြီးဖြစ်၍ အခြားတစ်ဖက်ကိုလည်း ယခုကြားကြရတော့မည်ဖြစ်ကြောင်း ပြောပြပါ။<br><br>အဆင့် ၄၄။ နောက်ဆုံးအဖွဲ့ကို တစ်မိနစ်အတွင်း ၎င်းတို့၏ဖြစ်ရပ်ကိုဖန်တီးရန် ဖိတ်ခေါ်ပါ။ တစ်မိနစ်ထက်မပိုစေရန် အချိန်အတိအကျသတ်မှတ်ပါ။<br><br>အဆင့် ၄၅။ ငြင်းခုန်ဆွေးနွေးမှုများအတွက် နှစ်ဖွဲ့စလုံးကို ကျေးဇူးတင်စကားဆိုပါ။ သင်တန်း |

| | |
|---|---|
| | သားများအား တစ်ဖွဲ့ကိုသာလျှင်မဲပေးရန် ပြောပြပါ။ ပထမအဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို သဘောတူပါက လက်မြှောက်ကြရန် သင်တန်းသားများကိုပြော၍ ရေတွက်ပါ။<br><br>အဆင့် ၄၆။ ဒုတိယအဖွဲ့၏ငြင်းခုန်ဆွေးနွေးမှုကို သဘောတူပါက လက်မြှောက်ကြရန် သင်တန်းသားများကိုပြော၍ ရေတွက်ပါ။<br><br>အဆင့် ၄၇။ **ထုတ်နုတ်ပြောဆိုပါ** - (မသန်စွမ်းသူများပါဝင်မှုကိုသာလျှင် အလေးထားသည့်) ရွေးကောက်ပွဲ လက်လှမ်းမီပါဝင်ခွင့်စောင့်ကြည့်လေ့လာမှုများနှင့် သမားရိုးကျစောင့်ကြည့် လေ့လာခြင်းတို့မှာ မတူညီသော သတင်းအချက်အလက်ပုံစံများပေးကြောင်း ရှင်းလင်း ပြောပြပါ။ ရွေးကောက်ပွဲ လက်လှမ်းမီပါဝင်ခွင့်စောင့်ကြည့်လေ့လာမှုများတွင် မသန်စွမ်းသူ ပါဝင်မှုနှင့်စပ်လျဉ်း၍ ပိုမိုသိမ်မွေ့ခြားနားသောမေးခွန်းများပါဝင်ပြီး အများအားဖြင့် မသန်စွမ်း သူများက ဆောင်ရွက်ကြသည်။ မသန်စွမ်းသူများသည် သမားရိုးကျစောင့်ကြည့်လေ့လာသူ များ ဖြစ်နိုင်ကြပြီး၊ အားလုံးပါဝင်သောရွေးကောက်ပွဲများ အပေါ်တွင် ၎င်းတို့၏ကျွမ်းကျင်မှုကို အားဖြည့်ပေးသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအမျိုးမျိုးတွင် ပါဝင်ရေး နှင့် စပ်လျဉ်းသော မေးခွန်းများပြားစွာ ရှိလာနိုင်မည် မဟုတ်ပေ။<br><br>အဆင့် ၄၈။ ရွေးကောက်ပွဲပါဝင်ခွင့် စောင့်ကြည့်လေ့လာခြင်း၊ သို့မဟုတ် သမားရိုးကျစောင့် ကြည့်လေ့လာခြင်းစာရင်းများ၌ မေးခွန်းများပေါင်းစပ်ခြင်းတစ်ခုခုသို့ မည်သည့်နည်းလမ်းတစ် ခုဖြစ်နိုင်ကြောင်း အဖွဲ့ကိုမေးပါ။<br><br>အဆင့် ၄၉။ **ထုတ်နုတ်ပြောဆိုပါ** - ဤလုပ်ဆောင်ချက်နှစ်မျိုးစလုံးသည် တစ်ချိန်တည်း ဖြစ်ပျက်နိုင်ကြောင်း ရှင်းလင်းပြောပြပါ။ အဘယ့်ကြောင့်ဆိုသော် စုဆောင်းထားသည့် သတင်းအချက်အလက်များမှာ ကွဲပြားခြားနားကာ တစ်ခုချင်းစီသည် သီးသန့်ရည်ရွယ်ချက် များရှိကြပြီး၊ နှစ်မျိုးစလုံးကို မတူညီသောအဖွဲ့များဖြင့် တစ်ချိန်တည်းဆောင်ရွက်နိုင်ပါသည်။ ဤသည်တို့မှာ နီပေါနှင့် အင်ဒိုနီးရှားနိုင်ငံများအပါအဝင် နေရာများစွာတို့၌ ဖြစ်ပျက်ခဲ့ပါသည်။ မသန်စွမ်းသူများသည် သမား ရိုးကျစောင့်ကြည့်လေ့လခြင်းတွင် ပါဝင်ခဲ့ကြပြီး ၎င်းတို့၏ကိုယ်ပိုင် စောင့်ကြည့်လေ့လာခြင်း များလည်း လုပ်ဆောင်ခဲ့ကြသည်။ |
| [၂၂ မိနစ်] | အဆင့် ၅၀။ ဖြစ်စဉ်လေ့လာမှုများမှ ဘယ်လောက်များများလေ့လာမိသည်ကို သိရှိရန် ဉာဏ် စမ်းလေးတစ်ခုလုပ်ကြည့်မည်ဖြစ်ကြောင်း သင်တန်းသားများအား ပြောပါ။<br><br>အဆင့် ၅၁။ အဖွဲ့များသည် မည်သည့်အဖြေမှန်ကန်ကြောင်းဆုံးဖြတ်၍ တစ်မှသုံးအထိရေ တွက်ချိန်၌ အဖြေမှန်ကိုထောင်ပြရမည်ဖြစ်ကြောင်း ရှင်းပြပါ။ (ရွေးကောက်ပွဲစက်ဝန်းတစ်ခု လုံးတွင် ပါဝင်မှု- ဉာဏ်စမ်းပုံစံ)<br><br>အဆင့် ၅၂။ ဥပမာပေးသည့် စလိုက်ကိုပြပါ။ မေးခွန်းနှင့် ဖြစ်နိုင်သည့်အဖြေများကို ကျယ် လောင်စွာဖတ်ပြပါ။<br><br>ရွေးကောက်ပွဲစက်ဝန်း၏ မည်သည့်အပိုင်း(များ) သည် မသန်စွမ်းသူများကို အခွင့်အရေးပေး ပြီးပြီး ပိုမိုပါဝင်စေနိုင်မည်နည်း?<br>(၁) ရွေးကောက်ပွဲမတိုင်မီကာလ<br>(၂) ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလ<br>(၃) အထက်ပါအားလုံး<br>(၄) အထက်ပါများလုံးဝမဟုတ်<br><br>အဆင့် ၅၃။ နောက်စလိုက်တစ်ခုကိုပြပါ။ ယင်းတွင် (အဖြေမှန် (၃) အထက်ပါအားလုံး) အဖြေမှန်ကိုထင်ရှားစွာပြထားသည်။ ဉာဏ်စမ်းမေးခွန်းများဆက်လက်မသွားခင် |

လုပ်ဆောင် ချက်နှင့်ပတ်သက်၍ မေးခွန်းများမေးလိုခြင်းရှိမရှိ သင်တန်းသားများအား မေးပါ။

အဆင့် ၅၄။ ပထမဆုံးမေးခွန်းနှင့် ဖြစ်နိုင်သောအဖြေများကို ကျယ်ကျယ်ဖတ်ပြပါ။

ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီစွာ ရရှိစေရန်
အောက်ဖော်ပြပါ မည်သည့်နည်းလမ်းများဖြင့် ဖြန့်ရျိသင့်သလဲ?
၁။ အသံနှင့် မျက်စိဖြင့် မြင်သာသော ပုံစံများ
၂။ အသံနှင့် မျက်မမြင်လက်စမ်းစာများဖြင့် ဖော်ပြခြင်း ပုံစံများ
၃။ အသံနှင့် မျက်မမြင်လက်စမ်းစာများနှင့် မျက်စိဖြင့် မြင်သာသော ပုံစံမျ
၄။ အသံ၊ မျက်မမြင်လက်စမ်းစာ၊ သင်္ကေတဘာသာစကား၊ ဖတ်ရှုလွယ်သောပုံစံ၊
စကားလုံးမဲ့ပုံစံနှင့် အခြားသော မြင်သာသောပုံစံများ

အဆင့် ၅၅။ အဖွဲ့များနှင့်တိုင်ပင်ဆွေးနွေးရန် စက္ကန့် ၃၀ ရမည်ဖြစ်ကြောင်း သင်တန်းသား
များကို ပြောပြပါ။

အဆင့် ၅၆။ မှန်ကန်သည်ဟုထင်မြင်သော အဖြေမှန်ကို တစ်နစ်သုံးရေတွက်ချိန်၌
ထောင်ပြရန် သင်တန်းသားများအားပြောပြပါ။

အဆင့် ၅၇။ သုံးအထိရေတွက်၍ အဖြေမှန်ကိုထောင်ပြရန် သင်တန်းသားများအား ပြောပြပါ။
မည်သည့်အဖြေများကို အဖွဲ့မည်မျှကရွေးချယ်ခဲ့ကြောင်း ဖော်ပြပါ။

အဆင့် ၅၈။ "၄။ အသံ၊ မျက်မမြင်၊ သင်္ကေတဘာသာစကား၊ ဖတ်ရှုလွယ်သောပုံစံ၊
စကားလုံးမဲ့ပုံစံနှင့် အခြားသောဗီဒီယိုပုံစံများ" သည် အဖြေမှန်ဖြစ်ကြောင်း ပြောပြပါ။

အဆင့် ၅၉။ ဖတ်ရှုလွယ်သောပုံစံဆိုသည်ကို ဖော်ပြရန် သင်တန်းသားတစ်ဦးကို မေးမြန်းပါ။
အဖြေများ တွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။

- ဉာဏ်ရည်မသန်စွမ်းသူ သို့မဟုတ် စာတတ်မြောက်မှုနိမ့်ကျသူများအတွက် သတင်းအချက်အလက်များဆက်သွယ်ရန် အသုံးဝင်ခြင်း။
- ရိုးရှင်းသောဘာသာစကားနှင့် ရုပ်ပုံများပါသည့်စကားလုံးများအသုံးပြုခြင်း။

အဆင့် ၆၀။ နောက်မေးခွန်းတစ်ခုနှင့် ဖြစ်နိုင်သောအဖြေများကို ကျယ်ကျယ်ဖတ်ပြပါ။

ဥပဒေရေးရာကန့်သတ်ချက်များကြောင့် မည်သည့်မသန်စွမ်းသူအုပ်စုများသည် အထိခိုက်ဆုံး
ဖြစ်နိုင်သနည်း?
၁။ ဉာဏ်ရည်မသန်စွမ်းသူများ
၂။ ကိုယ်အင်္ဂါမသန်စွမ်းသူများ
၃။ ဉာဏ်ရည် သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ
၄။ အာရုံခံစားမှု သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ

အဆင့် ၆၁။ အဖွဲ့များနှင့်တိုင်ပင်ဆွေးနွေးရန် စက္ကန့် ၃၀ ရမည်ဖြစ်ကြောင်း သင်တန်းသား
များကို ပြောပြပါ။

အဆင့် ၆၂။ မှန်ကန်သည်ဟုထင်မြင်သော အဖြေမှန်ကို တစ်နစ်သုံးရေတွက်ချိန်၌
ထောင်ပြရန် သင်တန်းသားများအားပြောပြပါ။

အဆင့် ၆၄။ "ဂ။ ဉာဏ်ရည် သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ
" သည် အဖြေမှန်ဖြစ်ကြောင်း ပြောပြပါ။

အဆင့် ၆၅။ ဥပဒေရေး၏ အကျိုးသက်ရောက်မှုအား ကန့်သတ်ခြင်းများကို ပြောပြပေးရန် သင်တန်း သားတစ်ဦးကိုမေးပါ။ အဖြေများတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။

- CRPD ပုဒ်မ ၁၂ အရ ခွင့်မပြုပေ။
- ဆန္ဒမဲပေးခွင့်၊ ရွေးကောက်တင်မြှောက်ခံခွင့်၊ သို့မဟုတ် သဘောတူစာချုပ်တစ်ခု လက်မှတ်ရေးထိုးခြင်းကဲ့သို့သော အခြားနည်းလမ်းများဖြင့် ပါဝင်ခွင့်များကို ကန့်သတ်ကောင်းကန့်သတ်နိုင်သော ဥပဒေတစ်ရပ် သို့မဟုတ် တရားရုံးဆုံးဖြတ်ချက် တစ်ခုကို ရည်ညွှန်းပါ။
- ကန့်သတ်ချက်များသည် "ပြည်သူ့အခွင့်အရေးဆုံးရှုံးခြင်း" ဟုဆိုသော အကျိုးတရားများဖြစ်ပေါ်လာပါသည်။

အဆင့် ၆၆။ နောက်ဆုံးမေးခွန်းတစ်ခုနှင့် ဖြစ်နိုင်သောအဖြေများကို ကျယ်ကျယ်ဖတ်ပြပါ။

အောက်ပါတို့အနက်မှ မည်သည့်အဖြေသည် အားလုံးလက်လှမ်းမီသော ဝက်ဆိုဒ်တစ်ခု၏ ဥပမာတစ်ခုဖြစ်သနည်း?
၁။ ElectionAccess.org
၂။ ဖီဂျီနိုင်ငံရွေးကောက်ပွဲရုံးဝက်ဆိုဒ် (Fiji Elections Office website)
၃။ IFES website
၄။ အထက်ပါအားလုံး

အဆင့် ၆၇။ အဖွဲ့များနှင့်တိုင်ပင်ဆွေးနွေးရန် စက္ကန့် ၃၀ ရမည်ဖြစ်ကြောင်း သင်တန်းသားများကို ပြောပြပါ။

အဆင့် ၆၈။ မှန်ကန်သည်ဟုထင်မြင်သော အဖြေမှန်ကို တစ်နှစ်သုံးရေတွက်ချိန်၌ ထောင်ပြရန် သင်တန်းသားများအားပြောပြပါ။

အဆင့် ၆၉။ သုံးအထိရေတွက်၍ အဖြေမှန်ကိုထောင်ပြရန် သင်တန်းသားများအား ပြောပြပါ။ မည်သည့်အဖြေများကို အဖွဲ့မည်မျှကရွေးချယ်ခဲ့ကြောင်း ဖော်ပြပါ။

အဆင့် ၇၀။ "၄။ အထက်ပါအားလုံး" သည် အဖြေမှန်ဖြစ်ကြောင်း ပြောပြပါ။

အဆင့် ၇၁။ အားလုံးအသုံးပြုနိုင်သော ဝက်ဆိုက်တစ်ခုရှိခြင်းသည် အားလုံးပါဝင်သော ရွေးကောက်ပွဲတစ်ခုအတွက် မည်သည့်အတွက်ကြောင့်အရေးကြီးကြောင်း သင်တန်းသားတစ်ဦး အားမေးမြန်းပါ။

- ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ဝက်ဆိုက်မှတစ်ဆင့် မျှဝေကြသည်။ ထို့ကြောင့် မဲဆန္ဒရှင်အားလုံး ယင်းကိုနားလည်နိုင်ရန် လိုအပ်ပါသည်။
- ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့သည် အပြည့်အဝအားလုံးပါဝင်နိုင်စေသော လုပ်ငန်းစဉ်ကို ပံ့ပိုးပေးလျက်ရှိကြောင်း ပြည်သူလူထုကို သိရှိစေပါသည်။

အဆင့် ၇၂။ ဝက်ဆိုက်တစ်ခုသည် အမြင်အာရုံမသန်စွမ်းသူများ၊ သင်ကြားရေးခက်ခဲသူများ နှင့် ဉာဏ်ရည်မသန်စွမ်းသူများ သို့မဟုတ် စာတတ်မြောက်မှုနည်းပါးသူများအတွက် ရွေး

| | |
|---|---|
| | ချယ်စရာများရှိပါက အားလုံးအသုံးပြုနိုင်ကြောင်း အသေးအချာရှင်းပြပါ။ ယင်းတွင် ဝက်ဆိုက်ကိုအလိုအလျောက်အသံထွက်ဖတ်ကြားပေးသော စာမှအသံထွက်သည့်စနစ်တစ်ခု၊ ဝက်ဆိုက် ၏အရောင် သို့မဟုတ် စာလုံးအရွယ်အစားပြောင်းလဲရွေးချယ်ခွင့်နှင့် ရိုးရှင်းသည့်စာများ စသည်တို့ပါဝင်ကောင်းပါဝင်နိုင်ပါသည်။<br><br>အဆင့် ၇၃။ အားလုံးအသုံးပြုနိုင်သောဝက်ဆိုက်တစ်ခုရှိခြင်းသည် မသန်စွမ်းသူများအတွက်သာမကပဲ အခြားမဲဆန္ဒရှင်များအတွက်ပါ အသုံးဝင်ကြောင်း ရှင်းပြပြောဆိုပါ။ |
| [၅ မိနစ်] | အဆင့် ၇၄။ အားလုံးပါဝင်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အခြေခံအရာများအနက်အချို့ကို သင်တန်းသားများလေ့လာပြီးဖြစ်ကြောင်း ရှင်းပြပါ။ သူတို့သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအမျိုးမျိုးတွင် ရွေးကောက်ပွဲများကို အားလုံးပါဝင်ခွင့်ရစေရန် မည်သို့မည်ပုံဆောင်ရွက်ထားကြောင်းကိုလည်း လေ့လာထားပြီးဖြစ်ပါသည်။<br><br>အဆင့် ၇၅။ သာဓကများကိုပိုမိုသိရှိလိုပါက IFES က ဖန်တီးထားသော ဝက်ဆိုက်တစ်ခုဖြစ်သည့် ElectionAccess.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ပြောပြပါ။ မြန်မာနိုင်ငံမှ သာဓကများစွာကို ယင်းဆိုက်တွင်ရရှိနိုင်ပါသည်။<br><br>အဆင့် ၇၆။ အားလုံးပါဝင်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် ညတွင်းချင်းဖြစ်လာသည်မဟုတ်ကြောင်း၊ မသန်စွမ်းသူအခွင့်အရေးတောင်းဆိုလုပ်ရှားသူများ၊ ရွေးကောက်ပွဲအရာရှိများကို သင်တန်းများပေးခြင်းဖြင့် လုပ်ဆောင်မှုများစွာ၏ရလဒ်ဖြင့်သာ ဖြစ်လာခြင်းဖြစ်ကြောင်း ရှင်းပြပြောဆိုပါ။<br><br>အဆင့် ၇၇။ သူတို့ယနေ့လေ့လာထားသော သတင်းအချက်အလက်များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အားလုံးပိုမိုပါဝင်စေရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန် အကူအညီပေးနိုင်ကြောင်း ပြောပြပါ။ MILI မှ လုပ်ဖော်ကိုင်ဖက်များသည်လည်း ဤသည်တို့ကို မြန်မာနိုင်ငံ၌ မည်သို့မည်ပုံဆောင်ရွက်လျက်ရှိကြောင်း သတင်းအချက်အလက်များကိုထပ်လောင်း၍ မျှဝေ နိုင်ပါသည်။ |

ရွေးကောက်ပွဲဆိုင်ရာ ဓာတ်ပုံပြခန်းအတွက် အညွှန်းများ

ကမ္ဘောဒီးယား ဖြစ်စဉ်အား လေ့လာခြင်း

ကင်မရွန်းဖြစ်စဉ်အား လေ့လာခြင်း

အိန္ဒိယဖြစ်စဉ်အား လေ့လာခြင်း

### မဲရုံဝန်ထမ်း လက်စွဲ

**နီပေါ ၂၀၁၇**

ကိုယ်အင်္ဂါ၊ အကြား၊ အမြင်၊ ဉာဏ်ရည်နှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်း အားနည်းသူ မဲဆန္ဒရှင်မသန်စွမ်းများအတွက် အထောက်အကူ ပေးခြင်းအတွက် လမ်းညွှန်ချက်များပါဝင် သော မဲရုံဝန်ထမ်းများ လက်စွဲ စာအုပ်အား IFES မှ ဖန်တီး ထုတ်ဝေခဲ့ပါသည်။ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က လက်စွဲစာအုပ်အား တစ်နိုင်ငံလုံးရှိ မဲရုံများသို့ ဖြန့်ဝေခဲ့ပါသည်။ ထိုနည်းတူ (one-pagers) တမျက်နှာ အကျဉ်းချုပ် ဖော်ပြချက်ကိုလည်း အင်ဒိုနီးရှား၊ ကင်ညာ၊ ကာဂျစ်စတန်၊ မက်ဆီဒိုးနား၊ ပါကစ္စတန် နှင့် တူနီးရှားနိုင်ငံများတွင် အသုံးပြုခဲ့ပါသည်။

### မျက်မမြင် လက်စမ်း မဲလက်မှတ်

**အင်ဒိုနီးရှား ၂၀၁၃**

ဤလက်စမ်း မဲလက်မှတ်သည် အင်ဒိုနီးရှားနိုင်ငံ သမ္မတရွေးကောက်ပွဲ တစ်ခုမှ ဖြစ်ပါသည်။ မဲလက်မှတ်တွင် နိုင်ငံရေး ပါတီများ၏နှင့် ကိုယ်စားလှယ်လောင်းတို့၏ အမည်များ ပါရှိပါသည်။ အမြင်အာရုံမသန်စွမ်းသူများအနေဖြင့် ဖတ်ရှုနိုင်ပါသည်။

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံတွင် အသုံးပြုခဲ့သည့် မျက်မမြင်လက်စမ်း မဲလက်မှတ်လမ်းညွှန်သည် ပိုမိုကောင်းမွန်သော အလေ့အထ တစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မဲဆန္ဒရှင်များ၏ မဲလက်မှတ်များ လျှို့ဝှက်မှုရှိစေရန်အတွက် မဲလက်မှတ်များကို အခြားသူများနည်းတူ တစ်မျိုးတည်း အသုံးပြုကြပါသည်။

### ဆင်ခြေလျှော

**အိန္ဒိယ ၂၀၁၆**

ယခုပုံသည် မဲရုံတစ်ရုံမှ ဖော်ဆောင်ထားသော ဆင်ခြေလျှော တစ်ခုဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ ဆင်ခြေလျှောသည် ဝှီးချဲအသုံးပြုသူ(သို့မဟုတ်) ချိုင်းထောက် အသုံးပြုသူ ကဲ့သို့ အကူကိရိယာပစ္စည်းအသုံးပြုသူများအတွက် ၎င်းတို့ကိုယ်တိုင် ဆင်ခြေလျှောကို အသုံးပြုမည်ဆိုလျှင် အလွန်မတ်စောက်လွန်းနေပါသည်။

**ရွေးကောက်ပွဲ လက်လှမ်းမီနိုင်မှု လုပ်ငန်းအဖွဲ့ (Election Access Working Group)**

ပါကစ္စတန်နိုင်ငံ ၂၀၁၆

ပါကစ္စတန် ရွေးကောက်ပွဲကော်မရှင် (ECP) သည် IFES ၏ ကူညီပံ့ပိုးမှုဖြင့် ကော်မရှင်အဖွဲ့ဝင်များနှင့် အခွင့်အရေး လှုပ်ရှားဆောင်ရွက်သူများပါဝင်သော ကျား/မရေးရာနှင့် မသန်စွမ်းမှုကဏ္ဍ လုပ်ငန်းအဖွဲ့ကို ဖန်တီးဖော်ဆောင်ခဲ့ပါသည်။ ရွေးကောက်ပွဲကော်မရှင်၏လုပ်ငန်းများတွင် မသန်စွမ်းသူများနှင့် အမျိုးသမီးများ ပါဝင်စေရေး ဦးဆောင်ဆွေးနွေးနိုင်ရန် အဖွဲ့အနေဖြင့် ပုံမှန်တွေ့ဆုံကြပါသည်။ ယခုပုံသည် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပနိုင်ရန် အတွက် ဆွေးနွေးပွဲတစ်ခုမှ ပုံ ဖြစ်ပါသည်။

**အားလုံးလက်လှမ်းမီနိုင်သော ဝက်ဆိုဒ်**

ပါကစ္စတန်နိုင်ငံ ၂၀၁၇

ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်(ECP)၏ ဝက်ဆိုဒ် လက်လှမ်းမီနိုင်မှု အသွင်အပြင်နှင့် ပါတ်သက်၍ ဝက်ဆိုဒ်ကုဒ်မှားယွင်းမှုများကို IFES မှ ကူညီပံ့ပိုးထားသော (ECP)၏ စာရင်းစစ်အဖွဲ့မှ မှတ်သားဖော်ပြထားပါသည်။ ၎င်းမှားယွင်းမှုများသည် မှန်ပြင်ကြည့်ဖတ်ရှုသူများ(screen readers)နှင့် အခြား လေ့လာဝင်ရောက်ကြည့်ရှုသူများအတွက် သက်ရောက်မှု ရှိပါသည်။ အသွင်အပြင်နှင့်ပါတ်သက်၍ အကြံပြုထားခဲ့သည်များမှာ စာသားဖတ်သည့် ဝန်ဆောင်မှုအား မိတ်ဆက်ခြင်းနှင့် WCAG 2.0 စံနှုန်းနှင့် ကိုက်ညီမည့် ကုဒ် များဖြစ်ပါသည်။ ကုဒ်အား အဆင့်မြှင့်ခြင်းအားဖြင့် မှန်ပြင်ကြည့်ဖတ်ရှုခြင်း ဆော့ဝဲလ်နှင့် အခြားနည်းပညာများအား အံဝင်ဂွင်ကျ ဖြစ်စေနိုင်ပါသည်။ နောက်ဆုံးတွင် ဝက်ဆိုဒ်ကော်မတီတစ်ခုကို အစည်းအဝေးဖြစ်မြောက်ရန် ဖိတ်ကြားပြီး WebAIM ၏ စစ်ဆေးရန်အချက်များ(checklist)အရ မာတိကာ အသစ် သည် လက်လှမ်းမီနိုင်မှု သေချာလိမ့်မည်ဖြစ်သည်။ ECP မှ အားလုံးလက်လှမ်းမီနိုင်သောပေ့ရှ် ပုံစံတူနောက်တစ်ခုအား ပိုမိုလက်လှမ်းမီနိုင်သော အကြောင်းအရာ အချက်အလက်များနှင့် လွယ်ကူစွာ မောင်းနှင်ဆောင်ရွက်နိုင်ရန်အတွက် စတင်ခဲ့သည်။

**နားမကြားသူများအတွက် မဲဆန္ဒရှင် အသိပညာပေးခြင်း**

**သီရိလင်္ကာနိုင်ငံ ၂၀၁၈**

သီရိလင်္ကာနိုင်ငံ ဗဟိုနားမကြားအဖွဲ့နှင့် IFES တို့ ပူးပေါင်း၍ USAID ၏ အကူအညီဖြင့် မဲပေးခြင်းအတွက် လမ်းညွှန်ချက်များနှင့် အခြား သတင်းအချက် အလက်များ ပါသော ဗီဒီယို တက်ဆက်မှုတစ်ခုကို ထုတ်လုပ်ခဲ့ပါသည်။ ဗီဒီယိုတွင် မဲဆန္ဒရှင် စာရင်းပြုစုခြင်း၊ မဲပေးပုံအဆင့်ဆင့်၊ ရပ်/ကျေးရွေးကောက်ပွဲ နှင့် လူတိုင်း မဲပေးခွင့် အခွင့်အရေး ကဲ့သို့သော ခေါင်းစဉ်များအား သီရိလင်္ကာ၊ ဆင်ဟာလာ(Sinhala)၊ တမီး(Tamil) နှင့် အင်္ဂလိပ်ဘာသာ လက်သင်္ကေတပြ ဘာသာစကားများ ထည့်သွင်းပါဝင်ထားပါသည်။

ဤဥပမာသည် ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်းတစ်ခုက မဟုတ်သော်လည်း ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ(EMBs) အနေဖြင့် မဲဆန္ဒရှင်အသိပညာ ပေးခြင်းအတွက် ဦးတည်အုပ်စုများတွင် နားမကြားသူ ပြည်သူများအတွက် ထည့်သွင်းနိုင်ပါသည်။

**မသန်စွမ်းသူ မဲရုံ ဝန်ထမ်းများ**

**နီပေါ ၂၀၁၇**

ယခုပုံတွင် မသန်စွမ်းသူ မဲရုံဝန်ထမ်းတစ်ဦးမျှ ပါဝင်မနေပါ။ မသန်စွမ်းသူများသည် မဲရုံဝန်ထမ်းများအဖြစ်သော်လည်းကောင်း ရွေးကောက်ပွဲ၏ မည်သည့်အပိုင်းတွင် မဆို ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးရှိပါသည်။ ထို့ပြင် မသန်စွမ်းသူများအား ခန့်အပ်ခြင်းအားဖြင့် ၄င်းတို့၏ ခေါင်းဆောင်မှုကို ပြသ၍ ရှေးရိုးစွဲ အမြင်များကိုလည်း ချေဖျက်နိုင်ပါသည်။

### မဲဆန္ဒရှင် အသိပညာပေးခြင်း

အိန္ဒိယ ၂၀၁၆

ဤ မဲဆန္ဒရှင် အသိပညာပေးခြင်း ဗီဒီယိုတွင် မသန်စွမ်းသူ သရုပ်ဆောင် တစ်ဦး တစ်ယောက်မျှ ပါဝင်နေခြင်းမရှိပါ။ မသန်စွမ်းသူ သရုပ်ဆောင်များနှင့် ပင်မရေစီး ပြုခြင်း (သို့မဟုတ်) ပေါင်းစည်းခြင်းသည် ပြည်သူများရွေးကောက်ပွဲ ဖြစ်စဉ်တွင် ပါဝင်သကဲ့သို့ မသန်စွမ်းသူအမျိုးအစားများ အားလုံးပါဝင်ခြင်းအတွက် ၎င်းတို့အနေဖြင့် တုံ့ပြန်နိုင်မှုအား နိုးကြားစေသည့် အရေးကြီးသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။

### မဲပုံးအနိမ့်

ပါပူးဝါ နယူးဂီနီ ၂၀၁၇

မဲရုံတည်ဆောက်သည့်အခါတွင် ဝန်ထမ်းများအနေဖြင့် မဲပုံးအား မည်သူမဆို ၎င်းတို့၏ မဲအား လွတ်လပ်စွာ ထဲ့နိုင်ရန်အတွက် မဲပုံးကို ကြမ်းပြင်နှင့် မမြင့်လွန်းသည့်အနေအထားတွင် ထားရှိရမည်ဖြစ်သည်။

### ဦးတည်အုပ်စု မဲဆန္ဒရှင်စာရင်းပြုစုခြင်း

ဖိလစ်ပိုင်နိုင်ငံ ၂၀၁၂

ဈေးဝယ်စင်တာ တော်တော်များများသည် မသန်စွမ်းသူများအတွက် အားလုံး လက်လှမ်းမီနိုင်သည့် နေရာများအဖြစ် အသိအမှတ်ပြုခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်(COMELEC)သည် မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ဈေးဝယ် စင်တာများတွင် ဆောင်ရွက်ခဲ့ပါသည်။

### အားလုံးလက်လှမ်းမီ ပါဝင်နိုင်သော မဲရုံ

**ဖိလစ်ပိုင် ၂၀၁၃**

ဖိလစ်ပိုင်နိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်(COMELEC)က အားလုံးလက်လှမ်းမီပါဝင်နိုင်သော မဲရုံများကို ဖန်တီးပုံဖော်ခဲ့ရာတွင် လှေကားအထစ်များမပါသော ဝင်ပေါက်များ၊ ကျယ်ဝန်းသော လျှောက်လမ်းများ၊ မဲပုံးတင်သည့်စုံနှင့် မဲပုံးများကို နိမ့်ထား၍ ဆောင်ရွက်ခဲ့ပါသည်။ မဲရုံဝန်ထမ်းများအားလည်း မသန်စွမ်းသူများ အား ကူညီနိုင်ရန်အတွက် သင်တန်းများပို့ချခဲ့ပါသည်။ ယခုပုံတွင် UNCRPD က ထောက်ခံအားပေးထားသည့်အတိုင်း အမျိုးသမီးတစ်ယောက်မှ ၄င်း၏ မဲပြားကို ထည့်နေပါသည်။

### အကူအညီဖြင့် မဲပေးခြင်း

**အင်ဒိုနီးရှားနိုင်ငံ ၂၀၁၄**

ယခု ဗီဒီယိုသည် အင်ဒိုနီးရှားနိုင်ငံမှ ဖြစ်ပါသည်။ ၄င်းတွင် မဲရုံဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် မသန်စွမ်းသူများအနေဖြင့် မဲထည့်ရာတွင် ၄င်းတို့နှင့်အတူ အကူတစ်ယောက်အား ခေါ်ဆောင်နိုင်ခွင့် အခွင့်အရေး ရှိကြောင်း သရုပ်ပြခြင်းများ ပါဝင်ပါသည်။ ဗီဒီယိုတွင် အမျိုးသမီးအနေဖြင့် သူ့အတွက် အကူအား ရွေးချယ်နိုင်ကြောင်းကိုလည်း ပြသထားပါသည်။

### အားလုံးပါဝင်သော ရွေးကောက်ပွဲ ဗီဒီယို

**တီမော ၂၀၁၇**

တီမောနိုင်ငံ အမျိုးသားရွေးကောက်ပွဲကော်မရှင်(CNE) နှင့် မသန်စွမ်းသူများအဖွဲ့အစည်းတစ်ခုဖြစ်သည့် (RHTO) အဖွဲ့တို့က IFES ၏ အကူညီဖြင့် မသန်စွမ်းသူများ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့်ပါတ်သက်၍ ပြည်သူ့ရေးရာ ဝန်ဆောင်မှုကြေငြာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကား ဘာသာပြန်ခြင်းသည်လည်း ပိုမို၍ လက်လှမ်းမီ နိုင်ခဲ့ပါသည်။

ယခု ဗီဒီယိုတွင် မသန်စွမ်းသူများအား ၄င်းတို့၏ ရပ်ရွာ/လူထုအတွက် တက်ကြွသော အဖွဲ့ဝင်တစ်ယောက်အဖြစ် ပါဝင်စေခြင်းဖြင့် အပြုသဘော မဆောင်သည့် ရှေးရိုးစွဲ အမြင်များနှင့် မှားယွင်းသော အယူအဆများကို တွန်းလှန်ခြင်းကို ပြသနိုင်ခဲ့လ ျှင် ပိုမိုတိုးတက်ကောင်းမွန်ခဲ့လိမ့်မည် ဖြစ်သည်။

# *အခန်း ၂- ကမ္ဘောဒီးယား*

## *မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများပါဝင်စေခြင်း*

ကမ္ဘောဒီးယားမသန်စွမ်းသူများအဖွဲ့ (CDPO) ပြုစုသည့် သုတေသနစာတမ်း



# ၁။ နောက်ခံအကြောင်းအရာ

ကမ္ဘောဒီးယားဒီမိုကရေစီ၏အစောပိုင်းနေ့ရက်များမှစ၍ တော်ဝင်အစိုးရသည် နိုင်ငံရေးတွင် ယင်းနိုင်ငံသားများ၏ တူညီသောအခွင့်အလမ်းနှင့် ပါဝင်ခွင့်တို့ကို သေချာအောင်လုပ်ထားခဲ့သည်။ ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ကမ္ဘောဒီးယားဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခမာနိုင်ငံသားများသည် ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းဖြစ်ခွင့်တို့ကို ခံစားခွင့်ရှိကြောင်း ဖော်ပြထားသည်။ ဆယ်စုနှစ်နှစ်စုနီးပါးကြာခဲ့ချိန် ၂၀၀၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် *မသန်စွမ်းသူများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးဥပဒေ (LPPRPD)* ကို ပြဋ္ဌာန်းခဲ့ပြီး၊ ဆက်လက်၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် *မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂပဋိညာဉ်သဘောတူညီချက်* (CRPD) ကို လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်နှစ်ခုစလုံးသည် ကမ္ဘောဒီးယားနိုင်ငံရှိ မသန်စွမ်းသူများ၏ နိုင်ငံရေးအခွင့်အရေးများကို အပြည့်အဝအာမခံချက်ပေးပါသည်။ ဥပဒေအရ ကမ္ဘောဒီးယားနိုင်ငံတွင် ၎င်းတို့၏နိုင်ငံရေးအခွင့်အရေးများကျင့်သုံးရာ၌ မည်သူ့မျှတားမြစ်လိမ့်မည်မဟုတ်ချေ။

သို့ရာတွင် အားလုံးပါဝင်သောရွေးကောက်ပွဲများမှာမူ သတ်မှတ်ထားသည့်စံအတိုင်းဖြစ်မလာသေးချေ။ အထူးသဖြင့် မဲဆန္ဒရှင်မှတ်ပုံတင်ရေးသည် မသန်စွမ်းကမ္ဘောဒီးယားနိုင်ငံသားများအတွက် အဓိကအခက်အခဲတစ်ခုဖြစ်နေဆဲဖြစ်သည်။ ဤကိစ္စကို USAID ၏ ရန်ပုံငွေဖြင့် ကမ္ဘောဒီးယားမသန်စွမ်းသူများအသင်း (CDPO) က ဖြေဆိုသူ ၄၅၀ တို့ဖြေဆိုခဲ့သည့် သုတေသနတစ်ခုတွင် ဖော်ပြထားသည်။ ယင်းသုတေသနတွင် မသန်စွမ်းသူ ၃၃.၈% (n=၁၅၂) သည် မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ခံရခြင်းမရှိသလို မသန်စွမ်းစစ်တမ်းဖြေသူများ၏ ၆၆.၂% (n=၂၉၈) သာလျှင် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြကြောင်း ဖော်ပြထားသည်။ မှတ်ပုံတင်ထားသူ ၆၆.၂% (n=၂၉၈) အတွက် လုပ်ငန်းစဉ်သည် လွယ်ကူခြင်းမရှိခဲ့ဟု မသန်စွမ်းစစ်တမ်းဖြေဆိုသူ ၂၁.၈% (n=၆၅) က ဆိုခဲ့သည်။ မှတ်ပုံတင်ပေးသည့်နေရာများသို့ သွားလာရခက်ခဲခြင်းနှင့် အကူအညီများမရရှိခဲ့ခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်ခဲ့သည်။ နောက်ဆုံး၌ မသန်စွမ်းစစ်တမ်းဖြေဆိုသူများ၏ ၆၁.၆% (n=၂၇၇) သာလျှင် ၂၀၁၂ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အမျိုးသားရွေးကောက်ပွဲတစ်ရပ်ကျင်းပမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများကို စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ အားလုံးပါဝင်သော ရွေးကောက်ပွဲများကျင်းပရေးအတွက် CDPO သည် အမျိုးသားရွေးကောက်ပွဲကော်မတီ (NEC) ကို ထိရောက်စွာအားပေးတိုက်တွန်းရန် အရေးကြီးပါသည်။ အပြန်အလှန်အားဖြင့် NEC သည် မသန်စွမ်းမဲဆန္ဒရှင်များရင်ဆိုင်ရသည့် အခက်အခဲများကိုကိုင်တွယ်ဖြေရှင်းရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံထားသည့်အတိုင်း နိုင်ငံရေးလုပ်ငန်းစဉ်များ၌ မသန်စွမ်းမဲဆန္ဒရှင်များပါဝင်ခြင်းကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးအခွင့်အရေးများ၌ မသန်စွမ်းသူများပါဝင်ရေးအတွက် လမ်းကြောင်းတစ်ခုအဖြစ် မဲဆန္ဒရှင်မှတ်ပုံတင်ခွင့်ရရှိရေးဆိုင်ရာ သုတေသနလုပ်ငန်းကို AGENDA စီမံကိန်းမှတစ်ဆင့် IFES ၏ကူညီပံ့ပိုးမှုဖြင့် CDOP က လုပ်ဆောင်ခဲ့သည်။ အစီရင်ခံစာကို ကမ္ဘောဒီးယားနိုင်ငံ မဲဆန္ဒရှင်မှတ်ပုံတင်ရေးလုပ်ငန်းစဉ် ပြန်လည်ရေးဆွဲရေး၌ NEC ကို ပံ့ပိုးပေးထားသော စာရွက်စာတမ်းများနှင့်အကူအညီများ၏အစိတ်အပိုင်းအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

## ကမ္ဘောဒီးယားနိုင်ငံ၌ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း

ကမ္ဘောဒီးယားသည် နှစ်စဉ်တစ်လခွဲကာလတိုင်တိုင် အစိုးရမှတ်ပုံတင်ရုံးများ၌ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းဖြင့်ဆောင်ရွက်ပေးသည့် ပုံမှန်မဲဆန္ဒရှင်မှတ်ပုံတင်လုပ်ငန်းကို ထိန်းသိမ်းထားပါသည်။ ထုံးစံအားဖြင့် မှတ်ပုံတင်ကာလကို ရွေးကောက်ပွဲမတိုင်မီ ကိုးလနီးပါးတွင် ကျင်းပပါသည်။ ၂၀၁၈ ရွေးကောက်ပွဲအတွက် NEC သည် မဲဆန္ဒရှင်များ၏အထောက်အထားကို စစ်ဆေးအတည်ပြုရန် ၎င်းတို့၏လက်ဗွေရာများနှင့်ဓာတ်ပုံများကိုအသုံးပြုမည့် ဒစ်ဂျစ်တယ်နည်းဖြင့်မဲဆန္ဒရှင်မှတ်ပုံတင်စနစ်တစ်ခုကို အသုံးပြုသွားရန် ရည်ရွယ်ထားသည်။ ဤစနစ်သစ်သည် ပြီးခဲ့သောရွေးကောက်ပွဲများတွင်တွေ့ရှိခဲ့သည့် မဲဆန္ဒရှင်စာရင်းမှုမမှန်မှုများမဖြစ်စေရန် တားဆီးကာကွယ်မည်ဟု မျှော်လင့်ရပါသည်။ လက်ရှိကာလတွင် မှတ်ပုံတင်စနစ်သည် မဲပေးခွင့်ရှိမရှိကိုအတည်ပြုရန် အမျိုးသားမှတ်ပုံတင်ကဒ် (ခမာ ID) တစ်ခုပိုင်ဆိုင်သော မဲဆန္ဒရှင်တစ်ဦးချင်းစီအပေါ်တွင် အားပြုနေပါသည်။ မှတ်ပုံတင်ပြီးသည်နှင့် နိုင်ငံသားများသည် ၎င်းတို့၏သက်ဆိုင်ရာသတင်းအချက်အလက်များ မှန်ကန်ခြင်းရှိမရှိအတည်ပြုစစ်စေရန်အလို့ငှာ မှတ်ပုံတင်ရုံးသို့ နှစ်စဉ်သွားရောက်ရသည့် တာဝန်ရှိပါသည်။



မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များအတွက်တာဝန်များကို NEC နှင့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံ ဒေသတွင်းရွေးကောက်တင်မြှောက်ထားသည့် ဒေသန္တရကောင်စီတို့အကြားတွင် တာဝန်ဝတ္တရားများနှင့် တာဝန်ယူမှုရှင်းရှင်းလင်းလင်းမရှိပဲ မျှဝေလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် မဲဆန္ဒရှင်မှတ်ပုံတင်ရေးအတွက် လိုအပ်ချက်များကို မကြာသေးမီကပြဋ္ဌာန်းထားသည် *အမျိုးသားညီလာခံရွေးကောက်ပွဲဝင်များဆိုင်ရာ ဥပဒေ* (LEMNA) နှင့် NEC ဥပဒေတို့သည် ဒီမိုကရေစီအခြေခံသဘောတရားများတွင် ခြေတစ်လှမ်းနောက်ဆုတ်သွားဖွယ်ရှိပြီး မဲဆန္ဒရှင်မှတ်ပုံတင်လုပ်ငန်းစဉ်ကို တိုးတက်ကောင်းမွန်လာနိုင်ချေမရှိပေ။ အရပ်ဖက်လူမှုအဖွဲ့အစည်းများက ထိုဥပဒေနှစ်ရပ်စလုံးကို ပြင်ဆင်ရန် တောင်းဆိုထားကြသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လရွေးကောက်ပွဲမတိုင်မီနှစ်ပတ်အလိုက လုပ်ဆောင်ခဲ့သည့် NEC စစ်ဆေးမှုတစ်ခုတွင် ရွေးကောက်ပွဲတွင်ဆန္ဒမဲပေးရန်မှတ်ပုံတင်ထားသူ ၉% သည် မဲပေးခွင့်ရှိသူများစာရင်းတွင် ၎င်းတို့၏အမည်ကို ရှာမတွေ့ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံရှိ လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲများကျင်းပရေးကော်မတီ (COMFREL) နှင့် အမျိုး

သာဒီမိုကရေစီသိပ္ပံ (NDI) တို့၏ အလားတူစစ်ဆေးမှုများသည် ကမ္ဘောဒီးယားများ၏ မဲပေးခွင့်ဆုံးရှုံးမှုများကို ပိုမိုသိသာစေခဲ့သည်။ အကြောင်းရင်းများမှာ NEC နှင့် ဒေသန္တရကောင်စီများအကြား တာဝန်များရောထွေးနေခြင်း၊ ကိုယ်ရေးအထောက်အထားနှင့် နေရပ်လိပ်စာအထောက်အထားများပြည့်စုံမှုမရှိခြင်း၊ ခေတ်မမီတော့သည့် လုပ်ငန်းစဉ်များဖြစ်ခြင်း၊ မဲဆန္ဒရှင်များအတွက် နှစ်စဉ်မပြီးစီးနိုင်အောင် သွားရောက်စစ်ဆေးကြရခြင်းနှင့် မဲစာရင်းတွင် အမှားများပြင်ဆင်ရန် တိကျရှင်းလင်းခြင်းမရှိသော လုပ်ထုံးလုပ်နည်းများဖြစ်နေခြင်းတို့ကြောင့် ဖြစ်သည်။

လာမည့်ဒေသန္တရနှင့်အမျိုးသားရွေးကောက်ပွဲများအတွက် NEC သည် အမျိုးသားမဲဆန္ဒရှင်မှတ်ပုံတင်လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရန် အမျိုးသားအုပ်ချုပ်ရေးအဖွဲ့ခွဲများနှင့်အတူပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းစဉ်ကို မှတ်ပုံတင်လုပ်ငန်းကာလမတိုင်မီ တစ်နိုင်ငံလုံးရှိဒေသန္တရနှင့် ရပ်ကွက်ကျေးရွာရုံးများအတွင်း NEC ၏ မဲဆန္ဒရှင်မှတ်ပုံတင်ရုံးများထူထောင်ခြင်းဖြင့် စတင်သည်။

လာမည့်ဒေသန္တရရွေးကောက်ပွဲများအတွက် မှတ်ပုံတင်ကာလကို ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့အထိ သတ်မှတ်ထားသည်။ ဆန္ဒမဲပေးခွင့်ရှိသူများသည် ဖော်ပြပါအချိန်အတိုင်းအတာအတွင် မှတ်ပုံတင်ရန် သို့မဟုတ် မိမိတို့၏မှတ်ပုံတင်ထားမှုကို စစ်ဆေးအတည်ပြုရန် မှတ်ပုံတင်ရုံးသို့ သွားရောက်ရမည်ဖြစ်သည်။ မသန်စွမ်းမဲဆန္ဒရှင်များကို အရွယ်ရောက်သူတစ်ဦးဖြင့် အဖော်လိုက်ခွင့်ပြုသည်။

မဲစာရင်းတွင်ပါရှိရန် မဲဆန္ဒရှင်များသည် ဥပဒေအရအောက်ပါစံချိန်စံညွှန်းများ ပြည့်စုံရမည်ဖြစ်သည်။

- ခမာ လူမျိုး
- ရွေးကောက်ပွဲနေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ
- ဆန္ဒမဲပေးမည့် သက်ဆိုင်ရာဒေသတွင်နေထိုင်သူ
- သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဌာနတစ်ခုက ထောက်ခံချက်ပေးထားသည့် ရူးသွပ်နေသူမဟုတ်ခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခံရသူမဟုတ်ခြင်း။

ဆန္ဒမဲပေးခွင့်ရှိကြောင်းအတည်ပြုသည့်အခါ NES ဝန်ထမ်းသည် မဲဆန္ဒရှင်ကိုမှတ်ပုံတင်ရန် ကွန်ပြူတာစနစ်တစ်ခုကိုအသုံးပြု၍ မှတ်ပုံတင်ရုံးမှအချက်အလက်များကို NEC ကွန်ပြူတာဌာနသို့ နေ့စဉ်ပေးပို့ပါသည်။ တိုင်ကြားချက်အများစုကို ဒေသန္တရကောင်စီတွင် ဖြေရှင်းပြီး၊ NEC နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကောင်စီသို့လည်း အသနားခံစာတင်နိုင်ပါသေးသည်။ မှတ်ပုံတင်စာရင်းရုံးတစ်ခုချင်းသည် ယင်းတို့၏ကနဦးမဲဆန္ဒရှင်စာရင်းနှင့် မဲစာရင်းမှပယ်ဖျက်ခံရသူများ၏အမည်စာရင်းများကို မှတ်ပုံတင်စာရင်းရုံးနှင့် ဒေသန္တရရပ်ကွက်နှင့်ကျေးရွာရုံးများတွင် နံရံကပ်ကြေညာပေးသည်။ NEC ကွန်ပြူတာဌာနမှ ကနဦးမဲစာရင်းများကို မှတ်ပုံတင်အပြီး နံရံကပ်ကြော်ညာပြီး အဆင့်အားလုံးရှိတိုင်ကြားချက်များအားလုံးကို ဆုံးဖြတ်ပေးပါသည်။ ဝန်ထမ်းများခန့်ရာ၌ NEC သည် အရည်အချင်းရှိပြီး သက်ဆိုင်ရာအလုပ်များအတွက် ရုပ်ပိုင်းဆိုင်ရာအရသင့်လျော်သော မသန်စွမ်းအလုပ်လျှောက်သူများအား ဦးစားပေးပါသည်။

## ၂။ ရည်ရွယ်ချက်များကို သုတေသနပြုခြင်း

ယေဘုယျအားဖြင့် ဤသုတေသနသည် ကမ္ဘောဒီးယားနိုင်ငံရှိ မသန်စွမ်းမဲဆန္ဒရှင်များ၏ နိုင်ငံရေးပါဝင်မှုပိုမိုကောင်းမွန်စေရေး၌ ဖြစ်တန်ရာရွေးချယ်စရာများကို ရှာဖွေ၍ NEC ၏ နောင်ရွေးကောက်ပွဲများအတွက် ပြန်လည်ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားစေရန် ရည်ရွယ်ပါသည်။

ဤရည်မှန်းချက်အောင်မြင်ရန် သုတေသနလုပ်ငန်း၏ အရေးပါသောမေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်၊

၁။ မှတ်ပုံတင်လုပ်ငန်းစဉ်မှာ မသန်စွမ်းမဲဆန္ဒရှင်များအတွက် အခက်အခဲတွေက ဘာတွေလဲ ?

၂။ မသန်စွမ်းမဲဆန္ဒရှင်တွေအတွက် မဲဆန္ဒရှင်မှတ်ပုံတင်ခွင့်အသေအချာရရှိစေရေးမှာ အလေ့အကျင့်ကောင်းတွေက ဘာတွေလဲ?

၃။ မသန်စွမ်းမဲဆန္ဒရှင်တွေအတွက် မဲဆန္ဒရှင်မှတ်ပုံတင်ခွင့်အသေအချာရရှိစေရေးမှာ လေ့လာသင့်တဲ့သခ်ၤန်းစာတွေက ဘာတွေလဲ ?

## ၃။ သုတေသနကောက်ယူမှု နည်းစနစ်

### တည်နေရာ



သုတေသနကို ပစ်မှတ်ထားသည့် အရေးပါသောသတင်းအချက်အလက်များပေးသူအများစုနေထိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့တွင် အများအားဖြင့် လုပ်ဆောင်ခဲ့ပါသည်။ သို့ရာတွင် ဖိလစ်ပိုင်၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံများမှ DPO ကိုယ်စားလှယ်များနှင့်အတူ အီးမေးလ်ဖြင့်လည်း အင်တာဗျူးအနည်းငယ်လုပ်ဆောင်ခဲ့ပါသည်။

### အချက်အလက်ကောက်ယူနည်း

ရရှိသောအရင်းအမြစ်အခြေပြု သုတေသန၊ အရေးပါသော သတင်းအချက်အလက်ပေးသူ အင်တာဗျူးများနှင့် သိမြင်နားလည်သူချင်းအဖွဲ့လိုက်ဆွေးနွေးခြင်းများဖြင့် အချက်အလက်များကောက်ယူရေးအတွက် အရည်အသွေးရှိသည့် နည်းစနစ်ကို အသုံးပြုခဲ့ပါသည်။

#### *ရရှိသောအရင်းအမြစ်အခြေပြု သုတေသန*

သာမညသတင်းအချက်အလက်များကို ရွေးကောက်ပွဲအရေးကိစ္စများ၊ မဲဆန္ဒရှင်မှတ်ပုံတင်လုပ်ငန်းစဉ် နှင့်/သို့မဟုတ် ကမ္ဘောဒီးယားရွေး

ကောက်ပွဲများနှင့် သက်ဆိုင်ရာဥပဒေမူဘောင်များနှင့်စပ်လျဉ်းသော စာတမ်းများအပေါ် သုတေသနပြုခြင်းဖြင့် ကောက်ယူစုဆောင်းခဲ့ သည်။ အတိအကျဆိုရပါမူ CDPO သည် အခြားနိုင်ငံများရှိ အားလုံး ပါဝင်သော မဲဆန္ဒရှင်မှတ်ပုံတင်ရေးမူဝါဒများ နှင့်/သို့မဟုတ် အလေ့ အကျင့်များဆိုင်ရာ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။

## *အရေးပါသော သတင်းအချက်အလက်ပေးသူ အင်တာဗျူးများ (KII)*

KII ကို သက်ဆိုင်ရာအကြောင်းအရာများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ၊ အတွေးအမြင်များနှင့် အကြံပြုတိုက်တွန်းချက်များသည် စိစစ်တွေ့ရှိချက်ကိုပိုမိုအားကောင်းစေသူများနှင့် လုပ်ဆောင်ခဲ့ပါသည်။ EMB၊ DPO များနှင့် အခြားသော ကမ္ဘောဒီးယားနှင့် ကမ္ဘောဒီးယားမဟုတ်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပညာရှင်များအထဲမှ အားလုံးပါဝင်သောမဲဆန္ဒရှင် မှတ်ပုံတင်ခြင်းတွင် ကျွမ်းကျင်သူများအား CDPO ၁၂ ဦးက လူတွေ့မေးမြန်းအင်တာဗျူးခဲ့ပါသည်။ အရေးပါသော သတင်းအချက်အလက်ပေးသူများကို အောက်ပါဇယားအတိုင်း ဖော်ပြထားသည်။

*ဇယား ၂။ အင်တာဗျူးထားသော သတင်းအချက်အလက်ပေးသူများ*

| သတင်းအချက်အလက်ပေးသူ အမျိုးအစား | အရေအတွက် |
|---|---|
| သက်ဆိုင်ရာ CSO များမှ ရွေးကောက်ပွဲကျွမ်းကျင်သူများ | ၃ |
| EMB အရာရှိများ | ၃ |
| အခြားနိုင်ငံများ၌ ရွေးကောက်ပွဲဝင်ခွင့်ဆိုင်ရာ အားပေးလှုပ်ရှားခဲ့သည့် DPO အရာရှိများ | ၃ |
| ပညာရှင်များ | ၃ |
| **စုစုပေါင်း** | **၁၂** |

## *သိမြင်နားလည်သူချင်း အဖွဲ့လိုက်ဆွေးနွေးခြင်းများ (FGDs)*

သက်ဆိုင်ရာ အုပ်စုများ၏ရှုထောင့်များနှင့် အမြင်သဘောထားများရရှိရန် မသန်စွမ်းသူများ နှင့်/သို့မဟုတ် ရွေးကောက်ပွဲအရေးကိစ္စများ ဆိုင်ရာ အန်ဂျီအိုများမှ အရာရှိများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်ရွေးကောက်ပွဲကော်မတီများနှင့် ဒေသန္တရရွေး ကောက်ပွဲကော်မတီများမှ ကိုယ်စားလှယ်များနှင့်အတူ FGDs များ ၁၃ ကြိမ်လုပ်ဆောင်ခဲ့သည်။

*ဇယား ၃- FGD ပါဝင်သူများ*

| သတင်းအချက် လက်ပေးသူ အမျိုးအစား | အရေအတွက် |
|---|---|
| မသန်စွမ်းသူအရေးကိစ္စများဆိုင်ရာ NGO များမှ အရာရှိများ (ဖန္စမ်ပင်) | ၆ |
| ရွေးကောက်ပွဲအရေးကိစ္စများဆိုင်ရာ NGO များမှ အရာရှိများ (ဖန္စမ်ပင်) | ၆ |
| ပြည်နယ်ရွေးကောက်ပွဲကော်မတီဝင်များ (ကမ်ပွန်စပူးပြည်နယ်) | ၆ |
| ဒေသန္တရရွေးကောက်ပွဲကော်မတီဝင်များ (ကမ်ပွန်စပူးပြည်နယ်) | ၆ |
| နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ (ဖန္စမ်ပင်) | ၆ |
| **စုစုပေါင်း** | **၃၀** |

**ကန့်သတ်ချက်များ**

ဤလေ့လာမှု၏ကန့်သတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ CDPO က ဤအစီရင်ခံစာကို အရှိန်မြှင့်တင်ဆောင်ရွက်၍ အပြီးသတ်ခဲ့သည်။ သို့မှသာလျှင် ယင်းအကြောင်းအရာများသည် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွင် အားလုံးပါဝင်စေရေးနှင့်စပ်လျဉ်း၍ NEC နှင့်အတူ ပြည်သူ့ဆွေးနွေးပွဲများ၌ အသုံးဝင်မည်ဖြစ်သည်။

၂။ အပြီးသတ် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းစည်းမျဉ်းဥပဒေများကို ဤအစီရင်ခံစာအတါက် သုတေသနလုပ်ငန်းပြီးမြောက်ပြီးချိန် မတိုင်မချင်း အဆုံးမသတ်ခဲ့ပေ။

၃။ CEC များကို ဤအစီရင်ခံစာအတွက် သုတေသနလုပ်ငန်းကာလအတွင်း ခန့်အပ်ထားခြင်းမရှိခဲ့ပေ။

၄။ အသစ်ခန့်အပ်ထားသော ကော်မရှင်အဖွဲ့ဝင်များသည် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းစည်းမျဉ်းဥပဒေများ ရေးဆွဲခြင်းနှင့် အလုပ်များနေခဲ့ကြသဖြင့် CDPO များသည် သုတေသနလုပ်ငန်း၏အစိတ်အပိုင်းအဖြစ် အဖွဲ့ဝင်များနှင့်အင်တာဗျူးရန် NEC နှင့် တွေ့ဆုံဆွေးနွေးမှုများစီစဉ်ရာတွင် အခက်အခဲများရင်ဆိုင်ခဲ့ရသည်။

၅။ အီးမေးလ်များနှင့် အင်တာဗျူးတောင်းဆိုမှုများကို ပြန်ကြားရန်အချိန်ကြာမြင့်ခဲ့သဖြင့် အခြားနိုင်ငံများရှိ DPO များနှင့် ပြန်ကြားဆက်ဆံခြင်းသည် အလွန်ခက်ခဲခဲ့သည်။

## ၄။ တွေ့ရှိချက်များ

**အခက်အခဲများ**

ဤသုတေသနသည် ၂၀၁၃ ခုနှစ်တွင် AGENDA မှတစ်ဆင့် CDPO က လုပ်ဆောင်ခဲ့သည့် အစောပိုင်းသုတေသနကို ပိုမိုခိုင်မာစေပါသည်။ ၂၃ ခုသော ဥပဒေမူဘောင်များသည် မသန်စွမ်းသူအားလုံးအား အပြည့်အဝ ကာကွယ်ပေးနိုင်ခြင်းမသရှိသလို ၎င်းတို့၏နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်ကို ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဟန့်တားနေခြင်းများကိုလည်း ဖယ်ရှားမပေးနိုင်ချေ။ လူမှုရေးအဟန့်အတားများသည် မသန်စွမ်းသူများအား အဆိုးမြင်သည့်သဘောထားများ၌ ထင်ဟပ်သကဲ့သို့ တိမ်မြှုပ်နေသည့်အခက်အခဲတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။ ဤအခက်အခဲများကို အောက်ပါအတိုင်း ထပ်မံခွဲထုတ်ဖော်ပြပါမည်။

*ဥပဒေရေးရာမူဘောင်ရှိ ကွာဟချက်များ*

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ မသန်စွမ်းသူများပါဝင်ရေးအတွက် တည်ရှိဆဲဥပဒေမူဘောင်များ၊ များပြားစွာရှိနေသည့်တိုင် ဥပဒေတွင် ကွာဟချက်များရှိနေပါသည်။ ဥပမာအားဖြင့် အုပ်ထိန်းသူနှင့်နေရသည့် ဉာဏ သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများသည် အမျိုးသားညီလာခံရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းဖြစ်ခွင့်မှ ဖယ်ထုတ်ခြင်းခံရနိုင်သလို မဲဆန္ဒ ပေးရန်မှတ်ပုံတင်ခြင်းမှလည်း ချန်လှပ်ခြင်းခံရနိုင်ပါသည်။

၂၀၁၁ ခုနှစ်စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် ဒေသန္တရကောင်စီရွေးကောက်ပွဲဥပဒေ ( LECC) သည် အခွင့်အာဏာရှိသော ဌာနတစ်ခုခု၏ ရူးသွပ်သူတစ်ဦး သို့မဟုတ် အုပ်ထိန်းခံရသူတစ်ဦးဟူ၍ သတ်မှတ်ခြင်းခံရသူများအား ဒေသန္တရကောင်စီရွေးကောက်ပွဲများ၌ မှတ်ပုံတင်ရန် သို့မဟုတ် မဲပေးရန်တို့မှ တားဆီးထားသည်။ ဤကန့်သတ်မှုသည် ဉာဏ သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအား နိုင်ငံရေးနှင့်ရွေးကောက်ပွဲလုပ်ငန်းစဉ်များမှ ဖယ်ရှားရုံမျှမကပဲ လူမှုရေးအဟန့်အတားတစ်ခုအဖြစ်ပါ ခွဲခြားဆက်ဆံခံရခြင်းများ ဖြစ်စေပါသည်။

*မဲဆန္ဒရှင်မှတ်ပုံတင်ရေးအတွက် လိုအပ်ချက်များနှင့် လုပ်ငန်းစဉ်*

မှတ်ပုံတင်ရေးလိုအပ်ချက်များနှင့်စပ်လျဉ်းသော ကမ္ဘောဒီးယားနိုင်ငံရှိ မသန်စွမ်းမဲဆန္ဒရှင်များအတွက် အဓိက အခက်အခဲ သုံးခုရှိပါသည်။
ပထမတစ်ခုမှာ ဥပဒေမူဘောင်များသည် ဉာဏနှင့် လူမှုစိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအား LEMNA နှင့် LECC ဥပဒေများမှတစ်ဆင့် ဖယ်ရှားခဲ့သည်။ "ရူးသွပ်ခြင်း" နှင့် "အုပ်ထိန်းခံ" ဟုသတ်မှတ်ရသည့် အဓိပ္ပာယ်ဝေဝါးမှု (နှင့် ရှင်းလင်းချက်မဲ့မှု) တို့ကြောင့် ရောထွေးမှုနှင့် မှားယွင်းအဓိပ္ပာယ်ကောက်ယူမှုများဖြစ်စေနိုင်ပါသည်။

*"ဉာဏပိုင်းဆိုင်ရာ မသန်စွမ်းသူတွေ လူမှုရေးနဲ့နိုင်ငံရေးဖြစ်စဉ်တွေမှာ ဘယ်လိုပါဝင်ပတ်သက်တယ်လို့ပြောတဲ့ ဘာထုတ်ပြန်ချက်မှမရှိပါဘူး။ ဘာ စည်းမျဉ်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်းမှလည်း မရှိပါဘူး"*

*(TR၊ အမျိုးသား၊ FGD Disability NGOs, Krousar Thmey)*

ဒုတိယအခက်အခဲတစ်ခုမှာ ဆန္ဒမဲပေးခွင့် မှတ်ပုံတင်ရန် တရားဝင်အထောက်အထားကဒ်တစ်ခုပေးရန် လိုအပ်ချက်ဖြစ်သည်။ ID ကပ်တစ်ခုရရှိရေးလုပ်ငန်းစဉ်သည် မသန်စွမ်းမှုအမျိုးအစားအချို့ရှိသူများအတွက် အရေးပါသည့်အခက်အခဲတစ်ခုဖြစ်ပါသည်။ အစိုးရအရာရှိများနှင့် ဂရုဏာဝန်ထမ်းများသည် ဤသို့အမြဲတစ်စေသွားလာရပြီး သွားရလာရမလွယ်ကူသည့် လုပ်ငန်းစဉ်များကိုဆောင်ရွက်သည့် မသန်စွမ်းသူများအား အကူအညီပေးရန် အဆင်သင့်မရှိကြချေ။ ရလဒ်အနေဖြင့် မသန်စွမ်းသူအချို့သည် ၂၀၁၈ အမျိုးသားရွေးကောက်ပွဲများ၌ ဆန္ဒမဲပေးခွင့်မရနိုင်ဖြစ်ကြသည်။

တတိယအခက်အခဲတစ်ခုမှာ တစ်စုံတစ်ဦး၏မသန်စွမ်းမှုကို ID ကဒ်ပေါ်တွင်လည်းကောင်း၊ လက်ရှိမှတ်ပုံတင်ပုံစံတွင်လည်းကောင်း အထောက်အထားဖော်ပြထားခြင်းမရှိပေ။ အလုပ်များသည့် စာရေးဝန်ထမ်းများအတွက် မသန်စွမ်းမဲဆန္ဒရှင်များအား အလိုအလျောက်ခွဲထုတ်သိမြင်ပြီး အကူအညီပေးရန် မျှော်လင့်၍မရစကောင်းပေ။ ကိန်းဂဏန်းမှားယွင်းမှုများနှင့် အမည်စာလုံးပေါင်းမှားခြင်းများသည်လည်း ဖြစ်နိုးဖြစ်စဉ်ဖြစ်နေသည်။

> *"မဲဆန္ဒရှင်တွေရဲ့ အချို့နာမည်တွေကို စာရင်းထဲမှာရှာမတွေ့တာမျိုး၊ နာမည်နှစ်ခုရှိနေတာမျိုးပါတယ်။ ဒါပေမယ့် ဘယ်လောက်ရာခိုင်နှုန်းက မသန်စွမ်းတွေလဲ ဒါမှမဟုတ် သာမာန်လူတွေလဲဆိုတာကို နာမည်ကြည့်ပြီး မသိရပါဘူး" (PR, အမျိုးသား, KII Election Specialist CSO-Transparency International Cambodia)*

*မသွားလာနိုင်သော မှတ်ပုံတင်နေရာများ*

သွားလာနိုင်သည့်ပတ်ဝန်းကျင်တစ်ခုကို LPPRPD မှတစ်ဆင့် အာမခံထားသည်ဟူသောအချက်ရှိသော်လည်း သုတေသနတွင် သွားလာနိုင်ရေးမှာ ခက်ခဲမှုတစ်ခုဖြစ်နေဆဲဟု တွေ့ရပါသည်။ ရှေးဦးစွာ မှတ်ပုံတင်ရန်တည်နေရာများသည် မသန်စွမ်းသူများအတွက် သွားရောက်နိုင်ခြင်းမရှိပေ။ ထို့နောက် မသန်စွမ်းသူများသည် ထိုနေရာများသို့ရောက်နိုင်ခဲ့သည်ဆိုလျှင်ပင် ထိုနေရာများသည် မသန်စွမ်းသူများအတွက် လုပ်ဆောင်ရန်ခက်ခဲသည့်အခြေအနေများ ဖြစ်နေနိုင်ပါသေးသည်။

ထို့အပြင် ထိုနေရာများတွင် မျက်မမြင်ဖတ်စာတို့ကဲ့သို့သော အထောက်အကူပြုကိရိယာများနှင့် ပစ္စည်းများ ပံ့ပိုးပေးထားခြင်းမရှိနိုင်ပေ။ မျက်မမြင်ဖတ်စာများ မရရှိခြင်းသည် ၂၀၀၈ အထွေထွေရွေးကောက်ပွဲမှစ၍ ရရှိသင့်ခဲ့ပါသည်။

> *"သူတို့အတွက် မှတ်ပုံတင်ဖို့ မျက်မမြင်ဖတ်စာလုံးဝမရှိပါဘူး။ အထူးသဖြင့် အမည်စာရင်းမှာ စစ်ဆေးဖို့ သူတို့မပေးမြန်းတဲ့အခါ မလုပ်နိုင်ခဲ့ပါဘူး" (TR, အမျိုးသား, FCG Disability NGOs, Krousar Thmey)*

### *သတင်းအချက်အလက်မရရှိခြင်း*

သတင်းအချက်အလက်မရရှိခြင်းကြောင့် မသန်စွမ်းသူများသည် သိသာစွာပင် ချို့ဖောက်ခံရပါသည်။ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းအရ အချိန်၊ နေရာနှင့် မည်သို့မှတ်ပုံတင်ရမည်ဟူသော သတင်းအချက်အလက်ရရှိရေးသည် အလွန်အရေးပါပါသည်။ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းအပါဝင် မီဒီယာများကအသိပေးသော သတင်းအချက်အလက်များမှတစ်ဆင့် ပြည်သူတို့၏ထင်မြင်များပုံဖော်သည့်အတွက် သတင်းလောက၏အခန်းကဏ္ဍသည် အရေးကြီးပါသည်၊ သို့ရာတွင် ဤသည်ကို အပြည့်အဝ မြင်တွေ့ရခြင်းမရှိသေးပေ။ မသန်စွမ်းသူများသည် မဲဆန္ဒရှင်မှတ်ပုံတင်ရေးလုပ်ငန်းစဉ်နှင့် ယင်း၏လိုအပ်ချက်များကို ကောင်းစွာအသိပေးခံရခြင်းမရှိချေ။

> *"မဲဆန္ဒရှင်မှတ်ပုံတင်တာနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေဖြန့်ဝေပေးချင်ပါတယ်။ ဒါပေမယ့် သတင်းတွေက သူတို့ဆီမရောက်ဘူး။ မီဒီယာရော သတင်းအချက်အလက်နှစ်မျိုးစလုံးကို သူတို့ဆီမရောက်နိုင်တာပါ။ တစ်ခါတလေကျ မီဒီယာက သူတို့ဆီရောက်တယ်၊ ဒါပေမယ့် သူတို့က မဖတ်နိုင်ကြပြန်ဘူး" (KC, အမျိုးသား, KII Election Specialist CSO, COMFREL)*

ဒုတိယအနေနှင့် မသန်စွမ်းသူများ၏အခွင့်အရေးများနှင်ပတ်သက်၍ အသိအမြင်မရှိကြခြင်းဖြစ်သည်၊ ဤသည်မှာ ရွေးကောက်ပွဲအရာရှိများကြောင့်သာလျှင်မဟုတ်ပဲ မသန်စွမ်းလူထုကြောင့်လည်းပါပါသည်။

ထို့ပြင် EMB အရာရှိများအကြား အထောက်အကူပြုကိရိယာများ ထောက်ပံ့ပေးရေးကို တန်ဖိုးကြီးလွန်းသည်ဟု ထင်မြင်ကြောင်း တွေ့ရလေ့ရှိသည်၊ မသန်စွမ်းသူများကို နားလည်မှုနည်းပါးခြင်းနှင့် စွမ်းဆောင်ရည်မရှိခြင်းကြောင့် မသန်စွမ်းသူများ၏အခွင့်အရေးများကို "ကုန်ကျစရိတ်" ဖြစ်စေကြောင်း ဤကိစ္စက ဥပမာကောင်းတစ်ခုအဖြစ် ပြသနေပါသည်၊

> *"မသန်စွမ်းသူတွေ မှတ်ပုံတင်ရေးအတွက် အကူအညီပေးဖို့ ဘတ်ဂျက်မလုံလောက်ပါဘူး။ ဥပမာအားဖြင့် ဘီးတပ်ကုလားထိုင်နဲ့ အခြားဟာတွေပေါ့။ (KII EMB TMR, အမျိုးသမီး, NEC Rep of CNRP)*

### *လူမှုရေးဆိုင်ရာအထောက်အကူမရှိခြင်း*

လူမှုရေးဆိုင်ရာအထောက်အကူမရရှိခြင်းသည် မသန်စွမ်းသူများအတွက် ၎င်းတို့၏နိုင်ငံရေးအခွင့်အရေးများကျင့်သုံးရေး၌ အခြေခံအကျဆုံး အဟန့်အတားတစ်ခုဖြစ်သည်။ ယေဘုယျအားဖြင့် လူ့အဖွဲ့အစည်းသည် မသန်စွမ်းသူများအား ကဲ့ရဲ့ပြစ်တင်နေဆဲဖြစ်ပြီး ၎င်းတို့၏နိုင်ငံရေးရည်မှန်းချက်များကိုပင် သေးသိမ်သွားစေပါသည်။

> *"မသန်စွမ်းသူတွေရဲ့အရေးအတွက်ဟာ အရမ်းနည်းပြီး၊ သူတို့အသံတွေက အရေးမပါဘူးလို့ လူတွေက ယေဘုယျထင်မြင်တတ်ကြတယ်" (FGD Electoral NGOs)*

မသန်စွမ်းသူများသည် ၎င်းတို့မိသားစုများ၏တာဝန်ဖြစ်သည်ဟုသေ အယူအဆတစ်ခုရှိပါသည်။ ထို့ကြောင့် ၎င်းတို့၏လို အပ်ချက်များအားလုံးကို ရွေးကောက်ပွဲလုပ်ငန်းစဉ်၌အကူအညီပေးခြင်းအပါအဝင် မိသားစုဝင်များက ဖြည့်ဆည်းပေးရမည် ဖြစ်သည်။

*"မသန်စွမ်းသူတွေရဲ့ မိသားစုဝင်တွေဟာ မသန်စွမ်းသူတွေအတွက် သတင်းအချက်အလက်တွေ ဖြန့်ပေးဖို့တာဝန်ရှိပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က မသန်စွမ်းသူတွေထက် သတင်းတွေကိုပိုသိမြင်နိုင်ကြလို့ပါ။" (YV, အမျိုးသမီး, KII Academic from Build Bright University)*

တစ်ချိန်တည်းမှာပင် သက်ဆိုင်ရာမိသားစုဆွေမျိုးများသည်လည်း ၎င်းတို့အမျိုးဖြစ်သူ မသန်စွမ်းသူများ၏နိုင်ငံရေးအခွင့်အရေးများကို နားမလည်ကြချေ။ ၎င်းတို့မိသားစုဝင် မသန်စွမ်းသူများ၏အသံများသည် အရေးပါခြင်းမရှိသဖြင့် ၎င်းတို့၏ နိုင်ငံရေးအခွင့်အရေးများကိုလည်း တိုက်တွန်းအားပေးစရာမလိုဟူသော ယူဆမှုတစ်ခုလည်း ရှိနေပါသည်။

*"မိသားစုနဲ့ လူ့အဖွဲ့အစည်းရဲ့ အားပေးတိုက်တွန်းမှုမရှိပါဘူး။ တစ်ခါတလေ မဲပေးခြင်းရဲ့ အရေးပါမှုအကြောင်းကို လူတွေနားမလည်ကြဘူး" (FGD Disability NGOs)*

*"မိသားစု၊ မိတ်ဆွေအပေါင်းအသင်းနဲ့ လူ့အဖွဲ့အစည်းဆီကနေ ဆန္ဒမဲပေးသူမှတ်ပုံတင်တာအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်မှာပါဝင်ဖို့ အားပေးတိုက်တွန်းတာမရှိပါဘူး။ မသန်စွမ်းသူတွေ သွားမဲပေးဖို့မလိုဘူးလို့ ပြောကြတယ်"။ (KC, Male, KII Election Specialist CSO, COMFREL)*

အများအားဖြင့် အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းများသည် အစိုးရ၏ပျက်ကွက်မှုများ၌ နိုင်ငံသားများ၏အခွင့်အရေးများအတွက် အားပေးတောင်းဆိုကြသည်။ သို့ရာတွင် ရွေးကောက်ပွဲပါဝင်ခွင့်သည် အရေးပါလာသည့်ကိစ္စတစ်ခုဖြစ်သဖြင့် ၎င်းတို့လုပ်ငန်းစဉ်၏အစိတ်အပိုင်းအဖြစ် အားလုံးပါဝင်ရေးကိုထည့်သွင်းသည့် ရွေးကောက်ပွဲဆိုင်ရာ CSO များနှင့် NGO များ၏အရေအတွက်မှာ အနည်းငယ်သာရှိပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံရေးအခွင့်အရေးများဆောင်ရွက်သော DPO များသည်လည်း အနည်းငယ်သာရှိပါသည်။ ဤသည်မှာ မည်သည့်အတွက်ကြောင့် အားလုံးပါဝင်သော ရွေးကောက်ပွဲများ၌ ကြိုးပမ်းမှုအနည်းငယ်သာရှိရကြောင်း ရှင်းပြသည့်အဖြေဖြစ်သည်။

ဤသို့ကူညီအားပေးမှုမရှိခြင်းကြောင့် မသန်စွမ်းသူများ၏ မိမိကိုယ်ကိုယုံကြည်ချက်နှင့် ၎င်းတို့၏အခွင့်အရေးများဆိုင်ရာ နားလည်သဘောပေါက်မှုကို ထိခိုက်စေခဲ့သည်။ ဤသုတေသနတွင် သတင်းအချက်အလက်ပေးသူများ၏ ဆိုခဲ့သည့်အတိုင်း မသန်စွမ်းသူများကိုယ်တိုင်၏ စိတ်ဆန္ဒနှင့်သန္နိဋ္ဌာန်သည် ကူညီအားပေးမှုအတွက် များစွာအရေးကြီးပါသည်။

## ကမ္ဘောဒီးယားနိုင်ငံရှိ အလေ့အကျင့်ကောင်းများ

ကံကောင်းထောက်မစွာဖြင့် အမျိုးမျိုးသောဥပဒေမူဘောင်များရှိလင့်ကစား ကမ္ဘောဒီးယားနိုင်ငံရှိ အားလုံးပါဝင်စေရေး မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် မြှင့်တင်ဆောင်ရွက်မှုတွင် အပြုသဘောများဆောင်သော အချက်အလက်အနည်းငယ်ရှိပါသည်။



### *ဥပဒေမူဘောင်အကျုံးဝင်မှု*

ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မသန်စွမ်းသူများအား ရွေးကောက်ပွဲများ၌ မှတ်ပုံတင်ခွင့်နှင့် ပါဝင်ခွင့်များကိုဟန့်တားရန် ကြိုးပမ်းမှုများကိုမူများအား ချုပ်ကိုင်ထားသည့်ပင်မအခွင့်အာဏာရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် "ကျား-မ မရွေးသော ခမာနိုင်ငံသားများသည် ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်များ ရှိကြသည်" ဟု အာမခံထားသည်။ ကမ္ဘောဒီးယားတော်ဝင်အစိုးရသည် CRPD အပါအဝင် လူ့အခွင့်အရေးအကောင်အထည်ဖော်ဆောင်သည့်နိုင်ငံတော်ပါတီတစ်ခုဖြစ်သည့်အချက်အပြင် LPPRPD သည် ဤဥပဒေပြဋ္ဌာန်းချက်များကို ဆန့်ကျင်သည့်မည်သည့်ပြဋ္ဌာန်းချက်မဆိုရှိပါက ထိုနိုင်ငံတကာစာချုပ်စာတမ်းပါပြဋ္ဌာန်းချက်များကို အခြေခံပြဋ္ဌာန်းချက်များအဖြစ် ယူဆရန် ဆောင်ရွက်ပါသည်။ အတိုချုပ်ဆိုရလျှင် မသန်စွမ်းသူများ၏အခွင့်အရေးများကို အစိုးရက အာမခံထားသည်။
သတင်းအချက်အလက်ပေးသူများအနက် အချို့က ဤအချက်ကိုအသိအမှတ်ပြုကြပြီး ပြဿနာများသည် ၎င်းတို့၏ဥပဒေပြဋ္ဌာန်းချက်များကြောင့်မဟုတ်ပဲ ၎င်းတို့၏အကောင်အထည်ဖော်ဆောင်မှုကြောင့်ဖြစ်ရကြောင်း ထောက်ပြပြောဆိုကြသည်။

*"မသန်စွမ်းသူတွေဟာ နိုင်ငံရေးနဲ့လူမှုရေးကိစ္စတွေမှာ ခွဲခြားမှုမရှိပဲ တန်းတူညီမျှအခွင့်အရေးတွေနဲ့ အခွင့်အလမ်းတွေရှိတယ်လို့ ဥပဒေရှိပါသည်။ ဒါပေမယ့် ဒါကိုအားပေးတိုက်တွန်းတာမျိုးမရှိသလို မသန်စွမ်းသူတွေဟာ သတင်းအချက်အလက်တွေကို ပြည့်ပြည့်စုံစုံမရကြတော့ အကောင်အထည် ဖော်တဲ့အပိုင်းမှာ ဟာကွက်တွေရှိနေတုန်းပါ။ ဥပဒေကတော့ရှိပြီးသား ဒါပေမယ့် ပြဿနာက အကောင်အထည်ဖော်တဲ့အပိုင်းပဲ" (FGD Disability NGOs)*

မကြာမီက ကမ္ဘောဒီးယားနိုင်ငံရှိ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကို NEC အသစ်ဖြင့် ပြန်လည်ရေးဆွဲခဲ့သည်။ ဤမူကြမ်းအသစ်သည် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွက် အချိန်ငါးလမှ ခြောက်လအထိ အချိန်ပေးဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ယင်းသည် မဲဆန္ဒရှင်များအတါက် ပြန်လည်လေ့လာသုံးသပ်ရန်နှင့် ၎င်းတို့၏ မှတ်ပုံတင်ရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ပြဿနာတစ်စုံတစ်ရာတွေ့ပါက တိုင်ကြားနိုင်ရေးအတွက် လုံလောက်သည့်အချိန်ပေးခဲ့သည်။ အရေးအကြီးဆုံးမှာ "မသန်စွမ်းသူ" ဟူသောစကားရပ်ကို မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအသစ်တွင် ထည့်သွင်းဖော်ပြခဲ့ပြီး၊ NEC သည် မှတ်ပုံတင်ခြင်းစာရင်းအစီတ်အပိုင်းအဖြစ် မသန်စွမ်းမှုကော်လံတစ်ခုထည့်သွင်းရေးကို ယခုအခါစဉ်းစားလျက်ရှိပါသည်။

*"ဒီကိစ္စကို NEC အတွင်းမှာ ကျွန်တော်တို့ဆွေးနွေးပြီးပါပြီ။ အချို့နိုင်ငံတွေက ဒါကိုထည့်ချင်ကြတယ်။ အချို့နိုင်ငံတွေကတော့ ဒါဟာ သူတို့အပေါ်ကိုခွဲခြားဆက်ဆံတာလို့ယူဆပြီး မသန်စွမ်းမှုအမျိုးအစားကို မထည့်ချင်ကြဘူး။ မသန်စွမ်းမှုအမျိုးအစားကော်လံထည့်မထည့်ကိုဆုံးဖြတ်ဖို့ မသန်စွမ်းသူကိုယ်စားလှယ်ရဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့စောင့်ပါအုံးမယ်။" (HP, အမျိုးသား KII NEC Rep of NGOs)*

## ပါဝင်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ကမ္ဘောဒီးယားမဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းသည် မသန်းစွမ်းမဲဆန္ဒရှင်များ၏လိုအပ်ချက်များကို အပြည့်အဝပံ့ပိုးကူညီပေးခြင်းမရှိသေး။ သို့ရာတွင် တိုးတက်မှုများရှိပါသည်။ DPO နှင့် NGO များသည် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

*"အရင်က မသန်စွမ်းသူတွေကိုအဆင်ပြေအောင်ဆောင်ရွက်ပေးတဲ့ စနစ်တွေမရှိခဲ့တော့ မသန်စွမ်းသူတွေဟာ အခက်အခဲတွေတွေ့ခဲ့ကြတယ်။ ဒါကြောင့် မဲဆန္ဒရှင်မှတ်ပုံတင်လုပ်ငန်းမှာလည်း ဂရုမစိုက်ကြဘူး။ ဒါပေမယ့် ဥပဒေသစ်မှာ မသန်စွမ်းသူတွေနဲ့အလုပ်လုပ်တဲ့ NGO တွေဟာ သူတို့အရေးကို လုပ်နေကြတယ်လို့ ထင်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲဥပဒေအသစ်မှာ အပြောင်းအလဲတွေ ဖြစ်လာနိုင်ပါတယ်" (YS, အမျိုးသား, KII Academic, PUC)*

*"COMFREL ဟာ တကယ်တော့ ERA လို့ခေါ်တဲ့ ကော်မတီတစ်ခုရှိပါတယ်။ အဲဒီကော်မတီမှာ DPO တွေအပါအဝင် NGO အဖွဲ့ ၂၀ ကျော်ပါပါတယ်။ ကော်မတီဟာ ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေး NEC ရဲ့ ဥပဒေတွေနဲ့ နည်းဥပဒေတွေကို အားပေးဖို့ အလုပ်လုပ်နေတာပါ။" (KC, အမျိုးသား, KII Election Specialist CSO COMFREL)*

မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းတွင် မသန်စွမ်းမှုအမျိုးအစားရေးမှတ်ရေးအတွက် အားပေးခြင်းအပါအဝင် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အသစ်တွင် မသန်စွမ်းသူပါဝင်ရေးကို ဆွေးနွေးရန် CDPO၊ DPO နှင့် NEC တို့အကြားတွင် တွေ့ဆုံဆွေးနွေးမှုများရှိခဲ့သည်။ CDPO သည် NEC နှင့် LEMNA နှင့်တွေ့ဆုံပွဲများ၊ ERA နှင့် အဓိက နိုင်ငံရေးပါတီနှစ်ခုဖြစ်သည့် CPP နှင့် CNRP တို့နှင့်အတူ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများတွင် ဥပဒေမူကြမ်းပြင်ဆင်ရေးလုပ်ငန်းစဉ်၌ တက်ကြွစွာပါဝင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် CDPO သည် အမျိုးသားရွေးကောက်ပွဲကော်မတီ မသန်စွမ်းအကြံပေးအဖွဲ့ဟုခေါ်သော အကြံပေးအဖွဲ့တစ်ခုကို အဆိုပြုခဲ့ပါသည်။ ယင်းမှ NEC က လုပ်ဆောင်ခဲ့သည့် သက်ဆိုင်ရာဆောင်ရွက်ချက်များအပေါ် အကူအညီများနှင့်အကြံဉာဏ်များပေးရန်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အတားအဆီးများကို ဖယ်ရှားရန်နှင့် မသန်စွမ်းသူများရရှိနိုင်သော အခွင့်အလမ်းများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

အလားတူပင် ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် CDPO သည် မသန်စွမ်းသူအမျိုးမျိုးအား ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်နိုင်ရေးအတွက် ယင်း၏မသန်စွမ်းသူပါဝင်စေရေးမူဝါဒကို NEC ထံသို့ တင်ပြခဲ့သည်။ မူဝါဒသည် NEC အား မသန်စွမ်းသူများအတွက် အဟန့်အတားကင်းသည့်ရွေးကောက်ပွဲလုပ်ငန်းစဉ် လုပ်ဆောင်ရေး၌ ကူညီလမ်းညွှန်ပေးမည်ဖြစ်သည်။ မူဝါဒတွင် ဦးစားပေးနယ်ပယ်နှစ်ခုကို မှတ်သားရပါသည်။

**နယ်ပယ် ၁။** ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ မသန်စွမ်းသူများ၏ပါဝင်ခြင်းကိုတိုးမြှင့်ရန်နှင့် လုပ်ပိုင်ခွင့်တိုးတက်စေရန် NEC ၏ အားလုံးပါဝင်ရေးမူဝါဒကို ခိုင်မာစေရေး။

**နယ်ပယ် ၂။** ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ မသန်စွမ်းသူအားလုံးပါဝင်သော နည်းဥပဒေဆိုင်ရာမူဘောင်၊ အဖွဲ့အစည်းဆိုင်ရာအလေ့အကျင့်များနှင့် မူဝါဒများထူထောင်ရေး။

ဤမူဝါဒ၏ရလဒ်အရ အောက်ပါအတိုင်း "မသန်စွမ်းမှုမူဝါဒ" ပါဝင်ရေးကိုတုံ့ပြန်လျက်NEC သည်  CDPO ထံသို့ တရားဝင်စာတစ်စောင်ထုတ်ပြန်ခဲ့သည်။

၁။ NEC သည် အရည်အချင်းရှိပြီး အလုပ်လုပ်ရန်အတွက် ကိုယ်ကာယအားဖြင့်အဆင်ပြေသော မသန်စွမ်းသူများကို အားပေးလျက် ရွေးကောက်ပွဲကော်မတီများ၏အဆင့်တိုင်းတွင် အလုပ်ခန့်ရန်ဦးစားပေးခဲ့ပါသည်။

၂။ NEC သည် လက်မတစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံးဆုံးရှုံးထားသော၊ သို့မဟုတ် လက်မောင်းတစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံးဆုံးရှုံးထားသော မသန်စွမ်းသူများအတွက် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းကာလတွင် ကွန်ပြူတာစနစ်အတွင်း လက်ဗွေရာယူရေးလုပ်ထုံးလုပ်နည်း ထည့်သွင်းခဲ့ပြီး၊ မျက်စိနှစ်ဖက်စလုံးဆုံးရှုံးထားပြီး ကိုယ်တိုင်ဆန္ဒမဲပေးလိုသူများအတွက် အထူးဒေါင်များဖြင့် မဲစာရွက်များ စီစဉ်ထားသည်။

၃။ NEC သည် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနှင့် ရွေးကောက်ပွဲများနှင့်ဆိုင်သော ပညာပေးနေရာများတွင် နားမကြားသူများအတွက် သင်္ကေတဘာသာစကားကို မိတ်ဆက်ခဲ့သည်။

၄။ NEC သည် မသန်စွမ်းသူများအလွယ်တကူသွားလာနိုင်ရေးအတွက် မဲရုံများကို မြေညီပေါ်တွင်တည်ဆောက်ခြင်း၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနှင့် မဲပေးခြင်းများအတွက် မသန်စွမ်းသူများအား ဦးစားပေးဝင်ခွင့်ပြုခြင်းနှင့် ရွေးကောက်ပွဲဥပဒေအရ လိုအပ်သည့်အခြားအထောက်အကူများပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

## အခြားနိုင်ငံများရှိ အလေ့အကျင့်ကောင်းများနှင့် လေ့လာစရာသခ်န်းစာများ

### *ဥပဒေစနစ်များ*

နိုင်ငံများစွာတို့တွင် CRPD သည် မသန်စွမ်းသူများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် အစိုးရများ၏တာဝန်များကို အားဖြည့်ပေးရာ၌ အရေးကြီးသည့်အခန်းကဏ္ဍတွင် ရှိနေပါသည်။ တူညီသောအခွင့်အရေးများပေးရန်အလို့ငှာ အမျိုးသားဥပဒေသည် နိုင်ငံသားအားလုံးအတွက် ကျယ်ပြန့်သည့်မဲပေးပိုင်ခွင့်ကို ရှင်းလင်းစွာထည့်သွင်းသင့်သည်။
CRPD တွင် တန်ဘိုးများအကောင်အထည်ဖော်ဆောင်ခြင်းကို နိုင်ငံရေးလှုပ်ရှားသူများစွာတို့ဖြင့် လုပ်ဆောင်နိုင်ပါသည်။ တောင်အာဖရိကနိုင်ငံ၌ အထောက်အထားပုံစံများအားလုံးကို အသိအမှတ်ပြုရန် ရွေးကောက်ပွဲ အက်ဥပဒေကိုပြင်ဆင်ရာ၌ နိုင်ငံရေးပါတီများသည် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိပါသည်။
နိုင်ငံသားများသည် မဲဆန္ဒရှင်မှတ်ပုံတင်ရန် ၎င်းတို့၏ အစိမ်းရောင်၊ ဘားကုဒ် ID စာအုပ်၊ စမတ်ကဒ်၊ သို့မဟုတ် သက်တမ်းရှိသော ယာယီမှတ်ပုံတင်အသိအမှတ်ပြုကဒ်တို့ကို အသုံးပြုနိုင်သည်။ အထောက်အထားစာအမျိုးမျိုးကို အသုံးပြုရန်ရွေးချယ်ခွင့်သည် မဲပေးခွင့်ဆုံးရှုံးသည့်နိုင်ငံသားအရေအတွက်ကို အောင်မြင်စွာလျှော့ချနိုင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် လိုက်ဘေးရီးယား၌ DPO များသည် အမျိုးသားမသန်စွမ်းဥပဒေမူကြမ်းရေးဆွဲရာ၌ အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထိုဥပဒေကို CRPD ကို လိုက်နာရန်နှင့် အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုတစ်ခုအဖြစ် မူကြမ်းရေးဆွဲခဲ့ခြင်းဖြစ်သည်။

လိုက်ဘေးရီးယားနိုင်ငံတွင် အထူးလိုအပ်ချက်များရှိသည့် မဲဆန္ဒရှင်များအတွက် အခွင့်အရေးကို အမျိုးသားရွေးကောက်ပွဲကော်မရှင်လမ်းညွှန်ချက်များအတွင်း ကိုင်တွယ်ဖြေရှင်းထားသည်။ NEC နည်းဥပဒေတွင် မဲဆန္ဒရှင်မှတ်ပုံတင်ဌာနများကို မြေမြင့်ကြောက်မှုကင်းမဲ့သော အားလုံးအတွက် အထူးသဖြင့် မသန်စွမ်းသူများအတွက် ကြားနေပြီးသွားလာခွင့်ရှိသောနယ်မြေများတွင် ဖျက်သိမ်းသင့်ကြောင်း ဖော်ပြထားသည်။ လိုက်ဘေးရီးယား၏ ၁၉၈၆ ခုနှစ် ရွေးကောက်ပွဲဥပဒေကို အထူးပြင်ဆင်ထားပြီး မသန်စွမ်းသူများအား မှတ်ပုံတင်ဌာနများ၌ဦးစားပေးရန်နှင့် အထူးလိုအပ်ချက်ရှိသူများအတွက် သွားလာနိုင်သောနေရာများ၌ မှတ်ပုံတင်ဌာနများထူထောင်ရန် ရွေးကောက်ပွဲကော်မရှင်ကိုညွှန်ကြားထားသည့် ပြဋ္ဌာန်းချက်နှစ်ခုကို ဖြည့်စွက်ထားသည်။

မသန်စွမ်းသူများပါဝင်ရေးဆိုင်ရာ အခြေခံသောသာဓကကောင်းတစ်ခုကို ဖိလစ်ပိုင်နိုင်ငံ၏ ပြည်သူ့အက်ဥပဒေအမှတ် ၁၀၃၆၆ တွင်တွေ့နိုင်ပါသည်။ အက်ဥပဒေတွင် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့၏ အခန်းကဏ္ဍကိုဖော်ပြထားပြီး အစိုးရသည် မသန်စွမ်းသူအမျိုးအစားမျိုးစုံကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်စေရန် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ EMB သည် မသန်စွမ်းသူများအတွက် မဲဆန္ဒရှင်မှတ်ပုံတင်ခွင့်ရရေးကိုပိုမိုကောင်းမွန်စေသည့် နည်းဥပဒေတစ်ရပ်ဖြင့် အက်ဥပဒေကို အကောင်အထည်ဖော်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဆုံးဖြတ်ချက် ၉၁၄၉ ၏ ပုဒ်မ ၁၀ တွင် အောက်ပါအတိုက်ပြဋ္ဌာန်းထားသည်။

> *"အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများ၊ အကျဉ်းသားများနှင့် ကိုယ်ဝန်ဆောင် လျှောက်ထားသူများအတွက် အမြန်လမ်းကြောင်း- ရွေးကောက်ပွဲအရာရှိရုံးသည် မှတ်ပုံတင်မြှုလုပ်ခြင်းကာလအတွင်း အမြန်လမ်းကြောင်းတစ်ခုပေး၍ မသန်စွမ်းသူများ၊ အသက်အရွယ်ကြီးရင့်သူများ၊ အကျဉ်းသားများနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် ဦးစားပေးဆောက်ဆိုရမည်။*

## ပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်အဆင်သင့်ဖြစ်ခြင်း

ဆန္ဒမဲပေးသူမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၌ မသန်စွမ်းသူများပါဝင်စေခြင်းသည် EMB တစ်ဖွဲ့တည်းဖြင့် ပြီးမြောက်အောင်မလုပ်နိုင်ပေ။ EMB အတွက် မသန်စွမ်းသူများ၏လိုအပ်ချက်များနှင့် ဆန္ဒမဲပေးသူမှတ်ပုံတင်ရေး၌ ၎င်းတို့ရင်ဆိုင်နေရသည့် အခက်အခဲများကို နားလည်သိမြင်သော DPO များနှင့် အနီးကပ်ဆောင်ရွက်ခြင်းက ပိုမိုမဟာဗျူဟာကျပါသည်။

ယင်းသို့သောလုပ်ဆောင်ချက်များအတွက် အကောင်းဆုံးသောလေ့ကျင့်မှုများအနက်တစ်ခုမှာ ဖိလစ်ပိုင်နိုင်ငံတွင်ဖြစ်ပြီး၊ ဖိလစ်ပိုင်တွင် EMB သည် ဌာနတွင်းအေဂျင်စီတစ်ခုနှင့် မသန်စွမ်းသူများဆိုင်ရာကွန်ရက်တစ်ခုကို ထူထောင်ခဲ့သည်။ မသန်စွမ်းသူများ မဲဆန္ဒရှင်မှတ်ပုံတင်ရေးအတွက် ပိုမိုကောင်းမွန်သည့် စည်းရုံးလှုပ်ရှားမှုများထူထောင်ခြင်းကဲ့သို့သော အားလုံးပါဝင်သည့် မူဝါဒအကြံပြုတိုက်တွန်းချက်များရေးဆွဲရန် လုပ်ဆောင်ရေးအဖွဲ့တစ်ခုကို ထူထောင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံရှိ DPO များသည် မသန်စွမ်းမဲဆန္ဒရှင်များအား ၎င်းတို့၏နိုင်ငံရေးအခွင့်အရေးများ အပြည့်အဝကျင့်သုံးနိုင်စေရန် အခြားသောရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်ပတ်သက်ရာအဖွဲ့အစည်းများနှင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ လာမည့် ၂၀၁၆ ရွေးကောက်ပွဲအတွက် မသန်စွမ်းသူရေးရာအမျိုးသားကောင်စီနှင့် အာရှဖောင်ဒေးရှင်းတို့နှင့်အတူ COMELEC သည် မသန်စွမ်းသူများနှင့် အပယ်ခံလူတန်းစားများအတွက် အရန်မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းတစ်ခုကို ဖန်တီးခဲ့သည်။ မှတ်ပုံတင်ခြင်းကို ၃၇ ကြိမ်မြောက် အမျိုးသားမသန်စွမ်းမှုတားဆီးကာကွယ်ရေးနှင့် ပြန်လည်သန်စွမ်းရေးရက်သတ္တပတ် ကျင်းပ၍ လုပ်ဆောင်ခဲ့သည်။ လူပေါင်း ၅,၂၀၀ ကျော်သည် သတ်မှတ်ရက်သတ္တပတ်အတွင်း မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းသို့ သွားရောက်ခဲ့ကြပြီး အတည်ပြုခဲ့သဖြင့် အခြားရွေးကောက်ပွဲရုံးများထက်ပင် လာရောက်သူဦးရေများပြားခဲ့သည်။

လာအိုနိုင်ငံတွင် DPO များစွာတို့သည် မသန်စွမ်းမှုနှင့်ဆက်စပ်သော အမည်းစက်များကို တန်ပြန်ဆောင်ရွက်ရန်ကြိုးပမ်းခဲ့ကြသည်။ အကြီးဆုံး DPO များအနက်တစ်ခုမှာ ပြည်နယ် ၁၈ ခုအနက် ရုံးခွဲပေါင်း ၁၁ ခုရှိသော လာအိုမသန်စွမ်းသူများအသင်း (LDPA) ဖြစ်သည်။ LDPA မှကိုယ်စားလှယ်တစ်ဦးက လာအိုနိုင်ငံရှိ DPO များစွာတို့သည် နိုင်ငံရေးအခွင့်အရေးများကို ၎င်းတို့၏အားပေးလှုပ်ရှားမှုများအတွင်း ထည့်သွင်းကာစပင်ရှိသေးသည်ဟု ဆိုခဲ့သည်။

> *"မသန်စွမ်းသူတွေရဲ့ နိုင်ငံရေးအခွင့်အရေးကိစ္စမှာ တက်ကြွတဲ့အဖွဲ့အစည်း အနည်းငယ်ပဲရှိပါတယ်။ မသန်စွမ်းသူတွေရဲ့နိုင်ငံရေးအခွင့်အရေးတွေအချို့ ရှိတာတောင် ဒါကို ယေဘုယျသဘောမျိုးလောက်ပဲ လုပ်ကြပါသေးတယ်။ လာအိုနိုင်ငံက မသန်စွမ်းမှုအစုန်းကဏ္ဍအများစုဟာ နိုင်ငံရေးအခွင့်အရေးထက် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းသင်တန်း၊ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်သွားလာခွင့်နဲ့ သတင်းအချက်အလက်ရရှိခွင့်လိုမျိုး အခြားအခွင့်အရေးတွေကို တောင်းဆိုကြပါတယ်" (NT, အမျိုးသား, KII Indonesia, LDPA)*

အင်ဒိုနီးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကော်မရှင် (KPU) သည် မဲဆန္ဒရှင်မှတ်ပုံတင်ရေးဆိုင်ရာနှင့် မှတ်ပုံတင်ရေးစနစ် နည်းဥပဒေရေးဆွဲရေးတွင် ပါဝင်ရန် DPO များကို ဖိတ်ခေါ်ခဲ့သည်။ ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်တွင် မသန်စွမ်းသူများကိုယ်စားပြုခြင်းကြောင့် အင်ဒိုနီးရှားမဲဆန္ဒရှင်မှတ်ပုံတင်စနစ်သည် ယခုအခါ မသန်စွမ်းမှုအမျိုးအစားအတွက် ကော်လံတစ်ခုကို ပေးထားပါသည်။ စနစ်ဖြင့် DPO များနှင့် EMB များသည် မဲရုံတစ်ခုချင်း၌ မသန်စွမ်းသူ၏နောက်ခံအခြေအနေ စာရင်းများကို နားလည်လာပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက် မသန်စွမ်းသူများအား လိုအပ်သလိုအကူအညီပေးနိုင်ရန် လိုအပ်သည့်အကူအညီ၊ ပစ္စည်းများ ပိုမိုထားရှိလာနိုင်သည်။ ဤသည်မှာ အထောက်အကူပြုကိရိယာများကို ခွဲဝေချထားရေးအတွက် အကူအညီဖြစ်ပါသည်။

ဤသာဓကများသည် မှတ်ပုံတင်လုပ်ငန်းစဉ်တွင် DPO များ၏တက်ကြွစွာပါဝင်မှုသည် မရှိမဖြစ်အရေးကြီးသည်ဆိုသော ဤအစီရင်ခံစာပါအဆိုပြုချက်ကို ပိုမိုခိုင်မာစေပါသည်။ ပါဝင်မှုများလေလေ မသန်စွမ်းသူအရေးကိစ္စများအပေါ် ရပ်ရွာလူထုများနှင့် အစိုးရအရာရှိများက ပိုနားလည်လေလေဖြစ်သဖြင့် မဲဆန္ဒရှင်မှတ်ပုံတင်လုပ်ငန်းတွင် အပြည့်အဝပါဝင်မှုရရှိခွင့် ပိုများပါသည်။

မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် မသန်စွမ်းသူများပါဝင်ခွင့်ကို မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းသနည်းဟုသိရှိရန် ရွေးကောက်ပွဲမတိုင်မီ အကဲဖြတ်ခြင်းများ၌ EMB များနှင့် DPO များက အာရုံစိုက်၍ကြိုးပမ်းရန်လည်း အရေးကြီးပါသည်။

ဖိလစ်ပိုင်နိုင်ငံမှ သာဓကတစ်ခုတွင် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၌ မသန်စွမ်းသူများရင်ဆိုင်ကြုံတွေ့ဖွယ်ရှိသော အတားအဆီးများကို ဖော်ထုတ်ရန် COMELEC နှင့်အတူ DPO များနှင့် အခြား NGO များသည် အနီးကပ်လုပ်ဆောင်လျက်၊ မသန်စွမ်းသူများအား ဆန္ဒမဲပေးရေးမှတ်ပုံတင်ရန် မည်သို့အားပေးတိုက်တွန်းနိုင်ကြောင်း အကြံပြုချက်များပါသည့် အစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။

> *"ကျွန်မတို့ဟာ မှတ်ပုံတင်ပေးတဲ့နေရာတွေရဲ့ သွားလာနိုင်မှုကိုကြည့်ရှုကြပြီး အများစုဟာ သွားလာနိုင်ကြ တာကို တွေ့ခဲ့ရပါတယ်။" (CM, အမျိုးသမီး, KII, National Council on Disability Affairs of the Philippines)*

အာမေးနီးယားနိုင်ငံတွင် DPO များသည် မဲရုံများသို့သွားရောက်ရာ ရုပ်ပိုင်းဆိုင်ရာအဟန့်အတားများကို မှတ်တမ်းတင်ရန်နှင့် ထိုနေရာများရှိ အတားအဆီးများကိုဖယ်ရှားရန် အောင်မြင်သည့်ရွေးကောက်ပွဲစက်ဝန်းများမှတစ်ဆင့် လုပ်ဆောင်ခဲ့ကြသည်။ ကနေဒါနိုင်ငံတွင် ကိုယ်ကာယမသန်စွမ်းသူ မဲဆန္ဒရှင်များအား ရထားစီးလက်မှတ်များပေးပြီး၊ ဂါနာနိုင်ငံတွင် မဲရုံအများစုသည် ဟင်းလင်းပြင်များတွင်တည်ရှိသည်။

*မဲဆန္ဒရှင်အသိပညာပေးခြင်း*

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ (အထူးသဖြင့် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း) တွင် ပါဝင်ခြင်း၏အရေးပါမှုဆိုင်ရာ အသိပညာပေးခြင်းသည် မှတ်ပုံတင်ထားသည့်မဲဆန္ဒရှင်များအရေအတွက် တိုးလာရေး၌ အလွန်အရေးပါပါသည်။ EMB များသည် မသန်စွမ်းသူများကဲ့သို့သော အပစ်ပယ်ခံအုပ်စုများအား အနီးကပ်အာရုံစိုက်သင့်ပါသည်။

> *"သူတို့ရဲ့ ဆန္ဒမဲပေးခွင့်အကြောင်း သူတို့ကိုအသိပညာပေးလာတာကြာပါပြီ။ မသန်စွမ်းသူတွေနဲ့ သူတို့မိသားစုဝင်တွေကိုပေါ့။ ...ခေါင်းဆောင်တစ်ဦးကိုရွေးချယ်တဲ့နေရာမှာ သင်ဝင်မပါဘူးဆိုရင် သင်လိုလား တဲ့ မှန်ကန်တဲ့ဝန်ဆောင်မှုကို သင်ရမှာမဟုတ်ပါဘူး" (CM၊ အမျိုးသမီး၊ KII၊ ဖိလစ်ပိုင်နိုင်ငံ မသန်စွမ်းရေးရာ အမျိုးသားကောင်စီ)*

မဲဆန္ဒရှင်အသိပညာပေးဆောင်ရွက်မှုတစ်ခုသည် မဲပေးခွင့်များနှင့်စပ်လျဉ်း၍ လူ့အဖွဲ့အစည်း၏အသိအမြင်ကို ပိုမိုတိုးတက်လာစေပါသည်။ မသန်စွမ်းသူများအတွက် မဲဆန္ဒရှင်မှတ်ပုံတင်ခွင့်ရှိစေရေးအတွက် မဲဆန္ဒရှင်အသိပညပေး ပစ္စည်းများနှင့် ကိရိယာများသည် ပုံစံအမျိုးမျိုးဖြင့် တည်ရှိသင့်သည်။

ကနေဒါနိုင်ငံ ကယူးဘက်မြို့တွင် မဲဆန္ဒရှင်များအတွက် သတင်းအချက်အလက်များကို မျက်မမြင်ဖတ်စာ၊ အသံ၊ ပုံနှိပ်စာလုံးကြီးများကဲ့သို့သော မီဒီယာအမျိုးမျိုးဖြင့်သာမက ကယူးဘက်သင်္ကေတဘာသာစကားနှင့် အမေရိကန်သင်္ကေတဘာသာစကားနှစ်မျိုးစလုံးဖြင့် ဗီဒီယိုကက်ဆက်ကိုပါ ရရှိစေရန်ဆောင်ရွက်ထားပါသည်။ ထို့ပြင် တီဗွီမှလာသည့်သတင်းစကားများအားလုံးကို အကြားနှင့်အမြင်အာရုံမသန်စွမ်းသူများနှင့် နားမကြားသူများအတွက်လက်နှိပ်စက်ရိုက်ရသူများအတွက် စာတန်းထိုးပေးထားပါသည်။ မီဒီယာအမျိုးမျိုးသည် သက်ဆိုင်ရာပရိသတ်အား အကောင်းဆုံးတင်ဆက်ပေးနိုင်ရန် ရွေးကောက်ပွဲသတင်းအချက်အလက်အရာရှိများအား ရွေးချယ်စရာများပေးပါသည်။

၂၀၁၁ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ရွေးကောက်ပွဲများ၌ မသန်စွမ်းသူများပါဝင်ရေးဆိုင်ရာ အမျိုးသားစည်းရုံးလှုပ်ရှားမှုတစ်ခုရှိခဲ့ပါသည်။

*"တစ်ခါတလေကျ မသန်စွမ်းမှုရက်သတ္တပတ်အတွင်း မှတ်ပုံတင်ရေးလှုပ်ရှားမှုက တစ်နိုင်ငံလုံးမှာရှိတယ်။ ကျွန်တော်တို့လည်း ဒီအထဲမှာပါတာပေါ့ ....မြို့တွေအများကြီးဆီသွားပြီး မသန်စွမ်းသူတွေအကြောင်း သက်ဆိုင်ရာအဖွဲ့တွေကို အသိပေးတယ်၊ ပြီးတော့ သူတို့ကိုဘယ်လိုကူညီမလဲဆိုတာကောပေါ့"*

ဂွါတီမာလာနိုင်ငံတွင် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်အရေအတွက်တိုးတက်ခြင်းသည် မှတ်ပုံတင်ရေးလှုပ်ရှားမှုကြီးများကြောင့်သာလျှင်မဟုတ်ပဲ EMB ၏ မှတ်ပုံတင်ရေးအတွက် လုပ်ငန်းစဉ်များနှင့်ကုန်ကျစရိတ်များ လျှော့ချခဲ့ခြင်းကြောင့် ဖြစ်ခဲ့ပါသည်။ EMB သည် ရေရှည် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းကို ထည့်သွင်းစဉ်းစားထားသည်။ (Pintor & Gratschew, 2002).

*"ကျွန်မတို့ရဲ့ ပညာရေးစနစ်မှာ မသန်စွမ်းသူတွေရဲ့ ဆန္ဒမဲပေးခွင့်တွေပါပါတယ်" (CM၊ အမျိုးသမီး၊ KII၊ ဖိလစ်ပိုင်နိုင်ငံ မသန်စွမ်းရေးရာ အမျိုးသားကောင်စီ)*

### *မှတ်ပုံတင်ခြင်းနေ့*

မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းတွင် မသန်စွမ်းသူများပါဝင်မှုတိုးတက်စေရန် ဖိလစ်ပိုင်နိုင်ငံသည် မသန်စွမ်းသူများအား ၎င်းတို့၏မိသားစုဆွေမျိုးများ၊ ရွေးကောက်ပွဲအရာရှိ၊ သို့မဟုတ် အခြားအရာရှိများ၏ ကူညီဆောင်ရွက်ပေးမှုကို ခွင့်ပြုခဲ့သည်။ တောင်အာဖရိကနိုင်ငံတွင် မသန်စွမ်းသူများအား ရွေးကောက်ပွဲနေ့မတိုင်မချင်း နေ့စဉ်လာရောက်မှတ်ပုံတင်ရန် တိုက်တွန်းခဲ့သည်။

*"ကျွန်မတို့က ပုံစံကိုဖြည့်ပါတယ်။ ပြီးတော့ ရွေးကောက်ပွဲအတွက် ဘယ်လိုအကူအညီတွေပေးဖို့*

*လိုအပ်လဲလို့ မေးပါတယ်" (CM၊ အမျိုးသမီး၊ KII၊ ဖိလစ်ပိုင်နိုင်ငံ မသန်စွမ်းရေးရာ အမျိုးသားကောင်စီ)*

အင်ဒိုနီးရှားနိုင်ငံတွင် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပြီး အိမ်တိုင်ရာရောက်တစ်အိမ်တက်ဆင်း မှတ်ပုံတင်ခြင်းကို စတင်ဆောင်ရွက်ခဲ့သည့် ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲမတိုင်မချင်း မရှိခဲ့ပေ။ နေအိမ်အတည်တကျမရှိသူများအတွက် ပြဿနာများလည်း ကြုံတွေ့ခဲ့ရသည်။ ၁၉၉၉ ခုနှစ်မတိုင်မီ မဖြစ်မနေမှတ်ပုံတင်ရမည့်စနစ်ကို ဖျက်သိမ်းခဲ့ပြီး စိတ်ဆန္ဒအလျောက်မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းနည်းလမ်းကို ပြောင်းလဲကျင့်သုံးခဲ့သည်။ နည်းလမ်းအသစ်၏အထင်ရှားဆုံးအပြောင်းအလဲမှာ မှတ်ပုံတင်ရန် ဥပဒေရေးရာအထောက်အထားတစ်ခုသာလျှင် လိုအပ်ခြင်းဖြစ်သည်။ အထောက်အထားပုံစံတစ်ခုတည်းပင်ဖြစ်သော်လည်း၊ စာရင်းသွင်းသူသည် တစ်ဦးချင်းစီ၏ အိမ်ထောင်စုအနေအထား၊ မှတ်ပုံတင်ကဒ်နံပတ်၊ အမည်အပြည့်အစုံ၊ မွေးရပ်နှင့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဉာဏပိုင်းဆိုင်ရာမသန်စွမ်းမှုအချက်အလက်များအားလုံးကို ကောက်ယူနိုင်မည်ဖြစ်သည်။ အချက်အလက်များသည် ရုပ်ပိုင်းဆိုင်ရာနှင့် ဉာဏပိုင်းဆိုင်ရာမသန်စွမ်းသူများ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးရန် မဲရုံများအတွက် သတင်းအချက်အလက်များ ပေးပါသည်။

## ၅။ နိဂုံးချုပ်ခြင်းနှင့် အကြံပြုတိုက်တွန်းချက်များ

ကမ္ဘာ့အတွေ့အကြုံများမှလေ့လာလျက် EMB များနှင့် DPO များအကြား ပူးပေါင်းဆောင်ရွက်ရေးသည် အားလုံးပါဝင်သော မဲဆန္ဒရှင်မှတ်ပုံတင်ရေးလုပ်ငန်းစဉ်တစ်ခုအတွက် အရေးပါပါသည်။ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ အခွင့်အရေးရရှိစေခြင်းနှင့် အပြည့်အဝပါဝင်မှုရှိရေးအတွက် သေချာစေရန်နှင့် လိုအပ်သလိုကူညီပံ့ပိုးပေးမည့် နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့် ဥပဒေများစွာတို့ရှိနေသော်လည်း၊ အသေးစိတ်နည်းဥပဒေများ သို့မဟုတ် လမ်းညွှန်ချက်များမရှိချိန်တွင် ကွာဟချက်များနှင့် ဥပဒေမှေးမှိန်ခြင်းများ ရှိနေဆဲဖြစ်ပါသည်။

မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း စည်းမျဉ်း/နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ဤသို့ပြန်လည်ရေးဆွဲရာ၌ လာမည့် ၂၀၁၇ နှင့် ၂၀၁၈ ဒေသန္တရနှင့်အမျိုးသားရွေးကောက်ပွဲများသည် မဲဆန္ဒရှင်မှတ်ပုံတင်ရေးလုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲစနစ်တစ်ခုလုံးတွင် မသန်စွမ်းသူများပိုမိုပါဝင်ရေးအတွက် လုပ်ဆောင်နေကြသည့် NGO နှင့် DPO အမျိုးမျိုးတို့ကိုရရှိရန် ရွှေရောင်အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။

အောက်ပါတို့သည် မဲဆန္ဒရှင်မှတ်ပုံတင်ရေးလုပ်ငန်းစဉ်၌ မသန်စွမ်းသူများပါဝင်ရေးအတွက် ရေတိုရေရှည်ထုတ်လုပ်မှုနှင့် ရလဒ်များဆိုင်ရာ အကြံပြုတိုက်တွန်းချက်များဖြစ်ပါသည်။

**ဥပဒေရေးရာ စနစ်များ**

- DPO များသည် မသန်စွမ်းသူများအတွက် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ မူဝါဒများမူကြမ်းရေးဆွဲရန် အတူလုပ်ဆောင်သင့်သည်။ (ဥပမာအားဖြင့် ဖိလစ်ပိုင်အက်ဥပဒေ ၁၀၃၆၆) (ရေရှည်အစီအစဉ်)
- မဲဆန္ဒရှင်မှတ်ပုံတင်ရေးအတွက် အားလုံးပါဝင်စေသော စည်းမျဉ်းဥပဒေသစ်များနှင့် လုပ်ထုံးလုပ်နည်းအသစ်များ

နှင့်စပ်လျဉ်း၍ DPO သည် NEC ကို အားပေးတိုက်တွန်းသင့်ပါသည်။

**ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်အဆင်သင့်ဖြစ်မှု**

- DPO များနှင့် NEC တို့အကြား ပူးပေါင်းဆောင်ရွက်ခြင်း
- DPO များသည် မသန်စွမ်းသူများ အမျိုးသားမှတ်ပုံတင်တစ်ခုရရှိနိုင်စေရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဒေသန္တရရဲတပ်ဖွဲ့တို့နှင့် အနီးကပ်လုပ်ဆောင်သင့်သည်။
- DPO များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ် သို့မဟုတ် အနည်းဆုံး မဲဆန္ဒရှင်မှတ်ပုံတင်ရေးလုပ်ငန်းစဉ် စီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများတွင် ပါဝင်ပတ်သက်သင့်သည်။
- DPO များသည် မဲဆန္ဒရှင်မှတ်ပုံတင်ရေးအသိပညာပေးရေးအတွက် ငွေကြေးဆိုင်ရာအထောက်အပံ့ မျှော်မှန်းသင့်သည်။
- မသန်စွမ်းသူများသည် မှတ်ပုံတင်ရေးအရာရှိများအဖြစ် ပါဝင်ဆောင်ရွက်သင့်သည်။
- မသန်စွမ်းသူများအား အဆင်ပြေချောမွေ့စေရေးနှင့် လိုအပ်သလိုကူညီထောက်ပံ့ရေးဆိုင်ရာသင်တန်းများကို NEC နှင့် ရွေးကောက်ပွဲအရာရှိများအား ပိုမိုတိုးတက်စေရေးအတွက် စွမ်းရည်တည်ဆောက်ရေးသင်တန်းများပေးခြင်း။
- DPO များသည် မသန်စွမ်းသူများရင်ဆိုင်ရဖွယ်ရှိသော အတားအဆီးများကို ထုတ်ဖော်ရန်နှင့် ပိုမိုကောင်းမွန်သောဖြေရှင်းနည်းများ အကြံပြုရန် ဒေသန္တရအာဏာပိုင်များနှင့် အနီးကပ်လုပ်ဆောင်သင့်သည်။
- လိုအပ်သလိုစီစဉ်အကူအညီပေးနိုင်ရန်အတွက် မဲဆန္ဒရှင်မှတ်ပုံတင်ပုံစံ/ဒေတာဘေ့စ်တွင် မည်သည့်အကူအညီလိုအပ်သည်ဆိုသော မသန်စွမ်းမှုအမျိုးအစားများကိုလည်း ရှင်းလင်းစွာမှတ်တမ်းတင်ထားသင့်ပါသည်။

## မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာပေးခြင်း

- မဲဆန္ဒရှင်အသိပညာပေးခြင်းဆိုင်ရာ အသိပေးလှုပ်ရှားခြင်းကို မှတ်ပုံတင်သည့်နေ့မတိုင်မီ ဆောင်ရွက်သင့်ကာ မသန်စွမ်းသူများထံသို့ရောက်ရှိရန် ပြန်ကြားဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုးကို အသုံးပြုသင့်သည်။ (တီဗွီ၊ ရေဒီယို၊ နံရံကပ်ပိုစတာနှင့် တစ်အိမ်တက်ဆင်းအသိပညာပေးခြင်း စသည်တို့ကို စဉ်းစားပါ။)
- မဲဆန္ဒရှင်အသိပညာပေးခြင်းကို တရားဝင်ပညာရေးသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းစေခြင်း (ရေရှည်)။
- မသန်စွမ်းသူများအပေါ် ရပ်ရွာလူထု၏သဘောထားများ ပြောင်းလဲစေရန် မသန်စွမ်းသူအခွင့်အရေးအကြောင်း အသိပညာပေးခြင်းကို ကျေးရွာအဆင့်အထိဆောင်ရွက်ခြင်း။
- မသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များအား မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းတွင်ပါဝင်ခြင်းနှင့် ၎င်းတို့၏နိုင်ငံရေးအခွင့်အရေးကိုကျင့်သုံးခြင်း၏အရေးပါမှုအကြောင်း သီးသန့်အသိပညာပေးသင့်သည်။

**မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းကာလ**

- DPO များသည် မိမိဘာသာမဲပေးရန် မှတ်ပုံမတင်နိုင်သည့် အပြင်းအထန်မသန်စွမ်းသူများအား လိုအပ်သလိုကူညီပံ့ပိုးသင့်ပါသည်။

- ကူညီမည့်အဖော်များ။ အကူပစ္စည်းနှင့် ထောက်ကူပြုပစ္စည်းများကို မသန်စွမ်းသူများအား ရရှိစေသင့်ပါသည်
- မသန်စွမ်းသူများသည် မှတ်ပုံတင်ရုံးများသို့လာရောက်ရန်အတွက် အခြားသူများထက် အချိန်ပိုမိုပေး၍လက်ခံဆောင်ရွက်ပေးသင့်ပါသည်။

# IDA လူ့အခွင့်အရေး စာစဉ်

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ပူးပေါင်းအဖွဲ့

**စာစဉ် ၁- ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်တင်မြှောက်ခံခွင့်** မတ်လ ၂၀၁၃

### ကင်မရွန်းနိုင်ငံရှိ မသန်စွမ်းသူများအတွက် အခွင့်အရေးရှိသော ရွေးကောက်ပွဲများ

Joseph Enyegue Oye ရေးသားသည်။



Joseph Oye © 2011 Sightsavers

ကင်မရွန်းနိုင်ငံရှိ နိုင်ငံရေးကိစ္စများတွင် မသန်စွမ်းသူများပါဝင်မှုသည် နှစ်ကာလများစွာပင် မထင်မရှားရှိနေပါသည်။ ကင်မရွန်းလူငယ်အမျိုးသားအသင်း (ANAJEHCAM) က လုပ်ဆောင်ခဲ့သည့် ၂၀၁၀ ခုနှစ်လေ့လာမှုတစ်ခုမှ သတင်းအချက်အလက်များတွင် မသန်စွမ်းသူ ၃၂.၂% သာလျှင် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခဲ့ကြောင်းနှင့် ယင်းသည် မဲဆန္ဒရှင်အားလုံး၏ထက်ဝက်ထက်ပင် နည်းပါးကြောင်း ဖော်ပြခဲ့သည်။ ဤအနေအထားမှာ မသန်စွမ်းသူများအား လူ့အဖွဲ့အစည်း၏အရေးပါသောအခြင်းအရာများစွာတို့၌ ပါဝင်ခြင်းမှဖယ်ထုတ်ထားသည့် လူ့အဖွဲ့အစည်းဆိုင်ရာအဟန့်အတားများနှင့် ပေတာပျူပစ်ပယ်ခြင်းများကြောင့် ဖြစ်နိုင်ပါသည်။

၂၀၁၁ ခုနှစ် သမ္မတရွေးကောက်ပွဲကို ဦးတည်လျက် Sightsavers Cameroon ၏ ဦးဆောင်မှုအောက်တွင် မသန်စွမ်းသူများအတွက် အခွင့်အရေးရှိသော ရွေးကောက်ပွဲများစီမံချက် (AEPD) ကို မသန်စွမ်းသူများ အဖွဲ့အစည်းများ (DPOs) နှင့်အတူ၊ အထူးသဖြင့် မျက်မမြင်အဖွဲ့အစည်းများနှင့် အာဖရိကတိုက်အလယ် ပိုင်းရှိ လူ့အခွင့်အရေးများနှင့်ဒီမိုကရေစီအတွက် ကုလသမဂ္ဂဌာန (CNUDHD)၊ ကုလသမဂ္ဂရွေးကောက်ပွဲများ၊ ကင်မရွန်းနိုင်ငံ လွတ်လပ်သောသီးခြားမှုနှင့် ရွေးကောက်ပွဲများဆိုင်ရာ သိပ္ပံ (ELECAM) နှင့် လူ့အခွင့်အရေးနှင့် လွတ်လပ်မှုဆိုင်ရာ အမျိုးသားကော်မရှင်တို့ကဲ့သို့သော အဓိကမိတ်ဖက်အဖွဲ့အစည်းများဖြင့် ၂၀၁၀ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

မူဝါဒပြောင်းလဲရေးအတွက် ထောက်ခံမှုဆိုင်ရာလုပ်ငန်းအစီအစဉ်ကို အသေးစိတ်ရေးဆွဲရန်နှင့် မသန်စွမ်းသူများ၏ ပါဝင်မှုနှင့်အမြင်များကို ကင်မရွန်းနိုင်ငံ၏ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်၌ ပါဝင်စေရန်အလို့ငှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်၌ မသန်စွမ်းသူများအား အဓိကကျသူများဖြစ်စေရေး ၎င်းတို့အကြားတွင်အသိရှိလာစေရန် AEPD စီမံချက်ကို အရေးပါသည့် ပါဝင်ပတ် သက်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းဖြင့် စတင်ခဲ့သည်။



ဤစီမံချက်အောက်တွင် မသန်စွမ်းသူများအား ဆန္ဒမဲပေးရန်မှတ်ပုံတင်ရေးအတွက် စည်းရုံးရန် DPO များသည် မီဒီယာများ၊ တစ်အိမ်တက်ဆင်းသွားရောက်ခြင်း၊ ရွေ့လျားအစီအစဉ်များနှင့် ပိုစတာများနှင့် လက်ကမ်းစာစောင်များဖြင့် အသိပေးလှုပ်ရှားမှုများ လုပ်ဆောင် ခဲ့သည်။ DPO များအားသင်တန်းပေးရန် ကင်မရွန်းနိုင်ငံရှိ ရွေးကောက်ပွဲများအုပ်ချုပ်စီမံသည့်ဥပဒေများကို ၎င်းတို့၏အခွင့်အရေး များနှင့် တာဝန်များနှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည်တည်ဆောက်ရေး အလုပ်ရုံဆွေးနွေးပွဲများစီစဉ်ကျင်းပပေးခဲ့သည်။ DPO များ၊ အထူး သဖြင့် မျက်မမြင် အဖွဲ့အစည်းများမှအဖွဲ့ဝင်များမှရွေးချယ်ထားသည့် မသန်စွမ်းသူ ၃၆ ဦးကို ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် သင်တန်းပေးခဲ့ကာ၊ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာစေခဲ့သည်။



ကင်မရွန်းနိုင်ငံရှိ ဒေသကြီးဆယ်ခုအနက်ငါးခုတွင် ရွေးပြေးမဲရုံ ၁၂ ခုကိုဖော်ထုတ်၍ ဆင်ခြေလျှောများတည်ဆောက်ပေးခြင်း၊ မီးအလင်းရောင်စနစ် ပိုမိုကောင်းမွန်စေခြင်း၊ မျက်မမြင်ဖတ်စာနှင့် သင်္ကေတဘာသာစကားစနစ်ဘာသာပြန်ခြင်းဆိုင်ရာများတွင် ပြင်ဆင်မှုမံပေးခဲ့သည်။ သမ္မတကိုယ်စားလှယ်လောင်းအရေးအတွက် များပြားလွန်းသဖြင့် မျက်မမြင်သုံးမဲလက်မှတ်များမရှိခြင်းနှင့် သင်္ကေတဘာသာစကား စကားပြန်များမရှိခြင်းတို့ကဲ့သို့သော အခက်အခဲမပြေမှုများရှိခဲ့သော်လည်း အပြုသဘောအောင်မြင်မှုများရှိခဲ့သည်။ ELECAM ၊ DPO များနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ကူညီမှုများကြောင့် မှတ်ပုံတင်ခြင်း၊ မဲဆန္ဒရှင်ကဒ်ကောက်ယူခြင်း၊ မဲပေးခြင်းတို့တွင် မသန်စွမ်းသူများအတွက် အခက်ပြေချောမွေ့ခဲ့သည်။

**IDA လူ့အခွင့်အရေး စာစဉ်**

**အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ပူးပေါင်းအဖွဲ့**

**စာမျက်နှာ ၂**



ELECAM ၏ တရားဝင်ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းလမ်းညွှန်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်လုံး၌ မသန်စွမ်းသူများနှင့် အခြားအပယ်ခံအုပ်စုများအတွက် အထူးထည့်သွင်းစဉ်းစားထားသည်များကို အလေးထားဖော်ပြခဲ့သည်။ မသန်စွမ်းမှုနယ်ပယ်ကို မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းတွင်ထည့်သွင်းခဲ့ပြီး၊ ယင်းဆောင်ရွက်ချက်ဖြင့် မသန်စွမ်းသူများကို ခွဲထုတ်သိမြင်နိုင်သဖြင့် မသန်စွမ်းသူများ၏ပါဝင်မှုအရေအတွက်ကို သိနိုင်ခဲ့သည်။ ရွေးကောက်ပွဲအပြီး၌ မသန်စွမ်းသူ ၇၅% ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြောင်း သိမှတ်ခဲ့ရသည်။ ဤသတင်းအချက်အလက်မှာ စီမံချက်မှရရှိထားသည့် အောင်မြင်မှုအတိုင်းအတာကို အကဲဖြတ်ရန်နှင့် အနာဂတ်ရွေးကောက်ပွဲများတွင် ပါဝင်မှုတိုးလာစေရန် အထောက်အကူပြုပါသည်။



စီမံချက် AEPD ၏အရေးပါသည့်ထိရောက်မှုများအနက်တစ်ခုမှာ DPO များကို အများအပြားစည်းရုံးနိုင်ခဲ့ပြီး ယင်းတို့မှ အခြားအဖွဲ့အစည်းများ၏ပူးပေါင်းမှုဖြင့် ကင်မရွန်းနိုင်ငံတွင် မသန်စွမ်းသူများအတွက် အားလုံးပါဝင်သောအသင်းကို ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ပေါ်ပေါက်စေခဲ့သည်။ ယခင်က ယင်းသို့သောအသင်းအဖွဲ့များ ကင်မရွန်းနိုင်ငံတွင် မရှိခဲ့ဖူးပေ။

ဤအသင်းသည် ယခုအခါ ကဏ္ဍအားလုံး၌ မသန်စွမ်းသူများပါဝင်ရေးအတွက် အားပေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ မကြာသေးမီကဆောင်ရွက်ခဲ့သည့်သာဓကများတွင် အစိုးရ၏အမျိုးသား ဝန်ထမ်းခေါ်ယူရေးလုပ်ဆောင်ချက်အစီအစဉ်အဖြစ် အရည်အချင်းရှိသည့် မသန်စွမ်းသူ လူငယ်များခေါ်ယူခန့်ထားစေခဲ့ပြီး စာသင်ကျောင်းများတွင်လည်း ပါဝင်ခွင့်ရစေရန် အားပေးဆောင်ရွက်ခဲ့ပါသည်။

AEPD စီမံကိန်းဆောင်ရွက်ချက်နှင့် DPO အားပေးဆောင်ရွက်မှုများမှတစ်ဆင့် ELECAM သည် ပြည်သူနှင့် နိုင်ငံရေးရပ်ဝန်းများတွင် မသန်စွမ်းသူများ၏ပါဝင်မှုကို မြှင့်တင်ရန် ဆန္ဒနှင့်ကတိကဝတ်များပြခဲ့သည်။ ယင်းနောက် အခြားပတ်သက်ရာအဖွဲ့အစည်းများစွာသည် ကင်မရွန်းနိုင်ငံ တွင် ပိုမိုပါဝင်သောလူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရေးအတွက် DPO များနှင့် အတူ အားတက်သရောပူးပေါင်းခဲ့ကြသည်။

*"ပထမဆုံးအကြိမ် အခမ်းအနားမှာ မသန်စွမ်းတဲ့အမျိုးသမီးတွေ မဲပေးတာမြင်ခဲ့ရတာပါ။ အရင်ကဆိုရင် ယောက်ျားတွေဟာ သူတို့မိန်းမတွေကို မဲပေးခွင့်မပြုခဲ့ဘူး။ မသန်စွမ်းတဲ့မိန်းမတွေဆိုရင် အိမ်ထဲမှာပုန်းကွယ်နေရတာပါ။ ဒါဟာပထမဆုံး အကြိမ်ပဲ ရွေးကောက်ပွဲအတွေ့အကြုံကို မျက်မမြင်တန်ဖိုးထားရတာ။ မဲလက်မှတ်တွေလည်း မျက်မမြင်တွေအတွက် ဖတ်လို့ရအောင်လုပ်ပေးမယ်လို့ ကျွန်မတော်မျှော်လင့်ပါတယ်။"*

*Amina Baba, Meiganga*

*၂၀၁၁ အောက်တိုဘာလ ၉ ရက်နေ့ သမ္မတရွေးကောက်ပွဲနေ့မှာ ကျွန်တော်မဲရုံကိုသွားခဲ့တယ်။ အဲဒါက မူလတန်းကျောင်းမှာ အခြားမသန်စွမ်းသူအများနည်းလယ်နဲ့အတူ ကျွန်တော်မဲပေးခဲ့တယ်။ ကြိုဆိုရေးက သိပ်ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့မဲပေးခွင့်အတွက် ဘယ်လိုလုပ်ရမယ်ဆိုတာ PAE ကနေတစ်ဆင့် သိထားပြီးဖြစ်လို့ပါ။ အဲဒါပြင် မဲရုံတာဝန်ခံတွေကလည်း ကျွန်တော်တို့ရဲ့ အခွင့်အရေးကိုသိကြတော့ ပင်မအခန်းကြီးဆီလမ်းညွှန်ပေးခဲ့ပါတယ်။ လျှို့ဝှက်မဲပေးဖို့ ကျွန်တော့်လမ်းညွှန်က မဲပေးခန်းထဲထိလိုက်သွားပေးပါတယ်။ သူက ကိုယ်စားလှယ်လောင်းတွေရဲ့ အမည်တွေအားလုံးဖတ်ပြပြီး ကျွန်တော့်ကို လှုပ်လယ်စွာရွေးချယ်စေပါတယ်။ ကျွန်တော်က မဲလက်မှတ်တွေကို အိတ်တစ်လုံးထဲသေချာထည့်ပါတယ်။ ကိုယ်ကြိုက်တဲ့ကိုယ်စားလှယ်လောင်းကို ရွေးခဲ့တယ်။ လမ်းညွှန်ပေးတဲ့လူထွက်သွားတော့ ကျွန်တော်က ကိုယ်ရွေးထားတဲ့ကိုယ်စားလှယ်လောင်းကိုမှ စာအိတ်ထဲထည့်ပြီး လမ်းညွှန်က မဲပုံးဆီခေါ်သွားပေးပါတယ်။ နောက်တော့ မဲပုံးထဲကို ပုံမှန်ကြည့်ကြည့်ပဲ ကျွန်တော် မဲထည့်လိုက်ပါတယ်။*

*Léopold Assiéné, Ekié*

CENTRE FOR LAW & POLICY RESEARCH

THE CENTRE FOR internet & society

ENABLING

ELECTIONS

MAKING THE 2014 GENERAL ELECTIONS IN INDIA PARTICIPATORY AND ACCESSIBLE FOR VOTERS WITH DISABILITIES

၄။ ရွေးကောက်ပွဲများတွင် ဝင်ရောက်ခွင့်ရရှိစေခြင်း- ၂၀၁၄ အတွေ့အကြုံ

မသန်စွမ်းမဲဆန္ဒရှင်များအား ရွေးကောက်ပွဲလုပ်ငန်းစဉ်၌ ပါဝင်စေရန် ပထမဆုံးအကြိမ်အပြောင်းအလဲကြီးပမ်းမှုမှာ ၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် ဖြစ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် "မသန်စွမ်းသူအခွင့်အရေးများအဖွဲ့" ဟုခေါ်သော အန်ဂျီအိုတစ်ဖွဲ့၏ မသန်စွမ်းသူများအတွက် ဆန္ဒမဲပေးခွင့်မရှိကြောင်း တိုင်ကြားသည့်စာတစ်စောင်ကို လက်ခံရရှိခဲ့ခြင်းမှအခြေခံ၍ တရားရုံးချုပ်သည် ယင်းကို ပြည်သူ့စိတ်ဝင်စားမှုဖြင့် အများစုပေါင်းလက်မှတ်ရေးထိုးမှုတစ်ခုအဖြစ် မှတ်ပုံတင်ခဲ့သည်။ ဤအမှုတွင် တရားရုံးချုပ်သည် လက်မှတ်ရေးထိုးတောင်းဆိုသူများ၏ စိုးရိမ်မှုများကို အကောင်အထည်ဖော်ရန် ရွေးကောက်ပွဲကော်မရှင်ထံသို့ ညွှန်ကြားချက်ပေးခဲ့သည်။ တောင်းဆိုမှုများတွင် မဲရုံသို့သွားရာတွင် သစ်သားဆင်ခြေလျှောများထားရှိပေးရေး၊ EVM များရှိကိန်းဂဏန်းများကို မျက်မမြင်စာဖြင့်ရေးပေးရေး၊ မဲရုံများ၌ မသန်စွမ်းသူများအတွက် သီးသန့်တန်းစီစေရန်နှင့် အထူးစီစဉ်ပေးရေးနှင့် မသန်စွမ်းသူများ အဆင်အပြေဆုံးမဲပေးနိုင်စေရန် မဲရုံဝန်ထမ်းများကို ယဉ်ကျေးရည်မွန်ကာ လိုအပ်သလိုအကူအညီပေးစေရေးတို့ဖြစ်သည်။ ညွှန်ကြားချက်တွင် အဆင့်မြင့်ပြီးလုံလောက်သည့်အသိပေးကြော်ငြာများကို မသန်စွမ်းမဲဆန္ဒရှင်များအတွက် ၎င်းတို့၏မဲပေးခွင့်များရယူနိုင်ရန်အတွက် လိုအပ်သည့်အထောက်အပံ့များရရှိပြီဖြစ်ကြောင်း ပုံနှိပ်နှင့်အွန်လိုင်းမီဒီယာများတွင် ထည့်သွင်းပေးသင့်ကြောင်းပါရှိသည်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ဤညွှန်ကြားချက်များကို ပြည်နယ်များနှင့် ပြည်ထောင်စုမဲဆန္ဒနယ်မြေများသို့ ဆက်လက်ဖြန့်ဝေခဲ့သည်။ တရားရုံးချုပ်၏ညွှန်ကြားချက်ကိုတုံ့ပြန်သောအားဖြင့် ECI သည် ၂၀၁၅ ခုနှစ်တွင် တရားရုံးအမိန့်ကိုစောနိုင်သမျှအစောဆုံး ဆောင်ရွက်ရန် အစိုးရနှင့် ဒေသဆိုင်ရာအာဏာပိုင်များအား မှာကြားခဲ့သည်။ ECI သည် ပြည်နယ်နှင့်ဒေသဆိုင်ရာရွေးကောက်ပွဲအာဏာပိုင်များထံ လမ်းညွှန်ချက်များ ထုတ်ပြန်ခဲ့ပြီး အောက်ပါအတိုင်း တင်းကြပ်စွာလိုက်နာရမည့် ညွှန်ကြားချက်များကို အမိန့်ထုတ်ခဲ့သည်။

- မဲရုံဝန်ထမ်းများသည် မသန်စွမ်းမဲဆန္ဒရှင်များအား အခြားမဲဆန္ဒရှင်များကဲ့သို့တန်းစီစောင့်ဆိုင်းစရာမလိုပဲ မဲရုံအတွင်းသို့ ဦးစားပေးဝင်ရောက်ခွင့်ပြုရမည်။
- ယင်းသို့သောမဲဆန္ဒရှင်များအား ၎င်းတို့၏ဘီးတပ်ကုလားထိုင်များ မဲရုံအတွင်းသို့တစ်ပါတည်းယူဆောင်လာစေရန် လိုအပ်သည့်အထောက်အပံ့များ အပြည့်အစုံထားရှိပေးသင့်သည်။ မဲရုံအတွင်းတွင် လှေကားထစ်များရှိမနေပါက ယာယီလှေကားထစ်များကို လိုအပ်သလို စီစဉ်ထားပေးရမည်။
- မဲရုံဝန်ထမ်းများသည် ၁၉၆၁ ခုနှစ် ရွေးကောက်ပွဲနည်းဥပဒေအမှတ် ၄၉ ပါ ပြဋ္ဌာန်းချက်များအကြောင်း တိကျစွာသိရှိထားသင့်သည်။ ယင်းမှာ မျက်မမြင်/အိုမင်းမစွမ်း/နားမကြားသောမဲဆန္ဒရှင်တစ်ဦးကို ဆန္ဒမဲထည့်နိုင်ရန် အဖော်လိုက်ပါခွင့်ပြုထားခြင်းဖြစ်သည်။
- မဲရုံဝန်ထမ်းများအတွက် သင်တန်းများ၌ ၎င်းတို့အား မသန်စွမ်းသူများ၏သက်ဆိုင်ရာလိုအပ်ချက်များအကြောင်း ပိုမိုသိရှိစေသင့်သည်။ ယဉ်ကျေးပျူငှာခြင်း၊ မဲရုံများ၌လိုအပ်သည့်အကူအညီများပေးခြင်းတို့ ဖြစ်သင့်သည်။
- အကြားအာရုံမသန်စွမ်းသည့်မဲဆန္ဒရှင်များကိုလည်း အခြားမသန်စွမ်းသူများကဲ့သို့ပင် အထူးဂရုစိုက်သင့်သည်။

ဤညွှန်ကြားချက်များအကောင်အထည်ဖော်ဆောင်ခြင်းသည် ၂၀၁၄ ရွေးကောက်ပွဲများတွင် ကျေနပ်လောက်ဖွယ်မရှိခဲ့သလို မသန်စွမ်းသူမဲဆန္ဒရှင်များပါဝင်မှုသည်လည်း လောက်လောက်လားလားမရှိခဲ့ပေ။ တရားရုံးချုပ်၏ညွှန်ကြားချက်များနှင့် ရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်ချက်များသည် အစစ်အမှန်မဲပေးသည့်လုပ်ငန်းစဉ်အတွက်သာ မဲရုံမှူးများအားသင်တန်းပေးခြင်းမှတစ်ပါး လှေကားထစ်များထားရှိပေးရန် သို့မဟုတ် ဘီးတပ်ကုလားထိုင်များပေးရန်စသည်တို့ကဲ့သို့သော အခြေခံအဆောက်အအုံများအပေါ်တွင်သာ များစွာအလေးထားခဲ့သည့် ညွှန်ကြားချက်များဖြစ်ခဲ့သည်။ မဲမပေးမီအဆင့်များအတွက် ပါဝင်ခွင့်များမှာ ကိုင်တွယ်ဖြေရှင်းခဲ့ခြင်းမရှိသဖြင့် မဲပေးသည့်လုပ်ငန်းစဉ်တစ်ခုလုံးတွင် များစွာပါဝင်လာစေရန် မသေချာခဲ့ခြင်းဖြစ်သည်။

၄။ အကြံပြုတိုက်တွန်းခြင်းများ

တရားရုံးချုပ်နှင့် ECI ညွှန်ကြားချက်များအထက်ပါအတိုင်းရှိခဲ့သည့်တိုင် ၂၀၁၄ ရွေးကောက်ပွဲသည် မသန်စွမ်းသူများကို လုံလောက်စွာပါဝင်စေခဲ့ခြင်းမရှိပေ။ လာမည့် ၂၀၁၉ ရွေးကောက်ပွဲများအနီးရန်အလို့ငှာ မသန်စွမ်းသူများအရေးကို ဦးစားပေးခြင်းနှင့် မသန်စွမ်းမဲဆန္ဒရှင်များ ပါဝင်ခွင့်ရှိရေးအတွက် ECI ၏လုပ်ဆောင်ချက်မှာ မဖြစ်မနေအရေးပါပါသည်။ ECI သည် "အားလုံးပါဝင်စေရေး" ကို လာမည့်ရွေးကောက်ပွဲ၏

အဓိကအဆဘော်အဖြစ် ဖော်ထုတ်ကာ၊ ရွေးကောက်ပွဲများတွင် မသန်စွမ်းမဲဆန္ဒရှင်များပါဝင်ရေးသည် ဦးစားပေးဖြစ်ကြောင်း ကြေညာသင့်ပါသည်။

အထက်ပါအခန်းများတွင် ထုတ်နုတ်ပြခဲ့သည့်အတိုင်း မသန်စွမ်းသူများရင်ဆိုင်ရသည့် အတားအဆီးများစွာတို့ကိုအခြေခံ၍ မသန်စွမ်းသူမဲဆန္ဒရှင်များပါဝင်ခွင့်ရရှိရေးအတွက် မိမိတို့သည် အောက်ပါအတိုင်းအကြံပြုတိုက်တွန်းလိုက်ပါသည်။

၁။ မသန်စွမ်းမဲဆန္ဒရှင်များကို မှတ်ပုံတင်စေနိုင်ခြင်း

က။ ဝက်ဆိုက်ပေါ်တွင် မှတ်ပုံတင်ခြင်းဆိုင်ရာသတင်းအချက်အလက်များကို အလွယ်တကူရရှိနိုင်စေခြင်းနှင့် တောင်းဆိုလာပါက သတင်းအချက်အလက်များကို မျက်မမြင်စာ၊ ပုံနှိပ်စာလုံးကြီးနှင့် အခြားလိုအပ်သောပုံစံများဖြင့် ပေးခြင်း။

ခ။ မသန်စွမ်းသူများ၏ မှတ်ပုံတင်ခြင်းလုပ်ရိုးလုပ်စဉ်များကို ပြီးမြောက်စေရန် ဌာနတစ်ခုထားရှိပေးကာ မဲဆန္ဒရှင်မှတ်ပုံတင်အရာရှိများက သွားရောက်ဆောင်ရွက်ပေးခြင်း။

ဂ။ မဲဆန္ဒနယ်တစ်ခုချင်းစီတွင် မှတ်ပုံတင်ထားသော မသန်စွမ်းမဲဆန္ဒရှင်များအားလုံး၏မှတ်တမ်းတစ်ခုထားရှိခြင်းနှင့် ၎င်းတို့၏သက်ဆိုင်ရာ သီးခြားလိုအပ်ချက်များကို မှတ်တမ်းထားပြီး မဲပေးရာ၌အဆင်ပြေချောမွေ့စေရန် အထူးကြိုးပမ်းခြင်း။

ဃ။ မသန်စွမ်းသူများသည် အဓိကဆက်သွယ်ရေးလမ်းကြောင်းများမှသတင်းများကို မျက်ချည်ပြတ်နိုင်သဖြင့် ဖုန်းဖြင့်စာတိုပေးပို့ခြင်း၊ အီးမေးပို့ခြင်း၊ ဖုန်းဆက်ခြင်းနှင့် စာရေးသားပေးပို့ခြင်းများကဲ့သို့သော ဆက်သွယ်မှုများပြုကာ မဲဆန္ဒရှင်မှတ်ပုံတင်ရေးအတွက် တိုက်တွန်းပါ။

င။ မသန်စွမ်းသူများမှတ်ပုံတင်ရေးအတွက် အချိန်သတ်မှတ်ချက်များကို တင်းကျပ်မထားပဲအဆင်ပြေသလိုချိန်ညှိပေးပါ။ ဆိုလိုသည်မှာ ၎င်းတို့အားအချိန်မရွေး မှတ်ပုံတင်နိုင်ပါစေ။ အခြားနည်းလမ်းမှာ တစ်နှစ်လျှင်နှစ်ကြိမ် တစ်လလုံးလုံးမှတ်ပုံတင်ခွင့်ပြုပါ။ ထိုသို့ပြုခြင်းအားဖြင့် မဲဆန္ဒရှင်နှင့် မှတ်ပုံတင်အရာရှိနှစ်ဖက်စလုံးအတွက် လွယ်ကူစေနိုင်ပါသည်။

စ။ အထူးမှတ်ပုံတင်ဆောင်ရွက်ရန်အတွက် တိကျသည့်ရက်များပေးခြင်းဖြင့် မြို့အနီးအပါးရှိ လက်ရွေးစင်မသန်စွမ်းအဖွဲ့အစည်းများ၏ ပရဝုဏ်များ၌ မသန်စွမ်းသူများကို ရောက်ရှိစေမည်ဖြစ်သည်။

ဆ။ အရာရှိများသည် မသန်စွမ်းသူများနှင့် ဆက်သွယ်ရန်နိုးကြားရမည်ဖြစ်ကာ ၎င်းတို့လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ကျွမ်းကျင်ပါးနပ်ရမည်။

ဇ။ ဘီးတပ်ကုလားထိုင် သို့မဟုတ် အခြားသောအထောက်အကူပြုကိရိယာများသုံးစွဲသူများအတွက် ဝင်ထွက်သွားလာနိုင်စေရန် မှတ်ပုံတင်ဌာနများကို လိုအပ်သည့် ဖွဲ့စည်းတည်ဆောက်ပုံဖြစ်စေရန် ပြင်ဆင်မွမ်းမံပါ။

ဈ။ ရွေးကောက်ပွဲကျင်းပချိန်နီးကပ်လာသည့် ရက်သတ္တပတ်များ၌ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ မသန်စွမ်းသူများအား မဲဆန္ဒရှင်မှတ်ပုံတင်ရေးနှင့် ဆန္ဒမဲပေးရေးတို့အတွက် တိုက်တွန်းသည့်သတင်းအချက်အလက်များလွှင့်ပြီး ၎င်းတို့အတွက် မှတ်ပုံတင်ခြင်းနှင့် မဲရုံများတွင်လည်း ဦးစားပေးအစီအစဉ်များနှင့် လိုအပ်သောအကူအညီများပေးမည်ဖြစ်ကြောင်း အသိပေးပါ။

ည။ ရွေးကောက်ပွဲများမတိုင်မီ မဲဆန္ဒရှင်များအား မဲရုံတည်နေရာများ၊ အထူးဝင်ရောက်ခွင့်၊ ဘီးတပ်ကုလားထိုင်၊ နည်းစနစ်ပိုင်းဆိုင်ရာ အထောက်အပံ့များနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပေးရမည်။

၂။ ပြန်ကြားဆက်သွယ်ရေးနှင့် နည်းပညာအသုံးပြုမှု

က။ ရွေးကောက်ပွဲစာရွက်စာတမ်းများအားလုံးကို တောင်းဆိုလာပါက ပုံနှိပ်ခြင်း၊ မျက်မမြင်စာ၊ အသံနှင့် အခြားရုပ်ပုံသဏ္ဍာန်ပုံစံများဖြင့် ထုတ်ဝေရရှိစေရမည်။ ကိုယ်စားလှယ်လောင်းလမ်းညွှန်များကိုလည်း ရရှိစေရမည်။ သို့မှသာလျှင် မသန်စွမ်းမဲဆန္ဒရှင်များသည် ၎င်းတို့မဲပေးလိုသော ကိုယ်စားလှယ်လောင်းအကြောင်းကို ပြည့်စုံစွာသိရှိနိုင်မည်ဖြစ်သည်။

ခ။ ဆက်သွယ်ရေးအားလုံးရရှိစေရန် ဝင်ရောက်အသုံးပြုနိုင်မှုစံညွှန်းများကို WCAG 2.0 ကဲ့သို့သော ဒိုမိန်းများအားလုံးတွင် ရရှိရမည်။

ဂ။ ပုံစံအမျိုးမျိုးဖြင့်မသန်စွမ်းသူများအားလုံး သတင်းအချက်အလက်များကို တစ်နည်းမဟုတ်တစ်နည်းဖြင့် အသေအချာရရှိစေရေးအတွက် ပုံနှိပ်၊ ရုပ်မြင်သံကြားနှင့် ဝက်ဆိုက်တို့ကဲ့သို့သော မီဒီယာမျိုးစုံ၌ ပုံစံမျိုးစုံဖြင့် သတင်းအချက်အလက်များကို ရရှိစေရမည်။

ဃ။ မိုဘိုင်းဖုန်းများကို အသံဖြင့်ဖုန်းခေါ်ဆိုခြင်း၊ စာတိုပေးပို့ခြင်းစသဖြင့် ပုံစံမျိုးစုံဖြင့်ရရှိစေရမည်။

င။ မသန်စွမ်းမဲဆန္ဒရှင်များအတွက် အထောက်အကူဖြစ်စေရန် နိုင်ငံတစ်ဝန်းလုံးတွင် အခမဲ့ဖုန်းလိုင်းများထားရှိပေးသင့်သည်။

စ။ နိုင်ငံရေးပါတီများနှင့် မီဒီယာတိုက်များအားလုံးအား ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ဖွယ်ရှိသော ဆက်သွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရန်ညွှန်ကြားထားရမည်။

ဆ။ ရွေးကောက်ပွဲဆိုင်ရာကြော်ငြာများ သို့မဟုတ် ပြန်ကြားဆက်သွယ်ရေးများကို မသန်စွမ်းသူများအား ဆန့်ကျင်ဖက်ဖော်ပြခြင်းမပြုရ။

၃။ ဆန္ဒမဲပေးခွင့်ရရှိစေခြင်း

က။ မဲရုံနှင့်မဲပေးရမည့်နေရာများနှင့် အဆောက်အဦးများအားလုံးသည် အထပ်အမျိုးမျိုးဖြစ်နေခြင်းမရှိစေဘဲ လျှောစောက်များနှင့် စက်လှေကားများဖြင့် သွားလာနိုင်သောအခြေအနေဖြစ်သင့်သည်။ အဆင့်များ သို့မဟုတ် ဝင်ပေါက်ကျဉ်းမြောင်းခြင်းများရှိခဲ့ပါက ဘီးတပ်ကုလားထိုင်အသုံးပြုသူများ ဝင်ထွက်သွားလာနိုင်မည်မဟုတ်ပေ။ အလားတူပင် EVM/ ဆန္ဒမဲလက်မှတ်များရှိသော စားပွဲခုံသည်မြင့်လွန်းနေပါက၊ သို့မဟုတ် ကျဉ်းမြောင်းလွန်းသော မဲပေးခန်းရှိပါက ဝင်ထွက်သွားလာနိုင်ကြမည်မဟုတ်ပေ။

ခ။ EVM များကိုယ်၌ပင် သွားလာ၍ရနိုင်ပြီး အသံ/မျက်မမြင်ဖတ်စာမျိုးရှိသင့်သည်။

ဂ။ မသန်စွမ်းအသင်းအဖွဲ့များသည် EVM အသုံးပြုမှုစမ်းသပ်ခြင်းနှင့် သင်တန်းပေးခြင်းများတွင် ပါဝင်သင့်ပြီး အသုံးပြုနိုင်စေရန် ဆောင်ရွက်သင့်သည်။ မသန်စွမ်းသူများအား မဲပေးရသည့်ရက်မရောက်မီ စမ်းသပ်အသုံးပြုခွင့်ပေးသင့်သည်။

ဃ။ မဲရုံများသို့မသွားလာနိုင်သော မသန်စွမ်းမဲဆန္ဒရှင်များအား ၎င်းတို့၏ဆန္ဒမဲပေးခြင်းကို စာဖြင့်ပေးပို့ခြင်း သို့မဟုတ် ရွေ့လျားမဲပေးရေး ကူညီပံ့ပိုးမှုများ စသည့်ရွေးချယ်စရာများပေးသင့်သည်။

င။ မသန်စွမ်းသူများအား လူတန်းထဲတွင်စောင့်ဆိုင်းမနေစေဘဲ ဦးစားပေးသွားလာခွင့်ပြုသင့်သည်။

စ။ မသန်စွမ်းမဲဆန္ဒရှင်များအား နည်းပညာအသုံးပြုရေး သို့မဟုတ် လူသားအကူအညီရယူရေးရွေးချယ်ခွင့်ပြုရန် အရာရှိများအား မေးမြန်းသင့်သည်။ ယခင်ဖြစ်စဉ်တစ်ခု၌ မဲပေးခြင်းနည်းပညာများကို အပြည့်အဝရရှိသင့်သည်။

ဆ။ ECI သည် မသန်စွမ်းသူများအား ၎င်းတို့၏မဲလက်မှတ်ကို စာဖြင့်ပေးပို့မဲထည့်ရန်အတွက် အထူးအချိန်တစ်ခုပေးရန်လည်း စဉ်းစားသင့်သည်။

ဇ။ မဲပေးသည့်နေ့တွင် မဲရုံများ၏ရှေ့ကြိုဌာနများတွင် မသန်စွမ်းမဲဆန္ဒရှင်များအား အကူအညီပေးရန်ဆောင်ရွက်ထားနိုင်သည်။

ဈ။ ECI သည် မဲရုံတစ်ခုချင်းစီ၌ မသန်စွမ်းမဲရုံဝန်ထမ်းတစ်ဦးထားရှိရေးကို စဉ်းစားနိုင်သည်။

ည။ စိတ်မနှံ့ဟူသောအကြောင်းပြချက်နှင့်စပ်လျဉ်းသော အရည်အချင်းမပြည့်ဝမှုကို ခွင့်မပြုရ။

ဋ။ ဆန္ဒမဲပေးသူများအတွက် မဲရုံအတွင်းသို့မဝင်မီ လေ့ကျင့်ရန် သရုပ်ပြမဲပေးစက်တစ်ခုသည်လည်း အကျိုးရှိဖွယ်ရှိပါသည်။ နမူနာမဲလက်မှတ်များနှင့် စက်များကို အကောင်းဆုံးအလေ့အကျင့်များအဖြစ် ကြာမြင့်စွာကပင်အသိအမှတ်ပြုထားကြသော်လည်း ယင်းတို့ကို တွေ့မြင်ရခြင်းမရှိပေ။

ဌ။ ရွေ့လျားမဲရုံများ- EVM သည် သယ်ယူရလွယ်သောကိရိယာတစ်ခုဖြစ်သဖြင့် ရွေ့လျားမဲရုံများကို ဆေးရုံများ၊ စောင့်ရှောက်ရေးဂေဟာများ၊ ဌာနဆိုင်ရာများ...စသည်တို့သို့ အမြောက်အများလွယ်ကူစွာပေးနိုင်ပါသည်။ ဤနည်းဖြင့် လူနာများနှင့် ပြင်းထန်စွာမသန်စွမ်းသူများနှင့် လူအိုရုံများမှလူများ...စသည်တို့ ကောင်းစွာမဲပေးနိုင်ပါသည်။ ရွေ့လျားမဲပေးရေးအတွက် နေ့စွဲနှင့်အချိန်တို့ကို သက်ဆိုင်ရာကျင်းပရာနေရာများတွင် အသိပေးကြေညာနိုင်ပါသည်။

ဍ။ မဲရုံများနှင့်မဲပေးရာဌာနများသို့ သွားလာရန်အကူအညီလိုအပ်သော မဲဆန္ဒရှင်များအား သယ်ယူပို့ဆောင်ပေးခြင်း။

၄။ သင်တန်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း

က။ ရွေးကောက်ပွဲဝန်ထမ်းများအားလုံးသည် မသန်စွမ်းသူများ၏လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းရန် တုံ့ပြန်ဆောင်ရွက်မှုသင်တန်းတစ်ခုကို တက်သင့်သည်။ ဤတွင် ပြန်ကြားဆက်သွယ်ရေး၊ ကိုယ်ကာယနှင့် အီလက်ထရွန်နစ် သွားလာနိုင်မှုလိုအပ်ချက်များ ပါဝင်ပါသည်။

ဤသည်ကို ရွေးကောက်ပွဲကော်မရှင်က စီမံခန့်ခွဲမှုအဆင့်အားလုံးအတွက်ပြုစုထားသော လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ကျယ်ပြန့်သည့် အရင်းအမြစ်စာအုပ်တွင် ပေါင်းစပ်သင့်သည်။

ခ။ မဲပေးခြင်းနှင့် မဲပေးသည့်ကိရိယာစက်ပစ္စည်းများအားလုံးကို မသန်စွမ်းမဲဆန္ဒရှင်များအသုံးပြုနိုင်ခြင်းရှိမရှိ၊ အသုံးမပြုမီကြိုတင်၍ အသုံးပြုပုံကို ညွှန်ကြားခြင်းရှိမရှိတို့ကိုသေချာစေရန် အရာရှိများ၏တာဝန်များတွင် မသန်စွမ်းမဲဆန္ဒရှင်ဦးရေမည်မျှသည် ၎င်းတို့၏မဲဆန္ဒရှင်ဆက်သွယ်ရေးအစီအစဉ်၏အစိတ်အပိုင်းအဖြစ် ၎င်းတို့၏တာဝန်စီရင်ပိုင်ခွင့်တွင် ရှိနေကြကြောင်းသိရှိခြင်းကို ထည့်သွင်းသင့်သည်။

ဂ။ အထူးစီစဉ်ထားသော ကမ်းလင့်ဆောင်ရွက်ခြင်းနှင့် ပြည်သူ့ဆက်ဆံရေးကြိုးပမ်းမှုများကို လုပ်ဆောင်သင့်သည်။

ဃ။ မသန်စွမ်းသူများ၏အခွင့်အရေးများကို ကူညီပံ့ပိုးရာတွင် အုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးနှင့် နေထိုင်ရေးထောက်ပံ့သူ ဝန်ထမ်းများကို သတင်းအချက်အလက်များပေးသင့်ပါသည်။ ဤဆောင်ရွက်ချက်များကို ကျန်းမာရေးစောင့်ရှောက်ရာနေရာများရှိ မိသားစုဝင်များထံလည်း ညွှန်ကြားသင့်ပါသည်။

၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း

က။ ကောမတီခွဲကို သွားလာနိုင်ရေးအကောင်အထည်ဖော်ဆောင်ရန်တာဝန်ပေး၍ မှတ်ပုံတင်ရုံးများ၊ လုပ်ထုံးလုပ်နည်းများနှင့် မဲရုံများအတွက် သွားလာနိုင်မှုစံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များကို ဖော်ထုတ်ပြုစုနိုင်ပါသည်။

ခ။ မသန်စွမ်းသူများ၏ နစ်နာမှုများနှင့် လိုအပ်ချက်များကိုကိုင်တွယ်ဖြေရှင်းရန် တိုင်တန်းမှုဖြေရှင်းရေးအစီအစဉ်တစ်ခုရှိသင့်ပါသည်။

ဂ။ မသန်စွမ်းသူများအတွက် ၎င်းတို့အတွက်ရရှိနိုင်သော အထောက်အပံ့များနှင့်ရွေးချယ်စရာအမျိုးမျိုးတို့အကြောင်း အသိပေးသည့် လက်စွဲစာအုပ်လေးတစ်ခုကို ပုံစံအမျိုးမျိုးဖြင့်ထားရှိနိုင်ပြီး ယင်းလက်စွဲပါအကြောင်းအရာများကို နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများအားလုံးထံသို့ ပုံနှိပ်နှင့်အီလက်ထရွန်နစ်မီဒီယာများ၊ တက်ဆိုက်နှင့် လူချင်းထိတွေ့ခြင်းများဖြင့် ကျယ်ပြန့်စွာရောက်ရှိစေရန် ကြိုးပမ်းသင့်သည်။

ဃ။ DPO များသည် သွားလာနိုင်ခွင့်ရေးရာကော်မတီနှင့် သင်တန်းပေးခြင်း၊ မဲဆန္ဒရှင်အကူအညီ၊ လက်စွဲများ/လမ်းညွှန်စာအုပ်များ ပြုစုခြင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းများကဲ့သို့သော ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်အမျိုးမျိုးတွင် ပါဝင်ပတ်သက်သင့်သည်။

င။ မဲရုံများသွားလာနိုင်မှုဆိုင်ရာ အချက်အလက်များနှင့် မသန်စွမ်းမဲဆန္ဒရှင်သွားလာနိုင်မှုဆိုင်ရာ အချက်အလက်များ စောင့်ကြည့်ခြင်းနှင့် ရယူစုဆောင်းခြင်းအတွက် နည်းပညာအသစ်များကို သုံးကောင်းသုံးနိုင်ပါသည်။ သွားလာနိုင်မှုကို စောင့်ကြည့်လေ့လာသူလက်စွဲများ သို့မဟုတ် အခြားသက်ဆိုင်ရာ ညွှန်ကြားလွှာများ၌ မဲရုံအကဲဖြတ်ခြင်းအတွက် အဓိကကျသည့်စံချိန်စံညွှန်းများအဖြစ်လည်း ဖော်ထုတ်သင့်သည်။

စ။ မသန်စွမ်းသူများပါဝင်မှုကို နားလည်ရန် အချက်အလက်များ၊ စစ်တမ်းများနှင့် လေ့လာမှုများကို စုဆောင်းရရှိရန်အလို့ငှာ ရွေးကောက်ပွဲစောင့်ကြည့်ရေးနည်းလမ်းများကို ပြုစုရန်လိုအပ်ပါသည်။ ECI သည် ရွေးကောက်ပွဲအကြို၊ ရွေးကောက်ပွဲနေ့နှင့် ရွေးကောက်ပွဲအလွန် စောင့်ကြည့်လေ့လာခြင်းများပါဝင်သော အကောင်းဆုံးအလေ့အကျင့်များကိုကျင့်သုံးရန်အလို့ငှာ နိုင်ငံတစ်ဝန်းတွင် ရွေ့ပြောင်းစီမံကိန်းများ ထိတွေ့စမ်းသပ်ရန်လိုသည်။ ဤအကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ခြင်းသည် ရွေးကောက်ပွဲများ၌ မသန်စွမ်းမဲဆန္ဒရှင်များပါဝင်မှုကို သိသာစွာ ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။

ဆ။ မသန်စွမ်းအဖွဲ့အစည်းများနှင့် အန်ဂျီအိုများနှင့်အတူပူးပေါင်း၍ မသန်စွမ်းသူများသည် ဖြစ်နိုင်သမျှ မဲရုံများတွင် မဲရုံမှူး သို့မဟုတ် ဝန်ထမ်းအဖြစ်တာဝန်ယူစေခြင်းအားဖြင့် ရွေးကောက်ပွဲများတွင် ပါဝင်စေသင့်ပါသည်။

ဇ။ မသန်စွမ်းမဲဆန္ဒရှင်များနှင့်အတူ ရွေးကောက်ပွဲအကြိုနှင့်အလွန်သုံးသပ်ချက်များသည် အရေးပါပါသည်။ ဤသည်ကို မဲဆန္ဒရှင်လိုအပ်ချက်များနှင့် မျှော်လင့်ချက်များရရှိခြင်းရှိမရှိနှင့် အနာဂတ်တွင် ဤအခက်အခဲများကို အကောင်းဆုံးမည်သို့ကျော်လွှားသွားရမည်ဆိုခြင်းများအပေါ်တွင် အလေးထားသည့် တိုင်ပင်ဆွေးနွေးမှုများ၊ အကဲဖြတ်သုံးသပ်ချက်များနှင့် စစ်တမ်းများမှတစ်ဆင့် ဆောင်ရွက်နိုင်ပါသည်။

ဈ။ မသန်စွမ်းမဲဆန္ဒရှင်အခြားဖြစ်တန်ရာအုပ်စုများအကြား မသန်စွမ်းသောလူငယ်များအတွက် မဲဆန္ဒရှင်အသိပညာပေးနှင့် သတင်းအချက်အလက် အစီအစဉ်များကို ဆောင်ရွက်ပါ။

ည။ ကိုယ်စားလှယ်လောင်းတွေ့ဆုံဆွေးနွေးမှုများအားလုံးသည် တည်နေရာ၊ တွေ့ဆုံပွဲ ကြော်ငြာနှင့် ကူညီရေးဝန်ဆောင်မှုများကိုသေချာစေရန် ECI သည် နိုင်ငံတော်အဆင့် အရေးပါသောနိုင်ငံရေးပါတီများနှင့် တိုင်ပင်နှီးနှောခဲ့သည်။

ဋ။ UNCRPD ကိုလိုက်နာကြရန်အလို့ငှာ ECI သည် ယင်း၏ရွေးကောက်ပွဲမူဝါဒများ၊ စံပြကျင့်ဝတ်စည်းကမ်း၊ အုပ်ချုပ်ရေးနည်းလမ်းများနှင့် အလေ့အကျင့်များအားလုံးကို ပြန်လည်သုံးသပ်ရပါမည်။

14

**သင်ခန်းစာအစီအစဉ် (၄)**

**အခန်း – ၄။ ဒီမိုကရေစီပါဝင်ခြင်းဆိုင်ရာ နှိုင်းယှဉ်ဆန်းစစ်လေ့လာမှု**

| | |
|---|---|
| **လုပ်ဆောင်ချက် ဖော်ပြချက်**<br><br>လုပ်ဆောင်ချက်<br>စုစုပေါင်းကြာချိန် | ဤလုပ်ဆောင်ချက်သည် အားလုံးပါဝင်သောဒီမိုကရေစီ၏ အဓိပ္ပာယ်ဆိုင်ရာ<br>သင်တန်းသား များ၏ အကြားအမြင်ဗဟုသုတကို တည်ဆောက်၍ အိန္ဒိယနှင့်<br>ဂျပန်နိုင်ငံတို့ရှိ ဒီမိုကရေစီပါ ဝင်ခြင်းဆိုင်ရာ ဖြစ်စဉ်လေ့လာမှုများအသုံးပြုခြင်းဖြင့်<br>ပိုမိုနားလည်စေရန် အားပေးသွားမည် ဖြစ်သည်။<br><br>ဤသင်ခန်းစာအချိန်သည် ဒီမိုကရေစီ၏အဓိပ္ပာယ်ကို<br>ပြန်လည်သုံးသပ်မည့် ဆွေးနွေးမှုတစ်ခု ဖြင့် စတင်မည်ဖြစ်သည်။ သင်တန်းမှူးသည်<br>ဒီမိုကရေစီတစ်ရပ်၌ မသန်စွမ်းသူများနှင့် အခြား သောအပစ်ပယ်ခံအုပ်စုများမှ<br>လူများ၏ပါဝင်မှုတို့ကိုလည်း အလေးထားလုပ်ဆောင်သွားမည် ဖြစ်သည်။ ထို့နောက်<br>ဤသင်ခန်းစာအချိန်သည် အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့ရှိ ရွေးကောက်ပွဲများနှင့်<br>နိုင်ငံရေးဖြစ်စဉ်များတွင် အားလုံးပါဝင်မှုရှိသည့် သာဓကများကို<br>အလေးထားလုပ်ဆောင်သွား မည်ဖြစ်သည်။<br><br>၉၀ မိနစ် |
| **သင်ယူမှု ရလဒ်** | သင်တန်းသားများသည် ဒီမိုကရေစီစနစ်၌ တက်ကြွစွာပါဝင်ခြင်း၏ အယူအဆကို<br>ပြန်လည် သုံးသပ်ကြမည်။<br>သင်တန်းသားများကို ဒီမိုကရေစီလုပ်ငန်းစဉ်၌ အားလုံးပါဝင်မှု၏အရေးပါပုံကို<br>မိတ်ဆက်မည်။<br>သင်တန်းသားများသည် အိန္ဒိယနှင့်ဂျပန်နိုင်ငံများရှိ ဖြစ်စဉ်လေ့လာမှုများမှ<br>သတင်းအချက်အ လက်သစ်များကို အားလုံးပါဝင်သောဒီမိုကရေစီကျင့်သုံးမှုများဆီသို့<br>အသုံးချသွားမည်။ |
| **လိုအပ်သော ပစ္စည်းများ/<br>အရင်းအမြစ်များ** | စက္ကူကားချပ်နှင့် မာကာများ<br>"အားလုံးပါဝင်" နှင့် "အားလုံးပါဝင်မှုမရှိ" ပါရှိသော သင်္ကေတများ<br>"ပိုမိုပါဝင်" နှင့် "ပါဝင်မှုနည်းပါး" တို့ကိုတစ်ဖက်တစ်ချက်စီရေးသားထားသည့်<br>စက္ကူကားချပ် အကြီး။<br>(စားပွဲဝိုင်းတစ်ခုစီတွင် တစ်ရောင်) ကပ်စွာမှတ်စုစာရွက်များ<br>အားလုံးပါဝင်သာဒီမိုကရေစီ၏ အစိတ်အပိုင်းများနှင့် ပိုစတာများ |
| <br><br><br><br><br><br><br>[၃ မိနစ်] | *သင်တန်းမှူးမှတ်စု- သင်တန်းမှူးများသည် မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံများရှိ<br>ဒီမိုကရေ စီ အကြောင်းနှင့်ပတ်သက်၍ ၎င်းတို့၏ပုဂ္ဂိုလ်ရေးအမြင်များကို<br>လုံးဝထုတ်ဖော်ပြောဆိုခြင်း မပြုပါနှင့်။ ဤသင်ခန်းစာအချိန်၏ အဓိကအကြောင်းမှာ<br>ဒီမိုကရေစီစနစ်များတွင် ပြည်သူ များနည်းလမ်းအမျိုးမျိုးဖြင့်<br>ပါဝင်ပတ်သက်နေသည့်အကြောင်းကို လေ့လာသိရှိရန်ဖြစ် သည်။*<br><br>*အဆင့် ၁။ နိုင်ငံရေးကိစ္စတွင် တက်ကြွစွာပါဝင်မှုဆိုင်ရာ သာဓကများကို<br>သင်တန်းသားများ ပေးနိုင်းပါ။*<br><br>*သင်တန်းသားများပေးသော အဖြေများကို စက္ကူကားချပ်တစ်ခုပေါ်တွင် ရေးချပါ။*<br><br>*အဖြေများတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်။* |

| | |
|---|---|
| | *•　ရပ်ရွာလူထုတွင် စေတနာ့အကျိုးဆောင်ခြင်း။*<br>*•　ဆန္ဒမဲပေးခြင်း။*<br>*•　ရွေးကောက်တင်မြှောက်ခံခြင်း။*<br>*•　နိုင်ငံရေးပါတီတစ်ခု၏ တွေ့ဆုံပွဲတွင်ပါဝင်ခြင်း။*<br>*•　ဖြစ်ရပ်တစ်ခုအတွက် တောင်းဆိုလှုပ်ရှားခြင်း။*<br><br>*အဆင့် ၂။ သင်တန်းသားများအား ၎င်းတို့ဖော်ပြထားသော နိုင်ငံရေးပါဝင်ခြင်းလှုပ်ရှားမှုများသည် ဒီမိုကရေစီတစ်ရပ်ကိုဖြစ်စေသော အစိတ်အပိုင်းများဖြစ်ကြောင်း ပြောပြပါ။* |
| [၃ မိနစ်] | အဆင့် ၃။ ဒီမိုကရေစီတစ်ခုကို မည်သည့်ကအားလုံးပါဝင်စေသနည်းဟု သင်တန်းသားများ အားမေးပါ။<br><br>စက္ကူကားချပ်အသစ်တစ်ခုပေါ် တွင် သင်တန်းသားများဖြေဆိုသည်များကို ချရေးပါ။ အဖြေများတွင် အောက်ပါတို့ပါဝင်ကောင်း ပါဝင်နိုင်ပါသည်။<br>•　တန်းတူညီမျှမှု<br>•　ခွဲခြားမှုမရှိခြင်း<br>•　အပစ်ပယ်ခံလူစုများ၏အခွင့်အရေးများကို ဥပဒေမူဘောင်များ (ဖွဲ့စည်းပုံအခြေခံဥပ ဒေ၊ ဥပဒေများ၊ နည်းဥပဒေများ။ စသည်...) တွင် အသိအမှတ်ပြုခြင်း။<br>•　မသန်စွမ်းသူများသည် မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲအ ရာရှိများ၊ စောင့်ကြည့်လေ့လာသူများနှင့် အခြားလူများအဖြစ် တန်းတူညီမျှ ပါဝင်နိုင် ခြင်း။<br>•　လွှတ်တော်သည် မသန်စွမ်းသူများနှင့် အခြားအပစ်ပယ်ခံအုပ်စုများမှလူများကို ထည့် သွင်းပါဝင်စေခြင်း။<br>•　အစိုးရသည် ပြည်သူများကိုအရေးတယူတုံ့ပြန်ဆောင်ရွက်ခြင်း။<br>•　တန်းတူညီမျှ အခွင့်အရေးများနှင့် တာဝန်များ။ |
| [၁၉ မိနစ်] | အဆင့် ၄။ သင်တန်းသားများအား သင်(သင်တန်းမှူး) သည် သာဓကမျိုးစုံကို တခုလျှင်တစ် ကြိမ်စီဖတ်ပြမည်ဖြစ်ကြောင်း ပြောပါ။ အကယ်၍ သာဓကတစ်ခုသည် အားလုံးပါဝင်သော ဒီမိုကရေစီမဟုတ်ပါက သင်တန်းသားများသည် အခန်း၏လက်ယာဖက်သို့သွားရမည်ဖြစ်ပြီး၊ သာဓကသည် အားလုံးပါဝင်သော ဒီမိုကရေစီတစ်ခုဖြစ်ပါက အခန်း၏လက်ဝဲဖက်သို့သွားရ မည်ဖြစ်ကြောင်း ပြောပါ။<br><br>အောက်ပါသာဓကများကို အားလုံးကြားအောင်ဖတ်ပြပါ။<br><br>လူတစ်ယောက်အား ၎င်း၏မည်သည့်မည်ဝါဖြစ်ခြင်းဆိုသည့်အတွက်ကြောင့် ခွဲခြားဆက်ဆံ ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်ပါသည်။<br><br>သင်တန်းသားများသည် လက်ဝဲ (အားလုံးပါဝင်သည့်ဒီမိုကရေစီ) နှင့် လက်ယာ (အားလုံးမပါ ဝင်သည့် ဒီမိုကရေစီ) ဘက်များသို့သွားရောက်ပြီးကြသည်နှင့် တစ်ဖက်စီမှဆွေးနွေးပြောဆိုလို သူတစ်ဦးစီကို မည်သည့်အတွက်ကြောင့် ထိုအဖြေကိုရွေးရသနည်းဟူ၍ ရှင်းပြခိုင်းပါ။ |

အဆင့် ၅။ ဤသည်မှာ အားလုံးပါဝင်သော ဒီမိုကရေစီစနစ်တစ်ခု၏ သာဓကဖြစ်ကြောင်း ရှင်းပြပြောဆိုပါ။ (မျှဝေထားခြင်းမရှိသေးပါက) မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကိုအခြေခံ၍ ခွဲခြားဆက်ဆံခြင်းမပြုရခြင်း၏ အဓိပ္ပာယ်ကို သင်တန်းသားတစ်ဦးအား ရှင်းပြခိုင်းပါ။

အဆင့် ၆။ နောက်အဆိုတစ်ခုကို အားလုံးကြားအောင်ဖတ်ပြပါ။

မသန်စွမ်းသူများအားလုံးတွင် ဆန္ဒမဲပေးခွင့်ရှိကြသည်။ သွားလာနိုင်သော မဲရုံတစ်ခုမရှိသော
မဲဆန္ဒနယ်မြေတစ်ခုတွင်နေထိုင်ကြသူများအတွက် ရွေ့လျားဆန္ဒမဲရုံတစ်ခု ရှိပါသည်။

သင်တန်းသားများသည် လက်ဝဲ (အားလုံးပါဝင်သည့်ဒီမိုကရေစီ) နှင့် လက်ယာ (အားလုံးမပါ ဝင်သည့် ဒီမိုကရေစီ) ဘက်များသို့သွားရောက်ပြီးကြသည်နှင့် တစ်ဖက်စီမှဆွေးနွေးပြောဆိုလို သူတစ်ဦးစီကို မည်သည့်အတွက်ကြောင့် ထိုအဖြေကိုရွေးရသနည်းဟူ၍ ရှင်းပြခိုင်းပါ။

အဆင့် ၇။ ယင်းသည် အားလုံးပါဝင်သောဒီမိုကရေစီတစ်ခု၏ သာဓကတစ်ခုမဟုတ်ကြောင်း ရှင်းပြပါ။ အကယ်၍ဆန္ဒမဲပေးသူတချို့သည် အခြားဆန္ဒမဲပေးသူများနှင့်အတူ လူကိုယ်တိုင် ဆန္ဒမဲပေးနိုင်ခြင်းမရှိပါက ရွေး ကောက်ပွဲဆိုင်ရာ အခွင့်အရေးသည် အမှန်တကယ်တန်းတူညီ မျှမှုမရှိပါ။ ရွေ့လျားမဲရုံများ သို့မဟုတ် အိမ်မှမဲပေးသည့်အစီအစဉ်တစ်ခုတို့ကို ရံဖန်ရံခါ အသုံးပြုကြပြီး၊ အီကွေဒါနှင့် ဂျော်ဂျီယာနိုင်ငံများကဲ့သို့သောနိုင်ငံများ၌ လက်ရှိအသုံးပြုကြ သော်လည်း ယင်းတို့သည်
မဲဆန္ဒရှင်အားလုံးကိုတူညီသောအခွင့်အရေးမပေးသည့်အတွက် စံမှန်ခြင်းမရှိချေ။

အဆင့် ၈။ နောက်အဆိုတစ်ခုကို အားလုံးကြားအောင်ဖတ်ပြပါ။

ပြည်သူအားလုံး ရွေးကောက်တင်မြှောက်ခံခွင့်ရှိသည်ဟု ဥပဒေကပြောသော်လည်း၊ ယင်းဥပ ဒေကပင် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအား နိုင်ငံရေးသမားများဖြစ်ခွင့်မှ တားမြစ် ထားသည်။

သင်တန်းသားများသည် လက်ဝဲ (အားလုံးပါဝင်သည့်ဒီမိုကရေစီ) နှင့် လက်ယာ (အားလုံးမပါ ဝင်သည့် ဒီမိုကရေစီ) ဘက်များသို့သွားရောက်ပြီးကြသည်နှင့် တစ်ဖက်စီမှဆွေးနွေးပြောဆိုလို သူတစ်ဦးစီကို မည်သည့်အတွက်ကြောင့် ထိုအဖြေကိုရွေးရသနည်းဟူ၍ ရှင်းပြခိုင်းပါ။

အဆင့် ၉။ ဤသည်မှာ အားလုံးပါဝင်သော ဒီမိုကရေစီတစ်ခု၏ သာဓကတစ်ခုမဟုတ်ကြောင်း ရှင်းပြပါ။ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက် (CRPD) အရ မသန်စွမ်းမှုပုံစံတစ်ခုခုရှိသည့် မသန်စွမ်းသူများအားလုံးတွင် ရွေးချယ်တင်မြှောက်ခံခွင့် (ပုဒ်မ ၂၉) အပါအဝင် တူညီသောအခွင့်အရေးများကို ခံစားခွင့် (ပုဒ်မ ၁၂) ရှိသင့်သည်။ အား လုံးပါဝင်သည့်

ဒီမိုကရေစီတစ်ရပ်သည် အာရုံရှိ တဲ့သူ၊ လူမှုစိတ်ပိုင်းဆိုင်ရာနှင့် ဉာဏဆိုင်ရာ မသန်စွမ်းသူများအပါအဝင် အားလုံး၏အခွင့်အရေးများ ထိန်းသိမ်းရမည်ဖြစ်သည်။

အဆင့် ၁၀။ နောက်အဆိုတစ်ခုကို အားလုံးကြားအောင်ဖတ်ပြပါ။

ရွေးကောက်ပွဲကော်မရှင်၌ ကော်မရှင်အဖွဲ့ဝင်များနှင့် အခြားသောအဖွဲ့အစည်းများဖြစ်သည့် အစိုးရဝန်ကြီးဌာနများ၊ DPO များနှင့် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များသည် ရွေးကောက် ပွဲများတွင် မသန်စွမ်းသူများပါဝင်ရေးကိုဆွေးနွေးရန် ပုံမှန်တွေ့ဆုံကြသည်။

သင်တန်းသားများသည် လက်ဝဲ (အားလုံးပါဝင်သည့်ဒီမိုကရေစီ) နှင့် လက်ယာ (အားလုံးမပါ ဝင်သည့် ဒီမိုကရေစီ) ဘက်များသို့သွားရောက်ပြီးကြသည်နှင့် တစ်ဖက်စီမှဆွေးနွေးပြောဆိုလို သူတစ်ဦးစီကို မည်သည့်အတွက်ကြောင့် ထိုအဖြေကိုရွေးရသနည်းဟူ၍ ရှင်းပြခိုင်းပါ။

အဆင့် ၁၁။ ဤသည်မှာ အားလုံးပါဝင်သောဒီမိုကရေစီတစ်ရပ်၏ သာဓကတစ်ခုဖြစ်ကြောင်း ထုတ်နုတ်ရှင်းပြပါ။ ရွေးကောက်ပွဲကော်မရှင်သည် အထူးသဖြင့် အပယ်ခံအုပ်စုတစ်ခုမှ နိုင်ငံ သားများပါဝင်စေရန်ကြိုးပမ်းလျက်ရှိပြီး ၎င်းတို့ကိုလည်း တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။

အဆင့် ၁၂။ နောက်ဆုံးအဆိုတစ်ခုကို အားလုံးကြားအောင်ဖတ်ပြပါ။

LGBT ပုဂ္ဂိုလ်များကို ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း မည်သူမျှမသိရှိကြလျှင် နိုင်ငံရေးကိစ္စ များ၌ ပါဝင်ခွင့်ပြုသည်။

သင်တန်းသားများသည် လက်ဝဲ (အားလုံးပါဝင်သည့်ဒီမိုကရေစီ) နှင့် လက်ယာ (အားလုံးမပါ ဝင်သည့် ဒီမိုကရေစီ) ဘက်များသို့သွားရောက်ပြီးကြသည်နှင့် တစ်ဖက်စီမှဆွေးနွေးပြောဆိုလို သူတစ်ဦးစီကို မည်သည့်အတွက်ကြောင့် ထိုအဖြေကိုရွေးရသနည်းဟူ၍ ရှင်းပြခိုင်းပါ။

အဆင့် ၁၃။ ဤသည်မှာ အားလုံးပါဝင်သောဒီမိုကရေစီတစ်ရပ်၏ သာဓကတစ်ခုမဟုတ် ကြောင်း ရှင်းပြပြောဆိုပါ။ ဤသည်မှာ LGBT ပုဂ္ဂိုလ်များရင်ဆိုင်ကြုံတွေ့ရသည့် အမြင်သာ ဘောထားများဆိုင်ရာအခက်အခဲများ၏ သာဓကတစ်ခုဖြစ်ပါသည်။ အားလုံးပါဝင်သောဒီမိုက ရေစီတစ်ရပ်တွင် မည်သူမည်ဝါဖြစ်သည်ဟူသောအခြေခံအချက်အပေါ်တွင် ခွဲခြားဆက်ဆံမှု မရှိချေ။ အမျိုးမျိုးသော အပစ်ပယ်ခံအုပ်စုများစွာတို့မှ လူတို့သည် ဉာဏဆိုင်ရာမသန်စွမ်းသူ များ၏ စွမ်းဆောင်မှု၊ သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ၏ ကြောက်ရွံ့မှုနှင့်လွဲ မှားစွာနားလည်မှုတို့နှင့်စပ်လျဉ်းသည့် လက်ခံယူဆမှုများကဲ့သို့သော ခွဲခြားဆက်ဆံမှုကို ရင် ဆိုင်ကြရပါသည်။

အဆင့် ၁၄။ သင်တန်းသားများအား ၎င်းတို့၏စားပွဲများသို့ ပြန်သွားပါစေ။

| | |
|---|---|
| | ဒီမိုကရေစီဆိုသည်မှာ ကိစ္စများစွာတို့ကိုဆိုလိုပြီး လူတို့သည်<br>အားလုံးပါဝင်သောဒီမိုကရေစီ အခြင်းအရာမျိုးစုံ၏ အရေးပါမှုအလေးထားကြပါသည်။<br>ဤသည်မှာ မြန်မာ့ဒီမိုကရေစီခရီး၏ အရေးပါသောကာလတစ်ခုဖြစ်ကြောင်း<br>သင်တန်းသားများအားပြောပြ၍ ဒီမိုကရေစီအလေ့ အကျင့်များတွင်<br>သမိုင်းတစ်လျှောက်အပယ်ခံရသူများနှင့် ကိုယ်စားပြုခွင့်နည်းပါးခဲ့သူများ ကို<br>အသေအချာပါဝင်စေရန် ယခုအခါအရေးပါသည့်အခွင့်အလမ်းများရှိကြောင်း<br>ရှင်းပြပြော ဆိုပါ။ |
| [၄၅ မိနစ်] | အဆင့် ၁၅။ သင်တန်းသားများအား ယခုအခါ အခြားနိုင်ငံများရှိ<br>အားလုံးပါဝင်သောဒီမိုက ရေ<br>ရေစီအကြောင်း လေ့လာကြရတော့မည်ဖြစ်ကြောင်း ပြောပြပါ။<br><br>အဆင့် ၁၆။ အိန္ဒိယနိုင်ငံမှ ဖြစ်စဉ်လေ့လာမှုအကြောင်းကို သင်တန်းတက်ရောက်သူ<br>ထက်ဝက်အားလည်းကောင်း၊ ဂျပန်နိုင်ငံမှ ဖြစ်စဉ်လေ့လာမှုအကြောင်းကို<br>အခြားတစ်ဝက်အားလည်းကောင်းပေး ဝေပါ။<br><br>အဆင့် ၁၇။ ဖြစ်စဉ်လေ့လာမှုများကိုဖတ်ရှုရန် အချိန် ၁၀ - ၁၅ မိနစ်မျှပေးပါ။<br><br>အမြင်အာရုံမသန်စွမ်းသော သင်တန်းသားများပါရှိပါက သင်တန်းသားများအား<br>နှစ်ယောက် တစ်တွဲခွဲထုတ်ပါ။ သို့မှသာ တစ်ဦးကအခြားတစ်ဦးအား<br>ဖတ်ပြနိုင်မည်ဖြစ်သည်။ သင်တန်း သားအားလုံးအား တန်းတူညီမျှဆက်ဆံရန်အလို့ငှာ<br>အားလုံးကိုနှစ်ယောက်တွဲစီတွဲပေးခြင်း သည်လည်းကောင်း<br>မတွဲခြင်းသည်လည်းကောင်း အဆင်ပြေပါသည်။<br><br>အဆင့် ၁၈။ ရရှိထားသော ဖြစ်စဉ်အခြေအနေများအကြောင်း ဆန်းစစ်ဝေဖန်ပိုင်းခြား၍<br>စဉ်း စားကြပါစေ။ သင်တန်းသားများအား အောက်ပါမေးခွန်းများကိုဖြေဆိုရန် ၅ - ၁၀<br>မိနစ စဉ်းစားချိန်ပေးပါ။<br><br>အောက်ပါမေးခွန်းများကို ပြန်၍အားလုံးကြားအောင်ဖတ်ပြပါ။<br><br>၁။ ဤဖြစ်စဉ်လေ့လာမှုတွင်ဖော်ပြထားသော မည်သည့်လုပ်ဆောင်ချက်များသည်<br>မသန်စွမ်း သူများပါဝင်သနည်း? အခြားအပယ်ခံအုပ်စုများ ပါဝင်သလား?<br><br>၂။ ပါဝင်မှုမရှိတာတွေက ဘာလဲ?<br><br>၃။ ဤဖြစ်စဉ်လေ့လာမှုတွင် အုပ်စုတစ်မျိုးထက်မကတွင်ပါရှိသူများ<br>(အပယ်ခံအုပ်စုတစ်ခု ထက်ပိုသော အစိတ်အပိုင်းအခြင်းအရာ ) မည်သို့<br>ထိခိုက်ခံခဲ့ရသနည်း?<br><br>၄။ အားလုံးပိုမိုပါဝင်စေရန် ဤဖြစ်စဉ်လေ့လာမှုတွင်<br>မည်သည့်တို့ကိုဆောင်ရွက်နိုင်ခဲ့သနည်း? |

| | |
|---|---|
| | အဆင့် ၁၉။ မတူညီသော ဖြစ်စဉ်လေ့လာမှုတစ်ခုစီကို လေ့လာခဲ့ကြသော သင်တန်းသား အချင်းချင်း နှစ်ဦးစီ တွဲခိုင်းပါ။ (မှတ်၊ သူတို့သည်ဖြစ်စဉ်လေ့လာမှုကိုဖတ်ပြီး ရမည့်နှစ်ယောက်တွဲများတွင်ရှိခဲ့ပါက ယခုအခါတွဲဖက်အသစ်နှင့်တွဲပါ။)<br><br>အဆင့် ၂၀။ သင်တန်းသားများအား ၎င်းတို့၏တွဲဖက်ကိုဖတ်ပြသော ဖြစ်စဉ်လေ့လာမှု အကြောင်းကို ရှင်းပြပြောဆိုခိုင်းပါ။ ၎င်းတို့သည် အားလုံးပါဝင်မှုဆိုင်ရာ မေးခွန်းများဖြေဆို ထားခြင်းမှလေ့လာခဲ့သည့် သတင်းအချက်အလက်များကိုလည်း မျှဝေသင့်ပါသည်။ ဤသည် ကိုလုပ်ဆောင်ရန် ငါးမိနစ်အချိန်ရကြောင်း ပြောပြပါ။<br><br>အဆင့် ၂၁။ နှစ်ယောက်တွဲထဲမှ ဖြစ်စဉ်လေ့လာမှုအကြောင်း မပြောရသေးသူပြောရတော့မည့် အလှည့်ရောက်ပြီဖြစ်ကြောင်း ပြောပြပါ။ ၎င်းတို့သည်လည်း အားလုံးပါဝင်မှုဆိုင်ရာ မေးခွန်း များ ဖြေဆိုထားခြင်းမှလေ့လာခဲ့သည့် သတင်းအချက်အလက်များကိုလည်း မျှဝေသင့်ပါ သည်။ ဤသည် ကိုလုပ်ဆောင်ရန် ငါးမိနစ်အချိန်ရကြောင်း ပြောပြပါ။<br><br>အဆင့် ၂၂။ ၎င်းတို့၏ဖြစ်စဉ်များအကြောင်း တူညီမှုများနှင့်ကွဲပြားမှုများအကြောင်း မှတ်သားရန် နှစ်ယောက်တွဲသင်တန်းသားများအား ပြောပါ (ဂျပန်ကို။<br><br>အဆင့် ၂၃။ စက္ကူကားချပ်တစ်ခုပေါ်တွင် တစ်ဖက်၌ "တူညီမှုများ" ဟုရေး၍ အခြားတစ်ဖက် တွင် "ကွဲပြားမှုများ" ဟုရေးပါ။<br><br>အဆင့် ၂၄။ ဖြစ်စဉ်လေ့လာမှုနှစ်ခုအကြား တူညီမှုများနှင့် ကွဲပြားမှုများမှာ ဘာတွေလဲဟု၍ သင်တန်းသားများ၏ထင်မြင်ချက်ကို မေးပါ။<br><br>အဆင့် ၂၅။ ဤလေ့ကျင့်ခန်းအတွင်း သင်တန်းသားများဖတ်ခဲ့သည့် ဖြစ်စဉ်လေ့လာမှုများမှာ အားလုံးပါဝင်စေသော ဒီမိုကရေစီပါဝင်မှု၏ အမျိုးမျိုးသောပုံစံများစွာတို့နှင့်ပတ်သက်သော သာဓကနှစ်ခုမျှသာဖြစ်ကြောင်း ရှင်းပြပြောဆိုပါ။ |
| [၂၀ မိနစ်] | အဆင့် ၂၆။ အစောပိုင်းကဆွေးနွေးထားသည့် အားလုံးပါဝင်သောဒီမိုကရေစီတစ်ရပ်၏ အစိတ်အပိုင်းများအကြောင်း သင်တန်းသားများအား စဉ်းစားခိုင်းပါ။ စက္ကူကားချပ်မှ ၎င်းတို့ ပြောခဲ့သည့် အားလုံးပါဝင်သောဒီမိုကရေစီတစ်ရပ်ဖြစ်စေသည့် သာဓကအနည်းငယ်ကို အား လုံးကြားစေရန် ဖတ်ပြပါ။<br><br>အဆင့် ၂၇။ ၎င်းတို့ဖတ်ရှုခဲ့သည့် ဖြစ်စဉ်လေ့လာမှုများသည် အားလုံးပါဝင်သော ဒီမိုကရေစီ တစ်ရပ်၏ အစိတ်အပိုင်းများမှတစ်ခု၊ ကို ထင်ဟပ်ကြောင်း ရှင်းလင်းပြောပြပါ။<br><br>အဆင့် ၂၈။ "အားလုံးပိုမိုပါဝင်သော" နှင့် "ပါဝင်မှုနည်းပါးသော" |

| | |
|---|---|
| | ဟူသောစကားလုံးများပါ သည့် စက္ကူကားချပ်ကြီးတစ်ခုကိုအသုံးပြု၍ နိုင်ငံအမျိုးမျိုးတို့ကို ၎င်းတို့၏ပါဝင်မှုအခြေ အနေအလိုက် စက္ကူကားချပ်ကြီး၏အပေါ် တွင် မည်သည့်နေရာများ၌နေရာချသွားရမည်ဆို ခြင်းကို သင်တန်းသားများအားဆုံးဖြတ်နိုင်းပါ။<br><br>အဆင့် ၂၉။ အိန္ဒိယ၊ ဂျပန်နှင့် မြန်မာနိုင်ငံတို့သည် ပါဝင်မှုအခြေအနေ၌ မည်သည့်နေရာသို့ ချသင့်ကြောင်း သင်တန်းသားများအား ၎င်းတို့၏သက်ဆိုင်ရာအဖွဲ့များနှင့်အတူ ဆုံးဖြတ်နိုင်း ပါ။ ဆုံးဖြတ်ချက်တွင် အဖွဲ့အတွင်းပါဝင်သူတိုင်း၏သဘောတူညီမှုလိုကြောင်း၊ သို့မှသာလျှင် အားလုံးပါဝင်သောဒီမိုကရေစီ၏ အစိတ်အပိုင်းအမျိုးမျိုးကို တစ်ဦးနှင့်တစ်ဦးဆွေးနွေးဖြစ် မည်ဖြစ်ကြောင်း သင်တန်းသားများအား ပြောပြပါ။<br><br>အဆင့် ၃၀။ နိုင်ငံတစ်ခုစီကို မည်သည့်နေရာချသင့်ကြောင်း တိုင်ပင်ဆုံးဖြတ်ရန် အဖွဲ့များအား မိနစ်အနည်းငယ်အချိန်ပေးပါ။ နိုင်ငံများ၏အမည်ကို ကပ်ခွာစာရွက်တွင်ရေး၍ စက္ကူကားချပ် ကြီး၏မျဉ်းပေါ် တွင် နေရာချရန် ပြောပြပါ။<br><br>အဆင့် ၃၁။ အိန္ဒိယ၊ ဂျပန်နှင့် မြန်မာနိုင်ငံတို့ကို အဖွဲ့များက မည်သည့်နေရာတွင် ချထား ကြောင်း အားလုံးကြားအောင် ဖတ်ပြပါ။<br><br>အဆင့် ၃၂။ တစ်ဖွဲ့ချင်းစီသည် နိုင်ငံများကို နေရာအမျိုးမျိုးချထားကြောင်း ထုတ်နုတ်ပြော ပြပါ။ ဤသည်မှာ အားလုံးပါဝင်ရေးသည် နက်နဲရှုပ်ထွေးပြီး မပြီးစီးသေးသောလုပ်ငန်းစဉ် ဖြစ်သောကြောင့်ဟူ၍ ရှင်းပြပါ။ နိုင်ငံအားလုံးသည် အားလုံးပိုမိုပါဝင်စေရေးအတွက် ၎င်းတို့ ၏ဒီမိုကရေစီ ကျင့်သုံးမှုကို တိုးတက်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်ကြဆဲဖြစ်ပါ သည်။<br><br>အဆင့် ၃၃။ အဖွဲ့တစ်ဖွဲ့ချင်းစီအား ၎င်းတို့၏နေရာချထားမှုနှင့်ပတ်သက်၍ အကြောင်းပြချက် ကိုမေးမြန်းပါ။<br><br>အဆင့် ၃၄။ သင်တန်းချိန်တစ်လျှောက်လုံး အားလုံးပါဝင်ခွင့်ရသည့် ဒီမိုကရေစီတစ်ရပ်၏ အစိတ်အပိုင်းများအကြောင်းကို ဆွေးနွေးကြမည်ဖြစ်ပြီး မိမိတို့ဖန်တီးပြောဆိုခဲ့သည်များကို အချိန်မရွေးပြန်လည် ရည်ညွှန်းပြောဆိုနိုင်ကြောင်း ရှင်းလင်းပြောပြပါ။<br><br>*သင်ခန်းစာချိန်တစ်ခုချင်းစီမတိုင်မီ ဒီမိုကရေစီ၏အားလုံးပါဝင်သော အစိတ်အပိုင်းများပိုစတာ ကို နံရံပေါ်တွင် ကပ်ပါ။* |
| **သင်တန်းပေးရေးရာ မှတ်ချက်များ** | ဤလေ့ကျင့်ခန်းအတွက် သင်တန်းမှူးသည် နှစ်ဖက်သောသင်တန်းသားများက ၎င်းတို့၏ထင် မြင်ယူဆချက်များပေးပြီးမှသာလျှင် အဖြေမှန်ကိုရှင်းလင်းပြောပြသင့်သည်။ သင်တန်းမှူး သည် အထက်တွင်အရိပ်အမြွက်ပြခဲ့သည့်အတိုင်း ထင်မြင်ချက်များဖြည့်စွက်မှုပေးနိုင်ပါသည်။ |

# ဖြစ်ရပ်များအား လေ့လာခြင်း – အိန္ဒိယ၊ ဂျပန်

**Putting Inclusive Political Science into Practice**

***Comparative Analysis of Democratic Participation***

အိန္ဒိယ- ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံ

လူဦးရေတစ်ဘီလီယံကျော်ရှိသည့် အိန္ဒိယနိုင်ငံတွင် မသန်စွမ်းသူနိုင်ငံသား ၂၆.၈ သန်းနီးပါးရှိပါသည်။ အိန္ဒိယနိုင်ငံရှိ မသန်စွမ်းသူများသည် စိတ်သဘောထားပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာအဟန့်အတားများအပါအဝင် လူ့အသိုင်းအဝိုင်းအတွင်းသို့ ၎င်းတို့၏အပြည့်အဝပါဝင်ရေးအတွက် အတားအဆီးများကို ကြုံတွေ့လျက်ရှိပါသည်။ ၂၀၀၇ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်တွင် လက်မှတ်ရေးထိုးအပြီး အိန္ဒိယနိုင်ငံသည် မသန်စွမ်းသူများအားလုံးကို နိုင်ငံရေးနှင့် လူမှုရေးဘဝများတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရေးအတွက် များစွာကြိုးပမ်းခဲ့ပါသည်။

> *လူ့အဆင့်အတန်းခွဲခြားမှုသည် လူများကို ဆင်းရဲသားများအား အဆင့်နိမ့်လူသားများအဖြစ် ဆက်ဆံစေပါသည်။ သို့ရာတွင် မဲရုံသို့ရင်းတို့ရောက်လာချိန်၌ လူတိုင်းလူညီစ်များကို ဖယ်ရှားရန်၌ ခေါင်းဆောင်သစ်များရွေးချယ်ရန် အခွင့်အလမ်းရှိကြောင်း ၎င်းတို့အသိအမှတ်ပြုကြပါသည်။*
> *- ဆုမစ်ဂန်ဂူလီ၊ နိုင်ငံခြားရေးမူဝါဒ သုတေသနသိပ္ပံ*

အိန္ဒိယနိုင်ငံရှိ ဒီမိုကရေစီသမိုင်းကြောင်း

၁၈၈၅ ခုနှစ် ဗြိတိသျှကိုလိုနီခေတ်အတွင်း၌ အိန္ဒိယအမျိုးသားကွန်ဂရက်ကို ကိုယ်စားပြုအစိုးရအသွင်ပုံဖို့ပေးရန် ဖွဲ့စည်းထူထောင်ခဲ့သည်။ ဆယ်စုနှစ်အနည်းငယ်အကြာတွင် မဟတ္တမဂန္ဓီသည် ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ သူသည် လူထုကိုစည်းရုံးခြင်းဖြင့်သာ တိုင်းပြည်လွတ်လပ်ရေးရရှိရန်အတွက် တစ်ခုတည်းသောနည်းလမ်းဟူ၍ အသိအမှတ်ပြုခဲ့သည်။ ဥပဒေရေးရာတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သူ ဂန္ဓီသည် ဥပဒေများ၏တရားမျှတမှုကို ကန့်ကွက်ဆန္ဒပြရန် ပြည်သူတို့၏မနာခံမှုကို အသုံးပြုခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် သူသည် "ဆားဥပဒေ" ကို ဆန့်ကျင်ချီတက်မှုတွင် ဦးဆောင်ခဲ့သည်။ ယင်းဥပဒေမှာ အိန္ဒိယလူမျိုးများအား ဆားများကို လွတ်လပ်စွာထုတ်လုပ်ရောင်းချ ခွင့်ပိတ်ပင်ထားဆဲဖြစ်ကာ ဗြိတိသျှလက်ဝါးကြီးအုပ်သည့်ကုမ္ပဏီတစ်ခုမှ အထင်းဝယ်ယူနိုင်းသည့် ဥပဒေဖြစ်သည်။[i]

> *ဒါဟာ လွတ်လပ်ရေးရအပြီး အိန္ဒိယနိုင်ငံရဲ့နိုင်ငံရေးဆိုင်ရာယဉ်ကျေးမှုကို တစ်စိတ်တစ်ပိုင်းရှင်းပြနေတာပါ။ အိန္ဒိယနိုင်ငံမှာ မြင်တွေ့ရတဲ့ စိတ်လှုပ်ရှားဖွယ်ကြွေးကြော်နိုင်ငံရေးဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ဘဝကို နည်းလမ်းမျိုးစုံနဲ့ လာဂျာကာခေါင်းနေတဲ့ သပိတ်မှောက်တာတွေ၊ ဆန္ဒပြမှုတွေ၊ ဆူပူဆန္ဒပြမှုတွေဟာ ကျိန်းသေအကျိုးဆက်အထိရှိနေပါတယ်။ ဒါဟာ သင် ပြည်သူ့ရင်ပြင်ကိုသွားပြီးဆန္ဒပြခွင့်ရှိတယ်ဆိုတဲ့ အတွေးအခေါ်ပါပဲ။*
> *- ဆုမစ်ဂန်ဂူလီ၊ နိုင်ငံခြားရေးမူဝါဒ သုတေသနသိပ္ပံ*

အမျိုးသားကွန်ဂရက်သည် ၁၉၃၀ နှင့် ၁၉၄၀ ခုနှစ်များအတွင်း အသင်းဝင်များပိုမိုဝင်ရောက်လာသဖြင့် လူတန်းစားပိုမို စုံလင်များပြားလာပြီး အိန္ဒိယနိုင်ငံ၏ ကမ္ဘာ့ငယ်လေး တစ်ခုဖြစ်လာခဲ့သည်။[ii] ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံလွတ်လပ်ရေးကြေညာအပြီး ကွန်ဂရက်သည် ဤရွေးကောက်ပွဲများတွင် ကျွမ်းကျင်ခဲ့ပြီး ယင်းဖြင့် ၁၉၅၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်အသုံးပြုခဲ့ကြသည်။ အခြေခံဥပဒေသည် ငါးနှစ်တစ်ကြိမ်ရွေးကောက်ပွဲများ ကျင်းပရန် တောင်းဆိုထားသည်။ မဲပေးသည့်လုပ်ငန်းစဉ်မှာ လူမှုစီးပွားအတန်းအစားမျိုးစုံမှ ပြည်သူများအားလုံး တန်းတူညီမျှ ပါဝင်ကြသဖြင့် ဒီမိုကရေစီ၏အရေးပါသည့်မောင်းနှင်အားတစ်ခုဖြစ်ခဲ့သည်။

Australian Aid

UKaid
from the British people

**Putting Inclusive Political Science into Practice**

***Comparative Analysis of Democratic Participation***

မသန်စွမ်းသူများပါဝင်ရေး လှုပ်ရှားမှု

မသန်စွမ်းသူများသည် အပယ်ခံများအဖြစ်စဉ်းစားခံခဲ့ကြရကာ ပြည်သူများ၏လူနေမှုဘဝတွင် ပါဝင်ရေးတွင် အကြံဉ်ခံခဲ့ကြရသည်။ မသန်စွမ်းသူများအားအကူအညီပေးကြသည့်အခိုက်တွင်လည်း အခွင့်အရေးဆိုသည်ထက် ဂရုဏာသဘောသာဆောင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်များတွင် မသန်စွမ်းသူအခွင့်အရေးလှုပ်ရှားမှုအဖွဲ့များက ယင်းတို့၏အခွင့်အရေးများရရှိရေးအတွက် စတင်တောင်းဆိုခဲ့ကြသော်လည်း အိန္ဒိယနိုင်ငံတွင် မသန်စွမ်းသူများအား ထင်ရှားလာစေရန်အားပေးသော "၁၉၉၅ ခုနှစ် တန်းတူအခွင့်အလမ်းများ၊ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် အပြည့်အဝပါဝင်ခွင့်ရရှိစေရေး အက်ဥပဒေ" မရေးဆွဲမီအထိ အခွင့်အရေးမရရှိခဲ့ချေ။ သို့ရာတွင် အက်ဥပဒေသည် တန်းတူညီမျှအခွင့်အရေးများကိုအာမခံပေးသည်ထက် ဆေးပညာရပ်ဆိုင်ရာအဖွဲ့များအပေါ်တွင်အခြေခံ၍ ပြည်သူများအား အမျိုးအစားခွဲခြားပါသည်။ ကျား-မကိစ္စ၊ အမျိုးဇာတ်၊ ဘာသာရေးနှင့် ဆင်းသက်ရာမျိုးနွယ်ခွဲခြားဆက်ဆံမှုတို့နှင့်စပ်လျဉ်း၍ အသိအမှတ်ပြုသောဖွဲ့စည်းပုံအခြေခံဥပဒေသည်ပင် မသန်စွမ်းသူများမခွဲခြားရေးကို အသိအမှတ်မပြုပေ။ ၂၀၁၁ ခုနှစ်တွင် ကောက်ယူသည့်သန်းခေါင်စာရင်းအတွင်း မသန်စွမ်းမှုအမျိုးအစားအချို့ကိုသာလျှင် ထည့်သွင်းခဲ့ပြီး၊ ဉာဏဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများကို ထည့်သွင်းထားခြင်းမရှိခဲ့ပေ။ ၂၀၁၄ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းအသစ်တစ်ခုသည် CRPD နှင့် သဟဇာတဖြစ်ခဲ့သည်။"

အိန္ဒိယနိုင်ငံရှိ မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော မသန်စွမ်းသူအခွင့်အရေးများမဟာမိတ်-တပ်ပေါင်းစု (DRA) သည် မသန်စွမ်းသူအမျိုးသားများနှင့် အမျိုးသမီးများအား အခြားသူများကဲ့သို့ တန်းတူညီမျှ ပါဝင်ခွင့်ရရှိရေးအတွက် ဦးဆောင်လှုပ်ရှားခဲ့သည်။ အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင် (ECI) နှင့် နှစ်ကာလများစွာတိုက်တွန်းဆောင်ရွက်ခဲ့အပြီး မသန်စွမ်းသူများပါဝင်ရေးကို အထောက်အကူဖြစ်စေသော ပြဌာန်းချက်များကို အကောင်အထည်ဖော်လျက်ရှိပါသည်။



မဲလက်မှတ်တွင် လက်မှတ်ရေးထိုးနေသည့် အမျိုးသမီးတစ်ဦး

မသန်စွမ်းသူများပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်များ

၂၀၁၆ ခုနှစ် မတ်လနှင့် ဧပြီလကာလများတွင် ECI သည် ပြည်နယ်အဆင့်ကော်မရှင်များအားလုံးထံ မသန်စွမ်းသူများအားအထောက်အကူဖြစ်စေသော နေရာထိုင်ခင်းများစီစဉ်ရေးအတွက် ကြေညာချက်နှစ်စောင်ထုတ်ပြန်ခဲ့ပြီး မသန်စွမ်းသူများအား ရွေးကောက်ပွဲများတွင်ပါဝင်စေရေးအတွက် ယင်း၏ကတိကဝတ်ကို ပြခဲ့သည်။ ပြည်နယ်အချို့၌ ဒေသဆိုင်ရာရွေးကောက်ပွဲရုံများသည် ECI ကချမှတ်ထားသော အခြေခံအနိမ့်ဆုံးစံချိန်စံညွှန်းများထက်ပိုလွန်သော နေရာထိုင်ခင်းများကို ဖြည့်တင်းခဲ့ကြသည်။ အခြားသောပြည်နယ်များတွင် မသန်စွမ်းသူများပိုမိုသွားလာနိုင်ကြစေရန် မည်သို့ကောင်းမွန်အောင်ဆောင်ရွက်ရမည့်လိုအပ်ချက်များကို ဆုံးဖြတ်ရန် ECI ၏အကူအညီဖြင့် မဲရုံများကိုစစ်ဆေးခဲ့ကြသည်။ ဘီးတပ်ကုလားထိုင်အသုံးပြုသူများနှင့် အရပ်နိမ့်သူများအဆင်ပြေစေရေးအတွက် နိမ့်သောဆန္ဒမဲပေးခန်းများကို ဖန်တီးခဲ့သည်။ အချို့သောမဲရုံများတွင် မဲဆန္ဒရှင်များအသုံးပြုနိုင်စေရန် ဘီးတပ်ကုလားထိုင်များစီစဉ်ထားရှိပေးခဲ့ပြီး၊ ကော်မရှင်များသည် နိုင်ငံတစ်ဝန်းလုံး၌ အကူအညီပေးမည့် စေတနာလုပ်အားရှင်များကိုလည်း စီစဉ်ထားပေးခဲ့သည်။ ပြည်နယ်အချို့သည်

Australian Aid

UKaid from the British people

**Putting Inclusive Political Science into Practice**

***Comparative Analysis of Democratic Participation***

အမြင်အာရုံမသန်စွမ်းသူများအတွက် မျက်မမြင်သုံးမဲစာရွက်များပုံနှိပ်ထုတ်ဝေခဲ့သည်။ ပြည်နယ်နှစ်ခုတွင် ECI သည် မသန်စွမ်းသူမဲရုံမှူးနှစ်ဦးဖြင့် စံပြမဲရုံများစီစဉ်ခဲ့သည်။ ပြည်နယ်အချို့တွင် မသန်စွမ်းသူများသည် မသန်စွမ်းသူများပါဝင်သောရွေးကောက်ပွဲများကျင်းပရေး စွမ်းရည်တည်ဆောက်ရန် ရွေးကောက်ပွဲအရာရှိသင်တန်းအစီအစဉ်များတွင် ပါဝင်ခဲ့ကြသည်။

အမြင်အာရုံချို့တဲ့သူ အားပေးလှုပ်ရှားသူများသည် အီလက်ထရွန်နစ်မဲပေးသည့်စက်များ၌ မျက်မမြင်ကီးဂဏန်းများနှင့် တမီလ်နာဒူဘာသာစကားဖြင့် မျက်မမြင်အကိုးအကားသတင်းအချက်အလက်စာရွက်များကို စစ်ဆေးအတည်ပြုခဲ့ပြီး ကော်မရှင်ကမူအားဖြင့်သဘောတူထားသည့် ၎င်းတို့၏ထည့်သွင်းမှုများကိုလည်း ပေးခဲ့သည်။

ဉာဏဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအား ၂၀၁၇ ခုနှစ်မတိုင်မချင်း တမီလ်နာဒူဖြင့် ဆန္ဒမဲပေးခြင်းကို တားမြစ်ထားသည်။ ၂၀၁၇ ခုနှစ်တွင် ပထမဆုံးအကြိမ်မဲပေးခွင့်ရရှိခဲ့ပြီး မသန်စွမ်းမှုအမျိုးအစားအားလုံး ဆန္ဒမဲပေးခွင့်ရှိသော CRPD ၏အရေးပါသောပြဋ္ဌာန်းချက်ကို ပြည့်စုံစေခဲ့သည်။ အသက်ငယ်ရွယ်သော မသန်စွမ်းသူတစ်ဦးကပြောခဲ့သလိုပင် "မိမိတို့မဲပေးခြင်းမပေးခြင်းကို မိမိတို့သာဆုံးဖြတ်မည်ဖြစ်ပြီး သင်မဆုံးဖြတ်နိုင်ပေ။"

**Putting Inclusive Political Science into Practice**

***Comparative Analysis of Democratic Participation***

ဂျပန်- အားလုံးအတွက် ဆန္ဒမဲပေးခွင့်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ခန့်မှန်းချက်အရ ကမ္ဘာ့လူဦးရေ၏ ၁၅% မှာ မသန်စွမ်းသူများဖြစ်ကြပြီး ဂျပန်နိုင်ငံတွင် မသန်စွမ်းသူဦးရေ ၁၉ သန်းကျော်ရှိပါသည်။

ဂျပန်နိုင်ငံရှိ ဒီမိုကရေစီသမိုင်းကြောင်း

ဂျပန်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်သော အစိုးရစနစ်ဆီသို့ တဖြည်းဖြည်းသွားခဲ့သည်။ ၁၈၇၀ နှင့် ၁၈၈၀ ခုနှစ်များအတွင်း ပြည်သူလူထုအတွက်တောင်းဆိုသော ပြည်တွင်းလှုပ်ရှားမှုကြောင့် ၁၈၈၉ ခုနှစ်တွင် နိုင်ငံ၏ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေထွက်ပေါ်ခဲ့သည်။ ယူကေနိုင်ငံ၏ပုံစံကိုလိုက်၍ ပါလီမန်ဒီမိုကရေစီအတွက် အားပေးထောက်ခံသည့် ဆန္ဒပြအုပ်စုများအဖြစ် ၁၈၈၀ ပြည့်နှစ်များတွင်ဖွဲ့စည်းထားခဲ့ကြသော နိုင်ငံရေးပါတီများနှင့် အောက်လွှတ်တော်များသည် အမျိုးသားအဆင့်ရွေးကောက်ပွဲများပုံမှန်ကျင်းပခဲ့သည့်တိုင် ဤအခြေခံဥပဒေမတိုင်မချင်း မဆိုစလောက်အာဏာသာရှိခဲ့ကြသည်။ ၁၉၁၂ ခုနှစ်တွင် ဧကရာဇ်မေဂျီကွယ်လွန်အပြီး နိုင်ငံရေးပါတီများ အာဏာရလာခဲ့ကြသည်။ ကျယ်ပြန့်သည့် မဲပေးပိုင်ခွင့်များကို ၁၉၂၅ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည်။ ယင်းအချိန်၌ မဲပေးခြင်းအတွက် အခွန်အရည်အချင်းပြည့်မီမှုမှာ လုံလောက်စွာပင်နိမ့်ပါးခဲ့သည်။ ဆိုလိုသည်မှာ ဂျပန်လူမျိုးများသည် သမားရိုးကျနိုင်ငံရေးဘဝများတွင် ပိုမိုပါဝင်နိုင်ခဲ့ကြသည်။ ၁၉၄၀ ခုနှစ်တွင် ပါတီများကိုဖျက်သိမ်းခဲ့သော်လည်း ၁၉၄၆ ခုနှစ် ဂျပန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူလအတိုင်းပြန်လည်ဖြစ်ခဲ့ကြသည်။ ဤအခြေခံဥပဒေသည် ဂျပန်နိုင်ငံသားများ၏ ဆန္ဒမဲပေးခွင့်နှင့် ရွေးချယ်ခံခွင့်များကို အာမခံပေးခဲ့သည်။"

မသန်စွမ်းသူများပါဝင်ရေးအတွက် လှုပ်ရှားမှု

မသန်စွမ်းသူများသည် ဂျပန်နိုင်ငံတွင် ပြင်းထန်သောခွဲခြားဆက်ဆံခံရမှုနှင့် အကြမ်းဖက်ခံရမှုများကို ကြုံတွေ့ခဲ့ကြသည်။ မသန်စွမ်းသူများအခွင့်အရေးလှုပ်ရှားမှုများသည် မသန်စွမ်းသူများအား မိသားစုဝင်များကအခြားနေရာများသို့ ပို့ဆောင်စေသည့် စိုးရွံ့မှုများတည်တံ့နေခြင်းကို တိုက်ဖျက်ရန်လုပ်ဆောင်ခဲ့ကြသည်။

*"မသန်စွမ်းသူတွေအတွက် ခွဲခြားမှုမရှိစေရေးနဲ့ သင့်လျော်တဲ့လိုက်လျောမှုတွေလုပ်ဖို့ CRPD ဟာ ပြည်နယ်ပါတီတွေကိုလို အပ်ပေမယ့် ဂျပန်ဥပဒေနဲ့မူဝါဒဟာ ဒီအယူအဆတွေကိုအပြည့်အဝ သဘောတရားပေါက်ခြင်းမရှိသလို အဲဒါဟာ ဂျပန်နိုင်ငံရဲ့ကျယ်ပြန့်တဲ့ ပြည်သူ့ရဲ့ လူ့အခွင့်အရေးဆောင်ရွက်ချက်ရဲ့ အစိတ်အပိုင်းအဖြစ်လည်း မရှုမြင်ကြပါဘူး။"*
*– ဖွန်ရာကာဝါမိနှင့် ဝိတာဘာယာနှစ်*

၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် အာအိုအိရှီဘားဟုခေါ်သော သွက်ချာပါဒဖြစ်သူများဆိုင်ရာ အမျိုးသားအသင်းသည် မသန်စွမ်းသူများအခွင့်အရေးလှုပ်ရှားမှုတွင် ဦးဆောင်ခဲ့သည်။ ဤသို့အားပေးလှုပ်ရှားမှု၏ရလဒ်အနေဖြင့် ၁၉၉၃ ခုနှစ်တွင် မသန်စွမ်းမှုဆေးဖက်ဆိုင်ရာစံပြတစ်ခု အဖြစ်ဆက်လက်သုံးစွဲလျက်ရှိသည့်တိုင် ခွဲခြားဆက်ဆံမှုပပျောက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

မသန်စွမ်းသူများပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်များ

၂၀၁၃ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ဂျပန်နိုင်ငံ၏လွှတ်တော်သည် အုပ်ထိန်းသူရှိသည့် အရွယ်မရောက်သေးသူများ၏ ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ပွဲဝင်ယှဉ်ပြိုင်ခွင့်များကို ပိတ်ပင်ထားသောပုဒ်မကိုဖျက်၍ ရွေးကောက်ပွဲဥပဒေကို တညီတညွတ်တည်း ပြင်ဆင်ခဲ့ကြသည်။

Australian Aid

UKaid
from the British people

**Putting Inclusive Political Science into Practice**

***Comparative Analysis of Democratic Participation***

ဤသည်မှာ ၂၀၁၃ ခုနှစ် မတ်လ ၁၄ ရက်နေ့ တိုကျိုခရိုင်တရားရုံးစီရင်ချက်ကို လွှင့်မြန်မာတွဲပြန်လိုက်ခြင်းဖြစ်ပြီး၊ ယင်းစီရင်ချက်သည် ဤသက်ဆိုင်ရာပုဒ်မအား အခြေခံဥပဒေနှင့်မကိုက်ညီဟု၍ ဆုံးဖြတ်ခဲ့သည်။ ဉာဏဆိုင်ရာ မသန်စွမ်းသူအမျိုးသမီးတစ်ဦးဖြစ်သူ မစ္စနာဂိုယာတာကာမိသည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရကို တရားစွဲခဲ့သည်။ Inclusion Japan ဟုခေါ်သောအဖွဲ့သည် ဤကိစ္စကိုထောက်ခံရန် လူ ၄၀၀,၀၀၀ ကျော်၏လက်မှတ်များကို စုစည်းခဲ့သည်။

ပြည်သူလူထုသည် ဤစီရင်ချက်ကိုအလွန်ထောက်ခံအားပေးခဲ့ကြသည်။ ယင်းကြောင့် အာဏာရနှင့်အတိုက်အခံ လွှတ်တော်အမတ်များအားလုံးသည် စီရင်ချက်အပြီး ၇၄ ရက်အတွင်းသာ ဥပဒေရေးရာအပြောင်းအလဲကို အချိန်ကိုက် ဆောင်ရွက်ရန် ကြိုးစားသွားကြရန် ဗိုအားများဖြစ်ခဲ့ကြသည်။ လွှတ်တော်၏ဆောင်ရွက်မှုအပြီး ချက်ချင်းကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ မစ္စနာဂိုယာက "နောက်ရွေးကောက်ပွဲကို ကျွန်မသွားမှာပါ။ နောက်ရွေးကောက်ပွဲကို စောင့်ကြို နေပါတယ်" ဟု ပြောခဲ့သည်။ နောက်ရွေးကောက်ပွဲကို ယခုနှစ်ဇူလိုင်လတွင် အထက်လွှတ်တော်အတွက် ကျင်းပမည် ဖြစ်သည်။ ဤဥပဒေကြောင့် အုပ်ထိန်းသူဖြင့်နေရသော အကန့်အသတ်ခံရဆုံးပြည်သူ ၁၃၆,၀၀၀ ၏ ဆန္ဒမဲပေးခွင့်များ ပြန်လည်ရရှိခဲ့သည်။

တိုကျိုခရိုင်တရားရုံးသည် ၂၀၁၃ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် အုပ်ထိန်းသူဖြင့်နေရသူများအား ဆန္ဒမဲပေးခွင့်ပိတ်ပင်ထားသည့် ရွေးကောက်ပွဲဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း စီရင်ချက်ချခဲ့သည်။ ဤသည်မှာ ယင်းသို့သောဆုံးဖြတ်ချက်ကို တရားရုံးကဆုံးဖြတ်ခဲ့သည်မှာ ဂျပန်နိုင်ငံ၌ ပထမဆုံးဖြစ်သည်။



*တရားနိုင်အပြီး သတင်းစာသမားများကို စကားပြောနေသည့် နာဂိုယာတာကာမိ။*

တရားလိုဖြစ်သူ မစ္စနာဂိုယာတာကာမိသည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရကို တရားစွဲခဲ့သည်။ ဉာဏဖွံ့ဖြိုးမှု အားနည်းသည့် အသက် ၅၀ အရွယ် မစ္စနာဂိုယာသည် သူမ၏ဖခင်ဖြစ်သူ မစ္စတာနာဂိုယာဆာအီကိချီအား ဒေသဆိုင်ရာ မိသားစုတရားရုံးတစ်ခုက သူမ၏တရားဝင် အုပ်ထိန်းသူအဖြစ်အမိန့်ချမှတ်ချိန်မတိုင်မချင်း သူမအသက် ၂၀ အထိ ရွေးကောက်ပွဲတိုင်းလိုလိုတွင် ဆန္ဒမဲပေးခဲ့သူဖြစ်သည်။ ဂျပန်ရွေးကောက်ပွဲဥပဒေသည် အုပ်ထိန်းသူအမျိုးအစားအလိုက်ရှိသော လူများ ('koken' အမျိုးအစားမှာ အများဆုံးနှင့် အတင်းကျပ်ဆုံးဖြစ်သည်။ နှစ်စဉ် လူ ၃၀၀၀၀ မှာ အုပ်ထိန်းခံရသူများအဖြစ်ဆုံးဖြတ်ခံရပြီး ၂၄၀၀၀ ကို koken အမျိုးအစားအောက်တွင် ထားရှိသည်) ကို ဆန္ဒမဲပေးခွင့်မှ ပိတ်ပင်ထားသည်။ ဖခင်ဖြစ်သူ၏ အားပေးမှုနှင့်ကိုယ်စားပြုမှုဖြင့် မစ္စနာဂိုယာသည် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်များအတွက် လာမည့်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်ပြန်လည်ပေးရန် တရားရုံးကို လျှောက်ထားခဲ့သည်။

စီရင်ချက်အကျဉ်းမှာ အောက်ပါအတိုင်းဖြစ်သည်။ ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်တို့သည် ပါလီမန်ဒီမိုကရေစီ၏ အခြေခံဖြစ်သော အခြေခံအခွင့်အရေးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အမျိုးမျိုးသောပုဒ်မများ တွင် အာမခံထားသည်။

**Putting Inclusive Political Science into Practice**

***Comparative Analysis of Democratic Participation***

Inclusion Japan နှင့် Inclusion International တို့သည် Inclusion Ibaragi အဖွဲ့ဝင်တစ်ဦးဖြစ်သော မစ္စနာဂိုယာကို ထောက်ခံအားပေးခဲ့ကြသည်။ Inclusion Japan သည် သူမ၏အမှုကိုထောက်ခံအားပေးရန် လူ ၄၁၀,၀၀၀ ကျော်ထံမှ လက်မှတ်များစုစည်းခဲ့ပြီး၊ တရားရုံးကြားနာစဉ်အတွင်း တရားရုံးခန်းမသည် အားပေးထောက်ခံသူများဖြင့် အပြည့်လိုလို ပြည့်နှက်နေကာ ရံဖန်ရံခါ၌ တရားရုံးအတွင်းဝင်ခွင့်ရရန် မဲပင်နှိုက်ကြရသည်။

တရားစီရင်ချက်ချစဉ်အတွင်း တရားသူကြီး ဖျို့ရှူကာမာကိုတို့သည် မစ္စနာဂိုယာအား အောက်ပါစကားတို့ကို နှစ်ဦးချင်းတိုက်ရိုက်ညွှန်ကြားခဲ့သည်၊ "ကျေးဇူးပြုပြီး ခင်ဗျားရဲ့နိုင်ငံရေးအခွင့်အရေးတွေကိုအသုံးချပြီး လူ့အဖွဲ့အစည်းထဲမှာပါဝင်ပါ။ ကိုယ့်ကိုယ်ကိုဂုဏ်ယူပြီး ဘဝကိုကောင်းမွန်စွာဖြတ်သန်းပါ"။ တရားရုံးခန်းမအတွင်း အားပေးလက်ခုပ်သံများ လျှံထွက်သွားခဲ့သည်။ ခရိုင်တရားရုံးအမှုအပြီး သတင်းစာရှင်းလင်းပွဲတွင် မစ္စနာဂိုယာက "ဆန္ဒမဲပြန်ပေးရလို့ ပျော်နေပါတယ်" ဟု ဆိုခဲ့သည်။

---

[i] "Salt March" by Kenneth Pletcher, Encyclopedia Britannica

[ii] "The Story of Indian Democracy" by Sumit Ganguly, Foreign Policy Research Institute

[iii] "The History of India's Disability Rights Movement" by Martand Jha, The Diplomat

[iv] "The Birth of Parliamentary Democracy in Japan: An Historical Approach" by Csaba Gergely Tamas

**သင်ရိုး (၄)**

**အခန်း – ၅။ မသန်စွမ်းသူအခွင့်အရေးများ လှုပ်ရှားပြောင်းလဲရေး ပါဝင်စေခြင်း**

| | |
|---|---|
| **လုပ်ဆောင်ချက် ဖော်ပြချက်**<br><br>**လုပ်ဆောင်ချက် စုစုပေါင်းကြာချိန်** | ဤသင်ခန်းစာအချိန်တွင် ပါဝင်တက်ရောက်သည့်သင်တန်းသား/သူများသည် လှုပ်ရှားပြောင်းလဲရေးဆိုင်ရာ ၎င်းတို့အတွေ့အကြုံများကိုမျှဝေ၍ အနာဂတ်တွင်၎င်းတို့လုပ်ကိုင်လိုသော လှုပ်ရှားမှုအသစ်များအကြောင်း စဉ်းစားကြမည်ဖြစ်သည်။<br><br>**၉၀ မိနစ်** |
| **သင်ယူမှုရလဒ်** | |
| **လိုအပ်သော ပစ္စည်းများ/ အရင်းအမြစ်များ** | စက္ကူကားချပ်<br>မာကာ |
| [၂၀ မိနစ်] | **အဆင့် ၁။** သင်တန်းခန်းမ၏ အနောက်တွင် ထိုင်ခုံများကို အဝိုင်းလိုက်စီစဉ်ပါ။ (ဘီးတပ်ကုလားထိုင်အသုံးပြုသူများအတွက် နေရာအနည်းငယ်ကျယ်ဝန်းစွာခင်းပါ။)<br><br>**အဆင့် ၂။** သင်တန်းသား/သူများအား အခန်း၏ အနောက်သို့လာရောက်၍ စက်ဝိုင်းတွင်ပါဝင်ပူးပေါင်းရန် ဖိတ်ခေါ်ပါ။<br><br>**အဆင့် ၃။** ဤသင်ခန်းစာအချိန်အတွင်း သင် (သင်တန်းမှူး) သည် အားလုံးအား ဖြစ်နိုင်သမျှ ပွင့်လင်းရိုးသားစွာရှိနေစေလိုကြောင်း သင်တန်းသားများအား ပြောပြပါ။ ယခုအခါ သင်တန်းပြီးဆုံးလုနီးလာပြီဖြစ်ပြီး မိမိတို့သည် တစ်ဦးကိုတစ်ဦးသိရှိရန် အခွင့်အလမ်းများစွာရှိခဲ့ပါသည်။ မိမိတို့သည် အချင်းချင်းကောင်းစွာသိရှိကြပြီဖြစ်သဖြင့် ဤသည်မှာ မိမိတို့၏ အတွေးများကို မျှဝေရန် ဘေးကင်းသည့်နေရာလေးတစ်ခုဖြစ်ပါသည်။<br><br>**အဆင့် ၄။** သင်တန်းသားများအား အတိတ်က အားပေးတိုက်တွန်းသူ သို့မဟုတ် လှုပ်ရှားတက်ကြွသူတစ်ဦးအဖြစ် ၎င်းတို့ပါဝင်ခဲ့သည့်အချိန်ကာလတစ်ရပ်အကြောင်း စဉ်းစားခိုင်းပါ။ အဖွဲ့ အစည်းတစ်ရပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် စီမံကိန်းတစ်ခုကိုလုပ်ခဲ့သလား၊ သို့မဟုတ် မိမိဘာသာလုပ်ငန်းတစ်ခုကို လုပ်ခဲ့သလား? ယင်းစီမံကိန်း၏ ပန်းတိုင်က ဘာဖြစ်ခဲ့သလဲ?<br><br>**အဆင့် ၅။** သင်တန်းသားများအား အားပေးထောက်ခံသည့်စီမံချက်တစ်ခုတွင် ၎င်းတို့လုပ်ဆောင်ခဲ့သည့်အချိန်တစ်ခု၏ ဓာတ်လမ်းတစ်ပုဒ်ကို တစ်ဦးချင်းစီမျှဝေသင့်ကြောင်း ပြောပြပါ။ ယင်းသည် ကြီးမားခြင်းလည်းဖြစ်နိုင်သလို အသေးအမွှားလည်းဖြစ်နိုင်ပါသည်။ သူတို့သည် နောက်ခံအကျဉ်းတစ်ခုကို မျှဝေသင့်ပြီး မည်သည်တို့သည်အလုပ်ဖြစ်ခဲ့ပြီး၊ မည်သည်တို့မှာအလုပ်မဖြစ်ခဲ့ကြောင်း မိမိတို့အား ပြောပြပါ။ *(သင်တန်းမှူးမှတ်စု - ၎င်းတို့၏ ဓာတ်လမ်းများကိုပြောပြသည်နှင့် သီးသန့်တီထွင်ကြံဆမှု သို့မဟုတ် စိတ်ဝင်စားစရာသာဓကများရှိမရှိ နောက်ဆက်တွဲမေးခွန်းများ မေးပါ။)* |

| | |
|---|---|
| [၂၀ မိနစ်] | **အဆင့် ၆။** သင်တန်းတစ်လျှောက် မိမိတို့သည် မသန်စွမ်းသူများပါဝင်ရေး၊ ရွေးကောက်ပွဲများနှင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးပါဝင်ပတ်သက်မှုတို့နှင့်စပ်လျဉ်း၍ လုပ်ဆောင်နိုင်မည့် ချဉ်းကပ် လေ့လာမှုများကို ဆွေးနွေးထားပြီးဖြစ်ကြောင်း သင်တန်းသားများအား ပြောပြပါ။ မိမိတို့သည် မြန်မာနိုင်ငံရှိ နိုင်ငံရေးဘဝတွင် မသန်စွမ်းသူများ၏ ပါဝင်မှု ပိုမိုတိုးတက်ကောင်းမွန်စေရန် လူထုစကားပြောနည်း၊ စီမံကိန်းနှင့်စီမံအုပ်ချုပ်မှုဆိုင်ရာ ဆွေးနွေးပွဲများနှင့် လူမှုကွန်ရက် ဆက်သွယ်ရေးများကဲ့သို့သော ခေါင်းဆောင်မှုစွမ်းရည်များကိုလည်း တည်ဆောက်ထား ပြီးဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံရှိနိုင်ငံရေးဘဝတွင် မသန်စွမ်းသူများပိုမိုပါဝင်လာမည့် လှုပ်ရှားမှုအသစ်များကို စဉ်းစားရင်းဖြင့် စိတ်ကူးအကြံဉာဏ်များအားလုံးကို စုစည်းထားမည် ဖြစ်သည်။<br><br>**အဆင့် ၇။** သင်တန်းသားများအား မြန်မာနိုင်ငံတွင် မသန်စွမ်းသူများပါဝင်ရေးနှင့်စပ်လျဉ်း၍ မည်သည်တို့ကိုပြောင်းလဲစေချင်သနည်းဟု မေးပါ။ သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာတွေက ဘာလဲ? အခြားနိုင်ငံများမှ လေ့လာထားသည့်သာဓကများကို စဉ်းစားရန် သတိပေးပါ။ မြန်မာ နိုင်ငံရှိ နိုင်ငံရေးဘဝကို ဘာတွေက အားလုံးပိုမိုပါဝင်လာစေလိမ့်မလဲ? ၎င်းတို့၏ အတွေးများ ကိုမျှဝေသည်နှင့် စက္ကူကားချပ်တစ်ခုပေါ်တွင် ချရေးပါ။ (*သင်တန်းမှူးမှတ်စု* - စိတ်ကူးအကြံဉာဏ်များထုတ်နေစဉ်တွင် သင်တန်းသားများအား တွန်းအားမပေးပါနှင့်။ ဤသင်ခန်းစာအချိန် တွင် အရိုန်များရွာပေးသင့်သည်။)<br><br>**အဆင့် ၈။** သင်တန်းသားများလုပ်ဆောင်သည့် အချက်တစ်ခုချင်းစီကိုသွား၍ ဖော်ထုတ်ရရှိသော စိန်ခေါ်မှုကိုလျော့နည်းစေရန် မည်သည့်လုပ်ဆောင်ချက်များဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးပါ။ ဥပဒေတစ်ခု ထုတ်သင့်သလား? လူထုသိအောင် လုပ်ရမလား? အခြားဟာလား?<br><br>**အဆင့် ၉။** ပြဿနာတစ်ခုချင်းစီအတွက် ဆောင်ရွက်နိုင်သော ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သင်တန်းသားများလုပ်ဆောင်ခဲ့သည့် အမှတ်များကို ချရေးပါ။<br><br>**အဆင့် ၁၀။** ဖော်ထုတ်သိရှိထားသော လုပ်ဆောင်ချက်များအနက် တစ်ခုကို မည်သူလုပ် ဆောင်သင့်ကြောင်း သင်တန်းသားများအား ဖော်ထုတ်ခိုင်းပါ။ နိုင်ငံရေးသမား? ဝန်ကြီးဌာန အရာရှိ? မသန်စွမ်းအဖွဲ့များ? |
| [၁၅ မိနစ်] | **အဆင့် ၁၁။** ဖော်ထုတ်သိရှိထားသော ပြဿနာများအနက်တစ်ခုကို လျှော့ချရေးအတွက် အလုပ်ဖြစ်ဖွယ်ရှိသော ၎င်းတို့လုပ်ဆောင်နိုင်သည့် ဆောင်ရွက်ချက်တစ်ခုကို သင်တန်းသား များအား မျှဝေခိုင်းပါ။ ပြဿနာတစ်ခုအကြောင်း ဆွေးနွေးရန် အစိုးရအရာရှိတစ်ဦးနှင့် ၎င်းတို့ တွေ့နိုင်ခဲ့ပါသလား? ၎င်းတို့၏ ရပ်ရွာလူထုကြားတွင် လူထုသိရှိရန် ပွဲတစ်ခုစီစဉ်နိုင်ပါ သလား?<br><br>**အဆင့် ၁၂။** အခန်းအတွင်း လှည့်လည်ပါ။ သို့မှသာလျှင် သင်တန်းသားတစ်ဦးချင်းစီတွင် လုပ် ဆောင်ချက်တစ်ခုတွေ့ရှိရန်နှင့် အခြားသူများနှင့်မျှဝေခွင့်ရရှိမည်ဖြစ်သည်။<br><br>**အဆင့်ပေါ့် ၁၃။** မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ခေါင်းဆောင်များအဖြစ် ၎င်းတို့သည် အားလုံးပါဝင်ခွင့်ပိုမိုရရှိရန် ဤသို့သောလုပ်ဆောင်ချက်များကို ဦးဆောင်သွားမည်ဖြစ်သည်။ |

| | |
|---|---|
| [၂၀ မိနစ်] | **အဆင့် ၁၄။** သင်တန်းသားများအား သင်တန်းစတက်စဉ်က ၎င်းတို့သိရှိခဲ့သည်နှင့် ယခု၎င်းတို့ သိရှိသော အရေးပါဆောင်ရွက်ချက်များကို နှိုင်းယှဉ်၍ စဉ်းစားခိုင်းပါ။ ဘာတွေပြောင်းလဲ သွားသလဲ? တုံ့ပြန်ရန် များနိုင်သမျှများများ တုံ့ပြန်ဖြေဆိုခွင့်ပေးပါ။<br><br>**အဆင့် ၁၅။** အားလုံးတစ်ပြိုင်နက်တည်း သင်တန်းသားများအား ၎င်းတို့၏ အနာဂတ်လုပ်ငန်း တွင် ၎င်းတို့အသုံးပြုမည်ဖြစ်သည့် မသန်းစွမ်းသူများပါဝင်ရေး၊ ခေါင်းဆောင်မှုနှင့် ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ယခုသိရှိရသည်ကို မျှဝေခိုင်းပါ။ |
| [၅ မိနစ်] | **အဆင့် ၁၆။** သင်တန်းသားများအား ၎င်းတို့၏ မျက်စိများကိုပိတ်၍ သင်္ကေတဘာသာစကား စကားပြန်အား ကြည့်ခိုင်းပါ။<br><br>**အဆင့် ၁၇။** ဤသင်တန်းအပြီးတွင် ရွေးကောက်ပွဲများနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများပိုမိုပါဝင်လာစေရေးအတွက် ပါဝင်ဆောင်ရွက်တော့မည်ဆိုပါက လက်ခုပ် တီးရန်၊ ခြေဆောင့်ရန်နှင့် ပြဘာသာပေးရန် သင်တန်းသားများအား ပြောပြပါ။<br><br>**အဆင့် ၁၈။** အကယ်၍ ကိုယ်စားလှယ်လောင်းတစ်ဦးနှင့် အရာထမ်းတစ်ဦးဖြစ်လာရေးအ တွက်စဉ်းစားနေပါက လက်ခုပ်တီးရန်၊ ခြေဆောင့်ရန် သို့မဟုတ် ပြဘာသာပေးရန် သင်တန်းသား များအား ပြောပြပါ။<br><br>**အဆင့် ၁၉။** အကယ်၍ ဤသင်တန်းအပြီးတွင် အားပေးထောက်ခံပွဲများကို ဦးဆောင်တော့ မည်ဆိုပါက လက်ခုပ်တီးရန်၊ ခြေဆောင့်ရန် သို့မဟုတ် ပြဘာသာပေးရန် သင်တန်းသားများအား ပြောပြပါ။<br><br>**အဆင့် ၂၀။** အကယ်၍ လူမှုကွန်ရက်ဆက်သွယ်ခြင်းကဲ့သို့သော စွမ်းရည်အသစ်တစ်ခုကို အသုံးပြုတော့မည်ဆိုပါက လက်ခုပ်တီးရန်၊ ခြေဆောင့်ရန် သို့မဟုတ် ပြဘာသာပေးရန် သင်တန်းသားများအား ပြောပြပါ။<br><br>**အဆင့် ၂၁။** အကယ်၍ မျက်လုံးမှိတ်ထားဆဲဖြစ်ပါက သင်တန်းသားများအား မျက်လုံးပြန်ဖွင့် ခိုင်းပါ။ |

| | |
|---|---|
| [၅ မိနစ်] | **အဆင့် ၂၂။** သင်တန်းသားများအား သင်တန်းခန်းမအတွင်း မည်သူသည် DPO အဖွဲ့တစ်ခု၏ အဖွဲ့ဝင်၊ နိုင်ငံရေးသမား တစ်ဦး၊ သို့မဟုတ် အစိုးရအရာရှိတစ်ဦးအဖြစ် လုပ်ဆောင်မှုတစ်ခုကို ဦးဆောင်လိမ့်မည်ဟု တစ်စုံတစ်ယောက်ကို တွေးထင်နိုင်းပါ။<br><br>**အဆင့် ၂၃။** သင်တန်းသားတစ်ဦးချင်းစီထံသို့ ကပ်ခွာစက္ကူများ ပေးပေပါ။<br><br>**အဆင့် ၂၄။** သင်တန်းသားများအား ခေါင်းဆောင်ကြီးတစ်ဦးဖြစ်လာမည်ဟု ထင်မြင်သောပုဂ္ဂိုလ်၏ အမည်ကိုချရေးခိုင်းပါ။<br><br>**အဆင့် ၂၅။** ကပ်ခွာစက္ကူများအားလုံးကို စုစည်းပါ။<br><br>**အဆင့် ၂၆။** ကပ်ခွာစက္ကူမှတ်စုများသည် သင်တန်းတက်ရောက်သူများက အချင်းချင်းယုံကြည်ကြသည့် ယုံကြည်ချက်ကို ကိုယ်စားပြုခြင်းဖြစ်ကြောင်း ပြောပြပါ။ ဤသင်တန်းအပြီးတွင် သင်တို့တစ်ဦးချင်းစီတွင် ပါဝင်ဆောင်ရွက်ရန်၊ အစိုးရဌာန များနှင့် အတူလုပ်ဆောင်ရန်၊ ဆုံးဖြတ်ချက်များချမှတ်ရန်နှင့် သင့်ရပ်ရွာလူထုကိုအားကောင်းစေရန် ပိုမိုနိုင်မာသောစွမ်းရည်များရှိလာမည်ဖြစ်သည်။ |
| **သင်တန်းရေးရာ မှတ်ချက်များ** | ဤလုပ်ဆောင်ချက်အတွင်း အခြားသူများနှင့်ထိတွေ့ခြင်းမရှိသည့် သင်တန်းသားများနှင့် ၎င်း တို့၏ အတွေးအမြင်များကို မျှဝေခြင်းမရှိသူများကို သင်သတိပြုမိပါက ဆွေးနွေးမှုတွင်ပါဝင် နိုင်းပါ။ |

**သင်ရိုး (၄)**

**အခန်း – ၆။ ကိုယ်ရေးကိုယ်တာ လုပ်ငန်းအစီအစဉ်**

| | |
|---|---|
| **လုပ်ဆောင်ချက်<br>ဖော်ပြချက်**<br><br><br>**လုပ်ဆောင်ချက်<br>စုစုပေါင်းကြာချိန်** | ပါဝင်တက်ရောက်ကြသော သင်တန်းသား/သူများသည် သင်တန်းတွင်လေ့လာမိသည်များကို မည်သို့မည်ပုံအသုံးပြုမည်ဖြစ်ကြောင်း အသေးစိတ်ဖော်ပြထားသော ကိုယ်တွေ့လုပ်ငန်းအစီအစဉ်တစ်ခုကို ဖန်တီးရန် တစ်ဆင့်ချင်းလုပ်ငန်းအစီအစဉ်တစ်ခုဖြင့် လုပ်ဆောင်သွားမည် ဖြစ်သည်။<br><br>**၃၀ မိနစ်** |
| **သင်ယူမှုရလဒ်** | ကိုယ်တွေ့လုပ်ငန်းအစီအစဉ်တစ်ခုဖန်တီးပုံကို လေ့လာသည်။ |
| **လိုအပ်သော<br>ပစ္စည်းများ/<br>အရင်းအမြစ်များ** | စက္ကူကားချပ်<br>မာကာဖောင်တိန်<br>ကိုယ်တွေ့လုပ်ငန်းအစီအစဉ်ပုံစံ<br>ရောင်စုံမင်ချောင်းများ |
| [၁၀ မိနစ်] | **အဆင့် ၁။** သင်တန်းသားများသည် သင်တန်းစတက်စဉ်မှစ၍ ကိုယ့်ကိုယ်ကိုနှင့် ရွေးကောက်ပွဲ များအကြောင်း များစွာလေ့လာထားပြီးဖြစ်ကြောင်း ထုတ်နုတ်ရှင်းပြပါ။ ဖော်ပြူး ၃ အတွင်း ခေါင်းဆောင်မှုရည်မှန်းချက်များကို အလေးအနက်စဉ်းစားရန် အခွင့်အရေးရခဲ့ပြီးဖြစ်ကြောင်း သင် တန်းသားများကို သတိပေးပါ။<br><br>**အဆင့် ၂။** ထိုခေါင်းဆောင်မှုရည်မှန်းချက်များဆီသို့ ရောက်ရှိရန် သင်တန်းကမည်သို့မည်ပုံ အ ထောက်အကူပြုထားကြောင်း သင်တန်းသားများအား မျှဝေခိုင်းပါ။ လူထုစကားပြောခြင်း၊ လူမှုဆက်ဆံရေး၊ သို့မဟုတ် နိုင်ငံရေးတာဝန်ထမ်းဆောင်ခြင်း စသည်တို့ကဲ့သို့သော လုပ်ငန်းများကိုဆောင်ရွက်ရန် သူတို့ယုံကြည်မှုပိုရှိလာကြပြီလား? သင်တန်းသား ၂ - ၃ ယောက်အထိ တုံ့ပြန်ဖြေကြားပါစေ။<br><br>**အဆင့် ၃။** စက္ကူကားချပ်တစ်ခုပေါ်တွင် 'ခေါင်းဆောင်တစ်ဦးဖြစ်ဖို့ ငါအဆင်သင့်ဖြစ်ပြီ' ဟု ရေးပါ။<br><br>**အဆင့် ၄။** စက္ကူကားချပ်ပေါ်တွင် ၎င်းတို့၏အမည်များကို လက်မှတ်ထိုးကြရန် သင်တန်းသား အားလုံးကို ဖိတ်ခေါ်ပါ။<br><br>**အဆင့် ၅။** သင်တန်းတွင် လက်ရှိအချိန်အထိ ၎င်းတို့ကြိုးစားလုပ်ဆောင်ခဲ့သည်များအားလုံး အတွက် သင်တန်းသားများအား ချီးကျူးစကားပြောပါ။ ဤသင်တန်းသည် ၎င်းတို့အား နောက် အဆင့်များတွင် သက်ဆိုင်ရာရပ်ရွာလူထုများနှင့် မြန်မာနိုင်ငံ၏ ခေါင်းဆောင်များအဖြစ် ခြေလှမ်းနိုင်ကြစေရန် ပြင်ဆင်ပေးလိုက်ပြီးဖြစ်ပါသည်။ |
| [၅ မိနစ်] | **အဆင့် ၆။** ခေါင်းဆောင်များအနေနှင့် ယခုအခါကိုယ်တွေ့လုပ်ငန်းအစီအစဉ်တစ်ခုကို ဖန်တီး ကြရတော့မည်ဖြစ်ကြောင်း သင်တန်းသားများအား ရှင်းပြပါ။ ဤသင်တန်းပြီးပါက ၎င်းတို့ ဘာလုပ်ကြမည်နည်း? ဤသင်တန်းမှ ဗဟုသုတများကို မည်သို့အသုံးချကြမည်နည်း?<br><br>**အဆင့် ၇။** ရည်မှန်းချက်များကိုသိမှတ်ထားရန် အဘယ့်ကြောင့်အရေးကြီးကြောင်း သင်တန်းသား များအား မေးမြန်းပါ။ အဖြေများတွင် အောက်ပါတို့ပါဝင်ပါသည်။<br>- မိမိဘာဆက်လုပ်ရမည်ကို သိရသည်။<br>- မိမိလုပ်ငန်းကို မျက်ချည်မပြတ်ဖြစ်စေသည်။ |

| | |
|---|---|
| | **အဆင့် ၈။** ဖော်ကျူး ၃ တွင် ၎င်းတို့ရွေးချယ်ခဲ့သည့် ခေါင်းဆောင်မှုရည်မှန်းချက်များသည် ယခု၎င်း တို့ချမှတ်သော ရည်မှန်းချက်များနှင့် တစ်သွေမတိမ်းတူညီချင်မှတူညီမည် ဖြစ်ကြောင်း မှတ်သားပါ။ ဇာတ်ကြောင်းပုံဝတ္ထုများနှင့် နိုင်ငံရေးအကြောင်းအရာများနှင့် ဗဟုသုတအသစ်များနှင့် နိုင်မာလာသည့်ယုံကြည်ချက်များပေါ်တွင် အခြေခံ၍ ၎င်းတို့၏ပန်း တိုင်များကို မွမ်းမံပြင်ဆင်ပါလျှင်လည်း အဆင်ပြေပါကြောင်း ရှင်းပြ ပြောဆိုပါ။ တည်ရှိနေ သည့်အခွင့်အလမ်းများအကြောင်း ပိုသိလာကြသောကြောင့် ခေါင်းဆောင်မှုအတွက် ယခုအခါ၌ ၎င်းတို့တွင်ရှိသောရည်မှန်းချက်သည် ခြားနားသွားနိုင်ပါသည်။ ရည်မှန်းချက်သည် အရင်အတိုင်း မပြောင်းမလဲရှိနေပါကလည်း အဆင်ပြေပါသည်။ ထိုန်းတိုင်ကို မည်သို့မည်ပုံရောက်ရှိနိုင် ကြောင်း ပိုမိုကောင်းမွန်သည့်စိတ်ကူးများ ယခုအခါမှ ရလာသည်လည်း ဖြစ်နိုင်ပါသည်။<br><br>**အဆင့် ၉။** သင်တန်းသားများအား ၎င်းတို့၏လက်စွဲစာအုပ်ရှိ ကိုယ်တွေ့ လုပ်ငန်းအစီအစဉ် လမ်းညွှန်ချက်ရှိ စာမျက်နှာ xxx သို့လှန်စိုင်းပါ။<br><br>**အဆင့် ၁၀။** ဤသင်္ခန်းစာအချိန်အတွက် ၎င်းတို့၏ ကိုယ်တွေ့လုပ်ငန်းအစဉ်အစီများရေးဆွဲရန် အတူတူကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သင်တန်းသားများအား ပြောပြပါ။ ကိုယ်တွေ့ လုပ်ငန်းအစီအစဉ်များသည် ပြီးခဲ့သောသင်္ခန်းစာချိန်တစ်ခုအတွင်း ဖန်တီးခဲ့သည့် အားပေး လှုပ်ရှားမှုလုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ၎င်းတို့ကို အမှတ်ရကောင်း ရစေနိုင်ပါသည်။ ဤအစီအစဉ်များသည် ရရှိလိုသည့်ရည်မှန်းချက်များသို့ ရောက်ရှိနိုင်ကြစေရန် မည်သည့် အချိန်တွင် မည်သို့ဆောင်ရွက်ရမည်ဆိုခြင်းကို ဆုံးဖြတ်နိုင်ကြစေရန် အထောက်အကူပြု ပါမည်။ ဤသည်မှာ ထိတ်လန့်စရာကောင်းနိုင်သော်လည်း မိမိတို့သည် တစ်ချိန်တည်းမှာပင် အားလုံးအတူ လုပ်ဆောင်သွားမည်ဖြစ်သည်။ |
| [၂၀ မိနစ်] | **အဆင့် ၁၁။** နိုင်ငံရေးကိစ္စတွင် ခေါင်းဆောင်များအဖြစ်ပါဝင်ရေးအတွက် ၎င်းတို့၏ ကိုယ်တွေ့ ရည်မှန်းချက်ကို သင်တန်းသားများအား ချရေးခိုင်းပါ။ ဤရည်မှန်းချက်သည် အရပ်ဖက် လူမှုအဖွဲ့အစည်း၊ အစိုးရအရာရှိများ၊ နိုင်ငံရေးသမားများ သို့မဟုတ် အားပေးလှုပ်ရှားသူများ ကဲ့သို့ ၎င်းတို့၏ ခေါင်းဆောင်မှုများနှင့်စပ်လျဉ်း၍ ဖြစ်နိုင်ကြောင်း ရှင်းပြပါ။<br><br>**အဆင့် ၁၂။** ၎င်းတို့၏ ပန်းတန်းသည် SMART ဖြစ်သင့်ကြောင်း သင်တန်းသားများအား သတိ ပေးပါ။ SMART ၏ အဓိပ္ပာယ်ကို သင်တန်းသားများအား ရှင်းပြပြောကြားနိုင်းပါ။ ၎င်းတို့၏ အဓိပ္ပာယ်မှာ ...<br>- တိကျသေချာသော<br>- တိုင်းတာ၍ ရနိုင်သော<br>- အောင်မြင်နိုင်သော<br>- အရင်းအမြစ်များရှိသော<br>- အချိန်သတ်မှတ်ချက်ရှိသော<br><br>**အဆင့် ၁၃။** SMART လုပ်ငန်းစဉ်ကိုအသုံးပြု၍ ၎င်းတို့၏ ရည်မှန်းချက်ကို ရေးဆွဲရန် ၁၀ မိနစ်အ ချိန်ရကြောင်း သင်တန်းသားများအား ပြောပြပါ။ ၎င်းတို့၏ ရည်မှန်းချက်ကို မည်သည့် အချိန်တွင် ရောက်ရှိလိုကြောင်း ရက်စွဲကိုပါ ချရေးပါ။<br><br>**အဆင့် ၁၄။** ယခုအခါ အကြမ်းရေးထားသော ရည်မှန်းချက်ကိုရကြပြီဖြစ်ကြောင်း၊ ယင်းကို စားပွဲ ဝိုင်းအတွင်းရှိ မိတ်ဆွေများနှင့်အတူမျှဝေ၍ ပိုမိုကောင်းမွန်စေရန်ဆောင်ရွက်ရမည်ဖြစ် ကြောင်း သင်တန်းသားများအား ပြောပြပါ။ သင်တန်းသားများသည် အကြံပေးရာ၌ သင်တို့ |

| | |
|---|---|
| | ဘာကိုလုပ်နိုင်သည်၊ မလုပ်နိုင်သည်နှင့်ပတ်သက်၍မူ အခြားသူများအား မပြောသင့်ကြောင်းလည်း အလေးထားပြောကြားပါ။ ဤလေ့ကျင့်ခန်းမှာ SMART ဖြင့် ရည်မှန်းချက်ကိုလုပ်ဆောင်ရာတွင် အချင်းချင်းအကူအညီပေးရန် ရည်ရွယ်ပါသည်။ ဤသင်တန်းသည် မိမိတို့၏ရည်မှန်းချက်များကို ရောက်ရှိကြရန် အချင်းချင်းကူညီပေးရန်သာဖြစ်ကြောင်း သင်တန်းသားများအား သတိပေးပါ။ မိမိတို့၏ရည်မှန်းချက်များကို မျှဝေ၍ ပြန်လည်မွမ်းမံရန် အချိန် ၁၀ မိနစ်ရမည်ဖြစ်သည်။ သို့မှသာလျှင် SMART ဖြစ်ကြပေမည်။ |
| [၂၅ မိနစ်] | **အဆင့် ၁၅။** ရည်မှန်းချက်တစ်ခုရှိထားခြင်းသည် အရေးပါသည့်အစတစ်ခုဖြစ်ကြောင်း သင်တန်း သားများအား ရှင်းပြပါ။ နောက်ဆင့်မှ ရည်မှန်းချက်သို့ရောက်ရှိရန် လိုအပ်ကောင်းလိုအပ်သည့် စွမ်းရည်များကို ဆုံးဖြတ်ရန်ဖြစ်သည်။<br><br>**အဆင့် ၁၆။** စက္ကူကားချပ်တစ်ခုပေါ်တွင် ‘စွမ်းရည်များ’ ဟု ရေးထားပါ။<br><br>**အဆင့် ၁၇။** သင်တန်းသားများအား ၎င်းတို့၏ရည်မှန်းချက်များနှင့်စပ်လျဉ်းသော စွမ်းရည် များကို မျှဝေခိုင်းပါ။ ၎င်းတို့၏ ရည်မှန်းချက်များကိုမျှဝေစရာမလိုပဲ ရည်မှန်းချက်များ ကိုရောက်ရှိရန် လိုအပ်သည့် စွမ်းရည်များသာလိုပါသည်။<br><br>**အဆင့် ၁၈။** နှစ်ယောက်တွဲစီလုပ်ဆောင်၍ သင်တန်းသားများအား ၎င်းတို့၏ရည်မှန်းချက်ကို ရရှိ ရန်လိုအပ်မည်ဖြစ်သော စွမ်းရည်များကို ချရေးပါစေ။ [*သင်တန်းမှူးမှတ်စု - နှစ်ယောက်တွဲခြင်းအားဖြင့် အမြင်အာရုံမသန်စွမ်းသူများအား လုပ်ဆောင်ချက်စာအုပ်များကို အသုံးပြုနိုင်စေမည်ဖြစ်သည်။*] ဤရည်မှန်းချက်များကို စဉ်းစားသိရှိရန် ငါးမိနစ်အချိန်ပေးပါ။<br><br>**အဆင့် ၁၉။** သင်တန်းသားများအား ယခုအခါ ၎င်းတို့သည် လိုအပ်သောစွမ်းရည်များကို သိရှိကြပြီဖြစ်ကြောင်း၊ ၎င်းတို့တွင်မရှိသော သို့မဟုတ် ပိုမိုကောင်းမွန်ချင်သော အရည်အချင်းများကို ရောင်စုံမင်ဖြင့်မှတ်သားထားသင့်ကြောင်း ပြောပြပါ။ သင်တန်းသားများအား မိမိတို့အားလုံးသည် ပိုမိုကောင်းမွန်လာချင်သော စွမ်းရည်များရှိကြကြောင်း ပြောပြပါ။ ဤသည်ကိုလုပ် ဆောင်ရန် အချိန် ၂ မိနစ်ပေးပါ။<br><br>**အဆင့် ၂၀။** နှစ်ယောက်တစ်တွဲစီလုပ်ဆောင်လျက်ရှိကြသော သင်တန်းသားများအား ၎င်းတို့ ရောင်စုံမင်ဖြင့်မှတ်သားထားသော စွမ်းရည်များကို ‘မိမိတိုးတက်ချင်သော အရည်အချင်းများ’ ဟူသော ဇယားအတွင်းသို့ ချရေးခိုင်းပါ။ အလျားလိုက်တစ်တန်းချင်းစီ၌ အရည်အချင်းတစ်ခုကို ရေးသင့်ပါသည်။ ဤစွမ်းရည်များကို ၎င်းတို့မည်သို့တိုးတက်အောင်လုပ်နိုင်မည့် နည်းလမ်းများကိုလည်း (လက်ယာဘက်ကော်လံ) စဉ်းစားကြပါမည်။ ဥပမာအားဖြင့် ၎င်းတို့ လိုအပ်သော စွမ်းရည်များအနက်တစ်ခုသည် လူများကိုဖုန်းဖြင့်စကားပြောရာ၌ စိတ်သက်သာ စေရန် စသဖြင့်ဖြစ်နိုင်ပါသည်။ ဤစွမ်းရည်ကို တိုးတက်အောင်လုပ်နိုင်မည့် နည်းလမ်းများ အနက်တစ်ခုမှာ သူငယ်ချင်းများနှင့် မိသားစုဝင်များကို ဖုန်းဖြင့်စကားပြော လေ့ကျင့်ရန်ဖြစ် သည်။ ဤသည်ကိုလုပ်ဆောင်ရန် ၁၅ မိနစ်အချိန်ရပါမည်။ |
| [၁၁ မိနစ်] | **အဆင့် ၂၁။** သင်တန်းသားများအား ကိုယ်တွေ့လုပ်ငန်းအစီအစဉ်တစ်ခုသည် ၎င်းတို့လိုအပ်သော စွမ်းရည်များစာရင်းတစ်ခုသာမကပဲ ၎င်းတို့ဆောင်ရွက်လိုသော လုပ်ဆောင်ချက်များလည်းဖြစ်ကြောင်း ရှင်းလင်းပြပါ။ ဤရည်မှန်းချက်ကို ရရှိရန် ၎င်းတို့သည် တွေ့ဆုံပွဲများကိုပုံမှန်တက်ရောက်ခြင်းအားဖြင့် နိုင်ငံရေးပါတီတစ်ခု၏ တက်ကြွသည့်အဖွဲ့ဝင်တစ်ဦးဖြစ်လာရန် လိုအပ်ပါသည်။ |

| | |
|---|---|
| | **အဆင့် ၂၂။** သင်တန်းသားများအား ၎င်းတို့၏ ရည်မှန်းချက်များကိုရောက်ရှိရေး လုပ်ဆောင်ရန် လိုအပ်သော လုပ်ဆောင်ချက်များကို နှစ်ယောက်တွဲလုပ်ဆောင်ရန် နောက်ထပ် ၁၀ မိနစ် အချိန်ပေးပါ၊ ၎င်းတို့သည် ထိုလုပ်ဆောင်ချက်များ မည်သည့်အချိန်တွင်ဖြစ်ပျက်မည်ဆိုသည့် ခန့်မှန်းချိန်တစ်ခုလည်း ထည့်သွင်းရေးသားသင့်ပါသည်။<br><br>**အဆင့် ၂၃။** သင်တန်းသားများအား ငါးမိနစ်ကျန်သေးကြောင်း သတိပေးပါ။ |
| [၁၆ မိနစ်] | **အဆင့် ၂၄။** သင်တန်းသားများအား ၎င်းတို့၏ ရည်မှန်းချက်များသို့ရောက်ရှိရန် လိုအပ်သည့် စွမ်းရည်များနှင့် ယင်းပန်းတိုင်သို့ရောက်ရှိရန်ဆောင်ရွက်ရန်လိုသည့် လုပ်ဆောင်ချက်များအကြောင်း ယခုသိရှိကြပြီဖြစ်ကြောင်း ထုတ်နုတ်ရှင်းပြပါ။ ယခုအခါ ၎င်းတို့သည် ထိုအရာနှစ်ခုကို အချိန်ပြမျဉ်းတစ်ခုအတွင်းသို့ ထည့်သွင်းကြတော့မည်ဖြစ်သည်။ ဤလုပ်ဆောင်ချက်များကို မည်သည့်အစီအစဉ်ဖြင့် ဦးစားပေးလုပ်ဆောင်ရမည်ကိုစဉ်းစားသင့်ကြောင်း သင်တန်းသားများအား သတိပေးပါ။ လုပ်ဆောင်ချက်တစ်ခုမစတင်မီ ၎င်းတို့လိုအပ်သော စွမ်းရည်တစ်ခုရှိပါသလား? ဥပမာအားဖြင့် ၎င်းတို့ရပ်ရွာလူထုရှိ အခမ်းအနားတစ်ခုသို့ တက်ရောက်ခြင်းမပြုမီ ၎င်းတို့၏ လူမှုဆက်ဆံရေးစွမ်းရည်များ တိုးတက်အောင်လုပ်ဖို့ လိုအပ်ပါသလား?<br><br>**အဆင့် ၂၅။** ၎င်းတို့၏ အချိန်ပြမျဉ်းကိုဖန်တီးရန် ၁၅ မိနစ်အချိန်ရကြောင်း သင်တန်းသားများ အား ပြောပြပါ၊ အချိန်ပြမျဉ်းသည် ပြီးပြည့်စုံခြင်းမရှိပါကလည်း အဆင်ပြေကြောင်း အသိ ပေးပါ။ ဤသည်မှာ အကြမ်းရေးထားခြင်းတစ်ခုသာဖြစ်ပြီး၊ မိမိတို့အိမ်ရောက်မှသာ လုပ်ငန်း စတင်လုပ်သည်နှင့် သင့်လျော်သလိုပြင်ဆင်မွမ်းမံနိုင်ကြောင်း ပြောပြပါ။<br><br>**အဆင့် ၂၆။** သင်တန်းသားများအား ငါးမိနစ်ကျန်ရှိသေးကြောင်း သတိပေးပါ။ |
| [၅ မိနစ်] | **အဆင့် ၂၇။** သင်တန်းသားများအား ၎င်းတို့၏ ကိုယ်တွေ့လုပ်ငန်းအစီအစဉ်ပြီးစီးခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောပါ။<br><br>**အဆင့် ၂၈။** သင်တန်းသားများအား တစ်ဦးနှင့်တစ်ဦး ဩဘာပေးကြပါစေ၊ ဤသည်မှာ ၎င်း တို့၏ အနာဂတ် ဦးဆောင်မှုဆိုင်ရာကြိုးပမ်းအားထုတ်မှုများအတွက် စိတ်လှုပ်ရှားဖွယ်ရာ ကနဦးခြေလှမ်းတစ်ခုဖြစ်ပါသည်၊<br><br>**အဆင့် ၂၉။** သင်တန်းသားများ၏ လက်မှတ်များရှိသော စက္ကူကားချပ် (သို့မဟုတ် နဖူးစီးစာတမ်း) ကို ညွှန်ပြပါ။ သင်တန်းသားများအား ငါးရက်တာသင်တန်းအတွင်း များစွာဆောင်ရွက် ပြီးစီးခဲ့ကြကြောင်း သတိပေးပါ။ ၎င်းတို့သည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်ရေး၊ ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူများအခွင့်အရေး၊ ခေါင်းဆောင်မှုစွမ်းရည်များနှင့် အားလုံးပါဝင်သော ရွေး ကောက်ပွဲများနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များအကြောင်းကို လေ့လာပြီးကြပြီဖြစ်သည်။ အခန်း အတွင်းရှိတစ်ဦးချင်းစီသည် ၎င်းတို့၏ သက်ဆိုင်ရာ ရပ်ရွာလူထုများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံ တွင် ခေါင်းဆောင်တစ်ဦးဖြစ်ရန် အဆင်သင့်ဖြစ်ကြပြီဖြစ်ပါသည်၊<br><br>**အဆင့် ၃၀။** သင်တန်းသားများအား ဤသင်တန်းသည် မြန်မာနိုင်ငံကို မသန်စွမ်းသူများအတွက် ပိုမိုပါဝင်မှုရှိစေသောနိုင်ငံတစ်ခုဖြစ်ရန် လုပ်ပိုင်ခွင့်ရှိကြသော ခေါင်းဆောင်များကွန်ရက်တစ်ခုကို ဖန်တီးလိုက်ခြင်းဖြစ်ကြောင်း သတိပေးပါ။ ယခုအခါ ၎င်းတို့တွင် အကြံဉာဏ် |

| | |
|---|---|
| | များနှင့် အကူအညီများရယူနိုင်သည့် မိတ်ဆွေများလည်း ရှိကြပြီဖြစ်ပါသည်။ |

# အစီအစဉ်အကြမ်းရေးဆွဲခြင်း

**နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့**

**ကိုယ်ပိုင်လုပ်ဆောင်ချက် အစီအစဉ်**

သင်၏ ရည်မှန်းချက်က ဘာလဲ? (SMART ဖြစ်ပါစေ။)

---

---

သင်၏ ရည်မှန်းချက်ကို မည်သည့်အချိန်စေတိုင်မီ ပြီးစီးအောင်မြင်ချင်ပါသလဲ?

---

သင့်ရည်မှန်းချက်ကို ပြီးစီးအောင်မြင်ရန် သင်လိုအပ်သည့်စွမ်းရည်များကို စာရင်းပြုစုပါ။

---

---

---

---

အထက်ပါစာရင်းမှ သင့်ထံတွင်မရှိသေးသော စွမ်းရည်အများကို ရောင်စုံမင်ဖြင့်ထင်ရှားအောင်လုပ်ပါ။

# နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

## ကိုယ်ပိုင်လုပ်ဆောင်ချက် အစီအစဉ်

ရောင်စုံမင်ဖြင့်ထင်ရှားအောင်ပြထားသည့် စွမ်းရည်များကို အောက်ပါဇယားထဲတွင်း ရေးပါ။ စွမ်းရည်တိုးတက်ရေးအတွက် မဟာဗျူဟာတစ်ခုကို ဇယားထဲတွင် ထည့်ရေးပါ။ ဥပမာအားဖြင့် မိုက်ခရိုဆော့ဖ်ပါဝါပွိုင့်အသုံးပြုနည်း သင်လေ့လာရန်လိုအပ်ပါက သင်သည် သင့်မိတ်ဆွေတစ်ဦးအား ပါဝါပွိုင့်သုံးစွဲနည်းသင်ကြားပေးရန်တောင်းဆိုခြင်းအားဖြင့် စွမ်း ရည်မြှင့်ခြင်း၊ သို့မဟုတ် ရပ်ရွာထဲတွင် ပါဝါပွိုင့်အသုံးပြုပုံသင်ကြားပေးသည့်သင်တန်းတစ်ခုတွင် တက်ရောက်ခြင်းဖြင့် စွမ်းရည်မြှင့်တင်နိုင်ပါသည်။

| မိမိလိုအပ်သည့် စွမ်းရည် | ထိုစွမ်းရည်ကို မိမိမည်သို့ရယူ/မြှင့်တင်ပုံ |
| --- | --- |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |

## နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

## ကိုယ်ပိုင်လုပ်ဆောင်ချက် အစီအစဉ်

သင်၏ ရည်မှန်းချက်သို့ရောက်ရှိရန် သင်မည်သို့လုပ်ဆောင်ရန်လိုအပ်သနည်း? ဤလုပ်ဆောင်ချက်များတွင် ကျင်းပတော့မည့်အစမ်းအနားတစ်ခုတွင် ပါဝင်ခြင်းကဲ့သို့သော အရာများပါဝင်နိုင်ပါသည်။ ထို့ကြောင့် သင်သည် သင့်မိတ်ဆွေအပေါင်းအသင်းများနှင့် ချိတ်ဆက်နိုင်ခြင်း၊ သို့မဟုတ် ရွေးကောက်တင်မြှောက်ခံရေးအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် သင့်ရည်ရွယ်ချက်ကို အသိပေးကြေညာခြင်းများပြုနိုင်ပါသည်။
ဤလုပ်ဆောင်ချက်များကို မည်သည့်အချိန်အမီ ဆောင်ရွက်ရန်လိုအပ်သနည်း?

| မိမိဆောင်ရွက်ရန်လိုသည့် လုပ်ဆောင်ချက်များ | အချိန်ပြဇယား |
|---|---|
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |

Australian Aid

UKaid
from the British people

## နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော လက်တွေ့ဘဝဆီသို့

## ကိုယ်ပိုင်လုပ်ဆောင်ချက် အစီအစဉ်

သင်၏ ရည်မှန်းချက်ကိုရောက်ရှိရန်နှင့် သင်ဆောင်ရွက်ရန်လိုအပ်သော လုပ်ဆောင်ချက်များစတင်ရန်အလို့ငှာ သင်လိုအပ်သည့်စွမ်းရည်များအတွက် အပြီးလုပ်ရမည့်အချိန်သတ်မှတ်ချက် အချိန်ပြဇယားတစ်ခုကို ဖန်တီးပါ။ အချိန်ပြဇယားသည် မကြာသေးမီအချိန် (နောက်တစ်ပတ်၊ နောက်တစ်လ) မှစ၍ အချိန်အတန်ကြာမည့်အနာဂတ်ကာလ (နောက်တစ်နှစ်၊ နောက်ငါးနှစ်) အထိ ဖြစ်သင့်သည်။

| စွမ်းရည်များနှင့် လုပ်ဆောင်ချက်များ | အချိန်ပြဇယား |
|---|---|
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |

**နိုင်ငံရေးသိပ္ပံမှသည် အားလုံးပါဝင်သော**
**လက်တွေ့ဘဝဆီသို့**

**ကိုယ်ပိုင်လုပ်ဆောင်ချက် အစီအစဉ်**

| မိမိလိုအပ်သည့် စွမ်းရည် | အချိန်ပြမျဉ်း |
|---|---|
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| ⭐ သင့်ရည်မှန်းချက်သို့ ရောက်ရှိခြင်း | |

Australian Aid

UKaid